www.burmeseclassic.com




# ရွှေသန်းတင့်

## ရှားလော့ဟုမ်း၏ မှတ်တမ်းများ

# THE MEMOIRS OF SHERLOCK HOLMES

Sir Arthur Conan Doyle

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [၅၀၁၁၂၂၀၈၀၉]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၅၀၀၁၄၁၀၂၁၀]

ဒုတိယ အကြိမ်၊ ၂၀၁၀၊ မတ်
[ပထမ အကြိမ်၊ ၁၉၈၆၊ ဧပြီ၊ ဘဝတက္ကသိုလ် စာပေ]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၃၅၀၀ ကျပ် |
| မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်<br>၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်<br>၁၂၊ ဒေါနလမ်း၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ<br>၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ |

# မြသန်းတင့်

# ရှားလော့ဟုမ်း၏ မှတ်တမ်းများ

## The Memoirs Of
# Sherlock Holmes

**Sir Arthur Conan Doyle**

၈၉၅.၈၃
မြသန်းတင့်
ရှားလော့ဟုမ်း၏ မှတ်တမ်းများ
မြသန်းတင့်၊ ရန်ကုန်။
သင်းစာပေ၊ ၂ ကြိမ်။ ၂၀၁၀။
၃၉၀ - စာ၊ ၂၀.၅×၁၃ စင်တီ။
(၁) ဘာသာပြန်သူ - မြသန်းတင့်
(၂) ရှားလော့ဟုမ်း၏ မှတ်တမ်းများ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

တပ်မတော် ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ဖြိုခွဲမည့် အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

### ပြည်သူ့ သဘောထား

ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော
ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော
နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊
အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ် စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

## မာတိကာ


| | | |
|---|---|---|
| | မြန်မာပြန်သူ၏ အမှာ | ၁ |
| | တိုက်စိုး၏ အမှာ | ၃ |
| ၁။ | ငွေကြာ ပျောက်ဆုံးမှု | ၉ |
| ၂။ | နနွင်းရောင် မျက်နှာကြီး | ၄၉ |
| ၃။ | ငွေကိုင်စာရေး လိမ်လည်မှု | ၇၉ |
| ၄။ | ရှားလော့ဟုမ်း၏ ပထမဆုံး အမှု | ၁၀၉ |
| ၅။ | သိုက်သမား | ၁၄၃ |
| ၆။ | သားနှင့် အဖေ | ၁၇၃ |
| ၇။ | သူတော်ကောင်း လူဆိုး | ၂၀၅ |
| ၈။ | ဘစ္စတ်လမ်း လူသတ်မှု | ၂၃၅ |
| ၉။ | ဂရိ စကားပြန် အမှု | ၂၆၅ |
| ၁၀။ | ရေကြောင်း စာချုပ် ပျောက်ဆုံးမှု | ၂၉၇ |
| ၁၁။ | ရှားလော့ဟုမ်း၏ ဇာတ်သိမ်း | ၃၅၇ |


www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြန်သူ၏ အမှာ

ယခု ဘဝတက္ကသိုလ်မှ ထုတ်ဝေသည့် 'ရှားလော့ဟုမ်း၏ မှတ်တမ်းများ' စာအုပ်ကို 'ပြိုင်မြင်း ငွေကြာ ပျောက်ဆုံးမှုနှင့် အခြား ဝတ္ထုတိုများ' အမည်ဖြင့် ၁၉၈၂ ခုနှစ်တွင် အောင်သိဒ္ဓိ စာပေတိုက်မှ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်တွင် စာမျက်နှာ ဆယ့်ခြောက်ချိုးဖြင့် နှစ်တွဲ ခွဲ၍ ထုတ်ဝေခဲ့ပါသည်။

ယခု ဘဝတက္ကသိုလ်မှ ထုတ်ဝေသည့် အခါတွင် ယခင် နာမည်ကို ပြောင်းလိုက်ပြီး အင်္ဂလိပ် မူရင်း နာမည် ဖြစ်သည့် 'ရှားလော့ဟုမ်း၏ မှတ်တမ်းများ' အမည်ဖြင့် ထုတ်ဝေပါသည်။ ယခု ပုံနှိပ်ရာတွင် ဘဝတက္ကသိုလ်မှ ယခင် ထုတ်ဝေခဲ့သော ရှားလော့ဟုမ်း အတွဲများနှင့် တစ်ရွယ်တည်း ဖြစ်စေရန် စာအုပ် အရွယ်ကို ပြောင်းထားရုံမျှမက အချို့ကို ပြင်ဆင် တည်းဖြတ်ထားပါသည်။

ထို့ပြင် ထိုအတွဲတွင် ပါသည့် ဝတ္ထုများနှင့် ပတ်သက်၍ ဆစ်ဒနီ ပေးဂျက်၏ မူရင်း ပုံများကို ရှာဖွေ တွေ့ရှိသဖြင့် ထပ်မံ ထည့်သွင်းထားပါသည်။

ထို့ကြောင့် စာအုပ် အရွယ်ကို ပြောင်းလဲထားခြင်း၊ ပြင်ဆင် တည်းဖြတ်ထားခြင်း၊ သက်ဆိုင်ရာ ဝတ္ထုများတွင် ဆစ်ဒနီ ပေးဂျက် ရေးဆွဲသည့် ပုံများကို ဖော်ပြထားခြင်းတို့သည် အောင်သိဒ္ဓိ စာပေမှ ထုတ်ဝေသော စာအုပ်နှင့် ယခု စာအုပ်၏ ခြားနားချက် ဖြစ်ပါသည်။

ကျွန်တော် မြန်မာပြန်သော ရှားလော့ဟုမ်း ဝတ္ထုများ၏ အောက်ခြေတွင် မူရင်း ဝတ္ထုနှင့် ရွှေဥဒေါင်း မြန်မာပြန်သော ဦးစံရှား ဝတ္ထုများကို ရှာဖွေ၍ ရသမျှ ဖော်ပြခဲ့ပါသည်။ ကွဲလွဲချက်များ ရှိနိုင်ပါသည်။ ရွှေဥဒေါင်း၏ ဦးစံရှား ဝတ္ထုများ ပါဝင်သော မဂ္ဂဇင်းများကို ရှာရသည်မှာ မလွယ်ပါ။ လွန်ခဲ့သည့် အနှစ် ၆၀ ကျော်က မဂ္ဂဇင်းများ ဖြစ်သဖြင့် အချို့မှာ ရှာ၍ မတွေ့သေးပါ။ သုတေသီများ ဆက်လက် သုတေသန ပြုကြရန် ဖြစ်ပါသည်။

မြန်မာပြန်သူ



www.burmeseclassic.com

www.burmeseclassic.com

# တိုက်စိုး၏ အမှာ

စာရေးဆရာ အာသာ ကိုနင်ဒွိုင်းလ်သည် မူလက ဆရာဝန် ဖြစ်လေသည်။ ဤတွင် သူသည် ငယ်စဉ်ကတည်းက စာရေး ဝါသနာ ပါ၏။ အင်္ဂါ အယ်လင် ပိုး စသူများ၏ လျှို့ဝှက်သည်းဖို ဝတ္ထု၊ စုံထောက် ဝတ္ထုတွေလည်း သူ အဖတ်များလေသည်။

စာပေ ဝါသနာ အခံ ရှိနေသည်တွင် ဆရာဝန် ဘဝကို သူ စွန့်လွှတ်ကာ ဝတ္ထုရေးဆရာ အဖြစ် ဝမ်းကျောင်းရန် အခြေအနေ ပေါ်လာခဲ့လေသည်။ သူသည် အက်ဒင်ဗာရာ တက္ကသိုလ်မှ ဆေးပညာဘွဲ့ ယူပြီးသည်နောက် ဆောက်ဆီး ဒေသသို့ သွားရောက် ဆေးကုလေသည်။ ထိုအခါ ဝင်ငွေက မလုံလောက်။ အာသာ ကိုနင်ဒွိုင်းလ်သည် ဝတ္ထု ရေးရန် စိတ်ကူး ရလေသည်။ ဇာတ်ဆောင် အတွက် နမူနာလည်း တွေ့ပြီးပြီ။

ထိုနမူနာကား အခြား မဟုတ်။ ဆေးကျောင်းသား ဘဝက သူ့ဆရာ ဖြစ်ခဲ့ဖူးသော ဂျိုးဆက် ဗဲ ဆိုသူ ဖြစ်လေသည်။ ဂျိုးဆက် ဗဲသည် စူးစမ်း ဆင်ခြင်ရာတွင် အလွန် တော်သည်။ ခွဲစိတ်ခန်းထဲသို့ ရောက်လာသော အလောင်းကို ရုတ်တရက် ကြည့်ပြီး 'ဒီလူက ဘယ်သန်ပဲ၊ အလုပ်က ဖိနပ် ချုပ်စားတာ ဖြစ်လိမ့်မယ်' ဟူသော မှတ်ချက်မျိုး ပေးတတ်လေသည်။ မှတ်ချက် ပေးသည့် အတိုင်းလည်း မှန်ပါပေ၏။

အာသာ ကိုနင်ဒွိုင်းလ်သည် သူ့ ဆရာကို မှတည်၍ ပုဂ္ဂလိက စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးလေသည်။

ထိုသူ၏ သဏ္ဌာန်မှာ ကိုယ်လုံး သွယ်သွယ်နှင့် အရပ် ခြောက်ပေကျော်သည်။ မျက်စိ အကြည့် စူးသည်။ ဆေးတံ ခဲ၍ စဉ်းစားခန်း ဝင်တတ်သည့် အပြင် တယောထိုး အပန်းဖြေလေ့ ရှိသည် (ရံဖန်ရံခါ ကုတ်ကင်း သုံးစွဲသည်။)။ ပညာအားဖြင့်မူ ဓာတုဗေဒ၊ ခန္ဓာဗေဒ၊ ရာဇဝတ်မှု ဥပဒေ စသည့် စုံထောက်တို့ သိအပ်သမျှ ဆည်းပူးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သိုင်း လက်ဖွေ့တို့လည်း လေ့ကျင့်ထားသည်။ တစ်ဖန် အမှုအခင်း လိုက်ရာတွင် ဆိုင်ရာ ပစ္စည်းကို မှန်ဘီလူးဖြင့် စေ့စေ့စပ်စပ် သူ ကြည့်တတ်သည်။ အနီးအနားတွင် တွေ့ရသော စီးကရက်တိုကဲ့သို့ အသေးအဖွဲမျိုးကို ကောက်ယူ သိမ်းဆည်းရန် သူ မမေ့။ ထိုမျှ မကသေး၊ အရေးကြီးသည့် အချက်အလက်များ ထုတ်နုတ် စိစစ်၍ အဖြေ ရှာနိုင်သော ဉာဏ်လည်း သူ့တွင် ရှိသည်။

ဆိုစရာ တစ်ခုမှာ သူ့တွင် ကြောင့်ကြစရာ အိမ်ထောင် မရှိ။ အမှတ် ၂၂၁ ဘီ၊ ဘေကာလမ်းတွင် အဖော် တစ်ဦးနှင့် တိုက်ခန်း ငှား နေထိုင်လေသည်။ ထိုအဖော်မှာ ဒေါက်တာ ဝပ်ဆင် ဖြစ်သည်။ ဝပ်ဆင်က စာဖတ်သူကို ဇာတ်ကြောင်း ပြန်ရလေသည်။

ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့ စတင် တွေ့ဆုံကြပုံကို အာသာ ကိုနင်ဒွိုင်းလ်၏ ပထမဆုံး ဝတ္ထု *A Study In Scarlet* (ခရမ်းရောင် အမှု) တွင် တွေ့နိုင်လေသည်။ ထိုအခါ ဒေါက်တာ ဝပ်ဆင်သည် အာဖဂန်နစ္စတန် စစ်မြေပြင်မှ အင်္ဂလန်သို့ ပြန်လာကာစ ဖြစ်သည်။ လန်ဒန်၌ နေရန် တိုက်ခန်း ကောင်းကောင်း ရှာနေဆဲ ဖြစ်သည်။ နှစ်ဦးစပ် နေထိုင်နိုင်အောင် ကြားမိတ်ဆွေ တစ်ဦးက သူတို့ကို ဆုံပေးလေသည်။

ဆုံမိလျှင် ဆုံမိချင်း ရှားလော့ဟုမ်းက 'ဪ ခင်ဗျားက အာဖဂန် နစ္စတန်က ပြန်လာခဲ့တာကိုး' ဟု ဆိုလိုက်၏။ ဒေါက်တာ ဝပ်ဆင် အံ့သြသွားလေသည်။ တိုက်ခန်းတွင် သူတို့ အတူ နေ၍ အသားကျသော အခါ ရှားလော့ဟုမ်းက ဤသို့ ရှင်းလေသည်။

- ခင်ဗျား အာဖဂန်နစ္စတန်က ပြန်လာတာကို ဘယ်သူကမှ မပြောဘူး။ ကျုပ်ဘာသာ ကျုပ် သိတယ်။ ဆက်စပ် တွေးတတ်တဲ့ အလေ့အကျင့် ရှိနေလေတော့ စပ်ကြားက အဆင့်တွေကို ကျော်ပြီး ချက်ချင်း အဖြေ ထွက်လာတာပါပဲ။ စပ်ကြားက အဆင့်တွေ ထည့်ပြောရမယ် ဆိုရင် သည်လိုလေဗျာ။
- လူက ဆရာဝန်ဂိုက်၊ ပြောပုံ ဆိုပုံကတော့ စစ်တပ် လေသံ ပါတယ်။ သည်တော့ စစ်တပ် ဆရာဝန် ဖြစ်ရမယ်လို့ ရှင်းရှင်းကြီး သဘော ပေါက်လိုက်တယ်။ ပြီးတော့ လက်ကောက်ဝတ်တွေက ဖြူဖွေးနေရက်ကနှင့် မျက်နှာဟာ ညိုမည်းနေတယ်။ သည်ဟာ နဂို အသားအရောင် မဟုတ်ဘူး။ အပူပိုင်း ဒေသက အခုမှ ပြန်လာသူ ဖြစ်ကြောင်း ပေါ်လာတယ်။ မျက်တွင်း ကျပြီး မျက်နှာ ကြုံလှီနေတာ



ဟာလည်း ပင်ပန်းတာ များတာရဲ့ လက္ခဏာပဲ။ သည့်ပြင် ဘယ်ဘက် လက်မောင်းမှာလည်း ထိခိုက် ဒဏ်ရာ ရထားတယ်။ လက်ဟာ မူလ အတိုင်း မဟုတ်ဘဲ တောင့်တောင့်ကြီး ဖြစ်နေတယ်။ အဲဒီ အချက်တွေကို ပေါင်းစပ်ပြီး အင်္ဂလိပ် စစ်တပ် ဆရာဝန် တစ်ယောက်ဟာ အပူပိုင်း ဒေသ ဘယ်နိုင်ငံမှာ ဒုက္ခ တွေ့နိုင်သလဲ၊ လက်မောင်းမှာ ဒဏ်ရာ ရနိုင်သလဲ စဉ်းစားလိုက်စမ်း။ အင်္ဂလိပ်နှင့် စစ်ဖြစ်နေတဲ့ အာဖဂန်နစ္စတန် နိုင်ငံမှာ ဖြစ်ရမှာပေါ့။ သည်လို အကျိုးအကြောင်း ဆက်စပ် စဉ်းစားလိုက်တာ လက်တွေ့မှာ တစ်စက္ကန့်တောင် မကြာဘူး။ ခင်ဗျား အာဖဂန်နစ္စတန်ပြည်က ပြန်လာတဲ့ လူပဲလို့ ကျုပ် အတပ် ဟောလိုက်တယ်။ ခင်ဗျား အံ့သြသွားတယ် မဟုတ်လား။

အထက်ပါ စုံထောက်ကြီး ရှားလော့ဟုမ်းနှင့် အဖော် ဒေါက်တာ ဝပ်ဆင်တို့ကို အာသာ ကိုနင်ဒွိုင်းလ်သည် ဇာတ်ဆောင် တစ်၊ ဇာတ်ဆောင် နှစ် အဖြစ် ဖန်တီးကာ ၁၈၈၇ ခုနှစ်ထုတ် နှစ်လည် စာစောင် တစ်ခုတွင် *A Study In Scarlet* (ခရမ်းရောင် အမှု) အမည်နှင့် ဝတ္ထု စတင် ထည့်သွင်းနိုင်ခဲ့လေသည်။ တစ်ဖန် ၁၈၉၀ ပြည့်နှစ်တွင် *The Sign Of Four* (လေးပွင့်ဆိုင်) အမည်ဖြင့် ဒုတိယ ဝတ္ထုရှည် ထုတ်ဝေပြန်သည်။ ဤအချိန် အထိ စုံထောက်ကြီး ရှားလော့ဟုမ်းကို စာဖတ် ပရိသတ် အများ သတိ မထားမိကြသေး။ သို့ရာတွင် အာသာ ကိုနင်ဒွိုင်းလ်မှာ စာရေး အရှိန် ရလာလေပြီ။ ၁၈၉၁ ခုနှစ်တွင် ဆရာဝန် အလုပ်ကို စွန့်လွှတ်၍ စာရေးဆရာ အဖြစ် အသက်မွေးဝမ်းကျောင်းစပြုလေသည်။ ထိုနှစ်တွင် စထရင်း မဂ္ဂဇင်း ထွက်ပေါ်လာခြင်းသည် သူ့အဖို့ အခွင့်ကောင်း ဖြစ်လေသည်။ ထိုမဂ္ဂဇင်းတွင် ရှားလော့ဟုမ်း ဝတ္ထုတိုများကို သူ စရေးသည်။ ခြောက်ပုဒ် ပါပြီးသော် စာဖတ် ပရိသတ်သည် ရှားလော့ဟုမ်းကို စွဲမက်လာကြလေပြီ။ ပွဲတောင်းကုန်ကြပြီ။

မဂ္ဂဇင်း အယ်ဒီတာသည်လည်း အာသာ ကိုနင်ဒွိုင်းလ်ကို ဝတ္ထုတို တစ်ပုဒ်လျှင် ပေါင် ငါးဆယ် (မြန်မာ ၇၀၀ ကျပ်) ပေးလာရလေသည်။ အာသာ ကိုနင်ဒွိုင်းလ်သည် ဝတ္ထုတို ခြောက်ပုဒ် ဆက်ရေး၏။ ထို့နောက် ၁၈၉၂ ခုနှစ်တွင် သူ့ ဆရာ ဗဲ အမည်ကို ထည့်သွင်း ရည်ညွှန်းကာ ဆယ့်နှစ်ပုဒ် ပေါင်း၍ လုံးချင်း ထုတ်ဝေခဲ့လေသည်။

ထိုစာအုပ်သည်လည်း အရောင်းလိုက်ပေသည်။ မဂ္ဂဇင်း အယ်ဒီတာသည် အာသာ ကိုနင်ဒွိုင်းလ်ကို နောက်ထပ် ရေးခိုင်းပြန်လေသည်။ ထိုအခါ အာသာ ကိုနင်ဒွိုင်းလ်က ဝတ္ထုတို တစ်ဒါဇင် အတွက် ပေါင်



www.burmeseclassic.com

www.burmeseclassic.com

၁၀၀၀ တောင်းတော့၏။ အယ်ဒီတာက ကျေကျေနပ်နပ် ပေးလေသည်။ ထို့ကြောင့် ၁၈၉၂ ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ စထရင်း မဂ္ဂဇင်းတွင် *The Silver Blaze* (ငွေကြာ ပျောက်ဆုံးမှု) ဝတ္ထုတို စပါလာလေသည်။ အာသာ ကိုနင်ဒွိုင်းလ် ဆယ့်တစ်ပုဒ်မြောက် *The Final Problem* (ရှားလော့ဟုမ်း၏ ဇာတ်သိမ်း) ဝတ္ထုတို ထည့်ပြီးနောက် ၁၈၉၄ ခုနှစ်တွင် *The Memoirs Of Sherlock Holmes* (ရှားလော့ဟုမ်း၏ မှတ်တမ်းများ) အမည်ဖြင့် စုပေါင်း ထုတ်ဝေပြန်လေသည်။

နောက်ဆုံး ဝတ္ထုတိုကား စုံထောက်ကြီး ရှား လော့ ဟုမ်း ၏ တကယ့် ဇာတ်သိမ်းပင် ဖြစ်တော့သည်။ အာသာ ကိုနင်ဒွိုင်းလ်သည် သူ့ ဇာတ်ဆောင်ကို ငြီးငွေ့လာခဲ့လေပြီ။ ထို့ကြောင့် နောက်ဆုံး ဝတ္ထုတိုတွင် ရှားလော့ဟုမ်းနှင့် ပါမောက္ခ မော်ရီယာတီ ဆိုသူ လူမိုက် ခေါင်းဆောင်တို့ အားပြိုင်ရင်း ရေတံခွန် ချောက်ကမ်းပါးထဲ ကျဆုံးခဲ့ပုံကို ရေးသားခဲ့လေသည်။

ဤတွင် စာဖတ် ပရိသတ်သည် စုံထောက်ကြီး ရှားလော့ဟုမ်း သေဆုံးခဲ့ရသည်ကို မခံနိုင်။ ဝတ္ထုရေးဆရာထံသို့ ကန့်ကွက်စာ တစ်သောင်းပြီး တစ်သောင်း ပို့တော့၏။ ထို့ကြောင့် အာသာ ကိုနင်ဒွိုင်းလ်သည် ရှားလော့ဟုမ်း သေဘေးမှ လွတ်မြောက်ခဲ့သည် ဟူ၍ အကြောင်းပြကာ ဝတ္ထုတို ဝတ္ထုရှည်များ ဆက်လက် ရေးရလေသည်။ ရေးရသည်မှာ သူ ကွယ်လွန်ကာနီး နှစ်များ အထိ ဖြစ်လေသည်။

ယခု မြသန်းတင့် ဘာသာပြန်လိုက်သည်မှာ 'ရှားလော့ဟုမ်း၏ မှတ်တမ်းများ' ပင် ဖြစ်လေသည်။ 'ငွေကြာ ပျောက်ဆုံးမှု' အစ 'ရှားလော့ဟုမ်း၏ ဇာတ်သိမ်း' အဆုံး ဝတ္ထုတိုပေါင်း ဆယ့်တစ်ပုဒ် ပါ၏။ ထိုဝတ္ထုတိုများသည် ရေးက ရေးခဲ့သော ရှားလော့ဟုမ်း ဝတ္ထုတို၊ ဝတ္ထုရှည်၊ နောင် အခါ ပြန်ရေးသော ဝတ္ထုတို၊ ဝတ္ထုရှည်များ နည်းတူ (ရေးခေတ်) စုံထောက် ဝတ္ထုပုံစံနှင့် ညီညွတ်အောင် ရေးခဲ့သော ဝတ္ထုတိုများ ဖြစ်ကြလေသည်။

အာသာ ကိုနင်ဒွိုင်းလ်ထက် စော၍ အဂ္ဂါ အယ်လင် ပိုးကဲ့သို့ လျှို့ဝှက်သည်းဖို ဝတ္ထု၊ စုံထောက် ဝတ္ထု ရေးခဲ့သူ အနည်းအကျဉ်း ရှိခဲ့လေသည်။ ထိုအထဲမှ ကောင်းမွေ ဆိုသော ဝတ္ထုများကို ဖတ်ရှုကာ (ရေးခေတ်) စုံထောက် ဝတ္ထုပုံစံ၊ (ရေးခေတ်) စုံထောက် ဥပဒေသကိုလည်း အာသာ ကိုနင်ဒွိုင်းလ် လေ့လာခဲ့လေသည်။ ထိုပုံသဏ္ဌာန် ထို ဥပဒေသ အချက်အလက် အနည်း အများ ပါလေအောင် အာသာ ကိုနင်



ဒွိုင်းလ်သည် သူ့ ဝတ္ထုများတွင် ကြိုးစား ရေးသား ထည့်သွင်းခဲ့လေသည်။ ထိုအချက်အလက်များမှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။

(က) ဝတ္ထုလာ အမှု ပေါ်ရအောင် ပကတိ မျက်မြင်အားဖြင့် ခက်ခဲဟန် ရှိရမည်။ သို့မဟုတ် အမှု အတွက် သဲလွန်စ ပြည့်ပြည့်စုံစုံ ရှာရန် ခက်ခဲဟန် ရှိရမည်။

(ခ) အပေါ်ယံ အထောက်အထား အရ တစ်စုံတစ်ယောက် အပေါ် ပြစ်မှု ကျူးလွန်သူ အဖြစ် မှားယွင်းစွာ စွပ်စွဲစေရမည်။ သို့မဟုတ် သင်္ကာမကင်း ဖြစ်ရမည်။

(ဂ) ပုလိပ်ဘက် ရဲဘက်က အမှု ကိုင်တွယ်ပုံ ညံ့ရမည်။

(ဃ) စုံထောက်သည် အမှုကို စေ့စေ့စပ်စပ် လေ့လာတတ်၍ အဆင်ခြင် ဉာဏ် ကြီးရမည်။ သို့ရာတွင် ဘေးလူ အမြင်တွင် သူ လုပ်ပုံကိုင်ပုံ ထူးထူး ဆန်းဆန်း ရှိကောင်း ရှိမည်။

(င) စုံထောက်ကဲ့သို့ ဉာဏ်မသွားဘဲ စုံထောက် လုပ်ကိုင်ပုံကို ချီးမွမ်း အံ့ဩနေသော အဖော် မိတ်ဆွေက အမှု ကိစ္စကို ပြန်ပြောင်း ရေးပြရမည်။

(စ) သက်သေ အထောက်အထား ခိုင်လုံသည်ဟု ထင်ရသော်လည်း အမှုနှင့် မဆိုင်တတ်ကြောင်း ဥပဒေသ ချပေးရမည်။

တိုက်စိုး



www.burmeseclassic.com

www.burmeseclassic.com

ဘဝနှနှ ပါစေမောကူ
မကျွေးပရိုယဆွိုစာသင်တိုက်
မေရှာနှင့်တကြည့်တိုက်
(၈)ချိန်ကွက်/ဆုံအရေး

## ငွေကြာ ပျောက်ဆုံးမှု



'အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ် သွားမှ ဖြစ်မယ် ထင်တယ်'

' တစ်ခုသော မနက်၌ ကျွန်ုပ်တို့ နှစ်ယောက် နံနက် လက်ဖက်ရည် စားပွဲတွင် ထိုင်ကြစဉ် ရှားလော့ဟုမ်းက ပြောလိုက်ခြင်း ဖြစ်၏။

'ဘယ်ကို သွားရမှာလဲဗျ'

'ဒါ့တ်မိုးကိုဗျ၊ ပိုင်လင်းကို'

ဒါ့တ်မိုးကို သူ 'သွားမည် ဆိုခြင်းကြောင့် ကျွန်ုပ် ဘာမျှ အံ့သြခြင်း မဖြစ်ပါ။ အင်္ဂလန်ကျွန်း တစ်ကျွန်းလုံး ဟိုလေးတကျော် ဖြစ်နေသည့် အလွန် ထူးခြား ဆန်းကြယ်သည့် ကိစ္စကြီးကို သူ ယခုမှ ဝင်ရောက် ကိုင်တွယ်ခြင်း ပြုမည် ဆိုသည့် အတွက်သာလျှင် ကျွန်ုပ် အံ့သြခြင်း ဖြစ်ရပါသည်။ မျက်မှောင်ကြီး ကုတ်ကာ ခေါင်း ငိုက်စိုက်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း အပြင်းဆုံး ဆိုသည့် ဆေးမည်းမည်းကြီးကို ထည့်ကာ ဆေးတံကို တစ်ဆုံပြီး တစ်ဆုံ ဖွာလျက် ရှိပြီး ကျွန်ုပ်၏ မေးခွန်းများ တင်မြင်ချက်များကိုပင် မကြားနိုင်ဘဲ လေးနက်စွာ စဉ်းစားလျက် ရှိလေ၏။ သတင်းစာပို့ သူငယ်ကလေးက မနက်ထုတ် သတင်းစာများကို တစ်စောင်ပြီး တစ်စောင် လာပို့သည့်တိုင် ရှားလော့ဟုမ်းသည် သေချာစွာ ဖတ်ရှုနိုင်ခြင်း မရှိဘဲ ဟိုလှန် သည်လှန်မျှသာ လုပ်ကာ ထောင့်တစ်ထောင့်သို့ စုပုံ ပစ်ထားလိုက်လေ၏။ သူက မည်သို့မျှ မပြောသည့်တိုင် ထိုအချိန်က သူ မည်သည့် ပြဿနာကို စဉ်းစားနေကြောင်း ကျွန်ုပ် ကောင်းကောင်း သိပါသည်။ ရှားလော့ဟုမ်း၏ ဉာဏ်စွမ်းကို ပြမည့် အများသူငါ ပြောဆိုလျက် ရှိသော ပြဿနာမှာ တစ်ခုတည်းသာ ရှိ၏။ ယင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ အခြား မဟုတ်၊ ဝင်္ကဆက် ဖလားပွဲအတွက် ဖေးဗရိတ် ဖြစ်နေသည့် ပြိုင်မြင်းကြီး ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းနှင့် ၎င်း၏ ထရိန်နာ အသတ်ခံရသည့် ကိစ္စပင် ဖြစ်ပေ၏။ ထို့ကြောင့် အချင်း မြစ်ဘားရာသို့ သူ သွားမည်ဟု ပြောလိုက်သည့် အခါတွင် ကျွန်ုပ် မျှော်လင့် တောင့်တသည့် အတိုင်း ဖြစ်လာသည့် အတွက် ကျွန်ုပ်မှာ ထူး၍ အံ့သြခြင်း မဖြစ်တော့ချေ။

'အနှောင့်အယှက် မဖြစ်ဘူး ဆိုရင်တော့ ခင်ဗျားနှင့် အတူ လိုက်ချင်သားဗျ'

'ဘယ့်နှယ် ပြောပါလိမ့်ဗျာ၊ ခင်ဗျား လိုက်မယ် ဆိုရင် ကျုပ် အဖို့ လာဘ်ကြီး တစ်ပါး ဝင်တာနှင့် အတူတူပေါ့၊ လိုက်ရင် ခင်ဗျား အတွက် အကျိုး မယုတ်ဘူးလို့လည်း ထင်သဗျာ၊ ဒီအမှုဟာ တော်တော် ထူးခြားတဲ့ အမှု ဖြစ်မယ့် နိမိတ် လက္ခဏာတွေကို တွေ့နေရတယ်ဗျ၊ ပက်ဒင်တန် ဘူတာကြီးကို သွားရင် ရထား မီလိမ့်ဦးမယ် ထင်တယ်၊ ရထားပေါ်ကျမှ အမှု အကြောင်းကို ပြောပြမယ်၊ ဒါ့ထက် ဝပ်ဆင်ရေ၊ ခင်ဗျား မှန်ပြောင်းက တော်တော် ကောင်းတယ် နော်၊ အဲဒီ မှန်ပြောင်းတော့ ဆွဲခဲ့ဗျာ'

သို့ဖြင့် နောက် တစ်နာရီ ကျော်ကျော်ခန့်မျှ ကြာသည့် အခါ၌ ကျွန်ုပ်သည် အိတ်ဆီတာမြို့ကို ဖြတ်သွားနေသည့် မီးရထား ပထမတန်းတွဲ တစ်တွဲမှ ချောင်တစ်ခုတွင် ထိုင်လျက် ရှိပြီး ထက်မြက် စူးရှသည့် မျက်နှာကို ဖုံးလုနီးပါး ပါးကာ နားကာတပ် ဦးထုပ်ကို ဆောင်းထားသော ရှားလော့ဟုမ်းမှာမူ ပက်ဒင်တန် ဘူတာရုံမှ ဝယ်ခဲ့သည့် မနက်ထုတ် သတင်းစာထပ်ကြီးကို တစ်စောင်ပြီး တစ်စောင် ငုံ့၍ ဖတ်ရင်း လိုက်ပါလာခဲ့လေ၏။ ရက်ဒင်းမြို့ကို လွန်လာပြီးနောက် အတော် လှမ်းလှမ်းသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် နောက်ဆုံး သတင်းစာကို ထိုင်ခုံ အောက်သို့ ပစ်ချလိုက်ကာ ကျွန်ုပ်ထံ ဆေးပြင်းလိပ်ဘူးကို လှမ်းပေးလိုက်လေ၏။

ရှားလော့ဟုမ်းက ပြတင်းပေါက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြီးနောက် လက်မှ နာရီကို ငုံ့ကြည့်လိုက်လျက်

'ရထားက တော်တော် မြန်တာပဲဗျ၊ တစ်နာရီကို ငါးဆယ့်သုံးမိုင်ခွဲနှုန်းနှင့် ခုတ်နေတာ'

'ကျွန်တော်ကတော့ မိုင်တိုင်တွေကို သတိထားပြီး မကြည့်မိခဲ့ဘူးဗျ'

'ကျုပ်လည်း မကြည့်မိခဲ့ပါဘူးဗျာ၊ ဒါပေမဲ့ ရထား လမ်းဘေးမှာ စိုက်ထားတဲ့ ကြေးနန်းတိုင်တွေက တစ်တိုင်နှင့် တစ်တိုင် ကိုက် ခြောက်ဆယ်





ကွာတယ်ဗျ၊ ဒီကြေးနန်းတိုင်တွေကို ကြည့်ပြီး ရေလိုက်ရင် မီးရထား သွားတဲ့ နှုန်းကို အလွယ်နှင့် တွက်လို့ ရပါတယ်၊ ထရိန်နာ ဂျွန် စထရေကာ အသတ်ခံရတဲ့ ကိစ္စနှင့် ငွေကြာ ပျောက်သွားတဲ့ ကိစ္စကိုတော့ သတင်းစာတွေထဲမှာ ဖတ်ပြီးလောက်ရောပေါ့'

'အင်း၊ ဒေလီ တယ်လီဂရပ်နှင့် ဒေလီ ကရော်နီကယ်ထဲ ပါတဲ့ သတင်းလောက်ကိုတော့ ဖတ်ပြီးပါပြီ'

'အမှုက နောက်ထပ် သက်သေခံ အထောက်အထား အသစ်တွေတော့ ရစရာ မရှိတော့ပါဘူး၊ ခု ရထားတာကိုက များလှပြီ၊ ရတဲ့ အထောက်အထားထဲက အရေးကြီးတာကို စစ်ထုတ်တတ်ဖို့ပဲ လိုတော့တယ်၊ ဒီဒပ်ရှင်းလို့ ခေါ်တဲ့ ကျိုးကြောင်း ဆက်စပ် ကောက်ချက်ဆွဲတဲ့ အတတ်ပညာကို ဒီနေရာမှာ ကောင်းကောင်း အသုံးချရတော့မှာပဗျာ၊ လူသတ်မှုက တော်တော်လေးလည်း ထူးခြားပြန်၊ အထောက်အထားတွေကလည်း များပြန်၊ ဒီအထဲမှာ လူတွေ စိတ်ဝင်စားတဲ့ အမှုလည်း ဖြစ်ပြန် ဆိုတော့ ကောက်ချက်တွေ ထင်မြင်ချက်တွေ မှန်းဆချက်တွေကတော့ အောတိုက်နေတာပဲ၊ အဲဒီထဲကနေပြီး ထင်မြင်ချက် ပေးသူတွေနှင့် သတင်းထောက်တွေရဲ့ အဖွဲ့အနွဲ့ မပါတဲ့ အချက်အလက်တွေ၊ မငြင်းနိုင်အောင် ခိုင်မာတဲ့ အချက်အလက်တွေကို ခွဲခြား စစ်ထုတ်ဖို့ကတော့ အခက်ဆုံးပဲဗျ၊ ဒီတော့ ကျုပ်တို့ အလုပ်က ခိုင့်မာတဲ့ အခြေခံပေါ်မှာ ရပ်ပြီး ဘယ်လို ကောက်ချက်တွေကို ဆွဲထုတ်နိုင်သလဲ၊ ဒီအမှုမှာ အရေးကြီးတဲ့ အချက်တွေက ဘယ်အချက်တွေလဲ ဆိုတာကို ခွဲခြား ကြည့်ဖို့ပဲ၊ အင်္ဂါနေ့တုန်းကပဲ ဒီအမှုမှာ ကျုပ်ဝင်ကိုင်ဖို့ မြင်းပိုင်ရှင် ဗိုလ်မှူးကြီး ရော့စ်နှင့် အမှုကို ကိုင်နေတဲ့ ပုလိပ် အင်စပက်တော် ဂရီဂိုရီဆီက ကြေးနန်းတွေ ရတယ်'

'ဘာရယ်ဗျ၊ အင်္ဂါနေ့ ညနေက ရတယ် ဟုတ်စ၊ ဒီနေ့ ကြာသပတေးနေ့ နေ့ နေစမ်းပါဦး၊ မနေ့က ဘာဖြစ်လို့ မသွားတာလဲ'

'အဲဒါပေါ့ဗျာ၊ ကျုပ် တစ်ကွက် မှားသွားတာ၊ ခင်ဗျား မှတ်တမ်းတွေက တစ်ဆင့် ကျုပ်ကို သိနေတဲ့ လူများကတော့ ကျုပ်လို လူဟာ ဒီလောက် တွက်ကိန်း မမှားနိုင်ဘူးလို့ ထင်ကောင်း ထင်ကြမှာပဲ၊ ကျုပ် တွက်တာက ပျောက်သွားတဲ့ ငွေကြာ ဆိုတဲ့ မြင်းဟာ အင်္ဂလန်မှာ တော်တော် နာမည် ကြီးတဲ့ မြင်း၊ ဒီလောက် နာမည် ကြီးတဲ့ မြင်းကို ဒါတ်မိုးလို လူနေကျဲတဲ့ နေရာမျိုးမှာ ကြာကြာ ဖွက်မထားနိုင်ဘူးလို့ ယူဆခဲ့တယ်ဗျ၊ မနေ့က ဆိုရင် မြင်းကို ပြန်တွေ့ပြီး မြင်းကို ခိုးသွားတဲ့ လူဟာ လူသတ် တရားခံပဲ ဆိုတဲ့ သတင်းကို ကြားရ



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ တစ်နေ့လုံး မျှော်နေမိတယ်၊ ဒါပေမဲ့ တစ်နေကုန်လို့ ဒီနေ့သာ ရောက်လာရော၊ ဖစ်ဇရွိုင်း ဆင်ပဆင် ဆိုတဲ့ လူကို ဖမ်းတယ် ဆိုတဲ့ သတင်းကလွဲလို့ တခြား ဘာမှ ထူးထူးခြားခြား မကြားရတော့ ကျုပ် ကိုယ်တိုင် ဝင်မှဖြစ်မယ်လို့ ယူဆမိသဗျ၊ သို့သော်လည်း တစ်နည်း ပြောရရင် မနေ့ကလည်း အချည်းနှီးတော့ မဖြစ်ပါဘူးလေ'

'ဒီလိုဆိုရင် ခင်ဗျားရဲ့ ကိုယ်ပိုင် ထင်မြင်ချက် တစ်ခုတော့ ရှိပြီးပြီ ဆိုပါတော့'

'အနည်းဆုံး၊ အမှုနှင့် ပတ်သက်တဲ့ အချက်အလက်တွေကိုတော့ ဆုပ်မိကိုင်မိပါပြီ၊ အမှု ဆိုတာမျိုးက သူများကို အမှုသွား အမှုလာ ရှင်းပြရင်း ပြရင်းနှင့် လိပ်ပတ် လည်ပြီးသား ဖြစ်ချင် ဖြစ်သွားတတ်တာမျိုးဗျ၊ ပြီးတော့ ခင်ဗျားကို အစကနေ ရှင်းပြထားမှ ခင်ဗျား အနေနှင့်လည်း ကျုပ်ကို ကူညီနိုင်မှာကိုး၊ ဒီတော့ အမှုသွား အမှုလာကို ကျုပ် ပြောပြမယ်'

ကျွန်ုပ်က မီးရထား ထိုင်ခုံ နောက်မှီကို မှီလိုက်ရင်း ဆေးပြင်းလိပ်ကို ဖွာလျှက်ရှိစဉ် ရှားလော့ဟုမ်းသည် ရှေ့သို့ ခပ်ကိုင်းကိုင်း ထိုင်ရာမှ ဘယ်ဘက်လက်ဖဝါးကို သေးသွယ် ရှည်လျားသည့် လက်ချောင်းဖြင့် ထောက်ရင်း ယခု ကျွန်ုပ်တို့ သွားရောက် စုံစမ်းမည့် အမှု အကြောင်းကို ပြောဆိုလျှက် ရှိလေ၏။




*ရှားလော့ဟုမ်းက အမှု အကြောင်းကို ရှင်းလင်း ပြောဆိုသည်။*

'ငွေကြာ ဆိုတဲ့ မြင်းက အီဆိုနီမီ ဆိုတဲ့ နာမည်ကျော် ပြိုင်မြင်းကြီးက ပေါက်တဲ့ မြင်းကြီးဗျ၊ သူ့ရှေ့ မြင်းကြီးလိုပဲ သူလည်း ပွဲတိုင်းလောက်မှာ အနိုင်ရတာချည်းပဲ၊ ငါးနှစ်သားထဲ ရောက်နေပြီး ပြိုင်တိုင်း မြင်းပိုင်ရှင် ဗိုလ်မှူးကြီး ရော့စ် မှာ တော့ ဖလား





တွေ တစ်လုံးပြီး တစ်လုံး ရနေတာပဲ၊ ခုပျောက်သွားတဲ့ အချိန်မှာ ဝက်ဆက်ဖလားပွဲ အတွက် ဖေးဗရိတ် ဖြစ်နေတယ်၊ ဘယ်လောက်များ ဖေးဗရိတ် ဖြစ်နေသလဲ ဆိုရင် သုံးလေး တစ်လေးတောင် လောင်းကြေး ထပ်နေကြတယ်၊ မြင်းပွဲပရိသတ်က ဆိုရင် မပြောနှင့်တော့၊ ဘယ်လောက်ပဲ ငုပ်ကောင် ဖြစ်နေပမေ့စေ၊ သူ့ဘက်က ငွေတွေ ပုံပြီး လောင်းကြတာပဲ၊ ဒါကြောင့်မို့ လာမယ့် အင်္ဂါနေ့ပွဲမှာ ငွေကြာ ဝင်မပြိုင်စေချင်တဲ့ လူလည်း တော်တော် များများ ရှိနေတယ်။

'ဒီအချက်ကို ဗိုလ်မှူးကြီး ရော့စ်ရဲ့ မြင်းဇောင်းတွေ ရှိတဲ့ ပိုင်လင်း တစ်ဝိုက်ကလည်း ကောင်းကောင်း သိနေကြတယ်၊ ဒါကြောင့် ဒီဖေးဗရိတ် မြင်းကြီးကို အစောင့်အကြပ် ကောင်းကောင်းနှင့် ထားတယ်၊ ထရိန်နာ ဂျွန်စထရေကာ ဆိုတဲ့ လူကတော့ အငြိမ်းစား ဂျော်ကီဗျ၊ ကိုယ်အလေးချိန် များလာလို့ ဗိုလ်မှူးကြီး ရော့စ်ရဲ့ ဂျော်ကီ ဘဝက အနားယူခဲ့တယ်၊ အနား မယူခင်အထိ ဗိုလ်မှူးကြီး ရော့စ်ရဲ့ မြင်းတွေကို စီးလာတဲ့ သက်တမ်း တစ်လျှောက်မှာ အမြဲတမ်း အနိုင် စီးခဲ့တာချည်းပဲ၊ ဗိုလ်မှူးကြီးဆီမှာတွင် ဂျော်ကီ လုပ်ခဲ့တာ ငါးနှစ် ရှိပြီ၊ ထရိန်နာ လုပ်ခဲ့တာကတော့ ခုနစ်နှစ်လောက် ရှိရော့မယ်၊ အလုပ်လည်း ကြိုးစားတယ်၊ သစ္စာလည်း ရှိတယ်၊ စထရေကာရဲ့ အောက်မှာ မြင်းထိန်းတဲ့ ကောင်လေး သုံးယောက်ပဲ ရှိတယ်၊ ဇောင်းကလည်း သိပ်မကြီးဘူးလေ၊ အားလုံး ပေါင်းမှ မြင်း လေးကောင်လောက်ပဲ ရှိတာကိုး၊ မြင်းဇောင်းမှာ ကောင်လေး တစ်ယောက် ညတိုင်း စောင့်အိပ်ပြီး ကျန်တဲ့ နှစ်ယောက်က မြင်းဇောင်း အပေါ်ထပ်က ထပ်ခိုးလေးမှာ အိပ်ကြတယ်၊ သူတို့ သုံးယောက်စလုံးမှာလည်း အကျင့် စာရိတ္တနှင့် ပတ်သက်လို့ ဘာမှ ပြောစရာ မရှိလှပါဘူး၊ ထရိန်နာ ဂျွန်စထရေကာကတော့ လူလွတ် မဟုတ်ဘူးဗျ၊ အိမ်ထောင်နှင့်၊ မြင်းဇောင်းနှင့် ကိုက် နှစ်ရာလောက် ဝေးတဲ့ နေရာမှာ အိမ်ကလေး တစ်အိမ်နှင့် သတ်သတ်နေတယ်၊ သားသမီး မရှိဘူး၊ မိန်းမ အစေခံ တစ်ယောက် ရှိတယ်၊ စီးပွားရေးလည်း သိပ်မဆိုးလှပါဘူး၊ ချောင်ချောင်လည်လည်ပဲ ဆိုပါတော့၊ အဲဒီနားတစ်ဝိုက်က တော်တော်လေး လူ အသွားအလာ ပြတ်တယ်ဗျ၊ ဒါပေမဲ့ မြောက်ဘက် မိုင်ဝက်လောက်မှာတော့ လူနာတွေနှင့် ဒါ့တ်မိုး လေကို ရှူချင်သူများအတွက် တာဗစ်စတော့က ကန်ထရိုက်တာတွေ ဆောက်ထားတဲ့ နာလန်ထစခန်းကလေး တစ်ခု ရှိတယ်၊ တာဗစ်စတော့ကတော့ အနောက်ဘက် နှစ်မိုင်လောက် သွားရသေးတယ်၊ အဲဒီက အနောက် နောက်ထပ် နှစ်မိုင်လောက် သွားရင် စားကျက် ကွင်းကြီး တစ်ခု ရှိတယ်၊ အဲဒီမှာ လော့ဒ် ဘက်ဝါးတား



www.burmeseclassic.com

www.burmeseclassic.com



ပိုင်တဲ့ တော်တော် ကြီးတဲ့ မြင်းဇောင်းတွေ ရှိတယ်၊ အဲဒီ မြင်းဇောင်းတွေကို အုပ်ချုပ်တဲ့ လူက ဆီလာ ဘရောင်းတဲ့၊ ဒါက လွဲရင်တော့ စားကျက် ကွင်းပြင် ကြီး တစ်လျှောက်မှာ လူနေ အိမ်ခြေ ဆိုလို့ ဘာမှ မရှိဘူး၊ ဖြုတ်တောကြီးပဲ၊ တစ်ခါတလေတော့ ဂျစ်ပစီတွေ လာပြီး စခန်း ချတတ်ကြရဲ့၊ အဲဒါကတော့ တနင်္လာနေ့ ငွေကြာ ပျောက်မသွားခင် အခြေအနေပဲ။

'ပျောက်တဲ့နေ့ ညတုန်းက မြင်းတွေကို အညောင်းပြေ လေ့ကျင့်ပြီး ထုံးစံအတိုင်း ရေဝိုက်တယ်၊ ပြီးတော့ မြင်းတွေကို ဇောင်းမှာ သွင်းပြီး ဇောင်းကို ပိတ်လိုက်သတဲ့၊ ပိတ်ပြီး ကောင်လေး နှစ်ယောက်က ထရိန်နာ အိမ်က မီးဖိုထဲမှာ ထမင်း စားနေကြတုန်း နက် ဟန်းတား ဆိုတဲ့ ကောင်လေးက ဇောင်းမှာ စောင့်ကျန်ခဲ့တယ်၊ ကိုးနာရီကျော်ကျော်လေးကျတော့ အိမ်စေ အမျိုးသမီး အီးဒစ် ဘက္ကစတားက ဇောင်းမှာ စောင့်နေတဲ့ ကောင်လေးဆီကို ညစာ သွားပို့တယ်၊ ဟင်းကတော့ အမဲသားဟင်း တစ်ခွက်ပဲ ပါသတဲ့ဗျ၊ အိမ်စေ အမျိုးသမီးက ကောင်လေးဖို့ ရေတို့ ဘာတို့တော့ ယူမသွားတော့ဘူးတဲ့၊ ဇောင်းထဲမှာ ရေဘုံပိုင် ရှိသားပဲ၊ ရေဘုံပိုင်က သောက်လိမ့်မယ် ဆိုပြီး မယူတာတဲ့၊ ပြီးတော့ ကောင်လေးတွေ မြင်းဇောင်း စောင့်ဖို့ ဂျူတီ ကျရင် အရက်တို့ ဘာတို့ကို မသောက်ရဘူးလို့ စည်းကမ်း လုပ်ထားသတဲ့၊ အဲဒီ ညက တော်တော် မှောင်ပြီး စားကျက်ကွင်းကြီး ဖြတ်သွားရမှာ ဆိုတော့ အမျိုးသမီးက မှန်အိမ် တစ်လုံး ယူသွားသတဲ့။

'အီးဒစ် ဘက္ကစတားလည်း မြင်းဇောင်းနှင့် ကိုက် သုံးဆယ်လောက် အကွာ ရောက်ရော အမှောင်ရိပ်ထဲက လူတစ်ယောက် ထွက်လာပြီး သူ့ကို အရပ် ခိုင်းတယ်၊ ရှေ့က မီးရောင်ထဲ ထွက်လာလို့ ကြည့်လိုက်တော့ လူက သားသားနားနား မွန်မွန်ရည်ရည်ပဲတဲ့၊ သက္ကလတ် ဝတ်စုံ မီးခိုးရောင်ကို ဝတ်ထားပြီး အဝတ် ဦးထုပ်ပျော့ တစ်လုံးကို ဆောင်းထားတယ်၊ ခြေထောက်မှာ ခြေပတ် ပတ်ထားပြီး လက်ကိုင်ဘု တပ်ထားတဲ့ ဟန်တိန်တုတ် တစ်ချောင်းကို ကိုင်ထားတယ်၊ သူ့ မျက်နှာက ဖြူဖပ် ဖြူရော် ဖြစ်နေပြီး အမူအရာကလည်း ဂနာမငြိမ်တော့ သိပ်ပြီး အကဲမရဘူးပေါ့၊ အသက်ကတော့ သူ့ အထင် သုံးဆယ် ကျော်လောက်ပြီတဲ့။

' ''ညီမလေး၊ မျက်စိ လည်လာလို့ပါကွယ်၊ ခု ဘယ်နေရာ ရောက်တာလဲ၊ မီးရောင်ကိုသာ မမြင်မိလိုက်ရင် ငါတော့ စားကျက်ကွင်းကြီးထဲ အိပ်ရတော့မှာပဲ''





' ''ရှေ့နားက ပိုင်လင်း မြင်းဇောင်းတွေပဲတော်''

' ''ဟာ ဟုတ်လား၊ ကံ ကောင်း လိုက် တာ ကွယ်၊ အဲဒီ ဇောင်းမှာ သူငယ်ကလေး တစ်ယောက်တည်း ည ည စောင့်အိပ်တယ်လို့ ကြားရတယ်၊ ခု အဲဒီ ကောင်လေးဆီ ထမင်း သွားပို့ မလို့လား၊ ညီမလေး အဝတ်အစား သစ်တလေးများ မလိုချင်ဘူးလား၊ လိုချင်ရင် ဟောဒါကလေးကို ကောင်လေးကို ပေးပေးပါလား၊ ညီမလေး ကျေးဇူးကို မမေ့ပါဘူးကွယ်'' လို့ ပြောပြီး အိတ်ထဲက စာရွက် ခေါက်ကလေး တစ်ခုကို ထုတ်ပေးသတဲ့။



'အမှောင်ရိပ်ထဲက လူတစ်ယောက် ထွက်လာတယ်'

' ကောင်မလေးလည်း သူ့ ကြည့်ပြီး အကဲ မရတာနှင့် သူ့ ထမင်းချိုင့် ပေးနေကျ မြင်းဇောင်း ထပ်ခိုး ပြတင်းပေါက်နားကို ကြောက်ကြောက်နှင့် ပြေးလာခဲ့တယ်၊ ပြတင်းပေါက်က ပွင့်လို့တဲ့ဗျ၊ ဟန်းတားကလည်း အထဲက စားပွဲကလေး တစ်လုံးမှာ ထိုင်လို့၊ ကောင်မလေးက လမ်းမှာ သူ တွေ့ခဲ့ရတာကို ပြန်ပြောနေတုန်း အဲဒီလူ နောက်က လိုက်လာပြီး ပြတင်းပေါက်နား လာရပ်ရင်း

' ''ညီလေးနှင့် စကား တစ်ခွန်းလောက် ပြောချင်တယ်ကွာ'' လို့ ပြောသတဲ့၊ အဲဒီလို ပြောတုန်းက သူ့ လက်ထဲမှာ စာရွက်ခေါက်ကလေးကို ဆုပ်ကိုင်ထားသတဲ့၊ ဒီတော့ ကောင်လေးက ''ဘာကိစ္စ ပြောချင်တာလဲ'' လို့ မေးတယ်။

' ''ညီလေး အတွက်လည်း အကျိုး ရှိမယ့် အလုပ်ပါကွာ၊ ဒီအပတ် ဝက်ဆက် ဖလားပွဲမှာ ညီလေးတို့ ဇောင်းက နှစ်ကောင် ပြေးမယ် မဟုတ်လား၊ ငွေကြာရယ် ဘေးယတ်ရယ်လေ၊ အစ်ကိုကို တစ် ကောင်းကောင်း ပေးပါကွာ၊ မင်းလည်း ထိုက်သင့်သလောက် အကျိုး ခံစားရပါစေမယ်၊ ဒီအလေးချိန် အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးရင် ဘေးယတ်က ငွေကြာကို ငါးဖာလုံတန်းမှာ ကိုက်တစ်ရာလောက် အသာ ပေး ပြေးနိုင်တယ်ဆို၊ အဲဒါ ဟုတ်သလား ညီလေးရာ၊ အစ်ကို့ကို ပြောပြစမ်းပါ၊ မင်းတို့ ဓောင်းက ဘေးယတ်ကို လောင်းမှာ မဟုတ်လား''

' ''ခင်ဗျား ဘယ်က မြင်းတစ် ကြမ်းပိုးလဲဗျ၊ ဘာတွေ လာပြောနေတာ လဲ၊ ကျုပ်တို့ ဓောင်း အကြောင်း ခင်ဗျား သိသွားချင်သလား'' ဆိုပြီး ကောင် လေးက ချည်ထားတဲ့ ခွေးကြီးနှင့် တိုက်မလို့ မြင်းဓောင်းဆီ ထပြေးသတဲ့၊ ကောင်မလေးကတော့ ကြောက်ကြောက်နှင့် အိမ်ဘက်ကို ပြန်ပြေးလာတာပေါ့ လေ၊ ပြေးရင်း နောက်ဘက်ကို ပြန်လှည့်ကြည့်လိုက်တော့ အဲဒီ လူက ပြတင်း ပေါက်ကနေ အထဲကို ကုန်းနေတာ မြင်လိုက်ရသတဲ့၊ ဒါပေမဲ့ နောက်တစ်မိနစ် လောက် ကြာလို့ ကောင်လေးက ခွေးကြီးနှင့် ထွက်လာတဲ့ အခါတော့ အဲဒီ လူကို မတွေ့ရတော့ဘူးတဲ့ဗျ၊ မြင်းဓောင်း တစ်ဝိုက်မှာ လျှောက်ရှာတော့လည်း အဲဒီ လူရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရတော့ဘူးတဲ့'

'ခဏကလေးဗျ၊ ကောင်လေးက ခွေးနှင့် လိုက်ရှာတော့ မြင်းဓောင်းက သော့ကို ဖွင့်ပစ်ခဲ့သတဲ့လား' ဟု ကျွန်ုပ်က မေးလိုက်၏။

'ဟုတ်တယ်လေဗျာ၊ သိပ်မှန်တဲ့ မေးခွန်းပဲ၊ ကျုပ်လည်း ဒီအချက်ကို သတိပြုလိုက်မိတယ်ဗျ၊ ဒါ့ကြောင့် မနေနိုင်တာနှင့် ဒီအချက်ကို မနေ့ကတည်းက ဒါ့တ်မိုးကို ကြေးနန်း ရိုက်ပြီး လှမ်းမေးတယ်၊ ကောင်လေးကတော့ သော့ခတ် ပစ်ခဲ့သတဲ့ဗျ၊ ပြီးတော့ ပြတင်းပေါက်ကလည်း လူတစ်ယောက် ဝင်သာအောင် မကြီးဘူးတဲ့။

'ဒါနှင့် ကောင်လေးကလည်း သူ့ အဖော်တွေ ထမင်း စားရာက ပြန်လာ အောင် စောင့်ပြီး အကျိုးအကြောင်းကို ထရိန်နာ စထရေကာကို သွားပြောပြ တယ်၊ စထရေကာဟာ ဒီသတင်းကို ကြားတော့ တော်တော်ကလေး ချောက်ချား သွားတယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာကိုတော့ သိပ် မပေါ်ဘူးတဲ့ဗျ၊ သို့သော်လည်း ဘာဖြစ်ဖြစ် ကိုယ့် မြင်းဓောင်းမှာ ဒီလို မသင်္ကာစရာတွေ တွေ့တော့ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်တာပေါ့ဗျာ၊ ည နာရီ ပြန် တစ်ချက် ထိုးလို့ သူ့ မိန်းမ  အိပ်ရာက တစ်ရေးနိုးလာတော့ စထရေကာ ဟာ အဝတ်အစားတွေ လဲနေတာကို တွေ့ရသတဲ့၊ ဘယ်သွားမလို့လဲ ဘာလဲလို့ မေးတော့ မြင်းတွေကို သူ စိတ်မချဘူးတဲ့၊ မြင်းဓောင်းဘက်ကို သွားကြည့်လိုက် ဦးမယ်လို့ ပြောသတဲ့၊ အဲဒီ အချိန်က မိုးကလေးကလည်း တဖြောက်ဖြောက် ရွာနေတော့ မနက် လင်းမှ သွားပါလားလို့ ပြောပြီး တားသေးသတဲ့၊ ဒါပေမဲ့





စထရေကာဟာ မိုးကာ အင်္ကျီကြီးကို ခြုံပြီး ထွက်သွားသတဲ့။

'သူ့ မိန်းမက မနက် ခုနစ်နာရီ ထိုးလို့ အိပ်ရာက နိုးတဲ့ အထိ စထရေ ကာ ပြန်မရောက်သေးဘူးတဲ့၊ ဒါနှင့် သူလည်း အဝတ်အစား ကမန်းကတန်း လဲ၊ ကောင်မလေးကို ခေါ်ပြီး မြင်းဓောင်းဘက်ကို လိုက်လာခဲ့တယ်၊ မြင်းဓောင်း ထဲမှာတော့ ဟန်းတား ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင်လျက်ကြီး မေ့လို့တဲ့၊ ငွေကြာရဲ့ ဓောင်းထဲမှာလည်း ဟာလာဟင်းလင်းတဲ့၊ ထရိန်နာ စထရေကာကို လည်း မတွေ့ရဘူးတဲ့။

'မြင်းကုန်းနီးတွေ ထားတဲ့ အခန်းရဲ့ အပေါ်က ထပ်ခိုးလေးပေါ်မှာ အိပ်နေတဲ့ ကောင်လေး နှစ်ယောက်ကို နှိုးရတာပေါ့၊ ကောင်လေး နှစ်ယောက်က အအိပ်ကြီးလေတော့ မနေ့ညက တစ်ညလုံး ဘာသံမှ မကြားရဘူးတဲ့၊ ဟန်းတား ကို ကြည့်ရတာကလည်း တော်တော် ပြင်းတဲ့ အိပ်ဆေး မိထားလေတော့ သူ့ကို မေးလို့ ဘာမှ ရေရေရာရာ မသိရဘူးပေါ့၊ ဒါနှင့် ကောင်လေး နှစ်ယောက်ရော စထရေကာရဲ့ မိန်းမနှင့် အိမ်ဖော် ကောင်လေးရော မြင်းနှင့် စထရေကာကို လိုက်ရှာကြတယ်၊ စထရေကာများ မနက် စောစော မြင်းကို ထုတ်ပြီး လမ်း လျှောက် နေလေသလားပေါ့၊ ဒီလိုနှင့် သူတို့ အိမ်နားက တောင်ပူစာကလေး ထိပ်ကို ရောက်လာခဲ့ကြတယ်၊ အဲဒီကနေပြီး ကြည့်ရင် ဘေးပတ်ဝန်းကျင်က စားကျက် ကွင်းတွေ အားလုံးလောက်ကို စီး မြင်နေရတယ်၊ အဲဒီနေရာ ရောက် တော့ မြင်းရဲ့ အရိပ်အယောင်ကို မတွေ့ရတဲ့ အပြင် တစ်ခုခုတော့ ဖြစ်ပြီ ဆို တာကို နိမိတ်ပြတဲ့ အရာ တစ်ခုကို သွားတွေ့ရတော့တာပဲ။

'မြင်းဓောင်းနှင့် မိုင်တစ်မတ်လောက် အကွာ ဆူးချုံ တစ်ခုပေါ်မှာ တင် နေတဲ့ စထရေကာရဲ့ မိုးကာအင်္ကျီကို သွားတွေ့ရသတဲ့၊ အဲဒီ တောင်ပူစာကလေး အတိုင်း ဆင်းသွားရင် အောက်က စားကျက်က အင်တုံကြီးလို ဖြစ်နေတဲ့ လျှိုကြီး တဲ့ဗျ၊ အဲဒီ လျှိုထဲလည်း ရောက်ရော ထရိန်နာ စထရေကာရဲ့ အလောင်းကို သွား တွေ့ရတာပဲ၊ ခပ်လေးလေး လက်နက် တစ်ခုနှင့် တအား ရိုက်ထားတဲ့ အတွက် သူ့ ခေါင်းက ကြေလို့တဲ့၊ ပေါင်မှာ ဒဏ်ရာကြီးနှင့်၊ ဒဏ်ရာက ချွန်ထက်တဲ့ အရာ တစ်ခုနှင့် ထိုးပြီး ဆွဲချထားတဲ့ လက္ခဏာပဲ၊ ရှည်မျောမျောနှင့် ဟက်တက် ကြီး ကွဲနေတယ်၊ သို့သော်လည်း စထရေကာရဲ့ ညာဘက် လက်ထဲမှာ ဓားမြှောင် တစ်ချောင်းကို ဆုပ်လျက်သား တွေ့ရတဲ့အတွက် စထရေကာဟာ လူဆိုးတွေကို ခုခံ သတ်ပုတ်ထားတယ် ဆိုတာ ထင်ရှားတယ်ဗျ၊ ဓားမြှောင်မှာလည်း လက်ကိုင် အထိ သွေးတွေ စွန်းလို့ ကြပ်ခဲကြီး ဖြစ်နေတယ်၊ သူ့ ဘယ်ဘက်လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com





'လျှိုထဲမှာ ထရိန်နာ စထရေကာရဲ့
အလောင်းကို တွေ့ရတယ်'

မှာတော့ အနီနှင့် အနက်ကြား ပိုး လည်စည်း တစ်ခုကို တွေ့ရတယ်၊ မနေ့ညတုန်းက မြင်း ဇောင်း ကို လာ တဲ့ လူ ပတ်လာတဲ့ လည်စည်း ဆိုတာ ကောင်မလေး မှတ်မိတယ်။

'သတိ ပြန်ရလို့ ဟန်းတားကို မေးတဲ့ အခါ ကျတော့လည်း ဒီလည်စည်းဟာ မနေ့ညက လာတဲ့ လူရဲ့ လည်စည်းလို့ အသေအချာ ထွက်တယ်၊ ပြတင်းပေါက်မှာ ရပ်ပြီး အမဲသားဟင်းထဲကို အိပ်ဆေး ခတ်သွားတာလည်း သူပဲ ဖြစ်မယ်တဲ့၊ မြင်းဇောင်းမှာ စောင့်တဲ့လူ မရှိဘဲ ဖြစ်သွားအောင် လုပ်ပုံရတယ်တဲ့။

'စထရေကာနှင့် လူဆိုးတွေ သတ်ပုတ်နေကြတုန်းက ပျောက်သွားတဲ့ မြင်းကြီးဟာ အဲဒီ နားမှာ ရှိသေးတယ်ဗျ။ လျှိုထဲက ဖွက်တွေထဲမှာ ခြေရာတွေ တွေ့တာကို ကြည့်ရင် သိနိုင်တယ်၊ ဒါပေမဲ့ အဲဒီနောက်တော့ အစ ရှာလို့ကို မရအောင် ဖြစ်နေတယ်၊ ဆုငွေ ပေးမယ်ဆိုပြီး စားကျက်ထဲမှာ ရှိတဲ့ ဂျစ်ပစီတွေကို လိုက်အရှာ ခိုင်းထားပေမဲ့ ခုထိ ဘာမှ အကြောင်း မထူးသေးဘူး၊ မြင်းထိန်း ကောင်လေး စားတဲ့ အမဲသားဟင်း အကျန်တွေကို ဓာတုဗေဒဌာန ပို့ကြည့်တော့ အဲဒီထဲမှာ ဘိန်းမှုန့် တော်တော်များများ ထည့်ထားတာကို တွေ့ရသတဲ့၊ အဲဒီ ညက အိမ်က လူတွေလည်း ဒီ အမဲသားဟင်းကိုပဲ စားကြတာပဲ၊ ဒါပေမဲ့ ဘာမှ မဖြစ်ကြဘူး။

'အဲဒါတွေကတော့ အမှုမှာ အရေးကြီးတဲ့ အချက်အလက်တွေပဲ၊ ထင်မြင်ချက်တွေ ကောက်ချက်တွေ ဘာမှ မပါဘူး၊ ထားတော့၊ ဒါနှင့် ပတ်သက်လို့ ပုလိပ်ဘက်က ဘာလုပ်ထားတယ် ဆိုတာ ကျုပ် ပြောပြဦးမယ်။

'ဒီအမှုကို ကိုင်တဲ့ ပုလိပ် အင်စပက်တော် ဂရီဂိုရီဟာ တော်တော် စေ့စပ် သေချာတဲ့ လူဗျ။ စိတ်ကူးဉာဏ်ကတော့ သိပ်မကောင်းလှဘူး၊ စိတ်ကူး





ဉာဏ်ကလေးသာ ရှိရင် ခုလောက်ဆိုရင် အင်စပက်တော် ဘယ်ကတော့မလဲ၊ သူ ရောက်ရောက်ချင်း မသင်္ကာ ဖြစ်တဲ့ လူတွေကို ချက်ချင်း ကောက်ဖမ်းပစ်လိုက်တယ်၊ ဒီလူကို ရှာရတာကလည်း သိပ်မခက်လှပါဘူး၊ အဲဒီနား တစ်ဝိုက်မှာ အားလုံး သိပြီးသားပါ၊ သူ့ နာမည်က ဖစ်ဇရွိုင်း ဆင်ပဆင်တဲ့ဗျ၊ လူက မျိုးကောင်းရိုးကောင်း၊ ပညာလေးကလည်း အသင့်အတင့် တတ်တယ်၊ မြင်းလောင်းလွန်းအားကြီးလို့ မွဲသွားပြီး ခုတော့ လန်ဒန်က မြင်းပွဲတွေ အတွက် ဘွတ်ကီဒိုင် ဖွင့်စားနေတယ်၊ ဒါနှင့် ပုလိပ်က သူ့ ဘွတ်ကီဒိုင်မှာ အလောင်းအစား လုပ်တဲ့ စာရင်း စာအုပ်ကို စစ်ကြည့်လိုက်တော့ ဖေးဗရိတ် ဖြစ်နေတဲ့ မြင်း ဖြစ်တဲ့ ငွေကြာ အရှုံးဘက်ကနေပြီး သူက ပေါင် ငါးထောင် လောင်းထားတာ သွားတွေ့ရတယ်ဗျ။

'သူ့ကို ဖမ်းလိုက်တော့ ဖစ်ဇရွိုင်းက ပိုင်လင်း မြင်းဇောင်းက မြင်းတွေ အကြောင်း သိချင်လို့ ဒါ့တ်မိုးကို လာတယ် ဆိုတာ ဝန်ခံတယ်ဗျ၊ ဒါတွင် မကဘူး၊ ကက်ပယ်တန်ရဲ့ ဇောင်းက ဒုတိယ ဖေးဗရိတ်မြင်း ဖြစ်တဲ့ ဒက်စဘာရို အကြောင်းကိုလည်း သွားစုံစမ်းတယ်တဲ့၊ အချင်း ဖြစ်တဲ့ ညက သူဟာ ပိုင်လင်း ဇောင်းနား ရောက်တယ် ဆိုတာကိုလည်း ငြင်းဖို့ မကြိုးစားဘူးဗျ၊ ဒါပေမဲ့ ဇောင်းကို သွားတာဟာ မကောင်းတဲ့ အကြံနှင့် သွားတာ မဟုတ်ပါဘူးတဲ့၊ မြင်းတစ်ကလေးများ ရလိုရငြား ဆိုပြီး သွားတာပါလို့ ပြောသဗျ၊ ပုလိပ်က သူ့ လည်စည်းကို ထုတ်ပြလိုက်တော့ ဖစ်ဇရွိုင်း မျက်နှာဟာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး ဒီလည်စည်း ဘာ့ကြောင့် သေသူ့ လက်ထဲ ရောက်နေရတာကို လိပ်ပတ်လည်အောင် မပြောနိုင်ဘူး၊ ယီးတီးယားတား ဖြစ်နေတယ်၊ သူဟာ အချင်းဖြစ်တဲ့ ညက အပြင် မိုးထဲလေထဲ ထွက်ခဲ့တယ် ဆိုတာကိုလည်း စိုရွှဲနေတဲ့ သူ့ အဝတ်အစားတွေက သက်သေ ပြနေတယ်၊ ပြီးတော့ ပီနန်ကြိမ်မှာ ခဲသီး တပ်ထားတဲ့ သူ့ လမ်းလျှောက်တုတ်ကလည်း ဆက်တိုက် အားနှင့် ရိုက်ရင် ထရိန်နာ စထရေကာရဲ့ ခေါင်းမှာ တွေ့ရတဲ့ ဒဏ်ရာမျိုးကို ရစေနိုင်တဲ့ လက်နက်မျိုး ဖြစ်တယ် ဆိုတာ တွေ့ရတယ်ဗျ။

'သို့သော်လည်း တစ်ချက် ရှိတာက ဖစ်ဇရွိုင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာ ဆိုလို့ ဘာမှ မတွေ့ရတဲ့ အချက်ပဲ၊ စထရေကာရဲ့ လက်ထဲက ဓားမြှောင် အခြေအနေကို ကြည့်လိုက်ရင် ရန်သူမှာ အနည်းနှင့် အများ ဆိုသလို ဒဏ်ရာ ရှိရမယ်၊ အဲဒါကတော့ အမှုသွား အမှုလာ အကျဉ်းချုပ် ဆိုပါတော့ဗျာ၊ အကြံဉာဏ်ကလေး ဘာလေး ပေးနိုင်ရင် ပေးစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ရှားလော့ဟုမ်းက သူ့ ထုံးစံအတိုင်း ရှင်းလင်းစွာ ပြောပြသည်ကို စိတ်ဝင်စားစွာဖြင့် နားထောင်ခဲ့ပြီး ဖြစ်ပါသည်။ အချက်အလက်အများစုမှာ ကျွန်ုပ် သိပြီးသား အချက်အလက်များ ဖြစ်သည့်တိုင် ၎င်းတို့၏ အရေးကြီးပုံနှင့် ၎င်းတို့ အချင်းချင်း ဆက်နွယ်နေကြပုံတို့ကိုမူ ကောင်းစွာ သဘောပေါက်ခြင်း မရှိသေးချေ။

'စထရေကာရဲ့ ပေါင်မှာ တွေ့တဲ့ ဓားဒဏ်ရာဟာ ဦးနှောက်ကို ထိခိုက်လို့ ကယောင်ကတမ်း ရုန်းကန်ရင်း ကိုယ့် ဓားနှင့် ကိုယ် ပြန်ခိုက်မိတာ မဖြစ်နိုင်ပေဘူးလား'

'ဖြစ်နိုင်ရုံတွင် မကဘူးဗျ၊ ဒီအတိုင်း ဖြစ်ဖို့ တော်တော်ကြီးကို အလားအလာ များနေတယ်၊ ဒီအတိုင်းသာ မှန်ရင်တော့ တရားခံ အဖို့ အားကိုးရမယ့် အချက် တစ်ချက် လျော့သွားပြီဗျ'

'ပုလိပ်ဘက်ကကော ဘယ်လိုများ ယူဆသတုံးဗျ'

'ဘယ်လိုပဲ ယူဆ ယူဆ ယူဆချက်တွေထဲမှာ ဟာကွက်တွေ ရှိစမြဲပဲဗျ၊ စင်းလုံး ချောမနေဘူး၊ ပုလိပ်ကတော့ ဖစ်ဇရွိုင်းဟာ မြင်းထိန်း ကောင်လေးကို ဆေးခတ်ပြီး သော့တူနှင့် မြင်းဇောင်းကို ဖွင့်တယ်၊ အရွေးခိုင်းဖို့ ရည်ရွယ်ချက်နှင့် မြင်းကို ပြန်ပေးဆွဲတယ်လို့ ယူဆတယ်ဗျ၊ မြင်းဇက် ပျောက်နေပုံထောက်တော့ တရားခံဟာ မြင်းကို ဇက်တပ်ပြီး ယူသွားပုံ ရတယ်၊ တရားခံဟာ မြင်းကို ထုတ်၊ တံခါးကို ဟင်းလင်း ဖွင့်ထားပြီး မြင်းကို စားကျက်ကွင်းဘက်ကို ဆွဲသွားဟန် တူတယ်၊ အဲဒီမှာတွင် နောက်က ထရိန်နာ စထရေကာ လိုက်လာပြီး နှစ်ယောက်သား စကား များကြတယ်၊ ဖစ်ဇရွိုင်းဟာ လက်ထဲမှာ ပါလာတဲ့ ခဲသီးတုတ်နှင့် ထရိန်နာ ခေါင်းကို ရိုက်လိုက်တယ်၊ ပြန်ပြီး ကာကွယ်တဲ့ အနေနှင့် စထရေကာက ဓားနှင့် ထိုးလိုက်ပေမဲ့ တရားခံကို မထိဘူး၊ မြင်း သူခိုးဟာ မြင်းကို တစ်နေရာမှာရင်လည်း ဝှက်ထားရမယ်၊ ဒါမှမဟုတ် သူတို့ နှစ်ယောက်လုံးထွေး သတ်ပုတ်နေတုန်း မြင်းဟာ လွတ်ထွက်သွားပြီး ခုလောက် ဆိုရင် စားကျက်ထဲမှာရင်လည်း ရှိနေရမယ်လို့ ပုလိပ်က ယူဆတယ်၊ ကျုပ်ကတော့ သူတို့ အဆိုကို သိပ် လက်မခံချင်လှဘူး၊ ဒီပြင် ယူဆချက်တွေကတော့ သာပြီး တောင် မဖြစ်နိုင်သေးတယ်၊ ဒါပေမဲ့ အချင်း ဖြစ်တဲ့ နေရာကို ရောက်သွားရင်တော့ လက်တွေ့ စမ်းသပ်လို့ ရတော့မှာပါလေ၊ ခုနေ အချက်အလက် မပြည့်စုံသေးဘဲနှင့် တောင်စဉ် ရေမရ လျှောက်စဉ်းစားနေလို့ကတော့ ဒီထက် ဘာမှ ထူးပြီး အဖြေ ထွက်မှာ မဟုတ်ပေဘူး'



ဒိုင်း တစ်ခု အလယ်မှ ပန်းကြွ တံဆိပ် တစ်ခုကဲ့သို့ စက်ဝိုင်း သဏ္ဌာန် ရှိနေသော ဒါ့တ်မိုးနယ် အလယ်တွင် ရှိသည့် တာဗစ်စ်တော့ မြို့ကလေးသို့ ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်၌ နေ အတော် စောင်းခဲ့လေပြီ။ ဘူတာရုံတွင် ကျွန်ုပ်တို့အား စောင့်ကြိုလျက်ရှိသည့် လူနှစ်ယောက်ကို တွေ့ရ၏။ တစ်ယောက်မှာ အရပ် မြင့်မြင့်၊ ဥပဓိရုပ် ကောင်းကောင်း လူတစ်ယောက် ဖြစ်ပြီး ခြင်္သေ့ လည်ဆံကဲ့သို့ ရှည်လျားသည့် ဆံပင်၊ မုတ်ဆိတ်မွေးနှင့် စူးရှ ပြာလဲ့သော မျက်လုံးများ ရှိလေ၏။ အခြား တစ်ယောက်မှာ လူ သေးသေးနှင့် ခပ်သွက်သွက် ဖြစ်ပြီး အဝတ်အစားကို သပ်ရပ် သန့်ရှင်းစွာ စတိုင်ကျကျ ဝတ်ဆင်တတ်သူ တစ်ယောက် ဖြစ်လျက် ကုတ်အင်္ကျီရှည်၊ ခြေပတ် တိုတို ဝတ်ဆင်ထားလေ၏။ သပ်ရပ်စွာ ဖြတ်ထားသည့် နှုတ်ခမ်းမွေး ကျင်ဖွယ်များ ရှိပြီး မျက်မှန် တစ်ဖက်ကိုလည်း တပ်ထားလေ၏။ ထိုလူမှာ နာမည်ကျော် မြင်း ပိုင်ရှင် ဗိုလ်မှူးကြီး ရော့စ် ဖြစ်ပြီး နောက်တစ်ယောက်မှာ အင်္ဂလန် စုံထောက် လောကတွင် နာမည်ကြီးသည့် အင်စပက်တော် ဂရီဂိုရီ ဖြစ်လေ၏။

'မစ္စတာ ဟုမ်း ဆင်းလာတဲ့ အတွက် ဝမ်းသာတယ် ခင်ဗျာ၊ ဟောဒီက အင်စပက်တော်ကြီးတတော့ လုပ်စရာ ရှိတာတွေကို အားလုံး လုပ်ပြီးသလောက် ရှိပါပြီ၊ ဒါပေမဲ့ ကျွန်တော့် ထရိန်နာ သေရတဲ့ အတွက်ရယ်၊ ကျွန်တော့် မြင်းကြီး ပြန်တွေ့ဖို့ ကိစ္စရယ်နှင့် ပတ်သက်လို့ကတော့ လုပ်စရာ ရှိတာကို အကုန် လုပ်ပြီး ရေဆုံးရေဖျား လိုက်ကြည့်ချင်တယ် ခင်ဗျာ'

ဗိုလ်မှူးကြီး ရော့စ်က ပြောလေ၏။



'မစ္စတာ ဟုမ်း ဆင်းလာတဲ့ အတွက် ဝမ်းသာတယ် ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'နောက်ထပ် ဘာများ ထူးသေးသလဲ' ဟု ရှားလော့ဟုမ်းက မေး၏။

'သိပ်တော့ မထူးလှပါဘူး မစ္စတာ ဟုမ်း' ပုလိပ် အင်စပက်တော် ဂရီဂိုရီက ပြော၏။ 'ဘူတာ အပြင်ဘက်မှာ အမိုးဖွင့် ရထား ပါတယ်၊ မမှောင်ခင် ရှုခင်းလေး ဘာလေး ကြည့်ချင်ရင် ကြည့်နိုင်အောင် ဆိုပြီး အမိုးဖွင့် ရထားကိုပဲ ယူလာခဲ့တာ၊ အမှု အကြောင်းကိုတော့ လမ်းကျမှပဲ ဆွေးနွေးကြသေးတာပေါ့'

နောက် တစ်မိနစ်ခန့် ကြာသော အခါ၌ ကျွန်ုပ်တို့သည် အမိုးဖွင့် ရထားကလေးပေါ်သို့ ရောက်လျက် ရှိကြပြီး ခဏ ကြာလျှင် ထူးဆန်းသည့် ဒီဗွန်ရှိုင်းယား မြို့ကလေးထဲမှ ဖြတ်၍ မောင်းလာခဲ့ကြလေ၏။ ပုလိပ် အင်စပက်တော် ဂရီဂိုရီမှာ အမှု အကြောင်းအရာများကို မိုးမွှန်အောင် ပြောဆိုလာကာ ထင်မြင်ချက် ပေးလျက် ရှိ၍ ရှားလော့ဟုမ်းမှာမူကား စကား မပြောလှဘဲ တစ်ခါတစ်ရံတွင် မေးခွန်း ထောက်မေးခြင်း၊ အာမေဋိတ်သံ ပြုခြင်း စသည်တို့လောက်သာ ပြုလုပ်တတ်ပေ၏။ မိုလ်မှူးကြီး ရော့စ်မှာ ထိုင်ခုံကို မှီ၍ လက်ပိုက် လိုက်လာလေရာ ခေါင်းပေါ်တွင် ဆောင်းထားသည့် ဦးထုပ်သည် သူ့ မျက်နှာပေါ်သို့ လျှောကျလျက် ရှိလေ၏။ ကျွန်ုပ်ကား စုံထောက် နှစ်ယောက် ပြောဆိုနေသည့် စကားများကို စိတ်ပါဝင်စားစွာ နားထောင်လျက် လိုက်ပါလာခဲ့လေ၏။ ပုလိပ် အင်စပက်တော် ဂရီဂိုရီသည် ရထားပေါ်တုန်းက ရှားလော့ဟုမ်း ပြောခဲ့သည့် အတိုင်း သူ့ ကိုယ်ပိုင် အယူအဆကို တင်ပြလျက် ရှိပေ၏။

'ခုထိတော့ ဖစ်ဇရွိုင်းဟာ ပိုက်ကွန်ထဲမှာ အစင်းသား မိနေပြီဗျ၊ ကျွန်တော်တို့ လိုချင်တဲ့ လူဟာ သူပဲ ဖြစ်ရမယ်လို့ ကျွန်တော် ထင်နေတယ်၊ ဒါပေမဲ့ မျက်မြင် သက်သေ မရှိဘဲ ပတ်ဝန်းကျင် သက်သေ အထောက်အထားနှင့် စွဲရတာ ဖြစ်နေလေတော့ နောက်ထပ် အထောက်အထား တစ်ခု တွေ့တာနှင့် တစ်ပြိုင်နက် အခြေအနေ တစ်မျိုး ပြောင်းချင် ပြောင်းသွားနိုင်တယ် ဆိုတာကိုလည်း ကျွန်တော် အသိအမှတ် ပြုပါတယ်'

'စထရေကာရဲ့ ဓားဒဏ်ရာကရော'

'လဲကျသွားတုန်းမှာ ကိုယ့် ဓားမြှောင်နှင့် ကိုယ် ပြန်ထိုးမိတယ်လို့ပဲ ကျွန်တော်တို့ ယူဆတယ်'

'ရထားပေါ်မှာတုန်းက ကျုပ် မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်ကလည်း ဒီအတိုင်းပဲ ထင်မြင်ချက် ပေးခဲ့တယ်ဗျ၊ ဒီလိုဆိုရင် ဖစ်ဇရွိုင်း အပေါ်မှာ ပိုပြီး ပိသွားပေတာပေါ့'

'ဒါပေါ့၊ ပိုပြီး လေးသွားတာပေါ့၊ သူ့ လက်ထဲမှာ ဓားလည်း မရှိဘူး၊





ဒဏ်ရာ ရထားတဲ့ လက္ခဏာလည်း မတွေ့ရဘူး၊ ပြီးတော့ သက်သေခံ အထောက်အထားကလည်း တော်တော်ကြီးကို ခိုင်လုံနေတယ်၊ ဖစ်ဇရွိုင်းဟာ ဖေးဗရိတ်ဖြစ်တဲ့ မြင်းကြီး ပျောက်သွားစေချင်တယ်၊ မြင်းထိန်း ကောင်လေးကို ဆေးခတ်တယ်လို့ ထင်စရာ အကြောင်းတွေ ရှိနေတယ်၊ အချင်းဖြစ်တဲ့ ညက မိုးထဲ လေထဲမှာ အပြင် ရောက်နေတယ်၊ သူ့ လက်ထဲမှာလည်း ခဲသီး တပ်တဲ့ ဟန်တိန်တုတ်ကြီးကို ကိုင်ထားတယ်၊ သူ့ လည်စည်းကို သေသူ့ လက်ထဲမှာ သွားတွေ့ရတယ်၊ ဒီလောက်ဆိုရင် ရုံးတင်ဖို့ အတော်ကြီးကို ခိုင်သွားပြီ ထင်တယ် ခင်ဗျ'

ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်ရင်း

'ဒီလောက်နှင့်တော့ မရသေးဘူးလေ၊ ရှေ့နေ ကောင်းကောင်းနှင့် တွေ့လိုက်ရင် ဒါတွေ အားလုံး ဖရိုဖရဲ ဖြစ်သွားနိုင်တယ်၊ တရားခံဟာ ဘာဖြစ်လို့ မြင်းကို မြင်းဇောင်း အပြင်ဘက် ထုတ်သွားရသလဲ၊ မြင်းကို တစ်စုံတစ်ရာ အထိအရာ ရအောင် လုပ်ခဲ့ချင်တယ် ဆိုရင် ဇောင်းထဲမှာပဲ လုပ်လို့ မဖြစ်နိုင်ဘူးလား၊ ဘိန်းမှုန့်ကို ဘယ် ပရဆေးဆိုင်က ဝယ်လာခဲ့တာလဲ၊ သူ့ကို ဘာ့ကြောင့် ရှောင်ရသလဲ၊ ပြီးတော့ တရားခံဟာ တစ်နယ်သား၊ ဒီနယ်ကို ကောင်းကောင်း ကျွမ်းတာ မဟုတ်ဘူး၊ ဒီလို လူစိမ်း တစ်ယောက်ဟာ ငွေကြာလို နာမည်ကျော် မြင်းတစ်ကောင်ကို ဘယ်နေရာမှာ သွားဝှက်ထားမလဲ၊ မြင်းထိန်း သူငယ်ကလေးကို ပေးပေးပါလို့ ပြောပြီး ကောင်မလေးကို ထုတ်ပြတဲ့ စာရွက်ဟာ ဘာစာရွက်လို့ သူက ထွက်ထားသလဲ'

'သူကတော့ အဲဒီ စာရွက်ဟာ ဆယ်ပေါင်တန် ငွေစက္ကူ တစ်ရွက်ပါလို့ ထွက်ထားတယ်ဗျ၊ အလားတူ ဆယ်တန် တစ်ရွက်ကိုလည်း သူ့ သားရေအိတ်ထဲမှာ တွေ့ရသေးတယ်၊ ဒါပေမဲ့ တခြား အချက်တွေကတော့ ဒီလောက် ကြောက်စရာ မရှိလှပါဘူး၊ ဒီတရားခံဟာ ဒီနယ်မှာ လူစိမ်း သက်သက်တော့ မဟုတ်ဘူးဗျ၊ နွေတုန်းက တာဗစ်စတော့ကို နှစ်ကြိမ်တောင် လာနေသွားဖူးတယ်၊ ဘိန်းမှုန့်ကတော့ ဒီမှာ မဝယ်ဘဲ လန်ဒန်က ဝယ်လာတာ ဖြစ်မှာပေါ့၊ သော့ကလည်း သုံးပြီး ဖြစ်လေတော့ မလိုတော့တဲ့ အတွက် တစ်နေရာမှာ လွှင့်ပစ်ခဲ့တာ မဖြစ်နိုင်ပေဘူးလား၊ မြင်းကတော့ လှိုု တစ်ခုခုထဲမှာ ဖြစ်ဖြစ် ဓားကျက်ကွင်းထဲက ကျောက်ကျင်း တစ်ကျင်းထဲမှာ ဖြစ်ဖြစ် ရှိနိုင်တယ်ဗျ'

'လည်စည်း ကိစ္စကိုကော သူက ဘယ်လို ထွက်ထားသလဲ'

'လည်စည်းကတော့ သူ့ လည်စည်းပဲတဲ့၊ ဒါပေမဲ့ အဲဒီ လည်စည်းက ပျောက်သွားသတဲ့ဗျ၊ မြင်းကို ဘာဖြစ်လို့ ဇောင်းက ထုတ်သွားသလဲ ဆိုတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်လို့တော့ အမှုထဲမှာ နောက်ထပ် စဉ်းစားစရာ အသစ် တစ်ခု ပေါ်လာတယ်'

ရှားလော့ဟုမ်းက နားကို စွင့်ထားလိုက်သည်။

'အချင်း ဖြစ်တဲ့ တနင်္လာနေ့ ညတုန်းက အချင်း ဖြစ်နေတဲ့ နေရာနှင့် တစ်မိုင်လောက် အကွာမှာ ဂျစ်ပစီ တစ်သိုက် စခန်း ချသွားတဲ့ လက္ခဏာတွေကို တွေ့ရတယ်ဗျ၊ နောက်တစ်နေ့ကျတော့ သူတို့ မရှိကြတော့ဘူး၊ ပြောင်းသွားကြတယ်၊ ဒီတော့ အကယ်၍ ဖစ်ဇရွိုင်းနှင့် ဂျစ်ပစီတွေ ကြားမှာ နားလည်မှု ရှိခဲ့ရင် စထရေကြာ နောက်က လိုက်လာတဲ့ အချိန်မှာ သူဟာ မြင်းကို ဂျစ်ပစီတွေ ရှိရာကို ဆွဲသွားနေတာ မဖြစ်နိုင်ပေဘူးလား၊ ခုနေဆိုရင် မြင်းဟာ ဂျစ်ပစီတွေ လက်ထဲမှာ ရောက်မနေနိုင်ပေဘူးလား'

'အင်း ဖြစ်နိုင်ပေတာပေါ့'

'ခု ကျွန်တော်တို့ လူတွေ စားကျက်ကွင်းကြီးကို ပိုက် စိပ် တိုက် ပြီး ဂျစ်ပစီတွေကို ရှာနေကြတယ် ခင်ဗျ၊ ပြီးတော့ တာဗစ်စတော့နှင့် ဆယ်မိုင်ပတ်လည်မှာ ရှိတဲ့ မြင်းဇောင်းတွေကိုလည်း လိုက်ရှာပြီးပြီ'

'အဲဒီ နားမှာလည်း တခြား ထရိန်နာရဲ့ မြင်းဇောင်း တစ်ခု ရှိသေးတယ် မဟုတ်လား'

'ရှိတယ် ခင်ဗျ၊ ကက်ပယ်တန်ရဲ့ ဇောင်း၊ ဒီအချက်ကိုလည်း ကျွန်တော်တို့ လျစ်လျူပြုထားလို့ မဖြစ်ဘူး၊ အဲဒီ ဇောင်းက မြင်းက ဒက်စဘာရိုတဲ့၊ ငွေကြာ ပြီးရင် သူလည်း ဖေးဗရိတ်ပဲ၊ ဒီတော့ အဲဒီ ဇောင်းဟာလည်း ငွေကြာ ပျောက်ဆုံးတဲ့ အတွက် အကျိုး ရှိနိုင်တဲ့ မြင်းဇောင်း ဖြစ်တယ်၊ အဲဒီ ဇောင်းရဲ့ ထရိန်နာ ဆီလာ ဘရောင်းကလည်း တော်တော်များများ လောင်းထားပြီး သေသူ စထရေကာနှင့်လည်း မသင့်မြတ်ကြဘူး ခင်ဗျ၊ သို့သော်လည်း သူ့ မြင်းဇောင်းကို ကျွန်တော်တို့ စစ်ဆေးကြည့်ခဲ့ပြီးပြီ၊ ခုကိစ္စနှင့် ပတ်သက်လို့ တစ်စုံတစ်ရာ ပတ်သက်တဲ့ သဲလွန်စ ဆိုလို့ ဘာမှ မတွေ့ခဲ့ဘူး ခင်ဗျ'

'တရားခံ ဖစ်ဇရွိုင်းနှင့် ကက်ပယ်တန် မြင်းဇောင်းနှင့် ပတ်သက် ဆက်စပ်တာမျိုး ဆိုလို့ တစ်ခုမှ မတွေ့ရဘူးပေါ့'

'ဘာမှ မတွေ့ရဘူးဗျ'

ရှားလော့ဟုမ်းက ရထား နောက်ခုံကို မှီ၍ ထိုင်လိုက်သည်တွင် သူတို့ နှစ်ယောက် စကား ပြတ်သွားလေ၏။

မိနစ် အနည်းငယ် ကြာသည့် အခါ၌ ကျွန်ုပ်တို့၏ ရထားသမားသည်





တံစက်မြိတ် ချထားသည့် အုတ်တိုက် အနီကလေး တစ်လုံးရှေ့တွင် ရထားကို ရပ်လိုက်လေသည်။ အဝေးရှိ မြင်းကွင်း တစ်ဖက်တွင် သင်ပုန်းရောင် အုတ်ကြွပ်မိုးထားသည့် အဆောက်အအုံ ခပ်ရှည်ရှည် တစ်ခုကို မြင်နေရ၏။ အခြားဘက် သုံးဖက်တွင်မူ စားကျက် အောက်ခြေရှိ ချိုင့်ဝှမ်းကို လှမ်းမြင်နေရပြီး ကြည့်လေရာတွင် ရွက်ဟောင်းတို့ ကြွေစပြုနေသည့် ချုံနွယ်များကြောင့် ရွှခင်းသည် ကြေးနီရောင် ပေါက်လျက် ရှိလေ၏။ ကောင်းကင် နောက်ခံတွင် စားကျက် ကွင်းပြင်ကြီးမှာ မျှော်မဆုံးနိုင်အောင် ကျယ်ပြန့်လျက် ရှိ၍ တစ်နေရာတွင်မူ တာဗစ်စတော့ မြင်းဇောင်းများနှင့် အနောက်ဘက်တွင် ကက်ပယ်တန် မြင်းဇောင်း ရှိရာ အိမ်စုကို မြင်နိုင်ပေ၏။ ကျွန်ုပ်တို့ အားလုံး ရထားပေါ်မှ ဆင်းကြသော်လည်း ရှားလော့ဟုမ်းမှာ ရထား နောက်မှီခုံကို မှီကာ သူ့ရှေ့တွင် မြင်နေရသည့် ကောင်းကင်ကြီးကို စူးစိုက်ကြည့်လျက် ရှိပြီး ကိုယ့် အတွေးနှင့် ကိုယ် ငြိမ်သက်လျက် ရှိလေ၏။ ကျွန်ုပ်က ပခုံးကို တို့လိုက်သည့် အခါကျမှ ရှားလော့ဟုမ်းသည် အိပ်ရာမှ လန့်နိုးလာသူကဲ့သို့ ဖြုန်းခနဲ ထကာ ရထားပေါ်မှ ဆင်းခဲ့လေ၏။

ရှားလော့ဟုမ်းသည် ၎င်းအား တအံ့တဩ ကြည့်လျက် ရှိသည့် ဗိုလ်မှူးကြီး ရော့စ်ဘက်သို့ လှည့်ကာ 'ဗိုလ်မှူးကြီးရေ ခွင့်လွှတ်ဗျနော်၊ ကျုပ်က ကျုပ် စိတ်ကူးနှင့် ကျုပ် မှိန်းနေတာ' ဟု ပြောဆိုလေ၏။ ထိုအချိန်၌ ရှားလော့ဟုမ်း၏ မျက်လုံးများမှာ အရောင် တလက်လက် တောက်ပလျက် ရှိပြီး စိတ်လှုပ်ရှားနေသဖြင့် မနည်း ချုပ်တည်းထားရသည့် ဟန်မျိုးကို သူ့ အမူအရာထဲတွင် ကျွန်ုပ် သတိပြုလိုက်မိလေ၏။ အမှုနှင့် ပတ်သက်၍ သဲလွန်စ တစ်ခုကို တွေ့ထားလျှင် ဤသို့ ဖြစ်လေ့ ရှိကြောင်းကို ကျွန်ုပ် အတွေ့အကြုံ အရ သိလိုက်သော်လည်း ထိုသဲလွန်စကို မည်သို့ မည်ပုံ ရလိုက်သည်ကိုကား ကျွန်ုပ်မှာ မစဉ်းစားတတ်အောင် ဖြစ်လျက် ရှိလေ၏။

'အချင်းဖြစ်တဲ့ နေရာကို ခုချက်ချင်း သွားကြည့်ချင်သလား မစ္စတာဟုမ်း'

အင်စပက်တော် ဂရီဂိုရီက မေး၏။

'ဒီနေရာမှာ ခဏလောက် နေပြီး မေးခွန်းကလေး တစ်ခု နှစ်ခုလောက် မေးချင်သေးတယ်ဗျ၊ စထရေကာရဲ့ အလောင်းကို ဒီ ပြန်သယ်လာခဲ့တယ်နော် ဟုတ်စ'

'ဟုတ်တယ် ခင်ဗျ၊ သူ့ကို အပေါ်ထပ်မှာ ထားတယ်၊ မနက်ဖြန်မှာ ရုံးစစ်ချက် ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဗိုလ်မှူးကြီးဆီမှာ စထရေကာ အလုပ် လုပ်လာတာ တော်တော် ကြာပြီပေါ့'

'အလွန် သစ္စာ ရှိတဲ့ တပည့်ကောင်း တစ်ဦးပါဗျာ'

'စထရေကာရဲ့ အလောင်းကို တွေ့တုန်းက သူ့ အိတ်ထဲမှာ တွေ့ရတဲ့ ပစ္စည်းတွေကို စာရင်း လုပ်ထားတယ်နော် အင်စပက်တော်ကြီး'

'ပစ္စည်းတွေကို သူ့ အတိုင်း ခြေရာ လက်ရာ မပျက် ထားပါတယ် မစ္စတာ ဟုမ်း၊ ကြည့်ချင်ရင် ရှေ့ခန်းထဲမှာ ရှိပါတယ်'

'ဟာ သိပ်ကောင်းတာပေါ့ဗျာ'

ကျွန်ုပ်တို့သည် အိမ်ရှေ့ခန်းသို့ ဝင်ရောက်ခဲ့ကြပြီးနောက် အလယ်ရှိ စားပွဲကြီး တစ်လုံးတွင် ဝင်ထိုင်လိုက်ကြ၏။ အင်စပက်တော် ဂရီဂိုရီသည် စတုရန်းပုံ သံသေတ္တာကလေး တစ်လုံးကို သော့ဖွင့်လိုက်ပြီး အထဲမှ ပစ္စည်းများကို စားပွဲပေါ်သို့ သွန်ချလိုက်လေ၏။ ထိုပစ္စည်းများမှာ မီးခြစ်ဘူး နှစ်ဘူး၊ နှစ်လက်မခန့်ရှိ ဖယောင်းတိုင် တစ်တိုင်၊ ဘရိုင်ယာမြစ်ဖြင့် လုပ်ထားသည့် ဆေးတံ တစ်ချောင်း၊ ခပ်ရှည်ရှည် လိုးထားသော ဆေးတံ သောက်ဆေး အိတ် တစ်လုံး၊ ရွှေကြိုးတပ် ငွေရောင် လက်ပတ်နာရီ တစ်လုံး၊ ရွှေဒင်္ဂါး ငါးပြား၊ အလူမီနီယန် ခဲတံဘူး တစ်ဘူး၊ စာရွက် အချို့နှင့် ဝိုက်ဓိ အင် ကုမ္ပဏီ လန်ဒန်ဟု အမှတ်အသား ပါ၍ အသွားထက်ထက်တွင် ဆင်စွယ် လက်ကိုင် တပ်ထားသည့် ဓားမြှောင် တစ်ချောင်းတို့ ဖြစ်ကြပေ၏။

ရှားလော့ဟုမ်းသည် ဓားမြှောင်ကို ကောက်၍ လက်ဖြင့် ဆကာ သေချာစွာ ကြည့်ရှုပြီးနောက်

'အင်း၊ ဓားမြှောင်က တော်တော် ထူးခြားတဲ့ ဓားမြှောင်ပဲ၊ သွေးတွေ စွန်းနေတာကို ထောက်ရင် ဒီဓားမြှောင်ဟာ သေသူ့ လက်ထဲမှာ တွေ့ရတဲ့ ဓားမြှောင်နှင့် တူတယ် ဟုတ်စ၊ ဒေါက်တာ ဝပ်ဆင်ရေ၊ ဓားမြှောင်ကို စစ်ဆေး ကြည့်ဖို့ကတော့ ခင်ဗျားနှင့် ဆိုင်တယ်ဗျ'

'ကျွန်တော်တို့ အခေါ်တော့ မျက်စိ ခွဲတဲ့ ဓားလို့ ခေါ်တာပေါ့'

'ဟုတ်တယ်၊ ကျုပ်လည်း ဒီအတိုင်း ထင်လို့ မေးကြည့်တာ၊ အလွန် နူးညံ့တဲ့ ခွဲစိတ်မှုတွေကို လုပ်ဖို့ အတွက် အထူး လုပ်ထားတဲ့ ဓားဗျ၊ အသွားက သိပ်နူးညံ့ပြီး သိပ်ထက်တာ၊ ညကြီးမင်းကြီး ခရီးကြမ်းကြီးမှာ ဒီလောက် နူးညံ့ပြီး ဒီလောက် ထက်တဲ့ ဓားကို ကိုင်တာကတော့ တော်တော် ထူးဆန်းတာပဲ၊ ဒီအထဲမှာ ဓားကို မောင်းချ ပိတ်မထားဘူးဗျ၊ ဖွင့်ထားလိုက်သေးတယ်'





'ဓားဦးကိုတော့ ဖော့ဝိုင်းလေး တစ်ခုနှင့် စွပ်ထားတယ် ခင်ဗျ၊ ဒီဖော့ ဝိုင်းကလေးကို အလောင်း ဘေးနားက တွေ့ရတယ်၊ သူ့ မိန်းမက ပြောတော့ ဒီဓားကလေးကို သူတို့ အခန်းက စားပွဲပေါ်မှာ တွေ့နေတာ သုံးလေးရက် ရှိပြီတဲ့၊ အိမ်က အထွက်မှာ ကောက်သွားတာတဲ့၊ ဒီဓားကလေးက ဘာလုပ်လို့ ရမှာလဲဗျာ၊ ဒါပေမဲ့ ကြည့်ရတာကတော့ အပြင် ထွက်ကာနီးမှာ တွေ့ရာ လက်နက်ကို ကောက်ယူသွားတာ ထင်ပါရဲ့'

'အင်း ဖြစ်နိုင်ပါတယ်၊ ဒီစာရွက်တွေကကော ဘာစာရွက်တွေလဲ'

'သုံးရွက်ကတော့ ကောက်ရိုးစက်က ကောက်ရိုး ဝယ်တဲ့ ဖြတ်ပိုင်းတွေ ခင်ဗျ၊ တစ်ခုက ဗိုလ်မှူးကြီး ရော့စ်က ညွှန်ကြားထားတဲ့ စာတစ်စောင်၊ နောက် တစ်စောင်ကတော့ လန်ဒန်မြို့၊ ဘွန်းလမ်းက မဒမ် လေဆူးရီးယားရဲ့ အမျိုးသမီး အလှကုန်တွေ ရောင်းတဲ့ စတိုးဆိုင်ကြီးက သုံးဆယ့် ခုနစ်ပေါင် ဆယ့်ငါးသျှီလင်ဖိုး ဝယ်ထားတဲ့ ပြေစာ ခင်ဗျ၊ ဝယ်သူက ဝီလျံ ဒါဘီရှိုင်းယားတဲ့၊ စထရေကာရဲ့ မိန်းမက ပြောတော့ ဒါဘီရှိုင်းယား ဆိုတာ သူ့ ယောကျ်ားရဲ့ မိတ်ဆွေ တစ်ယောက်တဲ့၊ တစ်ခါတလေမှာ သူ့စာတွေကို သူတို့ အိမ်လိပ်စာနှင့် ပေးထားတယ်တဲ့'

ရှားလော့ဟုမ်းက ပြေစာ စာရွက်ကို ငုံ့ကြည့်လိုက်ကာ

'အင်း၊ ဒါဘီရှိုင်းယား ကတော် ဝတ်တာကလည်း အကောင်းစားတွေ ချည်းပါပဲကလားဗျ၊ ကြည့်စမ်းပါဦး၊ တစ်စုံကို နှစ်ဆယ့်နှစ် ဂီနီ ပေးရတယ် ဆိုတော့ မများလွန်းပေဘူးလား၊ သို့သော်လည်း ဒီကတော့ ဘာမှ ထူးထူးခြားခြား သိရတော့မှာ မဟုတ်ပါဘူးလေ၊ ဒီတော့ အချင်း ဖြစ်ပွားတဲ့ နေရာကို ကြည့်ရရင် ကောင်းမယ် ထင်တယ်'

ရှေ့ခန်းမှ ကျွန်ုပ်တို့ ထွက်လာသည့် အခါ၌ အဆောင်ကူး လမ်းကြားတွင် ရပ်နေသည့် မိန်းမ တစ်ယောက်သည် ကျွန်ုပ် အနားသို့ ရောက်လာပြီး ပုလိပ် အင်စပက်တော် ဂရီဂိုရီ၏ အင်္ကျီ လက်ကို လှမ်းဆွဲထားလေ၏။ ထိုမိန်းမမှာ ပိန်ချုံးကာ မျက်တွင်း ဟောက်ပက် ဖြစ်လျက် ရှိပြီး စိတ်အား ထက်သန်သော အမူအရာကို ပြလျက် ရှိလေ၏။ ဤသည်မှာ မကြာသေးမီက ကြောက်ဖွယ် အဖြစ်အပျက် တစ်ခုကို ကြုံခဲ့ရသည့် လက္ခဏာပင် ဖြစ်လေ၏။

'တွေ့ပလား အင်စပက်တော်မင်း၊ ဟင် အားလုံး ပြန်တွေ့ပလား'ဟု အမောတကော မေးလေ၏။

'မစွက် စထရေကာရေ၊ မတွေ့သေးဘူးဗျ၊ ဒါပေမဲ့ ဟောဒီမှာ မစ္စတာ


www.burmeseclassic.com

www.burmeseclassic.com



ဟုမ်းလည်း လန်ဒန်က ဆင်းလာပြီး ကျွန်တော်တို့ကို ကူ ရှာပေးနေပါတယ်၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစား ရှာပါ့မယ်'

'မစ္စက် စထရေကာကို ပလင်းမောက်က ဥယျာဉ်ပွဲ တစ်ခုမှာ တစ်ခါ တွေ့ဖူးတယ်ဗျ' ရှားလော့ဟုမ်းက ပြော၏။

'မဟုတ်ပါဘူးရှင်၊ လူမှားလို့ ဖြစ်ပါလိမ့်မယ်'



'တွေ့ပလား အင်စပက်တော်မင်း၊ ဟင် အားလုံး ပြန်တွေ့ပလား'

'မမှားပါဘူးဗျာ၊ သိပ်သေချာတာပေါ့၊ သေချာတာမှ ဟိုဘက်တောင် ဆယ်ဘူတာလောက် လွန်သေးတယ်၊ အဲဒီတုန်းက ခင်ဗျားက ခိုရောင် ပိုးဝတ်စုံကို ဝတ်လို့ဗျ၊ သစ်ကုလားအုတ်မွေး အနား တပ်လို့'

'ကျွန်မမှာ ဒီလို ဝတ်စုံမျိုးလည်း တစ်ခါမှ မရှိဖူးပါဘူးရှင်'

'ဩော် ဒီလိုဆိုရင်လည်း ပြီးပါလေရော ခင်ဗျာ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် အမျိုးသမီးကို တောင်းပန်ပြီးနောက် ပုလိပ် အင်စပက်တော် နောက်သို့ လိုက်လာခဲ့လေ၏။ စားကျက် ကွင်းပြင်ကြီးကို ဖြတ် လျှောက်ခဲ့ကြ၍ အတန်ကြာလျှင် ကျွန်ုပ်တို့သည် အလောင်းတွေ့သည့် လျှိုကလေးထဲသို့ ရောက်လာခဲ့ကြလေ၏။ လျှိုဘေးတွင် မိုးကာ အင်္ကျီ ကျန်ရစ်ခဲ့သည့် ဆူးချုံကို တွေ့ရလေ၏။

'အဲဒီ ညက လေမတိုက်ဘူး ထင်တယ် ဟုတ်စ' ဟု ရှားလော့ဟုမ်းက မေး၏။

'တစ်ချက်မှ မတိုက်ဘူး ခင်ဗျ၊ မိုးကတော့ တော်တော်လေး သဲတယ်'

'ဒီလိုဆိုရင် မိုးကာ အင်္ကျီဟာ လေတိုက်လို့ လွင့်လာပြီး တင်နေတာ မဟုတ်ဘူးဗျ၊ တမင် လာတင်ထားတာ ဖြစ်လိမ့်မယ်'

'ဟုတ်တယ်၊ ချုံပေါ်မှာ ကန့်လန့်ကြီး တင်နေတယ်'

'ခင်ဗျား ပြောလိုက်တော့ ပိုပြီး စိတ်ဝင်စားစရာ ကောင်းလာတယ်၊ မြေကြီးကို နင်းထားလိုက်တဲ့ ခြေရာတွေကလည်း ပွစာကြဲလို့ပါလားဗျ'



'တနင်္လာနေ့ နောက်ပိုင်းမှာဆို ခြေရာတွေ တော်တော် များနေပြီ'

'ဘေးမှာ ဖျာခင်းပြီး ဖျာပေါ်က ရပ်ကြည့်ကြတာပါ'

'ကောင်းသဗျား'

'ဟောဒီ အိတ်ထဲမှာ စထရေကာ စီးတဲ့ ဘွတ်ဖိနပ် တစ်ဖက်ရယ်၊ ဖစ်ဇရွိုင်း စီးတဲ့ ဖိနပ် တစ်ဖက်ရယ်၊ ငွေကြာရဲ့ ခွာမှာ ရိုက်ထားတဲ့ သံခွာရယ် သိမ်းထားတယ် ခင်ဗျ'

'ဒီတစ်ချီတော့ ကျုပ်တို့ အင်စပက်တော်ကြီး တယ် လုပ်လိုက်ပါလားဗျို့'

ရှားလော့ဟုမ်းသည် အိတ်ကို ဆွဲယူပြီးနောက် လျှိုထဲသို့ ဆင်းခဲ့ပြီးလျှင် ဖျာကို အလယ်ကျကျ နေရာသို့ ရွှေ့လိုက်လျက် ဝမ်းလျား မှောက်ကာ ခြေဖြင့် နင်းထားသည့် ရွှံ့ဗွက်ကို အသေအချာ ကြည့်လျက် ရှိရာမှ 'အလို၊ ဟောဒီမှာ ဘာလဲဗျို့' ဟု အလန့်တကြား အော်လိုက်လေ၏။

ယင်းမှာ တစ်ဝက် လောင်ထားသည့် မီးခြစ်ဆံ တစ်ချောင်း ဖြစ်ပြီး ရွှံ့တို့ ပေကျံလျက် ရှိခြင်းကြောင့် ရုတ်တရက် ကြည့်လိုက်လျှင် သစ်သားစ အလေး တစ်စနှင့် တူနေလေ၏။ အင်စပက်တော် ဂရီဂိုရီမှာ အနည်းငယ် စိတ်ပျက်သွားဟန်ဖြင့်

'ကျွန်တော်လည်း သေသေချာချာ ကြည့်တာပဲ၊ ဘယ်လိုလုပ် မျက်စိ လျှံသွားတယ် မသိဘူး'

'ရွှံ့ထဲ မြုပ်နေတော့ ဘယ် မြင်နိုင်မလဲဗျ၊ ကျုပ်သာ အဲဒီ ပစ္စည်းကို လိုက်ရှာနေလို့ တွေ့တာကိုး'

'ဘာ၊ ခင်ဗျားက ဒီပစ္စည်းကို လိုက်ရှာနေတာ ဟုတ်လား'

'ဟုတ်တယ်ဗျ၊ တွေ့လိမ့်မယ်လို့ ကျုပ် တွက်ထားတာ'

ရှားလော့ဟုမ်းသည် အိတ်ထဲမှ ဘွတ်ဖိနပ်ကို ထုတ်ယူပြီးနောက် ရွှံ့ပေါ် တင်နေသော ဖိနပ်ရာများဖြင့် နှိုင်းယှဉ်ကြည့်လျက် ရှိလေ၏။ ထို့နောက် လျှို ကမ်းပါးသို့ တက်လိုက်ပြီးလျှင် ချုံများ ကြားတွင် ဝမ်းလျားမှောက် တွားသွားလျက် ရှိလေ၏။

'နောက်ထပ်တော့ ခြေရာတွေ ဘာတွေကို မတွေ့ရတော့ပါဘူး၊ အဲဒီ နေရာကို ဗဟိုပြုပြီး ကျွန်တော် ပတ်ပတ်လည် ကိုက် တစ်ရာ အကွာ အထိ မြေကြီးကို နှံ့အောင် ရှာပြီးပြီ'

အင်စပက်တော် ဂရီဂိုရီက ပြောလေ၏။ ရှားလော့ဟုမ်းသည် တွားနေရာမှ ထထိုင်လျက်



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ဒီလောက် ပြောနေမှတော့ ကျွန်တော် မကြည့်တော့ပါဘူးဗျာ၊ စော်ကားသလို ဖြစ်နေပါလိမ့်မယ်၊ သို့သော်လည်း မမှောင်ခင် စားကျက်ကွင်းထဲတော့ နည်းနည်းလောက် လျှောက်ကြည့်လိုက်ချင်တယ်ဗျာ၊ မနက်ဖြန် ကျရင် ကျုပ် အတွက် စဉ်းစားစရာလေးတွေများ ရမလားလို့၊ ဟောဒီ မြင်းခွာကိုလည်း ခဏ ယူသွားချင်တယ်၊ မြင်းခွာ ဆောင်ရင် အောင်တယ်လို့ ပြောတတ်ကြလို့'

ကျွန်ုပ်၏ မိတ်ဆွေ ရှားလော့ဟုမ်းက အေးအေးဆေးဆေး စနစ်တကျ လုပ်နေသည်ကို မြင်သည့် အခါတွင် ဗိုလ်မှူးကြီး ရော့စ်မှာ စိတ်မရှည်တော့ဘဲ နာရီကို တကြည့်ကြည့် ဖြစ်လျက် ရှိလေပြီ။

'အင်စပက်တော်ကြီး ကျွန်တော်နှင့် လိုက်ခဲ့ပါလား၊ တိုင်ပင်စရာလေး နည်းနည်း ရှိလို့၊ အထူးသဖြင့် ကျွန်တော်တို့ မြင်းကို ဖလားပွဲ သွင်းထားတဲ့ စာရင်းက ဖျက်သင့် မဖျက်သင့် ဆွေးနွေးချင်လို့ပါ'

'ဘာလို့ ဖျက်ရမှာလဲ၊ စာရင်း သွင်းထားလိုက်ပါ' ဟု ရှားလော့ဟုမ်းက ပြတ်ပြတ်သားသားစွာ ပြောလေ၏။

ဗိုလ်မှူးကြီးက ဦးညွှတ်လိုက်ပြီး

'ဟုတ်ကဲ့ ခင်ဗျာ၊ စုံထောက်ကြီးရဲ့ ထင်မြင်ချက်ကို ကြားရတဲ့ အတွက် ဝမ်းသာပါတယ်၊ စုံထောက်ကြီး လျှောက်ကြည့်ပြီးရင်သာ စထရေကာရဲ့ အိမ်ကို ကြွခဲ့ပါ၊ အဲဒီကမှ တာဗစ်စတော့ကို မြင်းလှည်းနှင့် အတူတူ ပြန်ကြတာပေါ့'

ဗိုလ်မှူးကြီးနှင့် ဂရီဂိုရီတို့ ပြန်သွားကြသည့် အခါ၌ ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့သည် စားကျက် ကွင်းကို ဖြတ်၍ လျှောက်လာခဲ့ကြလေ၏။ နေလုံးသည် အနောက်ဘက် ကက်ပယ်တန် မြင်းဇောင်းများ နောက်ဘက်သို့ လျှောကျစ ပြုလျက် ရှိသဖြင့် ကျွန်ုပ် ရှေ့တွင် ရှိသည့် ကုန်းစောင်း တစ်လျှောက်တွင် ရွှေရောင် တောက်လျက် ရှိကာ ချုံနွယ်တို့ ထူထပ်စွာ ပေါက်နေသည့် နေရာ တစ်ပိုက်တွင်မူ ခရမ်းရောင် ခပ်မှိုင်းမှိုင်း သန်းလျက် ရှိလေ၏။ သို့ရာတွင် ရှားလော့ဟုမ်းမှာ လေးနက်စွာ တွေးတော စဉ်းစားလျက် ရှိသဖြင့် ညနေ ဆည်းဆာ၏ အလှအပကို သတိမပြုမိချေ။

နောက်ဆုံးတွင်မှ ရှားလော့ဟုမ်းက

'အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ်ကတော့ ဒီလို စဉ်းစားချင်တယ်ဗျ၊ ထရိန်နာ စထရေကာကို ဘယ်သူ သတ်သလဲ ဆိုတဲ့ ကိစ္စကို အသာထားပြီး မြင်း ဘာဖြစ်တယ် ဆိုတဲ့ ကိစ္စကို အလျင် စုံစမ်းချင်တယ်၊ ဆိုပါစို့၊ ဒီမြင်းဟာ





စထရေကာနှင့် ရန်သူ လုံးထွေး ရစ်ပတ် ဖြစ်နေတုန်းမှာ ဖြစ်စေ သို့မဟုတ် စထရေကာ အသတ်ခံရပြီးမှ ဖြစ်စေ လွတ်ထွက်သွားတယ် ဆိုရင် ဒီမြင်းဟာ ဘယ်မှာ ရှိနိုင်သလဲ၊ မြင်း ဆိုတဲ့ သတ္တဝါဟာ တော်တော် မှတ်မိတဲ့ သတ္တဝါမျိုးဗျ၊ အစ်ကောင်တည်း လွတ်ထွက်သွားတယ် ဆိုရင် ကိုင်လင်း ဇောင်းကိုရင်လည်း ပြန်မယ်၊ သို့မဟုတ်ရင်လည်း အနားမှာ မြင်းတွေ ရှိတဲ့ ကက်ပယ်တန် ဇောင်းကိုရင်လည်း သွားရမယ်၊ ကွင်းထဲမှာ လျှောက်သွားနေမှာတော့ မဟုတ်ဘူး၊ ကွင်းထဲမှာ သွားနေရင် ခုလောက်ဆို တစ်ယောက်ယောက်က တွေ့လောက်ပြီ၊ ဂျစ်ပစီတွေက မြင်းကို ခေါ်သွားဖို့ ဆိုတာလည်း မဖြစ်နိုင်ဘူး၊ သူတို့က ဘာ လုပ်ဖို့ ဒီမြင်းကို ခေါ်သွားမှာလဲ၊ ဂျစ်ပစီ ဆိုတဲ့ လူမျိုးက သူတို့ အနားမှာ ဒီလို ရှုပ်ရှုပ်ယှက်ယှက် ဖြစ်ရင် တစ်ခါတည်း စခန်း ပြောင်းတာပဲ၊ ပုလိပ်က လာမေးတာတို့ ဘာတို့ တယ်ပြီး အဖြစ် မခံချင်ကြဘူး၊ ပြီးတော့ ဒီမြင်းကြီးကို ခိုးသွားပြီး ဘယ်သွားရောင်းမလဲဗျ၊ တော်တော်ကြာ တစ်ခုခု ဖြစ်ရင် အကျိုး ရှိဖို့ထက် အကျိုး ယုတ်ဖို့က များလေတော့ မသေချာတာကို ဘယ်လုပ်မလဲ၊ ဒါကြောင့် မြင်းဟာ သူတို့ လက်ထဲမှာ မရှိနိုင်ဘူး ဆိုတာ ရှင်းနေတယ်'

'ဒါဖြင့် ဒီမြင်းကြီးက ဘယ်မှာလဲဗျာ'

'ကိုင်လင်းဇောင်းကို ဖြစ်ဖြစ်၊ ကက်ပယ်တန်ဇောင်းကို ဖြစ်ဖြစ် သွားမယ်လို့ ကျုပ် ပြောပြီးပါပကော၊ ခုအထိတော့ ကိုင်လင်းဇောင်းမှာ မရှိဘူး၊ ဒါကြောင့် ကက်ပယ်တန် ဇောင်းမှာပဲ ရှိရလိမ့်မယ်၊ ရှေ့ဆက် စဉ်းစားလို့ ရအောင် ဒီအချက်ကို အခြေခံထားပြီး ကြည့်ရင် ဘယ်လို နေမလဲ ကြံကြည့်ရအောင်၊ အင်စပက်တော် ဂရီဂိုရီ ပြောတဲ့ အတိုင်း ဆိုရင် ခု ကျုပ်တို့ လျှောက်နေတဲ့ စားကျက်မြေဟာ ကျစ်ပြီး ခြောက်သွေ့နေတယ်ဗျ၊ ဒါပေမဲ့ ကက်ပယ်တန် ဇောင်းဘက် ကျတော့ မြေဟာ ဒီလောက် မကျစ်တော့ဘဲ ခပ်ပွပွ ဖြစ်နေတယ်၊ ဟောဒီကနေ ကြည့်လိုက်ရင် လျှို တစ်ခုကို မြင်ရလိမ့်မယ်၊ တနင်္လာနေ့ ညက မိုး တော်တော် သဲသဲ ရွာထားတယ် ဆိုတော့ အဲဒီနား တစ်ဝိုက်မှာ မြေဟာ စိုစွတ်နေလိမ့်မယ်၊ အကယ်၍ မြင်းဟာ ကျုပ်တို့ တွက်တဲ့ အတိုင်း ကက်ပယ်တန်ဇောင်းဘက်ကို သွားတယ် ဆိုရင် ဒီလျှိုကို ဖြတ်ရလိမ့်မယ်၊ ဒါကြောင့် အဲဒီဘက်ကို သွားတဲ့ မြင်းခြေရာ လိုက်ရှာကြည့်ချင်တယ်'

ကျွန်ုပ်တို့သည် စကား တပြောပြောနှင့် ခပ်သွက်သွက်ကလေး လျှောက်လာခဲ့ကြရာ မကြာမီပင် လျှိုထဲသို့ ရောက်လာခဲ့ကြလေ၏။ ရှားလော့ဟုမ်း၏ ဆန္ဒ အရ ကျွန်ုပ်က လျှို၏ ညာဘက်ကမ်း အတိုင်း လိုက်ကြည့်ပြီး သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာမူ ဘယ်ဘက် ကမ်းမှ လိုက်လာခဲ့ရာ ကျွန်ုပ် လျှောက်ခဲ့၍ ခြေလှမ်း ငါးဆယ်ခန့် အရောက်တွင် သူ့ဆီမှ အော်သံ ကြားသဖြင့် လှည့်ကြည့်လိုက်သည်တွင် ကျွန်ုပ်အား လက်ယပ် ခေါ်နေသည်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်း၏ ရှေ့မြေပျော့ထဲတွင် မြင်းခွာရာများကို ထင်းထင်းကြီး တွေ့မြင်နေရပြီး မြင်းခွာရာမှာလည်း သူ့ အိတ်ထဲတွင် ပါလာသည့် သံခွာနှင့် တစ်ထပ်တည်း ကျနေသည်ကို တွေ့ရလေ၏။

'စိတ်ကူးရဲ့ အကျိုးကျေးဇူးကလေးကို ခံစားရပေတာပေါ့ဗျာ၊ ကျုပ်တို့လူ ဂရီဂိုရီကတော့ စိတ်ကူး စိတ်သန်း ခေါင်းပါးရှာသဗျ၊ ဘာဖြစ်နိုင်မလဲ စိတ်ကူးကြည့်တယ်၊ စိတ်ကူးလို့ ရတဲ့ အခြေခံပေါ်မှာ စမ်းလုပ်ကြည့်တယ်၊ ဟော စိတ်ကူးရကျိုး နပ်တယ် ဆိုတာ တွေ့လာတယ်ဗျ၊ ကဲ လိုက်ကြည့်ကြဦးစို့'

ကျွန်ုပ်တို့သည် ရွံ့စပ်စပ် ရှိသည့် လျှိုအောက်ခြေကို ဖြတ်ပြီးနောက် မြက်ရိုင်းတို့ ဖုံးနေသည့် စားကျက် အတိုင်း မိုင် တစ်မတ်လောက် ရောက်လာခဲ့ကြ၏။ ထိုနေရာတွင် ကုန်းစောင်း တစ်ခုကို ထပ်တွေ့ရပြီး ထိုကုန်းစောင်း တစ်ဝိုက်တွင် မြင်း ခြေရာများကို ထပ်တွေ့ရပြန်သည်။ ထို့နောက် ပျောက်သွားပြန်ကာ မိုင်ဝက်လောက် ရောက်လာခဲ့ကြ၏။ သို့ရာတွင် ကက်ပယ်တန်ဓောင်း အနီးသို့ ရောက်သည့် အခါတွင် တစ်ဖန် ပြန်၍ တွေ့ကြရပြန်သည်။ ထိုနေရာသို့ ရောက်လျှင် ရှားလော့ဟုမ်းသည် တံ့ခနဲ ရပ်လိုက်ကာ အောင်မြင်သည့် မျက်နှာထားဖြင့် မြေကြီးပေါ်တွင် ရှိသည့် တစ်စုံတစ်ရာကို ညွှန်ပြလေ၏။ မြင်းခွာရာများ ဘေးတွင် လူတစ်ယောက်၏ ခြေရာများကို မြင်ရပေ၏။

'ခပ်စောစောက မြင်းခြေရာချည်း မဟုတ်လား' ဟု ကျွန်ုပ်က ပြော၏။

'ဟုတ်တယ်ဗျ၊ စောစောကထိ မြင်းခွာရာချည်းပဲ၊ လူခြေရာက ခုမှ ပေါ်လာတာ၊ အလို အလို ဘာလဲဗျို့'

မြင်းခွာရာနှင့် လူခြေရာတို့သည် ထိုနေရာသို့ အရောက်တွင် နောက်သို့ ပြန်လှည့်သွားကာ ပိုင်လင်းဓောင်းဘက်သို့ ဦးတည်နေသည်ကို တွေ့ရပြန်လေ၏။ ရှားလော့ဟုမ်းက လေတစ်ချက် ချွန်လိုက်၏။ ကျွန်ုပ်တို့သည် ထိုခြေရာများ အတိုင်း ပြန်လိုက်လာခဲ့ကြပြန်သည်။ ရှားလော့ဟုမ်းမှာ ခြေရာတန်းကိုသာ ငုံ့ကြည့်လိုက်လာခဲ့သော်လည်း ကျွန်ုပ်မှာမူ ဘေးဆီသို့ လှမ်းကြည့်လာခဲ့ရာတွင် ထိုခြေရာများသည် ကက်ပယ်တန် ဓောင်းဆီသို့ ပြန်လှည့် လာပြန်သည်ကို အံ့သြစွာ တွေ့ရပြန်လေ၏။

'ဒီတစ်ချက်တော့ ကျုပ်လူ တော်ပေသဗျာ၊ ခင်ဗျားသာ မမြင်လိုက်ရင်





ဒီခြေရာ ဆုံးအောင် လိုက်ပြီး နောက်တစ်ပတ် ပြန်လာရဦးမှာ၊ ခုတော့ လမ်းလျှောက်ရ သက်သာသွားပေတာပေါ့၊ ကဲ အဲဒီ ခြေရာ အတိုင်း ပြန်လိုက်ကြဦးစို့ရဲ့'

ကျွန်ုပ်တို့ အဖို့ ဝေးဝေးလံလံ မသွားလိုက်ရချေ။ ခြေရာများသည် ကက်ပယ်တန် မြင်းဓောင်းသို့ ဝင်သည့် ကတ္တရာစေးလမ်း အနီးတွင် ဆုံးသွား၏။ မြင်းဓောင်းနားသို့ ကျွန်ုပ်တို့ ရောက်ကာနီးတွင် မြင်းထိန်း တစ်ယောက် ပြေးထွက်လာကာ 'ဘယ်က လူတွေလဲဗျ၊ ဓောင်းနားကို ဘာလာ လုပ်ကြတာလဲ' ဟု မေးလေ၏။

ရှားလော့ဟုမ်းက အိတ်ထဲသို့ လက်မနှင့် လက်ညှိုးကို ထည့်လိုက်ပြီးနောက်

'တစ်ခုလောက် သိပါရစေကွယ်၊ မနက်ဖြန် မနက် ငါးနာရီလောက်မှာ ခင်းတို့ ဆရာ မြင်းထရိန်နာ မစ္စတာ ဆီလာ ဘရောင်းနှင့် တွေ့လို့များ ရမလားကွယ်'

'ကိစ္စ ရှိရင်တော့ တွေ့လို့ ရပါတယ်၊ ဆရာက မနက် ဆိုရင် အစောကြီး နိုးတတ်ပါတယ်၊ ဟော ပြောရင်း ဆိုရင်း ဆရာတောင် လာနေပြီ ခင်ဗျ၊ မေးကြည့်ပါ၊ ဟာ မဟုတ်တာ ခင်ဗျား၊ နေပါစေ၊ ဆရာ မြင်ရင် ကျွန်တော့်ကို ဆူနေပါလိမ့်မယ်၊ ပေးချင်ရင် နောက်ကျမှ ပေးပါ'

ရှားလော့ဟုမ်းက အိတ်ထဲမှ ဆွဲထုတ်လိုက်သည့် ကရောင်းဝက် ဒင်္ဂါးပြားကို အိတ်ထဲသို့ ပြန်ထည့်နေစဉ် ခက်ထန် ကြမ်းကြုတ်ဟန် ရှိသည့် အသက်ကြီးကြီး လူတစ်ယောက်သည် ဟန်တိန် တုတ်ကြီးကို ကိုင်လျက် ဝင်းထဲမှ ထွက်လာလေ၏။

'ဘာလဲဟေ့ ဒေါဆန်၊ သွား ကိုယ့် အလုပ် ကိုယ်လုပ်ချည်၊ စကားများမနေနှင့်၊ ဆိုပါဦး ကိုယ့်လူတို့က ဘာကိစ္စနှင့် ဒီကို လာကြတာလဲ'

'မိတ်ဆွေကြီးနှင့် ဆယ်မိနစ်လောက် စကား ပြောစရာ ရှိလို့ပါ ခင်ဗျာ' ဟု ရှားလော့ဟုမ်းက အသံကို ချိုနိုင်သမျှ ချိုချိုထား၍ ပြောလေ၏။

'ဒီမှာ ကိုယ့်လူ၊ လာသမျှ လူတိုင်းကို လက်ခံပြီး စကား ပြောနေဖို့ အချိန် မရှိဘူး၊ ဒီနား တစ်ဝိုက်ကိုလည်း ဘယ် လူစိမ်း သူစိမ်းမှ မလာရဘူး၊ ကဲ ကိုယ့်လူတို့ မြန်မြန်ပြန်၊ မပြန်ရင် ခွေးနှင့် ရှူးတိုက်ရလိမ့်မယ်'

ရှားလော့ဟုမ်းသည် ထရိန်နာ အနီးသို့ ကပ်ကာ တစ်စုံတစ်ရာကို ခပ်တိုးတိုး ပြောလိုက်သည်တွင် မြင်းထရိန်နာ ဆီလာ ဘရောင်းသည် ဆတ်ခနဲ ဖြစ်သွားကာ နားထင် နားရင်းတွေ နီရဲလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါ လိမ်တာဗျ၊ သက်သက်မဲ့ လိမ်တာ'

'ဟုတ်ပြီလေ၊ ဒီလိုဆိုရင် ဒီကိစ္စကို လူတော သူတောထဲမှာ ရှင်းမလား၊ ဒါမှမဟုတ် ခင်ဗျား ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး ရှင်းချင်သလား'

'ကဲပါဗျာ၊ ခင်ဗျားက ဒီလောက်တောင် ရှင်းချင်ရင်လည်း ဧည့်ခန်းထဲကို လာပါ'



'ကဲ ကိုယ်လူတို့ မြန်မြန် ပြန်၊ မပြန်ရင် ခွေးနှင့် ရှူးတိုက်ရလိမ့်မယ်'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'ဝပ်ဆင်ရေ၊ ခဏက လေး စောင့်ဗျာ၊ ကဲ မစ္စတာ ဘရောင်း သွားကြစို့'

မိနစ် နှစ်ဆယ်မျှ ကြာ၍ ၎င်းတို့ နှစ်ယောက် ပြန်ထွက်လာကြသည့် အခါတွင်မူ ဆီလာ ဘရောင်း၏ မျက်နှာပေါ်မှ နီမြန်းသော အရောင်မှာ ပြာ မွဲ သော အရောင်သို့ ပြောင်းသွားခဲ့လေပြီ။ ဤမျှတိုတောင်းသော အချိန်ကလေး အတွင်း ဤမျှ အပြောင်းလဲကြီး ပြောင်းလဲ သွားသည့် အဖြစ်မျိုးကို တစ်ခါမျှ မတွေ့ဖူးသေးချေ။ ဆီလာ ဘရောင်း၏ မျက်နှာမှာ ဖြူရော်လျက်ရှိကာ နဖူးတွင် ချွေးသီး ချွေးပေါက်ကြီးတွေ စို့လျက် ရှိပြီး လက်တို့မှာ တဆတ်ဆတ် တုန်လျက် ရှိလေရာ လက်တွင် ကိုင်ထားသည့် ဟန်တိန် တုတ်သည် လေထဲတွင် လှုပ်နေသည့် သစ်ကိုင်း တစ်ကိုင်း သဖွယ် လှုပ်ယမ်းလျက် ရှိလေ၏။ စောစောက ရှိခဲ့သည့် သဟောက်သဟဲ အနိုင် ကျင့်လိုသော အမူအရာတို့ လုံးဝ မရှိတော့ဘဲ သခင်၏ နောက်ပါးတွင် လိုက်ပါလာသော ခွေးတစ်ကောင်ကဲ့သို့ ကျွန်ုပ်၏ မိတ်ဆွေ၏ နောက်တွင် ခပ်ယို့ယို့ဖြင့် လိုက်ပါလာလေ၏။





'စိတ်ချပါ ခင်ဗျာ၊ စုံထောက်ကြီး အမိန့် ရှိတဲ့ အတိုင်း လုပ်ပါ့မယ်၊ စိတ်ချပါ'

'အမှားအယွင်း ရှိလို့တော့ မဖြစ်ဘူးနော်'

ရှားလော့ဟုမ်းက သူ့ကို စိုက်ကြည့်ရင်း ပြောလိုက်၏။ ထရိန်နှာ ဆီလာ ဘရောင်းမှာကား ရှားလော့ဟုမ်း၏ မျက်လုံးမှ ခြိမ်းခြောက်သည့် အမူအရာကို မြင်သည်နှင့် ကြောက်လန့်လျက် ရှိလေပြီ။

'စိတ်ချပါ ခင်ဗျာ၊ မရှိစေရပါဘူး၊ အချိန်မီ ရောက်ရပါစေ့မယ်၊ ဟိုဟာကိုရော ပြန်ပြောင်းလိုက်ရတော့မလား စုံထောက်ကြီး'

ရှားလော့ဟုမ်းက အတန်ကြာ စဉ်းစားပြီးနောက် တဟားဟား ရယ်ကာ

'မပြောင်းပါနှင့်ဦးလေ၊ ထားလိုက်ပါဦး၊ နောက်တော့ ကျုပ် စာ ရေးလိုက်ပါ့မယ်၊ ကိုးရိုးကားရားတော့ မလုပ်နှင့်နော်၊ နို့မို့ရင်'

'စိတ်ချပါ စုံထောက်ကြီး၊ မလုပ်ပါဘူး၊ စိတ်ချပါ'

'ကိုယ့် ပစ္စည်းလို ကောင်းကောင်း ဂရုစိုက်နော်'

'ကျွန်တော့်ကို ယုံပါ စုံထောက်ကြီး'

'ယုံပါတယ်ဗျာ၊ မနက်ဖြန်ကျရင်သာ ကျုပ် အကြောင်းကြား လိုက်ပါ့မယ်'

ဆီလာ ဘရောင်းက တုန်တုန်ယင်ယင် ဖြစ်နေသည့် လက်ကို ကမ်းပေးသည့်တိုင် ရှားလော့ဟုမ်းသည် လက်ဆွဲ နှုတ်ဆက်ခြင်း မပြုဘဲ ချာခနဲ လှည့်ထွက်လာပြီးနောက် ကျွန်ုပ်တို့သည် ပိုင်လင်းခေါင်းဘက်သို့ ပြန်လာခဲ့ကြလေ၏။

'အပေါ်စီးကြီးနှင့် သဟောက်သဟဲ လုပ်သလောက် သတ္တိ ကြောင်ပြီး ဘုပ်နေတဲ့ လူမျိုးကို ကျုပ်ဖြင့် ဒီတစ်ခါပဲ တွေ့ဖူးသေးသဗျာ' ဟု လမ်းတွင် ရှားလော့ဟုမ်းက ပြောလေ၏။

'ဒါဖြင့် မြင်းက သူ့ဆီမှာ ရှိတာပေါ့'

'စောစောကတော့ ခပ်တည်တည် ဖိန်းနေသေးတယ်ဗျ၊ အဲဒီနေ့ မနက်သူ ဘာတွေ လုပ်ခဲ့တယ် ဆိုတာ ကျုပ်က ပြောလိုက်တော့မှ ငနဲက သူ့ကို ကျုပ် စောင့်ကြည့်နေတယ်လို့ ထင်သွားပုံ ရတယ်၊ ခြေရာတွေ မြင်ခဲ့တုန်းက ခြေရာက လေးထောင့် ဖြစ်နေတာကို ခင်ဗျား သတိထားမိလိမ့်မယ်ဗျ၊ အဲဒီ ခြေရာက သူ့ ဘွတ်ဖိနပ် ခြေရာနှင့် တစ်ထပ်တည်း ဖြစ်နေတယ်၊ နောက်တစ်ချက်က ဒီလို အလုပ်မျိုးကို အောက်က မြင်းထိန်းကလေးတွေ လုပ်ရဲမှာ မဟုတ်ဘူး၊ သူ့ ထုံးစံ အတိုင်း စောစော အိပ်ရာ ထပြီး စားကျက်ထဲမှာ လွတ်နေတဲ့ မြင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကို သူ ဘယ်လို သွားတွေ့တယ်၊ သွားကြည့်တော့ ထိပ်ကွက် အဖြူကြီးနှင့် နာမည်ကျော် ပြိုင်မြင်းကြီး ဖြစ်နေတဲ့ အခါ သူ ဘယ်လို တအံ့တသြ ဖြစ်တယ် ဆိုတဲ့ အကြောင်းကို ကျုပ်က ပြောပြလိုက်တယ်၊ မြင်းတို့ နွားတို့မှာ ထိပ်ကွက် အဖြူ ရှိရင် ကြာလို့ ခေါ်တယ်ဗျ၊ ဒီကြာကို အစွဲပြုပြီး ဒီကောင်ကြီးကို ငွေကြာလို့ နာမည် ပေးထားတာ၊ စောစောတုန်းကတော့ မြင်းကို ပိုင်လင်းဖောင်းကို ပြန်ဆွဲသွားဖို့ စိတ်ကူးပေါက်သေးတယ်၊ ဒါပေမဲ့ သူ့ မြင်းကို နိုင်မယ့် မြင်း ဆိုလို့ ဒီကောင် တစ်ကောင်တည်း ရှိလေတော့ မြင်းပွဲ ပြီးသည် အထိ မြင်းကို ဖွက်ထားဖို့ စိတ်ကူး ပေါ်လာတယ်ဗျ၊ ဒါနှင့် မြင်းကို သူ့ ဖောင်းကို ဆွဲလာခဲ့တယ်၊ ကျုပ်က ဒီအကြောင်းတွေကို ခရေစေ့တွင်းကျ ပြန်ပြောလိုက်တော့ သူ ဝန်ခံပြီး သူ့ကိုတော့ အမှု မလုပ်ပါနှင့်လို့ တောင်းပန်တော့တာပဲဗျ'

'နို့ သူ့ မြင်းဖောင်းကို ရှာပြီးပြီ မဟုတ်လား'

'မြင်းသမားပဲဗျာ၊ မြင်းကို ရုပ်ပြောင်း ရုပ်လွှဲ လုပ်တဲ့ နည်းတွေ အမျိုးမျိုး ရှိတာပေါ့'

'ဒါပေမဲ့ ဒီမြင်းက သူ့ မြင်းကို နိုင်မယ့် မြင်း ဆိုတော့ မြင်းကို သူ့ လက်ထဲ ဒီအတိုင်း ထားခဲ့လို့ ဖြစ်ပါ့မလား၊ တစ်ခုခု လုပ်ရင် ဘယ့်နှယ် လုပ်မလဲ'

'ဒီမှာ ဝပ်ဆင်၊ စိတ်ချ၊ ခင်ဗျားလူ ဘာမှ မလုပ်ရဲဘူး၊ သူ့ မျက်လုံးအိမ်ကို စောင့်ရှောက်သလို ဒီမြင်းကို သူ စောင့်ရှောက်မှာ၊ သူ့ အဖို့ ဒုက္ခ မရောက်အောင် လုပ်ရမယ့် တစ်ခုတည်းသော နည်းလမ်းဟာ ဒီမြင်းကို အကောင်းပကတိ ချောချောမောမော ပြန်အပ်ရမယ့် နည်းလမ်း တစ်ခုတည်းပဲ ရှိတော့တယ်'

'ဗိုလ်မှူးကြီး ရော့စ်ကတော့ အခဲကျေမယ် မထင်ဘူးဗျ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီလူ့ အပေါ်တော့ ညှာမယ် မဟုတ်ပေဘူး'

'ဒါကတော့ သူ့ အပေါ်မှာ မတည်ဘူးဗျ၊ ကျုပ်နည်းနှင့် ကျုပ် လုပ်ရမှာပဲ၊ ကျုပ်က သူ့ကို အကုန် ဘယ်ပြောပြလို့ ဖြစ်မလဲ၊ ပြောသင့်သလောက်ပဲ ပြောရမှာပေါ့၊ အစိုးရ အမှုထမ်း မဟုတ်ဘဲ လူလွတ် ဖြစ်တော့ ကျုပ်က ဒီတစ်ချက်မှာ အစိုးရ စုံထောက်တွေထက် တစ်ပန်းသာပေတာပေါ့ဗျာ၊ ခင်ဗျား သတိ ထားမိလေမလားတော့ မသိဘူး၊ ဗိုလ်မှူးကြီးကို ကြည့်ရတာ ကျုပ်ကို အထင် ခပ်သေးသေးရယ်ဗျ၊ ကျုပ်ကလည်း တစ်လှည့်တော့ ပြန်ပြီး ကသိကအောက် ပြန်လုပ်လိုက်ရဦးမယ်၊ မြင်း အကြောင်းကိုတော့ သူ့ကို သွားမပြောလိုက်နှင့်ဦးနော်'



'မပြောပါဘူးဗျာ၊ ခင်ဗျား ခွင့်ပြုချက် မရရင် ဘာမှ မပြောပါဘူး'

'ပြီးတော့လည်း စထရေကာ အသတ်ခံရတဲ့ ကိစ္စနှင့် စာရင် မြင်းကိစ္စဟာ အသေးအဖွဲကလေးပါဗျာ'

'ဒါဖြင့် စထရေကာ သတ်မှု အတွက် ခင်ဗျား အားသွန်ခွန်စိုက် လုပ်ရဦးမယ်ပေါ့'

'မလုပ်တော့ဘူး၊ ညရထားနှင့် ကျုပ်တို့ လန်ဒန်ကို ပြန်တော့မယ်'

ကျွန်ုပ်မှာ သူ့စကားကြောင့် အံ့အားသင့်လျက် ရှိလေ၏။ ဒီဗွန်ရှိုင်းသား နယ်သို့ ကျွန်ုပ်တို့ ရောက်လာသည်မှာ ဘာမျှ မကြာလှသေးသည့်ပြင် အစ ကောင်းကောင်းဖြင့် စခဲ့သည့် သူ့ ထောက်လှမ်းမှုကို စွန့်လွှတ် ရပ်ဆိုင်းလိုက်တော့မည် ဆိုခြင်းကြောင့် နားမလည်နိုင်အောင် ဖြစ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ထရိန်နာ၏ အိမ်သို့ ရောက်သည် အထိ စကား တစ်လုံးမျှ မပြောတော့ဘဲ တိတ်ဆိတ်စွာ လျှောက်လာခဲ့လေ၏။ ဗိုလ်မှူးကြီးနှင့် အင်စပက်တော်တို့မှာ ဧည့်ခန်းတွင် ထိုင်ရင်း ကျွန်ုပ်တို့ကို စောင့်လျက် ရှိလေ၏။

'ကျွန်တော်တို့ နှစ်ယောက်ကတော့ ညရထားနှင့်ပဲ လန်ဒန်ကို ပြန်ကြတော့မယ်ဗျ၊ ဒါ့တ်မိုး နယ်က လှလည်း လှ လေကောင်း လေသန့်လည်း ရသတော့ လာရတာ ကောင်းပါပေတယ်ဗျာ'

အင်စပက်တော်က မျက်လုံးကို ဖွင့်ကြည့်လိုက်ပြီး ဗိုလ်မှူးကြီးက လှောင်ပြောင်သော အပြုံးဖြင့် သူ့ကို လှမ်းကြည့်လိုက်ရင်း

'စထရေကာကို သတ်တဲ့ တရားခံကို ဖမ်းဖို့တော့ လက်လျှော့လိုက်ပြီ ဆိုပါတော့'

ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလိုက်ရင်း

'အတားအဆီး အခက်အခဲတွေကတော့ တော်တော် များတယ်ဗျ၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်စေ အင်္ဂါနေ့ ဖလားပွဲမှာတော့ ခင်ဗျား မြင်း ပြေးနိုင်မှာပါ၊ စီးမယ့် ဂျော်ကီကိုသာ အဆင်သင့် ဖြစ်အောင် ပြောထားပါ၊ ဒါထက် သေသူ စထရေကာရဲ့ ဓာတ်ပုံများ ရရင်တော့ လိုချင်တယ်ဗျာ'

အင်စပက်တော်က အိတ်ထဲမှ စာအိတ်နှင့် ထည့်ထားသည့် ဓာတ်ပုံကို ထုတ်ပေးလိုက်၏။

'အင်စပက်တော်ကြီးကတော့ တကယ် အလိုက်သိပေတယ်ဗျာ၊ ခင်ဗျားတို့ ဒီမှာ ထိုင်နေတုန်း အိမ်ဖော် သူငယ်မကလေးကို မေးခွန်းလေး တစ်ခွန်း နှစ်ခွန်းလောက် သွားမေးလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်း အပြင်သို့ ထွက်သွားသည့် အခါတွင် ဗိုလ်မှူးကြီးက

'လန်ဒန်က ဆင်းလာတဲ့ ကျုပ်တို့ စုံထောက်ကလည်း မစွံပါဘူးဗျာ၊ သူ ရောက်လာတော့လည်း ဘာများ ထူးလို့လဲ၊ ဒီအတိုင်း ဒီအတိုင်းပဲ'

'အနည်းဆုံး ခင်ဗျား မြင်း ပြေးရမယ် ဆိုတဲ့ ကတိတော့ ရပြီ မဟုတ်လား' ဟု ကျွန်ုပ်က မခံချင်သဖြင့် တစ်ခွန်း ဝင်ပြောလိုက်၏။ ဗိုလ်မှူးကြီးက ပခုံးကို တွန့်ပြလိုက်ရင်း

'စကားပဲ ရှိသေးတယ်လေ၊ အရေးကြီးတာက မြင်း ကျွန်တော့် လက်ထဲ ပြန်ရောက်ဖို့ အရေးကြီးတာ'

ကျွန်ုပ်က ကျွန်ုပ်၏ မိတ်ဆွေ အတွက် မခံချင်သဖြင့် တစ်စုံတစ်ရာ ပြောလိုက်မည် အပြုတွင် ရှားလော့ဟုမ်းသည် အခန်းထဲသို့ ပြန်ဝင်လာလေ၏။

'ကဲ တာဗစ်စတော့ကို သွားမယ် ဆိုရင် ကျုပ်အနေနှင့်တော့ အဆင်သင့် ပဲဗျ၊ သွားကြတော့မလား'

ရထားပေါ်သို့ ကျွန်ုပ်တို့ အတက်တွင် မြင်းထိန်း သူငယ်ကလေး တစ်ယောက်သည် ကျွန်ုပ်တို့ အတွက် တံခါး ဖွင့်ပေးလေ၏။ ရှားလော့ဟုမ်းသည် ဘာ စိတ်ကူး ရသည် မသိ ကုန်း၍ သူငယ်ကလေးကို လက်တို့လိုက်ရင်း

'ဟေ့ သူငယ်ရေ၊ မင်းတို့ မြင်းကွင်းထဲမှာ ရှိတဲ့ သိုးတွေကို ဘယ်သူ ကျောင်းသလဲကွ'

'ကျွန်တော် ကျောင်းတယ် ခင်ဗျ'

'ခုတစ်လောမှာ သိုးတွေကို ကြည့်ရတာ တစ်ခုခုများ ဖြစ်မနေဘူးလား'

'ထူးထူးထွေထွေတော့ သိပ် မဖြစ်ဘူး ခင်ဗျ၊ သုံးကောင်လောက်ကတော့ ခြေကျိုးနေကြတယ်'

ရှားလော့ဟုမ်းသည် တစ်ယောက်တည်း တခစ်ခစ် ရယ်ကာ လက်ဝါး နှစ်ဖက်ကို ပွတ်လျက် ရှိသဖြင့် အတော်ကြီး ကျေနပ်နေပုံ ရသည်ကို တွေ့ရလေ၏။

ထို့နောက် ကျွန်ုပ်ကို လက်တို့ကာ

'အဝေးက လှမ်းပစ်တာ ထိတော့သွားပြီဗျ၊ ထိသွားပြီ၊ အင်စပက်တော်ကြီးရေ၊ သိုးတွေ ဖြစ်နေတဲ့ ရောဂါကို တစ်ဆိတ် သတိထားလိုက်စမ်းပါဗျာ၊ ဘာရောဂါများ ဖြစ်မလဲ မသိဘူး၊ ကဲ ရထား ဆရာကလေး မောင်းတော့ဟေ့'

ဗိုလ်မှူးကြီး ရော့စ်မှာ ကျွန်ုပ်၏ မိတ်ဆွေကြီးအား အထင်သေးမြဲ သေးနေသည့် ဟန်မျိုးကို ဆောင်ထားလျက်ပင် ရှိသော်လည်း အင်စပက်တော်၏



မျက်နှာပေါ်တွင် စိတ်အား ထက်သန်သော အမူအရာမျိုး ပေါ်လာခြင်းကို ကျွန်ုပ် သတိပြုလိုက် မိလေ၏။

'စုံထောက်ကြီးက ဒီ ကိစ္စကို အရေးကြီးတယ်လို့ ထင်သလား'

'သိပ်ကို ကြီးတယ်ဗျ'

'တခြား ဘယ်အချက်ကိုများ သတိပြုစေချင်သေးသလဲ စုံထောက်ကြီး'

'အဲဒီ ညတုန်းက ခွေးရဲ့ ထူးဆန်းတဲ့ အပြုအမူဗျ'

'အဲဒီ ညတုန်းက ခွေးက ဘာမှ မလုပ်ဘဲ'

'အဲဒီ ဘာမှ မလုပ်တာကိုက ထူးဆန်းတဲ့ အပြုအမူဗျ' ဟု ရှားလော့ဟုမ်းက ပြောလိုက်လေ၏။



ရှားလော့ဟုမ်းမှာ အတော်ကြီး ကျေနပ်နေပုံ ရသည်။

နောက် လေး ရက် ကြာသော အခါ၌ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် ဝက်ဆက် ဖလားပွဲကို ကြည့်ရန် အတွက် ဝင်ချက်စတာသို့ ထွက်သည့် ရထားပေါ်တွင် ရောက်နေကြလေ၏။ ချိန်း ဆိုထားသည့်အတိုင်း ဗိုလ်မှူးကြီး ရော့စ်သည် ကျွန်ုပ်တို့ကို ဘူတာရုံတွင် လာရောက် ကြိုဆိုနေသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့သည် သူ့ ရထားကလေးဖြင့် မြင်းပြိုင်ကွင်းသို့ လာခဲ့ကြ၏။ ဗိုလ်မှူးကြီး၏ မျက်နှာမှာ များစွာ မကောင်းလှချေ။ သူ့ အမူအရာမှာလည်း အေးစက်စက် နိုင်လှပေ၏။

'ကျွန်တော့် မြင်းကိုတော့ အရိပ်အယောင်တောင်မှ မမြင်ရသေးဘူး ခင်ဗျာ'

'ဗိုလ်မှူးကြီးရဲ့ မြင်းကို မြင်ရင်တော့ မှတ်မိပါတယ်နော်'

ဗိုလ်မှူးကြီးမှာ ထိုမေးခွန်းကြောင့် စိတ်တိုသွားကာ

'ကျွန်တော့် မြင်း မွေးလာတာ အနှစ် နှစ်ဆယ် ရှိပြီဗျာ၊ ဒီလို မေးခွန်းမျိုးကို ဒီတစ်ခါပဲ အမေးခံရဖူးသေးတယ်၊ ကျွန်တော့် မြင်းက အဖြူဆိပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ ရှေ့ လက်တစ်ဖက်က လက်ဖြူ၊ ငွေကြာ ဆိုရင် ကလေးက အစ သိတယ်'

'လောင်းကြေးကတော့ ဘယ့်နှယ် နေသလဲ'

'လောင်းကြေးကတော့ တော်တော် ဆန်းတယ်ဗျ၊ မနေ့က အထိ ဟိုမြင်းကို ဆယ့်ငါးလေး တစ်လေး ပေးကြတယ်၊ ဒီနေ့တော့ သုံးလေး တစ်လေးတောင် မလောင်းကြတော့ဘူး'

'အင်း တစ်ယောက်ယောက်က တစ်ခုခုတော့ ကျိတ်ကြံနေပြီ ဆိုတာ ထင်ရှားနေပြီဗျ'

ဂရင်းစတင်း အနီးတွင် မြင်းရထား ရပ်လိုက်သည့် အခါ၌ ပြေးမည့် မြင်းများ စာရင်းကို ကြည့်လိုက်သည်။

ဝက်ဆက် ဖလားပွဲ၊ ဒေါက် ခြောက်လက်မ၊ အသက် လေးနှစ်နှင့် ငါးနှစ်။ ပထမဆု ပေါင် ၁၀၀၀၊ ဒုတိယဆု ပေါင် ၃၀၀၊ တတိယဆု ပေါင် ၂၀၀။ (ကွင်းသစ် - တစ်မိုင် ငါးဖာလုံတန်း) ပြေးမည့် မြင်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ နီဂရိုး-မြင်းပိုင်ရှင် မစ္စတာ ဟီသ် နယူသန်၊
(ဦးထုပ် အနီ၊ အင်္ကျီ အစိမ်း)

၂။ နပန်းမောင် - ပိုင်ရှင် ဗိုလ်မှူးကြီး ဝါ့ဒ် လော၊
(ဦးထုပ် ပန်းရောင်၊ အင်္ကျီ အပြာနှင့် အနက်စင်း)

၃။ ဒက်စဘာရို- ပိုင်ရှင် လော့ဒ် ဘက်ဝါတား၊
(ဦးထုပ် အဝါနှင့် အင်္ကျီ လက်ပြတ် အဝါ)

၄။ ငွေကြာ-ပိုင်ရှင် ဗိုလ်မှူးကြီး ရော့စ်၊
(ဦးထုပ် အနက်၊ အင်္ကျီ အနီ)

၅။ မြတ်လေးနွယ်-ပိုင်ရှင် ဘယ်လ်မိုရယ် မြို့စား၊
(ဦးထုပ် အဝါ၊ အင်္ကျီ အစင်းကျား)

၆။ တိုက်ငါးမန်း-ပိုင်ရှင် လော့ဒ် ဆင်ဂယ်ဖို့၊
(ဦးထုပ် ခရမ်းရောင်၊ အင်္ကျီ လက်ပြတ် အနက်)

'အမှန်ကတော့ ကျွန်တော်တို့ ခေါင်းက နှစ်ကောင် ပြေးဖို့ပဲ၊ ဒါပေမဲ့ စုံထောက်ကြီး စကားကို အားကိုးပြီး ငွေကြာကိုပဲ ထည့်ထားတယ်၊ ကျန် တစ်ကောင်ကို ပွဲစာရင်းက ဖျက်လိုက်တယ်၊ အလို အလို၊ ဘယ့်နှာလဲဗျို့၊ ငွေကြာက ဖေးဗရိတ် ဖြစ်နေပါလား'

'ငွေကြာကွ၊ ငါးလေး တစ်လေး ပေးတယ်၊ ဒက်စဘာရိုကို ဆယ့်





ငါးလေး တစ်လေး ပေးမယ်၊ လိုက်မလား၊ လိုက်မလား'

'ဟောဗျို့၊ တန်းစီကုန်ပြီ၊ အားလုံး ခြောက်ကောင်ဗျ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ခြောက်ကောင်လား၊ ခြောက်ကောင်ထဲမှာ ကျွန်တော့် မြင်း ပါတယ်နော်၊ ဒါပေမဲ့ ကျွန်တော့် ဂျော်ကီ အရောင်ကိုလည်း မမြင်ရသေးပါလားဗျ' ဟု ဗိုလ်မှူးကြီး ရော့စ်က အလန့်တကြား အော်၏။

'ငါးကောင်တော့ ဖြတ်သွားပြီဗျ၊ ခုကောင်က ဗိုလ်မှူးကြီးကောင် ထင်တာပဲ'

ကျွန်ုပ် ပြော၍ မဆုံးမီ ထွားကျိုင်း ပြောင်ချောနေသည့် မြင်းနီကြီး တစ်ကောင်သည် ခဲချိန်သည့် ရုံထဲမှ ထွက်လာကာ ကျွန်ုပ်တို့ အတန်းရှေ့မှ ဘာလွှတ်သည့် ဘက်သို့ ဒုန်းစိုင်းသွားလေ၏။ ကျော ပေါ် တွင် ဗိုလ်မှူးကြီး ရော့စ်၏ အရောင် ဖြစ်သည့် အနက်ရောင်နှင့် အနီရောင်ကို ဝတ်ထားသည့် ဂျော်ကီက စီးသွားသည်ကို မြင်လိုက်ရလေ၏။

'ကျွန်တော့် မြင်းမှ မဟုတ်ဘဲ၊ ခုကောင်က ထိပ်မှာ ကြာမပါဘူး၊ ဗျို့ စုံထောက်ကြီး ကျွန်တော့် မြင်း ပါတယ်ဆို၊ ဘယ်မှာလဲ၊ ဘယ်လို လုပ်တာလဲ'

ရှားလော့ဟုမ်းက စိတ်တိုလာဟန်ဖြင့်

'နေစမ်းပါဦးဗျာ၊ မြင်း ပြေးတာကို ကောင်းကောင်း ကြည့်စမ်းပါရစေဦး၊ ဟုတ်ပြီကွ၊ တာထွက်ပြီကွ၊ ဟုတ်ပြီ၊ ပြေးလာပြီ၊ ကွေ့ကို ရောက်ပြီဗျ'

ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ မှန်ပြောင်းဖြင့် သေချာစွာ ကြည့်ရင်း အော်လျက် ရှိလေ၏။ ကျွန်ုပ်တို့ ရပ်ထားသည့် ရထားကလေးပေါ်မှ ကြည့်လျှင် မြင်းများကို ကောင်းစွာ မြင်နေရလေ၏။ ယခု မြင်း ခြောက်ကောင်မှာ တစ်ကောင်နှင့် တစ်ကောင် လွန်စွာ နီးကပ်လျက် ရှိလေရာ ၎င်းတို့ကို ကော်ဇော တစ်ချပ်နှင့် အုပ်လျှင်ပင် ဖုံး၍ ရတော့မည်ကဲ့သို့ ထင်ရပေ၏။ သို့ရာတွင် တစ်ဝက် လောက် ရောက်သည့် အခါတွင် ကက်ပယ်တန် မြင်းမှ အဝါရောင်သည် ရှေ့သို့ တိုးထွက်လာလေ၏။ ကျွန်ုပ်တို့ ရှေ့နားသို့ အရောက်၌ကား ကက်ပယ်တန် မြင်းခေါင်းမှ ဒက်စဘာရိုမှာ နောက်တွင် ပြတ်ကျန်ရစ်ခဲ့လျက် ဗိုလ်မှူးကြီး၏ မြင်းက ရှေ့သို့ တစ်ဟုန်ထိုး ပြေးတက်လာပြီး ခြောက်လျားဖြင့် ပန်းဝင်သွားကာ ဘယ်လ်မိုရယ် မြို့စား၏ မြင်းက တတိယ ဝင်သွားလေ၏။ ဗိုလ်မှူးကြီးသည် မျက်လုံးကို ပွတ်ရင်း

'ပွဲကတော့ ကျွန်တော့် ပွဲပဲ ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော်တော့ ဘယ်လိုက



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လို ဖြစ်တယ် ဆိုတာ နားမလည်နိုင်လောက်အောင် ဖြစ်နေပြီဗျာ၊ ကျွန်တော့်ကိုလည်း ရှင်းပြစမ်းပါဦး စုံထောက်ကြီးရယ်၊ ဘယ်လို ဖြစ်တာလဲ'

'ရှင်းပြပါ့မယ်လေ၊ ဖြည်းဖြည်းပေါ့၊ မြင်းကြီးကို အလျင် သွားကြည့်ကြဦးစို့ရဲ့၊ ဟော ဟော ရောက်ပြီဗျ'

ကျွန်ုပ်တို့သည် မြင်းပိုင်ရှင်များနှင့် ရင်းနှီးသူများသာ ဝင်ခွင့် ရသည့် ခဲချိန်သော ရုံထဲသို့ ဝင်ခဲ့ကြသည်။

'မျက်နှာနှင့် ခြေထောက်ကို အရက်ပြန်နှင့် ပွတ်လိုက်ရင် အဲဒီ မြင်းကြီးဟာ ငွေကြာ ဖြစ်နေတာကို တွေ့ရလိမ့်မယ်ဗျ'

'ကျွန်တော်ဖြင့် အံ့သြလို့ မဆုံးနိုင်အောင် ဖြစ်နေပြီ ခင်ဗျာ'

'ဒီမြင်းကို မြင်းလိမ် တစ်ယောက်ရဲ့ လက်ထဲမှာ တွေ့လာခဲ့တာဗျ၊ ဒါနှင့် သူ့ အရှိအတိုင်းပဲ ပြေးပေ့စေ ဆိုပြီး စီစဉ်ပစ်ခဲ့တာ'

'ဒီတစ်ချီတော့ စုံထောက်ကြီး တော်ပါပေတယ်ဗျာ၊ ကြည့်စမ်းပါဦး၊ မြင်းကလည်း မာမာချာချာပဲ ခင်ဗျ၊ ကျွန်တော့် လက်ထဲမှာတုန်းကထက်တောင် အခြေအနေ ကောင်းနေသေးတယ်၊ စုံထောက်ကြီးရဲ့ အရည်အချင်းကို သံသယ ဖြစ်ခဲ့မိတဲ့ အတွက် တောင်းပန်ပါတယ် ခင်ဗျာ၊ မြင်းကို ပြန်ရအောင် လုပ်ပေးခဲ့တဲ့ အတွက် စုံထောက်ကြီးရဲ့ ကျေးဇူးကြီးပါပေတယ်၊ ကျွန်တော့် ထရိန်နာ စထရေကာကို သတ်ခဲ့တဲ့ လူသတ်တရားခံကို မိအောင် ဖမ်းပေးနိုင်မယ် ဆိုရင်တော့ စုံထောက်ကြီး ကျေးဇူးဟာ ဆပ်လို့တောင် ကုန်မှာ မဟုတ်တော့ပါဘူး'

'ဖမ်းပေးပြီးပါပကောဗျာ' ဟု ရှားလော့ဟုမ်းက တည်ငြိမ်စွာ ပြောလေ၏။

ဗိုလ်မှူးကြီးနှင့် ကျွန်ုပ်က သူ့ကို တအံ့တသြဖြင့် လှမ်းကြည့်လိုက်ရင်း

'ဗျာ၊ ဖမ်းပေးပြီးပြီ ဟုတ်စ၊ ဒါဖြင့် အဲဒီ လူသတ်တရားခံ ဘယ်မှာလဲ'

'ဒီမှာလေဗျာ'

'ဒီမှာ ဟုတ်လား၊ ဘယ်မှာလဲ'

'ခု လောလောဆယ် ကျုပ် အနားမှာ ရပ်နေတယ်ဗျ'

ဗိုလ်မှူးကြီးသည် မျက်နှာ နီရဲသွားကာ စိတ်ဆိုးလျက်

'စုံထောက်ကြီးရဲ့ ကျေးဇူး ကျွန်တော့် အပေါ်မှာ ရှိတယ် ဆိုတာ ကျွန်တော် ဝန်ခံပါတယ်၊ ဒါပေမဲ့ ခု ပြောလိုက်တဲ့ စကားကတော့ မကောင်းဘူးဗျ၊ ဒီလို နောက်ဖို့ မကောင်းဘူး၊ နောက်တာ မဟုတ်ရင်လည်း သက်သက်မဲ့ ကျွန်တော့်ကို စော်ကားတာပဲ'





ရှားလော့ဟုမ်းက ရယ်လိုက်လျက်

'ဗိုလ်မှူးကြီးကို လူသတ် တရားခံလို့ ဆိုလိုတာ မဟုတ်ရပါဘူးလေ၊ တကယ့် တရားခံ အစစ်က ဗိုလ်မှူးကြီးရဲ့ နောက်မှာ ရပ်နေတယ် ခင်ဗျ'

ရှားလော့ဟုမ်းသည် ဗိုလ်မှူးကြီး နောက်ဘက်သို့ သွားကာ ငွေကြာကြီး၏ ပြောင်ချောနေသော လည်ဆံမွေးများကို ပွတ်သပ်ပေးနေလေ၏။

'ဘာ၊ စထရေကာကို သတ်တာ မြင်းလား'

ဗိုလ်မှူးကြီးနှင့် ကျွန်ုပ်က ပြိုင်တူ အော်လိုက်ကြသည်။

'ဟုတ်တယ် ခင်ဗျ၊ စထရေကာကို သတ်တာ ဒီမြင်းပဲ၊ သို့သော်လည်း သူ့မှာ အပြစ် မရှိရှာပါဘူးလေ၊ သူ့ ခမျာ ကိုယ့် ကိုယ် ကိုယ် ကာကွယ်တဲ့ အနေနှင့် လုပ်ရတာပါ၊ စထရေကာ ဆိုတဲ့ လူဟာ လူကောင်း မဟုတ်ဘူး ခင်ဗျ၊ တပည့်ကောင်း တစ်ယောက် မဖြစ်ထိုက်ဘူး၊ ဟော နောက်တစ်ပွဲ စတော့မယ် ခင်ဗျ၊ ကျုပ် လောင်းထားတာလေး ကြည့်ရဦးမယ်၊ အကျိုးအကြောင်းတို့တော့ နောက် အလျဉ်းသင့်တဲ့ အခါ ရှင်းပြတာပေါ့'



ရှားလော့ဟုမ်းသည် ငွေကြာကြီး၏ ပြောင်ချောနေသော လည်ဆံမွေးများကို ပွတ်သပ်ပေးနေသည်။

ထိုနေ့ ညတွင် ကျွန်ုပ်တို့သည် ရထားဖြင့် လန်ဒန်သို့ ပြန်ခဲ့ကြလေ၏။ တနင်္လာ နေ့ ညက ပိုင်လင်း မြင်းဇောင်းတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်နှင့် ပတ်သက်၍ ရှားလော့ဟုမ်း၏ ရှင်းလင်းချက်ကို နားထောင်၍ လိုက်ခဲ့ကြသဖြင့် ကျွန်ုပ်နှင့် ဗိုလ်မှူးကြီး ရော့စ် တို့ မှာ လန်ဒန်သို့ ရောက်မှန်းပင် မသိလိုက်ကြချေ။

'သ တင်း စာ တွေ ထဲမှာ ပါတဲ့ သတင်းတွေကို ဖတ်ပြီး ကောက်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်မိတဲ့ အတွက် ကျုပ် မှားသွားတယ် ဆိုတာကို အလျှင် ဝန်ခံချင်တယ်ဗျ၊ သို့သော်လည်း အရေးမကြီးတဲ့ အသေးစိတ် အချက်အလက်တွေကို ဖယ်ထုတ်လိုက်ပြီး အရေးကြီးတဲ့ အချက်တွေကို စစ်ထုတ်တတ်ရင် သတင်းစာတွေထဲမှာလည်း သဲလွန်စတွေ ပါသင့်သလောက် ပါပါတယ်၊ ဒီဗွန်ရှိုင်းယားကို ကျုပ်တို့ လိုက်လာခဲ့တုန်းက တကယ့် လူသတ် တရားခံဟာ ဖစ်ဇရွိုင်းပဲ ဖြစ်လိမ့်မယ် ဆိုတဲ့ ယုံကြည်ချက်နှင့် လိုက်လာခဲ့တာဗျ၊ ဖစ်ဇရွိုင်းကို စွဲဖို့ အထောက်အထားတွေကတော့ သိပ် မပြည့်စုံလှဘူးပေါ့ဗျာ။

'သေသူ ထရိန်နာ အိမ်ရှေ့မှာ ရထား ရပ်လိုက်တော့ ဒီအမှုမှာ အမဲသား ဟင်းဟာ တော်တော် အရေးကြီးတယ် ဆိုတာ ကျုပ် ခေါင်းထဲမှာ လက်ခနဲ ပေါ်လာတယ်ဗျ၊ ဒါကြောင့် ရထား ရပ်တော့ ခင်ဗျားတို့ အားလုံး ဆင်းပြီးသည် အထိ ကျုပ် မဆင်းသေးဘဲ ငိုင်နေတာကို သတိထားမိလိမ့်မယ်၊ ဒီလောက် အရေးကြီးတဲ့ သဲလွန်စကြီးကို ဘာ့ကြောင့်များ မျက်စိ လျှံသွားသလဲလို့ စဉ်းစားမိတာနှင့် ရထားပေါ်က ဆင်းရမှာကိုတောင် မေ့သွားတယ်ဗျာ'

'ကျွန်တော့် အနေနှင့် ပြောရရင်တော့ ဒီ အမဲသားဟင်းဟာ ဘာကြောင့် ဒီလောက် အရေးကြီးရသလဲ ဆိုတာ ခုထိတောင် သဘောမပေါက်သေးပါဘူး ခင်ဗျာ'

'စဉ်းစားစရာတွေကို ကွင်းဆက်လို သျှောက်ပြီး စဉ်းစားလိုက်တဲ့ အခါမှာ အမဲသားဟင်း ကိစ္စဟာ စဉ်းစားတဲ့ အထဲမှာ ပထမဆုံး ကွင်းဆက်ပဲ ခင်ဗျ၊ ဘိန်းမှုန့် ဆိုတာမျိုးဟာ အရသာ တစ်မျိုး ရှိတယ်ဗျ၊ အနံ့ကလည်း ပြင်းတယ်၊ ကြည့်လိုက်ရင် သိသာတယ်၊ သာမန် ဟင်းထဲမှာ ထည့်လိုက်ရင်တော့ စားမိတဲ့ လူက ချက်ချင်း သိတယ်၊ သိရင် ဆက်စားတော့မှာ မဟုတ်ဘူး၊ ဒါက သေချာတယ်၊ ဒီတော့ ဘိန်းထည့်လို့ အကောင်းဆုံး ဟင်းဟာ အိန္ဒိယ လူမျိုးတွေ စားလေ့ ရှိတဲ့ အမွှေးအကြိုင်တွေ ခတ်ထားတဲ့ ဟင်းမျိုး၊ ဒီတော့ အဲဒီ ညက မြင်းထရိန်နာ စထရေကာရဲ့ အိမ်မှာ အမဲသားဟင်း ချက်အောင် စီမံ ခန့်ခွဲတဲ့ လူဟာ ဘယ်လိုပဲ ကြည့်ကြည့် သူစိမ်းတစ်ရံဆံ တစ်ယောက် ဖြစ်တဲ့ ဖစ်ဇရွိုင်း မဖြစ်နိုင်ဘူး၊ ပြီးတော့ ထရိန်နာရဲ့ အိမ်မှာ ဘိန်းနံ့ကို ဖုံးသွားစေမယ့် ဟင်းမျိုး ချက်တဲ့ ညမှာ ဖစ်ဇရွိုင်းက ဘိန်းမှုန့်ထုပ် ကိုင်ပြီး လာမိလျက်သား ဖြစ်တယ် ဆိုရအောင်ကလည်း တိုက်ဆိုင်လွန်း အားကြီးနေတယ်၊ လုံးလုံး မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဖစ်ဇရွိုင်းဟာ အမှုရဲ့ ခွင်ထဲမှာ မရှိတော့ဘဲ အပြင်ကို လုံးလုံး ရောက်သွားပြီ၊ ကောင်းပြီ၊ ဒီလိုဆိုရင် အဲဒီ ညမှာ သူတို့ အိမ်မှာ အမဲသားဟင်း





ချက်အောင် စီမံနိုင်တဲ့ လူဟာ ဘယ်သူ ရှိသလဲ၊ စထရေကာနှင့် သူ့ မိန်းမပဲ ရှိတယ်၊ မြင်းစောင်းက သူငယ်ကလေးဖို့ ဖယ်ထားတဲ့ ဟင်းပန်းကန်ထဲမှာ ဘိန်းမှုန့် ထည့်လိုက်တယ်၊ တခြား လူတွေလည်း အဲဒီ ညက အမဲသားဟင်းကိုပဲ စားကြတာပဲ၊ ဒါပေမဲ့ ဘာမှ မဖြစ်ကြတာကို ထောက်ရင် ဘိန်းမှုန့်ကို သူငယ်ကလေး စားမယ့် တစ်ပန်းကန်တည်းသာ ထည့်တယ် ဆိုတာ ရှင်းပါတယ်၊ ဒါဖြင့် ခိုင်းတဲ့ အိမ်ဖော် ကောင်မလေး မသိအောင် ဟင်းပန်းကန်ထဲကို ဘိန်းထည့်တာဟာ သူတို့ လင်မယား နှစ်ယောက် အနက် ဘယ်သူ ဖြစ်နိုင်သလဲ။

'ဒီကိစ္စကို မစဉ်းစားခင် အဲဒီ ညက ပိုင်လင်း ဇောင်းမှာ ရှိတဲ့ ခွေးကြီး ငြိမ်ချက်သား ကောင်းပုံကို ကျုပ် သွားတွေးမိတယ်ဗျ၊ ဒီနှစ်ချက်ကို ဆက်စပ်ပြီး စဉ်းစားဖို့ လိုတယ်၊ ဖစ်ဇရွိုင်း မြင်းဇောင်းကို ရောက်လာတုန်းက ဇောင်းမှာ ခွေးကြီး တစ်ကောင် ရှိတယ် ဆိုတာ သိခဲ့ရတယ်ဗျ၊ ခုတော့ ဇောင်းထဲကို လူတစ်ယောက် ဝင်လာပြီး မြင်းကြီး တစ်ကောင်လုံးကို ဆွဲထုတ်သွားတာတောင် ခွေးက တစ်ချက်ကလေးမှ မဟောင်ဘူး ဆိုတော့ ဇောင်းကို ညကြီးမင်းကြီး ရောက်လာပြီး မြင်းကို ဆွဲထုတ်သွားတဲ့ လူဟာ လူစိမ်း မဖြစ်နိုင်ဘူး၊ ခွေးက ကောင်းကောင်း သိထားတဲ့ လူ ဖြစ်ရမယ်။

'ဒီတော့ ညကြီးမင်းကြီးမှာ ဇောင်းထဲကို ဝင်ပြီး ငွေကြာကြီးကို ဆွဲထုတ်သွားတဲ့ လူဟာ စထရေကာပဲ ဖြစ်ရမယ်လို့ ယူဆလိုက်တယ်၊ ကောင်းပြီ၊ ဒါဖြင့် စထရေကာဟာ ဘာရည်ရွယ်ချက်နှင့် ငွေကြာကြီးကို ထုတ်သွားတာလဲ၊ ရိုးဖြောင့်တဲ့ အကြံ တစ်ခုနှင့် မြင်းကို ဆွဲထုတ်သွားတာ ဖြစ်ရမယ်၊ ရိုးရိုးသားသား ဆိုရင် ဘာဖြစ်လို့ မြင်းဇောင်း စောင့်တဲ့ သူငယ်ကလေးကို ဘိန်းကျွေးခဲ့မလဲ၊ မဟုတ်ဘူးလား၊ ဒါပေမဲ့ ဒီအကြံဟာ ဘယ်လို အကြံအစည်မျိုးလဲ ဆိုတာကို စဉ်းစားလို့ မရအောင် ဖြစ်နေတယ်၊ မြင်း ထရိန်နာတွေဟာ မြင်းကြမ်းပိုးတွေက တစ်ဆင့် ငွေစားပြီး ကိုယ့် မြင်းကို ရှုံးအောင် လုပ်တာ၊ တစ်ခတ်လှည့်နှင့် တခြား မြင်းကို လောင်းတာမျိုးတွေကို တွေ့ဖူးပေါင်း များလှပြီ၊ တစ်ခါတလေမှာ ဂျော်ကီတွေကို ငွေထိုးပြီး ဆွဲအစီးခိုင်းတယ်၊ တစ်ခါတလေမှာ ဒီထက် သေချာပြီး ဒီထက် သိမ်မွေ့တဲ့ နည်းတွေနှင့် ကိုယ့် မြင်းကို ရှုံးအောင် လုပ်တတ်ကြတယ်၊ ကောင်းပြီ၊ ခုကိစ္စမှာ စထရေကာဟာ ဘာအကြံနှင့် မြင်းကို အပြင် ထုတ်သလဲ၊ သူ့ အိတ်ထဲမှာ ပါတဲ့ ပစ္စည်းတွေကို ကြည့်လိုက်တဲ့ အခါကျတော့ ကောက်ချက် တစ်ခု ဆွဲလို့ ရတော့မယ်လို့ ကျုပ် မျှော်လင့်သွားတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



'မျှော်လင့်ထားတဲ့ အတိုင်း ဖြစ်တာပါပဲ၊ သေသူရဲ့ လက်ထဲမှာ တွေ့ရတဲ့ ဓားဟာ တော်တော်လေး ထူးခြားတဲ့ ဓား ဖြစ်တယ် ဆိုတာ ခင်ဗျားတို့လည်း သတိထားမိမှာပဲ၊ သာမန် လူတစ်ယောက်ဟာ ဒီဓားမျိုးကို လက်နက် အဖြစ် ဆောင်မှာ မဟုတ်ဘူး ဆိုတာ သေချာတယ်၊ ဒီဓားဟာ ဒေါက်တာ ဝပ်ဆင် ပြောတဲ့ အတိုင်း အလွန် သိမ်မွေ့ နူးညံ့တဲ့ ခွဲစိတ်မှု တစ်ခုကို လုပ်ဖို့ ယူလာခြင်း ဖြစ်ရမယ်လို့ ကျုပ် ယူဆတယ်၊ ဗိုလ်မှူးကြီးလည်း မြင်း မွေးတဲ့ အတွေ့အကြုံ တော်တော် များပြီပဲ၊ မြင်းရဲ့ တင်ပါးဆွဲ နားက အကြောကလေး တစ်ခုကို ဖြတ်လိုက်ရင် အရာမထင်ဘဲနှင့် အကြောဟာ ပြတ်သွားပြီး မြင်းခြေဟာ ဆာတာတာ ဖြစ်သွားတယ်၊ မပြေးနိုင်တော့ဘူး၊ နောင်မှာ ဒီမြင်းဟာ အကြော အဆစ် ရောင်လာတော့တာပဲ၊ ကြည့်လိုက်ရင်တော့ ရိုးရိုး ရောဂါ ရတယ်လို့ ထင်ရတယ်'

'တော်တော် ယုတ်မာတဲ့ ကောင်ဗျာ၊ လူယုတ်' ဟု ဗိုလ်မှူးကြီးက အော်၏။

'စထရေကာဟာ မြင်း တင်ပါးဆွဲက အကြောကို ဖြတ်ချင်တဲ့ အတွက် ငွေကြာကြီးကို စားကျက်ထဲကို ထုတ်သွားချင်နေတယ်၊ ခေါင်းထဲမှာ လုပ်လို့ မြင်းက လန့်ဖျပ်ပြီး တဝုန်းဝုန်း လုပ်ရင် ဘယ်လောက်ပဲ အအိပ်ကြီးတယ် ဆိုဆို ကောင်လေးတွေ နိုးကုန်မယ်၊ ဒါ့ ကြောင့် မြင်းကို အကြော ဖြတ်ချင်ရင် စားကျက်ထဲမှာ လုပ်ရလိမ့်မယ်'

'ကြည့်စမ်းဗျာ၊ ကျွန်တော်တို့ လုံးလုံး မစဉ်းစားမိဘူး၊ ဒါကြောင့် ဒီကောင်က ဖယောင်းတိုင် ယူသွားပြီး မီးခြစ်နှင့် မီးညှိတာကိုး ခင်ဗျ'

'အမှန်ပဲ ခင်ဗျ၊ ဒါပေမဲ့ ကံအားလျော်စွာပဲ သူ့ အိတ်ထဲမှာ တွေ့ရတဲ့ ပစ္စည်းတွေကို စစ်ကြည့်လိုက်တဲ့ အခါကျတော့ ရာဇဝတ်မှု ကျူးလွန်တဲ့ နည်းလမ်းကိုသာမက ကျူးလွန်ရတဲ့ ရည်ရွယ်ချက်ကိုပါ သွားတွေ့ရတယ် ခင်ဗျ၊ ဗိုလ်မှူးကြီးလည်း အတွေ့အကြုံများတဲ့ လူပဲ၊ ဘယ်သူဖြစ်ဖြစ် သူများ သုံးထားတဲ့ ဘီလ် စာရင်း စာရွက်ကို ကိုယ့် အိတ်ထဲမှာ ဆောင်ထားလေ့ မရှိကြပါဘူး၊ ကိုယ် သုံးတဲ့ ဘီလ် စာရင်း စာရွက်ကိုပဲ ကိုယ့် အိတ်ထဲမှာ ဆောင်ထားမှာပေါ့၊ ဒါတောင် စာရွက်တွေ ရှုပ်လွန်းလို့ သိပ်မထားတတ်ကြပါဘူးလေ၊ ဒီတော့ ဒါကို ကြည့်လိုက်ရင် စထရေကာဟာ နာမည် တစ်မျိုးနှင့် ဘဝသစ် တစ်ခု ထူထောင်နေတယ် ဆိုတာ ထင်ရှားတယ်ဗျ၊ အဲ သူ ထူထောင်ထားတဲ့ ဘဝသစ်ထဲမှာ အဝတ်အစား ကောင်းကောင်း ဝတ်တတ်တဲ့ အမျိုးသမီး တစ်ယောက်လည်း ပါနေတယ် ဆိုတာ တွေ့ရတယ်၊ ဗိုလ်မှူးကြီးက ကိုယ့် တပည့်တွေ အပေါ်မှာ စိတ်ချထားလေတော့ ကိုယ့် တပည့်တွေဟာ နှစ်ဆယ့်နှစ် ဂိနီတန် ဝတ်စုံကို သူတို့ မယားတွေကို ဝယ်ပေးလိမ့်မယ်လို့ ဘယ်ထင်ရက်ပါ့မလဲဗျာ၊ ဒါနှင့် ကျုပ်က စထရေကာရဲ့ မိန်းမကို အဝတ်အစား အကြောင်း အမှတ်မဲ့ ဆောက်မေး ကြည့်လိုက်တော့ စထရေကာရဲ့ မိန်းမ ခမျာ ဒီအဝတ်အစားကို မြင်တောင် မမြင်ဖူးရှာဘူး ဆိုတာ သိရတယ်ဗျ၊ ဒီတော့ ကျုပ်လည်း လန်ဒန်က အမျိုးသမီး အပ်ချုပ်ဆိုင် အမည်ကို မှတ်၊ စထရေကာရဲ့ ဓာတ်ပုံကို ပြပြီး မေးလိုက်တဲ့ အခါကျတော့ ဒါဘီရှိုင်းယား အမည်ခံထားတဲ့ လူဟာ စထရေကာ ဖြစ်နေတယ် ဆိုတာ သိရတာပါပဲ။

'ဒီနောက်တော့ သိပ်မရှုပ်တော့ပါဘူးလေ၊ စထရေကာဟာ မီးရောင်ကို လူ မမြင်ဘဲ သူ့ အလုပ်ကို သူ ကောင်းကောင်း လုပ်နိုင်အောင် မြင်းကို ချိုင့်ထဲ ဆွဲခေါ်သွားခဲ့တယ်၊ ဖစ်ဇရွိုင်း ပြေးရင်း လွှားရင်း ကျကျန်ရစ်ခဲ့တဲ့ လည်စည်းကို လမ်းမှာ ကောက်ရတော့ အကြော ဖြတ်တုန်းမှာ မြင်း မရုန်းအောင် ခြေထောက်ကို ချည်ဖို့ လည်စည်းကို ယူလာခဲ့တယ်၊ ဒါပေမဲ့ အကြော ဖြတ်မလို့ ဖယောင်းတိုင်ကိုလည်း ထွန်းလိုက်ရော မြင်းက အလင်းရောင်ကို ရုတ်တရက် မြင်လိုက်လို့ရယ်၊ သူ့ကို တစ်ခုခု အန္တရာယ်ပြုနေပြီ ဆိုတာ တိရစ္ဆာန်ရဲ့ ပကတိ စိတ်နှင့် အလိုလို သိလိုက်လို့ရယ် မြင်းက လန့်ပြီး နောက်ကို တအား ကန်ထည့်လိုက်တယ်ဗျ၊ ဒီတွင် မြင်းက သံခွာဟာ စထရေကာရဲ့ နဖူးကို တည့်တည့်ကြီး သွားထိတာပဲ၊ အဲဒီ ညက မိုးရွာထားပေမဲ့ စထရေကာဟာ သူ့ လုပ်ငန်း လုပ်ရတာ လွယ်အောင် ဆိုပြီး မိုးကာ အင်္ကျီကို ချွတ်ပြီး ချုံပေါ်မှာ တင်ပစ်ခဲ့တယ်ဗျ၊ မြင်းက အကန်လိုက်မှာ လဲကျသွားပြီး သူ ဓားနှင့် သူ့ ပေါင်ကို ထိုးမိသွားတာပဲ ခင်ဗျ၊ ရှင်းပြီ မဟုတ်လား'

'အံ့သြလောက်ပါပေတယ်ဗျာ၊ အံ့သြလောက်ပါပေတယ်၊ စုံထောက်ကြီး အဲဒီ နေရာကိုကော ရောက်ခဲ့သေးတယ်နော်'

'အဲ နောက်ဆုံး တွေးလုံးကတော့ အဝေးကနေပြီး မှန်းပစ်လိုက်တာဗျ၊ စထရေကာ ဆိုတဲ့ လူဟာ ပေါ့သေးသေး မဟုတ်ဘူးဗျ၊ မြင်းရဲ့ ပေါင်က အကြောကို ဖြတ်တယ် ဆိုတာဟာ သိမ်မွေ့တဲ့ အလုပ် ဖြစ်လေတော့ ဒီလောက် သိမ်မွေ့တဲ့ အလုပ်ကို စမ်းသပ်မကြည့်ဘဲ လုပ်မှာ မဟုတ်ဘူးလို့ ကျုပ် တွေးလိုက်မိတယ်၊ ဒါဖြင့် သူ ဘယ် သွား စမ်းသပ်ကြည့်မလဲ၊ သိုးတွေကို မြင်လိုက်တော့ သိုးတွေနှင့် ပထမ စမ်းကြည့်မှာပဲလို့ ကျုပ် တွေးလိုက်တယ်ဗျ၊ စုံစမ်း





www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တဲ့ အခါကျတော့ ကျုပ် ထင်တဲ့ အတိုင်း ဖြစ်နေတာကို တွေ့ရတယ် ဗျ'

'စုံထောက်ကြီး ပြောတာ အလွန်ကို ရှင်းပါတယ် ခင်ဗျာ'

'လန်ဒန်ကို ပြန်ရောက်တဲ့ အခါကျတော့ အမျိုးသမီး အပ်ချုပ်ဆိုင်ကို သွားပြီး စထရေကာရဲ့ ဓာတ်ပုံကို ပြတယ်၊ ဒါဘီရှိုင်းယား ဆိုတဲ့ သူတို့ ဖောက်သည် တစ်ယောက် ဖြစ်တယ်လို့ ဆိုင်က ပြောလိုက်တယ်ဗျ။ သူ့ မိန်းမက အဝတ်အစား ကောင်းကောင်း ဝတ်တယ်တဲ့၊ ခပ်ချောချောရယ်တဲ့၊ အဲဒီ မိန်းမ ကြောင့် စထရေကာမှာ ကြွေးတွေ တင်နေတဲ့ အတွက် နောက်ဆုံးတော့ ကြံမိ ကြံရာကို ကြံတာပဲ ခင်ဗျ'

'အားလုံး ရှင်းပါတယ် ခင်ဗျာ၊ မြင်းကို ဘယ်မှာ တွေ့ခဲ့သလဲ ဆိုတဲ့ အချက်ပဲ ကျန်ပါတယ်' ဟု ဗိုလ်မှူးကြီးက ပြောလေ၏။

'အင်း၊ မြင်းကတော့ လွတ်သွားတယ်ဗျ၊ လွတ် အသွားမှာ ခင်ဗျားတို့ ဓောင်း အနီးအနား တစ်ဝိုက်က လူတစ်ယောက်က ထိန်းသိမ်း စောင့်ရှောက် ထားတယ်၊ သူ့ကိုတော့ ကျုပ်တို့ အနေနှင့် အမှုမလုပ်ဘဲ လွတ်ငြိမ်းခွင့် ပေးဖို့ လိုလိမ့်မယ်ဗျ၊ အလို ကျုပ် မမှားဘူး ဆိုရင် ကလင့်ဟမ် လမ်းဆုံကိုတောင် ရောက်နေပါ့ကလား၊ နောက် ဆယ်မိနစ်လောက် ဆိုရင် ဝိတိုရိယ ဘူတာကြီးကို ရောက်တော့မှာပေါ့၊ ကဲ ဗိုလ်မှူးကြီးရေ၊ ကျုပ်တို့ အခန်း လိုက်ပြီး နားနားနေနေ ဆေးလေး ဘာလေး လိုက်ရှူပါဦးလား၊ ခင်ဗျား စိတ်ဝင်စားမယ့် တခြား အသေး စိတ် အချက်အလက်တွေကိုလည်း ပြောပြရသေးတာပ'

[မူရင်း ဝတ္ထု *The Adventure of Silver Blaze.* ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'စိန်လယ်ဂျာ မြင်းပွဲ၌ မောင်စံရှား စုံထောက်ပုံ' ဟူသော အမည်ဖြင့် လည်းကောင်း၊ 'စိန်ဝေလ္လ ပျောက်ဆုံးမှု' ဟူသော အမည်ဖြင့် လည်းကောင်း မြန်မာမှု ပြုပြီး။]






# နန္ဒင်းရောင် မျက်နှာကြီး



ကျွန်ုပ်သည် ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း ပြောပြသည့် အမှုများနှင့် ကျွန်ုပ်ကိုယ်တိုင် ပါဝင် ကြုံတွေ့ ခဲ့ရသည့် အဖြစ်အပျက် အချို့ကို အခြေခံကာ စာတိုပေစ ကလေးများကို ရေးသားခဲ့ရာ၌ သဘာဝ ကျစွာပင် ရှား လော့ဟုမ်း၏ ဆုံးရှုံးမှုများထက် အောင်မြင်မှုများကို အသားပေး ရေးခဲ့သည်ချည်း ဖြစ်ပေ၏။ သို့ ရေးခြင်းမှာ သူ့ ဂုဏ်သတင်း ကျော်စောမှု အတွက် မဟုတ်ဘဲ သူ ဖြေရှင်း၍ မရလျှင် အခြားသူများလည်း မဖြေရှင်းနိုင်ခြင်း၊ ဝတ္ထု အနေဖြင့် နိဂုံးချုပ်၍ မရဘဲ ကျိုလို့တန်းလန်း ဖြစ်နေခြင်း စသော အကြောင်းများကြောင့် ဆုံးရှုံးမှုများထက် အောင်မြင်ခဲ့သည့် အမှုများကို အသားပေး ရေးရခြင်း ဖြစ်ပါသည်။ စင်စစ်တွင်မူ အကျအခဲ အဆုံးအရှုံးကို တွေ့ရသည့် အခါတွင် ရှားလော့ဟုမ်း၏ ခွန်အားနှင့် ဉာဏ်အားမှာ ပို၍ပင် ထက်မြက်၍ လာပါသေးသည်။ သို့တိုင်အောင် မကြာခဏ ဆိုသလိုပင် ရှားလော့ဟုမ်းက မှားပြီး အမှန်ကို ရှာတွေ့သည့် အခါမျိုးလည်း ရှိတတ်ပါသေးသည်။ ယင်းသို့ ရှားလော့ဟုမ်း မှားခဲ့သည့် အမှု ဒါဇင်ဝက်ခန့် နှင့် ပတ်သက်သည့် မှတ်စု မှတ်တမ်းများ ကျွန်ုပ် လက်တွင် ရှိနေသေးရာ အမှု နှစ်ခုမှာ များစွာ စိတ်ဝင်စားဖွယ် ကောင်းလှသည့် အတွက် အောက်တွင် ဖော်ပြ လိုက်ပါသည်။

ရှားလော့ဟုမ်းသည် ကျန်းမာရေး လေ့ကျင့်ခန်းကို ကျန်းမာရေး လေ့ကျင့်ခန်း သက်သက် အတွက် လုပ်လေ့ လုပ်ထ မရှိသည့် လူတစ်ယောက် ဖြစ်ပေ၏။ မိမိ၏ လက်ရုံးရည် အစွမ်းကို ပြသနိုင်သူ ဟူ၍ အတော် ခွေးသည့်



www.burmeseclassic.com

www.burmeseclassic.com



အထဲ၌ ရှားလော့ဟုမ်းမှာ ကျွန်ုပ် တွေ့ဖူးသမျှသော လက်ဖွေ့သမားများထဲတွင် သူ့ အလေးချိန်တန်းနှင့် သူ ရာမှ ရှားသည့် လက်ဖွေ့ကျော် တစ်ဦး ဖြစ်ပေ၏။ သို့ရာတွင် ရည်ရွယ်ချက် မဲ့သည့် ကိုယ်လက် လှုပ်ရှားမှုသည် မိမိ၏ ခွန်အားကို အချည်းနှီး ဖြုန်းတီးရာ ရောက်သည်ဟု ယူဆသည့် အလျောက် မိမိ စုံစမ်း ထောက်လှမ်းမှု အတွက် အထောက်အကူ မပြုလျှင် ရှားလော့ဟုမ်းသည် ကိုယ်လက် လှုပ်ရှားခြင်း အမှုကို ပြုခဲလှပါသည်။ ကိုယ်လက် လှုပ်ရှားမှုကို ပြုလုပ်ပြီ ဆိုလျှင်လည်း ရှားလော့ဟုမ်းမှာ မမောနိုင် မပန်းနိုင်ဘဲ အားသွန်ခွန်စိုက် ပြုလုပ်တတ်ပေ၏။ ထိုအခါမျိုး၌ ရှားလော့ဟုမ်း လေ့ကျင့်ပုံမှာ အံ့မခန်း ဖြစ်လောက်ပါပေ၏။ သို့ မနားမနေ လေ့ကျင့်သည့်တိုင် ရှားလော့ဟုမ်းသည် အများအားဖြင့် အစားအသောက်ကို အနည်းငယ်မျှသာ စားသောက်ပြီး အမူအကျင့်မှာလည်း တရားထိုင်နေသူ တစ်ဦးကဲ့သို့ များစွာ ရိုးခြံ ချွေတာလှပါသည်။ ရှားလော့ဟုမ်းတွင် တစ်ခါတစ်ရံ ကုတ်ကင်း ပွတ်ခြင်းမှ လွဲလျှင် အပျော်အပါး ဟူ၍ မရှိသလောက် ဖြစ်လျက် ကုတ်ကင်း ပွတ်သည် ဆိုသည်မှာလည်း အမှုကောင်းများ ရှားပါးပြီး သတင်းစာများတွင် စိတ်ဝင်စားစရာ သတင်းများ နည်းပါးနေသဖြင့် ပျင်းရိ ငြီးငွေ့စရာ ကောင်းသည့် အခါမျိုးတွင်သာ ရံဖန်ရံခါ ပြုလုပ်သည့် ကိစ္စမျိုး ဖြစ်ပါသည်။

တစ်ခုသော နွေဦးပေါက် တစ်မနက်၌ ရှားလော့ဟုမ်းသည် ကျွန်ုပ်နှင့် အတူ ပန်းခြံထဲသို့ စိတ်လိုလက်ရ လမ်းလျှောက် လိုက်လာခဲ့လေ၏။ ပန်းခြံထဲရှိ သစ်ပင် ပန်းမန်တို့တွင် ရွက်နုတို့ ဝေစ ပြုလေပြီ။ စေးထန်းထန်း သစ်ကြားဖူး ကလေးများမှာလည်း ယင်းတို့၏ ငါးမြှောင့်ဆိုင် ရွက်နုကလေးများကို ဖြေလှစ်စ ပြုကြလေပြီ။ ကျွန်ုပ်တို့ နှစ်ယောက်သည် အများအားဖြင့် စကား ပြောဆိုခြင်း မပြုကြဘဲ နှစ်နာရီ နီးပါးမျှ ပန်းခြံထဲတွင် လမ်းလျှောက်ခဲ့ကြရာ စကား မပြောဘဲ နှစ်ယောက် အတူ ဤမျှ ကြာကြာ လမ်းလျှောက်ဖို့ ဆိုသည်မှာ တစ်ယောက် အကြောင်းကို တစ်ယောက် ထဲထဲဝင်ဝင် သိသူများသာလျှင် တတ်နိုင်သော ကိစ္စ ဖြစ်ပါသည်။ ဘေကာလမ်းရှိ ကျွန်ုပ်တို့၏ တိုက်ခန်းသို့ ပြန်ရောက်သည့် အခါတွင်မူ ညနေ ငါးနာရီ ထိုးလု နီးနေလေပြီ။

ကျွန်ုပ်တို့၏ တပည့်ကလေးက တံခါးကို ဖွင့်ပေးရင်း 'ဆရာကြီးကို တွေ့ချင်လို့ ဆိုပြီး ဧည့်သည် တစ်ယောက် လာသွားပါတယ် ခင်ဗျာ' ဟု ပြောလေ၏။ ရှားလော့ဟုမ်းက ကျွန်ုပ်ကို အပြစ်တင်သည့် အနေဖြင့် လှမ်းကြည့်လိုက်ရင်း





'လမ်းလျှောက် ထွက်ရတာ တယ် အချိန် ကုန်တာကိုး၊ ခုကော ဧည့်သည်က ပြန်သွားပလားဟေ့'

'ဟုတ်ပါတယ် ခင်ဗျာ'

'မင်းက အစောင့် မခိုင်းဘူးလား'

'စောင့်ခိုင်းပါတယ် ခင်ဗျာ'

'ဘယ်လောက် ကြာကြာ စောင့်နေသေးသလဲ'

'နာရီဝက်လောက် ကြာပါတယ်၊ သူ့ကို ကြည့်ရတာက တော်တော် ဂနာမငြိမ် ဖြစ်နေတယ် ခင်ဗျ၊ ထိုင်လိုက် ထလိုက် လမ်းလျှောက်လိုက်နှင့် အငြိမ်ကို မနေဘူး၊ အခန်း အပြင်ဘက် ကျွန်တော် ထိုင်စောင့်နေတုန်းမှာ တလှုပ်လှုပ်နှင့် အသံ ကြားနေရတယ်၊ နောက်ဆုံးကျတော့ အပြင် ထွက်လာပြီး မင်းတို့ ဆရာက ပြန်ကော လာဦးမှာလားလို့ မေးတယ် ခင်ဗျ၊ ခဏ စောင့်ပါ၊ လာပါလိမ့်မယ်လို့ ပြောတော့ ငါ အပြင် ထွက်စောင့်မယ်တဲ့၊ အခန်းထဲမှာ ထိုင်စောင့် နေရရင် အသက်ရှူ ကျပ်တာနှင့် သေလိမ့်မယ်တဲ့၊ ပြီးတော့မှ တစ်ခေါက် ပြန်လာမယ်လို့ ပြောပြီး ထွက်သွားတယ် ခင်ဗျ၊ ကျွန်တော် တားတာလည်း မရဘူး'

'အေး အေး၊ ဒါဖြင့်လည်း ပြီးရောပေါ့ကွာ၊ သူကမှ မစောင့်တာ ဘယ်တတ်နိုင်မလဲ' ဟု ဆိုကာ ကျွန်ုပ်တို့သည် အခန်းထဲသို့ ဝင်လာခဲ့ကြလေ၏။

'ဝပ်ဆင်ရေ၊ ကျုပ်ကလည်း ဒါမျိုးဆိုရင် တယ် ယားကျိကျိ ဖြစ်တတ်တယ်ဗျ၊ ခုလို အမှု ရှားတုန်းမှာ မတွေ့လိုက်ရတာ နာသဗျာ၊ ယောက်ယက်ခတ်နေပုံ ထောက်တော့ တော်တော် အရေးကြီးတဲ့ ကိစ္စ ဖြစ်နိုင်တယ်၊ အလိုသာဟို စားပွဲပေါ်ကဟာ ခင်ဗျား ဆေးတံလည်း မဟုတ်ပါလား၊ ကျုပ်တို့လူမေ့ကျန်ရစ်ခဲ့ပြီ ထင်တယ်၊ ဆေးတံက အဟောင်းတော့ အဟောင်း၊ သို့သော်လည်း ဘရိုင်ယာသားနှင့် လုပ်ထားတဲ့ အကောင်းစား ဆေးတံဗျ၊ အရိုးက အရှည်၊ တော်တော် ကောင်းသေးတယ်၊ ဆေးတံသမားတွေကတော့ ပယင်းရိုးလို့ ခေါ်ကြတာပေါ့၊ လန်ဒန်မြို့ကြီးမှာ ပယင်း အစစ်နှင့် လုပ်ထားတဲ့ ဆေးတံဘယ်နှချောင်း ရှိသလဲတော့ မသိဘူး၊ လူတွေကတော့ ပယင်းရိုး ဆေးတံ ဆိုပြီး အမြတ်တနိုး ကိုင်ကြတာပဲ၊ သို့သော်လည်း ပယင်းက အစစ်တွေ မဟုတ်ဘဲ အတုတွေ ဖြစ်နေတာက ခက်တယ်၊ အင်း ကိုယ့်လူ ကြည့်ရတာကတော့ တော်တော် ယောက်ယက် ခတ်နေတဲ့ ပုံပဲ၊ သူ အလွန် မြတ်နိုးတဲ့ ဆေးတံကလေးတောင် မေ့ကျန်ရစ်ခဲ့ရှာတယ်'

'သူ အမြတ်တနိုး ထားတယ် ဆိုတာ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဆေးတံက ခုနစ်သျှိုလင်ခွဲလောက် တန်တယ်ဗျ၊ သေသေချာချာ ကြည့်ရင် နှစ်ခါ ပြန်ပြင်ထားတာကို တွေ့ရလိမ့်မယ်၊ တစ်ခါက ဆေးတံအိုးနားက သစ်သားမှာ၊ နောက်တစ်ခါက ပယင်း စွပ်တံမှာ၊ နှစ်ကြိမ်စလုံးမှာ ငွေကွပ်ထားတယ်၊ ငွေကွပ်တဲ့ တန်ဖိုးက ဆေးတံ တန်ဖိုးထက်တောင် ကြီးလိမ့်ဦးမယ်၊ အသစ် တစ်ချောင်း မဝယ်ဘဲ ပိုက်ဆံ ကုန်ခံပြီး ထပ်ပြင်နေတာကို ထောက်ရင် သူ့ ဆေးတံကို သူ တော်တော် တန်ဖိုးထားလို့သာ ဖြစ်ရမှာပေါ့'

'နောက်ကောဗျာ၊ ဘာ ထူးခြားတာ တွေ့သေးသလဲ'

ရှားလော့ဟုမ်းသည် ဆေးတံကို အမြီးပြန် ခေါင်းပြန် ကြည့်ရင်း စဉ်းစားလျက် ရှိသဖြင့် ကျွန်ုပ်က မေးလိုက်၏။ ပါမောက္ခ တစ်ယောက်သည် အရိုး တစ်ချောင်းကို ကိုင်ကာ သင်ခန်းစာကို ပို့ချနေသကဲ့သို့ ရှားလော့ဟုမ်းသည်လည်း ဆေးတံကို မြှောက်ကိုင်ကာ သေးသွယ် ရှည်လျားသည့် လက်ညှိုးဖြင့် တဒေါက်ဒေါက် ခေါက်နေရင်းက

'တစ်ခါတစ်ရံမှာ ဆေးတံတွေဟာ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်ဗျ၊ နာရီတို့ ဖိနပ်ကြိုးတို့လိုပဲ ဆေးတံ တစ်ချောင်းမှာလည်း လူတစ်ယောက်ရဲ့ စရိုက်တွေကို ဖော်ပြနိုင်တဲ့ လက္ခဏာတွေ ရှိတယ်၊ သို့သော်လည်း ဒီဆေးတံမှာ တွေ့ရတဲ့ လက္ခဏာချက်တွေကတော့ ပြောပလောက်အောင် အရေးမကြီးလှပါဘူး၊ ဒီဆေးတံ ပိုင်ရှင်ဟာ ကာယဗလ တော်တော် ကောင်းသူ ဖြစ်ရမယ်၊ ဘယ်သန် ဖြစ်ပြီး သွားတွေက တော်တော် ကောင်းတယ်၊ နမော်နမဲ့ နိုင်ပြီး ရှားရှားပါးပါး ထဲက မဟုတ်ဘဲ အတော်အတန် သုံးနိုင် ဖြုန်းနိုင်တဲ့ အထဲက ဖြစ်ရမယ်'



ဆေးတံကို အမြီးပြန် ခေါင်းပြန် ကြည့်ရင်း စဉ်းစားလျက် ရှိသည်။





ရှားလော့ဟုမ်းသည် သူ့ ထင်မြင်ချက်များကို အမှတ်တမဲ့ ပြောသွားနိုင်သည့်တိုင် သူ့ မျက်လုံးများကမူ သူ့ စကားများကို ကျွန်ုပ် သဘောပေါက်ခြင်း ရှိ မရှိ စူးစမ်းသည့်ဟန်ဖြင့် ကျွန်ုပ်ကို အကဲခတ်လျက် ရှိလေ၏။

'သုံးနိုင် ဖြုန်းနိုင်ထဲကလို့ ပြောတာက ခုနစ်သျှိုလင်ခွဲတန် ဆေးတံကို သောက်လို့ ပြောတာလား'

ရှားလော့ဟုမ်းသည် ဆေးတံထဲတွင် ကျန်သည့် ဆေးမှုန့် အချို့ကို သက်ဖဝါးပေါ်သို့ ခေါက်ထုတ်လိုက်ပြီး

'ဆေးက တစ်အောင်စကို ရှစ်ပဲနီ ပေးရတဲ့ ဂရိုစဗီနာ ဆေးတံ သောက်ဆေးဗျ၊ သူ့ တစ်ဝက်လောက် ပေးရင် တော်တော် ကောင်းတဲ့ ဆေးတံ သောက်ဆေးတွေ ရနိုင်ပါလျက်နှင့် ဒီဆေးတံ ဆေးကိုမှ သောက်တယ် ဆိုတော့ တော်တော်လေး သုံးနိုင် ဖြုန်းနိုင်လို့ပေါ့'

'တခြား အချက်တွေကကောဗျာ'

'ဆေးတံကို မီးညှိတဲ့ အခါမှာ မီးခွက်တို့ ဓာတ်ငွေ့ မီးတိုင်တို့က မီးနှင့် ညှိတယ်ဗျ၊ ဒါကြောင့် ဆေးတံအိုး နှုတ်ခမ်း တစ်ဖက်မှာ မီးကျွမ်းပြီး မည်းနေတာကို တွေ့ရလိမ့်မယ်၊ မီးခြစ်နှင့် ညှိလို့ ရှိရင် ဒီလို မဖြစ်နိုင်ဘူး၊ အပေါ်က နေပြီး အုပ်ပြီး ညှိမှာပဲ၊ မီးအိမ်နှင့် ညှိလို့သာ တစ်ခြမ်းက ကျွမ်းပြီး မည်းနက်နေတာပေါ့၊ ပြီးတော့ ဆေးတံအိုးရဲ့ ညာဘက်မှာ လောင်ထားတယ်ဗျ၊ ဒါကို ကြည့်ရင် ဒီလူဟာ ဘယ်သန် ဆိုတာ သိနိုင်တယ်၊ ကဲ ခင်ဗျား ဆေးတံကိုပဲ မီးအိမ်မှာ မီးတို့ကြည့်စမ်းပါဦး၊ ဟော ကြည့်၊ ခင်ဗျားက ညာသန် ဆိုတော့ ညာလက်က ကိုင်ပြီး ဆေးတံကို ဘယ်ဘက်ကို စောင်းညှိတယ် မဟုတ်လား၊ ညာသန်တဲ့ လူကကော ညာဘက်ကို စောင်းပြီး မညှိနိုင်ဘူးလားဗျလို့ မေးစရာ ရှိတယ်၊ ဒါပေမဲ့ အမြဲတမ်း မဖြစ်နိုင်ဘူးဗျ၊ တစ်ခါ တစ်ခါမှသာ ညှိကောင်း ညှိနိုင်တယ်၊ အမြဲတမ်းတော့ ညှိမှာ မဟုတ်ဘူး၊ ဒါက သူ့သူ့ကိုယ်ကိုယ် ထုံးစံ၊ ပြီးတော့လည်း ပယင်း စွပ်တံကို တော်တော် တအား ကိုက်ပြီး ခဲထားတယ်ဗျ၊ တော်တော် ခွန်အား ကောင်းပြီး သွားကောင်းတဲ့ လူမျိုးမှ ဒီလောက် အရာ ထင်အောင် ခဲနိုင်တာ၊ သို့သော်လည်း ကျုပ် အတွက် မမှားဘူး ဆိုရင်တော့ လှေကားပေါ်က ကြားရတဲ့ ခြေသံဟာ သူ့ ခြေသံနှင့် တူတာပဲ၊ ဆေးတံကို လေ့လာရတာထက် လူကိုယ်တိုင်ကို လေ့လာရတာက ပိုပြီး စိတ်ဝင်စားစရာ ကောင်းတာပဗျာ'

ခဏ ကြာလျှင် တံခါး ပွင့်လာကာ အရပ် မြင့်မြင့် လူတစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ဝင်လာလေ၏။ ထိုလူသည် မီးခိုးရောင် မှိုင်းမှိုင်း ဝတ်စုံ အကောင်းစားကို ဣန္ဒြေရရ ဝတ်ထားပြီး အနားပတ်ပြားကြီးကြီးနှင့် သက္ကလတ် ဦးထုပ်အညိုရောင်ကို လက်တွင် ကိုင်ထားလေ၏။ အသက် အတန်ငယ် ကြီးပြီ ဖြစ်သော်လည်း ကျွန်ုပ် စိတ်တွင်မူ အသက် သုံးဆယ် တစ်ဝိုက်လောက်သာ ရှိလိမ့်မည်ဟု ထင်မိပေ၏။ ထိုလူက ခပ်အမ်းအမ်းဖြင့်

'တံခါး မခေါက်မိဘဲ ဝင်လာလို့ စိတ်မရှိပါနှင့် ခင်ဗျာ၊ အမှန်ကတော့ တံခါး ခေါက်ပြီး ဝင်မလို့ပါပဲ၊ ဒါပေမဲ့ ကျွန်တော့်မှာ ဗျာများနေလေတော့ သတိတွေ ဘာတွေလည်း ဘယ်ပျောက်ကုန်မှန်း မသိတော့ပါဘူး'

ထိုလူသည် ကယောင်ကတမ်း ဖြစ်နေသူ တစ်ယောက်ကဲ့သို့ သူ့ နဖူးကို လက်ဖြင့် သုတ်လျက် ရှိရင်း ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေ၏။ စင်စစ်တွင်ကား ထိုင်သည်ဟု ပြောသည်ထက် လဲကျသွားသည်ဟု ပြောလျှင် ပို၍ မှန်လိမ့်မည် ထင်ပါသည်။

'အင်း မအိပ်ရတာ တစ်ည နှစ်ညလောက်တောင် ရှိရော့မယ်ဗျ၊ အလုပ်လုပ်လို့ အပျော်လွန်လို့ ပင်ပန်းတာထက် အိပ်ပျက်လို့ ပင်ပန်းတာက အဆိုးဆုံးပဲဗျို့၊ ကဲ ဆိုပါဦး၊ ကျုပ် ဘာများ ကူညီနိုင်ပါလိမ့်'

ရှားလော့ဟုမ်းက သူ့ ထုံးစံအတိုင်း ဖော်ရွေစွာ မေးမြန်းလေ၏။

'စုံထောက်ကြီးဆီက အကြံဉာဏ် လိုချင်လို့ လာခဲ့တာပါ ခင်ဗျာ၊ ကျွန်တော်တော့ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူး၊ ကျွန်တော့် ဘဝကတော့ သွားပါပြီ၊ ရစရာ မရှိတော့ပါဘူး'

'မိတ်ဆွေကြီးက ကျုပ်ကို စုံထောက် တစ်ယောက် အနေနှင့် တိုင်ပင်ရုံ သက်သက်ပဲလား'

'မဟုတ်ပါဘူး ခင်ဗျာ၊ အမြော်အမြင် ရှိတဲ့ လူတစ်ယောက် အတွေ့အကြုံ ရှိတဲ့ လူတစ်ယောက် အနေနှင့်လည်း ထင်မြင်ချက် လိုချင်ပါတယ်၊ နောက်ထပ် ကျွန်တော် ဘယ်ခြေလှမ်းမျိုးကို လှမ်းသင့်တယ် ဆိုတာ သိချင်ပါတယ်၊ စုံထောက်ကြီးကတော့ ကျွန်တော့်ကို ပြောပြနိုင်မယ်လို့ ထင်ပါတယ်'

ထိုလူမှာ စကားကို အားယူ၍ ပြောနေရသကဲ့သို့ ပြတ်တောင်း ပြတ်တောင်းနှင့် ပြောဆိုလျက် ရှိသဖြင့် သူ ပြောသည်ကို ကြည့်ရသည်နှင့်ပင် ကျွန်ုပ်တို့မှာ ပင်ပန်းလျက် ရှိလေပြီ။

'ပြဿနာက သိပ်တော့ မလွယ်ဘူး ခင်ဗျ၊ ကိုယ့် အိမ်တွင်းရေးကို သူစိမ်းတွေ ရှေ့ ချပြောရတယ် ဆိုတာ တော်တော် ခူကျသားပဲ၊ ပြောရတာ





မကောင်းလှဘူးပေါ့၊ ကျွန်တော် တစ်ခါမှ မတွေ့ဖူးတဲ့ သူစိမ်း နှစ်ယောက် ရှေ့မှာ ကိုယ့် မိန်းမရဲ့ အပြုအမူကို ပြောရတယ် ဆိုတော့ ပိုပြီး ဆိုးတာပေါ့ ခင်ဗျာ၊ ဒီအဖြစ်မျိုး ကြုံလာရတယ် ဆိုကတည်းက သိပ်တော့ မကောင်းတော့ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်မှာလည်း မတွေးနိုင် မအန်နိုင် ဖြစ်နေလေတော့ ဒီကိစ္စကို ဖွင့်ပြောပြီး အကြံဉာဏ် တောင်းရတော့မှာပဲ ခင်ဗျ'

'ဒီမှာ မစ္စတာ ဂရန့် မွန်ရိုး'

ဤတွင် ဧည့်သည်သည် ကုလားထိုင်မှ ဖြုန်းခနဲ မတ်တတ် ထလိုက်ပြီးနောက်

'ခင်ဗျာ၊ ကျွန်တော့်နာမည်ကို စုံထောက်ကြီး သိနေတယ် ဟုတ်လား'

ရှား လော့ ဟုမ်းက ပြုံး လိုက် လျက်

'ခင် ဗျား ကို လူသိ မခံချင်လို့ ရှိရင် ခင်ဗျား ဦးထုပ်အနားပတ် ပြား ကြီးပေါ်မှာ ရေးထားတဲ့ နာမည်ကို အလျင်ဖျက်ပစ် ရလိမ့်မယ် သို့မဟုတ်ရင်လည်း သူ တစ်ယောက်နှင့် မျက်နှာချင်းဆိုင် စကား ပြောရင် ဦးထုပ်ကို ပြောင်းပြန် ဆောင်းထားရလိမ့်မယ်၊ ကျုပ်နှင့် ဟောဒီက ကျုပ် မိတ်ဆွေဟာ ဒီအခန်းမှာ ထူးဆန်းတဲ့ အဖြစ်အပျက်တွေကို နားထောင်ခဲ့ပေါင်း များလှပြီ၊ စိတ်ဒုက္ခ ရောက်နေသူတွေကိုလည်း စိတ်ချမ်းသာအောင် အထိုက် အလျောက် လုပ်ပေးနိုင်တဲ့ အခွင့်ကြုံခဲ့တယ် ဆိုတာ ခင်ဗျားကို ပြောပြမလို့ပါ၊ ခင်ဗျား အတွက်လည်း ကျုပ်တို့ အထိုက် အလျောက် လုပ်ပေး နိုင်ပါလိမ့်မယ် ထင်ပါတယ်၊ ဒီတော့ အချိန်မီ



ဧည့်သည်သည် ကုလားထိုင်မှ ဖြုန်းခနဲ မတ်တတ် ထလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ လိုတာတွေ ရှိကောင်း ရှိလာနိုင်တယ်၊ ဒါကြောင့် ပြောစရာ ရှိရင် ခပ်သုတ်သုတ် ပြောဖို့ လိုလိမ့်မယ် ထင်တယ်ဗျ'

ကျွန်ုပ်တို့၏ ညှော်သည်သည် နှုတ်မှ ထွက်ရန် ခက်ခဲနေသကဲ့သို့ သူ့နဖူးကို လက်ဖြင့် ပွတ်လျက် ရှိလေ၏။ ထိုလူ၏ အပြုအမူနှင့် အမူအရာတို့ကို ကြည့်ခြင်းဖြင့် ထိုသူမှာ သိုသိပ် လျှို့ဝှက်တတ်သူ တစ်ယောက် ဖြစ်ပြီး မာနကြီးသလောက် စိတ်ကြီးသူ တစ်ယောက် ဖြစ်လျက် စိတ်ထဲတွင် ရှိနေသည့် နာကြည်းချက်တို့ကို လူသိ ခံမည်ထက် အသေ ခံမည် ဆိုသည့် လူစားမျိုး ဖြစ်ပေ၏။ ထို့နောက် ထိုလူသည် ချက်ချင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လျက် စိတ်နှလုံး တုံးတုံး ချလိုက်ပြီးနောက် သူ့ အဖြစ်အပျက်ကို စတင် ပြောဆိုခြင်း ပြုလေ၏။

'အဖြစ်အပျက်က ဒီလိုပါ စုံထောက်ကြီး၊ ကျွန်တော်က အိမ်ထောင်ရှင်ပါ၊ အိမ်ထောင် ကျတာ သုံးနှစ် ရှိပါပြီ၊ ဒီအိမ်ထောင်သက် သုံးနှစ် အတွင်းမှာ ကျွန်တော်တို့ လင်မယားဟာ တစ်ယောက်ကို တစ်ယောက် တော်တော်လေး ချစ်ကြပါတယ်၊ လူမဖက်ဘဲ နတ်ဖက်တဲ့ လင်မယားလို အလွန်ပဲ ပျော်ကြပါတယ်၊ ကျွန်တော်တို့ လင်မယား ကြားမှာ စိတ်ဝမ်းကွဲတာရယ်လို့ တစ်ခုမှ မရှိခဲ့ဖူးပါဘူး၊ ကာယကံ မနောကံ ဝစီကံ စတဲ့ ကံသုံးပါးစလုံးမှာ ကွဲပြားတာရယ်လို့ တစ်ခါမှ မရှိခဲ့ဖူးပါဘူး၊ အဲ လွန်ခဲ့တဲ့ တနင်္လာနေ့တုန်းကတော့ ကျွန်တော်တို့ နှစ်ယောက် ကြားမှာ တံတိုင်းကြီး တစ်ခု ပေါ်လာသလို အတားအဆီးကြီး တစ်ခု ရုတ်တရက် ပေါ်လာတာပါပဲ ခင်ဗျာ၊ ကျွန်တော့် မိန်းမဟာ လမ်းမှာ သွားရင်းဟန်လွဲ တွေ့ရတဲ့ မိန်းမ တစ်ယောက်လို တစ်မျိုးတစ်ဖုံ ပြောင်းသွားတဲ့ အတွက် သူ့ အတွေးတွေကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်လာတယ်၊ ကျွန်တော်တို့ လင်မယားဟာ သူစိမ်းတွေလို ဖြစ်သွားတယ် ဆိုပါစို့ ခင်ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ ဘာဖြစ်လို့ ဒီလို ဖြစ်သွားရတာလဲ ဆိုတာ ကျွန်တော် သိချင်တယ် ခင်ဗျာ။

'ရှေ့ဆက် မပြောခင် စုံထောက်ကြီးတို့ကို အလေးအနက် ပြောပြချင်တာ တစ်ခု ရှိသေးတယ် ခင်ဗျ၊ ကျွန်တော့် မိန်းမ အယ်ဖီဟာ ကျွန်တော့်ကို တော်တော် ချစ်ပါတယ်၊ ဒါကိုတော့ သံသယ မရှိစေချင်ပါဘူး၊ အယ်ဖီဟာ ကျွန်တော့်ကို နှစ်နှစ်ကာကာ ချစ်တယ်၊ အိမ်ထောင်သက် ရင့်လာသည်နှင့် အမျှ သူ့ အချစ်ဟာ တိုးသည်ထက် တိုးလာခဲ့တယ်၊ ဒါကို ကျွန်တော် သိလည်း သိတယ်၊ ခံစားလို့လည်း ရတယ်၊ ဒါကို ကျွန်တော် သိပ် အငြင်းမပွားလိုပါဘူး ခင်ဗျာ၊ ဒါပေမဲ့



ကျွန်တော်တို့ ကြားမှာ ဒီလျှို့ဝှက်ချက်ကြီး ရှိနေတယ် ခင်ဗျ ဒါကြီးကို ဖျောက်လို့ မရမချင်း ကျွန်တော်တို့ နှစ်ယောက်ဟာ ဟိုတုန်းကလို ပြန်ဖြစ်ကြတော့မှာ မဟုတ်ပါဘူး ခင်ဗျာ'

'အင်း အချက်အလက်တွေကို ပြောမှာသာ ပြောစမ်းပါလေ' ဟု ရှားလော့ဟုမ်းက စိတ်မရှည်ဟန်ဖြင့် ပြောလိုက်သည်။

'အယ်ဖီရဲ့ ကိုယ်ရေး ရာဇဝင်ကို ကျွန်တော် သိသလောက် ပြောပါ့မယ်၊ ကျွန်တော်နှင့် စတွေ့ကြတော့ အယ်ဖီဟာ အပျို မဟုတ်ပါဘူး၊ မုဆိုးမပါ၊ ဒါပေမဲ့ အသက်က တော်တော် ငယ်ပါသေးတယ်၊ ငယ်ဆို နှစ်ဆယ့် ငါးနှစ်ပဲ ရှိပါသေးတယ်၊ သူ့ နာမည်က မစ္စက် ဟီဗရွန်တဲ့ ခင်ဗျ၊ ငယ်ငယ်ကလေးတည်းက အမေရိကကို ရောက်သွားပြီး အတ္တလန်တာ မြို့မှာ နေပါတယ်၊ အဲဒီမှာ ဟီဗရွန်နှင့် တွေ့ပြီး အကြောင်းပါကြတယ်၊ ဟီဗရွန်က ဝတ်လုံပါ၊ တော်တော် အောင်မြင်ပါတယ်၊ သူတို့မှာ သားသမီး တစ်ယောက်တည်း ထွန်းကားပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းက အတ္တလန်တာမှာ ငှက်ဖျားတွေ အကြီးအကျယ် ဖြစ်လို့ သူ့ ယောကျ်ားရော ကလေးရော ငှက်ဖျားနှင့် ဆုံးခဲ့ပါတယ်၊ သူ့ ယောကျ်ား ဆုံးတုန်းက ထုတ်ပေးတဲ့ သေစာရင်းကို ကျွန်တော် ကိုယ်တိုင် မြင်ခဲ့ရပါတယ်၊ ဒါနှင့် သူလည်း အမေရိကမှာ နေရတာကို စိတ်ကုန်လို့ အင်္ဂလန်ကို ပြန်လာပြီး မြေသိဆက်နယ် ပင်းနားမှာ သူ့ အဖော် အပျိုကြီး တစ်ယောက်နှင့် အတူ နေပါတယ်၊ သူ့ ယောကျ်ားက ပစ္စည်း တော်တော်များများ ထားခဲ့လေတော့ သူ့မှာ ပေါင် လေးထောင့်ငါးရာလောက်ကို အရင်း မြှုပ်ပြီး ငွေတိုးချေးလို့ တစ်နှစ်ကို ကြတ်နှုန်း ခုနစ် ရာခိုင်နှုန်းလောက် အတိုးရပါတယ်၊ ပင်းနားကို ရောက်လို့ ခြောက်လလောက် အကြာမှာ ကျွန်တော်နှင့် တွေ့ပြီး တစ်ယောက်ကို တစ်ယောက် နှစ်သက်ကြလို့ မကြာခင်မှာပဲ လက်ထပ်ခဲ့ကြပါတယ်။

'ကျွန်တော့် လက်ငုတ် လုပ်ငန်းက ဗျစ်ချက်ရာမှာ သုံးတဲ့ ဆေးနွယ်ပွင့် ရောင်းအဝယ် လုပ်ငန်းပါ၊ တစ်နှစ်ကို ပေါင် ခုနစ်ရာ ရှစ်ရာလောက် ဝင်ငွေ ရှိတဲ့ အတွက် တော်တော်ကလေး ချောင်ချောင်လည်လည်ထဲက ဆိုပါတော့ ခင်ဗျာ၊ ဒါနှင့် ကျွန်တော်တို့ အိမ်ထောင် ကျတော့ နော်ဗာရီမှာ တစ်နှစ်ကို ပေါင် ရှစ်ဆယ်လောက် ပေးရတဲ့ အိမ်ကလေး တစ်လုံးကို ငှားနေကြပါတယ်၊ ကျွန်တော်တို့ နေတဲ့ နေရာကလေးက မြို့နှင့် နီးပေမဲ့ ကျွန်တော်တို့ အနားကျတော့ တောဆန်ပါတယ်၊ ကျွန်တော်တို့ အိမ်ရဲ့ အထက်နားကို တက်သွားတဲ့ လမ်းကျတော့ ထမင်းဆိုင် နှစ်ဆိုင်နှင့် အိမ်နှစ်လုံး ရှိပါတယ်၊ ကျွန်တော်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာချင်းဆိုင် ကွင်းရဲ့ တစ်ဖက်မှာတော့ နှစ်ထပ်တိုက်ကလေး တစ်လုံး ရှိပါတယ်၊ ဒီနောက်တော့ အိမ်ရယ်လို့ မရှိတော့ပါဘူး၊ ဘူတာနား ရောက်ကာ နီးတော့မှပဲ အိမ်တွေကို ပြန်တွေ့ရပါတယ်၊ ကျွန်တော်တို့ အလုပ်က ရာသီနှင့် လုပ်ရတဲ့ အလုပ် ဆိုတော့ အလုပ် များတဲ့ ရာသီ ရှိသလို နွေကျရင် အလုပ် ပါးတတ်ပါတယ်၊ အဲဒီလို အလုပ် ပါးတဲ့ နွေရာသီကို ရောက်ပြီ ဆိုရင် ကျွန်တော်တို့ လင်မယား အေးအေးလူလူ နေနိုင်ပါတယ်၊ ခု ဟောဒီ ကိစ္စ ပေါ်မလာမီအထိ ကျွန်တော်တို့ လင်မယား ကြားမှာ သံသယရယ်လို့ ဘာမှ မရှိခဲ့ကြပါဘူး။

'ဆက်မပြောခင် တစ်ခု ပြောစရာ ကျန်နေသေးတယ် ခင်ဗျ၊ ကျွန်တော်တို့ လက်ထပ်တဲ့ အခါကျတော့ ကျွန်တော့် မိန်းမက သူ့ ပစ္စည်းတွေကို ကျွန်တော့်ကို အကုန် လွှဲပေးတယ် ခင်ဗျ၊ ကျွန်တော်ကတော့ လက်မခံချင်ပါဘူး၊ တကယ်လို့ ကျွန်တော့် အလုပ်အကိုင် ကောင်းရင် တော်ရဲ့၊ မကောင်းရင် သူများ ပြောစရာ ဖြစ်မှာပေါ့ဗျာ၊ ဒါပေမဲ့ သူက အတင်း လွှဲပေးတာနှင့် ကျွန်တော်လည်း မငြင်းသာတော့ဘဲ လက်ခံလိုက်ရတယ် ဆိုပါတော့၊ လွန်ခဲ့တဲ့ တစ်လခွဲလောက်တုန်းကတော့ သူက

' "ဂျက်ရေ ရှင် မှတ်မိသေးသလား၊ အယ်ဖီရဲ့ ပစ္စည်းတွေကို ရှင် လက်ခံခဲ့တုန်းက မင်း ပိုက်ဆံတွေကို လိုချင်တဲ့ အချိန် ပြန်တောင်းပါ၊ ပေးပါ့မယ်လို့ ပြောခဲ့တာလေ"

' "ရပါတယ်၊ ဒီပိုက်ဆံတွေက မင်း ပိုက်ဆံတွေပဲဟာ"

' "ဒီလိုဆိုရင် ကျွန်မ ပေါင်တစ်ရာလောက် လိုချင်တယ်"

'ကျွန်တော်လည်း သူ့ စကားကို ကြားလိုက်ရတော့ အံ့အား သင့်သွားတယ် ခင်ဗျ၊ အစတုန်းကတော့ အဝတ်အစားတို့ ဘာတို့ ဝယ်ဖို့ တောင်းတာ ဖြစ်မယ်လို့ ထင်မိတာကိုး။

' "ဘာလုပ်ဖို့လဲ"

'ဒီတော့ သူက သူ့ ထုံးစံ အတိုင်း ရယ်သလို မောသလိုနှင့်

' "အို ရှင်ပဲ ပြောခဲ့တယ် မဟုတ်လား၊ ရှင်က အယ်ဖီရဲ့ ပစ္စည်းကို သိမ်းပေးတဲ့ ဘဏ်တိုက် သက်သက်ပါဆို၊ ဘဏ်တိုက် ဆိုတာ ကိုယ့်ဆီ အပ်ထားတဲ့ ငွေရှင်တွေကို ဘာလဲ ညာလဲ စသဖြင့် အမေး အမြန်း မထုရဘူး ဆရာကြီးရဲ့"

' "ရပါတယ်ဗျာ၊ အယ်ဖီ တကယ် တောင်းတယ် ဆိုရင် ပေးရမှာပေါ့"

' "တကယ် တောင်းတာပေါ့"

' "ကိစ္စကိုတော့ မပြောနိုင်ဘူး ဆိုပါတော့"





' "တစ်နေ့တော့ ပြောမယ်လေ၊ ခုတော့ နေဦး"

'ဒါဟာ ကျွန်တော်တို့ နှစ်ယောက် ကြားမှာ ပထမဆုံး ပေါ်လာတဲ့ လျှို့ဝှက်ချက်ပဲဗျ၊ ဒါပေမဲ့ ကျွန်တော် ဘာမှ မမေးတော့ပါဘူး၊ ဒီလောက်နှင့်ပဲ ကျေနပ်လိုက်ပါတယ်၊ သူ့ကို ချက်တစ်စောင် ချက်ချင်းပဲ ရေးပေးလိုက်တယ်၊ အဲဒီ အကြောင်းကိုလည်း ကျွန်တော် မေ့ထားလိုက်တယ်၊ ဒီကိစ္စဟာ နောင် ဖြစ်လာမယ့် အဖြစ်အပျက်တွေနှင့် ဆိုင်ချင်မှတော့ ဆိုင်မယ်ပေါ့ ခင်ဗျာ၊ ဒါပေမဲ့ ကြုံတုန်း စုံထောက်ကြီး သိအောင် ပြောတော့ ထားလိုက်ရဦးမယ် ခင်ဗျ။

'ကျွန်တော်တို့ အိမ်ရှေ့မှာ ကွင်းကြီး တစ်ခု ရှိတယ်၊ အဲဒီ ကွင်းရဲ့ တစ်ဖက်မှာ တိုက် တစ်လုံး ရှိတယ် ဆိုတာ ပြောခဲ့ပါပြီ၊ အဲဒီ တိုက်ဘက်ကို သွားချင်ရင် ကွင်းထဲက ဖြတ်သွားလို့ မရဘူး ခင်ဗျ၊ ကွင်းကို ပတ်ပြီး ဖောက်ထားတဲ့ လမ်း အတိုင်း လိုက်ပြီး လမ်းကြားကလေး တစ်ခုထဲ ဝင်ရသေးတယ်၊ ကွင်းရဲ့ ဟိုဘက်မှာ စကော့ ထင်းရှူးတောကလေး တစ်တော ရှိတယ် ခင်ဗျ၊ သစ်ပင်တွေက အရိပ်လည်း ကောင်း သာလည်း သာယာတော့ ပျင်းရင် အဲဒီဘက်ကို ကျွန်တော် လမ်းလျှောက် ထွက်လေ့ ရှိပါတယ်၊ တိုက်ကလေးက လူမနေတာ တော်တော် ကြာပြီ ခင်ဗျ၊ ကျွန်တော် သိသလောက်ကိုပဲ ပိတ်ထားတာ ရှစ်လလောက် ရှိနေပြီ၊ တိုက်ကလေးက နှစ်ထပ် တိုက်ကလေး၊ သပ်သပ်ရပ်ရပ်နှင့်၊ ရှေ့က ဆင်ဝင်ကလေးနှင့်၊ ဆင်ဝင်မှာ ပျားရည်စုပ် ပန်းနွယ်တွေက နွယ်ဘက်လို့၊ အဲဒီနား ရောက်တိုင်း ကျွန်တော် မကြာခဏ ရပ်ကြည့်ပြီး အင်း နည်းနည်းပါးပါး ပြင်ဆင် နေလိုက်ရင် တော်တော် နေလို့ ကောင်းမယ့် နေရာကလေးလို့ စိတ်ကူးကြည့်မိတယ် ခင်ဗျ။

'လွန်ခဲ့တဲ့ တနင်္လာနေ့ ညနေကတော့ ကျွန်တော်လည်း ပျင်းပျင်း ရှိတာနှင့် အဲဒီဘက်ကို လမ်းလျှောက် ထွက်လာခဲ့တယ်၊ လမ်းကြားထဲကို ရောက်တော့လည်း အလွတ် တစ်စီး ထွက်လာတာ တွေ့ရတယ်၊ တိုက်ရှေ့ ဆင်ဝင်အောက်ကို လှမ်းကြည့်လိုက်တော့လည်း ကော်ဇောတွေ၊ ပစ္စည်းတွေ ပုံထားတာကို မြင်ရတယ်၊ တိုက်ကလေးကို လူငှားတွေ ရောက်လာပြီ ဆိုတာ သေချာပြီပေါ့ ခင်ဗျာ၊ ကျွန်တော်လည်း အိမ်ရှေ့ကို ကျော်လာပြီး ပျင်းပျင်းနှင့် ရပ်ကြည့်နေမိတယ် ခင်ဗျ၊ ကိုယ့်အိမ်နီးနားချင်း အဖြစ် ပြောင်းလာတဲ့ လူတွေဟာ ဘယ်လို လူမျိုးတွေများ ဖြစ်မလဲ ဘာလဲပေါ့ ခင်ဗျာ၊ ဒီလို ကျွန်တော် ရပ် ကြည့် နေ တုန်း အပေါ်ထပ် ပြတင်းပေါက်ဝမှာ ကျွန်တော့်ကို ကြည့်နေတဲ့ မျက်နှာကြီး တစ်ခုကို မြင်လိုက်ရတယ် ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမျက်နှာကြီးက ဘယ်လို မျက်နှာလဲလို့တော့ မပြောတတ်ဘူး ခင်ဗျ။ ကျွန်တော့်မှာဖြင့် ဒီမျက်နှာကြီးကို မြင်လိုက်တာနှင့် တစ်ကိုယ်လုံး ကြက်သီး မွေးညင်းတွေ ထသွားတာပဲ၊ ကျွန်တော် ရပ်နေတဲ့ နေရာက နည်းနည်း ဝေးတော့ ရုပ်ကိုတော့ သေသေချာချာ မမြင်ရဘူး ခင်ဗျ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီမျက်နှာကြီးကို မြင်လိုက်ရတာက ကျွန်တော့် အဖို့တော့ လူ့ရဲ့ မျက်နှာ မဟုတ်သလိုပဲ ထင်မိတယ် ခင်ဗျ။ အဲဒါ ကျွန်တော့် စိတ်ထဲမှာ အလိုလို ပေါ်လာတဲ့ ထင်မြင်ချက်ပဲ၊ ဒါနှင့် ကျွန်တော်လည်း မျက်နှာကို သေသေချာချာ သဲသဲကွဲကွဲ မြင်ရအောင် ဆိုပြီး ရှေ့နားကို တိုးလာခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော်လည်း ခြံစည်းရိုးနား တိုးလာရော အဲဒီ မျက်နှာကြီးဟာ နောက် အမှောင်ထဲက ဆွဲယူလိုက်သလို ဖြန်းဆို ပျောက်သွားတယ် ခင်ဗျ။ ကျွန်တော်လည်း အဲဒီနားမှာ ငူတူတူ ဖြစ်ကျန်ရစ်တာပေါ့ ခင်ဗျာ၊ ဒီမျက်နှာဟာ မိန်းမရဲ့ မျက်နှာလား ယောကျ်ားရဲ့ မျက်နှာလား ဆိုတာလည်း ကျွန်တော် ဝေခွဲလို့ မရဘဲ ဖြစ်နေတယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာ အစွဲဆုံးကတော့ အဲဒီ မျက်နှာရဲ့ အသွေးအရောင်ပဲ ခင်ဗျ။ မျက်နှာကြီးက လူသေရဲ့ မျက်နှာကြီးလို ဝါထိန်လို့ ခင်ဗျ။ ဘယ်လိုကြီးလို့ကို မပြောတတ်အောင်ပါပဲ ခင်ဗျာ၊ ဒီမျက်နှာကြီးကို မြင်ပြီး ကျွန်တော့် စိတ်မှာ အလိုလို ချောက်ချားနေတယ်၊ ဒါနှင့် ဒီအိမ်မှာ ဘယ်လို လူသစ်တွေများ ရောက်လာသလဲ ဆိုတာ သိချင်လာတာနှင့် အိမ်ထဲ ဝင်ပြီး တံခါးကို ခေါက်လိုက်တယ် ခင်ဗျ။ ချက်ချင်း တံခါး ပွင့်လာပြီး အရပ် ရှည် ရှည် ပိန် ပိန် မိန်းမကြီး တစ်ယောက် ရပ်နေတယ်၊ မျက်နှာပေါက်ကြီးက ဆိုးပါဘိသနှင့်။



'ဘာကိစ္စလဲ'





'"ဘာကိစ္စလဲ" လို့ အသံ ဝဲဝဲနှင့် မေးတယ် ခင်ဗျ။

'"ကျွန်တော်က မျက်နှာချင်းဆိုင် အိမ်ကပါ၊ အဒေါ်တို့က ခုမှ ပြောင်းလာတဲ့ လူသစ်တွေ ဆိုတော့ အကူအညီတို့ ဘာတို့များ လိုရင်"

'"အေး လိုရင် ပြောမယ်" ဆိုပြီး တံခါးကို ဂျိမ်းခနဲ ပိတ်ပစ်လိုက်တယ် ခင်ဗျ။ ကျွန်တော်လည်း မိန်းမကြီးနှယ် ရိုင်းလှချည်ကလားလို့ စိတ်ထဲမှာ ကသိကအောက် ဖြစ်ပြီး ပြန်လာခဲ့တယ်၊ အဲဒီနေ့ ညနေ တစ်ညနေလုံး ကျွန်တော့် စိတ်ထဲမှာ ပြတင်းပေါက်က မြင်ခဲ့ရတဲ့ မျက်နှာကြီးနှင့် မိန်းမကြီးရဲ့ ရိုင်းပျတဲ့ အပြုအမူကိုပဲ မြင်ယောင်နေတယ် ခင်ဗျ။ တခြားကို စိတ်ရောက်အောင် ဘယ်လိုပဲ လုပ်လုပ် စိတ်ထဲမှာ အဲဒီ အိမ်သစ်က လူသစ်တွေ အကြောင်းကိုပဲ တွေးနေမိတယ်၊ ပြတင်းပေါက်မှာ မြင်ခဲ့ရတဲ့ မျက်နှာကြီး အကြောင်းကိုတော့ ကျွန်တော့် မိန်းမကို ပြန်မပြောတော့ပါဘူး၊ ကျွန်တော့် မိန်းမက စိတ်ငယ်တတ်သူ ဖြစ်လေတော့ ဒီအနိဋ္ဌာရုံကြီး အကြောင်းကို ပြောလည်း မပြောချင် ပါဘူး၊ ဒါပေမဲ့ အိပ်ရာ ဝင်ခါနီးကျတော့ နှစ်ထပ်တိုက်မှာ လူသစ်တွေ ရောက်လာတဲ့ အကြောင်းကိုတော့ ပြောလိုက်ပါတယ်၊ ကျွန်တော့် မိန်းမကတော့ ဘာမှ ပြန် မပြောပါဘူး။

'အမှန်ကတော့ ကျွန်တော်က တော်တော် အအိပ်ကြီးတဲ့ လူပါ၊ အိပ်မိရင် ဆင်အော်လို့တောင် မနိုးဘူးလို့ အိမ်သားတွေက နောက်ပြောင် ပြောလေ့ရှိကြပါတယ်၊ ဒါပေမဲ့ အဲဒီ ညကတော့ အနိဋ္ဌာရုံကြီးကို မြင်ခဲ့မိလို့လား ဘာလားတော့ မပြောတတ်ဘူး ခင်ဗျ။ ကောင်းကောင်းကို အိပ်လို့ မပျော်ဘူး၊ အိပ်ပျော်လိုလို ဘာလိုလိုနှင့် သိမှေ့ သိမှေ့ ဖြစ်နေတယ်၊ အခန်းထဲမှာ တစ်ခုခု ဖြစ်နေသလိုလို ဘာလိုလို သိနေတယ်၊ ဒါနှင့် သတိထားပြီး ကြည့်လိုက်တဲ့ အခါကျတော့ ကျွန်တော့် မိန်းမဟာ အဝတ်အစား လဲပြီး အပေါ်က ဝတ်ရုံ တစ်ထည်ကို ထပ်ခြုံလို့ ခင်ဗျ။ ဒါနှင့် ကျွန်တော်လည်း အိပ်ချင်မူးတူးနှင့် အချိန်မတော်ကြီး ဘယ်သွားမလို့လဲ ဘာလဲလို့ မေးမယ် လုပ်မလို့ ပါးစပ်ကို အဟလိုက်မှာ ကျွန်တော့် မျက်စိဟာ သူ့ မျက်နှာကို လှမ်းကြည့်လိုက်မိတယ် ခင်ဗျ။ သူ့ မျက်နှာကို ဖယောင်းတိုင် မီးရောင်ထဲမှာ ကောင်းကောင်း မြင်နေရတယ်၊ မျက်နှာကို ကြည့်ရင်း ကျွန်တော်လည်း နှုတ်ဆွံ့နေမိတယ်၊ သူ့ မျက်နှာပေါ်က ဒီလို အမူအရာမျိုးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး ခင်ဗျ။ မမြင်ဖူးတဲ့ပြင် ကျွန်တော့် မိန်းမ မျက်နှာဟာ ဒီလို အမူအရာမျိုးကို ဆောင်နိုင်မယ်လို့ တစ်ခါမှ မထင်ခဲ့မိဘူး ခင်ဗျ။ သူ့ မျက်နှာဟာ လူသေ မျက်နှာလို ဖြူဖပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြူရော် ဖြစ်နေတယ်၊ အသက်ရှူ ပြင်းပြင်းနှင့် ကျွန်တော့် ခုတင်ဘက်ကို လှမ်းကြည့်နေတယ်၊ ကျွန်တော်များ နိုးလာမလား ဆိုပြီး စိုးရိမ်နေတဲ့ ပုံပဲ ခင်ဗျ။ ကျွန်တော် အိပ်နေတယ်လို့ ထင်ပြီး အခန်းထဲက အသာ ထွက်တယ်၊ ပြီးတော့ အိမ်ရှေ့ခန်း တံခါးကြီးကို ကျီခနဲ ပိတ်လိုက်တဲ့ အသံ ပေါ်လာတယ်၊ ကျွန်တော်လည်း အိပ်ရာပေါ် ထထိုင်ပြီး ကျွန်တော် နိုးနေတာမှ ဟုတ်ရဲ့လား ဆိုပြီး သေချာအောင် ကျွန်တော့် လက်ကောက်ဝတ်ကို ခုတင် တိုင်နှင့် ရိုက်ကြည့်တယ်၊ ပြီးတော့ ခေါင်းအုံး အောက်မှာ ထားတဲ့ နာရီကို ယူကြည့်လိုက်တယ် ခင်ဗျ။ နာရီကို ကြည့်လိုက်တော့ မနက် သုံးနာရီ ထိုးနေပြီ၊ ကျွန်တော့် မိန်းမဟာ အချိန်မတော်ကြီးမှာ ဘာဖြစ်လို့ အပြင်ကို ထွက်သွားရသလဲ။

'ကျွန်တော်ဟာ ခုတင်ပေါ်မှာ ထိုင်ပြီး မိနစ် နှစ်ဆယ်လောက် ကြာအောင် စဉ်းစားနေမိတယ်၊ စဉ်းစားလေလေ အကြောင်း ရှာမတွေ့လေလေပါပဲ ခင်ဗျာ၊ ကျွန်တော် ဒီလို ထိုင်စဉ်းစားနေတုန်းမှာပဲ တံခါး အသာ ပွင့်လာသံကို ကြားရပြီး လှေကားက တက်လာတဲ့ ခြေသံကို ကြားရတယ် ခင်ဗျ။

'အခန်းထဲ ဝင်လာတော့ အယ်ဖီ ဘယ်သွားတာလဲလို့ ကျွန်တော်က မေးတယ်။

'ကျွန်တော့် မိန်းမဟာ လန့်သွားပြီး အသံ ထွက်အောင် အော်လိုက်တယ်၊ သူ့ အော်သံနှင့် လန့်သွားတဲ့ အမူအရာကို မြင်လိုက်တော့ ကျွန်တော် ပိုပြီး မသင်္ကာ ဖြစ်လာတယ် ခင်ဗျ၊ သူ့မှာ အပြစ် တစ်ခုခု ရှိလို့ နေမှာပဲလို့သာ ကျွန်တော် တွေးလိုက်မိတယ်၊ ကျွန်တော့် မိန်းမဟာ အမြဲတမ်း ပွင့်ပွင့်လင်းလင်း ပြောတတ် ဆိုတတ်တဲ့ မိန်းမ၊ ခုလို ကိုယ့် ယောကျ်ားက မေးလိုက်တော့ ဘာမှ မပြောဘဲ ကြောက်လန့်တကြားနှင့် သူ့ အိပ်ခန်းထဲ ဝင်သွားတာကို မြင်လိုက်တဲ့ အခါကျတော့ ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုနေမှန်း မသိဘူး ခင်ဗျ။

' "ဟင် နိုးနေသလား" ဆိုပြီး ခြောက်ကပ်ကပ်နှင့် ရယ် တယ် ဗျ၊ "အယ်ဖီက ရှင် နိုးမှာ မဟုတ်ဘူးလို့ ထင်နေတာ" တဲ့။

' "ခု ဘယ်က လာတာလဲ" လို့ ကျွန်တော်က လေသံ ခပ်ပြတ်ပြတ်နှင့် မေးလိုက်တယ်။

' "ရှင် တအံ့တသြ ဖြစ်နေမယ် ဆိုတာ သိပါတယ်" လို့ ပြောရင်း သူ့ ဝတ်ရုံ အင်္ကျီ ခါးစည်းကြိုးကို ဖြုတ်နေတယ် ခင်ဗျ၊ ခါးစည်းကြိုးကို ကိုင်ထားတဲ့ သူ့ လက်တွေဟာ တုန်နေတယ် ဆိုတာကို ကျွန်တော် သတိပြုလိုက်မိတယ်။





' "ဟုတ်တယ်၊ အယ်ဖီ စိတ်ထဲမှာလည်း ဒီလို တစ်ခါမှ မဖြစ်ဖူးဘူး၊ ဘယ်လို ဖြစ်မှန်း မသိဘူး၊ အခန်းထဲမှာ အိပ်နေရင်း အသက်ရှူကျပ်သလို ဖြစ်သလို့ အပြင် လေကောင်းလေသန့်ကို ရှူချင်လာတယ်၊ အပြင် မထွက်လိုက်ရရင် ရှူကို မေ့မြောသွားလိမ့်မယ်လို့တောင် ထင်လိုက်ရတယ်၊ ဒါနှင့် တံခါးဝနား သွားရပ်နေတာ၊ ခုတော့ ကောင်းသွားပါပြီ၊ ဘာမှ မဖြစ်တော့ပါဘူး" တဲ့။

'စကားသာ ပြောနေပေမဲ့ မျက်နှာက ကျွန်တော့်ဘက်ကို တစ်ခါမှ လှည့်တော့ဘူး ခင်ဗျ၊ အသံကလည်း မှုမမှန်ဘူး၊ သူ ကျွန်တော့်ကို လိမ်ဆယ် ပြောနေတယ် ဆိုတာ ထင်ရှားတယ် ခင်ဗျ၊ ကျွန်တော်က ဘာမှတော့ ပြန်မပြောပါဘူး၊ ဒါပေမဲ့ မျက်နှာကို တစ်ဖက်ကို လှည့်ပစ်လိုက်တယ်၊ စက်လည်း စက်ဆုပ်တယ်၊ ရင်ထဲမှာလည်း အဆိပ်လို ပြင်းတဲ့ သံသယတွေ ပေါ်လာတယ်၊ ကျွန်တော့် မိန်းမဟာ ကျွန်တော့်ကို အသိ မပေးဘဲ ဘာဖြစ်လို့ ထွက်သွားရသလဲ၊ ဘယ်ကို သွားတာလဲ စတဲ့ မေးခွန်းတွေကို ကိုယ့်ဘာသာကိုယ် မေးနေမိတယ်၊ ဒါတွေကို မသိရမချင်း ကျွန်တော် စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ ဒါပေမဲ့ သူ ကျွန်တော့်ကို လိမ်ဆယ် ပြောထားလေတော့ ကျွန်တော် နောက်ထပ်လည်း မမေးချင်တော့ဘူး၊ လူးလိုက် လှိမ့်လိုက်နှင့် အချိန် ကုန်တာပါပဲ၊ ကျွန်တော့် မိန်းမဟာ ဘယ်ကို သွားတာလဲ ဘာကိစ္စလဲနှင့် တွေးရင်း မိုးလင်းတော့တာပါပဲ။

'အဲဒီနေ့က ကျွန်တော် မြို့ထဲကို သွားစရာ ကိစ္စ ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာတော့ အလုပ် ကိစ္စကို စိတ်မဝင်စားနိုင်ဘူး၊ ဒီအကြောင်းကိုပဲ တွေးနေမိတယ်၊ ကျွန်တော့်တွင်လား ဆိုတော့ မဟုတ်ဘူး ခင်ဗျ၊ သူလည်းပဲ ဒီအတိုင်းပဲ၊ ကြည့်ရတာ စိတ် တော်တော် လှုပ်ရှားနေပုံပဲ၊ ကျွန်တော့်ကို အကဲခတ်တဲ့ မျက်လုံးနှင့် မကြာ မကြာ လှမ်းကြည့်နေတာကို ထောက်ရင် သူ့စကားကို ကျွန်တော် မယုံဘူး ဆိုတာ သူကိုယ်တိုင်လည်း သိပုံ ရတယ်၊ သူ့ စိတ်ထဲမှာ တော်တော် အကြံရ ခက်နေပုံပဲ၊ မနက် ထမင်းစားပွဲမှာ အတူတော့ ထိုင်ကြပါရဲ့၊ တစ်ယောက်နှင့် တစ်ယောက် စကား မပြောဖြစ်ကြဘူး၊ ခဏနေတော့ စိတ်ပြေလက်ပျောက် ဆိုပြီး ကျွန်တော်လည်း လမ်းလျှောက် ထွက်ခဲ့ပါတယ်။

'ကျွန်တော်လည်း ခရစ်စတယ် ပဲလေ့နား အထိ လမ်းလျှောက်ပြီး နော်ဘရီကို နာရီပြန် တစ်ချက်လောက်မှ ပြန်လာခဲ့တယ်၊ ကျွန်တော့်အိမ် ပြန်တော့ နေ့က လူသစ်တွေ ပြောင်းလာတဲ့ နှစ်ထပ်တိုက်နားက ဖြတ်ရမှာကိုး ခင်ဗျ၊ ဒါနှင့် အဲဒီ အိမ်ရှေ့ ရောက်တော့ ပြတင်းပေါက်ကို အလိုလို လှမ်းကြည့်လိုက်မိတယ်၊ တမြန်နေ့တုန်းက မြင်လိုက်ရတဲ့ မျက်နှာကြီးကိုများ မြင်ရမလားလို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ၊ အဲဒီလို နေတုန်းမှာ တံခါး ပွင့်လာပြီး မိန်းမ တစ်ယောက် ထွက်လာတယ်၊ ထွက်လာသူက တခြား မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော့် မိန်းမ၊ ကျွန်တော် ဘယ်လောက် တအံ့တသြ ဖြစ်တယ် ဆိုတာ စုံထောက်ကြီးပဲ စဉ်းစားကြည့်ပါတော့ ခင်ဗျာ။

'သူ့ကိုလည်း မြင်လိုက်ရော ကျွန်တော်လည်း ဘာလုပ်လို့ ဘာပြောရမှန်း မသိဘူး၊ ကြက်သေ သေနေမိတယ်၊ ကျွန်တော်တို့ နှစ်ယောက် မျက်လုံးချင်း ဆုံလိုက်မိကြတယ် ခင်ဗျ၊ သူ့ မျက်နှာပေါ်မှာ ပေါ်နေတဲ့ အမူအရာနှင့် စာလိုက်တော့ ကျွန်တော့် ရင်ထဲမှာ ဖြစ်နေတဲ့ ခံစားချက်ဟာ ဘာမှ မပြောလောက်ဘူး ခင်ဗျာ၊ ကျွန်တော့်ကို မြင်လိုက်တော့ အိမ်ထဲကို ပြန်ဝင်မယ်လို့ လုပ်သေးတယ်၊ နောက်တော့ ကွယ်ဝှက်နေဖို့လည်း မထူးပါဘူးလို့ သဘောပေါက်သွားလို့လား မသိဘူး၊ မျက်နှာ ဖြူဖပ်ဖြူရော်နှင့် ကျွန်တော့်ဆီကို လျှောက်လာတယ်၊ မျက်လုံးကလည်း ပြူးလို့၊ ကြိုးစားပြီး ပြုံးထားပေမဲ့ ကြည့်လိုက်တာနှင့် ဘယ်လောက် စိတ်လှုပ်ရှားနေသလဲ ဆိုတာ အလွယ်တကူ သိနိုင်ပါတယ် ခင်ဗျာ။

' "ဟင် ဂျက်၊ အိမ်နားနီးချင်းတွေ ဘာများ အကူအညီ လိုသလဲလို့ လာကြည့်တာ၊ အယ်ဖီကို ဘာဖြစ်လို့ ဒီလိုကြီး ကြည့်နေရတာလဲ၊ စိတ်ဆိုးသလား ဟင်"

' "သြော်၊ လက်စသတ်တော့ မနေ့ညကလည်း ဒီကို ထွက်သွားတာပေါ့၊ ဟုတ်လား"

' "ရှင် ဘာတွေ ပြောနေတာလဲ၊ မဟုတ်တာ"

' "ဟုတ်ပါတယ်၊ မနေ့ညတုန်းက မင်း ဒီကို လာတာပါ၊ အချိန်မတော်ကြီး ညကြီးသန်းခေါင် သွားလည်ရအောင် ဒီအိမ်က လူတွေက ဘယ်လို လူတွေလဲ၊ ဘယ်က လူတွေလဲ ပြောစမ်း"

' "မဟုတ်ပါဘူး၊ အယ်ဖီ ဒီကို လာတာ မဟုတ်ပါဘူး၊ ဒီကို ရောက်တာ ဒီတစ်ခေါက်ပဲ ရှိပါသေးတယ်"

' "မဟုတ်မှန်း သိလျက်နှင့် မင်း ဘာဖြစ်လို့ လိမ်ပြောချင်ရတာလဲ၊ မင်း အသံက မှုမမှန်ဘူး၊ မင်းကို ငါ ဘာမှ လျှို့ဝှက်ထားတာ မရှိခဲ့ဘူး၊ ငါ့ကို ဒီလို မလိမ့်တပတ်တော့ လုပ်လို့ မရဘူး၊ အိမ်ထဲကို ဝင်ပြီး ငါ မေးမယ်၊ ဒီကိစ္စ ရှင်းမှ ဖြစ်မယ်" လို့ ကျွန်တော်က အော်တယ် ခင်ဗျ။

'ဒီတော့ ကျွန်တော့် မိန်းမဟာ ထိန်းမထိန်းနိုင်တော့ဘဲ အလန့်တကြားနှင့် "မလုပ်ပါနှင့်ရှင် ရှိကြီးခိုးပါရဲ့၊ မလုပ်ပါနှင့်" လို့ ပျာပျာသလဲ တောင်းပန်





တယ်၊ ကျွန်တော်က အိမ်ထဲကို ဝင်မယ် လုပ်တော့ ကျွန်တော့် လက်ကို အတင်း ဆွဲထားပြီး "ဂျက်ရယ်၊ အယ်ဖီ တောင်းပန်ပါရစေ၊ မလုပ်ပါနှင့်၊ တစ်နေ့မှာ ရှင့်ကို အားလုံး ပြောပြပါ့မယ်၊ ဘုရားစူးရပါစေရဲ့၊ ဒီအိမ်ထဲကိုတော့ မဝင်ပါနှင့်၊ ဝင်ရင် ရှင် ဒုက္ခတွေ့မှာ စိုးလို့ပါ၊ မဝင်ပါနှင့်"

'ကျွန်တော်က သူ့ကို အော်ငေါက်ပြီး အိမ်ထဲကို အတင်း ဝင်လာခဲ့တယ် ခင်ဗျ၊ သူကလည်း ကျွန်တော့် လက်ကို မလွှတ်ဘူး၊ အတင်း တွယ်ကပ် လိုက်လာပြီး မဝင်ဖို့ တောင်းပန်တယ်။

' "ဂျက်ရယ်၊ အယ်ဖီ တောင်းပန်ပါတယ်၊ ရှိကြီးခိုးပါရဲ့၊ ဒီတစ်ကြိမ်တော့ အယ်ဖီ့ စကားကို နားထောင်မယ်ပါ၊ နောင်မှ နောင်တ ရတာမျိုး မဖြစ်ရအောင် အယ်ဖီ တောင်းပန်နေတာပါ၊ အယ်ဖီတို့ ဘဝတစ်ခုလုံးဟာ ကိုးရိုးကားရား ဖြစ်သွားမှာ စိုးလို့ အယ်ဖီ ဒီလောက် တောင်းပန်နေတာပါ၊ ဒီအိမ်ထဲကို မဝင်ဘဲ အယ်ဖီနှင့် အတူတူ လိုက်လာခဲ့ရင် ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး၊ လိုက်ခဲ့ပါ၊ အယ်ဖီ့ စကားကို နားမထောင်ဘဲ အိမ်ထဲကို အတင်း ဝင်မယ် ဆိုရင်တော့ ကိုယ်ကျိုးကြီး နည်းပါလိမ့်မယ်၊ မဝင်ပါနှင့်"



'ဂျက်ရယ်၊ အယ်ဖီ တောင်းပန်ပါတယ်၊ မဝင်ပါနှင့်'

'သူ့ အသံမှာ တောင်းပန် တိုးလျှိုးတဲ့ အသံ၊ စိတ်ပျက်အားငယ်တဲ့ အသံ၊ ယူကျုံးမရ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အသံတွေ ပါနေတယ် ခင်ဗျ၊ သူ့ အသံထဲမှာသာ မဟုတ်ဘူး၊ အမူအရာတွေနှင့် စကားလုံးတွေထဲမှာလည်း ပါနေတယ်၊ ဒါနှင့် ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘဲ အပေါက်ဝမှာ ချီတုံ ချတုံ ဖြစ်နေတယ် ခင်ဗျ။

' ''ကောင်းပြီ၊ ဒီလိုဆိုရင် မင်း ငါ့ကို ကတိ တစ်ခုပေး၊ ငါ့ကို ဖွင့်မပြောနိုင်ဘူး ဆိုရင်နေ၊ ဒါပေမဲ့ ညမှာ မထွက်ရဘူး၊ နောက်ပြီးတော့ ငါ မသိဘဲ ဘာမှ မလုပ်ရဘူး၊ ဒီကိစ္စမျိုး နောက်ထပ် မဖြစ်တော့ဘူး ဆိုရင် တော်ပြီ၊ ငါ့ကို မပြောချင်နေ'' လို့ ကျွန်တော်က ပြောတယ် ခင်ဗျ။

'ဒီတော့ သူက သက်ပြင်းချပြီး ''အယ်ဖီကို ရှင် ယုံမှာပါ၊ ရှင် ပြောတဲ့အတိုင်း အယ်ဖီ နောက်ကို မသွားတော့ပါဘူး၊ ရှင့် စိတ်တိုင်းကျ ဖြစ်ရပါစေမယ်၊ ကဲ လာ သွားကြစို့၊ အိမ်ကို ပြန်ကြရအောင်ပါ'' လို့ ကျွန်တော့် လက်ကို ဆွဲပြီး ခေါ်လာတယ် ခင်ဗျ၊ ကျွန်တော်တို့ လင်မယား နှစ်ယောက် အိမ်ဘက်ကို ပြန်လာလို့ လှမ်းကြည့်လိုက်တဲ့ အခါကျတော့ ဝါထိန်နေတဲ့ လူသေရဲ့ မျက်နှာကြီးဟာ အပေါ်ထပ် ပြတင်းပေါက်ကနေပြီး ကျွန်တော်တို့ကို လှမ်းကြည့်နေတယ် ခင်ဗျ၊ ဒီသတ္တဝါကြီးနှင့် ငါ့ မိန်းမ ကြားမှာ ဘာတွေများ ဖြစ်ခဲ့ကြသလဲ၊ ဘယ်လိုများ ပတ်သက်လို့လဲလို့ ကျွန်တော့် စိတ်ထဲမှာ တအုံနွေးနွေး ဖြစ်နေတယ်၊ ဒါမှမဟုတ်ရင်လည်း မနေ့တုန်းက ကျွန်တော့်ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလိုက်တဲ့ မျက်နှာပေါက် ဆိုးဆိုး မိန်းမကြီးနှင့် ကျွန်တော့် မိန်းမဟာ ဘယ်လိုများ သက်ဆိုင်နေကြသလဲ၊ ကျွန်တော့် အဖို့တော့ ပဟေဠိကြီး ဖြစ်နေတာပေါ့ ခင်ဗျာ၊ ဒီပြဿနာကြီးကို မသိရမချင်း ကျွန်တော့် ရင်ထဲမှာတော့ ရှင်းတော့မှာ မဟုတ်ဘူး ခင်ဗျ။

'နောက် နှစ်ရက်လုံးလုံး ကျွန်တော်လည်း ဘယ်ကိုမှ မထွက်ဘူး၊ ကျွန်တော့် မိန်းမကလည်း ကတိ အတိုင်း ဘယ်ကိုမှ မသွားဘူး၊ ကျွန်တော် သိသလောက် ဆိုရင် အဲဒီ နှစ်ရက် လုံးလုံး အိမ်ပြင်ကိုတောင် မထွက်ပါဘူး၊ ဒါပေမဲ့ တတိယနေ့ ရောက်တဲ့ အခါကျတော့ သူ့ကတိကို ချိုးဖောက်တဲ့ အရိပ်အယောင်ကို တွေ့ရတယ် ခင်ဗျ။

'အဲဒီနေ့ကျတော့ ကျွန်တော်ကလည်း ကိစ္စ ရှိတာနှင့် မြို့ထဲကို ထွက်လာ ခဲ့တယ်၊ ခါတိုင်းကတော့ ကျွန်တော်က ၃ နာရီ ၃၆ မိနစ် ရထားနှင့် ပြန်နေကျ၊ အဲဒီနေ့ကတော့ ကျွန်တော် ၂ နာရီ ၄၀ ရထားနှင့် ပြန်လာတယ်၊ အိမ်ကို ကျွန်တော် ရောက်တော့ ကျွန်တော့် အိမ်မှာ နေတဲ့ အိမ်ဖော် အမျိုးသမီးဟာ ကြောက်ကြောက်လန့်လန့်နှင့် နောက်ဖေးဘက်ကို ဝင်ပြေးတယ်၊ ကျွန်တော်က





မင်းတို့ အစ်မ ဘယ်သွားသလဲလို့ မေးတော့ အပြင်ဘက်ကို လမ်းလျှောက်ထွက်သွားတယ် ထင်တယ်တဲ့။

'ကျွန်တော့် စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်လာတယ်၊ ဒါနှင့် ကျွန်တော် အိမ်ပေါ်ထပ် တက်ပြီး လိုက်ရှာတယ်၊ ရှာရင်း အပေါ်ထပ် ပြတင်းပေါက်ကနေပြီး အပြင်ကို လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့ အိမ်ဖော် အမျိုးသမီးဟာ ကွင်းပြင်ကို ဖြတ်ပြီး လူသစ်တွေ ရောက်တဲ့ နှစ်ထပ်တိုက်ဘက်ဆီကို ပြေးနေတာ မြင်လိုက်ရတယ်၊ ဒီလောက်ဆိုရင် ကျွန်တော် နားလည်ပြီလေ၊ ကျွန်တော့် မိန်းမက ဟိုအိမ်ကို သွားတော့ ကျွန်တော် ပြန်လာရင် လိုက်ခေါ်ဖို့ မှာပစ်ခဲ့လို့ပဲ ဖြစ်ရမှာပေါ့၊ ကျွန်တော်လည်း ရင်ထဲမှာ ဗလောင်ဆူပြီး အိမ်ပေါ်က ဆင်းလိုက်လာခဲ့တယ်၊ ဒီကိစ္စကိုတော့ အပြတ်ရှင်းမှ ဖြစ်တော့မယ်ပေါ့၊ လမ်းရောက်တော့ အိမ်ဘက်ကို ပြန်လာတဲ့ ကျွန်တော့် မိန်းမနှင့် အိမ်ဖော်ကို တွေ့ရတယ် ခင်ဗျ၊ ကျွန်တော်လည်း သူတို့ကို ဘာမှ မမေးဘူး၊ နှစ်ထပ်တိုက်ပေါ်မှာ ကျွန်တော့် ဘဝကို တစ်မျိုးတစ်ဖုံ ပျက်စီးအောင် လုပ်နေတဲ့ လူတစ်ယောက် ရှိရမယ်ပေါ့၊ ဘာကြီးပဲဖြစ်ဖြစ် ဒီကိစ္စကိုတော့ ရှင်းမှ ဖြစ်မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ အဲဒီ အိမ်ကို ရောက်တဲ့ အခါကျတော့ ကျွန်တော် တံခါးတောင် မခေါက်တော့ဘဲ တံခါးကို ဖွင့်ပြီး အိမ်ထဲကို ဝင်လာခဲ့တယ်။

'အောက်ထပ်မှာ တစ်အိမ်လုံး တိတ်လို့ ခင်ဗျ၊ မီးဖိုထဲမှာ ရေနွေးကရားက ပွက်ပွက်ဆူလို့၊ တောင်းတစ်လုံးထဲမှာ ကြောင်နက် တစ်ကောင်က ခွေလို့၊ ကျွန်တော့်ကို တံခါး လာဖွင့်ပေးတဲ့ မျက်နှာပေါက် ဆိုးဆိုး မိန်းမကြီးကိုလည်း မတွေ့ရဘူး ခင်ဗျ၊ ဒါနှင့် တခြား အခန်း တစ်ခန်းဘက်ကို ကူးလာခဲ့တယ်၊ အဲဒီ အခန်းထဲမှာလည်း တိတ်လို့၊ အပေါ်ထပ်ကို ကျွန်တော် ပြေးတက်လာခဲ့တယ်၊ အပေါ်ထပ်မှာလည်း လူတစ်ယောက်မှ မရှိဘူး ခင်ဗျ၊ အခန်း နှစ်ခန်းကို ဝင်ကြည့်တယ်၊ အိမ်ထဲမှာ လူသူ ဆိုလို့ တစ်ယောက်မှ မတွေ့ရဘူး၊ အိမ်ထောင်ပရိဘောဂတွေ၊ အရုပ်ကားတွေကလည်း သာမန်ပါပဲ ခင်ဗျာ၊ အညံ့စားတွေချည်းပါပဲ၊ အဲ မျက်နှာ ဝါဝါကြီးကို မြင်ရတဲ့ ပြတင်းပေါက် ရှိတဲ့ အခန်းကတော့ ဖြင့် တော်တော်ကလေး သားနားတယ် ခင်ဗျ၊ နာရီစင်ပေါ်မှာ တင်ထားတဲ့ ကျွန်တော့် မိန်းမရဲ့ ဓာတ်ပုံကို မြင်လိုက်တဲ့ အခါကျတော့ ဒေါသ ထွက်လိုက်တာ ခပြောပါနှင့်တော့ ခင်ဗျာ၊ ဒီဓာတ်ပုံက လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်တော် အရိုက်ခိုင်းလို့ ရိုက်ထားတဲ့ ဓာတ်ပုံ။

'အိမ်ကြီးပေါ်မှာ လူသူ တွေ့ရမလားလို့ ကျွန်တော် တော်တော် ကြာ



www.burmeseclassic.com

www.burmeseclassic.com





'ဒါဖြင့် ငါ့ကို ပြောပြစမ်း'

အောင် လိုက်ရှာကြည့်တယ်၊ တစ်ယောက်မှ မတွေ့ရတော့မှ ကျွန်တော်လည်း အိမ်ပေါ်က ပြန်ဆင်းလာခဲ့တယ်၊ ရင်ထဲမှာတော့ ခဲကြီး ဆွဲထားသလို လေးနေတာပေါ့ ခင်ဗျာ၊ အိမ်ပြန်ရောက်တော့ ကျွန်တော့် မိန်းမက ကျွန်တော့် နောက်က လိုက်လာတယ်၊ ဒါပေမဲ့ ကျွန်တော် သူနှင့် စကားလည်း မပြောချင်ဘူး၊ မျက်နှာချင်းလည်း မဆိုင်ချင်ဘူး၊ ဒါနှင့် သူ့ကို တွန်းဖယ်ပြီး ဧည့်ခန်းထဲ ဝင်လာခဲ့တယ်၊ ကျွန်တော် တံခါး မပိတ်ခင် သူက အတင်း ဝင်လိုက်လာတယ် ခင်ဗျ။

' ''ဂျက်ရယ်၊ ကတိ မတည်တဲ့ အတွက် အယ်ဖီ တောင်းပန်ပါတယ်၊ ဒါပေမဲ့ အကျိုးအကြောင်းကို သိရင် ရှင် အယ်ဖီကို ခွင့်လွှတ်မှာပါ''

' ''ဒါဖြင့် ငါ့ကို ပြောပြစမ်း''

' ''အဲဒါကတော့ ပြောလို့ မဖြစ်လို့ပါ၊ မပြောပါရစေနှင့်''

' ''တော်ပြီ၊ ဒီအိမ်မှာ ဘယ်သူတွေ နေသလဲ၊ မင်း ဓာတ်ပုံ အဲဒီကို ဘာကြောင့် ရောက်နေသလဲ ဆိုတာကို မပြောမချင်း မင်း ငါ့ကို စကား မပြောနှင့်'' လို့ ပြောပြီး ကျွန်တော်လည်း အိမ်က ထွက်လာခဲ့တာပါပဲ ခင်ဗျာ၊ အဲဒါ မနေ့က ခင်ဗျ၊ နောက် သူနှင့် မတွေ့ရသေးဘူး၊ အဲဒီ အိမ်က လူ အကြောင်းလည်း ကျွန်တော် ဘာမှ မသိရသေးဘူး၊ ဒါဟာ ကျွန်တော်တို့ လင်မယား နှစ်ယောက် ကြားမှာ ပထမဆုံး ပြဿနာ ဖြစ်တာပါပဲ၊ ကျွန်တော်တော့ စိတ်ထိခိုက်တာနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိအောင် ဖြစ်နေပြီ ခင်ဗျ၊ ဒီနေ့တော့ စုံထောက်ကြီးကို တိုင်ပင်ရင် ကောင်းမှာပဲ ဆိုပြီး စုံထောက်ကြီးဆီကို ထွက်လာခဲ့တာပါပဲ၊ ဒီတော့ ကျွန်တော့် ကိစ္စကို စုံထောက်ကြီးရဲ့ လက်ကို ခြွင်းချက် မရှိ ပုံအပ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ပြောတာတွေထဲမှာ မရှင်းတာများ ပါရင် မေးနိုင်ပါတယ်၊ ကျွန်တော် ဘာလုပ်ရမလဲ ဆိုတာကိုသာ မြန်မြန်လေး



ဆုံးဖြတ်ပေးပါ၊ ကျွန်တော် ရင်ထဲမှာ မခံနိုင်လွန်းလို့ပါ'

ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် အလွန်အမင်း စိတ် တုန်လှုပ် ချောက်ချားနေသူ တစ်ဦး၏ ဟန်ဖြင့် ပြတ်တောင်း ပြတ်တောင်း ပြောဆိုလျက် ရှိသည့် ဆိုလူ၏ ထူးဆန်းသော စကားများကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိကြလေ၏။ ရှားလော့ဟုမ်းမှာ မေးကို လက်ဖြင့် ထောက်ကာ အချိန် အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်ရင်း စဉ်းစားလျက် ရှိလေ၏။

'ပြတင်းပေါက်မှာ မြင်လိုက်ရတဲ့ မျက်နှာကြီးက ယောကျ်ား မျက်နှာ ဆိုတာ သေချာရဲ့လား'

'ခပ်လှမ်းလှမ်းက မြင်ရတဲ့ အတွက် ဒါတော့ သိပ်မသေချာဘူး ခင်ဗျ'

'သို့သော်လည်း ဒီမျက်နှာကြီးကို မြင်လိုက်ရတဲ့ အတွက် ခင်ဗျားမှာ စိတ်မချမ်းမသာတော့ ဖြစ်တယ် ဆိုပါတော့'

'မျက်နှာကြီး အရောင်ကလည်း တစ်မျိုး ခင်ဗျ၊ ပြီးတော့ ရုပ်ကြီးကလည်း မျက်နှာမှာ ကြွက်သားတွေ အကြောစိုင်တွေ မပါတဲ့ အတိုင်းပဲ၊ ဝင်းနားကို ကျွန်တော် လျှောက်သွားတာနှင့် တစ်ပြိုင်နက် ဖြုတ်ဆို ပျောက်သွားတာချည်းပဲ'

'ခင်ဗျား ဇနီးက ခင်ဗျားဆီက ပေါင်တစ်ရာ တောင်းတာ ဘယ်လောက် ကြာပလဲ'

'နှစ်လ နီးပါး ရှိသွားပြီ ခင်ဗျ'

'သူ့ ပထမ အိမ်ထောင်သည်ရဲ့ ဓာတ်ပုံကိုကော ခင်ဗျား မြင်ဖူးသလား'

'မမြင်ဖူးဘူး ခင်ဗျ၊ သူ့ ပထမ ယောကျ်ား ဆုံးပြီး မကြာခင်မှာပဲ အတ္တလန်တာမှာ မီးကြီး လောင်လို့ ပစ္စည်းတွေ အကုန် မီးထဲ ပါသွားပါတယ်'

'ခင်ဗျား မိန်းမမှာ သူ့ ယောကျ်ားရဲ့ သေစာရင်း ရှိတယ်ဆို၊ ခင်ဗျား မြင်ဖူးတယ်ဆို'

'ဟုတ်ပါတယ်၊ မီးလောင်ပြီးတော့ ဆိုင်ရာက ကော်ပီသစ် ထုတ်ပေးပါတယ်'

'အမေရိကမှာတုန်းက သူ့ကို သိခဲ့တဲ့ လူတွေ ဘာတွေကို တွေ့ဖူးသလား'

'မတွေ့ဖူးပါဘူး ခင်ဗျာ'

'အမေရိကကို အလည်လေး ဘာလေး သွားဖို့ကော ခင်ဗျားကို မပြောမိဘူးလား'

'မပြောပါဘူး'

'အမေရိကက စာတို့ ဘာတို့ကော လာဖူးသလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သီသလောက် တစ်စောင်မှ မလာဖူးပါဘူး'

'ကျေးဇူးတင်တယ်၊ ခင်ဗျား ကိစ္စကို ကျုပ် စဉ်းစားကြည့်ဦးမယ်လေ၊ နှစ်ထပ်တိုက်က လူတွေ အပြီးအပိုင် ပြောင်းသွားပြီ ဆိုရင်တော့ ကျုပ်တို့မှာ အခက်အခဲ နည်းနည်း ရှိနိုင်တယ်ဗျ၊ သို့သော်လည်း ခင်ဗျား လာမှာကို ကြို သိလို့ အဲဒီနေ့က တမင် ရှောင်နေကြတာ ဆိုရင်တော့ ဒီနေ့လောက် ဆိုရင် ပြန် ရောက်လောက်ပါပြီ၊ ဒီလိုဆိုရင်တော့ ရှင်းရတာ သိပ် ခက်တော့မှာ မဟုတ်ပါ ဘူး၊ ဒီတော့ ခင်ဗျားကို အကြံ ပေးချင်တာက နော်ဗာရီကို ပြန်ပါ၊ ဟိုရောက် တော့ အဲဒီ ပြတင်းပေါက်ကို တစ်ခေါက်လောက် ကြည့်ပါဦး၊ အကယ်၍ တိုက် မှာ လူနေတာကို တွေ့ရင် အတင်း မဝင်ပါနှင့်၊ ကျုပ်တို့ဆီကို ကြေးနန်း ရိုက် လိုက်ပါ၊ ကြေးနန်း ရပြီးရင် ကျုပ်တို့ တစ်နာရီ အတွင်း ရောက်အောင် လာခဲ့ မယ်၊ အဲဒီ အခါကျတော့ ပြဿနာကို ရှင်းကြတာပေါ့'

'လူသူ မရှိတော့ရင်ကော'

'ဒီလိုဆိုရင် မနက်ဖြန် ကျုပ်တို့ လာခဲ့မယ်လေ၊ ဟိုကျတော့ ကြည့်ရှင်း ကြတာပေါ့၊ ကဲ ဥတ်ဘိုင်ဗျာ၊ အကြောင်း မရှိသေးသမျှ ဘာမှ စိုးရိမ် ကြောင့်ကြ မဖြစ်ပါနှင့်'

ကျွန်ုပ်တို့၏ အမှုသည် မစ္စတာ ဂရန့် မွန်ရိုးကို တံခါးဝ ရောက်အောင် လိုက်ပို့ပြီးနောက် ရှားလော့ဟုမ်းက 'ကြည့်ရတာ အခြေအနေတော့ သိပ် မကောင်းလှဘူးဗျို့၊ ခင်ဗျား ဘယ်လို သဘောရသလဲ' ဟု ကျွန်ုပ်ကို မေးလိုက် လေ၏။

'ကြားရတာကလည်း တယ် မသက်သာလှဘူးဗျ'

'ဟုတ်တယ်ဗျ၊ အကျပ်ကိုင်ပြီး ငွေညှစ်တဲ့ သဘော ပါနေတယ်၊ ဒါမှ မဟုတ်ဘူး ဆိုရင်တော့လည်း ကျုပ် အတွက် မှားသွားပြီပေါ့ဗျာ'

'ဒါဖြင့် ငွေညှစ်တဲ့ လူက ဘယ်သူ ဖြစ်နိုင်သလဲ'

'အဲဒီ အိမ်မှာ ရှိတဲ့ တစ်ခုတည်းသော သားသားနားနား အခန်းထဲမှာ နေပြီး အမျိုးသမီးရဲ့ ပုံကို နာရီစင်ပေါ်မှာ တင်ထားတဲ့ သတ္တဝါပဲ ဖြစ်ရလိမ့် မယ်ဗျ၊ ကျုပ် အတပ် ပြောလိုက်မယ်ဗျာ၊ ပြတင်းပေါက်မှာ မြင်ရတယ် ဆိုတဲ့ မျက်နှာဝါဝါကြီးနှင့် ပတ်သက်လို့ တစ်ခုခု ထူးရမယ်၊ ဒီတော့ ဒီအမှုကို ကျုပ် လက်လွှတ်ခံလို့ မဖြစ်ဘူး'

'ထင်မြင်ချက်ကလေးများ ရှိရင် ကြားပါရစေဦး'

'ယာယီ ထင်မြင်ချက်တော့ ရှိပြီဗျ၊ မဟုတ်ကာမှ လွဲရော ဒီမိန်းမရဲ့ ယောက်ျားဟာ နှစ်ထပ်တိုက်ထဲမှာ ရောက်နေရမယ်ဗျ'

'ဘာကြောင့် ဒီလို ထင်သလဲဗျာ'

'အဲဒီ အိမ်ထဲကို သူ့ ဒုတိယ ယောက်ျား ဝင်မှာ ဘာကြောင့် ဒီလောက် စိုးရိမ်နေရသလဲ၊ ကျုပ် အဓိပ္ပာယ် ပြန်လို့ ရသလောက် ပြောရရင် ဒီ အဖြစ် အပျက်က ဒီလိုဗျ၊ ဒီမိန်းမဟာ အမေရိကမှာ လက်ထပ်ခဲ့တယ်၊ သူ့ ယောက်ျားက အကျင့် စာရိတ္တ မကောင်းဘူး၊ မိန်းမ ပွေတယ်၊ ဒီတော့ ဒီလူ ရောဂါ ရမယ်၊ ဒီရောဂါကြောင့် ဒီလူဟာ ကိုယ်ပျက်သွားရမယ်၊ သို့မဟုတ် တခြား ရောဂါကြီး တစ်ခုရင်လည်း စွဲကပ်နေရမယ်၊ ဒါနှင့် အမျိုးသမီးဟာ ဒီယောက်ျားကို စွန့်ပြီး အင်္ဂလန်ကို ထွက်ပြေးလာခဲ့တယ်၊ နာမည် အသစ် ပြောင်းပြီး ဘဝသစ် တစ်ခုကို ခဲ့တယ်၊ သူ နောက်အိမ်ထောင် ထူလို့ သုံးနှစ်လောက် ရှိသည် အထိ ဘာမှ ဖြစ်တော့ သူ့ စိတ်ထဲမှာ အလျင် ယောက်ျားရဲ့ ရန်က အေးပြီလို့ သူ ထင်နေ တယ်၊ ပြီးတော့ လူတစ်ယောက်ရဲ့ သေစာရင်းကို ယူပြီး သူ့ ယောက်ျား သေပြီ လို့ နောက်အိမ်ထောင်ကို ပြောပြတယ်၊ ဒီတုန်းမှာ သူ ဘယ်ရောက်နေတယ် ဆိုတာကို သူ့ ယောက်ျားဟောင်းက သိသွားတယ်၊ သူ့ ယောက်ျားက မသိရင် လည်း အဲဒီ ရောဂါသည်ကြီးကို စောင့်ရှောက်နေတဲ့ မိန်းမကြီးက သိသွားတယ်၊ သူတို့က သူ့ဆီ စာရေးပြီး ငွေတောင်းတယ်၊ မပေးရင် သူတို့ ကိုယ်တိုင် လိုက်လာပြီး သူ့ အကြောင်းတွေကို ဖော်မယ်လို့ ခြိမ်းခြောက်တယ်၊ ဒါနှင့် သူ့ ယောက်ျားဆီက ပေါင်တစ်ရာ တောင်းပြီး ပေးတယ်၊ ဒါပေမဲ့ ဒီလောက်နှင့် ကျေနပ်တော့ လိုက်လာတယ်၊ သူတို့ အိမ်နားမှာ လူသစ်တွေ ရောက်တယ် လို့ သူ့ မိန်းမကို ပြောတဲ့ အခါကျတော့ သူ့ နောက်ကို လိုက်နေတဲ့ လူတွေ ရောက်နေပြီ ဆိုတာ မိန်းမက သိတယ်၊ ညကျတော့ မိန်းမက သူ့ ယောက်ျား အိပ်နေတုန်းမှာ တိတ်တဆိတ် သွားပြီး သူ့ကို လိုက်မနှောင့်ယှက်ဖို့ သွားပြော တယ်၊ ဒါပေမဲ့ မအောင်မြင်ဘူး၊ ဒါနှင့် နောက်တစ်နေ့ မနက်ကျတော့ တစ်ခေါက် သွားပြန်တယ်၊ အထွက်ကျတော့ သူ့ ယောက်ျားနှင့် ပက်ပင်းတိုးနေတယ်၊ ဒီတော့ မိန်းမက နောက်မသွားတော့ပါဘူးလို့ ကတိပေးတယ်၊ ဒါပေမဲ့ မိန်းမရဲ့ စိတ်ထဲ မှာ တထင့်ထင့် ဖြစ်နေတယ်၊ ဒါနှင့် နောက် နှစ်ရက်လောက် ကြာတော့ အဲဒီ မိန်းမဟာ နှစ်ထပ်တိုက်ကို တစ်ခေါက် သွားပြန်တယ်၊ ဟိုက အတင်းအကျပ် တောင်းလို့ သူ ရိုက်ထားတဲ့ ဓာတ်ပုံကိုလည်း ယူသွားရတယ်၊ သူတို့ နှစ်ယောက် စကား များနေကြတုန်းမှာ အိမ်ကလူ ပြန်လာလို့ အိမ်ဖော်မကလေးက နောက် က လိုက်ခေါ်တယ်၊ ဒီတော့ မိန်းမက သူ့ ယောက်ျား လိုက်လာမှာ စိုးတဲ့





www.burmeseclassic.com

www.burmeseclassic.com



အတွက် အိမ်ထဲက ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့ပြီး အိမ်ကို ပြန်လာခဲ့တယ်၊ ကျုပ် ထင်ပါတယ်၊ အဲဒီနေ့ ညနေ တစ်ခေါက် သွားကြည့်လို့ ရှိရင် အိမ်မှာ လူတွေ ပြန်ရောက်နေတာကို တွေ့ရမှာပါ၊ ကျုပ် ထင်မြင်ချက်ကို ဘယ်လို သဘောရသလဲ'

'ဒါကတော့ တွေးလုံးပဲ ရှိသေးတယ်လေ'

'သို့သော်လည်း ကျုပ် တွေးလုံးထဲမှာ အချက်အလက်တွေ ပါနေတယ်နော်၊ အချက်အလက်သစ်တွေ ပေါ်လာတဲ့ အခါကျတော့လည်း တစ်မျိုး စဉ်းစားရမှာပေါ့ဗျာ၊ ကျုပ်တို့ မိတ်ဆွေဆီက နောက်ထပ် ဘာမှ သတင်း မထူးခင် ခုလောလောဆယ်မှာတော့ ကျုပ်တို့ ဘာမှ လုပ်လို့ မရသေးဘူးဗျ'

သို့ရာတွင် ကျွန်ုပ်တို့မှာ ကြာကြာ မစောင့်လိုက်ရချေ။ ကျွန်ုပ်တို့ လက်ဖက်ရည် သောက် အပြီးတွင် ကြေးနန်း ရောက်လာလေ၏။

'နှစ်ထပ်တိုက်တွင် လူရှိဆဲ၊ ပြတင်းပေါက်မှ မျက်နှာကို မြင်ရ၊ ခုနစ်နာရီတွင် ကြိုမည်၊ ဘာမှ မလုပ်သေး' ဟု ကြေးနန်းတွင် ပါရှိလေ၏။

မီးရထားပေါ်မှ ကျွန်ုပ်တို့ ဆင်းလာသည့် အခါ၌ ဂရန့် မွန်ရိုးသည် ကျွန်ုပ်တို့ကို စကြံတွင် ရပ်၍ ကြိုဆိုလျက် ရှိလေ၏။ မီးရထား ဘူတာရုံရှိ မှန်အိမ်များမှ အရောင်ထဲတွင် သူ့ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်ကာ ကတုန်ကယင် ဖြစ်လျက် ရှိသည်ကို တွေ့ရပေ၏။

ဂရန့် မွန်ရိုးသည် ရှားလော့ဟုမ်း၏ အင်္ကျီ လက်ဖျားကို လှမ်းဆွဲလိုက်ရင်း

'လူတွေကတော့ ခုထိ ရှိနေတုန်းပဲ မုံထောက်ကြီး၊ ဘူတာရုံ လာရင်း လှမ်းကြည့်ခဲ့တော့ မီးရောင်တွေ မြင်ခဲ့ရသေးတယ်၊ ကျွန်တော်တော့ အပြတ်ရှင်းပစ်လိုက်ချင်ပြီ ခင်ဗျာ'

'နို့ နေစမ်းပါဦး၊ ခင်ဗျားက ဘယ်လို စိတ်ကူးလို့တုံး'

သစ်ပင်တို့ တန်းစီ ပေါက်နေသည့် ခပ်မှောင်မှောင် လမ်းကြားကလေး အတိုင်း လျှောက်လာခဲ့စဉ် ရှားလော့ဟုမ်းက မေးလိုက်ခြင်း ဖြစ်၏။

'အိမ်ထဲကို ကျွန်တော် ကိုယ်တိုင် အတင်း ဝင်ပြီး ဘယ်လို လူတွေလဲဆိုတာ ကြည့်ရရင် ကောင်းမလားလို့ စိတ်ကူးနေတယ် ခင်ဗျ၊ စုံထောက်ကြီးတို့ နှစ်ယောက်က သက်သေ အဖြစ် လိုက်စေချင်တယ်'

'ခင်ဗျား မိန်းမက ဒီကိစ္စကို ဝင်မရှင်းပါနှင့်လို့ ပြောထားသည့်တိုင် ခင်ဗျား ကိုယ်တိုင် ဝင်ရှင်းဖို့ ဆုံးဖြတ်ပြီးပြီ ဆိုပါတော့'





'ဟုတ်တယ် ခင်ဗျ၊ ကျွန်တော် ကိုယ်တိုင် ဝင်ရှင်းဖို့ ဆုံးဖြတ်ထားတယ်'

'အင်း ခင်ဗျား မှန်ပါတယ်လေ၊ မရေရာတဲ့ သံသယထက်တော့ ကောင်းကောင်းဆိုးဆိုး အမှန်ကို သိရတာက ပိုကောင်းပေတာပေါ့၊ တရားဥပဒေ မျက်စိနဲ့ ကြည့်ရင်တော့ ကျုပ်တို့က အမှားဘက်ကို ရောက်နေတယ်ဗျ၊ သို့သော်လည်း စမ်းကြည့်သင့်တယ်တော့ ထင်တာပဲ'

ထိုညမှာ အလွန် မှောင်မိုက်သည့် ည ဖြစ်၍ ပေတစ်ရာ လမ်းမကြီးမှ ဆင်းကာ ဘီးရာကြောင်း ခောက်တွေ ဖြစ်လျက် ရှိသည့် လမ်းကြားကလေးသို့ ချိုးဝင်လိုက်သည့် အခါတွင် မိုးဖွဲကလေးများ တဖွဲဖွဲ ကျလာလေ၏။ သို့ရာတွင် မစ္စတာ ဂရန့် မွန်ရိုးက ရှေ့မှ တစိုက်စိုက် သွားလျက် ရှိသဖြင့် ကျွန်ုပ်တို့မှာ နောက်မှ မနည်း လိုက်လာခဲ့ကြရပေ၏။

မစ္စတာ ဂရန့် မွန်ရိုးက သစ်ပင်များ ကြားမှ တလက်လက် မြင်နေရသည့် မီးရောင်များကို ညွှန်ပြရင်း

'အဲဒီ မီးရောင်တွေက ကျွန်တော့် အိမ်က မီးရောင်တွေ ခင်ဗျ၊ ဟောဟိုရှေ့က မီးရောင်က ခု ကျွန်တော်တို့ ဝင်မယ့် နှစ်ထပ်တိုက်က မီးရောင်တွေ'

စကား ပြောရင်း လမ်းချိုး တစ်ခုကို ကွေ့လိုက်ရာ ရှေ့တွင် မားမားကြီး ရပ်နေသည့် နှစ်ထပ်တိုက်ကြီးကို ဘွားခနဲ တွေ့လိုက်ရ၏။ မည်းမှောင်သည့် နောက်ခံထဲမှ အလင်းရောင်တန်းကလေး ကျနေသည်ကို ကြည့်ခြင်းအားဖြင့် တံခါး ဖွင့်ထားကြောင်း သိသာနိုင်ပေ၏။ အပေါ်ထပ်မှ ပြတင်းပေါက် တစ်ပေါက်မှာမူ မီးရောင်တွေ ထိန်လျက် ရှိလေ၏။ လှမ်းကြည့်လိုက်သည့် အခါတွင် ပြတင်းပေါက်တွင် ဖြတ်သွားသော အရိပ် တစ်ခုကို ခန်းဆီးပေါ်တွင် ရိပ်ခနဲ မြင်လိုက်ရလေ၏။

'အဲဒီ သတ္တဝါပေါ့၊ အထဲမှာ လူတစ်ယောက် ရှိနေတယ် ဆိုတာကို မြင်ပြီ မဟုတ်လား၊ ကဲ လိုက်ခဲ့ကြဗျာ၊ ရောက်တော့ သိရမှာပေါ့'

တံခါးနားသို့ ကျွန်ုပ်တို့ ရောက်သည့် အခါတွင် အမှောင်ထဲမှ မိန်းမတစ်ယောက် ထွက်လာပြီး မီးရောင်ထဲတွင် ရပ်နေသည်ကို မြင်ရလေ၏။ ထိုမိန်းမ၏ မျက်နှာကို ကျွန်ုပ်တို့ မမြင်လိုက်ရသော်လည်း လက်နှစ်ဖက်ကို ဆန့်တန်းလျက် ရှိပုံကို ကြည့်ခြင်းဖြင့် တစ်စုံတစ်ရာကို အောက်ကျို့ တောင်းပန်လျက် ရှိကြောင်း သိသာနိုင်ပေ၏။

'ဂျက်ရယ် ရှိကြီးခိုးပါရဲ့၊ မလုပ်ပါနှင့်၊ ရှင် လိုက်လာလိမ့်မယ် ဆိုတာ ကိုယ်ဖီ အလိုလို သိနေပါတယ်၊ အကောင်းဘက်က တွေးပါ ဂျက်ရယ်၊ ကိုယ်ဖီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်၊ အယ်ဖ့်ကို ယုံပါ၊ နောက်ကျရင် နောင်တ ရတာမျိုး မဖြစ်ချင်ပါနှင့်'

မွန်ရီးက ခပ်ထန်ထန်ဖြင့်

'မင်းကို ငါ ယုံခဲ့ပေါင်း များလှပြီ၊ ဖယ်၊ ငါ့သာသာ ငါရှင်းမယ်၊ မင်း ဝင်မရှုပ်နှင့်၊ ခု ငါ့မိတ်ဆွေတွေနှင့် ဒီကိစ္စကို အပြတ် ရှင်းမယ်၊ ဖယ်'

ဂရန့် မွန်ရီးက သူ့ မိန်းမကို တွန်းဖယ်ပြီး ရှေ့က ဝင်သွားသည်တွင် ကျွန်ုပ်တို့လည်း နောက်မှ လိုက်လာခဲ့ကြလေ၏။ တံခါးကို တွန်းဖွင့်လိုက်သည့် အခါ၌ အသက်ကြီးကြီး မိန်းမ တစ်ယောက် ပြေးထွက်လာပြီး ရှေ့မှ ဆီးကာ ထားလေ၏။ သို့ရာတွင် ဂရန့် မွန်ရီးသည် ထိုမိန်းမကြီးကိုလည်း တွန်းထိုး ဖယ်ရှား ပစ်ခဲ့လေ၏။ ကျွန်ုပ်တို့သည် လှေကား အတိုင်း အပေါ်ထပ်သို့ တက်လာခဲ့ကြသည်တွင် ဂရန့် မွန်ရီးသည် မီးရောင် လင်းနေသည့် အိမ်ခန်းထဲသို့ ပြေး ဝင်သွားသည့် အတွက် ကျွန်ုပ်တို့လည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါ လာခဲ့ကြလေ၏။

အခန်းမှာ ကျယ်ကျယ်လွင့်လွင့် ရှိပြီး ကောင်းစွာ ပြင်ဆင်ထားလေ၏။ ဖယောင်းတိုင် နှစ်တိုင်သည် စားပွဲပေါ်တွင် လင်းလျက် ရှိ၍ အခြား ဖယောင်းတိုင် နှစ်တိုင်ကိုလည်း နာရီစင်ပေါ်တွင် ထွန်းညှိထားလေ၏။ ထောင့်တစ်ထောင့်၌



ကျွန်ုပ်တို့ကို တအံ့တသြ ကြည့်နေသည့်
နီဂရိုး သူငယ်မလေး တစ်ယောက်ကို တွေ့ရလေ၏။





ခုံစောင်း တစ်လုံးတွင်မှု သူငယ်မလေး တစ်ယောက်သည် တကုန်းကုန်းဖြင့် စာရေးလျက် ရှိလေ၏။ ကျွန်ုပ်တို့ ဝင်လာသည်ကို မြင်သည့် အခါတွင် သူငယ် မလေးသည် မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်လေ၏။ အနီရောင် ဂါဝန်ကို ဝတ်ထားပြီး လက်အိတ် အဖြူ စွပ်ထားသည်ကို မြင်ရပေ၏။ ထိုမိန်းကလေး က ကျွန်ုပ်တို့ အနီးမှ ကွေ့ပတ် ထွက်မည် အပြုတွင် ကျွန်ုပ်မှာ ထိတ်လန့် အံ့သြခြင်း ဖြစ်လွန်းလှသဖြင့် ယောင်၍ပင် အော်လိုက်မိသေး၏။ ကျွန်ုပ်တို့ ဘက်သို့ လှည့်လိုက်သည့် ထိုသူငယ်မလေး၏ မျက်နှာမှာ ထူးဆန်းသည့် အသွေးအရောင် ရှိရုံမျှမက မည်သည့် ခံစားချက်ကိုမျှ ဖော်ပြခြင်း မရှိသည့် မျက်နှာသေကြီး ဖြစ်လေ၏။

ရှားလော့ဟုမ်းသည် တစ်ချက်မျှ ရယ်လိုက်ပြီးနောက် ကလေးမ၏ နားရွက် နောက်ကို လှမ်းဆွဲလိုက်သည်တွင် သူ့ မျက်နှာပေါ်တွင် တပ်ထားသည့် မျက်နှာဖုံးသည် ကွာကျသွားကာ အသား မည်းမည်း သွား အဖွေးသား ပေါ် အောင် ပြုံးရင်း ကျွန်ုပ်တို့တစ်တွေကို တအံ့တသြ ကြည့်နေသည့် နီဂရိုး သူငယ် မလေး တစ်ယောက်ကို တွေ့ရလေ၏။ ကျွန်ုပ်မှာ သူ ပျော်နေပုံကို ကြည့်၍ စိတ်ကူးသွားကာ ရယ်လိုက်မိသော်လည်း ဂရန့် မွန်ရီးမှာ သူ့ လည်ပင်းကို သူ့ လက်ဖြင့် ဆုပ်ကိုင်ကာ ငေးငေးကြီး ကြည့်လျက် ရှိလေ၏။

'ဟင် ဒါက ဘာအဓိပ္ပာယ်လဲ၊ ဘယ်လို ဖြစ်တာလဲဟင်'

ဂရန့် မွန်ရီး၏ ဇနီးသည် မာနကြီး၍ တင်းမာသော မျက်နှာထားဖြင့် အခန်းထဲသို့ ဝင်ရောက်လာကာ

'ကောင်းပြီ၊ ဒီလောက်တောင် သိချင်ရင် ကျွန်မ ပြောပြမယ်၊ ရှင်က ကျွန်မကို အတင်း ပြောခိုင်းနေတော့ ပြောလိုက်တာပဲ ကောင်းတယ်၊ ဒီတော့ ရှင်းသွားတာပေါ့၊ ကျွန်မ ယောကျ်ားဟာ အတ္တလန်တာမှာ ဆုံးခဲ့တယ်၊ ကလေး ကတော့ ကျန်ရစ်ခဲ့တယ်'

'ဒါဖြင့် ဒါဟာ မင်းကလေးပေါ့'

မွန်ရီး၏ မိန်းမသည် သူ့ ရင်အုံတွင် ဆွဲထားသည့် လော့ကက်သီးကို ဖွင့်လိုက်ပြီး

'ဒီလော့ကက်သီးကို ဖွင့်တာ ရှင် တစ်ခါမှ မမြင်ဖူးဘူး မဟုတ်လား'

'ဖွင့်လို့ ရမှန်းမှ ငါ မသိဘဲ'

လော့ကက်သီးမှ စပရိန်လေး တစ်ခုကို နှိပ်လိုက်သည့် အခါတွင် အဖုံး သည် ပွင့်လာလေ၏။ အထူး ချောမော ခံ့ညားပြီး ပါးနပ် ထက်မြက်ဟန်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် ယောက်ျား တစ်ယောက်၏ ခါတ်ပုံ ပေါ်လာလေ၏။ သို့ရာတွင် ထိုလူမှာ နီဂရိုး တစ်ယောက် ဖြစ်ကြောင်းကို ၎င်း၏ ရုပ်လက္ခဏာက ထင်ရှားစွာ ဖော်ပြလျက် ရှိလေ၏။

'အဲဒါ ဂျွန် ဟီဗရွန်ပဲ၊ သူ့လောက် မြင့်မြတ်တဲ့ ယောက်ျား ဆိုလို့ လောကမှာ တစ်ယောက်မှ မရှိဘူးလို့တောင် ထင်တယ်၊ ကျွန်မဟာ တစ်ဆွေတစ်မျိုးလုံးနှင့် အဆက်ဖြတ်ပြီး သူ့ကို လက်ထပ်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်မတစ်သက်မှာ နီဂရိုး တစ်ယောက်ကို လက်ထပ်ခဲ့ရမလား ဆိုပြီး တစ်ခါမှ နောင်တ မရခဲ့ဘူး၊ ကလေးက ကျွန်မထက် သူ့ အဖေ ဆွေမျိုးတွေကို ခင်တာကတော့ ကျွန်မ ကံလို့ပဲ အောက်မေ့ပါတယ်၊ ပြီးတော့ လူမျိုးကွဲနှင့် လက်ထပ်ရင် ထုံးစံ အတိုင်းပဲ၊ ကလေးက သူ့ အဖေထက်တောင် လူမျိုးကွဲနှင့် တူနေသေးတယ်၊ ဒါပေမဲ့ ဖြူသည် ဖြစ်စေ မည်းသည် ဖြစ်စေ ကျွန်မကလေးဟာ ကျွန်မကလေးပဲ၊ အမေရဲ့ ကလေးပဲ'

ကလေးမလေးက သူ့ အမေထံ ပြေးလာကာ အမေ့ ဝတ်စုံ ကြားထဲသို့ တိုးဝင်လျက် ရှိလေ၏။

'အမေရိကက ကျွန်မ ထွက်လာခဲ့တုန်းက သူ့ကို ထားပစ်ခဲ့တာ တခြားကြောင့် မဟုတ်ဘူး၊ ကလေးက ကျန်းမာရေး သိပ်မကောင်းလို့ ထားပစ်ခဲ့ရတာ၊ ရာသီဥတု ရေ မြေ အပြောင်းအလဲမှာ ရုတ်တရက် လိုက်လို့ မဖြစ်သေးဘူး ဆိုပြီး ထားပစ်ခဲ့တာ၊ ကျွန်မတို့ အိမ်မှာ အိမ်ဖော် လုပ်တဲ့ စကော့ အဘွားကြီး တစ်ယောက်ဆီမှာ ကလေးကို အပ်ထားခဲ့တယ်၊ ကျွန်မ ကလေးကို ကျွန်မ စွန့်ပစ်ဖို့ နည်းနည်းမှ စိတ်မကူးခဲ့ဘူး၊ ဒါပေမဲ့ ဂျက်နှင့် တွေ့လို့ ဂျက်နှင့် ကျွန်မ မေတ္တာမျှခဲ့ကြတော့ ကလေး အကြောင်းကို မပြောရက် မပြောရဲခဲ့ဘူး၊ ကလေး အကြောင်းကို ပြောလိုက်ရင် ကျွန်မကို ပစ်သွားလိမ့်မယ်လို့ ကျွန်မ ကြောက်ပြီး သူ့ကို မပြောရဲခဲ့ဘူး၊ ဒါနှင့် ကျွန်မ သူ့ကို လက်ထပ်ခဲ့ပြီး သူ့ သိမှာ ကြောက်လို့ ကလေးလေးကို ကျွန်မ မျက်နှာ လွှဲခဲ့ရတယ်၊ ရှင်နှင့် ရတဲ့ သုံးနှစ် အတွင်းမှာ ကျွန်မဟာ ကလေး အကြောင်းကို ဖုံးထားခဲ့တယ်၊ ကလေးဟာ ကျန်းကျန်းမာမာ ရှိတယ် ဆိုတာကိုတော့ ကျွန်မရဲ့ ကလေးထိန်းဆီက မကြာခဏ သိရတာပေါ့လေ၊ နောက်ဆုံးတော့ ကျွန်မ သမီးကလေးကို ကျွန်မ မြင်ချင်တွေ့ချင်လာတယ်၊ ကျွန်မ သမီးလေးကို လွမ်းတဲ့ စိတ်ကို ဖြေဖျောက်ပါသေးတယ်၊ ဒါပေမဲ့ ကျွန်မ မရဘူးရှင်၊ ဂျက် သိသွားရင် ပြဿနာ ဖြစ်နိုင်တယ် ဆိုတာ သိပေမဲ့ သိကာမှ သိရော တစ်ပတ်လောက် ဖြစ်ဖြစ် ကျွန်မ သမီးလေးနှင့်





တွေ့ချင်တယ်၊ ဒါနှင့် ကျွန်မ အထိန်းဆီကို ပေါင် တစ်ရာ ပို့လိုက်ပြီး ကျွန်မတို့ အနားမှာ ရှိတဲ့ နှစ်ထပ်တိုက် အကြောင်းကိုလည်း ရေးလိုက်တယ်၊ ကျွန်မနှင့် ဘာမှ မပတ်သက်တဲ့ အိမ်နီးချင်း တစ်ယောက်လို နေဖို့ ကျွန်မ သူ့ကို အကြောင်းကြားလိုက်တယ်၊ ကျွန်မ ဘယ်လောက် ထိအောင် အကာအကွယ် ယူခဲ့သလဲဆိုရင် နေ့လယ်မှာ ကလေးကို အိမ်ပြင် မထွက်နိုင်းဖို့တောင် အထိန်းကို ပြောထားခဲ့တယ်၊ ပြီးတော့ အိမ်နီးနားချင်းက လူမည်းကလေးလို့ အပြော မခံရအောင်လို့ ကလေးကို မျက်နှာဖုံး တပ်ပြီး လက်အိတ် ခြေအိတ်တွေ ဝတ်ထားဖို့ အထိ ပြောထားခဲ့တယ်၊ တကယ်ကတော့ ဒီလောက် ကြိုတင် ကာကွယ်မှုတွေ မလုပ်ခဲ့ရင် အကောင်းသား၊ ခုတော့ ကျွန်မ အကြောင်းကို ရှင် အကုန် သိမှာစိုးလို့ ကြိုတင် ကာကွယ်မှုတွေ လုပ်မှ ကျွန်မမှာ အထင်လွဲခံခဲ့ရတယ်။

'နှစ်ထပ်တိုက်မှာ လူသစ်တွေ ရောက်တယ်လို့ စပြောတာ ရှင်ပဲ၊ တကယ်တော့ ကျွန်မ မနက် အထိ စောင့်ဖို့ ကောင်းတယ်၊ ဒါပေမဲ့ ကျွန်မမှာ ရင်ထိတ်ထိတ်နှင့်မို့ မအိပ်နိုင်ဘူး၊ ဒါနှင့် ရှင်တော့ သိမှာ မဟုတ်ဘူး ဆိုပြီး ညကြီးမင်းကြီးမှာ အသာကလေး ထွက်လာခဲ့တယ်၊ နောက်တစ်နေ့ မနက်ကျတော့ ရှင် ကျွန်မကို မေးတယ်၊ ဒါပေမဲ့ ကျွန်မ တောင်းပန်လို့ ရှင် သဘောထားကြီးကြီးနှင့် ဆက်မမေးခဲ့ဘူး၊ နောက်တစ်နေ့ ရှင် အိမ်ထဲကို အတင်း ဝင်လာတော့ အထိန်းနှင့် ကလေးဟာ နောက်ဖေးပေါက်က ထွက်ပြီး ရှောင်နေရတယ်၊ ခုတော့ ရှင်လည်း အားလုံး သိပြီ၊ ရှင် ဘာလုပ်မှာလဲ၊ ရှင် ကြိုက်သလို ဆုံးဖြတ်ပါ'

မစ္စက် မွန်ရိုးသည် လက်နှစ်ဖက်ကို ပိုက်ကာ အဖြေကို စောင့်လျက် ရှိလေ၏။

တိတ်ဆိတ်နေသည့် နှစ်မိနစ်မျှ ကြာသော် ကျွန်ုပ်တို့ အဖို့တွင်



မွန်ရိုးသည် ကလေးငယ်ကို ကောက်ချီ၍ နမ်းရှုပ်လိုက်ပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com



မှ ကြာလှချေ၏ဟု ထင်မိပေ၏။ နောက်ဆုံးတွင် မစ္စတာ ဂရန့် မွန်ရိုးက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းကာ အဖြေ ပေးလိုက်ရာ သူ့ အဖြေမှာ နားမှ ကြားရသည်ထက် ကျွန်ုပ်တို့ အဖို့တွင် ပို၍ ပီတိ ဖြစ်စရာ ကောင်းလှပေ၏။ မွန်ရိုးသည် ကလေးငယ်ကို ကောက်ချီ၍ နမ်းရှုပ် လိုက်ပြီးနောက် လက်တစ်ဖက်ဖြင့် သူ့ မိန်းမကို ဆွဲခေါ်ကာ တံခါးဆီသို့ လှည့်လိုက်လေ၏။

'ကဲ အိမ်ရောက်တော့မှ အေးအေးဆေးဆေး ပြောကြတာပေါ့ကွာ၊ ငါဟာ သူတော်ကောင်းကြီး တစ်ယောက် မဟုတ်ပေမဲ့ မင်း ထင်ထားတာထက်တော့ သဘောထားကြီးတဲ့ လူတစ်ယောက်ပါ'

ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့သည် သူတို့နှင့် အတူ လိုက်လာခဲ့ကြလေ၏။ လမ်းကြားကလေးသို့ ရောက်သည်တွင် ရှားလော့ဟုမ်းက ကျွန်ုပ်၏ အကျႌလက်ဖျားကို ဆွဲကာ

'နော်ဗာရီမှာ နေတာထက် လန်ဒန်ကို ပြန်တာက ပိုပြီး အကျိုး ရှိလိမ့်မယ် ထင်တယ်ဗျ'

ရှားလော့ဟုမ်းသည် တစ်လမ်းလုံး ထိုအကြောင်းကို တစ်လုံးမှ မပြောတော့သော်လည်း အိပ်တော့မည်ဟု ဆိုကာ ဖယောင်းတိုင်ကို ကိုင်၍ သူ့ အခန်းဆီသို့ ဝင်လာခါနီးတွင်မှ ကျွန်ုပ်ဘက်သို့ လှည့်၍

'အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ်ကိုယ်ကျုပ် အထင်ကြီးတာမျိုး သို့မဟုတ် အမှု တစ်ခုကို ကြိုးစားပမ်းစား လိုက်သင့်လျက်နှင့် ပေါ့ပေါ့ဆဆ လုပ်မိတာမျိုးများ တွေ့ရင် ကျုပ် နားနားကို ကပ်ပြီး နော်ဗာရီက အဖြစ်အပျက်ကလေး မမေ့နှင့်နော်လို့ သတိ ပေးလိုက်စမ်းပါဗျာ၊ ခင်ဗျား ကျေးဇူးကို ကျွန်တော် မမေ့ပါဘူး'

[မူရင်း ဝတ္ထု *The Adventure of The Yellow Face.* ရွှေဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'မသင်္ကာသော လင်မယား' အမည်ဖြင့် မြန်မာပြုပြီး။]



# ငွေကိုင်စာရေး လိမ်လည်မှု



အိမ်ထောင် ကျပြီးနောက် မကြာမီတွင် ကျွန်ုပ်သည် ပက်ဒင်တန် ရပ်ကွက်တွင် ဆေးခန်းကလေး တစ်ခန်းကို ဝယ်ယူခဲ့လေ၏။ ဆေးခန်းကို ရောင်းလိုက်သည့် ဒေါက်တာ ဖာကူးဟားမှာ တစ်ခါက ဆေးကုသမှု လုပ်ငန်းတွင် အတော် အောင်မြင်ခဲ့သော်လည်း အသက်အရွယ်ကြောင့် တစ်ကြောင်း၊ လေငန်း ရောဂါကြောင့် တစ်ကြောင်း ယခုအချိန်တွင် အလုပ်အကိုင် မကောင်းလှတော့ချေ။ အခြားသူများ၏ ရောဂါကို ပျောက်ကင်းအောင် ကုသမည့်သူသည် မိမိ ကိုယ်တိုင်ကလည်း ရောဂါ ကင်းရှင်း၍ ကျန်းမာ သန်စွမ်းရမည်ဟု အများက ယူဆသည့် အလျောက် ကိုယ့် ရောဂါမှ ကိုယ် ပျောက်အောင် ကုသခြင်း မပြုနိုင်သည့် ဆရာဝန် တစ်ယောက်၏ ဆေးပညာ အစွမ်းကို အများက မယုံမရဲ ဖြစ်ကြမည်မှာ ဓမ္မတာ ဖြစ်ပါသည်။ သို့ဖြင့် ထိုဆေးခန်းကလေးတွင် ဒေါက်တာ ဖာကူးဟား အလုပ်အကိုင် ကျဆင်းလာခဲ့လေရာ ထိုဆေးခန်းကို ကျွန်ုပ် ဝယ်လိုက်သည့် အချိန်တွင် တစ်နှစ်လျှင် ဝင်ငွေ ပေါင် တစ်ထောင့်နှစ်ရာမှ သုံးရာ အထိ ကျဆင်းလျက် ရှိလေ၏။ သို့ရာတွင် ကျွန်ုပ်မှာ အရွယ် ကောင်းတုန်း ဖြစ်ရကား ကြိုးကြိုးစားစား လုပ်လိုက်လျှင် နှစ် အနည်းငယ် အတွင်း ယခင်ကကဲ့သို့ ပြန်၍ အခြေအနေ ကောင်းလာနိုင်သည်ဟု အပြည့်အဝ ယုံကြည်လျက် ရှိပေ၏။

ကျွန်ုပ်သည် ထိုဆေးခန်းကလေးကို ဝယ်လိုက်ပြီးနောက် သုံးလလောက် မင်းလား ငါလား လုပ်လိုက်သဖြင့် ဘေကာလမ်းသို့ မရောက်ဖြစ်သည့် အတွက် ကျွန်ုပ်၏ မိတ်ဆွေ ရှားလော့ဟုမ်းနှင့် မတွေ့ရသည်မှာလည်း အတန်ငယ် ကြာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ရှားလော့ဟုမ်း ကိုယ်တိုင်မှာလည်း အလုပ် ကိစ္စနှင့် ပတ်သက်ခြင်း မရှိလျှင် အပြင်သို့ ထွက်ခဲလှသည့် အတွက် ကျွန်ုပ်နှင့် သိပ် မတွေ့ဖြစ်တော့ချေ။ သို့တပြီးကား ဇွန်လ တစ်မနက်၌ ကျွန်ုပ်သည် ဗြိတိသျှ ဆေးပညာ ဂျာနယ်ကို ကိုင်ဖတ်နေစဉ် ခေါင်းလောင်းသံနှင့် အတူ အသံ ဩဇာ ပြည့်ဝသော ကျွန်ုပ်၏ မိတ်ဆွေကြီး၏ အသံကို ကြားလိုက်ရသည့် အခါတွင် ကျွန်ုပ်မှာ အံ့အားသင့်လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် အခန်းထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာပြီးနောက်

'အိုင်ဆေး ဝပ်ဆင်ရေ၊ တွေ့ရတာ ဝမ်းသာသဗျို့၊ ခင်ဗျား အမျိုးသမီးမှာလည်း လေးပွင့်ဆိုင် အမှုတုန်းက ကျုပ်တို့ အတွက် စိုးရိမ်လိုက်ရတာ၊ ခုတော့ ဒီစိုးရိမ်မှုတွေ ပျောက်ပြီ ထင်ပါရဲ့၊ ဟုတ်စ'

'ခုတော့ မစိုးရိမ်တော့ပါဘူးဗျာ၊ စိတ်အေးပါပြီ' ဟု ဆိုကာ ကျွန်ုပ်က ရှားလော့ဟုမ်းကို အားရပါးရ လက်ဆွဲ နှုတ်ဆက်ခြင်း ပြုလေ၏။ ရှားလော့ဟုမ်းက လှုပ်ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း

'ဆေးကုနေရတော့ စဉ်းစား တွေးတောရတဲ့ အလုပ်ကလေးတွေကို ဟိုတုန်းကလိုမှ စိတ်ဝင်စားသေးရဲ့လား မသိဘူး'

'ဝင်စားပေါ့ဗျာ၊ မနေ့ညတုန်းကပဲ ကျွန်တော့် မှတ်စုတွေကို ပြန်ကြည့်၊ အမှုတွေကို စာရင်း လုပ်ပြီး အမျိုးအစား ခွဲနေမိသေးတယ်'

'ဒါဖြင့် ခင်ဗျား မှတ်စု စာအုပ်ကလေးကို မပိတ်သေးဘူးပေါ့'

'မပိတ်ပေါင်ဗျာ၊ ရနိုင်ရင် နောက်ထပ် အတွေ့အကြုံကလေးတွေကို တောင် လိုချင်ပါသေးတယ်'



'ဒီနေ့ရမယ် ဆိုရင် ကော'

'အို ရပါတယ် ခင်ဗျာ ဘောပါ'

'ဘာ မင် ဟမ် အထိ သွားရမယ် ဆိုရင်ကော'

'ခင်ဗျား သွားရင် သွားပါသဗျာ'

'အင်း ဟန်ကျလိုက်လေဗျာ



'ဆေးခန်းကို ဘယ်လို လုပ်ထားခဲ့မလဲ'

'ကျွန်တော့် ဆေးခန်းနားက ဆရာဝန် အပြင် သွားရင် လူနာတွေကို ကျွန်တော် ဝင်ကြည့်ရတယ်ဗျ၊ သူကလည်း ဒီအကြွေးကို ပြန်ဆပ်ဖို့ အဆင်သင့်ပါ'

ရှားလော့ဟုမ်းက ကုလားထိုင် နောက်မှီကို မှီလိုက်ရင်း မှေးထားသော မျက်လုံးများဖြင့် ကျွန်ုပ်ကို သေချာစွာ စိုက်ကြည့်လျက် ရှိရာမှ

'အင်း၊ ဟန်ကျလိုက်လေဗျာ၊ ဒါ့ထက် ခင်ဗျား ကြည့်ရတာ တစ်လောက နေထိုင်မကောင်း ဖြစ်ခဲ့ပုံ ရတယ် ဟုတ်စ၊ နွေရာသီမှာ အအေးမိပြီ ဆိုရင် အဆိုးသားဗျို့'

'ဟုတ်တယ်၊ လွန်ခဲ့တဲ့ အပတ်က အအေးမိလို့ သုံးရက်လောက် အိပ်ရာထဲ လဲခဲ့သေးတယ်၊ ခုတော့ ရှင်းရှင်း ပျောက်သွားပါပြီ'

'ဟုတ်ပါတယ်၊ ခုတော့လည်း တော်တော်ကြီး ကောင်းနေတာပဲ'

'နို့ ခင်ဗျားက ဘယ်လိုလုပ် သိသတုံး'

'ခင်ဗျားလည်း ကျုပ်နည်းတွေကို သိသားပဲ ဆရာကြီးရဲ့'

'ကောက်ချက် ဆွဲကြည့်တယ်ပေါ့'

'ဟုတ်ပ'

'ဘယ်ဟာကို ကြည့်ပြီး ကောက်ချက်ဆွဲလို့လဲ'

'ခင်ဗျား စီးထားတဲ့ လှာဖိနပ်ကို ကြည့်ပြီး ဆွဲတာပေါ့ဗျ'

ကျွန်ုပ်က စီးထားသည့် ဖိနပ်ကို ငုံ့ကြည့်လိုက်ရင်း

'နေစမ်းပါဦးဗျ၊ ဒါနှင့် ဘာဆိုင်လို့'

သို့ရာတွင် ကျွန်ုပ် မေးခွန်း မဆုံးမီ ရှားလော့ဟုမ်းက အဖြေ ပေးပြီးသား ဖြစ်နေလေပြီ။

'ခင်ဗျား စီးထားတဲ့ ဖိနပ်က အသစ်ကျပ်ချွတ်ဗျ၊ စီးထားတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်၊ ဖိနပ် အောက်ခံခုံက မီး နည်းနည်း ကျွမ်းထားတယ်၊ ရေစိုလာလို့ မီးကင်ရာကနေပြီး ကျွမ်းသွားတာလို့ ထင်လိုက်မိသေးတယ်၊ ဒါပေမဲ့ ခြေခွင်နားမှာ ဆိုင်တံဆိပ် ကပ်ထားတဲ့ စက္ကူ တံဆိပ် အပိုင်းလေး ကျန်နေတယ်၊ မိုးရေ စိုလာခဲ့ရင် ဒီတံဆိပ်ကလေးဟာ ကွာကျသွားလောက်ပြီ၊ ဒီတော့ ခင်ဗျားဟာ မီးဖိုဘောင်ပေါ်ကို ခြေတင်ပြီး ခြေထောက်ကို မီးကင်လို့ပဲ ဖြစ်ရမယ်၊ ဘယ်လောက်ပဲ အေးတယ် ပြောပြော နေထိုင်ကောင်းနေတဲ့ လူတစ်ယောက်ဟာ ဒီလို အချိန်မျိုးမှာ ခြေထောက်ကိုတော့ မီးကင်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com

ယခု ကိစ္စအုံညည်လည်း သူ့တွေးခေါ် စဉ်းစားပုံ အတိုင်း ရှင်းပြလိုက်သည့် အခါတွင် ငှက်ပျောသီး အခွံ နှာစားရသည်ထက် လွယ်ကူလျက် ရှိသည်ကို တွေ့ရပေ၏။ ကျွန်ုပ်၏ မျက်နှာပေါ်တွင် ပေါ်လာသည့် အတွေးကို ရှားလော့ဟုမ်းက ချက်ချင်း ရိပ်မိသွားကာ စိတ်ပျက်သည့် ဟန်ဖြင့် ပြုံးလိုက်ရင်း

'နည်းကို ဆရာစား မချန်ဘဲ ရှင်းပြတော့ လူ အထင်မကြီးချင်ဘူးပေါ့ဗျာ၊ တွက်နည်းကို မပြောဘဲ အဖြေလောက်တင် ပြောမှ လူတွေက အထင်ကြီး တတ်ကြတာကလား၊ ကဲ ဆို ဘာမင်ဟမ်ကို လိုက်မယ် မဟုတ်လား'

'လိုက်မယ်လေ၊ အမှုက ဘာမှုလဲ'

'ရထားပေါ်ကျရင် ပြောပြမယ်လေ၊ အောက်မှာ အမှုသည်က ရထားလုံးနှင့် စောင့်နေတယ်၊ ခုချက်ချင်း လိုက်နိုင်တယ် မဟုတ်လား'

'ခဏလေးဗျ' ဟု ဆိုကာ ကျွန်ုပ်သည် ကျွန်ုပ်၏ လူနာများအား ကြည့်ပေးရန် ဆေးခန်း အနီးရှိ မိတ်ဆွေ ဆရာဝန်ထံ စာတိုကလေး တစ်စောင်ကို ရေးပြီးနောက် အပေါ်ထပ်သို့ တက်ကာ ဇနီးအား ပြောပြ၍ တံခါးဝတွင် ရပ်နေသည့် ရှားလော့ဟုမ်း အနီးသို့ ပြန်ဆင်းလာခဲ့လေ၏။

'ခင်ဗျား အိမ်နီးချင်းကလည်း ဆရာဝန်နော်' ဟု ရှားလော့ဟုမ်းက ကြေး ဆိုင်းဘုတ်ကို မေးငေါ့ပြရင်း မေးလိုက်၏။

'ဟုတ်တယ်ဗျ၊ သူလည်း ကျွန်တော့်လိုပဲ ဆေးခန်း တစ်ခန်းကို ဝယ်လိုက်တာ'

'ဆေးခန်းက ရှေးတုန်းကတည်းက ဖွင့်ခဲ့တဲ့ လက်ဟောင်း ဆေးခန်းပေါ့'

'အင်း၊ ကျွန်တော့် ဆေးခန်းနှင့် အတူတူလောက်ပဲ ဖွင့်ကြတာပါပဲ၊ လက်ဟောင်း ဆေးခန်းတွေချည်းပေါ့၊ ဒီတိုက်ခန်း စဆောက်ကတည်းက ဖွင့်လာခဲ့တဲ့ ဆေးခန်းတွေ'

'ခင်ဗျား ဆေးခန်းက ပိုပြီး လူနာ အလာ များပုံ ရတယ်'

'ဟုတ်ပါလိမ့်မယ်၊ ခင်ဗျားက ဘယ့်နှယ်လုပ် သိသလဲ'

'လှေကားထစ်တွေကို ကြည့်ပြီး သိတာပေါ့ဗျ၊ ခင်ဗျား အခန်းက လှေကားထစ်တွေက အတက် အဆင်းများလို့ ခွက်ဝင်နေပြီး ဟိုဘက် လှေကားထက် သုံးလက်မလောက် နိမ့်နေတယ်၊ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒီ ရထားပေါ်ကဟာက ကျုပ် အမှုသည်၊ မစ္စတာ ဟော်လ် ပိုင်းကရော့ဗျ၊ ကဲ ရထားဆရာလေးရေ၊ ခပ်မြန်မြန်လေး မောင်းပေးစမ်းကွာ၊ တို့များ ရထား နောက်ကျမှာ စိုးလို့'





ရထားလုံးပေါ်တွင် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်လျက် ရှိသည့် မစ္စတာ ပိုင်းကရော့မှာ ကိုယ်လုံးကိုယ်ပေါက် ကောင်းကောင်း၊ အသားအရေ စိုပြည်လျက် ရှိသော ပွင့်လင်းသော မျက်နှာပေါ်တွင် အဝါရောင် နှုတ်ခမ်းမွေး ကျိုးတိုး ကျဲတဲ ပေါက်လျက် ရှိပေ၏။ တောက်ပ ပြောင်လက်သည့် ဦးထုပ် မြင့်မြင့်ကို ဆောင်းထားပြီး အနက်ရောင်ကို ဝတ်ထားသည့် အတွက် ကျွန်ုပ်တို့ ဗြိတိသျှ စစ်တပ်များ အတွက် စစ်သားကောင်းများ ဖြစ်ခဲ့ကြပြီး အင်္ဂလန်ကျွန်းတွင် အတော်ဆုံးသော အားကစားသမားများ ဖြစ်ခဲ့ကြသည့် ကော့ကနေး လူငယ် တစ်ဦး ဖြစ်ကြောင်း သိသာနိုင်ပေ၏။ ထိုလူငယ်၏ နီရဲ ဝိုင်းစက်သည့် မျက်နှာသည် ကော့ကနေး လူငယ်တို့ ထုံးစံ ရွှင်လန်းမှု အပြည့် ရှိသည့်တိုင် နှုတ်ခမ်းများမှာမူ ငိုရ အခက် ရယ်ရ အခက် ဖြစ်နေသကဲ့သို့ ခပ်မဲ့မဲ့ ဖြစ်လျက် ရှိလေ၏။ ကျွန်ုပ်တို့ အားလုံး ဘာမင်ဟမ် ရထား ပထမတန်းတွဲပေါ်သို့ ရောက်သည့်အခါကျမှပင် ရှားလော့ဟုမ်းထံ လာရောက်သည့် အကြောင်းရင်းကို သိရခြင်း ဖြစ်လေ၏။

ရထား ထွက်သည့်အခါ ရှားလော့ဟုမ်းက

'ဘာမင်ဟမ်ကို တစ်နာရီနှင့် ဆယ်မိနစ် ကြာအောင် ခုတ်ရဦးမှာဗျ၊ ဒါ မစ္စတာ ပိုင်းကရော့ရေ၊ ဟောဒီက ကျုပ်မိတ်ဆွေကြီးကို ခင်ဗျား အဖြစ်အပျက် ထပ်ပြီး ပြောပြလိုက်စမ်းပါဦး၊ တတ်နိုင်ရင် ကျုပ်ကို ပြောတာထက် နည်းနည်း အသေးစိတ်တွေပါ ပါအောင်ပေါ့ဗျာ၊ ကျုပ် အဖို့လည်း ကိုယ် လိုက်မယ့် အမှုကို နောက်တစ်ခါ နားထောင်ရတာ အကျိုး ရှိပါတယ်၊ ဝပ်ဆင်ရေ အမှုကတော့ အရေးကြီးမယ် ဆိုရင်လည်း ကြီးနိုင်တဲ့ အမှု၊ အရေး မကြီးဘဲ အများ ရှုးသွားမယ် ဆိုရင်လည်း အများ ရှုးသွားနိုင်တဲ့ အမှုမျိုးဗျ၊ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့ အကြိုက်တွေ့မယ့် ဆန်းဆန်းပြားပြား အချက်ကလေးတွေတော့ ပါတယ်ဗျ၊ ကဲ မစ္စတာ ပိုင်းကရော့ရေ၊ အဖြစ်အပျက်ကို ပြောပြစမ်းပါဦး'

အသက် ခပ်ငယ်ငယ် မစ္စတာ ပိုင်းကရော့က ကျွန်ုပ်အား တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက်

'ကျွန်တော် အခံပြင်းဆုံးကတော့ ကျွန်တော့်ကို သက်သက်မဲ့ အရူး လုပ်သွားတာပဲ ခင်ဗျ၊ နောက်တော့လည်း အဆင် ပြေချင် ပြေသွားမယ်ပေါ့ ခင်ဗျာ၊ ကျွန်တော့် အနေနှင့်ကတော့ သည့်အပြင် အခြား လုပ်စရာ မရှိဘူးလို့ ထင်တာပဲ၊ ဒါပေမဲ့ ကျွန်တော့်မှာ ရထား တစ်စင်းလုံး ဆုံးခဲ့ပြီးမှ ဘာမှ မပါဘဲ ပြန်ခဲ့တယ် ဆိုရင် ကျွန်တော် ညံ့ရာ ရောက်မှာပေါ့၊ ကျွန်တော် စကားတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း မပြောတတ်ဘူးနော်၊ အဖြစ်အပျက်ကို ကျွန်တော် ပြောတတ် သလိုပဲ ပြောပါရစေ။

'ကျွန်တော်က ဒီရိတ်ပါး ဂါးဒင်း ရပ်ကွက်မှာ ရှိတဲ့ ကိုဖုံနှင့် ဝုဒ်ဟောက်် ငွေချေး အရောင်းဒိုင်မှာ အလုပ် လုပ်ပါတယ်၊ ဒါပေမဲ့ ဒီနှစ် နွေဦးပေါက်တုန်း ကတော့ ဗင်နီဇွဲလား အစိုးရ ချေးငွေတွေကြောင့် ကျွန်တော်တို့ ကုမ္ပဏီ ပြုတ် သွားတာကို စုံထောက်ကြီးတို့ မှတ်မိလိမ့်မယ် ထင်ပါတယ်၊ အဲဒီ ကုမ္ပဏီမှာ ကျွန်တော် အလုပ် လုပ်ခဲ့တာ ငါးနှစ် ရှိပါပြီ၊ ငွေချေးတွေ ကျလို့ ကုမ္ပဏီ ပြုတ်တော့ အဲဒီ့ ကုမ္ပဏီက ကျွန်တော့်ကို အလုပ်အကိုင် ကောင်းမွန်ကြောင်း ထောက်ခံစာ ကောင်းကောင်း ရေးပေးလိုက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ စာရေးတွေ အလုပ် မရလို့ တလည်လည် ဖြစ်နေတာပေါ့ ခင်ဗျာ၊ အားလုံး နှစ်ဆယ့် ခုနစ်ယောက် ရှိပါတယ်၊ ကျွန်တော်လည်း တတ်နိုင်သမျှ ကြိုးစားပြီး အလုပ် လိုက်ရှာတယ် ခင်ဗျ၊ ဒါပေမဲ့ ခက်သားပဲဗျာ၊ ဘယ်နေရာ သွားသွား အလုပ်လက်မဲ့တွေ ပုံနေတော့ တော်တော်နှင့် အလုပ် မရပါဘူး၊ ကုမ္ပဏီမှာ လုပ်တုန်းက ကျွန်တော်က တစ်ပတ်ကို သုံးပေါင် ရလေတော့ ပေါင် ခုနစ်ဆယ် လောက် စုမိခဲ့တယ်၊ ဒါပေမဲ့ အလုပ် မရှိတဲ့ အတွင်း ရှိတာလေး ထိုင်စားနေတော့ နောက်ဆုံး ကုန်ရော ဆိုပါတော့ ခင်ဗျာ၊ ဘယ်လောက် အထိ အခြေအနေ ဆိုး သလဲ ဆိုရင် အလုပ် လျှောက်ဖို့ တံဆိပ်ခေါင်းဖိုးတောင် မနည်း ရှာယူရတဲ့ အခြေအနေ ရောက်လာတယ် ခင်ဗျ၊ သွားလိုက်ရတဲ့ ရုံးတွေ၊ အလုပ်တိုက်တွေ ဖိနပ် နောက်မြီး တိုတာသာ အဖတ်တင်တယ်၊ အလုပ်ကတော့ မရဘူး ခင်ဗျ

'နောက်ဆုံးတော့ လွန်းဗတ်လမ်းမှာ ရှိတဲ့ နာမည်ကျော် ငွေ အရောင်း အဝယ် ဒိုင်တစ်ခု ဖြစ်တဲ့ မော်ဆန်နှင့် ဝီလျံ ကုမ္ပဏီမှာ အလုပ် ရတယ် ခင်ဗျ၊ ငွေချေး အရောင်းအဝယ် လုပ်ငန်းဟာ စုံထောက်ကြီးတို့နှင့် သိပ်ဆိုင်တဲ့ လုပ်ငန်း တစ်ခုတော့ မဟုတ်ဘူးပေါ့ ခင်ဗျ၊ ဒါပေမဲ့ ခု ကျွန်တော် လျှောက်ထား တဲ့ ကုမ္ပဏီဟာ လန်ဒန်မှာဖြင့် အကြီးဆုံး ငွေချေး အရောင်းအဝယ် ဌာနပဲ ခင်ဗျ၊ ကုမ္ပဏီက စာရေး အလိုရှိတဲ့ ကြော်ငြာ ပါလာတော့ လျှောက်လွှာကို စာတိုက်က တစ်ဆင့် ပို့နိုင်တယ်လို့ ပါတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ထောက်ခံချက်နှင့် လျှောက်လွှာကို စာတိုက်ကနေပြီး ပို့လိုက်တယ်၊ ပို့လိုသာ ပို့ရတယ်၊ ရမယ်လို့တော့ သိပ်မထင်လှပါဘူး၊ ဒါပေမဲ့ ပို့ပြီး မကြာခင်မှာပဲ ပြန်ကြားချက် ရောက်လာတယ် ခင်ဗျ၊ တနင်္လာနေ့မှာ လာရောက် တွေ့ဆုံဖို့ အကြောင်း၊ ကျေနပ်လို့ ရှိရင် ချက်ချင်း အလုပ် ခန့်မယ် ဆိုတဲ့ အကြောင်း ပါ





သာတယ် ခင်ဗျ၊ ဘယ်လိုကနေပြီး ဘယ်လိုလုပ် ရတယ်လို့တော့ မပြောတတ် ဘူးပေါ့ ခင်ဗျာ၊ သူငယ်ချင်းတွေကတော့ မန်နေဂျာက လျှောက်လွှာပုံးကြီးထဲကို ဆက်နှိုက်ပြီး ပါလာတဲ့ လျှောက်လွှာရှင်ကို ခန့်တာ ဖြစ်မှာလို့တောင် ပြောနေ ကြပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်တော့် အဖို့ ကံဇာတာကလေး ပြန်တက်လာတော့ ကျွန်တော်လည်း အတိုင်းထက် အလွန် ဝမ်းသာမိတာပေါ့၊ လခကတော့ စစချင်း တစ်ပတ်ကို တစ်ပေါင် ခင်ဗျ၊ အလုပ်ကတော့ အလျင် ကုမ္ပဏီမှာ လုပ်ခဲ့ရတဲ့ အလုပ်မျိုးပါပဲ။

'ပြဿနာက စပါတော့မယ် ခင်ဗျာ၊ ကျွန်တော် နေတာက ဟန့်စတက် ရပ်ကွက်၊ အမှတ် ၁၇၊ တော့တားရတ်စ်လမ်း ခင်ဗျ၊ ကုမ္ပဏီက အလုပ်ခန့်စာ ရတဲ့ ညနေက ကျွန်တော်လည်း အခန်းထဲမှာ ထိုင် ဆေးလိပ် သောက်နေတုန်း အိမ်ရှင် အဘွားကြီး ရောက်လာပြီး လိပ်စာ ကတ်ပြားကလေး တစ်ကတ် လာ ပေးတယ်၊ ကြည့် လိုက် တော့ ကတ်ပြားပေါ်မှာ အာသာ ပင်း နား၊ စိန်ရွှေ ပွဲစားလို့ ရေးထား တယ် ခင်ဗျ၊ ကျွန်တော် သူ့ နာ မည်ကို တစ်ခါမှလည်း မကြား ဖူးဘူး၊ ကျွန်တော့်ဆီ ဘာကိစ္စ လာမှန်းလည်း မသိဘူး၊ ဒါပေမဲ့ ဝင်ခွင့် ပေးလိုက်ပါလို့ အိမ်ရှင် အဘွားကြီးကို ပြောလိုက်တယ် ခင်ဗျ၊ ဝင်လာတော့ လူက ကိုယ် လုံး ကိုယ်ပေါက် မနိမ့် မမြင့်၊ ဆံပင် နက်နက်၊ မုတ်ဆိတ်မွေး နက်နက်၊ အသား ညိုညို၊ ခပ် သွက်သွက်ရယ် ခင်ဗျ၊ အချိန်ကို လုပြီး အလုပ် လုပ်နေရတဲ့ လူ တစ်ယောက် ဟန်မျိုးနှင့်၊ စကား ပြောရင်လည်း ခပ် သွက် သွက် ပြောတတ်တယ်။



'မစ္စတာ ပိုင်းကရော့ ထင်ပါရဲ့နော်'

' ''မစ္စတာ ပိုင်းကရော့ ထင်ပါရဲ့နော်''



www.burmeseclassic.com

www.burmeseclassic.com



' "ဟုတ်ပါတယ် ခင်ဗျာ" လို့ ပြောရင်း ကျွန်တော်က ကုလားထိုင် ထိုးပေးတယ်။

' "အလျင်တုန်းက ကိုဖုံနှင့် ဝုဒ်ဟောက်စ် ကုမ္ပဏီမှာ အလုပ် လုပ် တယ်နော်"

' "ဟုတ်ပါတယ် ခင်ဗျာ"

' "ခု မော်ဆန် ကုမ္ပဏီမှာ အလုပ် ရပြီ ဟုတ်စ"

' "ဟုတ်ပါတယ်"

' "ဟုတ်ပြီ ဟုတ်ပြီ၊ ကိစ္စကတော့ ဒီလို ခင်ဗျ၊ ဘဏ္ဍာရေးနှင့် ပတ်သက်လို့ ခင်ဗျား အင်မတန် ကျွမ်းကျင်တဲ့ အကြောင်းကို ကြားရလို့ပါ၊ ကိုဖုံနှင့် ဝုဒ်ဟောက်စ် ကုမ္ပဏီမှာ မန်နေဂျာ လုပ်သွားတဲ့ ပါကားကို မှတ်မိသေးတယ် မဟုတ်လား၊ သူကတော့ ဒီအကြောင်းကို ကောင်းကောင်း မပြောနိုင်ဘူး ခင်ဗျ"

' "ဟုတ်ကဲ့ ခင်ဗျာ၊ ကြားရတဲ့ အတွက် ဝမ်းသာပါတယ်၊ ရုံးမှာ ကျွန်တော်က အထိုက်အလျောက်တော့ ကျွမ်းကျင်ပါတယ်၊ ဒါပေမဲ့ မြို့ထဲမှာ ကျွန်တော်နှင့် ပတ်သက်လို့ ဒီလောက်အထိ ပြောကြမယ်လို့တော့ လုံးလုံးကို မမျှော်လင့်ခဲ့ပါဘူး"

' "ခင်ဗျားက မှတ်ဉာဏ် တော်တော် ကောင်းတယ်နော်"

' "ဟုတ်ကဲ့ သိပ်မဆိုးပါဘူး" လို့ ကျွန်တော်က မယုတ်မလွန် ဖြေပါ တယ်။

' "အလုပ် မရှိတဲ့ အခါတုန်းကရော၊ ခင်ဗျား ငွေဈေး အရောင်းအဝယ် ကိစ္စတွေနှင့် အဆက်အသွယ် မပြတ်ပါဘူးနော်"

' "ဟုတ်ကဲ့ မပြတ်ပါဘူး၊ မနက်တိုင်း ငွေဈေးနှုန်း သတင်းကို ကျွန် တော် ဖတ်ပါတယ်"

' "ဟုတ်ပြီဗျ၊ ဒါမျိုးမှ ကြိုက်တာ၊ ကြီးပွားမယ့်လူ ဆိုတာ ဒီလို ဖြစ် ရမယ်၊ ဒီတော့ စိတ်မရှိနှင့်ဗျာ၊ ခင်ဗျားကို စမ်းသပ် စစ်ဆေးကြည့်ချင်တယ်၊ ဒီတော့ ဘာမေးရမလဲ၊ ဟုတ်ပြီ၊ ဆိုင်ရာရှိုင်းယား ကုမ္ပဏီရဲ့ ရှယ်ယာ ဈေးက ဘယ်လောက် ရှိနေသလဲ"

' "တစ်ရာ ငါးပေါင်ကနေပြီး တစ်ရာ ငါးပေါင်ခွဲနှုန်း ရှိတယ် ခင်ဗျ"

' "နယူးဇီလန် ကွန်ဆိုလီဒိတ်တက် ကုမ္ပဏီ ရှယ်ယာဈေးကကော"

' "တစ်ရာ့ လေးပေါင် ခင်ဗျ"





' "ဗြိတိသျှ ဘရုတ်ကင်းဟီးလ် ကုမ္ပဏီကကော"

' "ခုနစ်နှင့် ခုနစ် ဒသမ ခြောက် ခင်ဗျ"

'သူက လက်ကို မြှောက်ပြလိုက်ရင်း

' "အံ့သြလောက်ပါပေတယ်ဗျာ၊ ကျွန်တော် ကြားတဲ့ သတင်းနှင့် ကိုက် ပါတယ်၊ ဖြစ်မှ ဖြစ်ရလေဗျာ၊ ခင်ဗျားလောက် တော်တဲ့ လူမျိုးက ဘာမဟုတ်တဲ့ စာရေး ဝင်လုပ်နေရတယ် ဆိုတော့ သိပ်နှာတာပဲ"

'သူက ဒီလို ဖွင့်ပြောတော့ ကျွန်တော်လည်း အံ့အား သင့်နေတာပေါ့ ခင်ဗျာ။

' "အေးလေ ဒါက ခင်ဗျား အမြင်ကိုး၊ တခြားလူကတော့ ခင်ဗျား မြင်သလို မြင်ချင်မှ မြင်ကြပေမှာပေါ့၊ ကျွန်တော့်မှာတော့ ဒီစာရေး အလုပ်က လေးကိုတောင် မနည်းရအောင် ကျားကုတ် ကျားခဲ လုပ်ခဲ့ရတာ ခင်ဗျ"

' "တကယ်ကတော့ ခင်ဗျားက စာရေးနှင့် မတန်ပါဘူးဗျာ၊ လူမှန် နေရာမှန်ကို မရောက်ဘဲ ဖြစ်နေတာ၊ ကဲ ကျွန်တော့် ကိစ္စလေးကို ပြောပြမယ် ဗျ၊ ကျွန်တော် ပေးမယ့် လစာက ခင်ဗျား အရည်အချင်းနှင့် စာရင် သိပ်တော့ ခပြောပလောက်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ မော်ဆန် ကုမ္ပဏီက ပေးထားတဲ့ လစာ နှင့် စာရင်တော့ ဆင်နှင့် ဆိတ်လောက် ကွာပါတယ်၊ နေစမ်းပါဦး၊ ခု ခန့်တဲ့ ကုမ္ပဏီမှာ ဘယ်တော့ အလုပ် စဆင်းရမလဲ"

' "တနင်္လာနေ့မှာ ခင်ဗျ"

' "အဲဒီနေ့မှာ ခင်ဗျား အလုပ် မဆင်းစေရဘူးဗျာ၊ အပျင်းပြေ ဖြစ်ဖြစ် လောင်းလိုက်ချင်တယ်"

' "ဘယ်လိုလဲ၊ မော်ဆန် ကုမ္ပဏီမှာ အလုပ် မဆင်းစေရဘူးလို့ ပြော တာလား"

' "ဟုတ်တယ်ဗျ၊ အဲဒီနေ့မှာ ခင်ဗျားဟာ ဖရန့်ကို မစ်ဒလင်း သံထည် လုပ်ငန်း ကုမ္ပဏီ လီမိတက်မှာ မန်နေဂျာ အလုပ် ရမှာဗျ၊ ကုမ္ပဏီက ပြင်သစ် ပြည်မှာတွင် ဌာနခွဲပေါင်း တစ်ရာ သုံးဆယ့်လေးခု ရှိတယ်၊ ဘရပ်ဆယ်နှင့် ဆန်ရီမိုမှာ ဖွင့်ထားတဲ့ တိုက်ခွဲတွေ မပါသေးဘူး"

' "ဟုတ်ရဲ့လား ခင်ဗျာ၊ ကျွန်တော်ဖြင့် ဒီကုမ္ပဏီ အကြောင်းကို မကြားဖူးပါဘူး"

' "ဟုတ်တယ်၊ ကြားတော့ ကြားဖူးမှာ မဟုတ်ဘူး၊ ကုမ္ပဏီက အပ် ပြီးတော့ ကြေငြာတာတွေ ဘာတွေ မလုပ်ဘူး၊ ရှယ်ယာ ခေါ်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် လူရင်းတွေ ကြားမှာ တိုးတိုးတိတ်တိတ်ပဲ ခေါ်တယ်၊ ဦးစီး ဦးကိုင် လုပ်သူကတော့ ကျွန်တော့် အစ်ကို ဟယ်ရီ ပင်းနားပဲ၊ ဘုတ်ဖွဲ့တဲ့ အခါကျတော့ သူက အုပ်ချုပ်မှု ဒါရိုက်တာ အဖြစ် ဆောင်ရွက်တယ်၊ ကျွန်တော်က ဒီမှာ နှံ့နှံ့စပ်စပ် ရှိမှန်း သိတော့ ဒီလို လုပ်ငန်းမျိုးမှာ အရည်အချင်း ရှိတဲ့ လူငယ် တစ်ယောက်လောက် ရှာပေးပါလို့ အရှာခိုင်းတယ်ဗျ၊ ဒါနှင့် လိုက်စုံစမ်းတော့ ခင်ဗျား အကြောင်းကို ပါကားဆီက ကြားခဲ့ရတယ်၊ ဒါကြောင့် ခု ခင်ဗျားဆီ လိုက်လာတာပဲ၊ သိပ်တော့ များများ မပေးနိုင်ဘူးပေါ့ဗျာ၊ စစချင်း ပေါင် ငါးရာလောက်ပဲ ပေးနိုင်ဦးမယ်''

' ''ဗျာ၊ တစ်နှစ်ကို ပေါင် ငါးရာ ဟုတ်စ''

' ''ဒါက အစပဲ ရှိသေးတယ် ခင်ဗျ၊ ဒါပေမဲ့ ခင်ဗျား ကိုယ်စားလှယ်တွေ လုပ်ပေးမယ့် အရောင်းအဝယ် လုပ်ငန်း အားလုံးပေါ်ကလည်း ကော်မရှင် တစ် ရာခိုင်နှုန်း ရဦးမှာ၊ ဒီတော့ ပေါင်းလိုက်ရင် ကော်မရှင်ကိုက လခထက် များမှာပါ''

' ''ဒါပေမဲ့ ခက်တာက ကျွန်တော်က သံထည် ပစ္စည်းတွေ အကြောင်းကို ကောင်းကောင်းမှ နားမလည်တာ''

' ''ဖြစ်မှ ဖြစ်ရလေ ကျုပ်လူရယ်၊ ခင်ဗျားက စာရင်းအင်းတွေ ကိန်းဂဏန်း နိုင်နေတာပဲ''

'ကျွန်တော့် ခေါင်းထဲမှာ ချာချာ လည်နေတယ် ခင်ဗျ၊ ကုလားထိုင်ပေါ်မှာ ထိုင်နေတာတောင် ငြိမ်ငြိမ် မထိုင်နိုင်ဘူး၊ ဒါပေမဲ့ ချက်ချင်း ဆိုသလို ကျွန်တော့် ခေါင်းထဲမှာ သံသယ ဝင်လာတယ်။

' ''တစ်ခုတော့ ပွင့်ပွင့်လင်းလင်း ပြောပါရစေဗျာ၊ မော်ဆန် ကုမ္ပဏီက ကျွန်တော့်ကို ခု လခ ပေါင် နှစ်ရာပဲ ပေးတယ် ခင်ဗျ၊ ဒါပေမဲ့ မော်ဆန် ကုမ္ပဏီမှာ လုပ်ရတာက စိတ်ချရတယ်၊ ခု ခင်ဗျားတို့ ကုမ္ပဏီက ကျွန်တော် ကလည်း ကောင်းကောင်း မသိသေးတော့ ...''

'ဒီတော့ သူက ဝမ်းသာအားရနှင့်

' ''မှန်လိုက်လေဗျာ၊ ကျွန်တော်ကလည်း ဒီလို လူမျိုးကိုမှ လိုချင်နေတာ၊ ခင်ဗျားက အပြောသမား မဟုတ်ဘူး၊ အလုပ်သမား၊ လက်တွေ့ ပြမှ ကြိုက်တာ၊ ကောင်းပါတယ်၊ ကဲ ကြာတယ်ဗျာ၊ ရော့ ဟောဒီမှာ ပေါင် တစ်ရာတန်၊ ကျုပ်တို့ အလုပ်ကို လက်ခံမယ် ဆိုရင် ခင်ဗျား လခ အတွက် စရန်အဖြစ် လက်ခံပါ''



' ''များလှချည်လားဗျ၊ ကောင်းပြီလေ၊ ဒါဖြင့် ကျွန်တော် အလုပ် ဘယ်တော့ ဆင်းရမလဲ''

' ''မနက်ဖြန် နေ့လယ် တစ်နာရီကျရင် ဘာမင်ဟမ်ကို အရောက် လာခဲ့ပါ၊ ဟောဒီမှာ ကျွန်တော့် အစ်ကိုကို ပေးဖို့ ကျွန်တော် စာတစ်စောင် ရေးလာခဲ့တယ်၊ ကုမ္ပဏီ ယာယီ ရုံးခန်းက ၁၂၆ ဘီ၊ ကော်ပိုရေးရှင်းလမ်းမှာ၊ အဲဒီမှာ ကျွန်တော့် အစ်ကို ရုံးထိုင်တယ်၊ ဟိုရောက်ရင် ကျွန်တော့် အစ်ကိုက ခင်ဗျားကို နည်းနည်းပါးပါးတော့ စစ်ဆေးကြည့်လိမ့်မယ်၊ ဒါပေမဲ့ စတီ သဘောပါ၊ ခန့်မှာပါ''

' ''ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ဖြင့် ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး''

' ''ရပါတယ်၊ အကြောင်း မဟုတ်ပါဘူး၊ ကိုယ်နှင့် ထိုက်တန်လို့ ကိုယ် ရတာပဲ၊ ဩော် တစ်ခု နှစ်ခုလောက်တော့ လုပ်စရာ ကျန်သေးတယ်၊ ထုံးတမ်းစဉ်လာ သဘောလေးပါ၊ ကျွန်တော့်ကို စာရွက်ကလေး တစ်ရွက်လောက်၊ အဲ စာရွက်ပေါ်မှာ သဘောတူညီချက်ကလေး ရေးပေးပါဗျာ၊ ဖရန်ကိုခ်ဒလင်း သံထည် ပစ္စည်း ကုမ္ပဏီ လီမိတက်တွင် တစ်နှစ်လျှင် ပေါင် ၅၀၀ ဖြင့် မန်နေဂျာ အဖြစ် လုပ်ကိုင်ရန် လုံးဝ သဘောတူပါကြောင်း ဆိုတဲ့ စာကလေးတော့ ရေးပေးလိုက်ပါ''

'ကျွန်တော်လည်း သူ ပြောတဲ့ အတိုင်း ရေးပေးလိုက်တယ် ခင်ဗျ၊ သူက စာရွက်ကို ယူပြီး အိတ်ထဲကို ထည့်လိုက်တယ်။

' ''ဒီလောက်ဆိုရင် လုံလောက်ပါပြီ၊ မော်ဆန် ကုမ္ပဏီက အလုပ်ကိုကော ဘယ့်နှယ် လုပ်မလဲ''

' ''လွယ်ပါတယ်၊ စာရေးပြီး နုတ်ထွက်လိုက်ရုံပေါ့''

' ''ကျွန်တော်ကတော့ ဒီလို မဖြစ်စေချင်ဘူးဗျ၊ ကျွန်တော်က ခင်ဗျား အတွက် မော်ဆန် ကုမ္ပဏီက မန်နေဂျာနှင့် စကား များခဲ့ရပြီ၊ ခင်ဗျား အကြောင်းကို သွားမေးတော့ သူက သိပ်မကြိုက်ဘူး၊ သူတို့ ကုမ္ပဏီက လူတော် လူကောင်းတွေကို ဖဲ့ထုတ်နေတယ်၊ ဘာဖြစ်တယ်နှင့် ကျွန်တော့်ကို စွပ်စွဲတယ်၊ ဒီတော့ ကျွန်တော်လည်း စိတ်တိုလာပြီး လူကောင်း လိုချင် ဈေးကောင်း ပေးပေါ့ဗျလို့ ပြောတယ်၊ ဒီတော့ သူက ခင်ဗျားတို့ ဘယ်လောက် ပေးပေး ဟိုလူက လုပ်မှာ မဟုတ်ဘူး၊ ငွေမက်တဲ့ လူစား မဟုတ်ဘူးလို့ ပြောတယ်ဗျ၊ ဒီတော့ ကျွန်တော်က ဒီလောက် အပြောကြီးလှတာ ငါးပေါင်ကြေး လောင်းမလား၊ ကျုပ်တို့ အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ရရင် ခင်ဗျားတို့ကို လှည့်တောင် ကြည့်မှာ မဟုတ်ဘူးလို့ ပြောတယ်ဗျ၊ ဒီတော့ သူက လောင်းလိုက်ဗျာ၊ ဒီလူကို ကျုပ်တို့ ဝေ့ပြတ်နေလို့ လမ်းမပေါ်က ကောက်ခေါ်ပြီး ခန့်ထားခဲ့တယ်၊ ဘယ်တော့မှ ဒီလောက် လွယ်လွယ်နှင့် လိုက်သွားမှာ မဟုတ်ဘူးလို့ ပြောတယ်၊ အဲဒါ သူ ပြောလိုက်တဲ့ စကား အတိအကျပဲ''

' ''ကျွန်တော့်ကို ဒီလိုပဲ ပြောသလား၊ တော်တော် လူပါးဝတဲ့ လူပါလား၊ တကယ်က ကျွန်တော်နှင့် တစ်ခါမှတောင် တွေ့ဖူးသေးတာ မဟုတ်ဘူး၊ တော်ပြီဗျာ၊ စာ မရေးတော့ဘူး၊ ဘာဖြစ်လို့ ရေးနေတော့မလဲ''

' ''ဟုတ်ပြီဗျ၊ ကတိ တည်တယ်နော်၊ တော်တော်ကြာ ကြားထဲက ကျွန်တော် မကောင်း ဖြစ်နေမယ်၊ ကဲ ကျွန်တော့် အတွက် လူတော် လူကောင်း တစ်ယောက် ရလို့ ကျွန်တော်တို့တော့ ဝမ်းသာတယ်ဗျာ၊ ဟောဒီမှာ စရန် အဖြစ် ပေါင်တစ်ရာရယ်၊ ကျွန်တော့် အစ်ကိုကို ပေးဖို့ စာရယ်၊ လိပ်စာကို သေသေချာချာ မှတ်ထားနော်၊ ၁၂၆ ဘီ၊ ကော်ပိုရေးရှင်းလမ်း၊ မနက်ဖြန် နေ့လယ် နာရီပြန် တစ်ချက်ကို အရောက်သွားနော်၊ မေ့မနေနှင့်ဦး၊ ကဲ ဂွတ်နိုက်ဗျာ၊ ကံကောင်းပါစေ'' ဆိုပြီး သူလည်း ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားတယ် ခင်ဗျ။

'ဒါဟာ ကျွန်တော် မှတ်မိသလောက် သူနှင့် ကျွန်တော် ပြောခဲ့တဲ့ စကားတွေပါပဲ ခင်ဗျ၊ ဒေါက်တာ ဝပ်ဆင်ပဲ စဉ်းစားကြည့်ပါ၊ ပေါင်တစ်ရာ ဆိုတာ နည်းတဲ့ ငွေမှ မဟုတ်တာ၊ ကျွန်တော်လည်း မြိုးမြိုးမြက်မြက် ရလိုက်တဲ့ အတွက် တော်တော်လေးကို ဝမ်းသာပါတယ်၊ အဲဒီ ညက ငွေစက္ကူကလေးတွေကို ပိုက်ပြီး တော်တော်နှင့်တောင် အိပ်လို့ မရဘူး၊ ဒါနှင့် နောက်တစ်နေ့ မနက်ကျတော့ ဘာမင်ဟမ်ကို စောစော ထွက်တဲ့ ရထားနှင့် လိုက်လာခဲ့တယ်၊ ကိုယ်က စောရောက်ရင် ကောင်းတယ် ဆိုပြီး ခပ်စောစော ရောက်အောင် လာခဲ့တာပါ၊ ဘာမင်ဟမ်ကို ရောက်တော့ ကျွန်တော်လည်း ပစ္စည်းကလေးတွေကို နယူးလမ်းမှာ ရှိတဲ့ ဟိုတယ် တစ်ခုမှာ ချပြီး ပေးထားတဲ့ လိပ်စာ အတိုင်း ကော်ပိုရေးရှင်း လမ်းကို လာခဲ့ပါတယ်။

'ချိန်းထားတာက နာရီပြန် တစ်ချက် ခင်ဗျ၊ ဒါပေမဲ့ တစ်ချက် ထိုးဖို့ ဆယ့်ငါးမိနစ် အလို အထိ သူ ပြောတဲ့ နံပါတ် ၁၂၆ ဘီ ဆိုတာကို ရှာလို့ မတွေ့သေးဘူး၊ နောက်ဆုံးကျတော့မှ တိုက်ဆိုင်ကြီး နှစ်ဆိုင် ကြားထဲက အထဲကို ဝင်သွားတဲ့ လမ်းကြားကလေးထိပ်မှာ ၁၂၆ ဘီ ဆိုတဲ့ နံပါတ်ကို သွားတွေ့တယ်၊ အဲဒီ လမ်းကြားကလေး အတိုင်း ဝင်ပြီး ကျောက်တုံး လှေကား ခင်းထားတဲ့





လမ်းကလေး အတိုင်း အထက်ကို တက်သွားရတယ်၊ အပေါ်ကို ရောက်တော့မှ ကုမ္ပဏီ ရုံးခန်းတွေ၊ အလုပ်ခန်းတွေ အဖြစ် ငှားထားတဲ့ တိုက်တန်းလျားတွေကို တွေ့ရတယ်၊ ကုမ္ပဏီ နာမည်တွေ၊ အလုပ်အကိုင်ရှင်တွေရဲ့ နာမည်တွေကို ဆိုင်းဘုတ်တွေ ချိတ်ထားတယ် ခင်ဗျ၊ ဒါပေမဲ့ သူ ပြောတဲ့ ဖရန်ကို မစ်ဒလင်း သံထည် ပစ္စည်း ကုမ္ပဏီ လီမိတက်ရဲ့ နာမည်ကိုတော့ မတွေ့ရဘူးခင်ဗျ၊ ကျွန်တော်လည်း စိတ်ဓာတ်တွေ ကျလိုက်တာ ခင်ဗျာ၊ မပြောပါနှင့်တော့၊ ကိုယ့်နှလုံးဟာ ဖိနပ်ထဲ ပြုတ်ကျသွားသလားတောင် အောက်မေ့ရတယ်၊ ငါ့ကို လိမ်များ သွားလေသလား ဘာလားနှင့် တွေးနေမိတယ်၊ ဒီတုန်းမှာ လူတစ်ယောက် ရောက်လာပြီး ကျွန်တော့်ကို လာနှုတ်ဆက်တယ် ခင်ဗျ၊ ရုပ်ကတော့ မနေ့ညက ကျွန်တော့်ဆီကို လာတဲ့ လူနှင့် တော်တော်ကလေး ဆင်တယ်၊ ကိုယ်လုံး ကိုယ်ပေါက်နှင့် အသံကလည်း တူတယ်၊ ဒါပေမဲ့ သူက မနေ့ညက လူနှင့် ကွာတာက မုတ်ဆိတ်ကို သပ်သပ်ရပ်ရပ်

ရိတ်လို့၊ ဆံပင်ကလည်း ဟိုလူလောက် မထူဘူး၊ ခပ်ပါးပါးရယ်။

' ''မစ္စတာ ပိုင်းကရော့လား'' လို့ သူက မေးတယ်။

' ''ဟုတ်ပါတယ်''

' ''အတော်ပဲဗျာ၊ ကျွန်တော်လည်း ခင်ဗျားကို မျှော်နေတာ၊ ခင်ဗျားက စောရောက်နေတာကိုးဗျ၊ ဒီနေ့ မနက်ပဲ ကျွန်တော့် ညီဆီက စာရတယ်၊ ခင်ဗျား အကြောင်းကတော့ တော်တော်လေးကို ချီးကျူး ရေးလိုက်တာပဲဗျို့''

' ''ကျွန်တော်က ကုမ္ပဏီ ရုံးခန်းကို လိုက်ရှာနေတာ''

' ''ကျွန်တော်တို့ ကုမ္ပဏီ ဆိုင်းဘုတ်ကို မချိတ်ရသေး



'လူတစ်ယောက် ရောက်လာပြီး ကျွန်တော့်ကို လာနှုတ်ဆက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဘူး ခင်ဗျ၊ ကျွန်တော်တို့က ဒီ အခန်းကို အလျင် တစ်ပတ်ကပဲ ယာယီ ငှားထားတယ်၊ လာဗျာ၊ ကျွန်တော်နှင့် လိုက်ခဲ့၊ ဟို ရောက်တော့မှ အေးအေးဆေးဆေး စကား ပြောတာပေါ့"

'ဒါနှင့် ကျွန်တော်လည်း လှေကား အမြင့်ကြီး အတိုင်း သူနှင့် အတူ တက်လိုက်လာခဲ့တယ်၊ အပေါ်ထပ် ရောက်တော့ ဖုန်တွေ တက်နေတဲ့ အခန်းလွတ်ကလေးကို ကျွန်တော်တို့ ဖြတ်လာကြတယ်၊ အခန်းတွေထဲမှာ ကော်ဇောတို့ ဘာတို့လည်း ခင်းမထားဘူးဗျ၊ ခန်းဆီးတွေ ဘာတွေလည်း မရှိဘူး၊ ကျွန်တော် ထင်တာက တကယ့် ရုံးခန်းကြီး၊ စားပွဲကြီးတွေကလည်း ဖိတ်ဖိတ်တောက်လို့၊ စာရေးတွေကလည်း တစ်ပုံကြီး၊ စားပွဲတွေ အစီအရီနှင့်၊ ဒါပေမဲ့ ဟိုရောက်တော့ ဘာမှ မရှိဘူး ခင်ဗျ၊ မတ်တတ် ကုလားထိုင် နှစ်လုံးရယ်၊ စားပွဲ ခပ်သေးသေး တစ်လုံးရယ်၊ လယ်ဂျာ စာအုပ် တစ်အုပ်ရယ်၊ အမှိုက်ခြင်း တစ်လုံးရယ်၊ ဒါပဲ ရှိတယ်၊ ကျွန်တော်လည်း ကြည့်ပြီး အံ့အားသင့်နေတာပေါ့။

'သူက ကျွန်တော့် အခြေအနေကို ရိပ်မိသွားဟန်နှင့်

' "မစ္စတာ ပိုင်းကရော့ရေ၊ ဒါကို ကြည့်ပြီးတော့ စိတ်တော့ မပျက်နှင့်ဗျ၊ ရောမမြို့ကြီးကို တစ်နေ့တည်းနှင့် အပြီးတည်တာ မဟုတ်ဘူး၊ ကျွန်တော်တို့မှာ နောက်ခံ တောင့်ပေမဲ့ တခြား ရုံးခန်းတွေလို သားသားနားနား လုပ်မနေနိုင်ဘူး၊ ကဲ ထိုင်ဗျာ၊ ကျွန်တော့်ညီ ပေးလိုက်တဲ့ စာကို ဖတ်ကြရအောင်"

'ကျွန်တော်က စာကို ထုတ်ပေးလိုက်တော့ သူက စာကို သေသေချာချာ ဖတ်နေတယ် ခင်ဗျ။

' "ကျွန်တော့်ညီ အာသာကတော့ ခင်ဗျားကို တော်တော် သဘောကျနေပုံ ရတယ်ဗျ၊ အာသာ ဆိုတဲ့ ကောင်ဟာ လူကဲခတ် ညံ့တဲ့ ကောင်တော့ မဟုတ်ဘူး၊ သူက လန်ဒန်မြို့ကို ကိုင်ပြီး ကျိန်ထားတော့ ကျွန်တော်ကလည်း ဘာမင်ဟမ် မြို့ကြီးကို ကိုင်ပြီး ကျိန်ရမှာပဗျာ၊ ကဲ ဒီတစ်ချီတော့ သူ့ အကြံဉာဏ်ကို ကျွန်တော် လက်ခံလိုက်မယ်၊ အခုအချိန်က စပြီး အလုပ် ဝင်ပြီလို့ပဲ သဘော ထားလိုက်တော့၊ ပါရီမှာ ကျွန်တော်တို့ ကုမ္ပဏီ ပိုင်တဲ့ သိုလှောင်ရုံတွေ ရှိတယ်ဗျ၊ အဲဒီကနေပြီး ပြင်သစ်ပြည်မှာ ရှိတဲ့ ဆိုင်ခွဲပေါင်း တစ်ရာ သုံးဆယ့်လေးဆိုင်ကို အင်္ဂလိပ် သံထည် ပစ္စည်းတွေ အားလုံး ဖြန့်ချိတယ်၊ ခင်ဗျားတာဝန်က အဲဒီ ပါရီ သိုလှောင်ရုံကို ကြီးကြပ်ဖို့ပဲ၊ ခု ပြင်သစ်မှာ ဖြန့်ဖို့ ပစ္စည်းတွေ ဝယ်နေတယ်၊ တစ်ပတ်လောက် ဆိုရင် ဝယ်လို့ ပြီးတော့မှာပါ၊ ဒီအတွင်းမှာတော့ ခင်ဗျားက ဘာမင်ဟမ်မှာ ထိုင်ပြီး လိုတာလေးတွေ လုပ်ပေးရုံပါပဲ"





' "ဘယ်လို လုပ်ရမှာလဲ ခင်ဗျား"

'သူက အံဆွဲထဲက စာအုပ်နီနီ ထူထူကြီး တစ်အုပ်ကို ဆွဲထုတ်လိုက်ပြီး

' "ဟောဒါက ပါရီက အထွေထွေ ကုန်စည်ဒိုင် လမ်းညွှန် စာအုပ်ကြီးဗျ ကုမ္ပဏီ နာမည်တွေနှင့် သူတို့ ရောင်းဝယ်တဲ့ ကုန် အမျိုးအမည် စာရင်းတွေပါတယ်၊ အဲဒါ ခင်ဗျားအိမ် ယူသွားပြီး သံထည် ပစ္စည်း ရောင်းတဲ့ ကုမ္ပဏီတွေကို စာရင်း လုပ်ဖို့ပါပဲ၊ ဒီစာရင်းတွေက ကျွန်တော်တို့ အဖို့ အရေးကြီးတယ်"

' "ဒီစာရင်းတွေက မှတ်ပုံတင်ထားတဲ့ စာရင်းတွေပဲ၊ ကူးစရာ လိုသေးလို့လား"

' "သိပ် စိတ်မချရဘူးဗျ၊ တချို့ ကုမ္ပဏီတွေက ပျက်သွားပြီ၊ ပြီးတော့ ပြင်သစ် စနစ်က ကျွန်တော်တို့နှင့် သိပ်မတူဘူး၊ ဒီတော့ ကျွန်တော်တို့က ရွေးရမှာ၊ ဘာပဲဖြစ်ဖြစ်လေ ဒီစာရင်းတွေကိုသာ ကူးထားပါ၊ တနင်္လာနေ့ ဆယ့်နှစ်နာရီမှာ လိုချင်တယ်၊ ကဲ ဒါပါပဲ မစ္စတာ ပိုင်းကရော့၊ အလုပ် ကြိုးစားပြီး ဆက်မြက်တယ် ဆိုရင် ခင်ဗျား အဖို့လည်း ရှေ့မှာ တက်လမ်းတွေ ရှိပါတယ်"

'ကျွန်တော်လည်း စာအုပ် ထူထူကြီး ချိုင်းကြား ညှပ်ပြီး ဟိုတယ်ကို ပြန်တယ် ခင်ဗျ၊ ကျွန်တော့် စိတ်ထဲမှာတော့ မရှင်းတရှင်း ဖြစ်နေတယ်၊ တစ်ဖက်ကနေ ကြည့်တော့ ကျွန်တော့်မှာ အလုပ် ဝင်နေပြီ၊ အလုပ် ဝင်လို့ ပေါင်တစ်ရာ ရနေပြီ၊ တစ်ဖက်ကနေ ကြည့်တော့လည်း သူတို့ ရုံးခန်းက ခပ်စုတ်စုတ်၊ ကုမ္ပဏီ နာမည် မရှိ ဘာမရှိနှင့်၊ အလုပ်ကြီး အကိုင်ကြီးသမား တစ်ယောက်အနေနှင့် အထင်ကြီးစရာ ဆိုလို့လည်း ဘာမှ မရှိ၊ ဒီလိုနှင့် ကိုယ့် အလုပ်ရှင်ရဲ့ အခြေအနေကို ဘဝင် မကျတကျနှင့် ပြန်လာခဲ့တယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ သူ့ ပိုက်ဆံ ယူမိပြီး သူ့ အလုပ်ကို လက်ခံမိပြီ၊ မတတ်နိုင်ဘူး ဆိုပြီး သူပြောတဲ့ အတိုင်း ကျွန်တော် အလုပ် စလုပ်ပါတယ်၊ တနင်္ဂနွေနေ့ တစ်နေ့လုံး သူ ပြောတဲ့ စာရင်းတွေကို ထိုင်ကူးတယ်၊ တနင်္လာနေ့သာ ရောက်ရော မပြီးသေးဘူး၊ အက္ခရာ ဒီ အလိုက် ကူးလာတာ အိတ်ချ်ကိုပဲ ရောက်သေးတယ်၊ ဒါနှင့် ကျွန်တော့် အလုပ်ရှင်ဆီကို တစ်ခေါက် ပြန်သွားတယ်၊ ခပ်စုတ်စုတ် ရုံးခန်းကလေးထဲမှာ ဟိုနေ့က အတိုင်း ထိုင်လို့ ခင်ဗျ၊ မပြီးရင် ဗုဒ္ဓဟူးနေ့ အထိ ဆက်ကူးပါ ဆိုတာနှင့် ကျွန်တော်လည်း ပြန်လာခဲ့တယ်၊ ဗုဒ္ဓဟူးနေ့ ရောက်တော့လည်း မပြီးဘူး ခင်ဗျ၊ ဒါနှင့် သောကြာနေ့ အထိ ဆက်ကူးပြန်ရော ဆိုပါတော့၊ အဲ မနေ့က အထိ ဆိုပါတော့လေ၊ မနေ့က ကျွန်တော့် အလုပ်ရှင် မစ္စတာ ဟယ်ရီ ပင်နားဆီကို သွားတယ် ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



' ''ကျေးဇူးပဲဗျ၊ အလုပ်ကို ကျွန်တော်က ပေါ့ပေါ့ တွက်လိုက်တာကိုး ဗျ၊ အမှန်က သိပ်လွယ်တဲ့ အလုပ်မှ မဟုတ်ဘဲကိုး၊ ဒီစာရင်းက ကျွန်တော်တို့ အဖို့ တော်တော် အသုံးဝင်တယ်ဗျ''

' ''ကျွန်တော်တော့ တော်တော်ကလေးကို ဖားသွားတယ် ခင်ဗျ''

' ''ဟုတ်တာပေါ့၊ ကဲ နောက်တစ်ခါ ကူးရမှာကတော့ ပရိဘောဂဆိုင် စာရင်းတွေဗျ၊ ပရိဘောဂဆိုင် ဆိုတာ သံထည် ပစ္စည်းတွေကိုလည်း ရောင်း တယ်''

' ''ဟုတ်ကဲ့၊ ကူးတာပေါ့''

' ''မနက်ဖြန် ညနေ ခုနစ်နာရီကျရင် ကျွန်တော့်ဆီ ပြန်လာခဲ့ဗျာ ဘယ် အခြေအနေ ရောက်ပြီ ဆိုတာ သိရမှာပေါ့၊ သိပ်လည်း အပင်ပန်းတော့ မခံပါနှင့်လေ၊ ဖြည်းဖြည်းသာ လုပ်ပါ၊ သိပ်ပင်ပန်းရင် ညနေ ရောက်တော့ ဂီတပွဲမှာ သွားပြီး အပန်းဖြေပေါ့၊ မဟုတ်ဘူးလား''

'သူက အဲဒီလို ပြောရင်း ရယ်လိုက်တယ် ခင်ဗျ၊ ရယ်လိုက်တော့ လက်ဝဲဘက်က ပါးစောင်မှာ ရွှေသွားတွေ စိုက်ထားတာကိုလည်း မြင်လိုက် ရော ကျွန်တော် ကျောစိမ့်သွားတယ် ခင်ဗျ'

ရှားလော့ဟုမ်းက လက်နှစ်ဖက်ကို ဝမ်းသာအားရ ပွတ်လိုက်ပြီး ကျွန်ုပ် မှာ ကျွန်ုပ်တို့ အမှုသည်ကို တအံ့တသြ ကြည့်နေမိလေ၏။

'ဒေါက်တာ ဝပ်ဆင်ကတော့ အံ့အားသင့်ချင် သင့်နေမှာပဲ၊ ဒါပေမဲ့ ဖြစ်ပုံက ဒီလိုခင်ဗျ၊ သူညီ ဆိုတဲ့လူ ကျွန်တော့်ဆီ လာပြောတုန်းက ကျွန်တော် က မော်ဆန် ကုမ္ပဏီကို မသွားတော့ဘူးလို့ ပြောတော့ သူ ရယ်လိုက်တုန်းက ပါးစောင်မှာ ရွှေသွားတွေ ဒီလိုပဲ အပြည့် တပ်ထားတာကို ကျွန်တော် မြင် လိုက်ရတယ်၊ ရွှေသွားတွေက ခင်ဗျာ တကတည်း ဝင်းနေတာပဲ၊ ရွှေသွားတွေ ရယ် ရုပ်ရယ် အသံရယ် တူပြီး ကျန်တဲ့ အရာတွေကတော့ မုတ်ဆိတ်ရိတ် ဓား တစ်ချောင်း ဆံပင်တု တစ်ခုနှင့် ပြောင်းလို့ ရတာတွေ ဖြစ်နေတော့ ကျွန်တော့် အလုပ်ရှင်နှင့် ကျွန်တော့်ဆီကို လာပြောတဲ့ သူညီ ဆိုသူဟာ တစ်ယောက်တည်း ပဲလို့ ကျွန်တော် တထစ်ချ မှတ်လိုက်တယ် ခင်ဗျ၊ ဟုတ်ပါတယ်၊ ညီအစ်ကို ဆိုတာ ရုပ်ချင်း တူနိုင်ပါတယ်၊ ဒါပေမဲ့ ရွှေသွားတွေ ဒီလို တစ်ဖက်တည်း တပ် ထားလောက်အောင် တူဖို့ ဆိုတာကတော့ ဖြစ်ကို မဖြစ်နိုင်ဘူး၊ သူက ကျွန် တော့်ကို နှုတ်ဆက်ပြီး ပြန်လွှတ်လိုက်တော့ ကျွန်တော်လည်း တိုက်ပေါ်က ဆင်း လာခဲ့တယ်၊ လမ်းပေါ်ကို ဘယ်လိုက ဘယ်လို ရောက်လာမှန်းတောင် မသိလိုက်



ဘူး ခင်ဗျာ၊ ဒါနှင့် ကျွန်တော်လည်း ဟိုတယ်ကို ပြန်လာပြီး ခေါင်းကို ရေ အေးအေးထဲ နှစ်ပြီး ဘယ်လို ရည်ရွယ်ချက်လဲ ဆိုတာ အပြန်ပြန်အလှန်လှန် စဉ်းစားနေမိတယ်၊ ဘာဖြစ်လို့ ကျွန်တော့်ကို လန်ဒန်ကနေပြီး ဘာမင်ဟမ်ကို လွှတ်လိုက်တာလဲ၊ ဘယ်လိုလုပ်ပြီး ကျွန်တော့် အလျင် ဘာမင်ဟမ်ကို ရောက် နေတာလဲ၊ သူ့ဆီကို ပေးရမယ့် စာကို ဘာဖြစ်လို့ သူကိုယ်တိုင် ရေးပေးလိုက်ရ တာလဲ၊ ဘာအဓိပ္ပာယ်နှင့် ဒီလို လုပ်နေတာလဲ ဆိုတာကို ကျွန်တော် မစဉ်းစား တက်အောင် ဖြစ်နေတယ် ခင်ဗျ၊ ကျွန်တော့် အဖို့ အမှောင်ကြီးကျသလို ဖြစ် နေတဲ့ ပြဿနာဟာ စုံထောက်ကြီး အဖို့တော့ လွယ်လွယ်ကလေးပဲ နေမှာပဲလို့ ကျွန်တော် သတိ ရလိုက်တယ်၊ ဒါနှင့် ကျွန်တော် ညရထားနှင့် ချက်ချင်း လောက်လိုက်လာတာပါပဲ၊ မနက်ကျရင် သူနှင့် တွေ့မယ်၊ ပြီးတော့ စုံထောက် ကြီးတို့ကိုလည်း ဘာမင်ဟမ်ကို ခေါ်လာမယ် ဆိုပြီး ကျွန်တော် လာခဲ့တာပါပဲ ခင်ဗျာ'

ထူးဆန်းသည့် သူ့ အဖြစ်အပျက်များကို ပြောပြပြီးနောက် ငွေ အရောင်း စာယ် ဒိုင် စာရေးသည် တိတ်ဆိတ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ဘာလ ကြာမြင့်စွာ သိုလှောင်ထားသည့် အရက်များကို မြည်းကြည့်နေသည့် အရက်မြည်းသမား တစ်ယောက် သဖွယ် ကျေနပ်သော်လည်း စိတ်မချသေးသည့် ဟန်မျိုးဖြင့် မီးရထား ထိုင်ခုံ နောက်ကို မှီလိုက်ပြီးနောက် ကျွန်ုပ်ကို စူးစိုက် ကြည့်လျက် ရှိလေ၏။

'အိုင်ဆေး ဝပ်ဆင်ရေ၊ တယ်လှတဲ့ အကွက်ကလေးပဲဗျ၊ ကျုပ် ကျေနပ် တဲ့ အကွက်ကလေးတွေကို တွေ့နေရတယ်၊ ဖရန်ကို မစ်ဒလင်း သံထည် ကုမ္ပဏီ လီမိတက် ယာယီ ရုံးခန်းမှာ မစ္စတာ အာသာ ဟယ်ရီ ပင်းနားနှင့် တွေ့ဆုံ တား ပြောရရင် ကျုပ်တို့ နှစ်ယောက်စလုံး အတွက် တော်တော် စိတ်ဝင်စားစရာ ကောင်းမယ်လို့ ထင်တာပဲ'

'နို့ နေစမ်းပါဦး၊ ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး ဝင်တွေ့ရမှာလဲ'

'ဒါကတော့ လွယ်ပါတယ်ဗျာ၊ စုံထောက်ကြီးတို့က အလုပ် ရှာနေတဲ့ ကျွန်တော့် မိတ်ဆွေ နှစ်ယောက်ပေါ့၊ ကျွန်တော်က စုံထောက်ကြီးတို့ကို မန်နေဂျာ ဒါရိုက်တာကြီးနှင့် တွေ့ရအောင် ခေါ်လာတယ်ပေါ့' ဟု မစ္စတာ ပိုင်းကရော့က အားရ ရွှင်လန်းစွာ ပြောလေ၏။

'ဟုတ်ပြီဗျ၊ သိပ်ကောင်းတယ်၊ ကျွန်တော် အဲဒီ ပုဂ္ဂိုလ်နှင့် တွေ့ပြီး သူ့ လှည့်ကွက်ကလေးကို ကိုယ်တိုင် ကြည့်ချင်တယ်၊ နေစမ်းပါဦးဗျ မသိလို့



www.burmeseclassic.com

www.burmeseclassic.com

မေးပါရစေဦး၊ သူတို့က ဒီလောက် တန်ဖိုးထားရအောင် ခင်ဗျားရဲ့ အရည်အချင်းတွေကကော ဘယ်လို အရည်အချင်းတွေလဲ၊ ဒီလိုမှ မဟုတ်ရင်လည်း ...'

ရှားလော့ဟုမ်းသည် စကားကို အဆုံးမသတ်ဘဲ လက်သည်းများကို ကိုက်ကာ ရထား ပြတင်းမှ နေ၍ အပြင်သို့ ငေးကြည့်လိုက်လာသည်မှာ နယူးလမ်း အထိ စကား တစ်ခွန်းမျှ ပြောဆိုခြင်း မရှိတော့ချေ။

ထိုနေ့ည ခုနစ်နာရီ၌ ကျွန်ုပ်တို့ သုံးယောက်သည် ကုမ္ပဏီ ရုံးခန်းရှိရာ ကော်ပိုရေးရှင်း လမ်းအတိုင်း လျှောက်လာခဲ့ကြလေ၏။ ကျွန်ုပ်တို့ အမှုသည်က

'အချိန် စောစော ရောက်လို့တော့ သိပ်မကောင်းဘူး ခင်ဗျ၊ ကျွန်တော် ရောက်မှ သူ ရောက်လာလေ့ ရှိတယ်၊ လမ်းကလည်း သူ ပြောတဲ့ အချိန်မှာ လူ တော်တော် ရှင်းနေတယ်'

'အင်း တွေးစရာပေါ့လေ'

'ဟော ခင်ဗျ၊ ပြောရင်းဆိုရင်း ဟောဟိုရှေ့မှာ လာနေပြီ ခင်ဗျ'

ကျွန်ုပ်တို့၏ အမှုသည်သည် လမ်းတစ်ဖက်မှ ကူးလာသော သားသားနားနား ဝတ်ဆင်ထားသည့် ခပ်ညှက်ညှက် အသား ဖြူဖြူ လူတစ်ယောက်ကို ညွှန်ပြလေ၏။ ကျွန်ုပ်တို့က သူ့ကို ကြည့်နေစဉ်တွင် ထိုလူသည် နောက်ဆုံးထုတ် သတင်းစာများကို အော်ရောင်းနေသည့် သူငယ်ကလေး တစ်ယောက်ကို လှမ်းကြည့်ကာ ယာဉ်ရထားများကြားမှ ဖြတ်သွား၍ သတင်းစာ တစ်စောင်ကို ဝယ်ပြီးနောက် တံခါး တစ်ခု နောက်ကွယ်တွင် ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

'ဟော ဟော၊ ဝင်သွားပြီ ခင်ဗျ၊ ခု သူ ဝင်သွားတာဟာ ကုမ္ပဏီ ရုံးခန်းပဲ၊ လာ လာ၊ ကျွန်တော့် နောက်က လိုက်ခဲ့ကြ၊ ကျွန်တော် တွေ့ပေးမယ်'

ကျွန်ုပ်တို့သည် သူ့ နောက်မှ အထပ် ငါးထပ် အထိ တက်လိုက်လာခဲ့ကြရာ တစ်ဝက် ပွင့်လျက် ရှိသည့် အခန်း တစ်ခန်း ရှေ့သို့ ရောက်သည့်အခါတွင် ကျွန်ုပ်တို့ အမှုသည်သည် အခန်း ရှေ့တွင် ရပ်လိုက်ပြီးနောက် တံခါးခေါက်လိုက်လေ၏။ ဝင်ခဲ့ပါဟု ဆိုသဖြင့် ကျွန်ုပ်တို့သည် ပိုင်းကရော့ ပြောသကဲ့သို့ ဟာလာဟင်းလင်း ဖြစ်နေသည့် အခန်းထဲသို့ ဝင်ခဲ့ကြလေ၏။ အခန်းထဲရှိ တစ်ခုတည်းသော စားပွဲတွင်မူ လမ်းတွင် ကျွန်ုပ်တို့ မြင်လိုက်ရသည့် ထိုလူသည် ညနေ သတင်းစာကို ဖြန့်၍ ဖတ်လျက် ရှိပေ၏။ မော့်ကြည့်လိုက်သည့် အခါတွင်မူ ထိုလူ၏ မျက်နှာမှာ ပူဆွေး သောက ရောက်လျက် ရှိသည့် လက္ခဏာကို ဆောင်လျက် ရှိရုံမျှမက လူ အနည်းငယ်၌ တစ်သက်တွင် တစ်ကြိမ်ပင် ပေါ်ပေါက်ရန် ခဲယဉ်းသည့် ထိတ်လန့် တုန်လှုပ်ခြင်းမျိုး ဖုံးလွှမ်းလျက် ရှိသည်







မော့်ကြည့်လိုက်သော အခါ ထိုလူ၏ မျက်နှာမှာ ...

ဖြစ်ရကား ထိုမျက်နှာမျိုးကို ဤတစ်ကြိမ်သာ တွေ့ဖူးသေးသည်ဟုပင် ကျွန်ုပ်စိတ်တွင် ထင်မိပါသေးသည်။ သူ့ နဖူးပြင်သည် ချွေးသီးချွေးပေါက်ကြီးများဖြင့် စိုစွတ်လျက် ရှိ၍ ပါးပြင်မှာ ငါး၏ ဝမ်းဗိုက်ကဲ့သို့ စက်ဆုပ်စဖွယ် ဖြူရော်လျက် ရှိပြီး ပြူးကျယ်လျက် ရှိသော မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို အလန့်တကြား စိုက်ကြည့်လျက် ရှိလေ၏။ ထိုလူသည် သူ့ စာရေးကို မှတ်မိခြင်း မရှိတော့သည့်နှယ် ငေးငေးကြီး ကြည့်လျက် ရှိသည်တွင် ကျွန်ုပ်တို့ကို ခေါ်ဆောင်လာသည့် စာရေးတာ ပိုင်းကရော့မှာလည်း သူ့ အလုပ်ရှင်ကို ကြည့်၍ အံ့အားသင့်လျက် ရှိခြင်းကြောင့် ဤအမူအရာမျိုးကို သူကိုယ်တိုင်ပင်လျှင် ယခုမှ တွေ့ဖူးခြင်း ဖြစ်မည်ဟု ကျွန်ုပ်တို့ ထင်လိုက်မိပေ၏။

'မစ္စတာ ပင်းနား နေမကောင်းဘူး ထင်တယ်' ဟု မေးလိုက်၏။

ထိုလူသည် ပြန်၍ ဣန္ဒြေဆည်လိုက်ကာ နှုတ်ခမ်းများ တပျတ်ပျတ် လျက်လိုက်ရင်း

'ဟုတ်တယ်ဗျ၊ ကောင်းကောင်း နေမကောင်းဘူး၊ ဒီက မိတ်ဆွေကြီးတွေက ဘယ်ကပါလိမ့်'

ကျွန်ုပ်တို့ မိတ်ဆွေ စာရေးက ခပ်သွက်သွက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်က ဘာမွန်ဆေက မစ္စတာ ဟဲရစ်တဲ့ ခင်ဗျ၊ နောက်တစ်ယောက်ကတော့ ဘာမင်ဟမ်ကပါပဲ၊ မစ္စတာ ပရိုက်တဲ့၊ သူတို့ နှစ်ယောက်စလုံး ကျွန်တော့် မိတ်ဆွေတွေပါ၊ အတွေ့အကြုံလည်း တော်တော်လေး ရှိကြပါတယ်၊ ဒါပေမဲ့ အလုပ်အကိုင် အဆင်မပြေ ဖြစ်နေကြတာ တော်တော်လေး ကြာသွားပါပြီ၊ ဒါကြောင့် ဒီမှာ အလုပ်အကိုင်လေး ဘာလေးများ ရနိုင်မလားလို့ပါ'

'အို ရနိုင်ပါတယ် ရနိုင်ပါတယ်၊ ဒီလိုပဲ ဖြစ်အောင် လုပ်ရမှာပေါ့၊ မစ္စတာ ဟဲရစ်က ဘယ်အလုပ်မျိုးကို ကျွမ်းကျင်ပါလိမ့်'

ပြောသာ ပြောရသော်လည်း မစ္စတာ ပင်းနားမှာ မျက်နှာ မကောင်းလှချေ။

'ကျွန်တော်က စာရင်းကိုင်ပါ ခင်ဗျာ' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

'ဟာ အတော်ပဲဗျာ၊ ကျွန်တော့်တို့မှာလည်း စာရင်းကိုင်ဖို့ လူ လိုနေတယ်၊ ဟောဒီက မစ္စတာ ပရိုက်ကကော'

'ကျွန်တော်က စာရေးပါ ခင်ဗျာ'

'ဟုတ်ပြီလေ၊ ခင်ဗျားတို့ နှစ်ယောက်လုံးကို ကုမ္ပဏီက ခန့်လိမ့်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့ ဆုံးဖြတ်ချက် ကျတာနှင့် ခင်ဗျားတို့ဆီကို ချက်ချင်း အကြောင်း ကြားလိုက်ပါ့မယ်၊ ကဲ ကိစ္စက ဒါပဲ မဟုတ်လား၊ လုပ်စရာကလေးတွေ ရှိနေလို့ဗျာ၊ ပြီးရင် တစ်ဆိတ် ပြန်ကြပေဦးရော့'

ထိုလူ၏ စိတ်ထဲတွင် ချုပ်တည်းထားရသမျှတို့မှာ ပေါက်ကွဲ ထွက်လာသကဲ့သို့ နောက်ဆုံး စကားများသည် ပါးစပ်မှ အရှိန်အဟုန် ပြင်းစွာနှင့် ထွက်လာကြလေ၏။ ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့သည် တစ်ယောက် မျက်နှာကို တစ်ယောက် လှမ်းကြည့်မိလိုက်ကြပြီး မစ္စတာ ပိုင်းကရော့မှာမူ စားပွဲဆီသို့ လျှောက်သွားကာ

'မစ္စတာ ပင်းနားက အလုပ် ကိစ္စနှင့် ပတ်သက်လို့ ညွှန်ကြားစရာ ရှိတယ်၊ လာခဲ့ပါ ဆိုလို့ ကျွန်တော် လာရတာ ခင်ဗျ၊ မစ္စတာ ပင်းနား မေ့နေတယ် ထင်တယ်'

မစ္စတာ ပင်းနားမှာ အနည်းငယ် တည်ငြိမ်သွားကာ

'မမေ့ပါဘူးဗျာ၊ မမေ့ပါဘူး၊ ကဲ မစ္စတာ ပိုင်းကရော့၊ ဒီမှာ ခဏ စောင့်နေပါဦး၊ ခင်ဗျား မိတ်ဆွေတွေလည်း ဒီမှာပဲ ထိုင်စောင့်နေချင်သပ ဆိုရင် စောင့်နိုင်ပါတယ်၊ မကြာပါဘူး၊ သုံးမိနစ်လောက် အတွင်း ကျွန်တော် ပြန်လာ





မှာပါ၊ သည်းခံပြီး ခဏ စောင့်ပါ'

မစ္စတာ ပင်းနားသည် ကျွန်ုပ်တို့အား ယဉ်ကျေး သိမ်မွေ့စွာ ပြောဆိုကာ ဦးညွှတ် နှုတ်ဆက်ပြီးနောက် အခန်းထိပ်ရှိ တံခါးနားသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

'ဘယ်လိုလဲဗျို့၊ ငနဲ လစ်ပြေးပြီ ထင်တယ်' ဟု ရှားလော့ဟုမ်းက အသံကလေးဖြင့် ပြောလေ၏။

'မလစ်ပါဘူး' ဟု မစ္စတာ ပိုင်းကရော့က ပြော၏။

'ဘာဖြစ်လို့ မလစ်ဘူးလို့ ပြောနိုင်ရသလဲ'

'အခု တံခါးက တခြား အခန်းထဲကို ဝင်တဲ့ တံခါး ခင်ဗျ'

'ဒီအခန်းထဲမှာ တခြားကို ထွက်တဲ့ အပေါက် မရှိတော့ဘူးလား'

'မရှိဘူး ခင်ဗျ'

'စားပွဲတွေ၊ ကုလားထိုင်တွေကော ရှိသလား'

'မနေ့က အထိတော့ ဘာမှ မရှိဘူး ခင်ဗျ'

'ဒါဖြင့် ဒီငနဲ ဘာလုပ်နေတာလဲဗျ၊ ဒီကိစ္စမှာ ကျွန်တော် နားမလည်တာတွေ ရှိနေတယ်၊ ပင်းနား ဆိုတဲ့ လူဟာ ဘာဖြစ်လို့ ဒီလောက် ကြွေးမဆည်နိုင်လောက်အောင် ကြောက်နေရတာလဲ ဆိုတာ စဉ်းစားလို့ မရဘဲ ဖြစ်နေတယ်'

'ကျွန်တော်တို့က စုံထောက်တွေ ဆိုတာ ရိပ်မိသွားလို့ ဖြစ်မှာပေါ့'

'ဖြစ်နိုင်တယ် ခင်ဗျ' ဟု မစ္စတာ ပိုင်းကရော့က ဝင်ပြောသည်။ ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်လျက်

'ကျွန်တော်တို့ ဝင်လာတဲ့ အခါကျတော့မှ ဒီလူဟာ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားတာ မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ ဝင်မလာခင်ကတည်းက ဖြစ်နေတာ၊ ဖြစ်နိုင်တာကတော့'

ထိုလူ ဝင်သွားသည့် အတွင်းဘက်ခန်းဆီမှ တဒေါက်ဒေါက် ခေါက်သံ ပေါ်လာသဖြင့် ရှားလော့ဟုမ်းက စကားကို အဆုံးမသတ်နိုင်ဘဲ လှည့်ကြည့်လိုက်သည်။

'ဟော ကြည့် ခင်ဗျ၊ သူ့ အခန်း တံခါးကို သူ့ဘာသာသူ ပြန်ခေါက်နေပြန်ပြီ' ဟု စာရေးက ပြောလေ၏။

တဒေါက်ဒေါက် မြည်နေသော ခေါက်သံသည် ပို၍ ကျယ်လောင်စွာ ပေါ်လာပြန်လေ၏။ ကျွန်ုပ်တို့သည် ပိတ်ထားသည့် တံခါးဆီသို့ မျှော်လင့်ခြင်းကြီးစွာဖြင့် လှမ်းကြည့်လိုက်သည့် အခါတွင် ရှားလော့ဟုမ်း၏ မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ်တို့လည်း တံခါးကို တက်နင်းပြီး အခန်းထဲသို့ ဝင်လာခဲ့ကြသည်။

တည်သွားပြီး စိတ်အား ထက်သန် လျက် ရှိသည်ကို တွေ့ရလေ၏။ ထိုနောက် ပလုတ် ကျင်းသည့် အသံလိုလို၊ လည်ချောင်းထဲက ခွဲ သလိပ်သံလိုလို အသံမျိုးနှင့် အတူ သစ်သားပြားပေါ်သို့ တဒေါက် ဒေါက် ခေါက်နေသည့် အသံမျိုး ကို ကြားရလေ၏။ ရှားလော့ဟုမ်း သည် ဝုန်းခနဲ ထပြေးကာ အခန်း တံခါးကို တွန်းဖွင့်လိုက်လေ၏။ သို့ရာတွင် အထဲမှ ပိတ်ထားသဖြင့် တံခါးကို ဖွင့်၍ မရချေ။ ဤတွင် ကျွန်ုပ်တို့ သုံး ယောက် သည် တံခါးကို ကိုယ်လုံးဖြင့် တိုက်ဖွင့် ကြပြန်၏။ ပထမ တစ်ကြိမ်တွင် ပတ္တာ တစ်ဖက် ပြုတ်သွား၏။ နောက်တစ်ကြိမ် ကိုယ်လုံးဖြင့် ပစ်တိုက်လိုက်ကြသည့် အခါတွင်မူ ဒုတိယ ပတ္တာသည်လည်း ပြုတ်သွားကာ တံခါးကြီး ပြုတ်ထွက်သွားသည်တွင် ကျွန်ုပ်တို့လည်း တံခါးကို တက်နင်းပြီး အတွင်းခန်းထဲသို့ ဝင်လာခဲ့ကြလေ၏။

အခန်းထဲတွင် ဘာမျှ မရှိချေ။

ကျွန်ုပ်တို့သည် ဘာလုပ်၍ ဘာကိုင်ရမည် မသိဘဲ အခန်းထဲ ယောင်တိး ယောင်တ ဖြစ်လျက် ရှိလေ၏။ သို့ရာတွင် ဘာမျှ မကြာလိုက်ချေ။ ကျွန်ုပ်တို့ ခပ်စောစောက ထိုင်နေသည့် အခန်းနှင့် အနီးဆုံး အခန်းထောင့်တွင် တံခါး ပေါက် တစ်ခု ရှိရာ ရှားလော့ဟုမ်းသည် ထိုတံခါးပေါက်ကို ပြေးဖွင့်လိုက် လေ၏။ ကြမ်းပေါ်တွင် ကုတ်အင်္ကျီ တစ်ထည်နှင့် အတွင်းခံ ကိုယ်ကျပ် ခါးပြတ် အင်္ကျီ တစ်ထည်ကို ပုံလျက်သား တွေ့ရလေ၏။ တံခါး အထက်ရှိ ချိတ်တစ်ခု တွင်ကား ဖရန့်ကို မစ်ဒလင်း သံထည် ပစ္စည်း ကုမ္ပဏီ လီမိတက်မှ မန်နေဂျင်း ဒါရိုက်တာကြီးသည် ဘောင်းဘီ သိုင်းကြိုး နှစ်ချောင်းကို ပူးချည်ကာ ကြိုးဆွဲချ နေသည်ကို တွေ့ရလေ၏။ ဒူးနှစ်ဖက်သည် ဆန့်လျက် ရှိပြီး ခေါင်းတစ်ဖက်က





ဆောင်းလျက် ရှိလေ၏။ ခပ်စောစောက ကျွန်ုပ်တို့ စကား ပြောနေစဉ် တဒေါက် ဒေါက် မြည်နေသော အသံမှာ ဖိနပ်ဦးနှင့် တံခါးရွက်တို့ ပွတ်တိုက်မိရာမှ ပေါ် ထွက်လာသော အသံ ဖြစ်ကြောင်း တွေ့ရလေ၏။ ချက်ချင်းပင် ကျွန်ုပ်က ထိုလူကို ခါးမှ ဖက်၍ မြှောက်ထားလိုက်ပြီး ရှားလော့ဟုမ်းနှင့် ပိုင်းကရော့တို့က ကြိုး များကို ဖြေလျက် ရှိလေ၏။ ထိုနောက် ကျွန်ုပ်တို့သည် ထိုလူကို အခြား အခန်း တစ်ခုထဲသို့ သယ်လာခဲ့ကြ၏။ ထိုလူ၏ မျက်နှာမှာ သင်ပုန်းရောင် ပေါက်ကာ ညိုမည်းလျက် ရှိလေ၏။ ပြာမည်းလျက် ရှိသော နှုတ်ခမ်းများကို စုကာ အသက် ကို ပင်ပန်းကြီးစွာ ရှူရှိုက်လျက် ရှိရာ လွန်ခဲ့သည့် ငါးမိနစ်ခန့်က ကျွန်ုပ်တို့ မြင် တွေ့ခဲ့ရသည်ထက်ပင် ကြောက်စရာ ကောင်းလျက် ရှိလေ၏။

'ခင်ဗျား ဘယ်လို ထင်သလဲဗျို့ ဝပ်ဆင်' ဟု ရှားလော့ဟုမ်းက ကျွန်ုပ် ကို လှမ်းမေးလိုက်၏။

ကျွန်ုပ်သည် ကိုယ်ကို ကိုင်းကာ ထိုလူကို စစ်ဆေးကြည့်၏။ သွေးခုန် နှုန်းမှာ မမှန်လှချေ။ သွေးကြောကို မနည်း စမ်းနေရ၏။ သို့ရာတွင် အသက်ရှူ အနည်းငယ် မှန်လာစပြုပြီး တစ်ချက် တစ်ချက်တွင် မျက်ခွံများ လှုပ်လာသည် ကို တွေ့ရ၏။

'ကံဆိုး ကံကောင်းလို့ပဲ အောက်မေ့ရမှာပဲဗျ၊ ဘာမှ မဟုတ်တာလေး နှင့်ပဲ ပိုးစိုးပက်စက် ဖြစ်သွားနိုင်တယ်၊ ဒါပေမဲ့ ခုတော့ ကိစ္စ မရှိတန်ကောင်းဘူး ထင်ပါရဲ့၊ ကဲ ပြတင်းပေါက်ကို ဖွင့်ဗျာ၊ ရေချိုင့်လည်း ယူခဲ့'

ကျွန်ုပ်က ထိုလူ၏ လည်စည်းကို ဖြုတ်ကာ မျက်နှာကို ရေအေးအေးဖြင့် ဆောင်းလိုက်ပြီးလျှင် ခပ်မှန်မှန် အသက်ရှူလာသည် အထိ လက်မောင်းများကို မြှောက်ချီ ပင့်ချီ ပြုလုပ်ပေးလေ၏။

'သိပ်တော့ ကြာကြာ ခံမယ် မထင်ဘူးဗျ' ဟု ကျွန်ုပ်က နောက်သို့ လှည့်၍ ပြောလိုက်လေ၏။

ရှားလော့ဟုမ်းမှာ ဘောင်းဘီ အိတ်ထဲသို့ လက်နှစ်ဖက်ကို စုံနှိုက်၍ စားပွဲ အနီးတွင် ရပ်ရင်း ခေါင်းငိုက်စိုက်ချကာ စဉ်းစားလျက် ရှိလေ၏။

'ပုလိပ်ကို အခေါ် လွှတ်ထားရင် ကောင်းမယ် ထင်တယ်၊ ဒါပေမဲ့ ပုလိပ် ရောက်လာရင် သေသေချာချာ ပြောနိုင်အောင် အမှု အပြည့်အစုံကို သိ ထားချင်တယ်ဗျာ'

မစ္စတာ ပိုင်းကရော့က ခေါင်းကုတ်လျက်

'ကျွန်တော်ဖြင့် ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်နေပြီ ခင်ဗျား ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကို ဘာဖြစ်လို့များ သူတို့ ကိစ္စထဲ ဆွဲသွင်းရသလဲ မသိဘူး၊ ပြီးတော့'

ရှားလော့ဟုမ်းက စိတ်တိုနေဟန်ဖြင့်

'ဒါက ရှင်းပါတယ် ကိုယ့်လူရဲ့၊ မရှင်းတာက ခု နောက်ဆုံး ကိစ္စ'

'ဒါဖြင့် ကျန်တဲ့ ကိစ္စတွေကိုတော့ စုံထောက်ကြီး နားလည်တယ်ပေါ့'

'အရှင်းကြီး ထင်ပါတယ်ဗျာ၊ ခင်ဗျားကော ဘယ်လိုသဘော ရသလဲ ဝပ်ဆင်'

'ကျွန်တော်လည်း သိပ် မရှင်းလှဘူး ခင်ဗျ'

ကျွန်ုပ်က ပခုံး နှစ်ဖက်ကို လှုပ်၍ ပြောလိုက်၏။

'အဖြစ်အပျက်တွေကို စဉ်းစားကြည့်လိုက်ရင် ရှင်းပါတယ်ဗျ၊ တစ်ခု တည်းသော နိဂုံးကို ညွှန်ပြနေပြီပဲ ဥစ္စာ'

'ခင်ဗျားက ဘယ်လို စဉ်းစားလို့လဲ'

'ပြဿနာက အချက် နှစ်ချက်ပေါ်မှာ တည်နေတယ်ဗျ၊ ပထမ တစ်ချက်က ပိုင်းကရော့ကို သူတို့ ကုမ္ပဏီ အတွက်မှာ လုပ်ပါ့မယ်လို့ သဘောတူညီချက် အထိုးခိုင်းတာ၊ ဒီအချက်က နည်းနည်း မသင်္ကာစရာ ဖြစ်မနေဘူးလား'

'ကျွန်တော်တော့ ကောင်းကောင်း သဘောမပေါက်သေးဘူး'

'ဘာဖြစ်လို့ ပိုင်းကရော့ကို သဘော တူညီကြောင်း လက်မှတ် အထိုးခိုင်းရသလဲ၊ အလုပ် ကိစ္စ မို့လို့ တရားဝင် လုပ်ခိုင်းတဲ့ သဘော မဟုတ်ဘူးဗျ၊ အလုပ် ကိစ္စမို့ တရားဝင် ဖြစ်အောင် လုပ်ချင်ရင် ဘယ်မှာ စာချုပ် စာတမ်းနှင့် လုပ်ခဲ့လို့လဲ၊ တစ်လျှောက်လုံး အလုပ် ခန့်တာက အစ ချိန်းတာ၊ စရန် ပေးတာ အထိ ပါးစပ်နှင့် အလွတ် လုပ်ခဲ့ကြတာပဲ မဟုတ်ဘူးလား၊ ဒီတော့ တခြား ကိစ္စတွေ မှန်သမျှကို နှုတ်နှင့်ပဲ လုပ်ခဲ့ပြီး ဒီကိစ္စကျမှ ဘာဖြစ်လို့ စာနှင့် ပေနှင့် လုပ်နေရမှာလဲ၊ လုပ်စရာ အကြောင်းကို မရှိဘူးဗျ၊ ဒီမှာ ကိုယ့်လူ ဒီလူတွေဟာ ခင်ဗျား လက်ရေးကို လိုချင်တယ်ဗျ၊ ဒီတော့ လက်ရေးကို ရအောင် လုပ်ဖို့ အတွက် ဒီနည်း အပြင် တခြားနည်း မရှိဘူး'

'ကျွန်တော့် လက်ရေးကို ဘာလုပ်ဖို့လဲ ခင်ဗျာ'

'ဟုတ်ပြီ၊ ဘာလုပ်ဖို့လဲ ဆိုတာကို ကျုပ်တို့ စဉ်းစားရမယ်၊ ဒါကို စဉ်းစားနိုင်ရင် ကျုပ်တို့ ပြဿနာက ရှင်းသလောက် ရှိသွားပြီလို့ ဆိုနိုင်ပြီ၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ခင်ဗျား လက်ရေးကို လိုချင်သလဲ၊ ဖြစ်နိုင်စရာ အကြောင်း တစ်ချက်ပဲ ရှိတယ်ဗျ၊ တစ်ယောက်ယောက်က ခင်ဗျား လက်ရေးကို အတုလုပ် ရေးချင်တော့ လက်ရေး အစစ်ရဲ့ နမူနာကို လိုချင်တယ်၊ ကဲ နောက်





တစ်ချက်ကို စဉ်းစားကြည့်ကြဦးစို့၊ ဒီတစ်ချက်ကို စဉ်းစားလိုက်ရင် ပထမ အချက်လည်း ပိုပြီး ထင်ရှားလာလိမ့်မယ်၊ ခင်ဗျားဆီကို အာသာ ပင်နား ဆိုတဲ့ လူ လာပြောတုန်းက ခင်ဗျားက မော်ဆန် ကုမ္ပဏီကို နုတ်ထွက်စာ ရေးမယ် ဆိုတော့ ပင်နားက မရေးပါနှင့်လို့ ပြောခဲ့တယ်၊ အကြောင်းကတော့ မော်ဆန် ကုမ္ပဏီ မန်နေဂျာဟာ သူ တစ်ခါမှ မမြင်ဖူးသေးတဲ့ မစ္စတာ ပိုင်းကရော့ ဆိုတဲ့ လူ တနင်္လာနေ့မှာ ရုံးလာတက်လိမ့်မယ်လို့ မျှော်လင့်နေအောင်လို့ပဲဗျ'

'အလို၊ ဒီလိုဆိုရင် ကျွန်တော်ဟာ တော်တော် ထူတဲ့ အတဲ့ ကောင်ပါလား ခင်ဗျာ'

'ဒီတော့ ခင်ဗျား လက်ရေးကို ဘာကြောင့် လိုချင်နေတယ် ဆိုတာ သိပြီ မဟုတ်လား၊ ခင်ဗျား ကိုယ်စား ဝင်လုပ်မယ့် လူရဲ့ လက်ရေးဟာ ခင်ဗျား လျှောက်လွှာမှာ ပါတဲ့ လက်ရေးနှင့် တူရလိမ့်မယ်၊ ဒါမှ ခင်ဗျား အစား ဟန်ဆောင် ဝင်လုပ်လို့ ရမှာပေါ့၊ ဒီတော့ ဒီငနဲဟာ ခင်ဗျား လက်ရေးနှင့် တူအောင် ကျင့်တယ်၊ မော်ဆန် ကုမ္ပဏီရုံးမှာ ခင်ဗျားကို မြင်ဖူးတဲ့ လူရယ်လို့လည်း မရှိတော့ သူ့အဖို့ အေးအေးဆေးဆေး လုံလုံခြုံခြုံ ရှိနေတယ်၊ ခင်ဗျားကို သိတဲ့ လူ ဆိုလို့ မော်ဆန်ရုံးမှာ တစ်ယောက်မှ မရှိဘူး မဟုတ်လား'

'မရှိဘူး ခင်ဗျ'

'ဟုတ်ပြီဗျ၊ ဒါကြောင့် မော်ဆန် ကုမ္ပဏီက အလုပ်ဟာ မက်စရာ မရှိဘူး ဆိုတဲ့ သဘောမျိုး ဖြစ်အောင် ခင်ဗျားကို ပြထားရမယ်၊ ပြီးတော့ ခင်ဗျား ဟန်ဆောင်ပြီး ဝင်လုပ်နေတာကို ခင်ဗျား မသိအောင် လုပ်ဖို့ လိုတယ်၊ ဒီလို လုပ်ဖို့ အတွက် ခင်ဗျားကို မော်ဆန်က လူတွေနှင့် မတွေ့ဖို့ အရေးကြီးတယ်၊ ဒါကြောင့်မို့ ခင်ဗျားကို ပေါင်တစ်ရာ စရန် အဖြစ် ပေးပြီး ဖရန်ကို မီဒလင်း ကုမ္ပဏီကို လွှတ်လိုက်တယ်၊ အဲဒီမှာ လန်ဒန်ကို ခင်ဗျား မပြန်ဖြစ်အောင် စာရင်းတွေကို တစ်ခုပြီး တစ်ခု လျှောက်အကူးခိုင်းထားတယ်၊ လန်ဒန် ပြန်ရောက်ရင် သူတို့ လှည့်ကွက်ကလေး ပေါ်သွားမှာကိုးဗျ၊ ရှင်းတယ် မဟုတ်လား'

'ဒါပေမဲ့ ခင်ဗျာ၊ ဒီလူက သူ့ညီ ယောင်ယောင် ဘာဖြစ်လို့ ဟန်ဆောင်ရတာလဲ'

'ဒါကလည်း ရှင်းပါတယ်၊ ဒီလှည့်ကွက်လေးမှာ လူနှစ်ယောက် ပါတယ်၊ တစ်ယောက်က မော်ဆန်ရုံးကို သွားပြီး ခင်ဗျား ဖြစ်သယောင် ဆောင်မယ်၊ တစ်ယောက်က ခင်ဗျား အလုပ်ရှင်ယောင် ဆောင်မယ်၊ အဲဒီလူရယ်၊ လန်ဒန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို လာရှာပြီး အလုပ်သွင်းပေးတဲ့ လူရယ်၊ သူတို့နှစ်ယောက် အတူတူပဲ တစ်ဦးတည်းပဲ၊ ခင်ဗျားကို အလုပ်ရှင်သစ်ဆီကို ပို့ပေးလိုက်တဲ့ အခါကျတော့ တတိယ လူ ပါလာရတော့မယ်၊ ဒီတော့ တတိယ လူ မပါဘဲ ကိစ္စ ပြီးအောင် သူက ရုပ်ဖျက်ပြီး အလုပ်ရှင်ယောင် ဆောင်ရတယ်၊ တကယ်က ဒီအခန်းကို သူ မလုပ်ချင်ဘူး၊ ဒါနှင့် သူ အတတ်နိုင်ဆုံး ရုပ်ဖျက်တယ်၊ ဖျက်လို့ မရတဲ့ဟာ မျိုးကို ရုပ်ချင်း ဆင်တဲ့ ညီအစ်ကို ဖြစ်တဲ့ ပုံမျိုး လုပ်ပစ်တယ်၊ ပါးစောင်မှာ ရွှေသွားတွေ တပ်ထားတာကိုသာ မတွေ့လိုက်ရင် ခင်ဗျားတောင် သံသယ ဖြစ်ချင်မှ ဖြစ်မယ်၊ မဟုတ်လား'

မစ္စတာ ပိုင်းကရော့သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်း

'ဒီလိုဆို ကျွန်တော်က ဒီမှာ ဒီလို အလိမ်ခံနေရတဲ့ အချိန်မှာ ကျွန်တော့် ယောင် ဆောင်နေတဲ့ လူကကော မော်ဆန် ကုမ္ပဏီမှာ ဘာတွေများ လုပ်နေသလဲ မဆိုနိုင်ဘူး၊ ကျွန်တော် ဘာလုပ်သင့်သလဲ စုံထောက်ကြီး၊ အကြံပေး စမ်းပါဦး'



မစ္စတာ ပိုင်းကရော့သည် လက်သီးကို
ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်းက ...





'မော်ဆန် ကုမ္ပဏီကို ကြေးနန်း ရိုက်ရလိမ့်မယ်ဗျ'

'စနေ ဆိုရင် ကုမ္ပဏီက နေ့ဝက် ပိတ်တယ် ခင်ဗျ'

'ကိစ္စ မရှိပါဘူး၊ ဒရဝမ်တို့လို ရုံးလုလင်တို့လို တစ်ယောက်ယောက်တော့ ကျန်ရစ်မှာပေါ့'

'သြော် ဟုတ်တယ် ခင်ဗျ၊ ကုမ္ပဏီမှာ အာမခံ ပစ္စည်းတွေ ထားတဲ့အတွက် ဂိတ်ဝမှာ အစောင့် တစ်ယောက်ယောက်တော့ အမြဲ ရှိတယ်၊ လန်ဒန်တုန်းက ပြောသံ ကြားဖူးတယ်'

'ဟုတ်ပြီလေ၊ ကျုပ်တို့ သူ့ဆီကို သံကြိုး ရိုက်လိုက်မယ်၊ ကုမ္ပဏီမှာ ဘာပြဿနာများ ရှိသလဲ၊ ခင်ဗျား နာမည်မျိုးနှင့် စာရေး တစ်ယောက်များ ရှိသလား ဆိုတာလည်း မေးလိုက်မယ်၊ ဒါတွေ အားလုံးကလည်း ရှင်းပါတယ်ဗျာ၊ ရှင်းတာက ကျုပ်တို့ မြင်တာနှင့် ဒီနေ့ နှစ်ကောင် အနက် တစ်ကောင်ဟာ ဘာဖြစ်လို့ လစ်ထွက်ပြီး ကြိုးဆွဲချရသလဲ ဆိုတဲ့ အချက်ပဲ'

'သတင်းစာကြောင့်ဗျ' ဟူသည့် အသံကို ကြားလိုက်သဖြင့် ကျွန်ုပ်တို့ လှည့်ကြည့်လိုက်သည့် အခါတွင် ခပ်စောစောက လူမှာ ထထိုင်လျက် ရှိလေပြီ။ သူ့မျက်နှာသည် သွေးမရှိတော့သည့်နှယ် ဖြူဖပ် ဖြူရော် ရှိသည့်တိုင် မျက်လုံးမှာ သတိပြန်ရလာသည့်ဟန် ရှိနေပြီး လည်ပင်းမှ ယခုတိုင် မဖြုတ်ရသေးသော ကြိုးကို လက်ဖြင့် ပွတ်လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် ဝုန်းခနဲ ထလိုက်ကာ

'သတင်းစာကြောင့် ဟုတ်လား၊ ဟုတ်တာပေါ့၊ ကျုပ် တော်တော် ညံ့တဲ့ လူပဲ၊ ကျုပ်တို့က ဒီကို မဲနေတော့ သတင်းစာကိုတောင် သတိ မရတော့ဘူးဗျ၊ အဖြေက ဒီသတင်းစာထဲမှာ ရှိရမယ်ဗျ'

ရှားလော့ဟုမ်းသည် သတင်းစာကို စားပွဲပေါ်တွင် ဖြန့်ကြည့်လိုက်ရင်း လွှတ်ခနဲ အော်လိုက်၏။

'ဗျို့ ဝပ်ဆင်၊ ကြည့်စမ်းဗျို့၊ ဒီသတင်းစာက လန်ဒန်ထုတ် သတင်းစာဗျ၊ အစောဆုံး ထုတ်တဲ့ အီးဗနင်း စတင်းဒတ် သတင်းစာရယ်၊ ကျုပ်တို့ လိုချင်တာ တွေ့ပြီ၊ ဟောဒီမှာ ကြည့်စမ်း၊ ခေါင်းစီး၊ မြို့တော် မှုခင်း၊ မော်ဆန် ဝီလျံ ကုမ္ပဏီ လူသတ်မှုတဲ့၊ လုရန် ကြံစည်မှုကြီး၊ လူဆိုးများကို ဖမ်းမိပြီတဲ့၊ ဟောဒီမှာ ကျုပ်တို့ ကြားချင်နေတဲ့ သတင်းဗျ၊ ကိုင်း ဝပ်ဆင်ရေ၊ ကျုပ်တို့ အားလုံး ကြားကြရအောင် ဖတ်ပြစမ်းဗျာ'

သတင်းစာတွင် ထိုသတင်းကို အသားပေး ဖော်ပြထားသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်တွင် အရေးကြီးသည့် မှုခင်းကြီး တစ်ခု ဖြစ်ကြောင်း ကောင်းစွာ သိသာနိုင်ပေ၏။ သတင်းမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

'လူတစ်ယောက် အသတ်ခံရပြီး လူဆိုးများကို ဖမ်းဆီး ရမိလိုက်သည့် လုယက်ရန် ကြံစည်မှုကြီး တစ်ခု ယနေ့ ညနေပိုင်းက လန်ဒန်မြို့တွင် ဖြစ်ပွားခဲ့၏၊ လန်ဒန်မြို့ရှိ မော်ဆန် ဝီလျံ ကုမ္ပဏီသည် လန်ဒန်မြို့တွင် နာမည်ကျော် ကုန်တိုက်ကြီး တစ်တိုက် ဖြစ်ပြီး ပေါင် တစ်သန်းကျော်ခန့်တန် ပစ္စည်းများကို အာမခံ အဖြစ် သိမ်းဆည်းထားသည့် ကုမ္ပဏီကြီး တစ်ခု ဖြစ်၏၊ ကုန်တိုက်မှ ဆိုင်ရာ အုပ်ချုပ်သူများသည် အရေးကြီးသည့် အာမခံ ပစ္စည်းများကို လက်ခံသိမ်းဆည်းထားရသည့် အလျောက် နောက်ဆုံးပေါ် အာမခံ သေတ္တာများကို ဝယ်ယူကာ ကုန်တိုက်ကို နေ့ရော ညပါ လက်နက်ကိုင် အစောင့်အရှောက်များ ချထားခဲ့၏၊ လွန်ခဲ့သည့် အပတ်ကမူ ကုန်တိုက်တွင် မစ္စတာ ပိုင်းကရော့ ဆိုသူ စာရေး တစ်ယောက်ကို ကုမ္ပဏီက ခန့်ထားခဲ့သည် ဆို၏၊ စစ်ဆေး ကြည့်သည့် အခါတွင် ပိုင်းကရော့ ဆိုသူမှာ အခြားသူ မဟုတ်ဘဲ ရာဇဝတ်မှုဖြင့် ထောင်ဒဏ် ငါးနှစ် ကျခံရာမှ လွတ်လာသည့် နာမည်ကျော် အလိမ် ဝိဇ္ဇာ ဘက်ဒင်တန် ဆိုသူ ဖြစ်ကြောင်း တွေ့ရှိရသည် ဆို၏၊ ဘက်ဒင်တန်သည် အခြား နာမည် တစ်ခုဖြင့် ဤကုန်တိုက်တွင် အရေးကြီးသည့် အလုပ် တစ်ခုကို ရအောင် လုပ်ခဲ့ပြီးနောက် ကုန်တိုက်ရှိ အဖိုးတန် အာမခံ ပစ္စည်းများ ထားသည့် နေရာကို တိတ်တဆိတ် စုံစမ်းကာ သော့များ၊ အာမခံ သေတ္တာများမှ သော့အိမ်များ၏ ပုံစံကို သိရှိအောင် လုပ်ခဲ့သည် ဆို၏၊ ကုန်တိုက်တွင် မည်သို့ မည်ပုံ အလုပ် ရအောင် လုပ်ခဲ့သည် ဆိုသည်ကိုမူ ယခုတိုင် မသိရသေး ဆို၏။

'ကုန်တိုက်တွင် ထုံးစံ အရ စာရေးများမှာ စနေ နေ့ဝက်တွင် အလုပ် အားလပ်ခွင့် ပေးထားသည်ဟု သိရှိရ၏၊ ထိုနေ့ နေ့လယ် နာရီပြန် တစ်ချက်က နေပြည်တော် ပုလိပ် အဖွဲ့မှ စာသင် ဆူတန်သည် တာဝန်ကျနေစဉ် ကုန်တိုက်ထဲမှ ကော်ဇောအိတ် တစ်လုံးကို ကိုင်၍ ဆင်းလာသည့် လူတစ်ယောက်ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရာ အပြင်းအထန် ခုခံသည့် အတွက် နောက်ဆုံးတွင် ပုလိပ် အမှုထမ်း ပိုးလော့၏ အကူအညီဖြင့် ထိုလူကို ဖမ်းဆီးလိုက်ရသည် ဆို၏၊ သို့ ဖမ်းဆီး၍ စစ်ဆေး ကြည့်လိုက်သည့်အခါ ကုန်တိုက်မှ အာမခံ ပစ္စည်းများကို ရဲတင်းစွာ ဖောက်ထွင်းလာသည်ကို တွေ့ရသည် ဆို၏၊ ကော်ဇော အိတ်ကို ရှာဖွေကြည့်သည့် အခါ၌ ထိုအိတ်ထဲမှ ပေါင် တစ်သိန်းခန့်တန် အမေရိကန် မီးရထား ကုမ္ပဏီ ငွေစု စာချုပ်များ၊ သတ္တုတွင်းများနှင့် ကုမ္ပဏီများမှ







ရှားလော့ဟုမ်းက ပြတင်းပေါက် အနီးတွင် မျက်စိ မျက်နှာ မှုက်လျက် ထိုင်နေသူကို လှမ်းကြည့်လိုက်ရင်း ...

အစု စာချုပ်များကို တွေ့ရသည် ဆို၏၊ ထို့ကြောင့် ပုလိပ်ဘက်မှ ကုန်တိုက် အဆောက်အအုံကို ရှာဖွေသည့် အခါတွင် အစောင့် အလုပ်သမား၏ အလောင်းကို ကုန်တိုက်ထဲရှိ တစ်ခုသော မီးခံသေတ္တာထဲတွင် ထည့်ထားခဲ့သည်ကို တွေ့ရသည် ဆို၏၊ ထိုနေ့က စာသင် ဆူတန်ကသာ ထိုလူကို ဖမ်းဆီးခြင်း မပြုမိခဲ့လျှင် ထိုအလောင်းကို ကုန်တိုက် ပြန်ဖွင့်သည့် တနင်္လာနေ့ကျမှသာ တွေ့ရတော့မည် ဖြစ်၏၊ သေသူ၏ အလောင်းကို စစ်ဆေး ကြည့်ရှုသည့်အခါ နောက်မှ နေ၍ သံတုတ်ဖြင့် ရိုက်ထားသည့် လက္ခဏာဖြင့် ခေါင်းခွံ တစ်ခုလုံး ကြေမွနေသည်ကို တွေ့ရသည် ဆို၏၊ ဘက်ဒင်တန်သည် အလုပ် ဆင်းလာပြီးနောက် အဝသို့ ရောက်တွင် ပစ္စည်း တစ်ခု ကျန်ရစ်ခဲ့သည့်ဟန် ဆောင်ကာ ကုန်တိုက်ထဲသို့ ပြန်ဝင်လာပြီးနောက် အစောင့်ကို သတ်ကာ မီးခံသေတ္တာထဲမှ စာချုပ်များကို ယူလာပြီး ပြန်ဆင်းအလာတွင် ယခုကဲ့သို့ အဖမ်းခံရခြင်း ဖြစ်သည်ဟု ဆို၏၊ ဘုရားပါ ဖြစ်သူ ၎င်း၏ ညီမှာ တစ်နေရာတွင် ရှောင်တိမ်းလျက် ရှိသဖြင့် ဆက်ဆိုင်ရာမှ အပူတပြင်း ရှာဖွေလျက် ရှိသည်ဟု သိရ၏'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းက ပြတင်းပေါက် အနီးတွင် မျက်စိ မျက်နှာ ပျက်လျက် ထိုင်နေသူကို လှမ်းကြည့်လိုက်ရင်း

'ကျုပ်တို့က ဖမ်းပေးလိုက်တော့ ပုလိပ်ဘက်မှာ အချိန်ကုန် သက်သာသွားပေတာပေါ့ဗျာ၊ အိုင်ဆေး ဝပ်ဆင်ရေ၊ လူ့စိတ် ဆိုတာ ဆန်းကြယ်သားဗျ၊ သူ့ အစ်ကို ဘက်ဒင်တန်ဟာ တကယ့် လူဆိုး၊ လူသတ်သမား၊ ဒါပေမဲ့ ဘယ်လောက်ပဲ ဆိုးဆိုး သူ့ကို လူချစ်အောင်တော့ လုပ်တတ်သေးတာပဲ၊ ဒီလို လုပ်တတ်လို့သာ သူ ကြိုးကွင်း စွပ်ခံရမယ် ဆိုတော့ သူ့ညီကလည်း သူ့ကိုယ်သူ ကြိုးဆွဲချ သေဖို့ လုပ်တာပေါ့ဗျာ၊ သို့သော်လည်း ကျုပ်တို့ အဖို့ကတော့ မတတ်နိုင်ဘူးလေ၊ လုပ်စရာ ရှိတာ လုပ်ရမှာပါ၊ ကဲ မစ္စတာ ပိုင်းကရော့ရေ၊ ခင်ဗျားတို့ ရှာနေတဲ့ ကြံရာပါ တရားခံ မိပြီလို့ ပုလိပ်ကို သွားပြောချေဗျာ၊ ကျုပ်နှင့် ဟောဒီ ဒေါက်တာ ဝပ်ဆင်က ဒီမှာ စောင့်နေရစ်မယ်'

[မူရင်း ဝတ္ထု *The Adventure of The Stockbroker's Clerk* ရှေ့ ဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



# ရှားလော့ဟုမ်း၏ ပထမဆုံး အမှု



ဆောင်းရာသီ တစ်ညဉ့်၌ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် မီးလင်းဖို တစ်ဖက် တစ်ချက်တွင် ထိုင်၍ မီးလှုံနေကြစဉ် ရှားလော့ဟုမ်းက

'အိုင်ဆေး ဝပ်ဆင်ရေ၊ ဟောဒီ စာချုပ်တွေကို ဖတ်ကြည့်စမ်း၊ ခင်ဗျား စိတ်ဝင်စားမှာ သေချာတယ်၊ ဟောဒီ စာရွက်တွေက ဂလိုရီယာ စကော့ ဆိုတဲ့ သင်္ဘောရဲ့ အမှုနှင့် ပတ်သက်တဲ့ စာရွက်စာတမ်းတွေ၊ ဟောဒီ စာတိုကလေးကိုလည်း ဖတ်ကြည့်ဦး၊ သမာဓိ တရားသူကြီး ထရီဗာ ဆိုတဲ့ လူဖြင့် ဒီစာတိုကလေးကို ဖတ်ပြီး တစ်ခါတည်း လန့်သေသွားတာပဲ'

ရှားလော့ဟုမ်းသည် အံဆွဲထဲမှ စာထည့်သည့် စာဘူး ရှည်ရှည်ကလေး တစ်ခုကို ထုတ်ယူလိုက်ကာ အဖုံးကို ဖွင့်လိုက်ပြီးနောက် ကျောက်သင်ပုန်းရောင် စက္ကူစကလေး တစ်ခုပေါ်တွင် ရေးခြစ်ထားသည့် စာတိုကလေး တစ်စောင်ကို လှမ်းပေးလိုက်လေ၏။ စာတိုကလေးတွင် အောက်ပါအတိုင်း ပါရှိလေ၏။

'တင်ကျီး ဟပ်ထားတဲ့ ဆန်၊ အသိုက်က ရောက်လို့ အတောင်တွေ ကုန်အောင် လာပြောနေပြန်ပြီ၊ ငှက်ခါး ပြေးသလို ပေတေတေတော့ ဖြစ်ပေါ့' ဟု ပါရှိ၏။

ကျွန်ုပ်သည် ထိုစာတိုကလေးကို ဖတ်၍ မည်သို့မျှ နားမလည်နိုင်သည့်အတွက် ရှားလော့ဟုမ်းကို လှမ်းကြည့်လိုက်သည့် အခါတွင် ရှားလော့ဟုမ်းမှာ ကျွန်ုပ် ဖြစ်နေပုံကို သဘောကျသည့် လက္ခဏာဖြင့် တခစ်ခစ် ရယ်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'နည်းနည်း ဦးနှောက် ခြောက်သွားတယ် မဟုတ်လား'

'ဒီစာတိုကလေး ဖတ်ပြီး လန့်သေရတယ် ဆိုတာကို ကျွန်တော်ဖြင့် ဘယ်လိုမှ စဉ်းစားလို့ မရဘူးဗျ၊ လန့်စရာထက် ရယ်စရာတောင် ကောင်းသလိုလို ဖြစ်နေသေးတယ်' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ဟုတ်တယ်ဗျ၊ ရုတ်တရက် ကြည့်လိုက်ရင်တော့ ဘာအဓိပ္ပာယ်မှ မရှိသလိုပဲ၊ ဒါပေမဲ့ ဒီစာကို ဖတ်လိုက်မိတာနှင့် ဒေါင်ဒေါင်မြည်အောင် ကျန်းမာသန်စွမ်းတဲ့ လူကြီး တစ်ယောက်တော့ ခြောက်လုံးပြူး ဒင်နှင့် တအား ရိုက်ချလိုက်သလို မိုင်းနွန် လဲသေသွားခဲ့တာတော့ အမှန်ပဲဗျ'

'ဟုတ်ရဲ့လားဗျာ၊ ခင်ဗျား ပြောလိုက်တာနှင့် လူ့ကို စိတ်ထဲမှာ ရွတရွတ ဖြစ်လာတာပဲ၊ ဒီအမှုကို ကျွန်တော် အထူး လေ့လာသင့်တယ်လို့ ဘာဖြစ်လို့ ပြောတာလဲ၊ ဆိုစမ်းပါဦး'

'ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ် ပထမဆုံး လိုက်ခဲ့တဲ့ အမှုမို့လို့ဗျ'

ရာဇဝတ်မှု သုတေသန လုပ်ငန်းများတွင် မည်သို့ မည်ပုံ သူ ဝါသနာပါလာပုံနှင့် ပတ်သက်၍ ကျွန်ုပ်သည် ရှားလော့ဟုမ်းထံမှ အဖြေကို ညစ်ထုတ်ရန် မကြာခဏ ကြိုးစားခဲ့ဖူး၏။ သို့ရာတွင် ရှားလော့ဟုမ်းသည် ထိုအကြောင်းကို ပြောပြလိုဟန် မရှိဘဲ အမြဲတမ်း အင်တင်တင် လုပ်နေသည့် အခါမျိုးနှင့်သာ ကြုံကြိုက်ခဲ့ရပေ၏။ ယခု တစ်ကြိမ်တွင်မူ ရှားလော့ဟုမ်းသည် ကုလားထိုင်ပေါ်တွင် ထိုင်ကာ စာရွက်ကို သူ့ ပေါင်ပေါ်တွင် ဖြန့်လိုက်လျက် ဆေးတံကို မီးညှိပြီးလျှင် စာရွက်များကို အတန်ကြာမျှ လှန်လှောလျက် ရှိလေ၏။

သူက

'ဗစ်တာ ထရီဗာ အကြောင်းကို တစ်ခါမှ ခင်ဗျားကို မပြောဖူးသေးဘူးနော်၊ ကောလိပ်ကျောင်းမှာ ကျုပ် နေခဲ့တဲ့ နှစ်နှစ် အတွင်း မိတ်ဆွေ ဆိုလို့ သူ တစ်ယောက်ပဲ ရှိခဲ့ဖူးတယ်ဗျ၊ ကျုပ်က သိပ်ပြီး အပေါင်းအသင်း ဆန့်တဲ့လူ မဟုတ်ဘူး ဆိုတာ ခင်ဗျားလည်း သိသားပဲ၊ အခန်းထဲမှာ ထိုင်ပြီး တွေးချင်ရာ တွေး ငေးချင်ရာ ငေးနေတတ်တဲ့ လူမျိုး ဆိုတော့ ကျုပ်နှင့် တစ်နှစ်တည်း ရောက်နေတဲ့ လူတွေနှင့် သိပ်ပြီး တွဲမိတာရယ်လို့ မရှိလှဘူး၊ ကျုပ်က ဓားသိုင်း လှံသိုင်း ဝါသနာ ပါတယ်၊ လက်ဝှေ့ ဝါသနာ ပါတယ်၊ ဒီပြင် ဝါသနာတွေကျတော့ ကျုပ်နှင့် တူသူ သိပ်မရှိလေတော့ ကျုပ်မှာ အပေါင်းအသင်း အဆက်အသွယ်ရယ်လို့လည်း သိပ်မရှိလှဘူးပေါ့ဗျာ၊ အဲ ကျုပ်နှင့် သိတာ ဆိုလို့ ထရီဗာ တစ်ယောက်ပဲ ရှိတယ်ဗျ၊ သိပုံကလည်း ဒီလိုဗျ၊ ကျုပ်က ဘုရားရှိခိုးကျောင်းကို





အသွား သူ့ ခွေးဘီလူးကြီးက ကျုပ်ကို ကိုက်မိရာက အစ သူနှင့် ကျုပ်နှင့် သိသွားကြတာ။

'တစ်ယောက်နှင့် တစ်ယောက် မိတ်ဆွေ ဖြစ်လာပုံက နည်းနည်းတော့ ဆန်းသပေါ့လေ၊ ဒါပေမဲ့ တော်တော်ကလေးတော့ ခိုင်မြဲတယ် ဆိုကြပါစို့၊ ဒါနှင့် ကျုပ်လည်း ခွေးကိုက်တဲ့ ဒဏ်ရာကြောင့် အိပ်ရာထဲမှာ ဆယ်ရက်လောက် နေရတယ်၊ ထရီဗာက ကျုပ်ဆီကို နေ့တိုင်း လာလာမေးတယ်၊ အစတုန်းကတော့ သာမန်လောက်ပါပဲ၊ အနာ ဘယ်လိုနေတဲ့ အကြောင်း ဘာကြောင်း တစ်အောင့်လောက် မေးမြန်းပြီး ပြန်သွားတာပါပဲ၊ ဒါပေမဲ့ တဖြည်းဖြည်းနှင့် နှစ်ယောက်သား စကား အပေးအယူ ဖြောင့်လာကြပြီး အဲဒီ စာသင်နှစ် မကုန်ခင်လောက်ကျတော့ ကျုပ်တို့ နှစ်ယောက်ဟာ တော်တော် ရင်းနှီးတဲ့ မိတ်ရင်း ဆွေရင်းတွေ ဖြစ်သွားကြတယ်၊ လူက စကား ပြောရင်လည်း တုတ်ထိုးအိုးပေါက် ပြောတတ်တယ်၊ လိုက်လိုက်လှဲလှဲ ရှိတယ်၊ အလုပ် လုပ်ရင် ဒေါင်းတိမောင်းတိ၊ အချက်တော်တော်များများမှာ ကျုပ်နှင့် ဆန့်ကျင်ဘက်ပဲ၊ ဒါပေမဲ့ ကျုပ်တို့ နှစ်ယောက်မှာ တူတာတွေလည်း ရှိတယ်ဗျ၊ သူကလည်း ကျုပ်လို တစ်ယောက်တည်း နေတတ်တဲ့ လူဆိုတော့ သူတော်ချင်းချင်း သိတင်း လွှေ့လွှေ့ ဆိုသလို ပေါင်းဖော်



'ထရီဗာက ကျုပ်ဆီကို နေ့တိုင်း လာ လာ မေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



မိသွားကြဟန် တူပါရဲ့ဗျာ၊ ဒါနှင့် နောက်ဆုံးတော့ သူက သူ့ အဖေ နေတဲ့ နော်ဖော့ နယ်က ဒွန်နီသော့ ဆိုတဲ့ ရွာကလေးကို ကျုပ်ကို ခေါ်တယ်ဗျ၊ ကျုပ်လည်း ကျောင်း တစ်လ ပိတ်တာနှင့် သူတို့ အရပ်ကို လိုက်သွားတယ်။

'သူ့ အဖေက ပစ္စည်းလည်း တော်တော် ရှိတယ်ဗျ၊ အပေါင်းအသင်းလည်း ကောင်းတယ်၊ မြေပိုင်ရှင်လည်း မြေပိုင်ရှင်၊ သူတို့ အရပ်မှာ သမာဓိတရားသူကြီးလည်း လုပ်တယ်၊ ဒွန်နီသော့ ဆိုတာ လန်မီယာရဲ့ မြောက်ဘက်မှာ ရှိတဲ့ ရွာငယ်ကလေး ခင်ဗျ၊ သူတို့ အိမ်ကြီးက ရှေးအိမ်ကြီး၊ ကျယ်က ကျယ်ပါဘိသနှင့်၊ ထုပ်တွေ လျောက်တွေက ဝက်သစ်ချသားတွေချည်းပဲ၊ နံရံကတော့ အုတ်တွေ စီထားတယ်၊ ဝင်းဝ အဝင်မှာ သံပရာပင်တွေ တန်းစီလို့ဗျ၊ မလှမ်းမကမ်းက ကိုင်းတောတွေထဲမှာ တောဘဲတို့ ဘာတို့ကလည်း ပေါတာကိုးဗျ၊ ငါးမျှားလို့ကလည်း တော်တော် ကောင်းတယ်၊ အိမ်မှာ စာကြည့်တိုက် ခပ်သေးသေးကလေးလည်း ရှိတယ်၊ သေးပေမဲ့ စာအုပ်ကောင်းလေးတွေ ဘာလေးတွေ ရှိပါတယ်၊ အလျင် အိမ်ရှင်ဆီက စာအုပ်တွေကိုပါ တစ်ပါတည်း ဝယ်လိုက်တာတဲ့ဗျ၊ ပြီးတော့ သူတို့ အိမ်က ထမင်းချက်ကလည်း တော်တော်လေး လက်ရာကောင်းသဗျ၊ ဒီလောက် အစစအရာရာ အဆင်ပြေနေတဲ့ အိမ်မျိုးမှာ တစ်လကိုးသီတင်းလောက် မနေနိုင်ရင်တော့ ဒီလူဟာ တော်တော့်ကို ဇီဇာကြောင်တဲ့ လူမို့လို့ပဲဗျ။

'အဘိုးကြီးက မုဆိုးဖိုဗျ၊ ကျုပ်သူငယ်ချင်းက တစ်ဦးတည်းသော သားသမီး တစ်ယောက်တော့ ရှိသတဲ့၊ ဒါပေမဲ့ ဘာမင်ဟမ်မှာ ဆုံဆို့နာ ရောဂါနှင့် ဆုံးသွားတယ်လို့ သိရသဗျ၊ အဘိုးကြီးက ကျုပ်ကို မြင်တော့ တော်တော် စိတ်ဝင်စားသွားပုံ ရတယ်၊ အမှန် ပြောရရင်တော့ အဘိုးကြီးမှာ ပညာ အရည်အချင်းတော့ သိပ်မရှိလှပါဘူး၊ လူကြမ်း စိတ်ကြမ်း ဆိုတဲ့ အထဲကဗျ၊ စာအုပ်တို့ စာပေတို့နှင့်လည်း နီးစပ်တာ မဟုတ်ဘူး၊ ဒေသန္တရ ဗဟုသုတကတော့ တော်တော်လေး စုံတယ်၊ ကမ္ဘာ အနှံ့ကို ရောက်ဖူးတယ်၊ သူ သိသလောက်ကလေးကို မှတ်မိတယ်၊ လူကတော့ ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့်၊ ကာယဗလ ကောင်းကောင်းရယ်၊ ဆံပင်တွေက တော်တော် ဖြူနေပြီး မျက်နှာကတော့ ရာသီဥတု ဒဏ်ကို ခံထားရလို့ ခပ်ညိုညိုရယ်၊ မျက်လုံးက အပြာရောင်၊ တော်တော် စူးရှပြီး ရက်စက်တဲ့ မျက်လုံးမျိုးလို့တောင် ပြောနိုင်တယ်၊ ဒါပေမဲ့ သူတို့ ရွာ အနီးချုပ်စပ် တစ်ဝိုက်မှာတော့ စိတ်ကောင်း သဘောကောင်း ရှိတယ် အလှူအတန်း အပေးအကမ်း ရက်ရောတယ်လို့ နာမည်ကြီးသဗျ၊ သမာဓိ တရားသူကြီး





ဆိုတော့ သူ့ရုံးကို ရောက်ရင် တော်တော့် အမှုကို သက်သက်ညှာညှာ ဆုံးဖြတ်တတ်သတဲ့။

'ကျုပ် ရောက်ပြီးလို့ မကြာခင် တစ်ညနေမှာ ညစာ စားပြီးတော့ ကျုပ်တို့ သူတို့ သားအဖရယ် ထိုင်ပြီး ပို့ဝိုင်လေး သောက်ရင်း စကား ပြောနေကြတယ်ဗျ၊ ဒီတုန်းမှာ ကျုပ်သူငယ်ချင်း ထရီဗာက ကျုပ် စူးစမ်းမှု ဘယ်လောက်အားကောင်းတဲ့ အကြောင်း၊ အချက်အလက်ကို ကြည့်ပြီး ဘယ်လို ကောက်ချက်ဆွဲလေ့ ရှိတဲ့ အကြောင်းကို ပြောတယ်ဗျ၊ အဲဒီ အချိန်တုန်းက ကျုပ်ကလည်း ကျုပ် ဝါသနာ အလျောက် စူးစမ်းတဲ့ အကျင့်ကလေးတွေ၊ ကောက်ချက် ဆွဲတဲ့ အကျင့်ကလေးတွေတော့ ပါနေပြီပေါ့ဗျာ၊ ဒီအကျင့်တွေဟာ ကျုပ် ဘဝမှာ ဘယ်လောက် အရေးကြီးလာမယ် ဆိုတာကိုတော့ ကောင်းကောင်း မသိသေးဘူးပေါ့၊ ကျုပ် သူငယ်ချင်းက ကျုပ် စူးစမ်း လေ့လာမှု အားကောင်းပုံနှင့် ပတ်သက်လို့ ဥပမာကလေး တစ်ခု နှစ်ခုလောက်လည်း ပြသွားတယ်၊ ဒါပေမဲ့ အဘိုးကြီးက သိပ်ယုံကြည်ဟန် မတူဘူး၊ ပုံကြီးချဲ့ ပြောတယ်လို့ ထင်သွားပုံ ရတယ်၊ ဒါနှင့် သူက ရယ်သလို မောသလိုနှင့်

' "ကဲ ငါ့တူကြီး စူးစမ်း လေ့လာမှု ကောင်းလှ ကောင်းလှနှင့် ဒီလောက်တောင် ပြောလှတာ ဦးလို လူမျိုးက အင်မတန် လေ့လာလို့ ကောင်းတဲ့ လူမျိုးကွ၊ အကဲခတ်ပြီး ကောက်ချက် ဆွဲပြစမ်းပါကွာ" တဲ့။

' "သိပ်တော့ ပြောစရာ မရှိလှပါဘူး ခင်ဗျာ၊ ဒါပေမဲ့ ပြောရမယ် ဆိုရင်တော့ လွန်ခဲ့တဲ့ တစ်နှစ်လောက် အတွင်းမှာ ဦးဟာ ကိုယ့်ကို ရန်ရှာမလား ဆိုပြီး အထိတ်ထိတ် အလန့်လန့်နှင့် နေခဲ့ရတဲ့ ပုံပဲ ခင်ဗျ"

'ကျုပ်ကလည်း အဲဒီလို ပြောလိုက်ရော အဘိုးကြီး နှုတ်ခမ်းပေါ်က အပြုံးဟာ တစ်ခါတည်း ပျောက်သွားပြီး ကျုပ်ကို တအံ့တသြနှင့် ကြည့်နေတယ်ဗျ ပြီးတော့မှ

' "အေး မင်း ပြောတာ ဟုတ်တယ်၊ ဟေ့ ငါ့သား သိလား၊ ငါးခိုးကိုဏ်းကို အဖေတို့ ဝင်ဖမ်းကြတုန်းက အဖေတို့ကို ဓားနှင့် ထိုးမယ် ဆိုပြီး လုပ်ကြသေးတယ်လေ၊ ဆာ အက်ဒွပ် ဟိုဘီ ဆိုရင် ဓားနှင့်တောင် အထိုးခံလိုက်ရသေးတယ်၊ အဲဒီကတည်းက အဖေလည်း ဒီကောင်တွေ ရန်ကို အမြဲ သတိ ထားနေရတယ်၊ ငါ့တူကြီးက ဘယ်လိုလုပ်များ သိသလဲ မဆိုနိုင်ဘူး"

' "ဦး ကိုင်တဲ့ လက်ကိုင် တုတ်ကို ကြည့်ပြီး ပြောတာ ခင်ဗျ၊ လက်ကိုင်တုတ်မှာ ရေးထားတဲ့ စာတန်းကို ကြည့်လိုက်ရင် ဒီ လက်ကိုင်တုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဦး ကိုင်တာဟာ တစ်နှစ်လောက်ပဲ ရှိသေးတယ်၊ ဒါပေမဲ့ ဦးက ဒီလက်ကိုင်တုတ်ကို ဘေးဆီးရန်က လက်နက် တစ်ခု အဖြစ် အသုံးချချင်တဲ့ အခါကျတော့ လက်ကိုင်တုတ် အရင်းကို အခေါင်း ထွင်းပြီး အခေါင်းထဲမှာ ဓါးကို အရည်ကျိုလောင်းထည့်ထားတယ် ခင်ဗျ၊ ဦးမှာ စိုးရိမ်စရာ အန္တရာယ် တစ်စုံတစ်ရာ မရှိရင် ဒီလို ကာကွယ်မှုမျိုးတွေကို ဘယ်လုပ် ထားမလဲ ခင်ဗျာ''

''ပြီးတော့ကောကွယ်'' လို့ ပြုံးပြုံးနှင့် မေးတယ်ဗျ။

''ဦးဟာ ငယ်ငယ်တုန်းက တော်တော် လက်ဝှေ့ ထိုးခဲ့ဖူးရမယ် ခင်ဗျ''

''မှန်ပြန်ပြီဗျ၊ ဘယ်လိုလုပ် သိသလဲ၊ ဦး နှာခေါင်းက နည်းနည်းကောက်နေလို့လား''

''မဟုတ်ပါဘူး ခင်ဗျာ၊ ဦးရဲ့ နားရွက်တွေကို ကြည့်ပြီး ပြောတာပါ၊ ဦးရဲ့ နားရွက်တွေက လက်ဝှေ့သမားများရဲ့ နားရွက်များလို ပြားပြီးတော့ ထူအန်းအန်း ဖြစ်နေတယ် ခင်ဗျ''

''ပြီးတော့ကောကွယ်''

''လက်ဖဝါးတွေ မာပြီး ကြမ်းနေတာကို ထောက်ရင် မြေတူးတဲ့ အလုပ်ကို တော်တော်ကြာကြာ လုပ်ခဲ့ဖူးရမယ် ခင်ဗျ''

''ကျုပ် ချမ်းသာလာတာဟာ ရွှေတွင်း တူးပြီး ချမ်းသာလာတာဗျ''

''ဦးဟာ နယူးဇီလန်ကို ရောက်ခဲ့ဖူးရမယ် ခင်ဗျ''

''မှန်ပြန်ပြီဗျ''

''ဂျပန်ကိုလည်း ရောက်ဖူးတယ် ခင်ဗျ''

''မှန်တယ်ဗျာ''

''ဂျေ အေ လို့ နာမည် အတိုကောက် ပါတဲ့ လူတစ်ယောက်နှင့် အလွန် ရင်းရင်းနှီးနှီး ပေါင်းသင်းခဲ့ဖူးပြီး နောက်တော့ အဲဒီ လူကို လုံးလုံး မေ့ပစ်လိုက်ချင်တဲ့ အဖြစ်မျိုးကို ရောက်သွားတယ် ခင်ဗျ''

အဘိုးကြီးက ခပ်ဖြည်းဖြည်း ထိုင်ရာက ထပြီး သူ့ မျက်လုံး ပြာပြာကြီးတွေနှင့် ကျုပ်ကို စိန်းစိန်းကြီး ကြည့်နေတယ်ဗျ၊ ပြီးတော့ သစ်သီးခွံတွေနှင့် ရှုပ်နေတဲ့ စားပွဲပေါ် ခေါင်းကြီး ငိုက်စိုက်ကျသွားပြီး သတိ လစ်သွားပါရောဗျို့၊

ကျုပ်တို့ နှစ်ယောက်လည်း အထိတ်ထိတ် အပျာပျာနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတာပေါ့၊ ဒါပေမဲ့ ကျုပ်တို့ နှစ်ယောက်က သူ့ကော်လံ ခေါင်းက ထုပြီး အနားမှာ ရှိတဲ့ ရေတကောင်းထဲက ရေနှင့် မျက်နှာတွေ ဘာ တွေကို တောက်ပေးတော့ သတိ လစ်တာ သိပ် မကြာလိုက်ပါဘူး၊ ပင့်သက် တစ်ချက် နှစ်ချက်လောက် ရှူပြီး အဘိုးကြီး ထထိုင်တယ်ဗျ၊ ပြီးတော့ အားယူ ပြီးရင်း

''လန့်သွားသလားကွ၊ ငါ့ကို ကြည့်လိုက်တော့ လေးလုံး ခြောက်ဖက် ကြီး၊ ဒါပေမဲ့ နှလုံး အားနည်းတဲ့ ရောဂါ ရှိတယ်ကွာ၊ ဒီရောဂါကြောင့် ငါ့မလည်း ဒုက္ခပဲ၊ ငါ့တူကြီးက ဘယ်လိုများ အတပ်ပြောနိုင်သလဲ မသိဘူးကွာ၊ ဒါပေမဲ့ ငါ့အဖို့တော့ ဝတ္ထုထဲက စုံထောက်တွေရော အပြင်က တကယ့် စုံထောက်တွေ ရော မင်းနှင့် ယှဉ်လိုက်ရင် စုံထောက် မှန်သမျှဟာ ကလေးလေးတွေ ဖြစ်သွား တယ်လို့တောင် ထင်မိတယ်၊ အင်း တော်ပါပေတယ်ကွယ်၊ စုံထောက် လုပ်မယ် ဆိုရင် စုံထောက်ကျော် ဖြစ်ထိုက်ပါတယ်၊ ကမ္ဘာ တစ်ခွင်ကို ပြုံပြုံစင်အောင် ရောက်ခဲ့တဲ့ ကျုပ် စကားကို ကျုပ် တူကြီး မြဲမြဲ မှတ်ထားပေတော့''

အမှန်ကတော့ ကျုပ် အရည်အချင်းဟာ ဒီလောက်လည်း မဟုတ်သေး ပါဘူး၊ အဘိုးကြီးက သာသာထိုးထိုးကလေး ပြောလိုက်တာပါ၊ ဒါပေမဲ့ ဘယ် ဆိုဖြစ်ဖြစ် အဘိုးကြီးက ဒီလို ပြောလိုက်တဲ့ အခါကျတော့ ကျုပ် ဝါသနာ အလျောက် အပျင်းပြေ လုပ်နေတဲ့ အလုပ်ကို သက်မွေးဝမ်းကျောင်း လုပ်ငန်း တစ်ခု အနေနှင့် လုပ်ရင် ကောင်းများ ကောင်းလေမလား ဆိုပြီး ပထမဆုံး အကြိမ် စိတ်ကူး ပေါ်ခဲ့မိတာပဲဗျ၊ အဲဒီတုန်းကတော့ ဒါတွေကို ဒီလောက် စဉ်းစားမိသေးပါဘူးလေ၊ နောက်မှ ပြန်စဉ်းစားတာပါ၊ အဲဒီတုန်းကတော့ ကျုပ် ပြောလိုက်တဲ့ အတွက် အဘိုးကြီးမှာ စိတ် အနှောင့်အယှက် ဖြစ်ရလေခြင်း ဆိုပြီး စိုးရိမ်မိတာပေါ့။

''ကျွန်တော် ပြောလိုက်တာတွေထဲမှာ စိတ်ထိခိုက်စရာများ ပါသလား ခင်ဗျာ'' လို့ ကျုပ်က မေးတယ်ဗျာ။

''အင်း ကျုပ်တူကြီး ပြောလိုက်တဲ့ အချက်ထဲမှာ ထိသွားတဲ့ အကွက် လေး တစ်ကွက်တော့ ပါတယ်ဗျ၊ မသိလို့ မေးပါရစေဦး၊ ကျုပ်တူကြီး ဒီ အကြောင်းတွေကို ဘယ်လိုလုပ် သိသလဲ၊ ဘယ်လောက် သိသလဲ ဆိုတာ ရှင်းပြစမ်းပါဦး'' လို့ ပြောတယ်ဗျ၊ ပါးစပ်ကတော့ လျောင်သလိုလို ပြောတာပဲ၊ ဒါပေမဲ့ သူ့ မျက်လုံးထဲမှာတော့ ကြောက်လန့် စိုးရိမ်တဲ့ အရိပ်အယောင်တွေ ပေါ်နေတယ်ဗျ။

''ဒါကတော့ ရှင်းပါတယ် ခင်ဗျာ၊ ဦးက အကျီ လက်ကို ပင့်ပြီး လှေဝမ်းထဲမှာ ပစ်ထားတဲ့ ငါးကို လှမ်းယူလိုက်တုန်းက လက်ဖျံပေါ်မှာ ဂျေ





www.burmeseclassic.com

www.burmeseclassic.com



အေ ဆိုတဲ့ စာလုံး ထိုးထားတယ် ခင်ဗျ၊ ဒီစာတွေကို ခုထက်ထိ မြင်ရသေးတယ် သို့သော်လည်း စာလုံးတွေက မှုန်နေပြီး ဘေးပတ်ပတ်လည်မှာ မင်တွေ စွန်းနေ တာကို တွေ့ရတဲ့ အခါကျတော့ ဒီထိုးကွင်း အမှတ်အသားကို ပျက်အောင် ဖျက် ထားတယ် ဆိုတာ တွေ့နိုင်တယ်ဗျ၊ ဒီတော့ ဒီထိုးကွင်း အမှတ်အသားကို ဖျက် ပစ်ချင်တယ် ဆိုတာ ထင်ရှားပါတယ်''

' ''အင်း သောက်ကျိုးနည်း မျက်စိ ရှင်တဲ့ သူငယ်ပါပဲဗျာ၊ ဟုတ်တယ် ဗျ၊ ကျုပ်တူကြီး ပြောတာ အမှန်ပဲ၊ ဒါပေမဲ့ ဒီအကြောင်းတွေကို မပြောတော့ ပါဘူးလေ၊ လောကမှာ တစ္ဆေသရဲ အားလုံး အနက် ကိုယ့် အတွယ်တာဆုံး သူတွေရဲ့ တစ္ဆေက အဆိုးဆုံးပဲဗျ၊ ကဲ လာကွယ်၊ ဘီလီယက်ခန်း သွားပြီး ဆေးပြင်းလိပ်ကလေး ဘာလေး ဖွာချည်ရအောင်'' လို့ ပြောပြီး သက်ပြင်း ချ လိုက်တယ်ဗျ။

'အဲဒီနေ့က စပြီး ကျုပ်နှင့် ပတ်သက်လို့ မစ္စတာ ထရီဗာရဲ့ အပြုအမူ တွေဟာ သင်္ကာမကင်း ဖြစ်တဲ့ အမူအရာတွေ ပေါ်နေတယ်၊ သို့သော်လည်း ဖော်ရွေမှုကတော့ မပျက်ပါဘူး၊ သူ့ သားကတောင် ''အဘိုးကြီးကတော့ တော် တော်လေးကို အံ့သြသွားတယ်ဗျို့၊ နောင်တော့ ခင်ဗျားကို သူ အကဲခတ်တော့ မှာ မဟုတ်ဘူး၊ ခင်ဗျား ဘာကို သိသလဲ ဘာကို မသိဘူးလဲ ဆိုတာ သူ အကဲ ဖြတ်ဖို့ သိပ်ခက်သွားပြီ'' လို့ ပြောတယ်၊ အဘိုးကြီးဟာ တတ်နိုင်သမျှ တော့ ဣန္ဒြေ မပျက်အောင် ကြိုးစားပါရဲ့၊ ဒါပေမဲ့ ဘယ်လိုပဲ ကြိုးစား ကြိုးစား အခြေပျက်နေတယ်ဗျ၊ ဒါနှင့် နောက်ဆုံးတော့ ငါ ရှိနေရင် အဘိုးကြီး အနေ ခက်လိမ့်မယ်လေ ဆိုပြီး ကျုပ်လည်း သိပ်ကြာကြာ မနေတော့ပါဘူး၊ ရက်ကို ချုံ့ပြီး ခပ်မြန်မြန် ပြန်လာခဲ့တာပါပဲ၊ အဲ ကျုပ် မပြန်ခင် တစ်ရက် အလိုမှာ တော့ ပြဿနာ တစ်ခု ဖြစ်တယ်ဗျ၊ ပြဿနာက ကျုပ်တို့ ထင်ထားတာထက် တော်တော်လေး အရေးကြီးတယ်။

'ကျုပ်တို့ သုံးယောက် မြက်ခင်းပေါ်မှာ ကုလားထိုင်လေးတွေ ချထိုင် ပြီး နေပူစာ လှုံရင်း ရှုခင်းတွေကို ငေးကြည့်နေတုန်း အိမ်ဖော် ရောက်လာပြီး အိမ်ရှေ့မှာ မစ္စတာ ထရီဗာကို တွေ့ချင်လို့ ဆိုပြီး ဧည့်သည် တစ်ယောက် ရောက်နေတယ်လို့ လာပြောတယ်ဗျ။

' ''ဘယ်သူတဲ့လဲ''

' ''နာမည်ကို မပြောဘူးရှင့်''

' ''ဒါဖြင့် ကိစ္စကကော''

' ''သူ့ကို ဘဘကြီး သိပါတယ်တဲ့၊ စကားလေး တစ်ခွန်း နှစ်ခွန်း ပြောချင်ပါလို့ ပြောတယ်ရှင့်''

' ''သွား၊ ဒါဖြင့် သူ့ကို ဒီကို လွှတ်လိုက်'' လို့ ပြောလိုက်တယ်ဗျ၊ ခဏကြာတော့ လူ ခပ်ညှက်ညှက်ကလေး တစ်ယောက် ပေါက်လာတယ်၊ အသား အရေက ရှုံ့တွလို့၊ လမ်းလျှောက်တော့ တရွတ်ဆွဲလို့၊ အမူအရာကလည်း အောက် ကျို့တဲ့ အမူအရာမျိုးနှင့်ဗျ၊ ကုတ်အင်္ကျီ တစ်ထည်ကို ဝတ်ထားပြီး လက်မောင်း မှာ ကတ္တရာစေးတွေ စွန်းနေတာ တွေ့ရတယ်၊ ရှပ်အင်္ကျီကတော့ အနီ အနက် ကွက်ကြားဗျ၊ ဘောင်းဘီက ကာကီရောင် ဘောင်းဘီ၊ ဘွတ်ဖိနပ်ကြီးကတော့ တော် တော်လေး စုတ်နေပါပြီ၊ မျက်နှာက ခပ်သွယ်သွယ်၊ အသား ညိုညို၊ လူကတော့ ပြုံးလို့ပါပဲ၊ ဒါပေမဲ့ ပြုံးပုံကို ကျုပ် မကြိုက်ဘူး၊ ကောက်ကျစ် စဉ်းလဲတဲ့ အပြုံးမျိုး၊ ပြုံးလိုက်တော့ သွားတွေကလည်း ဟိုတစ်ချောင်း ဒီတစ်ချောင်းနှင့်၊ ပါးသိန်လို့၊ အရည်တွေ ရှုံ့နေတဲ့ လက်နှစ်ဖက်ကို တစ်ဝက်နီးပါးလောက် ဆုပ် ထားတယ်၊ လမ်းလျှောက်ရင်း လက်ကို ဆုပ်ထားတတ်တဲ့ သင်္ဘောသားတွေရဲ့ အကျင့်မျိုးဗျ၊ အဲဒီ လူက မြက်ခင်းကို ဖြတ်ပြီး ကုပ်ကုပ် ကုပ်ကုပ်နှင့် လျှောက် လာတော့ မစ္စတာ ထရီဗာရဲ့ လည်ချောင်းထဲက ချွဲသံလိုလို အသံ ကြားလိုက်ပြီး မစ္စတာ ထရီဗာဟာ ကုလားထိုင်က ခုန်းခနဲ ထ၊ အိမ်ထဲကို တန်းဝင် ပြေးသွား တယ်ဗျ၊ ခဏနေတော့ ပြန်ထွက်လာတယ်၊ ကျုပ် အနားက ဖြတ်သွားတော့ သူ့ ပါးစပ်က ဘရန်ဒီနံ့ တထောင်းထောင်းနှင့်။

' ''ကဲ ကိုယ့်လူ၊ ကျုပ် ဘာလုပ်ပေးရမလဲ''

'သင်္ဘောသားက သူ့ကို မျက်လုံး မှေးပြီး ကြည့်နေတယ်ဗျ၊ ခပ်စောစော ကအတိုင်းပဲ သွားကြီးတွေကို ဖြဲပြီး ရယ်လို့။

' ''ကျွန်တော့်ကို မသိတော့ဘူးလား''

' ''ဘယ့်နှယ် မသိဘဲ ရှိရမလဲ၊ ဟပ်ဆန် မဟုတ်လား'' လို့ တအံ့ တသြနှင့် မေးလိုက်တယ်ဗျ။

' ''ဟုတ်ပါတယ်၊ ကျွန်တော် ဟပ်ဆန်ပါ၊ ကျွန်တော်တို့ ကွဲသွားတာ အနှစ် သုံးဆယ်တောင် ရှိသွားပြီနော်၊ ခင်ဗျားကတော့ အိမ်မှာ ဇိမ်နှင့် ထိုင်လို့၊ ကျွန်တော်ကတော့ ခုထက်ထိ သင်္ဘော ကုန်းပတ်မှာ အမဲခြောက်ကို စားနေရ တုန်းဗျ''

' ''အေးကွာ၊ ငါလည်း သင်္ဘောသား ဘဝကို မမေ့ပါဘူး'' လို့ ပြော ပြီး မစ္စတာ ထရီဗာဟာ သင်္ဘောသားဆီကို လျှောက်သွားပြီး တိုးတိုး တိုးတိုးနှင့်





www.burmeseclassic.com

www.burmeseclassic.com





ဟုတ်ပါတယ်၊ ကျွန်တော် ဟပ်ဆန်ပါ'

ကပ်ပြောနေတယ်ဗျ၊ ဘာတွေ ပြောနေမှန်းတော့ ကျွန်တော်လည်း မသိဘူး၊ ပြီး တော့မှ အသံကျယ်ကျယ်နှင့် ''မီးဖိုထဲမှာ မင်း ကြိုက်သလောက် စားသောက် သွားကွာ၊ မင်း အတွက် အလုပ်ကလေး ဘာလေးလည်း ရပါလိမ့်မယ်'' လို့ ပြောသံ ကြားရတယ်ဗျ။

' ''ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော် စက်လှေနှင့် လိုက်သွားတာ နှစ်နှစ်လောက် ရှိပြီ ခင်ဗျ၊ ပင်ပန်းလိုက်တာ မပြောပါနှင့်တော့ဗျာ၊ ခုမှပဲ အနား ယူရတော့မှာပဲ၊ ကျွန်တော် ခင်ဗျားဆီမှာ နေရမှာလား၊ မစ္စတာ ဘက်ဒိုး ဆီမှာ နေရမှာလား''

' ''ဟေ၊ ဘက်ဒိုး ဘယ်မှာ နေတယ် ဆိုတာ မင်း သိသလား''

' ''ဘယ့်နှယ် ပြောပါလိမ့် ဆရာရယ်၊ ကျွန်တော့် ဆရာသမားရင်းတွေ မိတ်ဆွေဟောင်းတွေ ဘယ်မှာ နေတယ် ဆိုတာ ကျွန်တော် အကုန် သိတာပေါ့'' လို့ ပြောရင်း အဲဒီ လူလည်း သွားကြီးတွေကို ဖြဲပြီး အိမ်ဖော်မလေး ခေါ်ရာ မီးဖိုထဲကို ကုပ်ကုပ် ကုပ်ကုပ်နှင့် လိုက်သွားတယ်ဗျ၊ အဲဒီလူ အိမ်ဘက်ကို လိုက်သွားတဲ့ အခါကျတော့ မစ္စတာ ထရီဗာက သူနှင့် ခု လာတဲ့ ဟပ်ဆန်ဟာ သင်္ဘော တစ်စင်းတည်း အတူ လိုက်ဖူးတဲ့ အကြောင်း ကျုပ်တို့ကို ဝိုးတိုးဝါးတား





ပြောပြီး အိမ်ထဲကို လိုက်သွားတယ်ဗျ၊ ကျုပ်တို့ နှစ်ယောက်တည်း မြက်ခင်း ပေါ်မှာ ကျန်ရစ်ခဲ့ကြတယ်၊ တစ်နာရီလောက် ကြာတော့ ကျုပ်တို့လည်း အိမ်ထဲ ဝင်လာခဲ့ကြတယ်၊ ဘာကို တွေ့ရတယ် ထင်သလဲ၊ အဘိုးကြီးဟာ ထမင်းစားခန်း ထဲက ဆိုဖာကြီးပေါ်မှာ အရက်တွေ မူးပြီး စန့်စန့်ကြီး ဖြစ်နေတယ်ဗျ၊ အဲဒီ အဖြစ်အပျက်ဟာ ကျုပ် စိတ်ထဲမှာ စွဲနေတယ်၊ ဒါနှင့် နောက်တစ်နေ့ကျတော့ ကျုပ်လည်း ကျောင်းကို ပြန်လာခဲ့တယ်၊ ဒီလောက် စိတ်မချမ်းသာစရာ ကောင်း တဲ့ မြင်ကွင်းကို မမြင်ရတော့တဲ့ အတွက် ဝမ်းတောင်သာမိပါရဲ့၊ ကျုပ် ရှိနေရင် ကျုပ် မိတ်ဆွေမှာ အလကား နေရင်း အနေရ အထိုင်ရ ခက်နေလိမ့်မယ် ဆိုပြီး ရက်တောင် မဆိုင်းတော့ဘူး။

'ဒီအဖြစ်အပျက်က ကျုပ်တို့ကျောင်း ရက်ရှည်ကြီး ပိတ်တုန်း ပထမ အပိုင်း အတွင်းမှာ ဖြစ်တာဗျ၊ ကျုပ်လည်း လန်ဒန်က တိုက်ခန်း ပြန်ပြီး ကျုပ် ဝါသနာ ပါတဲ့ ဓာတုဗေဒ စမ်းသပ်မှုတွေကို တစ်လခွဲ နှစ်လလောက် သွား လုပ်နေလိုက်တယ်၊ ဒါနှင့် ဆောင်းဦးပေါက်လို့ ကျောင်းတွေ ပြန်ဖွင့်ကာနီး တစ်နေ့ကျတော့ ဒွန်နီသော့ကို လိုက်လာဖို့ ကျုပ် မိတ်ဆွေဆီက ကြေးနန်း တစ်စောင် ရတယ်၊ ကျုပ် အကူအညီနှင့် အကြံဉာဏ် လိုချင်တဲ့ အတွက် အမြန် လိုက်လာခဲ့ပါတဲ့၊ ဒါနှင့် ကျုပ်လည်း လုပ်လက်စ အလုပ်တွေ အသာ ချပြီး လိုက်လာခဲ့ရတာပေါ့ဗျာ။

'ကျုပ် မိတ်ဆွေက ဘူတာရုံမှာ ဒေါက်ကပ်ကလေးနှင့် လာကြိုနေတယ်၊ သူ့ကို ကြည့်လိုက်ရုံနှင့် ကျုပ် ပြန်လာခဲ့တဲ့ နှစ်လ အတွင်းမှာ တော်တော် စိတ်မချမ်းမသာ ဖြစ်နေခဲ့တဲ့ ပုံပဲ၊ လူက တော်တော် ချုံးကျသွားပြီး မျက်နှာက လည်း တော်တော်ကြီးကို ညှိုးနေတယ်၊ အရင်တုန်းက ရယ်ရယ်မောမော ရွှင်ရွှင် လန်းလန်း ဟန်တွေ တစ်စက်မှ မရှိတော့ဘူးဗျ။

' ''အဖေ ဆုံးတော့မယ်ဗျ'' လို့ ရောက်ရောက်ချင်း ကျုပ်ကို ဆီးပြော တယ်။

' ''မဖြစ်နိုင်တာဗျာ၊ ဘာဖြစ်လို့လဲ''

' ''ဝက်ရူးပြန်တာ ဆိုပါတော့ဗျာ၊ အာရုံကြောတွေ အားနည်းပြီး ဖြစ် သွားတာပါပဲ၊ ဒီနေ့ တစ်နေ့လုံး မောက်နေတာပဲ၊ ကျွန်တော် အပြန်ဆို အသက်မှ ရှိမှ ရှိပါဦးမလား မသိဘူး''

'ကျုပ်လည်း မမျှော်လင့်ဘဲ ဒီသတင်းကို ကြားလိုက်ရတော့ တော်တော် ကလေး စိတ်မကောင်း ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



' "နေစမ်းပါဦး၊ ဘာဖြစ်လို့ ဒီလို ဖြစ်သွားတာလဲ"

' "အဲဒါ ပြဿနာပဲဗျ၊ ကဲ ရထားပေါ် တက်ဗျာ၊ လမ်းကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ခင်ဗျား မပြန်ခင် ကျွန်တော့် အဖေဆီ ရောက်လာတဲ့ လူကို ခင်ဗျား မှတ်မိသေးသလား"

' "မှတ်မိတာပေါ့"

"အဲဒီတုန်းက ကျွန်တော်တို့ အိမ်ထဲကို လာတဲ့ လူဟာ ဘယ်သူလို့ ခင်ဗျား ထင်သလဲ"

' "မပြောတတ်ဘူးလေဗျာ"

' "နတ်ဆိုးဗျ၊ နတ်ဆိုး ကိုယ်တိုင် အိမ်ထဲကို ဝင်လာတာ သိရဲ့လား"

'ကျုပ်လည်း သူ့ကို တအံ့တဩနှင့် ကြည့်နေမိတယ်။

' "ဟုတ်တယ်၊ နတ်ဆိုးဗျ၊ နတ်ဆိုးမှ တကယ့် နတ်ဆိုး၊ ဒီလူ ရောက်လာကတည်းက ကျွန်တော်တို့မှာ တစ်နာရီမှ စိတ်ချမ်းသာရတယ်လို့ မရှိဘူးတကယ်ဗျာ၊ တစ်နာရီလေးတောင် မနေခဲ့ရဘူး၊ ကျုပ် အဖေဟာလည်း သူရောက်လာတဲ့ ညနေက စပြီး ခေါင်းဖော်တယ်လို့ မရှိတော့ဘူး၊ ခုတော့ ခေါင်းမဖော်ရဲရုံတွင် မကတော့ဘူးလေဗျာ၊ အသက်တောင် ဆုံးတော့မယ်၊ အဲဒီ ဟပ်ဆန် ဆိုတဲ့ လူကြောင့် ကျုပ် အဖေဟာ ရင်ကွဲပက်လက် ဖြစ်ခဲ့ရတယ်"

' "နို့ နေစမ်းပါဦးဗျာ၊ ဒီလူက ဘယ်လို တန်ခိုး စွမ်းပကားတွေနှင့် ပြည့်စုံလို့ ဒီလို ဖြစ်ရတာလဲ"

' "အား၊ အဲဒီ အချက်ကိုပဲ ကျွန်တော် သိချင်နေတာပေါ့၊ ကျွန်တော့် အဖေဟာ လူတစ်ဖက်သားကို သနားတတ်တယ်၊ အပေးအကမ်း ရက်ရောတယ်၊ စိတ်ကောင်း ရှိတယ်၊ ဒီလောက် စိတ်ကောင်း ရှိတဲ့ လူတစ်ယောက်ဟာ ဘာကြောင့်များ ဒီလို လူယုတ်မာရဲ့ လက်ခုပ်ထဲက ရေ ဖြစ်ရတာလဲ၊ အေးလေ ဘာပဲဖြစ်ဖြစ် ခင်ဗျား လာလို့ ဝမ်းသာတယ်ဗျာ၊ ခင်ဗျား စဉ်းစားဉာဏ်နှင့် ခင်ဗျားရဲ့ ဆုံးဖြတ်နိုင်စွမ်းကို ကျွန်တော် ယုံကြည်ပါတယ်၊ အကောင်းဆုံး အကြံဉာဏ်ကို ပေးနိုင်လိမ့်မယ်လို့လည်း စိတ်ချပြီးသားပါ"

'ဘူတာရုံကနေပြီး အိမ်ကို သွားတဲ့ လမ်းကလေးက တောလမ်းကလေးသာ ဆိုပေမဲ့ ဖြူးလို့ဗျ၊ ကျောက်ခင်းလမ်းကလေး၊ နေဝင်ကာနီး ဆိုတော့ အနီရောင် သန်းနေပြီး ရှုခင်းက တော်တော်ကလေးကို လှတယ်၊ လက်ဝဲဘက်က တောအုပ် အထက်မှာ သူတို့ အိမ်က မီးခိုးခေါင်းတိုင်တွေနှင့် အလံတိုင်ကို လှမ်းမြင်နေရတယ်။





' "အဖေက သူ့ကို ခြံစောင့် ခန့်လိုက်တယ်ဗျ၊ ဒါပေမဲ့ ဒီလူက သိပ်အကျေနပ်တာနှင့် သူ့ကို ဘဏ္ဍာစိုး ခန့်ရတယ်၊ ဘဏ္ဍာစိုးလည်း ခန့်လိုက်ရော တစ်အိမ်လုံးကို မွှန်ဆန်တော့တာပါပဲဗျာ၊ တစ်အိမ်လုံး သူ သွားချင်တဲ့ နေရာ သွား သူ ဝင်ချင်တဲ့ အခန်းကို ဝင်ပြီး တစ်အိမ်လုံး သူ့လက် သူ့ခြေ ဖြစ်နေတော့တာပါပဲ၊ အရက် သောက်ပြီး ပါးစပ် ကြမ်းလွန်းလို့ အိမ်ဖော် ကောင်မလေးတွေက တိုင်ကြတယ်၊ ဒါနှင့် ကောင်မလေးတွေ ကျေနပ်ပါစေတော့ ဆိုပြီး အဖေက ကောင်မလေးတွေကို လခ တိုးပေးတယ်၊ နေ့က အဖေ စီးတဲ့ လှေကို ဒီး အဖေ ကိုင်တဲ့ သေနတ်ကို ကိုင်ပြီး တောပစ်တို့ ဘာတို့လည်း ထွက်လိုက်သေးတယ်ဗျ၊ တကတည်းဗျာ၊ ငါ့မင်း ငါ့ချင်း နေတာပါပဲ၊ ဒီလိုသာ လုပ်တယ်၊ အဖေ့ အပေါ်ကို အနိုင် ကျင့်လိုက်တာကလည်း အလွန်ပဲဗျ၊ လှောင်သလိုလို ပြောင်သလိုလိုနှင့်၊ မျက်နှာထားကလည်း ဘယ်သူ့မှ ထီမထင်တဲ့ မျက်နှာမျိုး၊ ဘကယ်ပါဗျာ၊ ကျွန်တော်နှင့် သက်တူ ရွယ်တူချင်းသာ ဆိုရင် ဒီငနဲကြီးကို သက်သီးနှင့် ပိတ်ထိုးပြီးလောက်ပြီ၊ ကျွန်တော် မနည်း ချုပ်တည်းထားရတယ်၊ ခုတော့ ကျွန်တော် သိပ် မချုပ်တည်းနိုင်တော့ဘူး၊ စိတ်ရှိ လက်ရှိ လုပ်ပစ်လိုက်ချင်တယ်"

' "ဒီလိုနှင့် နေလာလိုက်တာ အခြေအနေက ပိုပြီး ဆိုးသည်ထက် ဆိုးလာတယ်ဗျ၊ ဟပ်ဆန် ဆိုတဲ့ ကောင်ကြီးဟာ စော်ကားသည်ထက် စော်ကားလာတယ်၊ ဒါနှင့် တစ်နေ့ကျတော့ ကျွန်တော့် ရှေ့မှာတွင် အဖေ့ကို အော်လားငေါက်လား လုပ်နေတာနှင့် ကျွန်တော်လည်း သည်းမခံနိုင်တော့ဘဲ သူ့ကို ကုပ်ဆွဲကိုင်ပြီး အခန်းထဲက မောင်းထုတ်ပစ်လိုက်တယ်၊ ဒီတော့ ငနဲကြီး ဘာမှ မပြောဘဲ ကုပ်ချောင်း ကုပ်ချောင်းနှင့် ထွက်သွားတယ်၊ မျက်လုံးကတော့ အခဲမကျေတဲ့ အကြည့်နှင့် ကြည့်သွားတယ်၊ ဒီနောက်တော့ ကျွန်တော်လည်း တွေးတာပေါ့ဗျာ၊ အဖေဟာ ဘာဖြစ်လို့များ ဒီငနဲကြီးကို ဒီလောက် ကြောက်နေရတာလဲ၊ အဖေနှင့် သူ့ကြားထဲမှာ ဘာတွေများ ဖြစ်ခဲ့လို့လဲ ဆိုပြီး အမျိုးမျိုး စဉ်းစားကြည့်တယ်၊ နောက်တစ်နေ့ကျတော့ အဖေက ကျွန်တော့်ကို ခေါ်ပြီး ဟပ်ဆန်ကို တောင်းပန်လိုက်ဖို့ ပြောတယ်၊ ကျွန်တော်ကလည်း မတောင်းပန်နိုင်ဘူး၊ ဘာဖြစ်လို့ ဒီလိုကောင်ကြီး အနိုင်ကျင့်နေတာကို ခံနေရတာလဲ ဘာလဲ ဆိုပြီး ကျွန်တော့် အဖေကို မေးတယ်။

' "ပြောရတာက ဒီလောက်တော့ မခက်ပါဘူးကွယ်၊ လွယ်ပါတယ်၊ ဒါပေမဲ့ အဖေ့ အခက်အခဲကို မင်း မသိဘူး၊ တစ်နေ့တော့ သိလာပါလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့မှာတော့ မသိဘဲ နေမှာ မဟုတ်ပါဘူး၊ မင်း အဖေမှာ ဘယ်လောက် အန္တရာယ်ကြီးတယ် ဆိုတာကို ပြောရင် ယုံမှာတောင် မဟုတ်ဘူး'' လို့ ပြောတယ်ဗျ၊ အဖေဟာ စိတ်ထိခိုက်လို့ တစ်နေ့လုံး ဘယ်မှ မထွက်ဘဲ အခန်း တံခါး ပိတ်ပြီး အောင်းနေတယ်၊ ဒါနှင့် ကျွန်တော်လည်း ချောင်းကြည့်တော့ အဖေဟာ စားပွဲပေါ်မှာ ထိုင်ပြီး တကုန်းကုန်းနှင့် စာတွေ ရေးနေတယ်၊ ဘာတွေ ရေးနေမှန်းတော့ မသိဘူး။

' ''အဲဒီနေ့ ညနေပိုင်းကျတော့ ဟပ်ဆန်က သူ ဒီအိမ်မှာ မနေတော့ဘဲ တခြားကို သွားတော့မယ့် အကြောင်း ပြောတယ်ဗျ၊ ဝမ်းသာလိုက်တာဗျာ ဘယ်လို ဝမ်းသာမှန်း မသိဘူး၊ အဲဒီ ညနေ ကျွန်တော်တို့ ထမင်း စားပြီး ထမင်းစားခန်းထဲ ထိုင်နေကြတုန်း သူ ဝင်လာပြီး အရက်မူးသံကြီးနှင့် သူ ဒီအိမ်မှာ မနေတော့ဘဲ သွားတော့မယ့် အကြောင်း လာပြောတယ် ခင်ဗျ။

' '' ''ကျွန်တော် နော်ဖော့မှာ နေရတာ ပျင်းသွားပြီ၊ ဒါကြောင့် ဟမ်ပရှိုင်းယားက မစ္စတာ ဘက်ဒိုးဆီကို တစ်လှည့် သွားနေချည်ဦးမယ်၊ သူလည်း ကျွန်တော့်ကို တွေ့ရင် ဝမ်းသာမှာပါ'' တဲ့။

' '' ''အေးကွာ၊ သွားတာလည်း သွားပေါ့၊ ဒါပေမဲ့ မင်း ငါ့အိမ်က ထွက်သွားတာ စိတ်ဆိုးလို့ ထွက်သွားတာတော့ မဟုတ်ပါဘူးနော်'' လို့ အဖေက လေပျော့ကလေးနှင့် ပြောတယ်၊ ကျွန်တော်ဆို စိတ်ဆိုးလိုက်တာဗျာ၊ တစ်ကိုယ်လုံး တုန်နေ တာပဲ။



'ကျွန်တော် မတောင်းပန်နိုင်ဘူး အဖေ'



' '' ''ကျွန်တော့်ကိုတော့ ကာယကံရှင်တ ဘာမှ မတောင်းပန်ရသေး ဘူးဗျ'' လို့ ပြောပြီး ကျွန်တော့်ကို အခဲမကျေတဲ့ မျက်နှာထားနှင့် လှမ်းကြည့် နေတယ်ဗျ။

' '' ''သားရေ၊ မင်းဟာ လူကြီးကို စော်ကားမိတယ် ဆိုတာတော့ ခံဖို့ ကောင်းတယ်ကွာ'' လို့ အဖေက ကျွန်တော့်ကို လှည့်ပြောတယ်။

' '' ''ကျွန်တော် မတောင်းပန်နိုင်ဘူး အဖေ၊ မှားတယ်လို့လည်း ကျွန်တော် ဝန်မခံနိုင်ဘူး၊ ဒီလောက် သည်းခံတာတောင် လွန်လှပြီ'' လို့ ကျွန် တော်က ပြောလိုက်တယ်။

' '' ''ဪ၊ ဒီလိုလား၊ ကောင်းပါပြီဗျာ၊ ရပါတယ်၊ တွေ့ကြသေး တာပေါ့'' လို့ ပြောပြီး အိမ်ထဲက ကုန်းကုန်း ကုန်းကုန်းနှင့် ထွက်သွားတယ် ခင်ဗျ၊ ကျွန်တော့် အဖေကတော့ သူ ထွက်သွားပြီ ဆိုတာနှင့် မနေနိုင် မထိုင်နိုင် ဖြစ်ကျန်ရစ်ခဲ့တာပဲဗျ၊ တုန်လို့၊ ညဆိုရင် အဖေဟာ အိပ်လို့ ပျော်ပုံ မရဘူး၊ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသံကို ကြားနေရတယ်၊ အဲဒီလို သူ့ကိုယ်သူ အားတင်းနေတုန်းမှာ ခုလို ဒုက္ခ လှလှကြီး တွေ့တော့တာပါပဲဗျာ''

' ''ဘယ်လို တွေ့တာလဲဗျ'' လို့ ကျုပ်က သိချင်ဇောနှင့် မေးလိုက်တယ်။

' ''တော်တော်တော့ ထူးဆန်းတယ်ဗျ၊ မနေ့ကတော့ ကျွန်တော့် အဖေ ဆီကို စာတစ်စောင် ရောက်လာတယ်၊ စာအိတ်ပေါ်မှာ ဖိုဒင်ဘရစ် စာတိုက် တံဆိပ် ရိုက်ထားတယ်၊ အဖေဟာ စာကိုလည်း ဖတ်ပြီးရော ခေါင်းကို လက် နှစ်ဖက်နှင့် အုပ်ပြီး အရူးကြီးလို အခန်းထဲမှာ ပတ်ချာလှည့် ပြေးနေတယ်ဗျ၊ ကျွန်တော်က သူ့ကို ဖမ်းဆွဲပြီး ဆိုဖာပေါ် အထိုင်ခိုင်းရင်း သူ့ မျက်နှာကို ကြည့်လိုက်တော့ သူ့ မျက်လုံးနှင့် ပါးစပ်ကြီးဟာ ရွဲ့လို့ဗျ၊ သွက်ချာပါဒ လိုက်သွားတာ၊ ချက်ချင်းပဲ ဒေါက်တာ ဖော့ဟန်ကို အခေါ်လွှတ်ပြီး ရောက် လာတော့ သူ့ အိပ်ရာပေါ် တွဲတင်တယ်၊ ဒါပေမဲ့ သွက်ချာပါဒ လိုက်တာက တော်တော် ပျံ့သွားပြီဗျ၊ အဲဒီကတည်းက သတိ ပြန် မလည်လာတော့ဘူး၊ ခု လောက် ဆိုရင် အသက်မှ မီပါဦးမလား မသိဘူး''

' ''ခင်ဗျား ပြောပုံက ကြောက်စရာကြီးပါလားဗျ၊ ဒီလောက်တောင် ဖြစ်သွားရအောင် စာထဲမှာ ဘာတွေများ ပါလို့တဲ့တုံးဗျ'' လို့ ကျုပ်က မေးလိုက် တယ်။

' ''ဘာမှတော့ မပါဘူးဗျ၊ အဲဒါကြောင့် ခက်နေတာပေါ့၊ စာထဲ အဓိပ္ပာယ်လည်း မရှိဘူး၊ ရယ်စရာလည်း ကောင်းတယ်၊ ဘုရား ဘုရား ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ထင်တဲ့ အတိုင်း ဖြစ်ပြီ ထင်ပါရဲ့ဗျာ"

'ပြောရင်းနှင့် သူတို့ အိမ်ဘက်ကို ချိုးတဲ့ လမ်းကွေ့ကလေးကို ရောက်လာခဲ့ကြတယ်၊ ခပ်မှိန်မှိန် အလင်းရောင်ထဲမှာ အိမ်တံခါးတွေ အားလုံး ပွင့်နေပြီး အခန်းဆီးတွေကိုလည်း ဘေးကို ဆွဲဖွင့်ထားတာ မြင်ရတယ်၊ ဒါနှင့် ဟိုရောက်တော့ ကျုပ်တို့ နှစ်ယောက်လုံး တံခါးပေါက်ဆီ ပြေးလာခဲ့ကြတယ်၊ ကျုပ်မိတ်ဆွေ မျက်နှာကတော့ ငိုတော့မလား အောက်မေ့ရတယ်၊ အနား ရောက်တော့ အိမ်ထဲက အဝတ်နက် ဝတ်ထားတဲ့ လူတစ်ယောက် ထွက်လာတယ်ဗျ။

' "ဒေါက်တာ၊ ဘယ့်နှယ်လဲ"

' "မင်း ထွက်သွားပြီး မကြာခင် ဆုံးတာပဲ"

' "သတိ ပြန်လည်လာသေးလား"

' "မဆုံးခင် လည်တယ် ဆိုရုံကလေး လည်လာတာပါပဲ"

' "ကျွန်တော့်ကိုကော ဘာများ မှာခဲ့သေးသလဲ"

' "ဂျပန် ဗီရိုကြီးရဲ့ နောက်က အံဆွဲထဲမှာ စာရွက်စာတမ်းတွေ ရှိတယ် ဆိုတာပဲ ပြောသွားသကွယ့်"

'ဒါနှင့် ကျုပ်မိတ်ဆွေကလည်း အလောင်း ပြင်ထားတဲ့ အခန်းထဲကို ဝင်သွားတယ်၊ ကျုပ်ကတော့ လိုက်မသွားပါဘူး၊ အိမ်ရှေ့ခန်းမှာ ထိုင်ရင်း ဘယ်လို အဖြစ်မျိုးလဲ ဆိုတာ အပြန်ပြန် အလှန်လှန် တွေးနေတယ်၊ ရင်ထဲမှာလည်း လေးနေတယ်ဗျ၊ ဘယ်လိုကြီးမှန်း မသိဘူး၊ အဘိုးကြီးရဲ့ အတိတ်က ဘယ်လိုလဲ ငယ်ငယ်တုန်းက နပန်းသမား၊ ကမ္ဘာ အနှံ့ လျှောက်သွားနေတဲ့ လူ၊ ရွှေတွင်း တူးခဲ့တဲ့ လူ၊ ဒီအဘိုးကြီးဟာ မျက်နှာထားကိုက မုန်းစရာ ကောင်းတဲ့ ဒီသင်္ဘော သား လက်ထဲကို ဘယ်လို ရောက်သွားတာလဲ၊ သူ့ လက်မောင်းပေါ်က ပျက်ထ ပျက်ခင် ဖြစ်နေတဲ့ ထိုးကွင်း ထိုးထားတဲ့ စာလုံး နှစ်လုံး အကြောင်းကို ကျုပ် ပြောလိုက်တဲ့ အခါတုန်းက ဘာဖြစ်လို့ သတိလစ်သွား ရတာလဲ၊ ဖိုဒင်ဘရစ်ချ် စာတိုက် တံဆိပ်နှင့် စာရောက်လာတဲ့ အခါကျတော့ ဘာဖြစ်လို့ အလွန့်အမင်း ကြောက်လန့်ပြီး သေသွားရတာလဲ၊ ဒီလို စဉ်းစားလိုက်တော့ ဖိုဒင်ဘရစ်ချ် ဆိုတာ ဟန့်ပရှိုင်းယားထဲက မြို့တစ်မြို့ ဆိုတာကို ကျွန်တော် သတိရလာတယ်၊ သင်္ဘောသား အလည် သွားမယ် သို့တည်းမဟုတ် သွားပြီး ငွေညှစ်မယ် ဆိုတဲ့ မစ္စတာ ဘက်ဒိုးကလည်း ဟန့်ပရှိုင်းယားမှာ နေတယ်လို့ ပြောသွားတယ် မဟုတ်လား၊ ဒါကို ကျုပ် သွား သတိ ရလိုက်တယ်ဗျ၊ ဒီတော့ ဒီစာဟာ သင်္ဘောသား ဟပ်ဆန် ဆိုတဲ့ လူဆီက လာတဲ့ စာ ဖြစ်ရမယ်၊ ဒီစာထဲမှာ သူ့



လျှို့ဝှက်ချက်ကို ဖော်တော့မယ်လို့ ရေးထားတာရင်လည်း ဖြစ်ရမယ်၊ သို့မဟုတ်ရင်လည်း သူ့ မိတ်ဆွေဟောင်း ဘက်ဒိုးက ကြိုတင် သတိ ပေးလိုက်တဲ့ စာလည်း ဖြစ်နိုင်တယ်၊ ဒီအထိတော့ ရှင်းလိမ့်မယ်လို့ ထင်တယ်၊ ဒါပေမဲ့ သူ့ သားရဲ့ အဆို အရ စာက ရယ်စရာလည်း ကောင်း သေးလည်း သေးဖွဲတယ်လို့ ဆိုတော့ ဘယ်လို စာမျိုးများ ဖြစ်လို့လဲ၊ ဘာ့ကြောင့်လဲ ဆိုတာ စဉ်းစားစရာ ဖြစ်လာတယ်၊ ဒီလိုဆိုရင် သူ စာ အကောက် လွဲတာ ဖြစ်ရမယ်၊ သူ အကောက် လွဲတယ် ဆိုရင် ဒီစာဟာ သင်္ကေတနှင့် ပြတဲ့ လျှို့ဝှက်စာ ဖြစ်ရလိမ့်မယ်၊ ဒီတော့ ကျုပ်အနေနှင့် ဒီစာကို ကြည့်ဖို့ လိုလာတယ်၊ အကယ်၍သာ ကျုပ် တွက်ခဲ့သလို ဒီစာမှာ လျှို့ဝှက်ချက် ရှိရင် ဒီလျှို့ဝှက်ချက်ကိုလည်း ကျုပ် ဖော်နိုင်လိမ့်မယ်လို့ ကျုပ်ဘာသာ ကျုပ် ယုံကြည်ထားတယ်ဗျ၊ ဒါနှင့် ကျုပ် လည်း ဧည့်ခန်းမှာ တစ်ယောက်တည်း ထိုင်ပြီး စဉ်းစားနေတယ်၊ ခဏ နေတော့ အိမ်ဖော် အမျိုးသမီးက တရှုပ်ရှုပ် ငိုပြီး မီးခွက် လာချတယ်၊ သူ့ နောက်က လည်း ကျုပ် မိတ်ဆွေ ထရီဗာ လိုက်လာတယ်၊ မျက်နှာက ဖြူဖပ် ဖြူရော်နှင့်၊ စကားလည်း မပြောဘူး၊ ခု ကျုပ် ပေါင်ပေါ်မှာ တင်ထားတဲ့ စာရွက်တွေကို လက်က ကိုင်လို့ဗျ၊ သူက ကျုပ်ဘေး ဝင်ထိုင်ရင်း မီးအိမ်ကို စားပွဲ အစွန်းကို ရွှေ့ပြီး ခု ခင်ဗျား မြင်တဲ့ ပြာမွဲမွဲ စာရွက်ကလေးကို လှမ်းပေးလိုက်တယ်ဗျ၊ စာရွက်ပေါ်မှာ စာ ခပ်တိုတို ရေးထားတယ်၊ စာကလည်း "တင်ကျီး ဟပ်ထားတဲ့ ဆန်၊ အသိုက်က ရောက်လို့ အတောင်တွေ ကုန်အောင် လာပြောနေပြန်ပြီ၊ ငှက်ခါး ပြေးသလို ပေတေတေတော့ ဖြစ်ပေါ့" လို့ ပါတယ်ဗျ။

'ဒီစာကို ပထမဆုံး အကြိမ် ဖတ်လိုက်ရတဲ့ အခါကျတော့ ခု ခင်ဗျား ဖြစ်သလိုပဲ ကျုပ်လည်း တော်တော် ဦးနှောက် ခြောက်သွားတယ်၊ ဒါနှင့် စိတ်ထဲမှာ မကျေနပ်တာနှင့် နောက်တစ်ခေါက် ပြန်ဖတ်ပြန်တယ်၊ ကျုပ် တွေးတဲ့ အတိုင်းပါပဲ၊ ဒီစာထဲမှာ မြှုပ်ထားတဲ့ အဓိပ္ပာယ် ရှိရမယ်၊ ဒါမှမဟုတ်ရင်လည်း တင်ကျီးဟပ်ထားတဲ့ ဆန်တို့ ငှက်ခါးတို့ ဆိုတဲ့ စကားလုံးတွေဟာ သင်္ကေတ စကားလုံးတွေ ဖြစ်ရမယ်၊ သူ့ နဂို အဓိပ္ပာယ် အတိုင်း ပြန်လို့ကတော့ ဘာမှ ထောက်လို့ မရဘူး၊ ဘယ်လိုပဲ ဖြစ်ဖြစ်ဗျာ၊ ကျုပ်ကလည်း ဒီစာကလေးကြောင့် ပြဿနာ ဒီလောက် ဖြစ်ရမလား ဆိုတာကို မယုံချင်သလို ဖြစ်နေတယ်၊ ဒါနှင့် စာတို နောက်ကနေပြီး ပြောင်းပြန် ပြန်ပြီး ဖတ်ကြည့်တယ်၊ ဒါပေမဲ့ ဘာမှ အဓိပ္ပာယ် ကောက်လို့ မရပြန်ဘူး၊ ဒါနှင့် တစ်လုံး ကျော်ပြီး ဖတ်ကြည့်ပြန်တယ်၊ ဒါပေမဲ့ မထူးဘူး၊ ဒီလို နေတုန်းမှာ ကျုပ် နှစ်လုံး ကျော်ပြီး ဖတ်ကြည့်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



လားလား လက်စသတ်တော့ အဖြေ ထွက်နေပြီကိုးဗျ၊ စာက နှစ်လုံး ကျော်ပြီး ရေးတာဗျ၊ ဒီစာဟာ အဘိုးကြီး ထရီဗာကို ဒုက္ခပေးခဲ့တဲ့ စာပဲ။

'စာက ခပ်တိုတိုပဲ၊ သတိပေးတဲ့ စာဗျ၊ ဒါနှင့် ကျုပ်က ကျုပ် မိတ်ဆွေ ထရီဗာကို ဖတ်ပြီး အဓိပ္ပာယ် ဖွင့်ပြတယ်၊ နှစ်လုံး ကျော်ပြီး ဖတ်လိုက်တဲ့ အခါကျတော့ ''ဟပ်ဆန်က အကုန် ပြောပြီ၊ ပြေးပေတော့'' လို့ အဓိပ္ပာယ် ထွက်လာတယ်၊ ဟပ်ဆန် နာမည် ပါတော့ ရေးတဲ့ လူဟာ ဟပ်ဆန် မဖြစ်နိုင်ဘူး၊ ဘက်ဒိုး ရေးတာ ဖြစ်ရမယ်လို့ ကျုပ် ယူဆတယ်။

'ကျုပ်က အဓိပ္ပာယ် ဖွင့်ပြလိုက်တော့ ကျုပ် မိတ်ဆွေ ဇစ်တာ ထရီဗာဟာ တုန်တုန်ယင်ယင်နှင့် မျက်နှာကို လက်ဝါးနှင့် အပ်လိုက်ရင်း

' ''ကျွန်တော်လည်း အစတုန်းကတည်းက ရိပ်မိသလိုလိုတော့ ရှိပါတယ်ဗျာ၊ ခုဟာက သေတာထက်တောင် ဆိုးလိမ့်မယ်၊ အားလုံး အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရတာပေါ့၊ ဒါပေမဲ့ နေစမ်းပါဦးဗျ၊ တင်ကျီးတို့ ငှက်ခါးတို့ ဆိုတာတွေက ဘာတွေလဲ''

' ''အမှန်ကတော့ ဒီစာလုံးတွေဟာ စာနှင့် ဘာမှ မဆိုင်လှပါဘူး၊ စာပို့သူရဲ့ အကြောင်းကို ကျုပ်တို့ သိမထားရင်တော့ ဒီစာလုံးတွေဟာ ကျုပ်တို့ အဖို့ တော်တော် အရေးကြီးပေလိမ့်မယ်၊ စာရေးတဲ့ လူက နှစ်လုံး နှစ်လုံး ကျော်ပြီး ရေးသွားတော့ ဒီနှစ်လုံးကို သူ စိတ်ကူး တည့်ရာ ကောက်ပြီး ထည့်



'လားလား လက်စသတ်တော့ အဖြေ ထွက်နေပြီကိုးဗျ'





သွားတာပဲဗျ၊ သို့သော်လည်း စိတ်ကူး ပေါ်တဲ့ စကားလုံး ဆိုတာကလည်း အဝနှင့် ကင်းလို့ မရပေဘူးလေဗျာ၊ စိတ်ကူးတဲ့ လူရဲ့ ခေါင်းထဲ ပေါ်လာတဲ့ အယ်လို စကားလုံးပဲ ဖြစ်စေ စိတ်ကူးတဲ့ လူရဲ့ ပတ်ဝန်းကျင်တို့ ဘဝတို့နှင့်တော့ တစ်နည်း မဟုတ် တစ်နည်း ဆက်စပ်နေတာချည်းပဲ၊ ဒီစာတိုကလေးမှာ သုံးထားတဲ့ စကားလုံးတွေဟာ တောလိုက်သမား သုံးတဲ့ စကားလုံးတွေလို ဖြစ်နေတယ် ဗျ၊ ဒါကို ထောက်ရင် ခုစာကို ရေးတဲ့ လူဟာ အင်မတန် တောလိုက် ဝါသနာ ပါပြီး လက်တည့်သူ တစ်ယောက်ရင်လည်း ဖြစ်ရမယ်၊ ဒါမှ မဟုတ်ရင်လည်း မွေးမြူရေးတို့ ဘာတို့ကို ဝါသနာ ပါသူရင်လည်း ဖြစ်ရမယ်၊ ဘက်ဒိုးနှင့် ပတ်သက်လို့တော့ ခင်ဗျား ကောင်းကောင်း သိတယ်နော်''

' ''အလို ကြည့်စမ်းဗျို့၊ ခင်ဗျား ပြောမှ သတိရတယ်၊ ဟုတ်ပေသားပဲ၊ ဆောင်းဦးပေါက် ဆိုရင် သူ့ ကွင်းထဲကို လာလာပြီး ငှက်ပစ်ဖို့ အဖေ့ကို ဖိတ်နေကျဗျ''

' ''ဒီလိုဆိုရင် ဒီစာဟာ ဘက်ဒိုးဆီက လာတယ် ဆိုတာ သေချာပြီပေါ့ဗျာ၊ ဟပ်ဆန် ဆိုတဲ့ သင်္ဘောသားဟာ ဒီအဘိုးကြီး နှစ်ယောက် အပေါ်မှာ ဘာ့ကြောင့် ဒီလောက် အနိုင်ကျင့်နေရတာလဲ ဆိုတဲ့ အချက်ကို ရှာဖို့ပဲ ကျန်ပါတော့တယ်''

' ''အလို၊ ဟုတ်ပြီဗျို့၊ ဒီအဘိုးကြီး နှစ်ယောက်မှာ ရှက်စရာ သိက္ခာ ကျစရာ တစ်ခုခု ရှိခဲ့လိမ့်မယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ခင်ဗျားကိုတော့ ကျွန်တော် အထူး လျှို့ဝှက်စရာ မရှိပါဘူး၊ ဟောဒီမှာ ဟပ်ဆန်ရဲ့ ရန် နီးလာပြီ ဆိုတာ သိလို့ အဖေ ရေးပစ်ခဲ့တဲ့ စာဗျ၊ ဂျပန် ဗီရို အံဆွဲထဲက တွေ့တာ၊ ရော့ဗျာ၊ ကျွန်တော့်ကို ဖတ်ပြစမ်းပါဦး၊ ကျွန်တော်ကတော့ ဖတ်လည်း မဖတ်ရဲတော့ဘူး၊ ဖတ်နိုင်တဲ့ ခွန်အားလည်း မရှိတော့ဘူး''

'ဟောဒီ စာတွေကတော့ ကျုပ် မိတ်ဆွေက ပေးလိုက်တဲ့ စာတွေပဲဗျ၊ စာတွေကို ကျုပ် လက်ထဲကို အပ်လိုက်တယ်၊ ကျုပ် ဖတ်ပြမယ်၊ အဲဒီတုန်းက စာကြည့်ခန်းထဲမှာ ထိုင်ပြီး သူ့ကို ဖတ်ပြခဲ့ရသလို ခုလည်း ခင်ဗျားကို ကျုပ် ဖတ်ပြရဦးမယ်၊ အပြင်ဘက်မှာ မှန်ကန်ကြောင်း လက်မှတ် ရေးထိုးထားတယ်ဗျ၊ '၁၈၅၅ ခု၊ အောက်တိုဘာလ ၈ ရက်၊ ဖားလမောက် မြို့မှ ထွက်ခဲ့၍ မြောက် လတ္တီကျူ ၁၅°၂၀' နှင့် အနောက် လောင်ဂျီကျူ ၂၅ ၁၄' အကြား နိုဝင်ဘာလ ၆ ရက်နေ့က နစ်မြုပ် ပျက်စီးသွားသည့် ဂလိုရီယာ စကော့ စက်လှေ ခရီးစဉ်နှင့် ပတ်သက်သည့် အကြောင်းအရာများ'' လို့ ရေးထားတယ်ဗျ၊ ကျုပ် ဖတ်ပြမယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဖေ စာရေးခဲ့သည် သားမောင်၊ အဖေ အသက်လည်း ကြီးပြီ၊ အိုကြီး အိုမ အရွယ် ရောက်မှ အရှက်တကွဲ အကျိုးနည်း ဖြစ်ရမည့် အရေးကို တွေး တိုင်း အဖေ ရင်လေးသည်၊ ယခု အကြောင်းများကို အဖေ ကာလ ကြာမြင့်စွာ ဖုံးကွယ်ခဲ့ခြင်းမှာ အစိုးရ ပြစ်ဒဏ်ကို ကြောက်၍ မဟုတ်၊ အဖေ၏ သမာဓိ တရားသူကြီး ဆိုသည့် ရာထူး ဂုဏ်ရှိန် လျှောကျမည်ကို စိုးရိမ်၍လည်း မဟုတ် အဖေ့ အသိုက်အဝန်းတွင် အထင်သေး ဖြစ်မည်ကို ကြောက်၍လည်း မဟုတ်ပါ အဖေ့ကို ချစ်မြတ်နိုး၍ အဖေ့ကို လေးစား ကြည်ညိုသည့် တစ်ဦးတည်းသော သားဖြစ်သူ အရှက်တကွဲ အကျိုးနည်း ဖြစ်မည်ကို စိုးသည့် အတွက် အဖေ ထိုသို့ ဖုံးကွယ်ထားခဲ့ခြင်း ဖြစ်သည်၊ သို့မှသာ အဖေ့တွင် အပြစ် မည်မျှ ရှိသည်ကို သား ကိုယ်တိုင် ဆုံးဖြတ်နိုင်လိမ့်မည်ဟု အဖေ ယူဆသည်၊ သို့ရာတိုင် ကံအားထောက်မ၍ အခြေအနေ အရပ်ရပ် အဆင်ပြေပြီး သည်စာလည်း မပျက် မစီး ကျန်ရှိ၍ သား လက်ထဲသို့ ရောက်လာမည် ဆိုလျှင်မူ ကွယ်လွန်သူ သား ၏ အမေကို ငဲ့ညှာသောအားဖြင့် လည်းကောင်း၊ အဖေ့ကို ချစ်သောအားဖြင့် လည်းကောင်း ဤစာကို မီးရှို့ ဖျက်ဆီးပစ်လိုက်ကာ မေ့မေ့ပျောက်ပျောက် နေ လိုက်စေလိုသည်။

'ယခု သားမောင် ဤစာကို ဖတ်ရချိန်၌ အဖေသည် အရှက်တကွဲ အကျိုးနည်းသည့် အဖြစ်သို့ ရောက်ကာ ဤလူ့ပြည်တွင် ရှိချင်မှ ရှိပေတော့မည် မည်သို့ ဖြစ်စေ ဤအကြောင်းအရာကို အဖေ နောက်ထပ် ထိမ်ချန်ထားခြင်း မပြုလိုတော့၊ ယခု အဖေ ပြောသည့် အချက်အလက်များသည် အမှန် ဖြစ်သည်

'အဖေ၏ အမည်ရင်းမှာ ထရီဗာ မဟုတ် ဆိုသည့် အချက်ကို အဖေ ပထမ ပြောလိုသည်၊ အဖေ၏ နာမည်မှာ ဂျိမ်း အာမစ်တိတ် ဖြစ်ပြီး လွန်ခဲ့သည် ရက် အနည်းငယ်ခန့်က သား၏ ကျောင်းနေဘက် သူငယ်ချင်းက အဖေနှင့် ပတ်သက်သည့် အချက်အလက်များကို ပြောသွားသည့် အခါတွင် အဖေ၏ လျှို့ဝှက်ချက်ကြီး ပေါ်လေပြီဟု ထင်မိကာ အဖေ များစွာ ထိတ်လန့် တုန်လှုပ် ခြင်း ဖြစ်ခဲ့ရသည်၊ အာမစ်တိတ် ဆိုသည့် လူငယ် တစ်ယောက် အနေနှင့် အဖေသည် လန်ဒန် ဘဏ် တစ်ခုတွင် ဝင်ရောက် အလုပ် လုပ်ခဲ့ပြီးနောက် ထိုအမည်ရှိ လူတစ်ယောက် အနေဖြင့်ပင် အဖေသည် ဥပဒေကို ချိုးဖောက် ကျူးလွန်မိခဲ့သည့် အတွက် တစ်သက်တစ်ကျွန်းသို့ အပို့ခံခဲ့ရသည်၊ သို့ ဆိုလိုက် သည့် အတွက် အဖေ့ အပေါ် သားမောင် ဆုံးဖြတ်ချက် မစောစေလိုပါ၊ ထိုစဉ်က အဖေ့တွင် ဂုဏ်သိက္ခာကြွေးဟု ခေါ်ကြသည့် လောင်းကစားဝိုင်းတွင် ရှုံးခဲ့သော





ကြွေးတွေ တင်ခဲ့သည်၊ အဖေသည် ကိုယ်ပိုင် မဟုတ်သည့် ငွေများဖြင့် ထိုကြွေး များကို ဆပ်ခဲ့သည်၊ လောလောဆယ်တွင် ငွေ ပျောက်မှန်း သိဦးမည် မဟုတ်၊ အချိန်မီ ရှာဖွေ ထည့်နိုင်လျှင် ဖြစ်သည်ဟု လွယ်လွယ် ယူဆကာ ဘဏ်မှ ငွေ များကို ထုတ်သုံးခဲ့မိသည်၊ ဤတွင် အဖေ့ အဖို့ ကံဆိုး မိုးမှောင်နှင့် တွေ့ကြုံ ခဲ့ရခြင်း ဖြစ်သည်၊ အဖေ့တွင် ဘဏ်မှ ငွေများကို ယူသုံးထားသော်လည်း ပြန် ဖြတ်ရန် အတွက် ရုတ်တရက် ငွေ ရှာမရဘဲ ဖြစ်နေစဉ် ဘဏ်ကလည်း စာရင်း များ ငွေများကို ရုတ်တရက် ကောက်စစ်သည်နှင့် ကြုံနေသည်၊ အမှန်အားဖြင့် အမှုမှာ သာမန် အမှုလောက်သာ ဖြစ်သည်၊ သို့ရာတွင် လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်တုန်းကမူ တရားဥပဒေကို ကြပ်ကြပ်မမ ဆောင်ရွက်ကြသဖြင့် အဖေ အသက် နှစ်ဆယ့် သုံးနှစ် အရွယ်တွင် လက်ထိတ်ကြီး တန်းလန်းဖြင့် အခြား သော ရာဇဝတ်ကောင် ၃၇ ယောက်တို့နှင့် အတူ ဂလိုရီယာ စကော့ သင်္ဘောဖြင့် သြစတြေးလျ ကျွန်းသို့ အပို့ခံခဲ့ရသည်။

'ထိုနှစ်မှာ ၁၈၅၅ ခုနှစ် ဖြစ်ပြီး ကရိုင်းမီးယား စစ်ပွဲ ဖြစ်နေချိန် ဖြစ် သည်၊ ထိုစဉ်က အကျဉ်းသား ပို့သည့် သင်္ဘောကို ပင်လယ်နက် ဒေသရှိ စစ် မြေပြင်သို့ စစ်သား ပို့သည့် သင်္ဘော အဖြစ် အသုံးပြုလျက် ရှိသည်၊ ထို့ကြောင့် အစိုးရက အမြဲ သုံးသည့် အကျဉ်းသားတင် သင်္ဘောကို မသုံးနိုင်ဘဲ အကျဉ်းသား တင်ရန် မသင့်သည့် အခြား သင်္ဘောကလေးများကို အသုံးပြုခဲ့သည်၊ အဖေတို့ကို ပို့ရာတွင် အသုံးပြုသည့် ဂလိုရီယာ စကော့ သင်္ဘောသည် အကျဉ်းသားတင် သင်္ဘော မဟုတ်ဘဲ တရုတ်ပြည်မှ လက်ဖက်ခြောက် တင်သည့် သင်္ဘော တစ်စင်း ဖြစ်သည်၊ သို့ရာတွင် သင်္ဘောမှာ ရှေးသင်္ဘောကြီး ဖြစ်ပြီး ဦး လေး၍ ဝမ်း ပြားသည့် သင်္ဘော ဖြစ်သည်၊ တန်ချိန် ငါးရာလောက် ရှိသည်၊ သင်္ဘောပေါ်တွင် အဖေတို့ အကျဉ်းသား ၃၈ ယောက် အပြင် သင်္ဘောသား ၂၆ ယောက်၊ စစ် သား အစောင့် ၁၈ ယောက်၊ သင်္ဘော ကက်ပတိန် တစ်ယောက်၊ လက်ထောက် အရာရှိ သုံးယောက်၊ ဆရာဝန် တစ်ယောက်၊ တရားဟောဆရာ တစ်ယောက်နှင့် ထောင် ဝါဒါ လေးယောက်တို့လည်း ပါလာကြသည်၊ အင်္ဂလန်ကျွန်း၊ ဖန်းမောက် ဆိပ်ကမ်းမှ ထွက်သည့် အခါတွင် သင်္ဘောပေါ်တွင် စုစုပေါင်း လူတစ်ရာ နီးပါး ပါလာကြသည်။

'သင်္ဘောပေါ်တွင် အဖေတို့ အကျဉ်းသားများကို ထားသည့် အခန်း ကလေးများမှာ အကျဉ်းသားတင် သင်္ဘောများတွင် ရှိရိုးရှိစဉ် ဝက်သစ်ချ ထုထည် ကာထားသည့် အခန်းများ မဟုတ်ဘဲ ပျဉ်ပါးပါး ကာထားသည့် အခန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်ကြသည်၊ ပွဲပိုင်း အကျဉ်းခန်းတွင် အဖေနှင့် ကပ်လျက် ပါလာသူကို သင်္ဘောဆိပ်သို့ အကျဉ်းသားများကို ခေါ်လာခဲ့စဉ်ကတည်းက အဖေ သတိပြုခဲ့မိသည်၊ ထိုလူမှာ လူငယ် တစ်ဦးပင် ဖြစ်ပြီး ကြည်လင်သည့် မျက်နှာထား ရှိသည်၊ ရှည်လျား သေးသွယ်သော နှာတံနှင့် လေးထောင့် မေးရိုးကြီးများကိုလည်း အဖေ သတိပြုမိသည်၊ ထိုလူငယ်သည် သင်္ဘောဆိပ်သို့ ဆင်းလာစဉ်တွင် ခေါင်းကို မော့ထားပြီး ဘယ်သူ့ကိုမှ ထီမထင်သည့် ဟန်မျိုးဖြင့် လျှောက်လာသည်ကို အဖေ သတိပြုမိသည်၊ သူ့ အရပ်အမောင်းမှာ သူများထက် ခေါင်းတစ်လုံး ပို မြင့်သည့် အရပ်မျိုး ဖြစ်၍ အဖေတို့ အားလုံး၏ ခေါင်းများသည် သူ့ ပခုံးထက် သို့ပင် မရောက်ဟု အဖေ ထင်မိသေးသည်၊ အဖေ့ အထင် ပြောရလျှင် သူ့ အရပ်သည် ခြောက်ပေခွဲလောက်တော့ ရှိလိမ့်မည် ထင်သည်၊ မျက်နှာကလေး တွေ ငယ်ကာ စိုးရိမ် ကြောက်လန့်လျက် ရှိကြချိန်တွင် အခြား အကျဉ်းသမား များ အလယ်၌ ရင်ကော့ ခေါင်း မော့ကာ သတ္တိ ကောင်းကောင်းနှင့် ပါလာသည့် ထိုအကျဉ်းသားသည် အားလုံး အမြင်တွင် ထူးဆန်းနေသည်၊ ထိုလူကို မြင်ရသည်မှာ အဖေ့ အဖို့ နှင်းမှုန်တိုင်းကြီးထဲတွင် မီးတောက်ကို မြင်လိုက်ရသကဲ့သို့ ရှိသည်၊ ယခု ထိုလူနှင့် သင်္ဘော ပေါ်တွင် အခန်းချင်း ကပ်လျက် ကျသဖြင့် အဖေ ဝမ်းသာသည်၊ ထိုညက ကာထားသည့် သစ်သား ကို ဖောက်ပြီး အဖေ့ နားနားသို့ ကပ်၍ စကား ပြောနေ သည့် သူ့ အသံကို ကြားလိုက်ရသည့် အခါတွင်မူ အဖေ ဝမ်းသာပုံမှာ ဆိုဖွယ် ရာပင် မရှိတော့ပြီ။



'ကျုပ် နာမည်က ဂျေ ပရင်ဒါဂတ်ဗျ'

‘ “ဗျို့လူ၊ နာမည် ဘယ် လို ခေါ်သလဲ၊ ဘာမှုနှင့်လဲ” သူ က လှမ်းမေးသည်။





‘ဤတွင် အဖေကလည်း အထိုက်အလျောက် ဖြေပြီး သူ့ကို အလားတူ ပြန်မေးသည်။

‘ “ကျုပ် နာမည်က ဂျေ ပရင်ဒါဂတ်ဗျ၊ လူ မမြင်ဖူးရင်သာ နေမယ်၊ ကျုပ် နာမည်ကိုတော့ ခင်ဗျား ကြားဖူးမှာပါ” ဟု ပြန်ဖြေသည်။

‘သူ့ အမှု အကြောင်းကို အဖေ ကောင်းကောင်း မှတ်မိသေးသည်၊ သူ့ အမှုမှာ အဖေ့ ကိစ္စ မဖြစ်ခင် တိုင်းပြည်တွင် ဟိုးဟိုးကျော်ခဲ့သည့် အမှု ဖြစ်သည်၊ မျိုးကောင်းရိုးကောင်းထဲက ဖြစ်၍ အရည်အချင်း ရှိသူ ဖြစ်သည်၊ သို့ရာတွင် အကျင့် စာရိတ္တ ပျက်ကာ လန်ဒန် ကုမ္ပဏီကြီး တစ်ခုမှ ငွေများကို လိမ်လည် ယူသွားခဲ့သူ ဖြစ်သည်။

‘ “သြော် ခင်ဗျားက ကျုပ် အမှုကို မှတ်မိသလား” ဟု ဂုဏ်ယူပြီး ခပ်ကြွားကြွား မေးသည်။

‘ “မှတ်မိပါသကောဗျာ”

‘ “အမှုက နည်းနည်း ဆန်းတယ်လို့များ မထင်မိဘူးလားဗျ”

‘ “ဆန်းပါ့ဗျာ”

‘ “အမှုထဲက ထူးခြားချက်ကလေးတွေကိုကော မှတ်မိသေးလား”

‘ “ဘာများပါလိမ့်”

‘ “အဲဒီတုန်းက ကျုပ် နှစ်သိန်းခွဲလောက် ရသွားတယ် ဆိုတာလေ”

‘ “အင်း၊ ကြားလိုက်တယ်”

‘ “ဒါပေမဲ့ တစ်ပြားမှတော့ ပြန်ရမသွားကြဘူးဗျ”

‘ “အင်း၊ ဒါလည်း ကြားလိုက်ပါရဲ့”

‘ “ကျန်တဲ့ ပိုက်ဆံတွေ ဘယ်မှာများ ထားပစ်ခဲ့တယ် ထင်သလဲ”

‘ “မပြောတတ်ဘူးလေ”

‘ “ကျုပ် လက်ဖဝါးထဲမှာတွင် ရှိတယ်ဗျ၊ ကျုပ် နာမည် တစ်ခုနှင့် ထားပစ်ခဲ့တယ်၊ အဲဒီ ပိုက်ဆံတွေဟာ ခင်ဗျား ခေါင်းမှာ ရှိတဲ့ ဆံပင်ထက်တော့ နည်းဘူး၊ များရင်သာ များမယ်၊ ဒီမှာ ကိုယ့်လူ၊ လောကကြီးမှာ ပိုက်ဆံ ရှိဖို့ အရေးကြီးတယ်ဗျ၊ ကိုယ့်မှာ ပိုက်ဆံ ရှိပြီး ဒီပိုက်ဆံကို ဘယ်လို သုံးရမယ် ဘယ်လို ဖြုန်းရမယ် ဆိုတာ သိရင် လောကကြီးမှာ ဘာမဆို လုပ်နိုင်တယ်၊ ဒီလို လူတစ်ယောက်ဟာ သင်္ဘော ဝမ်းခေါင်းကလေးထဲမှာ ကြွက်ပုပ်နံ့ကို ရှူပြီး ပိုးဟပ် ကိုက်ခံပြီး ငြိမ်လိုက်လာမယ်လို့များ ထင်သလား၊ မနေဘူးဗျ၊ ပရင်ဒါဂတ်ကို ဒီလိုလုပ်လို့ မရဘူး၊ သူ့ကိုယ်သူလည်း လွတ်အောင် ရှာမယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ အဖော်တွေကိုလည်း ကယ်မယ်၊ မယုံကြည်ရင် စောင့် ကြည့် ပေါ့ ဗျာ၊ အကြောင်း သိရမှာပေါ့''

'ဤသည်မှာ သူ့ စကားများ အတိုင်း အဖေ ပြန်ရေးပြခြင်း ဖြစ်သည်၊ အစတွင်မူ သက်သက် ဝါသည်ဟု အဖေ ထင်ခဲ့သည်၊ သို့ရာတွင် နောက်၌ အဖေ့ကို သစ္စာဆိုခိုင်းပြီး ထောင်ထ၍ သင်္ဘော တစ်စင်းလုံးကို သိမ်းရန် အကြံကို ပြောပြသည်၊ ဤသည်ကို သင်္ဘောပေါ်သို့ မတက်ခင်ကတည်းက အကျဉ်းသား တစ်သိုက် စီစဉ်ခဲ့ကြပြီး ဖြစ်သည်၊ ၎င်းတို့၏ ခေါင်းဆောင်မှာ ပရင်ဒါဂတ် ဖြစ်သည်၊ သူ့ ပိုက်ဆံသည် ပန်းတိုင် ဖြစ်သည်။

' ''ကျုပ်မှာ အဖော် တစ်ယောက် ရှိတယ်၊ စိတ်လည်း ချရတယ်၊ သူ့မှာ ပိုက်ဆံလေး ဘာလေးလည်း ရှိတယ်ဗျ၊ ခု အဲဒီလူ ဘယ်မှာ ရှိတယ် ထင်သလဲ၊ သိရဲ့လား၊ သင်္ဘောပေါ်မှာ ပါတယ်ဗျ၊ သင်္ဘောပေါ်က တရားဟော ဆရာ၊ သိရဲ့လား၊ သင်္ဘောပေါ်ကို တက်တော့ အပေါ် အင်္ကျီကို ဝတ်လာတယ်၊ သူ့ သေတ္တာထဲမှာ ပိုက်ဆံတွေ ပါလာတယ်၊ ပိုက်ဆံမှ သင်္ဘော တစ်စင်းလုံး ကိုတောင် ဝယ်နိုင်တယ် သိရဲ့လား၊ သင်္ဘောသားတွေ ဆိုရင်လည်း အပိုင်ပဲ၊ သူတို့ကို ပိုက်ဆံတွေ ဘာတွေ ပေးခဲ့ပြီးပြီ၊ သင်္ဘော လိုက်မယ် ဆိုပြီး လက်မှတ် မထိုးခင်ကတည်းက ဒီကိစ္စတွေကို ပြီးအောင် လုပ်ခဲ့ပြီးပြီ၊ ပြီးတော့ ဝါဒါ နှစ်ယောက်ကိုလည်း စည်းရုံးပြီးပြီ၊ ဒုတိယ မာလိန် မားဇားလည်း ကျုပ်တို့ ဘက်ကို ပါလာအောင် လုပ်ပြီးပြီ၊ လိုအပ်ရင် မာလိန်ကိုလည်း ပိုက်ဆံ ပေးပြီး စည်းရုံးဖို့ အဆင်သင့်ပဲဗျ''

' ''ဒါဖြင့် ခင်ဗျားက ဘယ်လိုလုပ်မှာလဲ''

' ''အစောင့်တွေရဲ့ ယူနီဖောင်း နီနီတွေကို ဒီထက် နီအောင် ဆိုးရမှာ ပေါ့ဗျ''

' ''သူတို့မှာ လက်နက်တွေနှင့်ဗျ''

' ''ကိုယ့်လူနှယ်၊ သူတို့က လက်နက် ကိုင်ထားရင် ကျုပ်တို့မှာလည်း လက်နက် အလိုလို ရောက်လာမှာပေါ့၊ အမေက မွေးထားတဲ့ သားတွေချည်းပဲ ဗျာ၊ ကြံရင် ဖြစ်တာပေါ့၊ ဒီသင်္ဘောနှင့် ဒီသင်္ဘောသားတွေကိုမှ ရအောင် မလုပ်နိုင်ဘူး ဆိုရင် ကျုပ်တို့ဟာ ထဘီ ဝတ်ရုံတင် မကဘူး၊ သူငယ်တန်း ကျောင်းသားကလေးတွေ ပြန်လုပ်ပြီး သနပ်ခါး ပြန်လိမ်းဖို့ပဲ ကောင်းတော့ တယ်၊ ညကျရင် ခင်ဗျားရဲ့ ဘယ်ဘက် အခန်းမှာ ရှိတဲ့ လူကို တီးခေါက် ကြည့်စမ်းပါဦး''





'သူ ပြောသည့် အတိုင်း ညတွင် အဖေသည် အခန်း တစ်ဖက်တွင် ရှိသည့် အကျဉ်းသားနှင့် စကား ပြောကြည့်သည်၊ ထိုလူမှာ လူငယ် တစ်ယောက် ဖြစ်ပြီး အဖေ့လို အမှုမျိုးဖြင့် ကျလာခဲ့သူ ဖြစ်သည်၊ သူ့အမည်မှာ အီဗန် ဖြစ်၍ နောက်ပိုင်းတွင် အမည် ပြောင်းခဲ့သည်၊ ယခုအချိန်တွင် ထိုလူမှာ အဖေနှင့် ရွယ်တူလောက် ရှိပြီး အဖေ့လိုပင် အမည် ပြောင်းထားကာ အင်္ဂလန်ပြည် တောင်ပိုင်းတွင် လူချမ်းသာ တစ်ဦး ဖြစ်နေလေပြီ၊ သူကလည်း အဖေတို့ အကြံကို လက်ခံသည်၊ ဤသည်မှာ အဖေတို့ အတွက် တစ်ခုတည်းသော နည်းလမ်း ဖြစ်ကြောင်းကို အားလုံး သဘောပေါက်ကြသည်၊ ပင်လယ်ကွေ့သို့ ရောက်မီတွင် လူနှစ်ယောက်မှ အပ ကျန်လူများ အားလုံးကို ဆွေးနွေးပြီးကြ ပြီ၊ တစ်ယောက်မှာ သတ္တိ အလွန်ကြောင်သူ ဖြစ်၍ အဖေတို့ သူ့ကို ဖွင့်မပြောရဲ သဖြင့် ချန်ပစ်ခဲ့ရခြင်း ဖြစ်သည်၊ အခြား တစ်ယောက်မှာ အသားဝါ ရောဂါ ဖြစ် နေသဖြင့် အဖေတို့ အတွက် အသုံးမဝင်လှသဖြင့် ချန်ပစ်ခဲ့ခြင်း ဖြစ်သည်။

'အဖေတို့ အတွက် အစစ အရာရာ အဆင်ပြေနေသည်၊ သင်္ဘောကို သိမ်းယူဖို့ အတွက်လည်း အခက်အခဲ တွေ့စရာ လမ်းမမြင်၊ သင်္ဘောသားများမှာ လည်း အဖေတို့ လုပ်ငန်း အတွက် ပရင်ဒါဂတ်၏ လူ ဖြစ်သည့် တရားဟော ဆရာက ရွေးခေါ်ခဲ့သည့် လူများ ဖြစ်သည့် အတွက် လုပ်တော့မည် ဆိုလျှင် ခိုးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်မည့် လူစားများ ဖြစ်ကြသည်၊ တရားဟော ဆရာ ယောင်ဆောင်ထားသည့် ပရင်ဒါဂတ်၏ လူကလည်း အဖေတို့ အခန်း ကလေးများထဲသို့ လာကာ တရား ပြဟန် တရား ဓမ္မ ဆွေးနွေးဟန် ဆောင်ကာ အဝတ်နက် အိတ်ကလေးနှင့် ရောက်လာတတ်သည်၊ အဝတ်နက် အိတ်ကလေးထဲ တွင် တရား စာအုပ်များ ထည့်ထားရန် ဆောင်ထားခြင်း ဖြစ်သော်လည်း စင်စစ် တွင် တရား စာအုပ်များ မဟုတ်၊ သုံးရက်မြောက်သည့် နေ့တွင် အဖေတို့ အကျဉ်းသားများ၏ အခန်းထဲတွင် တံစည်း တစ်ချောင်း၊ ခြောက်လုံးပြူး နှစ်လက်စီ၊ ယမ်း တစ်ပေါင်စီနှင့် ကျည် နှစ်ဆယ်စီတို့ ရပြီး ဖြစ်ကြသည်၊ တရားဟော ဆရာ အတုက အခန်းများသို့ မကြာ မကြာ ရောက်လာပြီး ပို့ ထားခြင်း ဖြစ်သည်၊ ဤတွင် ဝါဒါ နှစ်ယောက်မှာလည်း ပရင်ဒါဂတ်၏ လူများ ဖြစ်သည်၊ ဒုတိယ မာလိန်မှာလည်း သူ့လူ ဖြစ်သည်၊ ထို့ကြောင့် သင်္ဘော ပေါ်တွင် အဖေတို့ ရင်ဆိုင်ရမည့် ရန်သူမှာ သင်္ဘော မာလိန်၊ လက်ထောက် နှစ်ယောက်၊ ဝါဒါ နှစ်ယောက်၊ စစ်ဗိုလ် မာတင်နှင့် စစ်သား ဆယ့်ရှစ်ယောက် တို့သာ ကျန်တော့သည်၊ သို့တိုင်အောင် စိတ်ချရအောင်ဟု ဆိုကာ ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်မှု ဟူသမျှကို အဖေတို့ လုပ်ခဲ့ကြသည်၊ ညအချိန်တွင် သင်္ဘောက စီးရန်လည်း ဆုံးဖြတ်ထားကြသည်၊ သို့ရာတွင် အဖေတို့ မျှော်မှန်း ထားသည ထက် စောပြီး အလုပ် ဖြစ်ကြသည်၊ ဖြစ်ပုံမှာ ဤသို့ ဖြစ်သည်။

'အဖေတို့ သင်္ဘော ထွက်လာပြီး တတိယ အပတ်ထဲသို့ အရောက တစ်ညတွင် အကျဉ်းသား တစ်ယောက် နေမကောင်းသဖြင့် ဝမ်းခေါင်းထဲသ ဆရာဝန် ဆင်းလာကြည့်သည်၊ လူမမာ အကျဉ်းသား၏ အိပ်စင်ပေါ်သို့ လက ထောက်ပြီး အကြည့်တွင် အိပ်ရာ အောက်တွင် ထိုးထားသည့် သေနတ်က စမ်းမိသွားသည်၊ အကယ်၍သာ ထိုစဉ်က ဆရာဝန်က မသိယောင်ပြုပြီး ပြန်သွာ ခဲ့လျှင် အဖေတို့ အကြံအစည် လုံးဝ ပျက်မည် ဖြစ်သည်၊ ယခုမူ ဆရာဝန်မှာ နဂိုကမှ ခပ်ကြောက်ကြောက် ဖြစ်သည့် အတိုင်း သေနတ်ကို စမ်းမိသည အခါတွင် လန့်၍ အော်လိုက်သည်၊ ဤတွင် အကျဉ်းသားက သူ့ကို ဖမ်းချု ကာ ပါးစပ်ကို ဆို့ပြီး အိပ်ရာပေါ်တွင် ကြိုးနှင့် တုပ်ချည်ထားလိုက်သည ဆရာဝန် ဆင်းလာခဲ့စဉ်က ကုန်းပတ်သို့ တက်သည့် တံခါးကို ဖွင့်ပစ်ခဲ့သည အတွက် အဖေတို့လည်း ကုန်းပတ်သို့ ပြေးတက်ခဲ့ကြသည်၊ စန္တရီ နှစ်ယော ကို ပစ်သတ်ခဲ့ပြီး အသံ ကြား၍ ပြေးလာသည့် တပ်ကြပ် တစ်ယောက်ကိုလည ပစ်သတ်လိုက်ကြသည်၊ သင်္ဘောသားများ၏ အိပ်ခန်းများ အနီးတွင် အစော ကျနေသည့် စစ်သား နှစ်ယောက် ရှိသော်လည်း အဖေတို့ကို မည်သို့မျှ ပ သတ်ခြင်း မပြုသည်ကို ထောက်သော် သူတို့ သေနတ်များထဲတွင် ကျည် အသ မရှိဟု ယူဆရသည်၊ စစ်သား နှစ်ယောက်က သေနတ်ကို လုံ့စွပ်များ တပ်ဆ နေချိန်တွင် သူတို့ နှစ်ယောက်ကိုလည်း အဖေတို့ ပစ်သတ်လိုက်ကြပြန်သည ထို့နောက်တွင် အဖေတို့သည် မာလိန်၏ အခန်းထဲသို့ ပြေးဝင်လာခဲ့ကြပြီးနော အခန်းထဲသို့ ဝင်ကြမည် ပြုစဉ် အခန်းထဲမှ ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည အခန်းထဲသို့ အဖေတို့ ဝင်သွားသည့် အခါတွင် မာလိန်သည် ရေ့စားပွဲတွ ဖြန့်ထားသည့် အတ္တလန္တိတ် သမုဒ္ဒရာ ရေကြောင်းပြ မြေပုံကြီးပေါ်တွင် ခေါ ငိုက်စိုက် ကျလျက် သေနေသည်ကို တွေ့ရပြီး အနီးတွင် မီးခိုး ထွက်လျက ရှိသေးသည့် သေနတ် တစ်လက်ကို ကိုင်၍ ရပ်နေသော တရားဟော ဆရာ တွေ့ရသည်၊ လက်ထောက် အရာရှိ နှစ်ယောက်ကိုလည်း သင်္ဘောသားများ ဖမ်းဆီးလိုက်ကြသည်၊ သို့ဖြင့် အဖေတို့ ကိစ္စကြီးသည် ထိုအချိန် အထိ အေ မောနေသည်။

'အိပ်ခန်းများနှင့် ကပ်လျက်တွင် ဦးခန်း ရှိသဖြင့် အဖေတို့သည် ဦးခန




'သေနတ် တစ်လက်ကို ကိုင်၍ ရပ်နေသော တရားဟော ဆရာကို တွေ့ရသည်'

ထဲသို့ ဝင်ကာ ထိုင်ခုံကြီးများပေါ်တွင် လှဲသူက လှဲ စကား ပြောသူက ပြောဖြင့် တစ်ယောက်တစ်ပေါက် ဖြစ်နေကြသည်၊ အဖေတို့ အားလုံး အကျဉ်းသမား ဘဝက လွတ်မြောက်ကြသဖြင့် ပျော်နေကြသည်၊ အဖေတို့ ဘေးပတ်ပတ်လည် တွင်လည်း သေတ္တာကြီးတွေ အပြည့် ရှိနေသည်၊ တရားဟော ဆရာ ဟန်ဆောင် ထားသည့် ဝီလဆင်က သေတ္တာကြီး တစ်လုံးကို ရိုက်ချိုး ဖွင့်လိုက်ပြီး အထဲမှ အညိုရောင် ရှယ်ရီ အရက်များကို ထုတ်ပေးသည်၊ အဖေတို့သည် ပုလင်း လည်ပင်းကို ရိုက်ချိုးပြီး အရက်တွေကို ခွက်ကြီးများထဲသို့ ထည့်ကြသည်။ ထို့နောက် ခွက်မြှောက် ဆုတောင်းပြီး သောက်ကြတော့မည် ဆဲဆဲ အနားမှ ထ၍ တဝေါဝေါ ပစ်လိုက်သည့် သေနတ်သံများကို ကြားလိုက်ကြရပြီး တစ် ခန်းလုံး မီးခိုးတွေ မှောင်မည်းသွားသဖြင့် တစ်ယောက်ကို တစ်ယောက် မမြင် ကြရဘဲ ဖြစ်နေသည်၊ မီးခိုးလုံးတွေ ပျောက်သွားသည့် အခါတွင် အဖေတို့ ဘေးပတ်လည်၌ ပုလင်းကွဲ ဖန်ခွက်ကွဲတို့ဖြင့် ပြည့်လျက် ရှိသည်ကို တွေ့ရ သည်၊ ဝီလဆင်နှင့် လူ ရှစ်ယောက်တို့မှာ ကြမ်းပေါ်တွင် လုံးထွေးလျက် ရှိကြ ပြီး စားပွဲပေါ်တွင်လည်း အညိုရောင် ရှယ်ရီ အရက်နှင့် သွေးတွေ ဖိတ်စင်



www.burmeseclassic.com

www.burmeseclassic.com



ပေကျံလျှက် ရှိရာ ထိုအရာများကို ယခု ပြန်တွေးလျှင်ပင် အဖေ ကြက်သီးထ တိုန်း ရှိသေးသည်။

'အဖေတို့ အားလုံးမှာ မြင်ကွင်းကြောင့် ဘာဆက်လုပ်ရမည် မသိတော့ဘဲ လက်မြှောက်ကြတော့မည် ရှိစဉ် ပရင်ဒါဂတ်သည် ကျွဲရိုင်းကြီး တစ်ကောင်နှယ် အတင်း ပြေးတက်သွားသည့် အခါတွင် အဖေတို့လည်း နောက်မှ လိုက်လာခဲ့ကြသည်၊ အဖေတို့ ပြေးထွက်လာ၍ ပွဲပိုင်းသို့ ရောက်သည့် အခါတွင် စစ်ဗိုလ်နှင့် စစ်သား ဆယ်ယောက်ကို တွေ့ရသည်၊ ပွဲစင် အပေါ်ထပ်ရှိ ကောင်းကင်ပေါက်မှာ ပွင့်လျက် ရှိပြီး ထိုကောင်းကင်ပေါက်မှ နေ၍ အဖေတို့ကို ပစ်ခတ်နေခြင်း ဖြစ်သည်၊ သူတို့တစ်တွေ ကျည်ကုန်၍ နောက်ထပ် ကျည်မထိုးမီတွင် အဖေတို့က အတင်း တက်ပြီး တိုက်ကြရာ သူတို့ကလည်း အပြင်းအထန် ခုခံကြသည်၊ သို့ရာတွင် အဖေတို့က အနိုင်ရပြီး ခဏ ကြာလျှင် အဖေတို့ သင်္ဘောတစ်စင်းလုံး စီးမိသွားသည်၊ သင်္ဘောကြီး တစ်စင်းလုံးမှာ သင်္ဘောနှင့် မတူ နွားသတ်ရုံနှင့်သာ တူတော့သည်ဟု အဖေ့ စိတ်တွင် အောက်မေ့မိသေးသည်၊ ပရင်ဒါဂတ်ကား ဖုတ်ဝင်သကဲ့သို့ ဖြစ်နေပြီး အစောင့်များကို ကလေးသူငယ်ကလေးများ သဖွယ် တစ်ယောက်ပြီး တစ်ယောက် ရေထဲသို့ ပစ်ချနေသည်၊ အသေ ဖြစ်ဖြစ် အရှင် ဖြစ်ဖြစ် မည်သူ့ကိုမျှ ချမ်းသာမပေးတော့၊ ဒဏ်ရာပြင်းထန်စွာ ရသည့် တပ်ကြပ် တစ်ယောက်မှာ အချိန် အတော်ကြာမျှ ရေထဲတွင် ကူးနေသေးသည်၊ နောက်ဆုံးတွင် မည်သူမှန်း မသိ ခေါင်းကို သေနတ်ဖြင့် လှမ်းပစ်သဖြင့် တပ်ကြပ်လည်း သေဆုံးသွားတော့သည်၊ နောက်ဆုံးတွင် အဖေတို့ အဖို့ ရန်သူ ဆို၍ ဝါဒါများ၊ လက်ထောက် အရာရှိများနှင့် ဆရာဝန် တစ်ယောက်သာ ကျန်တော့သည်။

'ဤတွင် အဖေတို့ အချင်းချင်း သဘော ကွဲကြတော့သည်၊ အဖေတို့မှာ အကျဉ်းခံ ဘဝက လွတ်မြောက်ပြီ ဖြစ်၍ ဝမ်းသာနေကြသည်၊ နောက်ထပ် သတ်ဖြတ်ခြင်း မပြုလိုကြတော့၊ လက်ထဲတွင် သေနတ်ကြီးတွေ ကိုင်ထားသည့် စစ်သားများကို ပစ်ရသည်က မထောင်းတာလှ၊ သွေးအေးအေးဖြင့် လူများကို သတ်နေခြင်းကိုမူ အဖေ မကြည့်ရက်နိုင်၊ အဖေ အပါအဝင် အကျဉ်းသား ငါးယောက်နှင့် သင်္ဘောသား သုံးယောက် အားလုံး ရှစ်ယောက်က မသတ်ရန် ကန့်ကွက်ကြသည်၊ သို့ရာတွင် ပရင်ဒါဂတ်နှင့် သူ့ အဖော်များက အဖေတို့ စကားကို လက်ခံခြင်း မပြုကြပေ၊ အဖေတို့ အားလုံး ရှင်းရှင်းလင်းလင်း လွတ်မြောက်ရန်မှာ အားလုံးကို အပြတ်ရှင်းရမည် ဖြစ်ကြောင်း၊ သက်သေ ဝက်



ထဲတွင် လျှာတစ်ချောင်း ရောက်သည့် အဖြစ်ကို ခွင့်မပြုနိုင်ကြောင်းဖြင့် ပရင်ဒါဂတ်က ပြောသည်၊ သို့နှင့် ထိုကိစ္စကြောင့် အဖေတို့ လူသိုက်နှင့် ပရင်ဒါဂတ်တို့ လူသိုက် အကြီးအကျယ် စကားများကြသည်တွင် အဖေတို့ တစ်သိုက်ပါ အသတ်ခံရတော့မည့် အခြေသို့ ရောက်လာသည်၊ နောက်ဆုံး၌ ပရင်ဒါဂတ်က အကယ်၍ အဖေတို့ သဘောမတူဘူး ဆိုလျှင် ဤသင်္ဘောပေါ်မှ ဆင်းသွားနိုင်ကြောင်း၊ လှေတစ်စင်း ပေးလိုက်မည် ဖြစ်ကြောင်းဖြင့် ပြောသည်၊ အဖေတို့မှာ ဤသို့ ရက်ရက်စက်စက် ပြုမူသည်ကို ရွံမုန်းလှပြီ၊ ထိုကြောင့် သူ့ အဆိုကို လက်ခံကာ သင်္ဘောမှ ထွက်ခွာလာခဲ့ကြသည်၊ သို့ မထွက်ခွာလျှင်လည်း အဖေတို့ အလှည့်သို့ ရောက်ဖို့သာ ရှိတော့သည်၊ အဖေတို့အား သင်္ဘောသား ဝတ်စုံ တစ်စုံစီ၊ ရေ တစ်စည်၊ တိုလီမိုလီ ပစ္စည်း တစ်သေတ္တာ၊ ဘီစကွတ် တစ်သေတ္တာနှင့် သံမံမြှောင် တစ်စုံ ပေးလိုက်သည်၊ ပရင်ဒါဂတ်သည် အဖေတို့ လှေပေါ်သို့ မြင်လယ်မြေပုံ တစ်ခုကိုလည်း ပစ်ချပေးလိုက်ပြီး အဖေတို့သည် မြောက် ၁၅ လတ္တီကျုနှင့် ၂၅ အနောက် လောင်ဂျီကျု အကြားတွင် ပျက်စီး နစ်မြုပ်သွားသည့် သင်္ဘော တစ်စင်းမှ သင်္ဘောသားများ ဖြစ်ကြောင်း ပြောရန်လည်း မှာလိုက်သည်။

'ယခု အပိုင်းမှာ အဖေတို့ အဖြစ်အပျက်တွင် အံ့ဩစရာ အကောင်းဆုံး အပိုင်း ဖြစ်သည်ဟု ဆိုရမည် ထင်သည်၊ အဖေတို့ တစ်တွေ သင်္ဘောကို စီးနင်း တိုက်ခိုက်ကြစဉ်က သင်္ဘောသားများသည် သင်္ဘောကို လေကြောင်းတွင် ဆန့်လန့် ခံ၍ ရပ်ထားပြီး ယခု အဖေတို့ ထွက်လာသည့် အချိန်၌ လေကြောင်း အတိုင်း တည့်ပေးလိုက်သည့် အတွက် မြောက်နှင့် အရှေ့မှ လေလာချိန် ဖြစ်သည့် အလျောက် သင်္ဘောသည် အဖေတို့နှင့် တဖြည်းဖြည်း ဝေးသွားခဲ့သည်၊ အဖေတို့၏ လှေကလေးသည် လှိုင်းအိကြီးများပေါ်တွင် တက်လိုက် ကျလိုက်ဖြင့် တဖြည်းဖြည်း မျောလာခဲ့သည်၊ လှေပေါ်တွင် အဖေနှင့် အီဗန်မှာ ပညာတတ်များ ဖြစ်ကြသည့် အလျောက် ရေကြောင်းပြ မြေပုံကို ထောက်ကာ လှေ ရောက်နေသည့် အနေအထားကို တွက်ချက်ကြပြီး မည်သည့် ကမ်းခြေသို့ သွားသင့်သည်ကို တိုင်ပင်ကြရသည်၊ ထိုအချိန်၌ အဖေတို့သည် ဒီဗာဒီ အငူ၏ တောင်ဘက် မိုင်ငါးရာ အကွာ အာဖရိက ကမ်းခြေ အနောက်ဘက် မိုင် ခုနစ်ရာ အကွာတွင် ရောက်နေကြသည့် အတွက် မည်သည့် ဘက်သို့ သွားမည်နည်း ဆိုသည့် ပြဿနာကို စဉ်းစားနေကြခြင်း ဖြစ်သည်၊ နောက်ဆုံး၌ လေသည် မြောက်ဘက်သို့ တိုက်နေသဖြင့် ဆီယာရာလွန်း ကမ်းခြေသို့ ဝင်လျှင် အကောင်းဆုံး ဖြစ်မည်ဟု အဖေတို့ စဉ်းစားမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ထို့ကြောင့် အဖေတို့သည် ရေးရေးမျှ မြင်ရသော သင်္ဘောကို လှမ်းကြည့်နေစဉ် သင်္ဘောဆီမှ မီးခိုးလုံးကြီး တစ်ခု တက်လာကာ မိုးကုပ်စက်ဝိုင်းတွင် သစ်ပင်ကြီး တစ်ပင်ကို ဖြတ်၍ ချိတ်ဆွဲထားသည့်နှယ် ဖြစ်နေသည် ခဏ ကြာလျှင် ပေါက်ကွဲသံကြီး တစ်ခုကိုလည်း ကြားလိုက်ကြရသည်၊ မီးခိုးများ ပါးသွားသည့် အခါတွင်မူ ဂလိုရီယာ စကော့ သင်္ဘော၏ အရိပ်အယောင်ကိုမျှပင် မမြင်ရတော့ချေ၊ ဤတွင် အဖေတို့သည် လှေဦးကို ပြန်လှည့်ကာ သင်္ဘော ပေါက်ကွဲရာဆီသို့ ရွက်တိုက်လာခဲ့ကြပြန်သည်။

'လေကို ဆန်၍ တိုက်ရသည့် အတွက် အဖေတို့ ရောက်သွားသည့် အချိန်တွင် အချိန် အတန်ငယ် နှောင်းနေလေပြီ၊ သင်္ဘော ပေါက်ကွဲ နစ်မြုပ်သွားရာ ရေပြင် တစ်ဝိုက်တွင် မြူခိုးမြူငွေ့ ခပ်ပါးပါးတို့သာလျှင် မြင်ရတော့သည်၊

'အချိန် နောက်ကျမှ ရောက်သွားသည့် အတွက် ကျန်ရစ်သူ တစ်ယောက်မျှ ရှိတော့မည် မဟုတ်ဟု အဖေတို့ ထင်ခဲ့သည်၊ လှိုင်းလုံးကြီးများပေါ်တွင် သင်္ဘောပျက်မှ အစအနများ၊ သေတ္တာပျက် အစအနများ၊ ပျဉ်တို ပျဉ်စများ စည်ပိုင်းပြတ်များသည် ရေပေါ်တွင် မျောလျက် ရှိပြီး သင်္ဘော ပျက်သွားသည့် နေရာကို ညွှန်ပြနေသကဲ့သို့ ရှိသည်၊ သို့ရာတွင် လူရိပ်လူယောင်ကိုကား မမြင်ရ



၎င်းကို လှေပေါ်သို့ ဆွဲတင်လိုက်သည့် အခါ ...





တော့ချေ၊ သို့ဖြင့် အဖေတို့သည် စိတ်ပျက်လက်ပျက်ဖြင့် ပြန်လှည့်တော့မည် ပြုစဉ် အော်သံ တစ်ခုကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ပျဉ်စ တစ်စကို ဖက်တွယ်နေသည့် လူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်၊ ၎င်းကို လှေပေါ်သို့ ဆွဲတင်လိုက်သည့် အခါ၌ ထိုသူမှာ ဟပ်ဆန် အမည်ရှိ သင်္ဘောသား တစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်၊ ဟပ်ဆန်မှာ မီးလောင်သော ဒဏ်ရာများကြောင့် တစ်ကြောင်း၊ အားအင် ကုန်ခန်းလျက် ရှိသည့် အတွက်ကြောင့် တစ်ကြောင်း အကိုမျှ မပြောနိုင်ဘဲ နောက်တစ်နေ့ မနက်တွင်မှ အဖြစ်အပျက်ကို ပြောနိုင်တော့သည်။

'သူ့ စကားများ အရ သင်္ဘောမှ အဖေတို့ ထွက်ခွာပြီး မကြာမီတွင် ပရင်ဒါဂတ်နှင့် သူ့လူများသည် သင်္ဘောပေါ်တွင် ကျန်ရစ်ခဲ့သည့် သုံ့ပန်း ငါးယောက်ကို သတ်ပစ်လိုက်ကြသည်ဟု သိရသည်၊ ဝါဒါ နှစ်ယောက်ကို သေနတ်ဖြင့် ပစ်၍ ရေထဲသို့ ချလိုက်ပြီးနောက် လက်ထောက် အရာရှိကိုလည်း ထိုနည်းနှင့် သတ်ပစ်ခဲ့ကြသည်၊ ထို့နောက် ပရင်ဒါဂတ်သည် ဝမ်းခေါင်းထဲသို့ ဆင်းကာ ဆရာဝန်ကို သူကိုယ်တိုင် ဓားဖြင့် ခုတ်သတ်ခဲ့သည်၊ နောက်ဆုံး အသတ်ခံရသူမှာ ပထမ အရာရှိ ဖြစ်သည်၊ ထိုလူမှာ သတ္တိ ကောင်းသည့် လူ တစ်ယောက် ဖြစ်ပြီး ဖျတ်လတ်သူ တစ်ယောက်လည်း ဖြစ်သည်၊ ဓားမြှောင်ကို ကိုင်၍ သူ့ထံ လာနေသည့် ပရင်ဒါဂတ်ကို မြင်သည့် အခါတွင် ပြေစ ပြုနေသည့် ကြိုးတို့ကို အတင်း ဖြေ၍ ရုန်းကန် ထွက်ပြေးကာ အောက်ထပ်သို့ ပြေးဆင်းသွားခဲ့သည်။

'အကျဉ်းသားများက သေနတ်များကို ကိုင်၍ သူ့ နောက်သို့ လိုက်သွားကြသည့် အခါတွင် ထိုလူသည် အဖုံး ဖွင့်ထားသည့် ယမ်းအိုးကြီး တစ်လုံး အနီးတွင် မီးခြစ်ကို ကိုင်၍ ထိုင်နေသည်ကို တွေ့ရသည်၊ သင်္ဘောပေါ်တွင် အားတူ ယမ်းအိုးပေါင်း တစ်ရာခန့် ပါလာခဲ့သည်၊ သူ့ကို အန္တရာယ် ပေးမည် ဆိုလျှင် ထိုယမ်းအိုးများကို မီးရှို့ပစ်မည် ဖြစ်ကြောင်း ထိုလူက ပြောသည်၊ ခဏ ကြာလျှင် ပေါက်ကွဲသံကြီး ပေါ်လာသည်၊ ဟပ်ဆန်ကမူ ထိုပေါက်ကွဲမှုမှာ အရာရှိက မီးတင်ရှို့ခြင်းကြောင့် မဟုတ်ဘဲ အကျဉ်းသား တစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်လိုက်သည်တွင် ယမ်းအိုးကို မတော်တဆ မှန်၍ ပေါက်ကွဲခြင်း ဖြစ်သည်ဟု ဆိုသည်၊ မည်သို့ပင် ဖြစ်စေ ဤသည်မှာ ဂလိုရီယာ စကော့ သင်္ဘောနှင့် ထိုသင်္ဘောကို ကွပ်ကဲကြသည့် လူရမ်းကား တစ်သိုက်၏ ကံကြမ္မာပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဤသည်မှာ အဖေ ကိုယ်တိုင် ပါဝင်ခဲ့သည့် အဖြစ်အပျက် အတိုချုပ်ပင် ဖြစ်သည်၊ နောက်တစ်နေ့တွင် အဖေတို့ကို ဟော့စပါး အမည်ရှိ တစ်ပင်တိုင် သင်္ဘောက တွေ့ရှိပြီး ဩစတြေးလျသို့ ခေါ်သွားခဲ့သည်၊ အဖေတို့သည် နစ်မြုပ် သွားသည့် သင်္ဘော တစ်စင်းပေါ်မှ ဒုက္ခသည်များဟု ပြောရာ သင်္ဘော မာလိန် ကလည်း သံသယ မရှိ ယုံကြည်သွားသည်၊ ရေကြောင်း ဌာနကမူ ပို့ဆောင်ရေး သင်္ဘော ဂလိုရီယာ စကော့ကို ပင်လယ်တွင် နစ်မြုပ်သွားသည့် စာရင်းတွင် ထည့်သွင်းလိုက်တော့သည်၊ ထို့နောက်တွင်မူကား ထိုသင်္ဘော၏ ကံကြမ္မာနှင့် ပတ်သက်၍ ဘာကိုမျှ မကြားရတော့ချေ၊ တစ်ပင်တိုင် သင်္ဘော ဟော့စပါးသည် အဖေတို့ကို တင်ဆောင်လာပြီးနောက် အတန်ကြာသည့် အခါတွင် ဆစ်ဒနီ မြို့၌ ချပေးခဲ့သည်၊ အဖေနှင့် အီဗန်တို့သည် ဩစတြေးလျတွင် အမည် ပြောင်းကာ ရွှေတွင်း တူးရာသို့ လိုက်သွားခဲ့ကြသည်၊ ရွှေတွင်း တူးရာသို့ လူမျိုးပေါင်းစုံမှ အလုပ်သမားများ လာရောက် လုပ်ကိုင်ကြသဖြင့် အဖေတို့ အဖို့ အလွယ်တကူ ဘဝဟောင်းကို ဓာတ်မြှုပ်နိုင်ခဲ့သည်။

'ကျန်အဖြစ်အပျက်တို့ကိုကား အဖေ အထူး ပြောဖို့ မလိုပြီ၊ ရွှေတွင်း တူးရာ အဖေတို့ တစ်တွေ ရွှေတွင်း အောင်၍ ကြီးပွားကြပြီး လူချမ်းသာများ အဖြစ် အင်္ဂလန်သို့ ပြန်လာခဲ့ကြကာ တောတွင် မြေတွေ ဝယ်ခဲ့ကြသည်၊ အဖေတို့ သည် အနှစ် နှစ်ဆယ်လုံးလုံး အေးအေးချမ်းချမ်း နေထိုင်ခဲ့ကြသည်၊ အဖေတို့ နောက်ကြောင်း ရာဇဝင်ကို မြှုပ်ထားနိုင်လိမ့်မည်ဟု အဖေတို့ မျှော်လင့်ခဲ့ကြ သည်၊ အဖေ့ဆီသို့ လာသည့် သင်္ဘောသားကို မြင်လိုက်သည့် အခါတွင် ထိုလူ မှာ အဖေတို့ ကယ်ခဲ့သည့်လူ ဖြစ်ကြောင်း အဖေ ချက်ချင်း မှတ်မိလိုက်သည်၊ ထိုအခါတွင် အဖေ့ စိတ်၌ မည်သို့ ဖြစ်သွားသည်ကို သားမောင် စဉ်းစားကြည့်လျှင် သိနိုင်သည်၊ စင်စစ် ထိုလူသည် အဖေတို့ကို လိုက်ရှာကာ အဖေတို့ကို ခြိမ်းခြောက်၍ ငွေညှစ်မည့်သူ ဖြစ်ကြောင်း အဖေ သိလိုက်ပြီ၊ အဖေသည် သူ့ကို တတ်နိုင်သမျှ လိုက်လျောခဲ့သည်၊ အဖေ့ စိတ်ထဲတွင် မည်သို့ ဖြစ်နေသည်ကို သားမောင် သိလောက်ပြီ၊ ထိုလူသည် ထိုမျှနှင့် အားမရသေးဘဲ အခြား တစ်ယောက်ကို လည်း ခြိမ်းခြောက်ရန် သွားပြန်ပြီ···။

'အောက်မှာ ရေးထားတာကတော့ တုန်တုန်ယင်ယင်နှင့် ရေးထားတာ မို့ တော်တော့်ကို ဖတ်ယူရတယ်ဗျ၊ "ဟပ်ဆန်က အကုန် ဖွင့်ပြောလိုက်ပြီဟု ဘက်ဒိုးက အဖေ့ထံ စကားဝှက်ဖြင့် စာရေးလိုက်သည်၊ အဖေတို့ကား ဘုရား သခင်မှ တစ်ပါး ကိုးကွယ်ရာ မရှိတော့ပြီ" လို့ ပါတယ်ဗျ။





'အဲဒါကတော့ အဲဒီညတုန်းက ကျုပ် သူငယ်ချင်း ထရီဗာကို ကျုပ် ဖတ်ပြခဲ့ရတဲ့ စာပဲဗျ၊ တော်တော်လေးတော့ ဆန်းကြယ်တဲ့ အဖြစ်အပျက်လို့ ကျုပ် ယူဆတယ် ဝပ်ဆင်၊ ကျုပ် သူငယ်ချင်းကတော့ တော်တော် စိတ်ထိခိုက် ပြီး ဘီရိုင်း လက်ဖက်ခြံတွေဘက်ကို ထွက်သွားပြီး စိုက်ပျိုးရေး လုပ်နေတယ် လို့ ကြားရတယ်ဗျ၊ ဟန်ကျနေတယ်လို့ ဆိုတာပဲ၊ အဲ ဘက်ဒိုးနှင့် သင်္ဘောသား အကြောင်းကတော့ ဘာမှ မကြားရတော့ဘူးဗျ၊ ဘက်ဒိုးဆီက သတိပေးစာ ရပြီးတဲ့နောက် သူတို့နှစ်ယောက်စလုံး စုန်းစုန်း မြုပ်သွားကြတာပဲ၊ ပုလိပ်ကို တိုင်တယ်လို့တော့ မကြားရဘူး၊ ကြည့်ရတာတော့ ဘက်ဒိုးဟာ သင်္ဘောသားက ခြိမ်းခြောက်တာကို တကယ် ထင်သွားပုံ ရတယ်ဗျ၊ ဟပ်ဆန်ဟာ အဲဒီမှာ ခဏ ရောက်လာပြီး ပျောက်သွားတယ်တဲ့၊ ပုလိပ်ကတော့ ဘက်ဒိုးကို သတ်ပြီး ထွက်ပြေးသွားတယ်လို့ ယူဆတယ်၊ ကျုပ်ကတော့ ဒီလို မယူဆချင်ဘူး၊ ဘက်ဒိုး ဟာ သူ့ကိုလည်း ခြိမ်းခြောက်ရော တကယ် မှတ်ပြီး ဟပ်ဆန်ကို အပျောက် ရှင်းပစ်လိုက်တယ် ထင်တာပဲ၊ ဒီလို ရှင်းပြီး ရသမျှ ပိုက်ဆံကို စုပြီး အင်္ဂလန်က တစ်ခါတည်း လစ်ပြေးပြီ ထင်တယ်၊ အဲဒါတွေကတော့ အမှုရဲ့ အဖြစ်အပျက် တွေပဲဗျ၊ ကဲ ဒေါက်တာရေ၊ ဒီအချက်အလက်တွေဟာ ခင်ဗျား မှတ်စုမှာ အသုံး ဝင်မယ်ဆို ရတယ် ဆိုရင် အသုံးချပေတော့'

[မူရင်း ဝတ္ထု *The Adventure of The Gloria Scott.* ရွှေဥဒေါင်း၏ မြောက် ဦးစံရှား ဝတ္ထုများတွင် 'ပထမဆုံး စုံထောက်ခဲ့သော အမှု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



www.burmeseclassic.com

www.burmeseclassic.com

## သိုက်သမား



မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ စရိုက်နှင့် ပတ်သက်၍ ကျွန်ုပ် မကြာခဏ သတိပြုမိသည့် အချက် တစ်ရပ်မှာ ရှားလော့ဟုမ်းသည် စဉ်းစား တွေးခေါ်ခြင်း အရာတွင် သေသပ်၍ စနစ်တကျ ရှိသလောက် (အဝတ်အစားကို အနည်းငယ် သန့်ရှင်းစွာ ဝတ်ဆင်တတ်သည့်တိုင်) အနေအထိုင်တွင်မူ အတူ နေသူတို့က အောချ ယူရလောက်အောင် ညစ်တီး ညစ်ပတ်နှင့် ဖြစ်သလို နေထိုင်တတ်ခြင်းပင် ဖြစ်လေ၏။ ဤသို့ ပြောရခြင်းမှာ ကျွန်ုပ် ကိုယ်တိုင်၌က အလွန်အမင်း အသန့် ကြိုက်တတ်ခြင်းကြောင့် မဟုတ်ချေ။ ကျွန်ုပ်သည် အာဖဂန် စစ်မြေပြင်တွင် အမှုထမ်းခဲ့သည့် ...သား တစ်ယောက် ဖြစ်ရုံမျှမက ပင်ကို၌လည်း ဖြစ်ကတတ်ဆန်း နေတတ်သူ ...သည့် အလျောက် အနေအထိုင်တွင် ဆရာဝန် တစ်ယောက်နှင့် မတူချင်လှဘဲ ...သလို နေထိုင်ခဲ့သည်ချည်း ဖြစ်ပေ၏။ သို့ရာတွင် ကျွန်ုပ်၌ အကန့်အသတ် ...း ရှိ၏။ မီးသွေးတောင်းထဲတွင် ညှပ်ထားသည့် ဆေးပြင်းလိပ်တိုကို ကောက် ...ာက်ခြင်း၊ ဆေးတံ သောက်ဆေးအိတ်ကို ပါရှင်း လွှာဖိနပ်ဦးထဲသို့ ထိုးထည့် ...းခြင်း၊ စာရွက်ဟောင်းများကို စားပွဲပေါ်တွင် တင်၍ မောင်းချွားဖြင့် လှီးခြင်း ...သည်တို့ကို တွေ့လျှင် ဆူပူ ကြိမ်းမောင်းသည့် အဆင့်လောက်မူ ရှိပေသေး၏။ ...မှမက ပစ္စတို သေနတ်ပစ် လေ့ကျင့်ခြင်းသည် ကွင်းပြင်တွင်သာ ပြုလုပ် ...သည့် ကစားနည်းမျိုး ဖြစ်သည်ဟုလည်း ကျွန်ုပ် တစ်သမတ်လုံး ယူဆခဲ့၏။ ...ဖြစ်ရကား စိတ်ရှုပ်ပေါက်သည့် အခါများတွင် ရှားလော့ဟုမ်းက ကုလားထိုင် ...င်လုံးတွင် ထိုင်ကာ သေနတ် တစ်လက်နှင့် ဘောက်ဆာ ကျည်ဆန် တစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



လောက်ကို ကိုင်လျက် သူ၏ မျိုးချစ်စိတ် ထက်သန်ကြောင်းကို ပြသောအားဖြ မျက်နှာချင်းဆိုင် နံရံတွင် ကျည်ဆန်ပေါက်များဖြင့် ဗိတိုရိယ ဘုရင်မ ဟူသေ အတိုကောက် စာလုံးများကို တန်ဆာ ဆင်ယင်ခြင်း ပြုသည့် အခါ၌ကား ကျွန် မှာ အကြီးအကျယ် စိတ်ပျက်ခြင်း ဖြစ်ရလေ၏။

ကျွန်ုပ်တို့ အခန်းမှာ အမြဲတမ်းလိုလို ဓာတုဗေဒ ပစ္စည်းများ၊ ရာဇဝတ် သက်သေခံ ပစ္စည်းများဖြင့် ပြန့်ကျဲလျက် ရှိပြီး ထိုပစ္စည်းများမှာ မတော်မတ နေရာများသို့ ရောက်နေတတ်သည့် အခါများလည်း ရှိတတ်သေး၏။

တစ်ခါတစ်ရံတွင်မူ ထောပတ် ထည့်သည့် ခွက်ထဲသို့ ရောက်သည့်အ မျိုးပင် ရှိတတ်သေး၏။ သို့ရာတွင် ကျွန်ုပ် တန်ဖိုး အထားဆုံးမှာ သူ့ စာရွ စာတမ်းများသာ ဖြစ်၏။ ရှားလော့ဟုမ်းမှာ စာရွက်စာတမ်းများ၊ အထူးသဖြ သူ လိုက်ခဲ့သည့် အမှုဟောင်းများမှ စာရွက်စာတမ်းများကို မီးရှို့ ဖျက်ဆီးခြ မပြုရလျှင် မနေတတ်သည့် ဝါသနာ တစ်မျိုး ရှိသည်မှာ မှန်ပါ၏။ သို့ရာတွ ကျွန်ုပ်၏ ဤမှတ်တမ်းများထဲတွင် ဖော်ပြခဲ့ဖူးသည့် အတိုင်း ရှားလော့ဟု သည် နာမည်ကျော် အမှုကြီးများကို အားသွန်ခွန်စိုက် လိုက်လံ စုံထောက် သည့် နောက်တွင် ဆိုဖာမှ စားပွဲနားလောက် အထိ ကူးချည် သန်းချည် လုပ် အပ အခြား ဘယ်နေရာကိုမျှ မသွားတော့ဘဲ တယောဖြင့် လည်းကောင်း၊ အုပ်များဖြင့် လည်းကောင်း ပျော်မွေ့ကာ မလှုပ်မယှက် နေတတ်ပြီး သူ့ စာရွ စာတမ်းများကိုလည်း တစ်နှစ်လျှင် တစ်ခါ နှစ်ခါထက် ပို၍ ရှင်းခြင်း မ တတ်ချေ။ သို့ဖြင့် သူ၏ စာရွက်များ စာတမ်းများသည် တစ်လထက် တစ် များပြားလာကာ အစုအပုံကြီး ဖြစ်လာပြီးနောက် ကြာသော အခါတွင် ပိုင်ရှ အပ မည်သူမျှ ခွဲခြား စိစစ်၍ မရသည့် စာရွက်ပုံကြီး ဖြစ်လာခဲ့သည်။

ဆောင်းရာသီ တစ်ည၌ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် မီးလင် ဘေးတွင် ထိုင်လျက် ရှိ၍ ရှားလော့ဟုမ်းက သတင်းစာ ဖြတ်ပိုင်းများကို မှတ်စု စာအုပ်ထဲတွင် ကပ်လျက် ရှိစဉ် နောက်ထပ် နှစ်နာရီလောက် အ ယူပြီး ကျွန်ုပ်တို့ အခန်းကို ကြည့်ပျော် ရှုပျော် ဖြစ်အောင် လုပ်ရန် ကျွန်ုပ် တိုက်တွန်းလိုက်၏။ ဤတွင် ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ တိုက်တွန်းချက် ငြင်းပယ်ခြင်း မပြုနိုင်တော့ဘဲ မှုန်သိုးသိုး မျက်နှာဖြင့် အခန်းထဲသို့ ဝင်သွား အတန်ငယ် ကြီးသည့် သံသေတ္တာကြီး တစ်လုံးကို လက်ထဲမှ ဆွဲပြီး ချက်ချင် ပြန်ထွက်လာလေ၏။ သေတ္တာကို အလယ်ကောင် ကြမ်းပြင်ပေါ်တွင် ချလို ပြီးလျှင် ခွေးခြေ တစ်လုံးကို ဆွဲထိုင်လိုက်ကာ သေတ္တာကို ဖွင့်လိုက်လေ





သေတ္တာ သုံးပုံ တစ်ပုံခန့်မှာ ကြိုးနီများဖြင့် စည်းထားသည့် စာထုပ်ငယ်များဖြင့် ပြည့်လျက် ရှိလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို လှောင်ပြောင်သည့် အကြည့်ဖြင့် လှမ်းကြည့်လိုက်ရင်း

'ဟောဒီမှာ အမှုတွေဗျ၊ ဒီသေတ္တာထဲမှာ ဘယ်လို အမှုတွဲတွေ ပါတယ်ဆိုတာ ခင်ဗျား သိရင် ရှင်းဖို့ မပြောတဲ့ အပြင် ပြစမ်းပါဗျာလို့တောင် တမူ ဆာဆာ လုပ်လိမ့်ဦးမယ်'

'ဒါတွေက ခင်ဗျား ခပ်စောစောပိုင်းက လိုက်တဲ့ အမှု မှတ်တမ်းတွေ ဟုတ်လား၊ ဒီအမှုတွေနှင့် ပတ်သက်တဲ့ မှတ်စုတွေကို ရရင် ကောင်းမှာလို့တောင် အောက်မေ့မိသေးတယ်'

'ဟုတ်တာပေါ့ဗျာ၊ ကျုပ်ရဲ့ အတ္ထုပ္ပတ္တိ ရေးတဲ့ ဆရာကြီးက ကျုပ်ကို အမွှမ်းတင် မပေးခင်တုန်းက ကျုပ် လိုက်ခဲ့တဲ့ အမှုတွေပေါ့' ဟု ဆိုကာ ရှားလော့ဟုမ်းသည် စာထုပ်ကို တယုတယ ကိုင်တွယ်၍ မြှောက်ပြလျက် ရှိလေ၏။

'သို့သော်လည်း အားလုံး အောင်မြင်မှု ရခဲ့တဲ့ အမှုတွေချည်းတော့ မဟုတ်ဘူးဗျ၊ ဟောဒါက တာလက်တန် လူသတ်မှု မှတ်တမ်း၊ ဟောဒါက ဝိုင်အရက်ကုန်သည် ဗန်ဗာရီရဲ့ အမှု၊ ဟောဒါက ရုရှား အမျိုးသမီးကြီးရဲ့ အရှုပ်တော်ပုံ၊ ဟောဒါက အလူမီနီယံ ချိုင်းထောက် ကိစ္စ၊ ဟောဒါက ထော့နင်း ရီကိုလက်တီနှင့် မျောက်မ ထားတဲ့ သူ့ မိန်းမတို့ အကြောင်း အပြည့်အစုံ မှတ်ထားတာ၊ ဟောဒါက အလို ... ဟောဒါကမှ တကယ် လိုက်ရတဲ့ အမှုဗျို့'

ရှားလော့ဟုမ်းသည် သေတ္တာ အောက်ဆုံးသို့ နှိုက်ပြီး ကလေး ကစားစရာများ ထည့်သည့် သေတ္တာနှင့် ဆင်ဆင် အဖုံး ဖုံးထားသည့် သစ်သား သေတ္တာလေး တစ်လုံးကို ထုတ်ယူလိုက်၏။ တစ်ဖန် အထဲမှ တွန့်ကြေနေသည့် စာရွက် တစ်ရွက်၊ ရှေးပုံသဏ္ဌာန် ကြေးဝါသော့ တစ်ချောင်း၊ ကြိုးထုံး တစ်ထုံးဖြင့် တွဲထားသည့် သစ်သားပြားကလေး တစ်ချပ်နှင့် သံချေး တက်နေသော သတ္တုပြား သုံးပြားတို့ကို ဆွဲထုတ်လိုက်ပြန်သည်။

ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ အမူအရာကို မြင်သည့် အခါ၌ ပြုံးလိုက်ရင်း

'ကဲ ဆရာကြီး၊ ဒီပစ္စည်းတွေကို ဘယ်လိုများ ထင်သလဲ'

'ထူးထူးဆန်းဆန်း ပစ္စည်းတွေပေါ့ဗျ'

'ထူးဆန်းလိုက်သမှ အဲဒီ ပစ္စည်းတွေနှင့် ပတ်သက်တဲ့ အဖြစ်အပျက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရင် ပိုပြီးတောင် ထူးဆန်းနေလိမ့်ဦးမယ်'

'ဒီလိုဆိုရင် ဒီပစ္စည်းတွေမှာလည်း ရာဇဝင် ရှိတယ်လို့ ဆိုချင်သပေါ့'

'ရှိရုံတွင် မကဘူးဗျ၊ သူတို့ ကိုယ်တိုင်ကိုက ရာဇဝင်'

'ရှင်းစမ်းပါဦးဗျာ'



'ထူးထူးဆန်းဆန်း ပစ္စည်းတွေပေါ့ဗျ'

ရှားလော့ဟုမ်းသည် ထိုပစ္စည်းများကို တစ်ခုချင်း ကောက်ယူပြီးနောက် စားပွဲစွန်းတွင် တင်နေလေ၏။ ထို့နောက် ကုလားထိုင်တွင် ပြန်ထိုင်လိုက်ရင်း ထိုပစ္စည်းများကို အားရ ကျေနပ်စွာ ကြည့်လျက် ရှိလေ၏။

'မတ်စ်ဂရေ့ အမှုနှင့် ပတ်သက်လို့ အမှတ်တရ ဆိုလို့ ကျုပ်မှာ ဒီပစ္စည်းတွေပဲ ကျန်တော့တယ်ဗျ'

ကျွန်ုပ်သည် ထိုအမှုအကြောင်းနှင့် ပတ်သက်၍ ရှားလော့ဟုမ်း ပြောဆိုသံကို မကြာခဏ ကြားခဲ့ဖူးသော်လည်း အသေးစိတ် အကြောင်းအရာများကိုမူ တစ်ခါမျှ မကြားခဲ့ဖူးသေးချေ။

'ပြောမယ် ဆိုရင်တော့ နားထောင်ချင်သားဗျ'

ရှားလော့ဟုမ်းက ကျွန်ုပ်ကို ပြောင်သလိုလိုဖြင့်

'ပစ္စည်းတွေကို ရှင်းမနေပါနှင့်ဗျာ၊ ဒီအတိုင်း ထားလိုက်စမ်းပါ၊ ရှင်းနေလို့လည်း မထူးပါဘူး၊ ကျုပ်သဘော ပြောရမယ် ဆိုရင်တော့ ခင်ဗျား မှတ်တမ်းတွေထဲမှာ ဒီအမှုကိုလည်း ထည့်ဖို့ ကောင်းတယ်ဗျ၊ ဒီအမှုဟာ ဒီတိုင်းပြည်မှာပဲ ဖြစ်ဖြစ် ဒီပြင် တိုင်းပြည်မှာပဲ ဖြစ်ဖြစ် ရာဇဝတ်မှု အနေနှင့် တော်တော် ထူးခြားတဲ့ အချက်တွေ ပါတယ်၊ ဒီလို ထူးခြားတဲ့ အမှုမျိုးကို မထည့်ဘူး ဆိုရင် ကျုပ်ရဲ့ အောင်မြင်မှုကလေးတွေကို စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်အောင် မှတ်တမ်း တင်ရာမှာ ပြည့်စုံမယ် မဟုတ်ပေဘူး။

'ဂလိုရီယာ စကော့ သင်္ဘော ကိစ္စ အကြောင်း ကျုပ် သူငယ်ချင်းရဲ့





အဘိုးကြီးနှင့် စကား ပြောမိရာက အစ ကျုပ်ဟာ စုံထောက် အလုပ်ကို စိတ်ပါလာပြီး ဒီအလုပ်ကို သက်မွေးဝမ်းကျောင်း လုပ်ငန်း တစ်ရပ် အနေနှင့် ဆောက်ချလုပ်ခဲ့တဲ့ အကြောင်း ကျုပ် ပြောခဲ့ဖူးတယ်၊ ဒါကို ခင်ဗျား သတိရလိမ့်ဦးမယ် ထင်တယ်၊ ခုဆိုရင် ကျုပ် နာမည်ကို တစ်ကမ္ဘာလုံးက သိနေကြပြီ၊ လိုက်လို့ မရအောင် ရှုပ်ထွေးနေတဲ့ အမှုမျိုး ဆိုရင် ကျုပ် လိုက်မှ ဖြစ်မယ်လို့ အများ ပြည်သူကရော အစိုးရဘက် ဆိုင်ရာတို့ကပါ အသိအမှတ် ပြုထားကြတယ် ဆိုတာ ခင်ဗျားလည်း အသိပဲ၊ ခင်ဗျားနှင့် ကျုပ်ဟာ ခရမ်းရောင် အမှုမှာ ပထမဆုံး စသိခဲ့ကြခြင်း ဖြစ်တယ်ဗျ၊ ဒီအကြောင်းကို ခင်ဗျား ရေးခဲ့ပြီးပြီ၊ အမှန်ကတော့ အဲဒီ အချိန်ကတည်းက စုံထောက် တစ်ယောက် အနေနှင့် အတော်အတန် အောင်မြင်မှု ရသင့်သလောက် ရနေပြီလို့ ဆိုနိုင်တယ်၊ သို့သော်လည်း ခုလောက်ထိတော့ နာမည် မကြီးသေးဘူးပေါ့ဗျာ၊ အဲဒီတုန်းက အမှု တစ်ခုကို လိုက်ရတာ တယ် ခက်တာကလား၊ တော်တော်ကလေးကို ကြာတဲ့ အခါကျတော့မှ ခုလို အခြေမျိုးကို ရောက်လာခဲ့တာ၊ အဲဒီတုန်းက ကျုပ်မှာ ဘယ်လောက် အခက်အခဲတွေနှင့် တွေ့နေရလဲ ဆိုတာ ခင်ဗျား ဘယ်သိဦးမလဲ။

'လန်ဒန်ကို ကျုပ် စရောက်တုန်းက ဗြိတိသျှ ပြတိုက်ကြီးနှင့် မလှမ်းမကမ်းက မွန်တေဂူလမ်းမှာ အခန်းကလေး တစ်ခန်း ငှားနေတယ်ဗျ၊ အဲဒီတုန်းက အလုပ်ကလည်း ပါးသေးတော့ အားအား ရှိရင် သိပ္ပံပညာရပ်တွေ အကြောင်းကိုပဲ ဖတ်နေတာပဲ၊ ခုလို ဖြစ်လာတာဟာ ဒီ ကျေးဇူးတွေလည်း ပါသပေါ့ဗျာ၊ အဲဒီလို နေတုန်းကမှ ကျောင်းတုန်းက ကျုပ် မိတ်ဆွေတွေဆီက တစ်ဆင့် အမှုကလေးတွေကို ရလာခဲ့တာ ကောလိပ်ကျောင်းက ထွက်ခါနီးတော့ ကျုပ် အကြောင်းနှင့် ကျုပ်ရဲ့



ရယ်ဂိုနယ် မတ်စ်ဂရေ့



www.burmeseclassic.com

www.burmeseclassic.com



စုံထောက် နည်းကလေးတွေကို ကျောင်းသား တော်တော်များများက သိနေကြပြီဗျ။ အဲဒီမှာ ကျုပ် တတိယ လိုက်ရတဲ့ အမှုကတော့ မတ်စ်ဂရေ့ အမှုပဲ၊ အဲဒီ အမှုမှာ အဖြစ်အပျက် ကွင်းဆက်တွေကလည်း စိတ်ဝင်စားစရာ ကောင်း၊ အမှုကလည်း ကြီးလေတော့ လိုက်ရတာ တယ်ပြီး စိတ်ပျော်စရာ ကောင်းပေတာကိုးဗျ၊ ဒီ အမှုကြောင့် နာမည် ကြီးလာပြီး ခု ကျုပ် ဒီအခြေကို ရောက်လာတာပဲ။

'ရယ်ဂျီနယ် မတ်စ်ဂရေ့ဟာ ကျုပ်နှင့် ကောလိပ် တစ်ခုတည်းမှာ နေလာခဲ့တာဗျ၊ သူ့ရဲ့ ကျွမ်းရုံလောက်ပါပဲ၊ သိပ်ပြီး ရင်းရင်းနှီးနှီး မဟုတ်လှပါဘူး။ လူက ကျောင်းသားတွေထဲမှာတော့ သိပ် ပေါ်ပြူလာ မဖြစ်လှဘူး၊ အမှန်ကတော့ ဘဝင် မြင့်လို့ မာနကြီးလို့ မဟုတ်ရှာပါဘူး၊ သိမ်ငယ်စိတ် အားကြီးတော့ ဒီ သိမ်ငယ်စိတ်ကို ဖုံးချင်တာနှင့် လူတွေနှင့် ခပ်ရှောင်ရှောင် လုပ်လို့ အထင်လွဲခံရတာပါ၊ ပုံပန်း သဏ္ဌာန်ကတော့ တကယ့် မင်းစိုးရာဇာက ဆင်းသက်လာတဲ့ ဂိုက်မျိုးဗျ၊ နှာတံ ပေါ်ပေါ်၊ မျက်လုံး ကောင်းကောင်း၊ လူကလည်း ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့ရယ်၊ မျိုးရိုး ကြည့်လိုက်တော့လည်း တကယ့် ဆွေကြီး မျိုးကြီးထဲကဗျ၊ သူ့ ဘိုးဘေး တစ်ယောက်က ဆယ့်ခြောက် ရာစုနှစ်လောက်တုန်းက မြောက်ပိုင်းက မတ်စ်ဂရေ့ မျိုးက ပွဲထွက်လာပြီး ဝက်ဆက်နယ် အနောက်ပိုင်းမှာ အခြေချခဲ့တယ်၊ သူတို့ ဆွေစဉ်မျိုးဆက် နေခဲ့တဲ့ ဟားလ်စတုန်း စံအိမ် ဆိုတာ အဲဒီ နယ်မှာဖြင့် ရှေးအကျဆုံး စံအိမ်ကြီး ဆိုပါတော့၊ အဲ အဲဒီ စံအိမ်ကြီးမှာ မွေးတဲ့လူ ပီပီ လူကလည်း ချောချောခန့်ခန့်ကြီးဗျ၊ မျက်နှာက ကြည်ပြီး ခေါင်းက မော့လို့၊ သူ့ မျက်နှာ မြင်လိုက်ရင် ကျုပ် စိတ်ထဲမှာ သူ မွေးတဲ့ စံအိမ်ကြီးက မုခ်ကြီးတွေ၊ အဆောင်ကြီးတွေနှင့် ရှေးက မြေရှင်ကြီးတွေရဲ့ အဆောင်အယောင်တွေကို မျက်စိထဲ တန်းမြင်လာတာပဲ၊ ကျုပ်တို့ နှစ်ယောက် မကြာခဏ စကား လက်ဆုံကျရင်းက ကျုပ် စူးစမ်းပုံ ကျုပ် ကောက်ချက် ဆွဲပုံတွေကို သူ သဘောကျကြောင်း မကြာခဏ ပြောလေ့ ရှိတယ်။

'ဒီလိုနှင့် ကျုပ်တို့ နှစ်ယောက် ကွဲသွားလိုက်ကြတာ လေးနှစ်လောက် ကြာသွားတယ်၊ သူ့ အကြောင်း ဘာမှ မကြားရတော့သလောက်ပဲ၊ ဒီလို နေတုန်း တစ်နေ့ မနက်ကျတော့ ဖြုန်းဆို ကျုပ် နေတဲ့ မွန်တေဂူလမ်းက အိမ်ကို ပေါက်ချလာတယ်၊ လူကတော့ အလျင်က အတိုင်းပဲ၊ သိပ် မပြောင်းလှဘူး၊ နဂိုကတည်းက ရိုးကျကျ ဝတ်တတ်လေတော့ ကျုပ်ဆီကို ပေါက်လာတော့လည်း အကျ ဝတ်လို့ပဲ၊ အလျင်တုန်းကလိုပဲ၊ စကား ပြောတော့လည်း ခပ်အေးအေးရယ်





ဆက်ဆွဲ နှုတ်ဆက်ကြပြီးတဲ့နောက် ကျုပ်က

' "ဘယ့်နှယ်လဲဗျို့ မတ်စ်ဂရေ့၊ နေထိုင်ကောင်းရဲ့ မဟုတ်လား"

' "ကျွန်တော့် အဘိုးကြီး ဆုံးတာတော့ ခင်ဗျား ကြားပြီးရောပေါ့၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဆုံးတယ်ဗျ၊ အဲဒီကတည်းက ဟားလ်စတုန်း စံအိမ်ကြီးနှင့် မြေတွေကို ကျွန်တော်ပဲ ဆက်ခံပြီး အုပ်ချုပ်ခဲ့ရတယ်၊ ဒီအထဲမှာ ကျွန်တော်က ကျွန်တော့်နယ် အတွက် လွှတ်တော် အမတ် ဖြစ်လေတော့ အလုပ် များတာပေါ့ဗျာ၊ ဒါထက် နေစမ်းပါဦးဗျ၊ ကျောင်းတုန်းက ခင်ဗျား စူးစမ်း ထောက်လှမ်းပုံ စဉ်းစားပုံတွေနှင့် ပတ်သက်လို့ ကျွန်တော်တို့ တအံ့တသြ ဖြစ်ခဲ့ကြရတယ်လေ၊ ခုကော ဒီအရည်အချင်းတွေကို လက်တွေ့များ အသုံးချနေပလား"

' "ဟုတ်တယ်၊ ဦးနှောက်နှင့် အသက်မွေးဝမ်းကျောင်း ပြုနေပြီ ဆိုပါတော့"

' "အင်း ကြားရတာ ဝမ်းသာလိုက်တာဗျာ၊ ခု ခင်ဗျားဆီက အကြံဉာဏ် ယူချင်လို့ လာခဲ့တာပဲဗျို့၊ ပေးနိုင်မယ် ဆိုရင်တော့ အတိုင်းထက် အလွန်ပဲ၊ ခု ဟားလ်စတုန်းမှာ ခပ်ဆန်းဆန်း ကိစ္စတွေ ဖြစ်နေတယ်ဗျ၊ ပုလိပ်ဘက်ကလည်း ဘာကိုမှ မစဉ်းစားတတ်အောင် ဖြစ်နေတယ်၊ ကိစ္စက သိပ်တော့ မသေးလှဘူးဗျို့၊ ခပ်ရှုပ်ရှုပ်ရယ်"

'သူက ဒီလို ပြောလိုက်တော့ ကျုပ် ဘယ်လောက် စိတ်ဝင်စားသွားသလဲ ဆိုတာ ခင်ဗျား မှန်းကြည့်စမ်း၊ ကျုပ်မှာ အမှု လိုက်ခါစ ဆိုတော့ သိပ်မရသေးဘူး၊ အိမ်မှာ ထိုင်နေရတာ ပျင်းသလိုလိုတောင် ဖြစ်နေပြီ၊ ပြီးတော့ ကျုပ် ယုံထားတာ တစ်ခုက တခြားလူ လိုက်လို့ မရတဲ့ အမှုကို ကျုပ် လိုက်ရင် အောင်နိုင်မယ်လို့ ကျုပ်ဘာသာ ကျုပ် ယုံထားတယ်ဗျ၊ ခု ဒီအထင် မှန် မမှန်ကို ကျုပ် လက်တွေ့ စမ်းကြည့်ဖို့ အခွင့်အရေး ရပြီပေါ့၊ ဒါနှင့် ကျုပ်က ဝမ်းသာအားရနှင့် ...

' "ဟုတ်လား ဆိုစမ်းပါဦးဗျာ၊ အချက် အလက်တွေကို ပြောစမ်းပါဦး"

'ရယ်ဂျီနယ် မတ်စ်ဂရေ့ဟာ ကျုပ် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး ကျုပ် လှမ်းပေးတဲ့ စီးကရက်ကို မီးညှိလိုက်ရင်း

' "ကျွန်တော်က လူလွတ် ဆိုပေမဲ့ ဟားလ်စတုန်းမှာ အိမ်ဖော် တော်တော် များများ ထားရတယ်၊ နေရာက အကျယ်ကြီး ဆိုတော့ စီမံ အုပ်ချုပ်ရတာ တော်တော်လေး အလုပ် များတာကလား၊ ကျွန်တော့်မှာ ငှက်ပစ်ကွင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလေတော့ ရစ်တွေ ပေါ်တဲ့ အချိန် ဆိုရင် အိမ်မှာ တောပစ်လာတဲ့ ဧည့်သည်တွေ
က ပြတ်တယ်လို့ မရှိတော့ဘူး၊ တွန့်တိုတယ်လို့ မထင်ရအောင် အိမ်မှာ ဧည့်ခံ
ပွဲတို့ ဘာတို့လည်း မကြာ မကြာ လုပ်ရသေးသဗျ၊ ကျွန်တော့် အိမ်မှာ အိမ်ဖော်
ရှစ်ယောက်၊ ထမင်းချက် တစ်ယောက်၊ ဘဏ္ဍာစိုး တစ်ယောက်၊ လက်တို လက်
တောင်း ခိုင်းဖို့ ကောင်လေး နှစ်ယောက်နှင့် စားပွဲထိုး တစ်ယောက် ရှိတယ်ဗျ
ဒါက အိမ်ထဲမှာ လုပ်ရတဲ့ အိမ်စေ သက်သက်ပဲ ရှိသေးတယ်၊ ဥယျာဉ်နှင့် မြင်း
ဇောင်းတွေ အတွက် ငှားထားတဲ့လူ မပါသေးဘူး။

' "ကျွန်တော်တို့ အိမ်မှာ သက်တမ်း အရှည်ဆုံးကတော့ ထုံးစံအတိုင်း
ဘဏ္ဍာစိုးကြီးပေါ့ဗျာ၊ သူ့ နာမည်က ဗရွန်တန်တဲ့ဗျ၊ ကျွန်တော့် အဖေက သူ့
ကို ခေါ်ထားတုန်းက သူက အလုပ်လက်မဲ့ ကျောင်းဆရာ ပေါက်စကလေးဗျ
ဒါပေမဲ့ လူက တော်တော် လုပ်ရည်ကိုင်ရည် ရှိပြီး သူ့ အထာကလေးနှင့်သူ
နေတတ်တဲ့လူ၊ သူ ရောက်လာတော့ ကျွန်တော်တို့ အိမ်မှာ တော်တော်ကလေး
အသုံးဝင်တယ်၊ ရည်ရည်မွန်မွန်၊ လူကလည်း လူချော၊ မဟာ နဖူးနှင့်၊ ကျွန်
တော်တို့နှင့် နေလာတာကိုက အနှစ် နှစ်ဆယ်လောက် ရှိပြီ၊ အခုဆိုရင် အသက်
လေးဆယ်လောက်ပဲ ရှိလိမ့်ဦးမယ်ဗျ၊ လူကလည်း တော်၊ စဉ်းစားကြည့်ဗျာ
ဂီတတို့ ဘာတို့ကိုလည်း တီးတတ် မှုတ်တတ်တယ်၊ ဘာသာ စကား ဆိုရင်
လည်း လေး ငါး ခြောက်မျိုးလောက်တော့ တတ်လိမ့်မယ် ထင်တယ်၊ ဒီလို
လူမျိုး တစ်ယောက်က သူများ အိမ်မှာ ဘဏ္ဍာစိုး အဖြစ် ဒီလောက် ကြာကြာ
နေနိုင်တာကတော့ တော်တော့်ကို အံ့ဩစရာ ကောင်းတာပဲ၊ ဒါပေမဲ့ တခြားကို
လည်း မပြောင်းချင် ဒီမှာ နေရတာကိုလည်း အသားကျသွားလို့ ဒီလိုနှင့် ကျေနပ်
ရောင့်ရဲနေတာပဲလို့ ယူဆလိုက်မိတယ်၊ ကျွန်တော်တို့ အိမ်ကို လာလည်တဲ့ ဧည့်
သည်တွေတိုင်းကလည်း ဒီပြင်လူကို အမှတ် မရချင် ရှိရမယ်၊ သူ့ကိုတော့ အမြဲ
အမှတ်ရကြတယ်။

' "ဒါပေမဲ့ ဒီလူမှာ ပြောစရာ တစ်ခုတော့ ရှိတယ်ဗျ၊ အဲဒါကတော့
မိန်းမ ရှုပ်တဲ့ ကိစ္စပဲ၊ ချောင်ကျတဲ့ တောနယ်ကလေး တစ်နယ်မှာ သူ့လို
လူမျိုး ဘယ်လောက် မျက်နှာပွင့်သလဲ ဆိုတာ ခင်ဗျား စဉ်းစားကြည့်ပေါ့လေ

' "သူ့မှာ မိန်းမတို့ ဘာတို့ ရှိရင်တော့ ကိစ္စ မရှိဘူးပေါ့ဗျာ၊ ဒါပေမဲ့
ခက်တာက လူက မုဆိုးဖို ဆိုတော့ ပြဿနာတွေ ရှုပ်ကုန်တာပေါ့၊ မကြာခင်
တုန်းကတော့ ကျွန်တော်တို့ကလည်း သူ နောက်ထပ် အိမ်ထောင်ပြုပြီး ခြေငြိမ်
သွားလိမ့်မယ်လို့ ထင်ခဲ့ကြတယ်ဗျ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့် အိမ်က





အိမ်ဖော်မလေး ရာချယ် ဟိုဝယ်နှင့် ဖြစ်နေကြတာကိုး၊ ဒါပေမဲ့ မကြာပါဘူး
ဗျာ၊ ဘာသားချောက ကောင်မလေးကို ကန်ထုတ်လိုက်ပြီး ကျွန်တော့်ဆီက တော
ဆိုတ် ကွင်းစောင့်ရဲ့ သမီး ဂျဲနက်ထရီ ဂဲလ်စ် ဆိုတဲ့ ကလေးမနှင့် ကြိုက်ပြန်ပါ
လေရော၊ ရာချယ် ဆိုတဲ့ ကောင်မလေးက တကယ်ကတော့ တော်တော် သဘော
ကောင်းတဲ့ ကောင်မလေးပါ၊ ဒါပေမဲ့ ဝေလနယ်သူ ဆိုတော့ စိတ်ဆတ်တယ်၊
အခုလောကတော့ ကောင်မလေး ငန်းဖျား ဖျားလို့ ကယောင်ကတမ်း ဖြစ်ပြီး
အိမ်မှာ ဆူပူနေတာ မနေ့က အထိပါပဲဗျာ၊ အဲဒါ ကျွန်တော့် အိမ်မှာ စဖြစ်တဲ့
ပြဿနာပဲ၊ အဲဒီ ပြဿနာ မရှင်းခင် နောက်ပြဿနာ တစ်ခု တက်လာပြန်တယ်၊
အဲဒါကတော့ ဘဏ္ဍာစိုး ဗရွန်တန်ကို အလုပ် ထုတ်ပစ်ရတဲ့ ကိစ္စက စပြီး ပြော
ရလိမ့်မယ် ထင်တယ်။

' "ဖြစ်ပုံက ဒီလိုဗျ၊ ဗရွန်တန် ဆိုတဲ့ ဘဏ္ဍာစိုးဟာ စာလေး ဘာ
လေး တတ်တယ် ဆိုတာ ကျွန်တော် ပြောခဲ့ပြီ၊ အဲဒီလို စာကလေး ပေကလေး
တတ်ပြီး ဟိုစပ်စပ် ဒီစပ်စပ် လုပ်ချင်တဲ့ အတွက် ဒုက္ခရောက်ရတာပဲ၊ လူက
စပ်စုကလေး ဘာကလေးကလည်း သွားတော့ ကိုယ်နှင့် မဆိုင်ပေမဲ့ ဟိုဟာ
သိချင် ဒီဟာ သိချင်နှင့် တယ်ပြီး စပ်စုတာကလား၊ ကျွန်တော်ကလည်း အစ
တုန်းကတော့ သူ့ အကြောင်းကို ဒီလောက် ကောင်းကောင်း မသိလှပါဘူး၊
တိုက်တိုက်ဆိုင်ဆိုင် ကိစ္စ တစ်ခုကြောင့် သိလာရတာပါ။

' "ကျွန်တော့် အိမ်က တော်တော် ကြီးတဲ့ ကျေးလက် စံအိမ်ကြီး ဆို
တာ ခင်ဗျားကို ပြောပြီးပြီနော်၊ ပြီးခဲ့တဲ့ အပတ် တစ်ညတုန်းကတော့၊ တိတိ
ကျကျ ပြောရရင် လွန်ခဲ့တဲ့ ကြာသပတေးနေ့ ညကဗျ၊ ကျွန်တော်လည်း ညစာ
စားပြီး ကော်ဖီ တော်တော် ပြင်းပြင်း တစ်ခွက် သောက်လိုက်တာနှင့် အိပ်လို့
ရော ဖြစ်နေတယ်၊ မနက် နှစ်နာရီသာ ထိုးရော တစ်ရေးမှ အိပ်လို့ မရဘူး၊
ဒါလောက်တောင် ဖြစ်လှတာ ဆိုပြီး ဖတ်လက်စ ဝတ္ထု တစ်ပုဒ်ကို ဖတ်မယ်လို့
ထပြီး ဖယောင်းတိုင် ထွန်းတယ်၊ ဖတ်မလို့ စာအုပ် ရှာတော့ စာအုပ်က ရှာ
မတွေ့ဘူးဗျ၊ ဘိလိယက်ခန်းထဲ ကျန်ရစ်ခဲ့တယ်၊ ဒါနှင့် ကျွန်တော်လည်း ဝတ်ရုံ
အင်္ကျီကို ကောက်စွပ်ပြီး ဘိလိယက်ခန်းထဲ ဆင်းလာခဲ့တယ်။

' "ဘိလိယက်ခန်းကို သွားရင် လှေကားကနေ ဆင်းပြီး စာကြည့်ခန်း
နှင့် လက်နက်ခန်းနားက အဆောင်ကူး လမ်းကြားကလေးကို ဖြတ်သွားရတယ်
ခင်ဗျ၊ အဲဒီ အဆောင်ကူး လမ်းကြားကလေးနားကို ရောက်လို့ စာကြည့်ခန်းထဲက
မီးရောင်မှိုင်မှိုင်ကလေး ထွက်နေတာကို မြင်လိုက်ရတော့ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အုံ့အားသင့်နေတယ်၊ ဘယ့်နှယ်ဗျာ၊ ကျွန်တော် အိပ်ရာ ဝင်ကာနီးတုန်းက မီးအိမ်ကို သေသေချာချာ ငြိမ်းပစ်ခဲ့တာပဲ၊ ဒါနှင့် သူခိုးတို့ ဘာတို့များ ဝင်နေသလားလို့ ရုတ်တရက် ထင်လိုက်မိတယ် ခင်ဗျ၊ ကျွန်တော့် အိပ်ဆောင်ကူးလမ်းကြားက နံရံတွေမှာ ရှေးတုန်းက သုံးခဲ့တဲ့ လက်နက်တွေကို အလှအဆအဖြစ် ချိတ်ထားလေ့ ရှိတယ်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ဖယောင်းတိုင်ကို အသာချပြီး နံရံမှာ ချိတ်ထားတဲ့ ပုဆိန်ကြီး တစ်လက်ကို ဖြုတ်၊ ဆောင်ကူးလမ်းကြား အတိုင်း ခြေဖျားထောက် လာခဲ့ပြီး စာကြည့်ခန်းထဲကို ချောင်းကြည့်လိုက်တယ်။

' "စာကြည့်ခန်းထဲမှာ ဘဏ္ဍာစိုး လုပ်တဲ့ ဗရွန်တန်ရယ် ခင်ဗျ၊ အဝတ်အစားကို ကျကျနန ဝတ်ပြီး ပက်လက် ကုလားထိုင်ကြီး တစ်လုံးပေါ်မှာ ထိုင်လို့၊ မြေပုံလိုလို ဘာလိုလို စာရွက်ကြီး တစ်ရွက်ကို ပေါင်ပေါ်မှာ ဖြန့်ထားတယ် လက်နှစ်ဖက်နှင့် မေးကို ထောက်ပြီး စဉ်းစားနေတဲ့ ပုံပဲ၊ ကျွန်တော်လည်း ကြက်သေ သေပြီး အမှောင်ထဲကနေ သူ့ကို စောင့်ကြည့်နေမိတာပေါ့၊ စားပွဲပေါ်မှာ ဖယောင်းတိုင်ကလေး တစ်တိုင် ထွန်းထားလို့ မီးက ခပ်မှိန်မှိန် လင်းနေတယ်၊ အဲဒီ မီးရောင်ကလေးကြောင့် အဝတ်အစားတွေကို ကျကျနန ဝတ်ထားတာ မြင်ရတာပေါ့၊ ကျွန်တော် ကြည့်နေတုန်း ဗရွန်တန်ဟာ ဖြုန်းဆို ထိုင်ရာကထပြီး နံရံမှာ ကပ်ထားတဲ့ ဗီရို တစ်လုံးဆီ လျှောက်သွားပြီး သော့နှင့် ဖွင့်လိုက်တယ်၊ ပြီးတော့ အံဆွဲ တစ်ခုကို ဆွဲထုတ်လိုက်တယ် ခင်ဗျ၊ အံဆွဲထဲက စာရွက်တစ်ရွက်ကို ယူ၊ ကုလားထိုင်ဆီကို ပြန်သွား၊ စားပွဲစွန်းမှာ စာရွက်ကို ဖြန့်ပြီး မီးရောင်မှာ ကြည့်နေတယ်၊ ကြည့်တာမှ တော်တော့်ကို သေသေချာချာ ကြည့်တာ ခင်ဗျ၊ တကယ်ကတော့ ဒီစာရွက် စာတမ်းတွေဟာ ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက် သိမ်းဆည်းထားတဲ့ စာရွက် စာတမ်းတွေပါ၊ သူနှင့် ဘာဆိုင်လို့လဲ သူ ဘာကိုင်စရာ ရှိသလဲ၊ ဒီတွင် ကျွန်တော်လည်း တော်တော် ဒေါသထွက်ပြီး အခန်းဝမှာ ရပ်လိုက်တယ်၊ မော့်ကြည့်လိုက်လို့ အခန်းဝမှာ ကျွန်တော် ရပ်နေတာကိုလည်း မြင်လိုက်ရော ဗရွန်တန်ဟာ မတ်တတ် ရပ်လိုက်တယ်၊ သူ့မျက်နှာက ကြောက်လွန်းလို့ တစ်မျက်နှာလုံးကို မည်းနေတာပဲ၊ ခပ်စောစောက သူ ဖြန့်ကြည့်နေတဲ့ မြေပုံလိုလို စာရွက်ကို အင်္ကျီ ရင်ဘတ်ကြားထဲ ထိုးထည့်လိုက်တယ်ဗျ။

' " "လက်စသတ်တော့ ခင်ဗျားက ကျုပ်တို့ကို ကျေးဇူးဆပ်တာပေါ့၊ ကျုပ်တို့ကတော့ ခင်ဗျားကို ယုံလို့ အစစအရာရာ စိတ်ချခဲ့တယ်၊ ကောင်းပြီ





'ဗရွန်တန်ဟာ မတ်တတ် ရပ်လိုက်တယ်'

...ထုတ်ပြန်ကျရင် ခင်ဗျား ကျုပ် ...မှာ မနေနှင့်တော့၊ တခြား ...သွား"

' "ဗရွန်တန်ဟာ ဘာ ...မပြောနိုင်ဘဲ ကျွန်တော့် ရှေ့ ...အခန်းထဲက ကုပ်ကုပ် ...ကုပ်ကုပ် နှင့် ထွက်သွားတယ်၊ ...ပွဲပေါ်မှာ ဖယောင်းတိုင် မီးက ...လို့၊ ဒါနှင့် ကျွန်တော်ကလည်း ... အံဆွဲထဲက ထုတ်လာတဲ့ စာ ...ကို ကောက်ကြည့်လိုက်တယ်၊ ...တော်ဖြင့် အံ့ရော ခင်ဗျာ၊ ...ရွက်က ဘာမှ အရေးကြီးတဲ့ ...ရွက် မဟုတ်ဘူး၊ ကျွန်တော်တို့ ...စ်ဂရေ့ ဆွေစဉ် မျိုးဆက် သုံး ...တဲ့ ကျမ်းထုပ် ခင်ဗျ၊ မတ်စ်ဂ ... ကျမ်းထုပ်လို့ ခေါ်တယ်၊ ဒါ ...လည်း ကျွန်တော်တို့ ဆွေမျိုး ...င်သာ ဆိုင်တဲ့ ကိစ္စ သက်သက်ပါ ...ဗျာ၊ ကျွန်တော်တို့ ဆွေမျိုးတွေထဲမှာ ...ယ် ရောက်လာရင် ဒီကျမ်းထုပ်ကို ...ပြီး ကျမ်းကျိန်ရတယ်၊ တစ်ယောက်က ...ပြီး တစ်ယောက်က ဖြေရတယ်၊ တကယ့် ကိုယ်ရေးကိုယ်တာ ကိစ္စ တစ်ခုပါ၊ ...တော်တို့ ဆွေမျိုးစုရဲ့ တံဆိပ်တွေ၊ ဆွေမျိုးစု ဇယားတွေကို ရှေးဟောင်း ...တေသနသမားတွေ အဖို့ အသုံးဝင်ကောင်း ဝင်ပါလိမ့်မယ်၊ တခြားလူ အဖို့ ...တော့ ဘာမှ အကျိုးမရှိပါဘူး။

' "ဒီစာရွက်နှင့် ကျမ်းထုပ် အကြောင်းတော့ သိချင်သေးတယ်ဗျ" လို့ ...ပ်က ပြောတယ်၊ ဒီတော့ သူက ခပ်ဆိုင်းဆိုင်းနှင့်

' "သိဖို့ လိုသေးသလားဗျာ" လို့ မေးတယ်ဗျ၊ ပြီးတော့ သူက ... ...ကို ပြန်ဆက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



' "ဆက်ပြောရရင် ကျွန်တော်လည်း ဗစ္စန်တန် ထားပစ်ခဲ့တဲ့ သော့တံ ကောက်ယူပြီး ဗီရိုကို သော့ခတ်ပြီး အခန်း အပြင်ဘက် ထွက်တော့မယ် အလုပ်မှာ ဗစ္စန်တန်ဟာ ပြန်လာပြီး ကျွန်တော့် ရှေ့မှာ လာရပ်တယ်ဗျ။

' ' ' "ဆရာလေးရယ်၊ ကျွန်တော် ဒီအတိုင်း သွားရမယ် ဆိုရင်တော့ ကျွန်တော့်မှာ နာမည် ပျက်လုပါတယ်၊ ကျွန်တော် တစ်သက်လုံး သစ္စာ ရှိရှိ လုပ်ကိုင်လာခဲ့တာ ဒီတစ်ချက်နှင့် ကျွန်တော့်မှာ နာမည် ပျက်ရပါတော့မယ်၊ ဒီလိုတော့ မလုပ်ပါနှင့်၊ ဒီကိစ္စ ဖြစ်သွားလို့ ကျွန်တော့်ကို ဆက်ပြီး မထားချင်တော့ဘူး ဆိုရင်လည်း အထုတ်ခံရတဲ့ သဘော မဟုတ်ဘဲ ကျွန်တော့် ဘာသာ ထွက်တဲ့ အနေမျိုးနှင့် သွားပါရစေ၊ တစ်လ ရှိရင် သွားပါ့မယ်၊ ဒီလို ထွက်တာမျိုးကတော့ အကြောင်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက်တွေ ကြားမှာ နာမည်ပျက်ကြီးနှင့် ထွက်သွားတာမျိုးတော့ မဖြစ်ပါရစေနှင့်"

' ' ' "အမှန်ကတော့ ခင်ဗျားကို သက်ညှာဖို့ မကောင်းဘူး ဗစ္စန်တန် ကိုယ် လုပ်တာကိုလည်း ကိုယ့်ဘာသာကိုယ် ပြန် စဉ်းစားကြည့်ဦး၊ ဒါပေမဲ့ ခင်ဗျားဟာ ကျုပ်တို့ အိမ်မှာ တစ်လျှောက်လုံး လုပ်လာခဲ့တော့ ခင်ဗျား နာမည် ပျက်တာကိုလည်း ကျုပ် မလိုလားဘူး၊ ဒီတော့ တစ်လ ဆိုတာကတော့ များလွန်းတယ်၊ တစ်ပတ် အချိန် ပေးလိုက်မယ်၊ ခင်ဗျား ပြချင်တဲ့ အကြောင်းပြချက်နှင့် ပြပြီး ထွက်ပါ၊ ဒါပဲ"

' ' ' "ဗျာ၊ တစ်ပတ်တည်းရယ်၊ တစ်ပတ် ဆိုတော့ မနည်းလွန်းဘူးလား ဆရာလေးရယ်၊ နှစ်ပတ်တော့ ပေးပါ၊ နှစ်ပတ်တည်းပါ"

' ' "မပေးနိုင်ဘူးဗျာ၊ တစ်ပတ်ပဲ၊ ဒါတောင် ကျုပ် အင်မတန် လျှော့ပေါ့ စဉ်းစားပြီး ပေးထားတာ"

' "ဗစ္စန်တန်ဟာ ခေါင်း ငိုက်စိုက်နှင့် ထွက်သွားတယ်ဗျ၊ ကျွန်တော်လည်း ဖယောင်းတိုင်ကို ငြိမ်းပြီး အပေါ်ထပ်ကို ပြန်တက်လာခဲ့တယ်။

' "အဲဒီ ကိစ္စ ပြီးလို့ နှစ်ရက်လောက် အတွင်းမှာ ဗစ္စန်တန်ဟာ အလုပ်ကိုလည်း တော်တော် ကြိုးစားပြီး လုပ်တယ် ခင်ဗျ၊ ကျွန်တော်ကလည်း ဒီကိစ္စကို နောက်ထပ် ဘာမှ မပြောတော့ဘဲ သူ့ သိက္ခာ သူ ဘယ်လို ပြန်ဆယ်မလဲ ဆိုတာ စောင့်ကြည့်နေတယ်၊ ထုံးစံ အတိုင်း ဆိုရင် ကျွန်တော် မနက် လက်ဖက်ရည် သောက်ပြီးချိန်လောက်မှာ ဗစ္စန်တန်ဟာ ကျွန်တော့်ဆီကို လာရတယ်၊ ကျွန်တော်က ဒီနေ့ အတွက် လုပ်စရာ ကိုင်စရာ ရှိတာတွေနှင့် ပတ်သက်လို့ ညွှန်ကြားချက် ပေးရတယ်၊ တတိယနေ့ မနက်ကျတော့ ကျွန်တော့်



ဆီကို မပေါ်လာဘူး ခင်ဗျ၊ ကျွန်တော်လည်း ထမင်းစားခန်းက အထွက် အိမ်ဖော် ကောင်မလေး ရာချယ်ကို တွေ့ရတယ်ဗျ၊ ရာချယ်ဟာ တစ်လောတုန်းက ဖျားတော့ နေထိုင်မကောင်း ဖြစ်လိုက်တော့ သူ့ကို ကြည့်ရတာ ခုထိ သိပ်ကောင်းပုံ မရသေးဘူး၊ မျက်နှာက ဖြူဖပ်ဖြူရော်နှင့်၊ လူကလည်း ပိန်ချုံးလို့၊ ဒါနှင့် ကျွန်တော်က နေထိုင်မကောင်းသေးဘဲနှင့် အလုပ် ဆင်းရမလား ဆိုပြီး ဆူလွှတ်လိုက်တယ်။

' ' ' "ဟဲ့ကောင်မလေး၊ အိပ်ရာထဲမှာ လှဲနေဦး၊ ကောင်းကောင်း နေကောင်းမှ အလုပ်ဆင်း" လို့ ကျွန်တော်က ပြောတယ်။

' ' "ကောင်မလေးက ကျွန်တော့်ကို ဘာမှ ပြန်မပြောဘဲ မျက်လုံးကြီး ပြူးကြောင်ပြီး စိုက်ကြည့်နေတယ် ခင်ဗျ၊ ကျွန်တော်ကတော့ သူ့ မျက်လုံးတွေကို ကြည့်ပြီး သိပ် အားမရလှဘူး။

' ' ' "ကျွန်မ နေကောင်းပါပြီရှင်" လို့ သူက ပြောတယ်။

' ' ' "နေဦး၊ နင့်ကို ဆရာဝန် ပြရဦးမယ်၊ နင် အလုပ် မဆင်းနှင့်ဦး၊ ငါ အောက်ဆင်းသွားရင် ဗစ္စန်တန်ကို ပြောလိုက်စမ်း၊ ငါ့ဆီကို လာခဲ့ဦးလို့"

' ' ' "ဗစ္စန်တန် မရှိတော့ဘူးရှင့်"

' ' ' "ဘာ မရှိတော့ဘူး ဟုတ်လား"

' ' ' "ဟုတ်တယ်ရှင့်၊ မရှိတော့ဘူး၊ ဘယ်မှာမှ ရှာလို့ မရတော့ဘူး၊ သူ့ တန်းလျားမှာလည်း မရှိဘူး"

' ' "ကောင်မလေးဟာ နံရံကို မှီရင်း ခွက်ထိုးခွက်လန် ရယ်နေတယ်ဗျ၊ ရယ်ရုံတွင် မကဘူး၊ တစ်ချက် တစ်ချက်မှာလည်း အော်လိုက်သေးတယ်၊ ဒါနှင့် ကျွန်တော်လည်း မဟန်တော့ဘူး ဆိုပြီး ခေါင်းလောင်းကြိုးကလေးကို ဆွဲပြီး အပြင်ဘက်က လူတွေကို အကူအညီ လှမ်းတောင်းရတော့တာပေါ့၊ လူတွေ ရောက်လာလို့ သူ့ကို သူ့ အခန်းထဲကို သယ်သွားတော့လည်း ကောင်မလေးဟာ အော်ဟစ်လို့ဗျ၊ ငိုလည်း ငိုလိုက်သေးတယ်၊ ကျွန်တော်လည်း သူ့ကို အသာထားပြီး ဗစ္စန်တန် အကြောင်းကို စုံစမ်းရတော့တာပေါ့လေ၊ သူ ပြောတဲ့ အတိုင်း ဗစ္စန်တန် မရှိတာကတော့ တော်တော်လေး သေချာပြီဗျ၊ သူ့ အိပ်ရာကို သွားကြည့်တော့လည်း သူ့ အိပ်ရာမှာ အရာ မယွင်းဘူး၊ မနေ့ညက သူ့ အခန်းထဲ ဝင်သွားတာကိုတော့ မြင်လိုက်ကြတယ်တဲ့၊ အဲဒီ နောက်တော့ ခုထိ သူ့ကို ဘယ်သူမှ မတွေ့မိဘူးတဲ့၊ ဒါပေမဲ့ ခက်တာက သူ့ တန်းလျား ပြတင်းပေါက်ရော တံခါးမကြီးမှာရော မင်းတုပ်တွေ ထိုးထားလေတော့ သူ ဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ထွက်သွားတယ် ဆိုတာ စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေတယ်၊ အဝတ်အစားတို့၊ နာရီတို့၊ ပိုက်ဆံတို့လည်း အရှိသား ခင်ဗျ၊ အဲ သူ ဝတ်နေကျ ဝတ်စုံနက်ကတော့ ပျောက်နေတယ် ခင်ဗျ၊ ပြီးတော့ သူ စီးတဲ့ လှသားဖိနပ်လည်း ပျောက်နေတယ်၊ ဘွတ်ဖိနပ်ကတော့ ကျန်ရစ်ခဲ့တယ်၊ ဒါဖြင့်ရင် ဘဏ္ဍာစိုး ဗရွန်တန်ဟာ ညကြီးမင်းကြီး ဘယ်ကိုများ ထွက်သွားနိုင်သလဲ၊ ခု ဘယ်ရောက်လို့ ဘာဖြစ်နေသလဲ။

' "ထုံးစံအတိုင်း အိမ်ထဲမှာ တစ်ခန်းပြီး တစ်ခန်း၊ မြေတိုက်တွေကိုလည်း တစ်တိုက်ပြီး တစ်တိုက် လျှောက်ရှာတာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ အရိပ်အယောင်တောင် မတွေ့ရဘူး ခင်ဗျ၊ ပြောခဲ့တဲ့ အတိုင်း ကျွန်တော်တို့ အိမ်က ရှေးစံအိမ်ကြီး၊ အဆောင်ကူး လမ်းကြားတွေကလည်း ဝင်္ကပါလမ်း အောက်မေ့ရတယ်၊ ရှုပ်ယှက်ကို ခတ်လို့၊ အထူးသဖြင့် မူလ ဆောက်တုန်းက အဆောင်မကြီး ဆိုပါတော့၊ ကျွန်တော်တို့က နောက် အဆောင်တွေမှာ ချဲ့ပြီး နေလာကြတော့ မူလ အဆောင်မှာ ဆိုရင် လူ မရှိဘူး ခင်ဗျ၊ ဒီလောက် ကျယ်တဲ့ အိမ်ကြီးထဲမှာ အခန်းစေ့ ထောင့်စေ့ လိုက်ရှာကြပေမဲ့ မတွေ့ပါဘူး၊ ကျွန်တော်ကတော့ သူ ပစ္စည်းတွေ အားလုံးကို ထားပြီး ထွက်သွားတာကိုပဲ အံ့သြတာပါပဲ၊ ပြီးတော့ ပစ္စည်းတွေ ထားပြီး ညကြီးမင်းကြီးမှ ဘယ်ကိုများ သွားနိုင်သလဲ ဆိုတာကိုလည်း ကျွန်တော် စဉ်းစားမိတယ် ခင်ဗျ၊ ကျွန်တော်လည်း မကျေနပ်တာနဲ့ ပုလိပ်ကို ခေါ်တယ်၊ ဒါပေမဲ့ အကြောင်း မထူးပါဘူး၊ မနေ့ညက မိုးကလည်း ရွာထားလေတော့ ခြေရာတို့ ဘာတို့များ တွေ့ရလေမလား ဆိုပြီး မြက်ခင်းပေါ်မှာရော အိမ် ပတ်ပတ်လည်က လမ်းတွေမှာရော လျှောက်ရှာပါသေးတယ် ဒါပေမဲ့ မတွေ့ဘူး၊ ဒီလို ဖြစ်နေတုန်းမှာ နောက်ထပ် ကိစ္စ တစ်ခု ပေါ်လာပြန်ပါလေရော ခင်ဗျာ၊ ဒါနဲ့ ကျွန်တော်တို့လည်း ဗရွန်တန် ကိစ္စကို အသာထားပြီး နောက်ကိစ္စကို ကိုင်ကြရပြန်တယ်။

' "အိမ်ဖော် ကောင်မလေး ရာချယ် နေထိုင်မကောင်း ဖြစ်တာ နှစ်ရက်လောက် ရှိသွားပြီ ခင်ဗျ၊ တစ်ခါတလေကျတော့ ကယောင်ကတမ်းတွေ ပြောလို ပြော ငိုလား ရယ်လား ဖြစ်လိုဖြစ်နဲ့၊ ဒါနဲ့ ကျွန်တော်က စိုးရိမ်လို့ သူ့အတွက် ညစောင့် သူနာပြု တစ်ယောက် ငှားပေးထားတယ်၊ ဗရွန်တန် ပျောက်သွားပြီးတဲ့နောက် တတိယ ညမှာ သူနာပြု ဆရာမကလည်း လူမမာ ကောင်းကောင်း အိပ်ပျော်သွားတာနဲ့ ကုလားထိုင်ပေါ်မှာ ထိုင်လျက် တစ်ရေးလောက် အိပ်ပျော်သွားတယ် ခင်ဗျ၊ မနက် စောစောပိုင်း နိုးလာလို့ ကြည့်လိုက်တဲ့ အခါ





ကျတော့ အိပ်ရာပေါ်မှာ လူနာကို မတွေ့ရတော့ဘူး၊ ပြတင်းပေါက်ကြီးကလည်း ပွင့်လို့၊ ဒါနဲ့ ကျွန်တော့်ကို နှိုးပြီး လာပြောတော့ ကျွန်တော်လည်း ခိုင်းတဲ့ သူငယ်ကလေး နှစ်ယောက်နဲ့ အတူ ပျောက်သွားတဲ့ ကောင်မလေးကို လိုက်ရှာတယ်၊ ကောင်မလေး သွားတဲ့ နေရာကိုတော့ သိပ် ခက်ခက်ခဲခဲ မရှာရပါဘူး၊ ပြတင်းပေါက် အောက်မှာ ခြေရာတွေ တွေ့တော့ အဲဒီ ခြေရာတွေ အတိုင်း ကျွန်တော်တို့ လိုက်သွားလိုက်တာ မြက်ခင်းကို ဖြတ်ပြီး ကန်ကလေးဘက်ကို ရောက်သွားတာပါပဲ၊ ရေကန်ကလေး နားမှာ ဝင်းပြင်ကို ထွက်တဲ့ ကျောက်စရစ်ခင်း လမ်းကလေးလည်း ရှိတယ် ခင်ဗျ၊ ခြေရာက အဲဒီ နားတွင် ပျောက်သွားတယ်၊ ရေကန်က ရှစ်ပေလောက် နက်တယ်၊ စိတ်ဖောက်နေတဲ့ သူငယ်မလေးရဲ့ ခြေရာဟာ ကန်စပ်နားမှာ ပျောက်သွားတယ် ဆိုတော့ ကျွန်တော်တို့ ဘယ်လောက် စိတ်ပူသလဲ ဆိုတာ ခင်ဗျား စဉ်းစားကြည့်ပေါ့ဗျာ။

' "ဒါနဲ့ ကျွန်တော်လည်း ကန်ထဲကို ပိုက်နဲ့ ဆွဲကြည့်ခိုင်းတယ်၊ အလောင်းဟာ ကန်ထဲမှာ ရှိရမယ်လို့ပဲ ကျွန်တော် ယူဆတယ်လေ၊ ဒါပေမဲ့ ဘာမှ ရှာလို့ မတွေ့ဘူးဗျ၊ အလောင်းကို မတွေ့ပေမဲ့ ကျွန်တော်တို့ မမျှော်လင့်တဲ့ ပစ္စည်း တစ်ခုကို ကန်ထဲက တွေ့လာတယ် ခင်ဗျ၊ အဲဒါကတော့ အဝတ်အိတ် တစ်လုံးရယ်၊ အိတ်ထဲမှာ အညိုတွေ တက်နေတဲ့ သတ္တုတုံး တစ်တုံးနဲ့ နဲ့တွေ ပေနေတဲ့ ကျောက်ခဲ လိုလို ဖန်တုံး လိုလို အလုံး တစ်လုံး တွေ့ရတယ် ခင်ဗျ၊ ကန်ထဲကတော့ ဒီလောက်ပဲ ရှာလို့ တွေ့တော့တယ်၊ မနေ့က အထိ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ကြိုးစားပြီး သူတို့ နှစ်ယောက်ကို ရှာတာပဲ ခင်ဗျ၊ ပုလိပ်က လက်မှိုင်ချသလို ဖြစ်နေပြီ၊ ဒါနဲ့ ကြံရာ မရတဲ့ အဆုံး ခင်ဗျားဆီကို ပြေးလာတာပဲဗျ"

'ခင်ဗျားပဲ စဉ်းစားကြည့်ပေါ့ဗျာ၊ ကျုပ်လည်း သူ ပြောတဲ့ အဖြစ်အပျက်တွေကို ဂရုတစိုက် နားထောင်ပြီး ကွင်းဆက်တွေကို တစ်ခုနဲ့ တစ်ခု ကြိုးစားပြီး ဆက်ကြည့်တယ်၊ အဲဒီ ကွင်းဆက်တွေကို ကြိုးကြိုး တစ်ချောင်းမှာ ဆက်စပ်ကြည့်ဖို့ ကြိုးစားကြည့်တယ်။

'ကြည့်လိုက်တော့ ဘဏ္ဍာစိုး ပျောက်သွားတယ်၊ အိမ်ဖော် ကောင်မလေးလည်း ပျောက်သွားတယ်၊ ကောင်မလေးဟာ ခပ်စောစောပိုင်းတုန်းက ဘဏ္ဍာစိုးကို ချစ်တယ်၊ ဒါပေမဲ့ နောက်ကျတော့ သူ့ကို သစ္စာဖောက်သွားတဲ့ အတွက် ဘဏ္ဍာစိုးကို မုန်းလာတယ်၊ ပြီးတော့ သူက ဝေလနယ်သူ၊ စိတ်ဆတ်တယ်၊ ဒေါသကြီးတယ်၊ ဘဏ္ဍာစိုး ပျောက်သွားတဲ့ အခါကျတော့ ကောင်မလေးတော်



www.burmeseclassic.com

www.burmeseclassic.com



တော် ချောက်ချားသွားတယ်၊ ပြီးတော့ တော်တော် ထူးဆန်းတဲ့ ပစ္စည်းတွေ ပါတဲ့ အိတ်တစ်လုံးကို ရေကန်ထဲ ပစ်ချခဲ့တယ်၊ ဒီအချက်တွေဟာ အလေးအန ထားပြီး စဉ်းစားရမယ့် အချက်တွေပဲဗျ၊ ဒါပေမဲ့ ဒီအချက်တွေကို စဉ်းစား ရရုံနှင့်တော့ ကိစ္စက မပြီးသေးဘူး၊ အရေးကြီးတာက ဒီကြိုးကြိုးရဲ့ ပထမ ကွင်းဆက် ပထမဆုံး ဆက်ထုံးဟာ ဘာလဲ ဆိုတာကို အလျင် ရှာဖို့ လိုတယ် အဲဒီ ဆက်ထုံးကို ရှာနိုင်ပြီ ဆိုရင်တော့ ရှုပ်နေတဲ့ ဒီကြိုးကို ရှင်းရတာ လွယ် သွားပါပြီ။

“ဒ္ါနှင့် မတ်စ်ဂရေးရေ၊ ခင်ဗျား ပြောတဲ့ ကျမ်းထုပ်ထဲမှာ ပါတဲ့ စာရွက် ဆိုတာကို ကျုပ် ကြည့်ချင်တယ်ဗျာ၊ ခင်ဗျား ဘဏ္ဍာစိုးဟာ အလု ပြုတ်ခံပြီး ကြည့်တယ် ဆိုတော့ ဒီကျမ်းစာထုပ်ထဲမှာ ပါတဲ့ စာရွက်ဟာ ဘယ် စာရွက်မျိုး ဖြစ်လေမလဲ မသိဘူး”

“အလကားဟာတွေပါဗျ၊ ကျွန်တော်တို့ လက်ထက်ကျတော့ ဒ တွေကို ဒီလောက် အလေးအနက် ထားမနေတော့ပါဘူး၊ ရှေးအစဉ်အဆက် ကျန်ခဲ့တဲ့ ပစ္စည်း တစ်ခု အနေနှင့်ပဲ တန်ဖိုး ရှိပါတော့တယ်၊ ခင်ဗျား ကြည့်ချ ရင် အမေးအဖြေ ပုံသဏ္ဍာန်နှင့် ရေးထားတဲ့ ကျမ်းစာအုပ်ထဲက စာရွက် တ ရွက် ကျွန်တော့်ဆီမှာ ရှိပါတယ်”

ဒီလို ပြောပြီး မတ်စ်ဂရေးက စာရွက် တစ်ရွက်ကို ထုတ်ပြတယ်ဗျ ဒီစာရွက်ကတော့ ခု ခင်ဗျား တွေ့နေရတဲ့ စာရွက်ပဲ၊ မတ်စ်ဂရေ မျိုးထဲ ယောက်ျားလေး ဖြစ်လို့ အရွယ် ရောက်လာရင် အဲဒီ စာရွက်ထဲမှာ ပါ အမေး အဖြေတွေကို လိုက်ဆိုရသတဲ့ဗျ၊ နားထောင်၊ ကျုပ် ဖတ်ပြမယ်။

“ထူးဆန်းတွေလာ၊ ထိုအရာ၊ မည်သူ့ ဥစ္စာနည်း။
“သိပ်သိပ်သည်းသည်း၊ အရှုနည်း သွားလေသူ့ ပစ္စည်း။
“အလှအပ၊ ကိုင်တွယ်ကြ၊ မည်သူ ရမည်နည်း။
“မှူမှူတတ၊ ယူလေကြ၊ နောက်လူ ရမည်တည်း။
“ပူပြင်းကာစ၊ ထိုမာသ၊ မည်သည့် လပေနည်း။
“ပထမနောက်၊ ဆဋ္ဌမြောက်၊ အံ့လောက် ပူရှိန်ပြင်း။
“ထိုရောအခါ၊ သူရိယာ၊ ဘယ်မှာ အရိပ်ထွန်း။
“ရောင်ဝါထွန်းလှ၊ သူရိယ၊ ဝက်သစ်ချမှာယွန်း။
“ထိုစဉ်အခါ၊ ရိပ်ဆာယာ၊ ဘယ်မှာ ရှိသနည်း။
“အရိပ် ဝေဆာ၊ လွန်သာယာ၊ တည်ပင်အောက်မှာတည်း။





“ပင်ပင်ပန်းပန်း၊ ခရီးလမ်း၊ ခြေလှမ်း ဘယ်လောက်နည်း။
“မြောက်သို့ ဆယ်လှမ်း၊ နောက် ဆယ်လှမ်း။
“အရှေ့ ငါးလှမ်း၊ နောက် ငါးလှမ်း။
“တောင်ဘက် နှစ်လှမ်း၊ နောက် နှစ်လှမ်း။
“အနောက် တစ်လှမ်း၊ နောက် တစ်လှမ်း။
“အောက်မှာ ကြည့်စမ်း၊ ထိုစခန်း၊ တန်းတန်း ရောက်ပြီမှတ်။
“ထိုအရာကို၊ ယူရလို၊ ဘာကို ငါတို့ ပေးရမည်။
“ထိုအရာကို၊ ယူရလို၊ သို့ဂုဏ် ဥစ္စာ ပေးရမည်။
“ဥစ္စာ ကျောက်မျက်၊ မယူရက်၊ ဘာ့တွက် ငါတို့ ပေးသနည်း။
“သဒ္ဓါ စိတ်တွက်၊ မယူရက်၊ ထို့တွက် ငါတို့ ပေးသတည်း။

“မူရင်း ကျမ်းစာမှာ နေ့စွဲ မပါဘူးဗျ၊ ဒါပေမဲ့ စာလုံးပေါင်းတွေကို ကြည့်လိုက်တော့ ဆယ့်ခုနစ် ရာစု စာလုံးပေါင်းတွေ၊ ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်ဖြစ် ါ ကျွန်တော်တို့ အမှုတွေနှင့် ပတ်သက်လို့ ဘာမှ အထောက်အကူ ဖြစ်မှာ ဟုတ်ပါဘူး” လို့ မတ်စ်ဂရေးက ပြောတယ်။

“အင်း ဖြစ် မဖြစ်တော့ မသိသေးဘူးပေါ့ဗျာ၊ သို့သော်လည်း သူကိုယ် ဟာ ပြဿနာ တစ်ခု ဖြစ်လာပြန်ပြီ၊ ပထမ ပြဿနာကို ရှင်းလို့ မပြီးသေးဘူး၊ က် ပြဿနာ တစ်ခု ပေါ်လာပြန်ပေတာပေါ့၊ တစ်ခု ရှင်းပြီးရင် တခြား စ်ခုလည်း ရှင်းပြီးသား ဖြစ်ချင်တော့ ဖြစ်သွားနိုင်တာပေါ့လေ၊ တစ်ခုတော့ ပြောချင်တယ်ဗျာ၊ ခင်ဗျား ဘဏ္ဍာစိုးဟာ တော်တော်လေး ဉာဏ်သွားတဲ့ လူဗျ၊ ားလိုက်သမှ သူ့ သခင်တွေ မျိုးဆက် ဆယ်ဆက်လောက်တောင် ရှေ့က ေးနေသေးတယ်၊ ဒီလို ပြောလိုက်လို့ ဘယ်လိုမှတော့ မအောက်မေ့နှင့်”

“ကျွန်တော်တော့ ခင်ဗျား ပြောတာကို နားမလည်နိုင်အောင် ဖြစ်နေ ဗျ၊ ကျွန်တော့် အမြင်မှာတော့ ဒီစာရွက်တွေဟာ ဘာမှ အသုံး မဝင်လှဘူး င်တာပဲ”

“သို့သော်လည်း ကျုပ်အဖို့တော့ အလွန်ကို အသုံးဝင်တယ်ဗျ၊ ကျုပ် င် မကဘူး၊ ခင်ဗျား ဘဏ္ဍာစိုး ဗရွန်တန်ကလည်း ဒီလိုပဲ ယူဆပုံ ရတယ်၊ င်ဗျား သူ့ကို လက်ပူးလက်ကြပ် မိလိုက်တဲ့ည မတိုင်ခင် ကတည်းက ဒါကို ကောင်းကောင်း သဘောပေါက်ထားဟန် တူတယ်”

“ဒါကတော့ ဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ကလည်း ဒီကျမ်းထုပ်ကို သေသေချာချာ သိမ်းထားတာမှ မဟုတ်တာ”



www.burmeseclassic.com

www.burmeseclassic.com



' "ဗရွန်တန်ဟာ ဒီကျမ်းစာထုပ်ကို အလျှင်ကတည်းက မြင်ခဲ့ဖူးတယ် အဲဒီ ညက သူ ပြန်ကြည့်တာကတော့ ဝိုးတိုးဝါးတား ဖြစ်နေတာကို သဲကွဲ အောင် ပြန်ကြည့်တဲ့ သဘောပဲ၊ ကြည့်ရတာကတော့ သူ့ လက်ထဲမှာ မြေပုံ တို့လို ပုံကြမ်း စာရွက်တို့လို ရှိလိမ့်မယ်၊ ဒါကို ကျမ်းစာထဲမှာ ပါတဲ့ အညွှန်း နှင့် တိုက်ကြည့်တာပဲ၊ ခင်ဗျား လာတော့ ဒီမြေပုံ စာရွက်လိုဟာကို ရင်ဘတ် ထဲကို ထည့်ဝှက်လိုက်တယ်ဆို"

' "ဟုတ်ပါတယ်၊ ထည့်တာကို မြင်လိုက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် စဉ်းစားလို့ မရတာက ဒီကျမ်းစာထုပ်ဟာ ကျွန်တော်တို့ ဆွေမျိုးဆက်နှင့်သာ ဆိုင်တဲ့ ကိစ္စ၊ တစ်နည်း ပြောရရင် ကျွန်တော်တို့ ဆွေမျိုးစဉ်ဆက် ထုံး တစ်ခုနှင့်သာ ပတ်သက်တဲ့ ကိစ္စ ခင်ဗျ၊ ပြီးတော့ သံပေါက်လိုလို စကားထာ လိုလို စာတွေကလည်း ဘာတွေမှန်း မသိဘူး"

' "သိပ်တော့ မခက်လှဘူးလို့ အောက်မေ့တာပဲလေ၊ ကျုပ်အနေနှင့် ပြောရရင်တော့ ခုပဲ ဝက်ဆက်ကို မီရာ ရထားနှင့် လိုက်သွားပြီး အချင်း ဖြစ် တဲ့ နေရာကို ကြည့်ချင်တယ်"

'ညနေပိုင်းကျတော့ ကျုပ်တို့ ဟားလ်စတုန်းကို ရောက်သွားကြတယ် ခင်ဗျ၊ ဟားလ်စတုန်း ဆိုတာ အစဉ်အဆက်က နာမည် ကြီးတဲ့ စံအိမ်ကြီး ဒီအိမ်ကြီး အကြောင်းကို ခင်ဗျား ဖတ်ဖူးမလား မသိဘူး၊ မဖတ်ဖူးတောင် ဓာတ်ပုံတော့ မြင်ဖူးမှာပါ၊ ဒီတော့ အိမ်ကြီး အကြောင်းကို သိပ် မပြောတော့ ပါဘူး၊ အိမ်ကြီးက အယ်လ် *(L)* အက္ခရာပုံ ဆိုတာလောက်ပဲ ပြောတော့မယ် အောက်ခံ အဆောင်က ခပ်တိုတိုဗျ၊ ရှေးတုန်းကတည်းက ရှိခဲ့တဲ့ အဆောင် အပေါ် ထောင်တက်သွားတဲ့ ခပ်ရှည်ရှည် အဆောင်က နောက်မှ တိုးချဲ့ ဆောက် တဲ့ အဆောင်၊ ရှေးတုန်းက ဆောက်ခဲ့တဲ့ အဆောင်ကြီးရဲ့ အလယ် တံခါးရွက် ကြီးပေါ်မှာ ခရစ်နှစ် ၁၆၀၇ ခုလို့ ကမ္ပည်း ထိုးထားတယ်၊ သို့သော်လည်း ကျွမ်းကျင်သူများကတော့ ထုပ်တွေ လျှောက်တွေ ကျောက်တုံးတွေဟာ ဒီထက် တောင် စောတယ်လို့ ဆိုကြတယ်၊ မူလ အိမ်ကြီးကို ဆောက်တုန်းက ကျောက် တုံးကြီးတွေက သိပ်ကြီးပြီး ပြတင်းပေါက်တွေက သိပ်သေးနေလေတော့ နောက် လူတွေက အဆောင်သစ်ကို ထပ်ပြီး ဆောက်ခဲ့ကြတယ်၊ မူလ အဆောင်ကိုတော့ စတိုခန်းလောက်၊ အရက် လှောင်တဲ့ အခန်းလောက်ပဲ သုံးတော့တယ်၊ ပြီးတော့ အိမ်ကြီးရဲ့ ပတ်ပတ်လည်မှာလည်း ရှေးတုန်းက စိုက်ခဲ့တဲ့ ပင်စောက်ကြီးတွေ နှင့် ပြည့်လို့ဗျ၊ ဥယျာဉ် တစ်ခုလည်း ရှိတယ်၊ မတ်စ်ဂရေ့ ပြောတဲ့ ရေကန်က





တော့ လမ်းနှင့် သိပ်မဝေးလှဘူး၊ အိမ်ကြီးနှင့် ဆိုရင်တော့ ကိုက် နှစ်ရာလောက် ဆီးလိမ့်မယ် ထင်တယ်။

'ကျုပ် တစ်ခု ယုံကြည်တာတော့ ရှိတယ်လေ၊ ခုကိစ္စမှာ လျှို့ဝှက်မှု သုံးခုဟာ တခြားစီတော့ မဖြစ်နိုင်ဘူး၊ တစ်ခုတည်းပဲ ရှိရမယ်၊ ဘဏ္ဍာစိုး ပျောက်တဲ့ ကိစ္စရယ်၊ ကောင်မလေး ပျောက်တဲ့ ကိစ္စရယ်၊ ကျမ်းစာထုပ်မှာ ပါတဲ့ စာတွေရယ်ဟာ သီးခြား ဖြစ်နေကြတဲ့ လျှို့ဝှက်ချက်တွေ မဟုတ်ဘူး ဆိုတာပဲ၊ ဒီဟာတွေဟာ တစ်ခုနှင့် တစ်ခု ဆက်နေကြတယ်၊ တစ်ခုတည်းလို့ အောင် ပြောနိုင်တယ်၊ အကယ်၍သာ မတ်စ်ဂရေ့ ဆွေမျိုး စဉ်ဆက် သုံးခဲ့တဲ့ ကျမ်းစာထုပ်ထဲမှာ ပါတဲ့ အဓိပ္ပာယ်ကို ဖော်နိုင်ပြီ ဆိုလို့ ရှိရင် ဘဏ္ဍာစိုး ဗရွန်တန်နှင့် အိမ်ဖော် ကောင်မလေး ရာချယ်တို့ ကိစ္စကို ဖော်ဖို့ သဲလွန်စကို လည်း ရပြီလို့ ဆိုနိုင်တယ်၊ ဒီတော့ ဉာဏ်ကို သုံးပြီး ကြံရတော့တာပေါ့ဗျာ၊ ဘဏ္ဍာစိုး ဗရွန်တန်ဟာ ဘာဖြစ်လို့ ကျမ်းစာထဲမှာ ပါတဲ့ စကားထာတွေကို သိချင်နေရသလဲ၊ ဒီကျမ်းစာထဲမှာ ပါတဲ့ အချက်တွေကို မတ်စ်ဂရေ့ ဆွေစဉ် မျိုးဆက် မသိခဲ့ကြဘူးဗျ၊ ကျော်သွားခဲ့ကြတယ်၊ ဗရွန်တန်ကတော့ ဒီအထဲမှာ တစ်ခုခု အဓိပ္ပာယ် ရှိရမယ်၊ ဖော်စားနိုင်ရင် အကျိုး ရှိမယ် ဆိုတာ သိလို့သာ ဒီစကားထာကို သိချင်နေခြင်း ဖြစ်တယ်ဗျ၊ ကောင်းပြီ၊ ဒါဖြင့်ရင် ဒီစကား ထာတွေရဲ့ အဖြေဟာ ဘာလဲ၊ ဗရွန်တန်ဟာ ဘာဖြစ်လို့ ပျောက်သွားရတာလဲ။

'ကျမ်းစာကို ဖတ်ကြည့်လိုက်တဲ့ အခါကျတော့ အထဲမှာ အတိုင်းအထွာ ပြတာတွေ ပါတယ်၊ ဒီ အတိုင်းအထွာတွေဟာ အလကား ရေးထားတာ မဟုတ်ဘူးဗျ၊ နေရာ တစ်နေရာကို ညွှန်းနေတဲ့ အညွှန်းတွေ ဖြစ်ရမယ်လို့ ကျုပ် စဉ်းစားမိတယ်၊ ဒီနေရာကို ကျုပ်တို့ ရှာလို့ တွေ့ရင် မတ်စ်ဂရေ့ ဆွေစဉ် မျိုးဆက် သိုဝှက်ထားခဲ့တဲ့ ဒီနေရာမှာ ဘာတွေ ရှိသလဲ ဆိုတာ ကျုပ်တို့ သိလို့ ရပြီဗျ၊ ဒီအထဲမှာ ခြေရာ ကောက်လို့ ရတဲ့ ထင်ထင်ရှားရှား သင်္ကေတ နှစ်ခု ပါလာတယ်၊ အဲဒါကတော့ ဝက်သစ်ချပင်နှင့် တည်ပင်ပဲ၊ ဝက်သစ်ချပင် ဆိုတာကတော့ ရှင်းတယ်၊ အိမ်ရှေ့မှာကိုက ထီးတည်းကြီး၊ ဝင်လာလို့ ရှိရင် ဝင်ပေါက် လမ်းရဲ့ ဘယ်ဘက်မှာ နည်းတဲ့ သစ်ပင်ကြီး မဟုတ်ဘူး၊ အဓိကရ သစ်ပင်ကြီး၊ ဒီလောက် ကြီးတဲ့ ဝက်သစ်ချပင်ကို ကျုပ်ဖြင့် တစ်ခါမှတောင် မမြင်ဖူးသေးဘူး။

' "ခင်ဗျားတို့ ဆွေစဉ် မျိုးဆက် ကျမ်းစာ ထားခဲ့တုန်းက ဒီ ဝက်သစ်ချပင် ကြီးမှာပေါ့နော်" လို့ ကျုပ်က မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





' "အင်္ဂလန်ကို နော်မ… တွေ ဝင်တိုက်တဲ့ ခေတ်လော… ကတည်းကလို့ ပြောသံ ကြား… တာပဲဗျ၊ လုံးပတ်က နှစ်ဆယ့်… သုံးပေတောင် ရှိတယ်"

'ဒီတင် ကျုပ် အဖို့… အချက် တစ်ချက် ကောက်စရာ… ရလိုက်ပြီဗျ။

' "တည်ပင်ကြီးရော… ဘာတွေကော မရှိဘူးလားဗျာ"

' "ဟော ဟို နား မှာ… တော့ တော်တော် ကြီးတဲ့ တည်… ပင်ကြီး တစ်ပင် ရှိခဲ့ဖူးတယ်ဗျ… ဒါပေမဲ့ မိုးကြိုးပစ်တာနှင့် … သွားပြီး ခုတ်ပစ်လိုက်ကြတယ်… ခု လောက် ဆို အရာလောက်… ကျွန်တော့်မှာပေါ့"

*'လုံးပတ်က နှစ်ဆယ့် သုံးပေတောင် ရှိတယ်'*

' "တည်ပင်ကြီး ရှိတဲ့ နေရာကိုတော့ မှတ်မိသပေါ့"

' "မှတ်မိပါတယ်"

' "ဒီပြင်ကော တည်ပင် ရှိသေးသလား"

' "မရှိပါဘူး၊ သစ်အယ်ပင်တွေတော့ ရှိရဲ့"

' "တည်ပင်ကြီး နေရာကို ကြည့်ချင်သဗျာ"

'ကျုပ်တို့က ဘူတာကနေ ဒေါက်ကပ်ကလေးနှင့် အိမ်ကို လာကြ… ကိုး၊ အိမ်နား ရောက်တော့ မတ်စ်ဂရေ့ဟာ အိမ်ထဲကိုတောင် မဝင်ဘူး၊ တည်… ကြီး ပေါက်တဲ့ နေရာကို တန်းခေါ်သွားတယ်ဗျ၊ တည်ပင်ကြီးက ဝက်သစ်ချ… ကြီးနှင့် အိမ်ကြီးရဲ့ ကြား အလယ်ကောင် တည့်တည့်လောက်မှာ ရှိတယ်၊ … အတိုင်း ဆိုတော့ အားရစရာကလေးတွေ တွေ့နေရတာပေါ့ဗျာ။

' "တည်ပင်ကြီးရဲ့ အမြင့်ကိုတော့ ပြောဖို့ သိပ်လွယ်မှာ မဟုတ်… နော်၊ ခင်ဗျား သိသလား"

' "လွယ်ပါတယ်ဗျာ၊ ခြောက်ဆယ့် လေးပေဗျ"





' "ဟင်၊ ခင်ဗျားက ဘယ်လိုလုပ် သိတာလဲ" လို့ ကျုပ်က တအံ့တသြ မေးလိုက်မိတယ်။

' "ငယ်ငယ်တုန်းက ကျွန်တော့် အိမ်မှာ သင်္ချာ ပြတဲ့ ဆရာကြီး တစ်ယောက် ငှားထားတယ်၊ ထရီဂိုနိုမက်ထရီ သင်ရင် အမြင့်ကို တိုင်းခိုင်းလေ့ရှိတယ်ဗျ၊ သူ သင်တာနှင့် ကျွန်တော် ကျောင်းသားတုန်းက ဆိုရင် ကျွန်တော်တို့ မြေထဲမှာ ရှိတဲ့ အပင်တွေ အဆောက်အအုံတွေရဲ့ အမြင့်ကို ကျွန်တော် အကုန် လျှောက်တိုင်းထားတတ်တယ်"

'ကျုပ်အဖို့ ရတနာပုံ ဆိုက်တာနှင့် အတူတူပဲဗျ၊ အချက်အလက်က ကျုပ် မျှော်မှန်းထားတာထက် ပိုပြီး လွယ်လွယ်ကူကူ ရနေတယ်။

' "ခင်ဗျား ဘဏ္ဍာစိုးကကော ဒီလို မေးခွန်းများ မေးဖူးသလား"

'ရယ်ဂျီနယ် မတ်စ်ဂရေ့ဟာ ကျုပ်ကို တအံ့တသြ ကြည့်နေတယ်ဗျ။

' "ဪ၊ ဟုတ်ပြီ၊ ခင်ဗျား ပြောမှ သတိ ရတော့တယ်ဗျို့၊ တစ်လောတုန်းက ဒီသစ်ပင်ကြီးဟာ အမြင့် ဘယ်လောက် ရှိသလဲလို့ ကျွန်တော့်ကို မေးဖူးတယ်ဗျ၊ မြင်းထိန်းနှင့် သူနှင့် ဒီသစ်ပင် အမြင့်ကို ငြင်းနေကြလို့"

'ဒီသတင်း ကြားလိုက်ရတော့ ကျုပ် တော်တော် ဝမ်းသာသွားတယ်ဗျ၊ ကျုပ် တွက်တဲ့အတိုင်း မှန်နေပြီ ဆိုတာ ပြနေတယ်၊ ဒါနှင့် ကျုပ်လည်း နေကို မော့ကြည့်လိုက်တယ်၊ သိပ်မကျသေးဘူး၊ ခဏနေရင် နေဟာ ဝက်သစ်ချပင်ကြီးရဲ့ ထိပ်ဖျားကို ရောက်လာတော့မယ်၊ အဲဒီအခါ ဆိုရင် ကျမ်းစာထဲမှာ ရေးထားတဲ့ အချက် တစ်ချက်ကို ကျုပ်တို့ ရတော့မယ်၊ အရိပ် ဝေဆာ၊ လွန်သော်ယာ၊ တည်ပင် အောက်မှာတည်း ဆိုတဲ့ စကားမှာ တည်ပင် အောက်က အရိပ် ဆိုတာ အောက်တည့်တည့်က အရိပ်ကို ဆိုတာ မဖြစ်နိုင်ဘူး၊ အစွန်ဆုံး ရောက်တဲ့ အရိပ်ဖျားကို ဆိုတာ ဖြစ်ရမယ်၊ တည်ပင် အောက်ကို ပြောချင်ရင် တည်ပင် ပင်စည်လို့ ပြောမှာပေါ့၊ ဒီတော့ ကျုပ် စဉ်းစားဖို့က နေဟာ ဝက်သစ်ချပင် ထိပ်ကို ရောက်တဲ့ အခါမှာ တည်ပင်ရိပ်ဖျားကို ရှာရလိမ့်မယ်ဗျ"

'တည်ပင်ကြီးမှ မရှိတော့တာ၊ အရိပ်ဖျားကို ရှာရတာ သိပ်တော့ လွယ်မယ် မဟုတ်ပေဘူးဗျ'

'ဘဏ္ဍာစိုး လုပ်တဲ့ ဗရွန်တန်တောင် ရှာနိုင်သေးရင် ကျုပ်က ဘာဖြစ်လို့ ရှာနိုင်ရမှာလဲဗျ၊ တကယ်ကတော့ ဘာမှ ဒီလောက် ခက်တဲ့ ကိစ္စ မဟုတ်ပါဘူး၊ ကျုပ်လည်း မတ်စ်ဂရေ့ရဲ့ ညှော်ခန်းထဲကို လိုက်သွားပြီး ဟောဒီ သပ်ကလေးကို ခုနေတယ်ဗျ၊ ပြီးတော့မှ ကြိုးရှည်ရှည် တစ်ချောင်းကို ချည်လိုက်ပြီး တစ်ကိုက်



www.burmeseclassic.com

www.burmeseclassic.com

ကို ကြိုးထုံးကလေး တစ်ထုံးစီ ထုံးထားလိုက်တယ်၊ ပြီးတော့ ငါးမျှားတံ နှစ်ပြ လောက် ရှိတဲ့ တုတ် တစ်ချောင်းကိုလည်း ယူလာခဲ့တယ်၊ နှစ်ပြန်စာ ဆိုတော့ ခြောက်ပေလောက် ရှိမှာပေါ့ဗျာ၊ ပြီးတော့ ကျုပ် အမှုသည်နှင့် အတူ တည်ပင် ကြီး ရှိခဲ့တဲ့ နေရာကို သွားကြည့်တယ်၊ အဲဒီ အချိန်မှာ နေက ဝက်သစ်ချပင်ထိပ် တည့်တည့်ကို ရောက်နေပြီဗျ၊ ငါးမျှားတံ ထိပ်ကို ထောင်ပြီး အရိပ်ကို တိုင်း ကြည့်လိုက်တဲ့ အခါကျတော့ အလျား ကိုးပေ ရှိတယ်ဗျ။

'ဒီနောက်တော့ တွက်ဖို့ သိပ် မခက်တော့ဘူးလေဗျာ၊ ဝက်သစ်ချ ထိပ်မှာ နေရောက်တဲ့ အချိန်မှာ ခြောက်ပေ အလျား ရှိတဲ့ ငါးမျှားတံ တစ် ချောင်းရဲ့ အရိပ်ဟာ ကိုးပေ ရှည်ထွက်လာရင် အဲဒီ နေရာမှာပဲ ရှိတဲ့ ခြောက် ဆယ့် လေးပေ မြင့်တဲ့ သစ်ပင် တစ်ပင်ဟာ အရိပ် ဘယ်နှပေ ထွက်လာမလဲ တွက်လိုက်ရုံပေါ့၊ ဒီလို တွက်လိုက်တဲ့ အခါကျတော့ တည်ပင်ရဲ့ အရိပ်ဟာ ကိုးဆယ့် ခြောက်ပေ ထွက်လာတယ်ဗျ၊ ဒါနှင့် အဲဒီ အတိုင်း တိုင်းချလိုက်တဲ့ အခါကျတော့ အိမ်နံရံနားကို ရောက်သွားတယ်ဗျ၊ အဲဒီ နေရာမှာ ကျုပ် သပ် တစ်ချောင်း ရိုက်လိုက်တယ်၊ ကျုပ် သပ်ရိုက်တဲ့ နေရာနှင့် နှစ်လက်မလောက် အကွာမှာ သပ် ရိုက်ထားတဲ့ ကျင်းကလေး တစ်ကျင်း တွေ့လိုက်တော့ ကျုပ် ဘယ်လောက် ဝမ်းသာတယ် ဆိုတာ ခင်ဗျား မှန်းကြည့်ပေတော့၊ ဒီကျင်းဟာ ဗရွန်တန် ရိုက်ထားတဲ့ ကျင်းဗျ၊ ဒါပေမဲ့ ကျုပ် လိုချင်တဲ့ အဖြေကိုတော့ မရ သေးဘူး၊ ဗရွန်တန် လုပ်သွားတဲ့ ခြေရာကို လိုက်ခံရဦးမယ်။

'အဲဒီ နေရာ ရောက်တော့ ကျုပ် အိတ်ထဲမှာ ပါလာတဲ့ အိမ်မြှောင်ကို ထုတ်ပြီး ခြေလှမ်း လှမ်းကြည့်တယ်၊ အညွှန်း အတိုင်း ဆယ်လှမ်း လှမ်းလိုက် တဲ့ အခါကျတော့ အိမ်နံရံနှင့် မျဉ်းပြိုင် တစ်နေရာကို ရောက်သွားတယ်၊ အဲဒီ နေရာမှာ ကျုပ် သပ် တစ်ချောင်း ရိုက်လိုက်တယ်၊ ပြီးတော့ အရှေ့ဘက်ကို ငါးလှမ်း၊ တောင်ဘက်ကို နှစ်လှမ်း လှမ်းတယ်၊ အဲဒီနေရာ ရောက်တော့ အိမ် ဟောင်းက တံခါးမကြီး တစ်ခုကို ရောက်သွားတယ်ဗျ၊ အနောက်ဘက်ကို နှစ်လှမ်း လှမ်းရမယ် ဆိုတဲ့ အတိုင်း လှမ်းကြည့်တော့ ကြမ်းပြင်မှာ ခင်းထား တဲ့ ကျောက်ဖျာကြီး တစ်ခုပေါ် ရောက်သွားတယ်၊ ကျမ်းထုပ်ထဲမှာ ညွှန်ပြထား တဲ့ နေရာဟာ ဒီနေရာပဲ ဖြစ်ရမယ်။

'ကျုပ်လည်း တော်တော် စိတ်ပျက်သွားတယ်၊ ငါ လှမ်းတာများ မှား လေသလားလို့ သံသယ ဖြစ်တယ်၊ ဝင်လုဆဲ နေရောင်က ကျောက်တုံး ကြမ်းခင်း တွေပေါ်ကို ထိုးကျနေတယ်၊ ကျောက်တုံးကြီးတွေကလည်း တစ်တုံးနှင့် တစ်တုံး




'ကျမ်းထုပ်ထဲမှာ ညွှန်ပြထားတဲ့ နေရာဟာ ဒီနေရာပဲ ဖြစ်ရမယ်'

နေလို့ဗျ၊ အင်္ဂတေနှင့် ကိုင်ထား ထိုက်သေးတယ်၊ ကြည့်ရတာက တော့ နှစ်ပေါင်း များစွာကတည်း က အသေ ခင်းထားခဲ့တဲ့ ပုံပဲ၊ ဗရွန်တန်ဟာ ဒီနေရာကို ရောက် မှာ မဟုတ်ဘူးလို့ ကျုပ် ထင်မိ တယ်၊ ဒါနှင့် ကျောက်တုံးတွေ ကို လျှောက် ခေါက်ကြည့်တယ်၊ ထူးပါဘူး၊ အက်ကွဲသံ ဆိုလို့ တစ်ခုမှ မရှိဘူး၊ ဒါပေမဲ့ ကံ ကောင်း ချင် တော့ မတ်စ်ဂရေ ကလည်း ကျုပ် တွက်ကိန်းကို သဘောပေါက် သွားပြီး အညွှန်း ကို ထုတ်ကြည့်တယ်ဗျ။

' ''အောက်မှာ ကြည့် မ်း ဆိုတဲ့ စာပိုဒ် ပါသေးတယ် ဗျ အဲဒီ အညွှန်း ကျန်နေရစ်ခဲ့ တယ် ထင်တယ်''

'ကျုပ် ထင်တာက တူး ကြည့်ဖို့ ညွှန်းထားတယ် ထင်တာ ပြီး၊ ဒါပေမဲ့ မဟုတ်ဘူးဗျ။

' ''အောက်မှာ မြေတိုက် ရှိသလား''

' ''ရှိတယ်ဗျ၊ မူလကတည်းက ပါလာတဲ့ မြေတိုက်၊ ဟောဒီ တံခါး အတိုင်း ဆင်းရတယ်''

'ဒါနှင့် ကျုပ်တို့လည်း တံခါးကို ဖွင့်ပြီး ကွေ့ကောက်နေတဲ့ ကျောက်တုံး လှေကားအတိုင်း ဆင်းလာခဲ့ကြတယ်၊ မီးခြစ်ကို ခြစ်ပြီး လှေကား ထောင့်က ဆီကြီး တစ်လုံးပေါ်မှာ ရှိတဲ့ မှန်အိမ်ကို ထွန်းလိုက်တယ်၊ မီးထွန်းလိုက်တဲ့ အခါကျတော့ ကျုပ်တို့ဟာ တကယ့် နေရာမှန်ကို ရောက်ပြီ ဆိုတာ သိလိုက်ပြီ ဗျ ဒါပေမဲ့ ဒီနေရာကို ကျုပ်တို့ချည်းပဲ ရောက်တာ မဟုတ်ဘူး၊ လောလော လတ်လတ် ရှေ့က တစ်ယောက် ရောက်သွားတယ် ဆိုတာ တွေ့ရတယ်။


www.burmeseclassic.com

www.burmeseclassic.com



'အမှန်ကတော့ မြေတိုက်က ထင်းလှောင်တဲ့ မြေတိုက်ကြီးဗျ၊ ဒါပေမဲ့ ထင်းတွေက ဘေးရောက်နေပြီး အလယ်ကောင်မှာ ရှင်းနေတယ်၊ အဲဒီ အလယ်ကောင် ကွက်လပ် ဖြစ်နေတဲ့ နေရာမှာ ကျောက်ဖျာကြီး တစ်ချပ်ကို တွေ့ရတယ်၊ ကျောက်ဖျာမှာ သံချေး တက်နေတဲ့ လက်ကိုင် ကွင်းကြီး တစ်ခု တပ်လို့ လက်ကိုင်ကွင်းမှာလည်း အပြောက် အပြောက်နှင့် လည်စည်း တစ်ခု ချည်ထားတယ်။

'"အလို၊ ဗရွန်တန်ရဲ့ လည်စည်းပါလား၊ တစ်လောကတင် ဒီလည်စည်းကို ဒီလူ ပတ်ထားတာ မြင်လိုက်သေးတယ်၊ ဒီငနဲ ဒီထဲကို ဘာများ ဆင်းလုပ်တာပါလိမ့်" လို့ မတ်စ်ဂရေ့က အော်လိုက်တယ်ဗျ။

'ကျုပ်က အကြံ ပေးလို့ ပုလိပ် နှစ်ယောက်ကို အခေါ်ခိုင်းလိုက်တယ်၊ ပုလိပ်တွေ ရောက်လာတော့ ကျုပ်တို့လည်း ကျောက်တုံးကြီးကို မကြတယ်၊ နောက်ဆုံးတော့ ကျောက်ဖျာကြီး ရွေ့သွားပြီး အပေါက် ပွင့်လာတယ် ဆိုကြပါစို့ဗျာ၊ ဒါနှင့် ကျုပ်တို့လည်း ကျောက်ဖျာကြားထဲကနေပြီး အောက်ငုံ့ ကြည့်လိုက်တယ်၊ ဘာကိုမှ မမြင်ရဘူးဗျ၊ မတ်စ်ဂရေ့က မှန်အိမ်ကို ထွန်းပြီး ကြည့်တယ်။

'မြေတိုက်က သိပ်မကြီးဘူး၊ အနက် ခုနစ်ပေလောက် ရှိပြီး အလျားအနံက လေးပေလောက် ရှိတဲ့ စတုရန်းပုံ မြေတိုက်၊ မြေတိုက်ထောင့် တစ်နေရာမှာ ကြေးကွပ်ထားတဲ့ သစ်သား သေတ္တာကြီး တစ်လုံး ရှိတယ်၊ သော့ခလောက်မှာလည်း သော့ကြီး တန်းလန်းနှင့်၊ အပေါ်မှာ ဖုန်တွေ တက်လို့၊ အထဲမှာတော့ ခြကိုက်ထားပြီး၊ တချို့ နေရာတွေမှာ မှိုတွေ တက်လို့၊ သေတ္တာထဲမှာ ခု ကျုပ်ကိုင်ထားတဲ့ သတ္တုပြားလိုဟာတွေ ပြန့်ကျဲနေတယ်ဗျ၊ ကြည့်ရတာကတော့ ရှေးပိုက်ဆံတွေ ထင်ရတာပဲ၊ ဒီပြင်တော့ ဘာမှ မရှိဘူး။

'ဒါပေမဲ့ ချက်ချင်း ဆိုသလို ကျုပ်တို့တစ်တွေ သေတ္တာကြီးကို အာရုံမစိုက်နိုင်တော့ဘူးဗျို့၊ သေတ္တာ ဘေးမှာ လဲနေတဲ့ အရာ တစ်ခုဆီကို မျက်စိရောက်သွားကြတယ်၊ သေတ္တာ ဘေးမှာ လူတစ်ယောက်ဗျ၊ ဝတ်စုံ အနက်ကို ဝတ်လို့၊ သေတ္တာ နှုတ်ခမ်းပေါ်ကို ခေါင်းတင်ပြီး မှောက်လျက်သားကြီး သေနေတယ်၊ သူ သေနေပုံက ခေါင်းကြီး ငိုက်စိုက် ကျလို့ ဆိုတော့ သွေးတွေက ခဲပြီး မျက်နှာမှာ လာစုနေတယ်ဗျ၊ မျက်နှာကြီးက ညိုမည်းပြီး ဖူးဖူးရောင်လို့၊ ဘယ်သူမှ မှတ်မိနိုင်စရာ မရှိဘူး၊ ဒါပေမဲ့ အရပ်အမောင်းတို့ ဆံပင်တို့ အဝတ်အစားတို့ကို ကြည့်လိုက်တာနှင့် မတ်စ်ဂရေ့ကတော့ သူ့ ဘဏ္ဍာစိုးမှန်း ချက်ချင်း



သိလိုက်တယ်၊ သေတာကတော့ လွန်ခဲ့တဲ့ ရက် အနည်းငယ်ခန့်လောက်ကပဲ၊ ဒါပေမဲ့ သူ့ ခန္ဓာကိုယ်မှာ ဒဏ်ရာ ဒဏ်ချက်တို့ ...းရာ ပွံ့ရာတို့ တစ်ခုမှ မတွေ့ရဘူးဗျ၊ သူ့ အလောင်းကို မြေတိုက်ထဲက သယ်...တ် သွားကြသည့်တိုင် ကျုပ်တို့မှာ ...ပြဿနာကို ရှာလို့ မရသေးဘူး။


'သေတ္တာ ဘေးမှာ လူတစ်ယောက်ဗျ'

'ကျုပ်လည်း တော်တော်လေး ...ဘော့ စိတ်ပျက်တာပေါ့ဗျာ၊ ကျမ်း...ပ်ထဲမှာ ပါတဲ့ နေရာကို တွေ့ရင် ...ပြေပေါ်မယ်လို့ ကျုပ် တွက်ထားခဲ့ ...၊ ဒါပေမဲ့ နေရာကို တွေ့သည့်တိုင် ...မြေတိုက်ထဲမှာ ဘာတွေများ ဖုံက ...ားခဲ့သလဲ ဆိုတာ စဉ်းစားလို့ မရနိုင် ...အောင် ဖြစ်နေတယ်၊ ဗရွန်တန် သေတဲ့ ...ကိုတော့ ကျုပ် ရှာလို့ တွေ့ခဲ့ပြီ၊ ...ပေမဲ့ ဘာ့ကြောင့် သေရသလဲ၊ သေတဲ့ ...မှာ ပျောက်သွားတဲ့ အိမ်ဖော် ကောင် ...လေးနှင့် ဘယ်လို သက်ဆိုင်နေသလဲ ...တာကို စဉ်းစားလို့ မရအောင် ဖြစ်နေတယ်၊ ဒါနှင့် ကျုပ်လည်း အခန်းထောင့် ...မှာ ရှိတဲ့ စည်ကြီး တစ်လုံးပေါ်မှာ ထိုင်ရင်း အပြန်ပြန် အလှန်လှန် စဉ်းစား ...မိတယ်။

'ဒီလို ကိစ္စမျိုးတွေမှာ ကျုပ် ဘယ်နည်းကို သုံးသလဲ ဆိုတာ ခင်ဗျား ...ပါတယ် ဝပ်ဆင်၊ ဗရွန်တန်ရဲ့ နေရာကနေပြီး စဉ်းစားကြည့်တယ်၊ ဗရွန်တန် ...ယ်လောက် ဉာဏ်သွားသလဲ ဆိုတာ ကျုပ် စဉ်းစားကြည့်တယ်၊ ငါသာ သူ့ ...ရာကို ရောက်ရင် ဒီအခြေအနေမျိုးမှာ ဘယ်လို လုပ်မလဲ ဆိုတာ ကြံကြည့် ...ယ်၊ ဗရွန်တန် ဆိုတဲ့ ကောင်ဟာ အလွန် ဉာဏ်သွားတဲ့ ကောင်၊ ဒါကြောင့် ...ွတ် ဆရာများ ပြောလေ့ ပြောထ ရှိသလို သမသတ် ဆွဲကြည့်ရတယ်၊ ဒီ ...မြေတိုက်ထဲမှာ အဖိုးတန် ပစ္စည်း တစ်ခုခု ရှိတယ် ဆိုတာ ဗရွန်တန် သိတယ်၊ ...ရာကိုလည်း သိတယ်၊ ကျောက်ဖျာကြီးကို ဖယ်ရှားဖို့ သူတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ဘူး ဆိုတာ တွေ့ရတော့ သူ ဘာလုပ်ရမလဲ၊ အခြား အကူအညီကို ရှာလို့ မဖြစ်ဘူး၊ ဒါကြောင့် အကူအညီကို အိမ်ထဲမှာ ရှာရမယ်လို့ သူ တွေး တယ်၊ ဒါပေမဲ့ ဘယ်သူ့ဆီကို တောင်းရမလဲ၊ သူ့ကို ချစ်ခဲ့တဲ့ ကောင်မလေးကို သူ သတိရတယ်၊ ယောက်ျား ဆိုတာကလည်း ခက်သားကလားဗျ၊ ကိုယ်က မိန်းကလေး အပေါ်မှာ ဘယ်လောက်ပဲ သစ္စာ ပျက်ခဲ့ ပျက်ခဲ့ ဒီမိန်းကလေးရဲ့ အချစ်ကို ပြန်လိုချင်ရင် အချိန်မရွေး ရတယ်လို့ အထင်ကြီးတတ်ကြတာချည်း မဟုတ်လား၊ ဒါနှင့် ဗရွန်တန်ဟာ ကောင်မလေးကို ပြန်ချော့ပြီး သူ့ကို ကူညီဖို့ ပြောတယ်၊ ညကျတော့ သူတို့ နှစ်ယောက် ဒီမြေတိုက်ကို လာခဲ့ကြတယ်၊ ပြီး တော့ နှစ်ယောက် အားနှင့် ဒီကျောက်ဖျာကြီးကို ရွှေ့ကြတယ်၊ ဒီလောက်ဆို တော့ ရှင်းရှင်း မြင်နေရပြီဗျ။

'ဒါပေမဲ့ သူတို့ နှစ်ယောက်မှာ တစ်ယောက်က မိန်းကလေး ဆိုတော့ ဒီလောက် ကြီးတဲ့ ကျောက်ဖျာကြီးကို ဝေးဝေး မရွှေ့နိုင်ဘူး၊ ခုတွင်က ကျုပ်နှင့် ပုလိပ်ကြီး နှစ်ယောက်တောင် မနည်း မယူရတာကပဲ၊ ဒီတော့ သူတို့ ဘာလုပ် သလဲ၊ ကျုပ်ကော ဘယ်လို လုပ်မလဲလို့ စဉ်းစားကြည့်တယ်၊ ဒါနှင့် ကြမ်းပြင်မှာ ပြန့်ကျဲနေတဲ့ ထင်းချောင်းတွေကို သေသေချာချာ ကြည့်တယ်၊ ကျုပ် ထင်တဲ့ ဟာကို ချက်ချင်း သွားတွေ့တာပဲ၊ ထင်းချောင်းကြီးဗျ၊ သုံးပေလောက် ရှိမယ် တစ်ဖက်ထိပ်မှာ ပြားလို့၊ အလယ်မှာလည်း အလွန် လေးတဲ့ အရာကြီး တစ်ခုနှင့် ဖိချေထားသလို နေရာ တော်တော်များများမှာ ဖွာထွက်ပြီး ပြားနေတယ်၊ ကြည့် ရတာကတော့ ကျောက်ဖျာကြီးကို မလည်း ပြီးရော ထင်းချောင်းကို ထိုးခုလိုက် ရတယ်၊ အဲဒီလို ထိုးခုပြီး လူတစ်ယောက်စာ ဝင်လောက်တော့မှ အဲဒီ ထင်းတုံး ကြီးနှင့် ကျောက်ဖျာကို ထောက်ထားလိုက်တယ်၊ ဒါကြောင့် တစ်ဖက် အဖျားမှာ ကြေပြီး အနားတွေ လန်ထွက်နေတာ၊ ဒီအထိတော့ ဟုတ်နေပြီ။

'ဒါပေမဲ့ မြေတိုက်ထဲ ရောက်တော့ ဘာလုပ်သလဲ၊ ဘာတွေ တွေ့သလဲ ဆိုတာကို ရှင်းဖို့ ကျန်သေးတယ်၊ မြေတိုက်ထဲကို တစ်ယောက်ပဲ ဆင်းလို့ ရတာကတော့ ရှင်းတယ်၊ ဆင်းတဲ့ လူဟာလည်း ဗရွန်တန်ပဲ ဖြစ်မယ်၊ ဒါလည်း ရှင်းတယ်၊ ကောင်မလေးက အပေါ်ကနေပြီး စောင့်ရမယ်၊ ဗရွန်တန်ဟာ သေတ္တာ ကြီးကို ဖွင့်ပြီး အထဲက ပစ္စည်းတွေကို ယူပြီးတော့ အပေါ်ကို လှမ်းပေးမယ်၊ ဒါ ကြောင့်မို့ သေတ္တာထဲမှာ ဘာမှ မတွေ့ရတော့တာပေါ့၊ ပြီးတော့ကော ဘာဖြစ် သလဲ။

'သူ့ကို သစ္စာ ဖောက်သွားတဲ့ ဗရွန်တန်ကို ကြည့်ရင်း ကြည့်ရင်း



ကောင်မလေး ဒေါသ ထွက်လာတယ်၊ လက်စား ချေချင်လာတယ်၊ ထင်းချောင်း ကို ပြုတ်လို့ ကျောက်ဖျာကြီး ပြန်ပိတ်သွားရင် ဗရွန်တန်ဟာ အထဲမှာ ဝူသွင်းပြီး သားလို ဖြစ်နေမယ်၊ ပြီးတော့ သူ့အနေနှင့် အသာကလေး နေလိုက်ရုံပဲ၊ ဘာမှ အပြစ် ရှာလို့ တွေ့မှာ မဟုတ်ဘူး၊ ဒီထက် ကောင်းတဲ့ အခွင့်အရေး ရှိပါဦးမလား၊ ဒါက တစ်ချက်၊ ကောင်းပြီ၊ လက်စားချေလိုတဲ့ ဆန္ဒ မရှိဘဲ ကောင်မလေးက တော်တဆ ထင်းချောင်းကို တိုက်မိလို့ ထင်းချောင်း ပြုတ်ကျပြီး ကျောက်ဖျာ ကြီး ပြန်ပိတ်သွားတာလည်း ဖြစ်နိုင်တယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကျောက်ဖျာ ကြီး ပြုတ်ကျသွားတော့ ကောင်မလေးဟာ ဗရွန်တန် လှမ်းပေးလိုက်တဲ့ ရတနာ သေတ္တာကို ပိုက်ပြီး ကျောက်တုံး လှေကား အတိုင်း အကြောက်ကြောက် အလန့် လန့်နှင့် ပြေးတက်လာတယ်၊ ကျောက်တုံးကြီး ပိတ်သွားလို့ မြေတိုက်ထဲမှာ ပိတ်မိရင်း အလန့်တကြား အော်နေတဲ့ ဗရွန်တန်ရဲ့ အော်သံကြီးကိုလည်း သူ ကြားမှာပဲ။

'ဒီတော့ ကောင်မလေး မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေတာ၊ ခုတစ်လော မှာ ကယောင်ကတမ်း ဖြစ်နေတာ၊ နောက်တစ်နေ့ မနက်ကျတော့ ငိုလား ရယ် သား ဖြစ်နေတာတွေဟာ ဒါကြောင့်ပဲ ဖြစ်ရမယ်ဗျ၊ ဒါပေမဲ့ သေတ္တာထဲမှာ ဘာတွေ ပါသလဲ၊ ဒီသေတ္တာကို သူ ဘာလုပ်သလဲ၊ ကန်ထဲက ဆယ်လို့ ရတဲ့ ကျောက်ခဲတွေ၊ ဖန်တုံးတွေ ဆိုတာ ဒီသေတ္တာထဲက ပစ္စည်းတွေပဲ ဖြစ်ရမယ်၊ ကောင်မလေးက သူ့ အပေါ် အပြစ် မရောက်အောင် ကန်ထဲကို ပစ်ချခဲ့တာ ဖြစ်ရမယ်။

'ကျုပ်လည်း မိနစ် နှစ်ဆယ်လောက် ထိုင်ပြီး စဉ်းစားကြည့်တယ်၊ တော်စ်ဂရေကတော့ မှန်အိမ်ကို ကိုင်ပြီး ကျောက်ဖျာကြီး ပွင့်နေတဲ့ မြေတိုက် ထဲကို ငုံ့ကြည့်ရင်း ရပ်နေတယ်၊ ပြီးတော့မှ သေတ္တာထဲက သတ္တုပြားတွေကို ကြည့်ပြီး သတ္တုပြားတွေကတော့ ပထမမြောက် ချားလ် ဘုရင် လက်ထက်က ဒင်္ဂါးဆံတွေပဲ၊ ဒီကျမ်းထုပ်ဟာ အဲဒီ အချိန်လောက်က ရှိခဲ့တဲ့ ကျမ်းထုပ်လို့ ကျွန်တော်တို့ မှန်းတာ မှန်သားပဲဗျ တဲ့။

'ဒီတုန်းမှာ ကျုပ်လည်း ကျမ်းထုပ် အညွှန်းမှာ ပါတဲ့ ပထမ စာပိုဒ် နှစ်ပိုဒ် သတိရလိုက်ပြီး

• ''ဒါလောက်တွင် မကသေးဘူးဗျ၊ ကျန်ရှိဦးမယ်၊ မှန်း ကန်ထဲက ဆယ်လို့ ရခဲ့တဲ့ အိတ်ထဲက ပစ္စည်းတွေကို ကြည့်ရအောင်''

'ဒါနှင့် ကျုပ်တို့လည်း သူ့ ဧည့်ခန်းကို ပြန်တက်လာခဲ့ကြတယ်၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ အိတ်ထဲက ပစ္စည်းတွေကို သွန်ချလိုက်တယ်၊ ကျုပ်က ကြည့်နေတုန်းမှာ မတ်စ်ဂရေ့ကတော့ ဒါကို သိပ် အရေးတကြီး ထားပုံ မရဘူးဗျ၊ အေးအေး အရေးထားစရာ အကြောင်းလည်း မရှိပါဘူး၊ သတ္တုပြားတွေကလည်း မည်းနေလို့၊ ကျောက်ခဲတွေကလည်း အရောင်အဆင်း မရှိ ဘာမရှိနှင့်ကိုး၊ ဒါနှင့် ကျုပ်က ကျောက်တုံး တစ်တုံးကို အင်္ကျီနှင့် ပွတ်ကြည့်လိုက်တယ်၊ သောက်ကျိုးနည်း ပွတ်လည်း ပွတ်ကြည့်လိုက်ရော ကျောက်ဟာ ကျုပ် လက်ထဲမှာ တောက်လာလိုက်တာဗျာ၊ တဖိတ်ဖိတ်နေတာပဲ၊ သတ္တုပြားကလည်း နှစ်ထပ် ရွှေကွင်းကြီးဗျ ဒါပေမဲ့ အပြား ခတ်ထားတော့ ကွင်းပုံ မရှိတော့ဘူး။

"ဗျို့ မတ်စ်ဂရေ့၊ ခင်ဗျား မှတ်မိသေးရဲ့လား၊ ချားလ် ဘုရင် နတ်ရွာစံပြီးသည့် အထိ အင်္ဂလန်မှာ ဘုရင်မရဲ့ မင်းမျိုးတွေ အုပ်ချုပ်နေသေးတယ်ဗျ နောက်ဆုံး နေလို့ မဖြစ်လို့ တိုင်းပြည်က ထွက်ပြေးရတဲ့ အခါကျတော့ အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေကို မြှုပ်ပစ်ခဲ့ကြတယ်၊ ပြန်လာတော့မှ တူးဖော်ယူမယ် ဆိုပြီး ထားခဲ့တာ"

"ကျွန်တော့် အမျိုးထဲက ဆာ ရာ့ဖ် မတ်စ်ဂရေ့ဟာ ချားလ် ဒုတိယမြောက်ရဲ့ လက်ရုံးကြီးဗျ၊ ကိုယ်ရံတော် ဗိုလ်မှူးတဲ့၊ ဘုရင် ထွက်ပြေးရတော့ သူလည်း ပါသွားသတဲ့"

"အလို ဟုတ်ပြီဗျို့၊ ဒီလိုဆိုရင် ကျုပ်တို့ ကြိုးတန်းကြီးမှာ ကျုပ်တို့ လိုချင်တဲ့ ဆက်ထုံးကို ရပြီ၊ ဒီ အဖိုးတန် ပစ္စည်းတွေကို ပြန်ရပုံက ဒုက္ခ သုက္ခတွေ ဖြတ်သန်းပြီးမှ ရခဲ့ပေမဲ့ ဒီလောက် အဖိုးတန်တဲ့ ပစ္စည်းတွေကို ပြန်ရတဲ့ အတွက် ခင်ဗျား အစား ဝမ်းသာပါတယ်ဗျာ၊ ငွေကြေးအားဖြင့်သာ မကဘူး၊ ရာဇဝင် တန်ဖိုး အနေနှင့်လည်း တန်ဖိုး ရှိပါပေတယ်"

"အလို ဒါဖြင့် ဒါက ဘာပစ္စည်းမို့လို့လဲဗျာ"

"တခြား ပစ္စည်း ဟုတ်ပါရိုးလားဗျား၊ ရှေးအင်္ဂလိပ် မင်းတွေ အစဉ်အဆက် ဆောင်းခဲ့တဲ့ နန်းစဉ် သရဖူကြီးပေါ့"

"သရဖူကြီး ဟုတ်စ"

"ဟုတ်သဗျ၊ ကျမ်းညွှန်းကို ကြည့်လေ၊ ထူးဆန်း ထွေလာ ထိုအရာ မည်သူ့ ဥစ္စာနည်း၊ သိပ်သိပ်သည်းသည်း၊ အရနည်း သွားလေသူ ပစ္စည်းတဲ့ဗျ အဲဒါက ပထမမြောက် ချားလ် အသတ်ခံခဲ့ရပြီးတဲ့နောက် ရေးခဲ့တဲ့ အညွှန်း အလှအပ ကိုင်တွယ်ကြ၊ မည်သူ ရသနည်း၊ မှုမှုတတ ယူလေကြ၊ နောက်ဗျ ရမည်တည်းလို့ ဆိုထားတယ်ဗျ၊ ဒါက နောက်တက်မယ့် ဒုတိယမြောက် ချားလ်



ကို ပြောတာ၊ အဲဒီတော့ ခု ကျုပ်တို့ မြင်နေရတဲ့ သတ္တုပြားပြားကြီးဟာ တခြား မဟုတ်ပါဘူးဗျာ၊ စတူးဝပ် မင်း အဆက်ဆက်တို့ရဲ့ ဦးခေါင်းပေါ်မှာ ဆောင်းခဲ့တဲ့ သရဖူကြီးပါပဲ"

"ဘာဖြစ်လို့ ကန်ထဲကို ရောက်နေရတာလဲ"

"အင်း၊ ဒီမေးခွန်းကတော့ အချိန်ယူပြီး ဖြေရမယ့် မေးခွန်းပေပဲဗျ" လို့ ပြောပြီး ကျုပ်က ကျုပ် တွေးလုံးတွေနှင့် အထောက်အထားတွေကို ရှင်းပြတယ်ဗျ၊ ကျုပ် ရှင်းပြလို့ ပြီးတဲ့အခါကျတော့ နေဝင်သွားလို့ လကလေးတောင် ထွက်လာပြီ။

"နေစမ်းပါဦးဗျာ၊ ချားလ် ကိုယ်တော်ကြီး ပြန်ရောက်လာတဲ့ အခါကျတော့ ဘာဖြစ်လို့ ဒီသရဖူကြီးကို ပြန်မရခဲ့တာလဲ" လို့ မတ်စ်ဂရေ့က သရဖူကြီးကို အိတ်ထဲ ထည့်ရင်း မေးတယ်ဗျ။

"အင်း ကျုပ်တို့ ဘယ်တော့မှ ဖြေနိုင်မှာ မဟုတ်တဲ့ မေးခွန်းကို ခင်ဗျားမို့လို့ မေးရက်ပလေတယ်ဗျာ၊ ဖြစ်နိုင်တာကတော့ ဘုရင်မရဲ့ ပစ္စည်းတွေကို ဝှက်ပစ်ခဲ့တဲ့ မတ်စ်ဂရေ့ မျိုးထဲက ကိုယ်ရံတော်ဟာ ဒီကြားထဲမှာ ကွယ်လွန်သွားလို့ရင်လည်း ဖြစ်နိုင်တယ်၊ သူ့ ဆွေစဉ် မျိုးဆက်ကို သိအောင်လို့ အညွှန်းတော့ ရေးပေးခဲ့သားပဲ၊ ဒီလိုနှင့် ခင်ဗျားတို့ ဆွေစဉ် မျိုးဆက် ဆင်းသက်လာခဲ့ကြတာ နောက်ဆုံး သိတဲ့ လူတစ်ယောက် ပေါ်လာတဲ့ အခါကျတော့ သူ့ အသက်ကို သူ အသက် ဆုံးရှုံးခံပြီး ယူသွားပါပကောလားဗျ"

'ကဲ ဝပ်ဆင်ရေ့၊ ဒါကတော့ မတ်စ်ဂရေ့ ကျမ်းစာထုပ်နှင့် ပတ်သက်တဲ့ အဖြစ်အပျက်ပဲဗျ၊ အဲဒီ သရဖူကြီးဟာ ခုထက်ထိ ဟားလ်စတုန်း စံအိမ်မှာ ရှိသေးတယ်၊ သို့သော်လည်း အစိုးရနှင့် တရားတဘောင် ဖြစ်နေတဲ့ အတွက် လုံးလုံးတော့ မပိုင်သေးဘူး၊ အတော်များများ လျော်ကြေး ပေးမှ အပိုင် ရမယ် ဆင်တယ်၊ ခင်ဗျား ကြည့်ချင်တယ် ဆိုရင် ကျုပ် နာမည်ကို ပြောလိုက်ပါ၊ ပြပါလိမ့်မယ်၊ ကောင်မလေး အကြောင်းတော့ နောက်ထပ် ဘာမှ မကြားရတော့ဘူးဗျ၊ ရာဇဝတ် ဘေးကို ကြောက်ပြီး အင်္ဂလန်ကနေ တိုင်းတစ်ပါးကို ထွက်ပြေးပြီ ထင်ပါရဲ့'

[မူရင်း ဝတ္ထု *The Adventure of The Musgrave Ritual.* ရှေ့ခေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'သိုက်ဆရာ တစ်ယောက်၏ အမှု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



www.burmeseclassic.com

www.burmeseclassic.com

# သားနှင့် အဖေ



အချိန်မှာ ၁၈၈၇ ခုနှစ် နွေဦးပေါက် ဖြစ်လျက် ပင်ပင်ပန်းပန်း အလုပ် လုပ်ခဲ့ခြင်းကြောင့် မိတ်ဆွေကြီး ရှားလော့ဟုမ်း တစ်ယောက် အိပ်ရာထဲတွင် ဗုန်းဗုန်း လဲခဲ့ပြီး နာလန်မထမီ အချိန် ဖြစ်လေ၏။ နယ်သာလင် စုမတြား ကုမ္ပဏီနှင့် အမတ်ကြီး ဘေရွန် မော်ပါတူးအစ်တို့၏ အမှုမှာ ထိုအချိန်၌ အများပြည်သူတို့၏ စိတ်တွင် ပူပူ…နွေး ဖြစ်လျက် ရှိရုံမျှမက နိုင်ငံရေးနှင့် လည်းကောင်း၊ စီးပွားရေးနှင့် …ည်းကောင်း ပတ်သက်လျက် ရှိရကား ထိုအကြောင်းများကို ယခု မှတ်တမ်း…င် ရေးသား ဖော်ပြရန် အတန်ငယ် စောနေသေးသည်ဟု ကျွန်ုပ် ယူဆမိပေ၏။ …ရာတွင် ထိုအမှုမှာ ဆန်းပြား ရှုပ်ထွေးသည့် ပြဿနာ တစ်ရပ် ဖြစ်သည့် …လျှာက် ရာဇဝတ်မှု နှိမ်နင်းရေးတွင် တစ်သက်လုံး ကြိုးပမ်းခဲ့သော ကျွန်ုပ်၏ …တ်ဆွေကြီး အဖို့သော်မူ ဉာဏ်စွမ်း ဉာဏ်စကို ပြနိုင်ခဲ့သည့် အခွင့်အရေးကြီး …စ်ရပ် ဖြစ်ခဲ့ပေ၏။

ကျွန်ုပ်၏ မှတ်တမ်းများကို ပြန်ကြည့်လိုက်သည့် အခါတွင် မိတ်ဆွေ…း ရှားလော့ဟုမ်းသည် ဒုလောင် ဟိုတယ်၌ မကျန်းမမာ ဖြစ်လျက် ရှိကြောင်း … ပြင်သစ်ပြည် လေယွန် မြို့မှ ရိုက်လိုက်သော ကြေးနန်း တစ်စောင်ကို …ပြီလ ၁၄ ရက်နေ့တွင် ရရှိသည်ဟု မှတ်သားထားသည်ကို တွေ့ရလေ၏။ ထို …ကြေးနန်းကို ရပြီးနောက် နှစ်ဆယ့်လေးနာရီ အတွင်း၌ ကျွန်ုပ်သည် ရှားလော့…မ်း၏ အနီးတွင် ရောက်လျက် ရှိပြီး ရောဂါ လက္ခဏာ ကြီးကြီးကျယ်ကျယ် …တွေ့ရသည့် အတွက် စိတ်သက်သာရာ ရမိပေ၏။ သို့ရာတွင် နှစ်လ…ိုင်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းထန်ထန် လိုက်လံ စုံစမ်းခဲ့ခြင်းကြောင့် များစွာ ပင်ပန်းခဲ့ရကား သူ့ သံမဏိလို ကြံ့ခိုင်သော ကိုယ်ခံ စွမ်းအားမှာ ယိုင်နဲ့သွားခဲ့လေပြီ။ ထိုနှစ် အတွင်း၌ ရှားလော့ဟုမ်းသည် နေ့စဉ် တစ်နေ့လျှင် ဆယ့်ငါးနာရီထက် မနည်း အလုပ် လုပ်ခဲ့ပြီး တစ်ခါတစ်ရံတွင်မူ ငါးရက်ခန့်မျှ မအိပ်မနေ အလုပ် လုပ် ကြောင်းဖြင့် သိရလေ၏။ အမှုကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သည့်တို ရှားလော့ဟုမ်းမှာ ထိုမျှလောက် ပင်ပင်ပန်းပန်း အလုပ် လုပ်ခဲ့သည့် အတွ ဒဏ်ခံနေရလေပြီ။ ထိုအချိန်၌ သူ့ နာမည်မှာ ဥရောပတိုက် တစ်ခွင်တွင် ဟိုး တကျော် ဖြစ်၏ကာ ထိုအမှု အောင်မြင်အောင် လိုက်နိုင်ခဲ့သည့် အတွက် ချီးကျ သော ကြေးနန်းစာများ အခန်းတွင်းသို့ ပလူပျံသည့်နှယ် ရှိအောင် တဖွဲဖွဲ ရော ရှိလျက် ရှိသည့်တိုင် ရှားလော့ဟုမ်းမှာမူ ထိုအရာများကို အရေးသာ မစံနိုင် အကြီးအကျယ် စိတ်ဓာတ် ကျဆင်းလျက် ရှိသည်ကို တွေ့ရပေ၏။ နိုင်ငံ သုံးနိုင်ငံမှ ပုလိပ်များ လက်မှိုင်ချခဲ့ကြသည့် အမှုကို ရအောင် ဖော်ထုတ်ခဲ့ခြ ဥရောပတိုက်တွင် ဉာဏ် အသွားဆုံး ကမ္ဘာကျော် အလိမ် ဝိဇ္ဇာ တစ်ဦး နေရာတိုင်းတွင် လက်တစ်လုံးခြားဖြင့် အနိုင်ယူခဲ့ခြင်း စသည့် ကျေနပ်လော သည့် ဆုကြီးများကို ရခဲ့သည့်တိုင် ထိုဆုကြီးများသည် ရှားလော့ဟုမ်းအ အိပ်ရာထဲမှ ထလာအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိကြချေ။

သုံးရက်မျှ ကြာသည့် အခါ၌ ကျွန်ုပ်တို့သည် ဘေကာလမ်းရှိ ကျွန်ုပ် နေထိုင်ရာ တိုက်ခန်းသို့ ပြန်ရောက်လာခဲ့ကြ၏။ သို့ရာတွင် ကျွန်ုပ်၏ မိတ် ကြီး အဖို့ အပြောင်းအလဲ လိုရုံမျှမက ကျွန်ုပ် ကိုယ်တိုင်ကလည်း နွေဦးပေါ တွင် ကျေးလက်သို့ သွား၍ အေးအေးလူလူ အနားယူလိုစိတ် ပေါ်ပေါက်လျ ရှိလေ၏။ အာဖဂန်နစ္စတန်ပြည်တွင် ရှိစဉ် ကျွန်ုပ်သည် ဗိုလ်မှူးကြီး ဟေတ ဆိုသူကို ဆေးဝါး ကုသပေးခဲ့ဖူးရာ ယခုအချိန်၌ ဗိုလ်မှူးကြီး ဟေတာမှာ ဆာ နယ် ရေးဂိတ် အနီးတွင် အိမ်တစ်ဆောင်ကို ဝယ်ယူပြီးနောက် အခြေတ နေထိုင်လျက် ရှိရာမှ သူ့ထံသို့ အလည် လာရောက် နေထိုင်ရန် မကြာခ စာရေးဖူးသည်ကို အမှတ်ရမိလေ၏။ နောက်ဆုံး စာတွင် ကျွန်ုပ်၏ မိတ်ဆွေ ရှားလော့ဟုမ်း လိုက်ပါနိုင်မည် ဆိုပါက သူ့ကိုလည်း ဝမ်းမြောက်ဝမ်းသ ဖိတ်ခေါ်ပါကြောင်းဖြင့် ပါရှိလေ၏။ အမှန်အားဖြင့် ထုံးတမ်းစဉ်လာ အ ရှားလော့ဟုမ်းအား တိုက်ရိုက် ဖိတ်ကြားရန် လိုအပ်သော်လည်း ဗိုလ်မှူးကြ ဟေတာမှာ တစ်ဦးတည်း နေထိုင်သည့် လူပျိုကြီး ဖြစ်သည့် အတွက်ကြော တစ်ကြောင်း၊ ဗိုလ်မှူးကြီး ဟေတာ၏ အိမ်တွင် လွတ်လွတ်လပ်လပ် ကြိုက်သ





နိုင်သည်ကို သိသည့် အတွက်ကြောင့် တစ်ကြောင်း ရှားလော့ဟုမ်းသည် ထုံးတမ်းစဉ်လာ အရ ဖိတ်ကြားချက် ရသည် မရသည်တို့ကို ဂရုမစိုက်တော့ဘဲ ကျွန်ုပ်၏ အကြံအစည်ကို လက်ခံလိုက်လေ၏။

သို့ဖြင့် လေယွန်မှ ပြန်ရောက်ပြီး ရက်သတ္တ တစ်ပတ် အကြာတွင်မူ ကျွန်ုပ်တို့သည် ဗိုလ်မှူးကြီး ဟေတာ၏ အိမ်တွင် ရောက်လျက် ရှိကြလေ၏။ ဗိုလ်မှူးကြီး ဟေတာမှာ အတွေ့အကြုံ ကြွယ်ဝသည့် စစ်သားဟောင်းကြီး တစ်ယောက် ဖြစ်သည့် အလျောက် ရောက်ပြီး မကြာမီ အတွင်း၌ ကျွန်ုပ် ထင်ခဲ့သည့် အတိုင်းပင် ရှားလော့ဟုမ်းနှင့် ဗိုလ်မှူးကြီး ဟေတာတို့မှာ ငယ်ပေါင်းကြီးဖော်များ …ာ ရင်းနှီးသွားခဲ့ကြလေပြီ။

ရောက်သည့် ညနေ၌ ကျွန်ုပ်တို့သည် ညစာ စားသောက်ပြီးနောက် ဗိုလ်မှူးကြီး ဟေတာ၏ လက်နက်ခန်းထဲတွင် ထိုင်လျက် ရှိကြလေ၏။ ရှားလော့ဟုမ်းမှာ ဆိုဖာကြီး တစ်လုံးပေါ်တွင် ခြေဆန့် ထိုင်လျက် ရှိပြီး ဗိုလ်မှူးကြီး ဟေတာနှင့် ကျွန်ုပ်မှာ လက်နက်ခန်းထဲရှိ လက်နက်များကို လျှောက်ကြည့်လျက် ရှိကြလေ၏။

'ဪ ခုမှ အမှတ်ရတယ်၊ အရေး ကြုံရင် သုံးရအောင် သေနတ်လေး တစ်လက်တော့ အိပ်ခန်းထဲ ယူထားမလို့ဟာ မေ့နေတယ်၊ ဒီနေ့ညတော့ ယူရမယ်'

'အရေး ကြုံရင် ဟုတ်လား' ဟု ကျွန်ုပ်က မေးလိုက်၏။

'ဟုတ်တယ် ခင်ဗျ၊ ခုတစ်လော ကျွန်တော်တို့ နယ်မှာ သူခိုး ထနေတယ်၊ ကျွန်တော်တို့ နယ်က မျက်နှာဖုံးကြီး တစ်ဦး ဖြစ်တဲ့ အက်တန်ရဲ့ အိမ်ကို တနင်္လာနေ့ ညတုန်းကတွင် ဖောက်သွားသေးတယ်၊ ပစ္စည်းကတော့ များများစားစား မပါပါဘူး၊ ဒါပေမဲ့ သူခိုးကိုတော့ ခုထိ မမိသေးဘူးဗျ'

'သဲလွန်စကလေး ဘာလေးမှ မရဘူးလားဗျ' ဟု ရှားလော့ဟုမ်းက ဗိုလ်မှူးကြီးကို မေးလိုက်သည်။

'ခုထိတော့ ဘာမှ မရသေးဘူး ခင်ဗျ၊ ဒါပေမဲ့ အမှုသေးကလေးပါဗျ၊ နယ်မှာ ဖြစ်နေကျပါ၊ စုံထောက်ကြီးလို ကမ္ဘာကျော် အမှုတွေ ကိုင်လာတဲ့ လူအဖို့ ဝင်လို့ မကောင်းပါဘူး'

ရှားလော့ဟုမ်းသည် သူ့အား ချီးကျူး ပြောဆိုသည်ကို လက်မခံသော်လည်း ထိုသို့ ပြောလိုက်သည့် အတွက် ကျေနပ်လျက် ရှိကြောင်းကိုမူ သူ့မျက်နှာက ဖော်ပြလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဝင်စားစရာကလေးများ မပါဘူးလားဗျ'

'မပါဘူး ထင်တာပဲ၊ သူခိုးက စာကြည့်တိုက်ကို ဝင်ပြီး မွှေနှောက်သွားတယ်ဗျ၊ ခဲရာခဲဆစ် လုပ်ရပေမဲ့ ဘာမှ ရသွားဟန် မတူဘူး၊ မွှေနှောက်လိုက်တာကတော့ ပွစာကို တက်နေတာပဲ၊ အံဆွဲတွေကို မှောက် နံရံကပ် ... တွေကို မွှေနှင့် တော်တော် စိမ်ပြေနပြေ လုပ်သွားတာ ခင်ဗျာ၊ ပါသွားတာ ... တော့ ဘာမှ ဒီလောက် မဟုတ်ဘူး၊ ပုတ် ရေးတဲ့ ဟိုးမား အတ္တုပ္ပတ္တိ ... တစ်တွဲရယ်၊ ငွေဖယောင်းတိုင် ခုံ နှစ်ခုံရယ်၊ စာရွက် ဖိတဲ့ ဆင်စွယ်တုံး ... တုံးရယ်၊ ဝက်သစ်ချသား အိမ်နှင့် ထည့်ထားတဲ့ ပြဒါးတိုင် တစ်တိုင်ရယ် ... အပ်ချည်လုံး တစ်လုံးရယ် ပါသွားဆို ထင်ပါရဲ့'

'ပစ္စည်းကတော့ သဗ္ဗရုန်းပေါင်းကို စုံလို့ပါလားဗျ' ဟု ကျွန်ုပ်က မ... ၏။

'စုံမှာပေါ့ဗျ၊ တွေ့ရာ ကောက်ဆွဲသွားမှာကိုး'

ရှားလော့ဟုမ်းက ဆိုဖာတွင် ထိုင်ရင်းမှ ညည်းရင်းလိုက်၏။

'ပုလိပ်က ဒီအပေါ်မှာ တည်ပြီး စဉ်းစားပုံ ရတယ်၊ ကြည့်ရတာကတော့ ...

ကျွန်ုပ်က ရှားလော့ဟုမ်းကို သတိပေးသည့် အနေဖြင့် လက်ညှိုး... ထောင်ပြလိုက်ရင်း



ကျွန်ုပ်က ရှားလော့ဟုမ်းကို သတိပေးသည့် အနေဖြင့်
လက်ညှိုးကို ထောင်ပြလိုက်ရင်း . .



ရှားလော့ဟုမ်း၏ ... မွေစွာရှင်စာကြည့်တိုက်

'ဗျို့ ဆရာကြီး၊ ခင်ဗျား ဒီကို ... နော်၊ အခု ...ကြာတွေက အဝတ်စုတ်က အပ်ချည်မျှင်တွေလို အမြွှာမြွှာ ဖြစ်နေတုန်းမှာ ...သနာသစ် ရှာမနေနှင့်'

ရှားလော့ဟုမ်းက ပြောင်သလို နောက်သလိုဖြင့် ဗိုလ်မှူးကြီးဘက်သို့ ...ပြီး ပခုံး တွန့်ပြလိုက်လေ၏။ သို့ဖြင့် ကျွန်ုပ်တို့သည် အခြား အကြောင်း ...များကို ပြောဆိုလျက် ရှိကြလေ၏။

သို့ရာတွင် ဆရာဝန် တစ်ယောက် အနေဖြင့် ကျွန်ုပ်၏ သတိပေးချက် ...မှာ အဟောသိကံ ဖြစ်ရလေ၏။ အကြောင်းမူ နောက်တစ်နေ့ မနက်တွင် ကျွန်ုပ်တို့ အနေဖြင့် ရှောင်လွှဲ၍ မရလောက်အောင် ပြဿနာနှင့် ရင်ဆိုင် တိုးနေ ...ကြောင့် ဖြစ်ပေ၏။ သို့ဖြင့် အနားယူဖို့ ကျေးလက်သို့ လာရောက်သော ကျွန်ုပ်တို့ နှစ်ယောက်မှာ မမျှော်လင့်သော အဖြစ်အပျက်နှင့် ကြုံတွေ့ခဲ့ရလေ ... ကျွန်ုပ်တို့သည် မနက် လက်ဖက်ရည် သောက်လျက် ရှိကြစဉ် ဗိုလ်မှူး ...၏ ဘဏ္ဍာစိုးသည် ဣန္ဒြေပင် မဆည်နိုင်တော့ဘဲ အူယားဖားယားဖြင့် ခြေး ...တာ 'ဗိုလ်မှူး၊ ဗိုလ်မှူး ကြားပလား ခင်ဗျ၊ ကမ်နင်ဟမ်တို့ အိမ်မှာ ခင်ဗျ' ... အသက်ကိုမျှ မရှူနိုင်ဘဲ အမောတကောဖြင့် ပြောလေ၏။

'ဘာလဲကွ၊ ခိုးသွားပြန်ပလား' ဟု ဗိုလ်မှူးကြီးက လက်ဖက်ရည် ပန်း...ကို လက်တွင် ကိုင်ရင်း မေးလိုက်၏။

'လူသတ်သွားလို့ ခင်ဗျ'

'ဟေ၊ ဘယ်သူ အသတ်ခံရတာလဲ၊ အဖေကြီးလား၊ သားလား'

'မဟုတ်ဘူး ခင်ဗျ၊ ရထားသမား ဝီလျံရယ်၊ ရင်ဘတ်ကို တည့်တည့် ...သွားတာ ခင်ဗျ၊ ပွဲချင်းပြီးပဲ'

'ဒါဖြင့် သတ်တဲ့ လူက ဘယ်သူလဲ'

'သူခိုး ပစ်သွားတာ ခင်ဗျ၊ ပစ်ပြီး တစ်ခါတည်း ထွက်ပြေးသွားတယ် ... စတိုခန်းကို ဖောက်ပြီး အထဲ ဝင်နေတုန်းမှာ ဝီလျံနှင့် သွားတိုးတာ၊ ဒီ ... သူခိုးက သူ့ကို ပစ်ပြီး ထွက်ပြေးတာ'

'ဘယ်အချိန်ကလဲ'

'မနေ့ညက ဆယ့်နှစ်နာရီလောက်မှာတဲ့ ခင်ဗျ'

ဗိုလ်မှူးကြီးသည် လက်ဖက်ရည်ကို အေးဆေးစွာ သောက်ရင်း

'အေး၊ ဟုတ်ပြီလေ၊ ငါတို့ သွားကြည့်လိုက်ဦးမယ်'

ဘဏ္ဍာစိုး ပြန်ထွက်သွားသည့် အခါတွင် ဗိုလ်မှူးကြီးက



www.burmeseclassic.com

www.burmeseclassic.com



'အခြေအနေကတော့ မကောင်းဘူးဗျ၊ ကမ်နင်ဟမ် ဆိုတာ ကျွန်တော် တို့ နယ်တစ်ဝိုက်မှာ ဩဇာတိက္ကမ ရှိတဲ့ လူချမ်းသာ၊ မြေပိုင်ရှင်၊ ရိုးရိုး ရိုးတယ်၊ ရထားသမား ဝီလျံက သူ့ဆီမှာ ရထား မောင်းလာတာကို တော်တော် ကြာလှပြီ၊ သစ္စာလည်း ရှိတယ်၊ အဘိုးကြီးတော့ တော်တော် စိတ်ထိခိုက် မှာပဲ၊ ဟိုတစ်လောက အက်တန်ရဲ့ အိမ်ကို ဖောက်တဲ့ ကောင်ပဲ ဖြစ်မှာပဲ'

'တိုလီမိုလီ ပစ္စည်းတွေကို ခိုးသွားတဲ့ကောင် ဆိုတာလား' ဟု ရှားလော့ ဟုမ်းက စဉ်းစားနေရာမှ မေးလေ၏။

'ဟုတ်တယ်'

'ကြည့်လိုက်ရင်တော့ ဘာမှ မဟုတ်ဘူးဗျ၊ သာမန် အမှုသေးကလေး ဒါပေမဲ့ တိုလီမိုလီကလေးတွေကိုချည်း ယူသွားတယ် ဆိုတော့ အဆန်းသား ဗျ၊ တောမှာ လှော်ခိုးနေတဲ့ သူခိုးတွေဟာ ဖောက်ထွင်းမယ့် နေရာ ကွဲရာ သို့သော်လည်း ရက် အနည်းငယ် အတွင်း နယ်တစ်နယ်ထဲမှာ နှစ်ကြိမ် ဆက် တိုက် ဖောက်ထွင်းတယ် ဆိုတာမျိုးကတော့ ခပ်ရှားရှားပဲ၊ မနေ့ညက ခင်ဗျား အခန်းထဲကို သေနတ် ယူပြီး ထားဦးမှလို့ ပြောတုန်းကတောင် ကျုပ် စဉ်းစား မိသေးတယ်၊ ဆာရေးဟာ အင်္ဂလန်မှာ သူခိုး သူဝှက် အင်မတန် နည်းတဲ့ နေ ပါ၊ ခုတော့ ဘယ့်နှယ် ဖြစ်တာလဲလို့ တွေးမိသေးတယ်၊ အေးလေ ကျုပ် ဗဟုသုတ နည်းတယ် ဆိုတာ ပြတာပေါ့'

'ကျွန်တော်ကတော့ နယ်ခံ လူတွေပဲ ဖြစ်မယ်လို့ ထင်တာပဲ၊ ဒီနယ် တစ်ဝိုက်မှာ အက်တန် အိမ်နှင့် ကမ်နင်ဟမ်ရဲ့ အိမ်တွေက အကြီးဆုံး ဆိုတော့ သူခိုးကလည်း အကြီးဆုံး အိမ်တွေကို ဝင်မှာ မုချပဲ ခင်ဗျ'

'အချမ်းကော အချမ်းသာဆုံးလား'

'အင်း၊ အမှန်ကတော့ အချမ်းသာဆုံး ဖြစ်သင့်တာပေါ့လေ၊ ဒါပေမဲ့ နှစ်ယောက် တရား ဖြစ်ကြလို့ ခုတော့ တရား စရိတ်နှင့်ပဲ နှစ်ယောက်စလုံး မွဲကြပြီ ထင်ပါရဲ့၊ အက်တန်က ကမ်နင်ဟမ်ရဲ့ မြေထဲမှာ သူ့ မြေတွေ ပါတယ် တရားစွဲတယ် ခင်ဗျ၊ ဝတ်လုံတွေ ပွလိုက်ကြတာ၊ ဘာပြောကောင်းမလဲ ခင်ဗျား'

ရှားလော့ဟုမ်းက သမ်းလိုက်ရင်း

'ကိုယ့် နယ်ခံ လူဆိုး ဆိုရင်တော့ လိုက်ရတာ သိပ်ခက်မှာ မဟုတ် ပါဘူးဗျာ၊ ကဲ ဒေါက်တာ၊ ခင်ဗျား စကားကို ကျုပ် နားထောင်မယ်နော် ဒီကိစ္စထဲ ဝင်မရှုပ်တော့ဘူး'

ထိုစဉ် တံခါး ပွင့်လာကာ ဘတ္တာစိုး ရောက်လာပြီး



'ပုလိပ် အင်စပက်တော် ဖော်ရက်စတာ လာပါတယ် ခင်ဗျာ' ဟု ပြောလေ၏။



'ပုလိပ် အင်စပက်တော် ဖော်ရက်စတာ လာပါတယ် ခင်ဗျာ'

ဥပဓိ ရုပ် ကောင်းကောင်း၊ ကောင်းကို စတိုင် ကျကျ ဝတ် ထားသည့် ပုလိပ် အရာရှိသည် ခန်းထဲသို့ ဝင်လာပြီးလျှင် 'ဂွတ် မောနင်း ကာနယ်' ဟု နှုတ်ဆက် ၏ ပြီးမှ

'နှောင့်ယှက်တယ်လို့တော့ အောက်မေ့ပါနှင့် ခင်ဗျာ၊ ဘောကာ က စုံထောက်ကြီး ရှားလော့ ဟုမ်း ရောက်နေတယ် ကြားလို့ပါ'

ဗိုလ်မှူးကြီးက ကျွန်ုပ်၏ သူကြီးကို လက်ညှိုး ထိုးပြ သည့် အခါတွင် ပုလိပ် အင်စပက်တော်သည် ဦးညွှတ်၍ နှုတ်ဆက်လိုက် နောက်

'ခု ဒီကိစ္စမှာ စုံထောက်ကြီး ဝင်ကိုင်စေချင်ပါတယ် ခင်ဗျာ'

ရှားလော့ဟုမ်းက ရယ်လိုက်လျက်

'ကဲ ဘယ့်နှယ် ရှိစ ဝပ်ဆင်၊ ခုတစ်လော ခင်ဗျား ဇာတာ နည်းနည်း နေတယ် ထင်တယ်၊ စကားတို့ အကြံအစည်တို့ မအောင်ချင်ဘူး၊ အင်စပက် တော်ကြီးရေ၊ ကျုပ်တို့လည်း ခုတွင် ဒီအကြောင်း ပြောနေကြတာပဲဗျ၊ ကဲ သေးစိတ်ကလေးများ ကြားရအောင်ဗျာ၊ ဆိုစမ်းပါဦး'

ရှားလော့ဟုမ်းသည် ကုလားထိုင် နောက်မှီကို မှီ၍ ထိုင်လိုက်သည်တွင် ကျွန်ုပ်မှာ သူ့ အမူအရာကို မြင်လိုက်သည်နှင့် အမှုမှာ မျှော်လင့်ချက် မရှိလှ ကြောင်းကို ရိပ်မိလိုက်လေပြီ။

'အက်တန်ရဲ့ အိမ်ကို ဖောက်တဲ့ ကိစ္စမှာတုန်းကတော့ ကျွန်တော်တို့မှာ သဲလွန်စ သိပ်မရဘူး ခင်ဗျ၊ ဒါပေမဲ့ ခုကိစ္စမှာတော့ သဲလွန်စ တော်တော်များများ ရှိပါတယ်၊ ပြီးတော့ နှစ်အိမ်စလုံးကို ဖောက်တဲ့ အဖွဲ့ဟာ တစ်ဖွဲ့တည်း ဆိုတာလည်း ထင်ရှားပါတယ်၊ လူကိုလည်း မြင်လိုက်သူတွေ ရှိတယ် ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား'

'ဟုတ်ကဲ့ ရှိပါတယ်၊ ဒါပေမဲ့ ရထားသမား ဝီလျံကို ပစ်လည်း ပြီး သမင်များလို လှစ်ခနဲ ထွက်ပြေးသွားတယ် ခင်ဗျ၊ သူ့ကို မစ္စတာ ကမ်နင်ဟမ် အိမ်ခန်း ပြတင်းပေါက်ကနေပြီး မြင်လိုက်ရတယ်၊ သူ့သား အဲလက် က ဟမ်ကလည်း နောက်ဖေး အဆောင်ကူး လမ်းကြားထဲကနေ မြင်လိုက်ရတယ် အဲဒီ အချိန်က ဆယ့်နှစ်နာရီ ထိုးဖို့ ဆယ့်ငါးမိနစ် လိုသေးတယ်၊ မစ္စတာ နင်ဟမ်က အိပ်ရာဝင်ပြီး သူ့သား အဲလက်ကတော့ အခန်းထဲမှာ ဆေးတံ သော နေတုန်းတဲ့ ခင်ဗျ၊ ရထားသမား ဝီလျံ အော်လိုက်တဲ့ အသံကို နှစ်ယောက်စ ကြားလိုက်ရတယ်၊ အဲလက်ကတော့ ဘာများပါလိမ့် ဆိုပြီး အောက်ထပ် ပြေးဆင်းလာတယ်၊ နောက်ဖေးပေါက်ကြီးက ပွင့်လို့တဲ့၊ သူက လှေကား ရောက်တဲ့ အခါကျတော့ အပြင်ဘက်မှာ လူနှစ်ယောက် လုံးထွေး သတ်ပုတ် တာကို မြင်ရသတဲ့၊ တစ်ယောက်က သေနတ်နှင့် ပစ်လိုက်တော့ တစ်ယော လဲကျသွားတယ်တဲ့၊ လူသတ်သမား လမ်းပေါ် ရောက်ပြီး ပျောက်သွားတာ အိမ်ခန်း ပြတင်းကနေ လှမ်းပြီး မြင်လိုက်ရတယ်တဲ့၊ အဲလက်က လဲကျနေ လူကို ထူနေတုန်းမှာ လူဆိုးက လွတ်လွတ်ကျွတ်ကျွတ်ကြီး ထွက်ပြေးသွား တဲ့၊ လူက အရပ်အမောင်း သင့်သင့်၊ အဝတ်နက် ဝတ်ထားတယ် ဆိုတာလော က လွဲပြီး ဒီပြင်တော့ ဘာ သဲလွန်စမှ ရှာလို့ မရသေးဘူး စုံထောက်ကြီး ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးတော့ ကြိုးစားလိုက်နေတာပဲ၊ တစ်နယ် လာတဲ့ လူစိမ်း ဆိုရင်တော့ တွေ့မှာပါ'

'ဝီလျံက အဲဒီ အပြင်ဘက်ကို ဘာဖြစ်လို့ ရောက်သွားတာလဲ၊ ပြီးတော့ မသေခင်မှာ ဘာပြောသွားသေးသတဲ့လဲ'

'ဘာမှ မပြောသွားဘူး ခင်ဗျ၊ သူက နောက်ဖေး တန်းလျားမှာ သူ့ အမေအိုကြီးနှင့် နေတယ်၊ ဝီလျံက သစ္စာ ရှိသူ ဖြစ်လေတော့ အိမ်ဘက် သွားကြည့်ဟန် တူတယ် ခင်ဗျ၊ တစ်လောကတွင် အက်တန်တို့ အိမ်မှာ အ ခံရတော့ ဒီနား တစ်ဝိုက်မှာ အမြဲ သတိနှင့် ကြရတာ မဟုတ်လား ခင်ဗျ၊ ဝီလျံ ရောက်သွားတော့ သူခိုးက အထဲကို ရောက်ကာစကလေး ရှိသေးသ သော့ကို ချိုးပြီး ဝင်လာတာ'

'အိမ်ဘက်ကို သွားမကြည့်ခင် ဝီလျံက သူ့ အမေကြီးကို ပြောသွား သေးသတဲ့လား'

'အဘွားကြီးက အသက်လည်း တော်တော် ကြီးပြီ ခင်ဗျ၊ နားကလည်း





သေးတယ်၊ သူ့ဆီကတော့ ဘာမှ မေးလို့ ရမှာ မဟုတ်ဘူး၊ ပြီးတော့ သား သေသွားတော့ အဘွားကြီး ကြောင်တောင်တောင်လည်း ဖြစ်နေတယ်၊ ဒါ ကျွန်တော် နားလည်သလောက် ပြောရရင် ဒီလို မဖြစ်လည်း အဘွားကြီး မေးလို့ကတော့ ဘာမှ ရစရာ အကြောင်း မမြင်ပါဘူး၊ သို့သော်လည်း အရေး တဲ့ အထောက်အထား တစ်ခုတော့ ရခဲ့တယ် ခင်ဗျ၊ ဟောဒီမှာ'

ပုလိပ် အင်စပက်တော်သည် မှတ်စု စာအုပ်ထဲမှ စာရွက်စုတ်ကလေး ပေါင်ပေါ်တွင် ဖြန့်ပြလေ၏။

'ဒီ စာရွက်စုတ်ကလေးက သေသူရဲ့ လက်မနှင့် လက်ညှိုး ကြားမှာ လျက်သား တွေ့ရတာ၊ ကြည့်ရတာကတော့ စာရွက်ကြီးက စုတ်ပြတ် ကျန် တာနှင့် တူတယ် ခင်ဗျ၊ စာရွက်ပေါ်မှာ ရေးထားတဲ့ အချိန်ဟာ သေသူ တ်ခံရတဲ့ အချိန်ပဲ ခင်ဗျ၊ လူသတ်သမားဟာ သူ့လက်ထဲက စာရွက်ကို လို့ ကျန်ရစ်ခဲ့တာလား၊ ဒါမှမဟုတ် သူကပဲ လူသတ်သမား လက်ထဲက လို့ ပါလာတဲ့ စာရွက်စုတ်လားတော့ မပြောတတ်ဘူး၊ စာရွက်ကို ကြည့်ရ တော့ အချိန်းအချက် ပြုထားတဲ့ စာရွက်နှင့် တူတာပဲ'

ရှားလော့ဟုမ်းက စာရွက်စုတ်ကလေးကို ယူကြည့်၏။ (စာရွက်စုတ် ကို အောက်တွင် ဖော်ပြလိုက်ပါသည်။)

ဆယ့်နှစ်နာရီ မထိုးမီ

ဆက်ဆက်

ရမည်

ပုလိပ် အင်စပက်တော်က ဆက်လက်၍

'ဒီ စာရွက်စုတ်ကလေးဟာ အချိန်းအချက် ပြုတဲ့ စာ ဖြစ်ရိုး မှန်ရင် သမား ဝီလျံဟာ ဘယ်လောက်ပဲ ရိုးသားပြီး သစ္စာ ရှိတယ် ဆိုသည့်တိုင် မှာ ကြံရာပါ ဖြစ်နိုင်တယ်လို့ ယူဆနိုင်တယ် ခင်ဗျ၊ ဝီလျံဟာ သူခိုးနှင့် နားမှာ တွေ့ကြမယ်၊ ဖောက်ထွင်းရာမှာတောင် အကူအညီ ပေးကောင်း နိုင်တယ်၊ နောက်ပိုင်းမှာ သူတို့ အချင်းချင်း စကား များကြတာ ဖြစ်နိုင်တယ်'

ရှားလော့ဟုမ်းသည် စာရွက်စုတ်ကလေးကို စူးစိုက် လေ့လာလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



'အင်း၊ စာကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲ ပြသနာက ကျုပ်တို့ ထင်သလောက်တော့ မသေးဘူး'

ရှားလော့ဟုမ်းသည် လက်နှစ်ဖက်ဖြင့် မေးထောက်၍ စဉ်းစားလျက် ရှိပြီး ပုလိပ် အင်စပက်တော်မှာ သူ့ အမှုကို နာမည်ကျော် စုံထောက်ကြီး စိတ်ဝင်စားလျက် ရှိသဖြင့် ကျေနပ်စွာ ပြုံးလျက် ရှိလေ၏။

'ဒီစာရွက်စုတ်ကလေးဟာ တစ်ယောက်နှင့် တစ်ယောက် အချိန်းအချက် ပြုတဲ့ စာကလေး ဖြစ်လေတော့ ရထားသမား ဝီလျံနှင့် လူဆိုး အကြားမှာ ... လည်မှု ရှိနိုင်တယ် ဆိုတဲ့ အင်စပက်တော်ကြီးရဲ့ တွေးလုံးဟာလည်း သိပ်... မရှိင်းလှပါဘူး၊ ဒါပေမဲ့ စာက'

ရှားလော့ဟုမ်းသည် စကားကို ဆုံးအောင် မပြောဘဲ ခေါင်းကို ငုံ့... အတန်ကြာမျှ လေးနက်စွာ စဉ်းစားလျက် ရှိလေ၏။ ခေါင်းကို ပြန်မော့လိုက်သည့် အခါတွင်မူ ရှားလော့ဟုမ်း၏ ပါးပြင်မှာ နီရဲလျက် ရှိ၍ မျက်လုံးတို့ကလည်း နေထိုင်ကောင်းစဉ်ကကဲ့သို့ တောက်ပလျက် ရှိသည့် အတွက် ကျွန်ုပ်မှာ အံ့အား သင့်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ယခင်ကကဲ့သို့ ဖျတ်လတ် သွက်လက် စွာဖြင့် ထိုင်ရာမှ ထလိုက်ပြီးလျှင်

'အင်စပက်တော်ကြီး နားထောင်စမ်းဗျာ၊ အဲဒီ အမှု အသေးစိတ်ကို အေးအေးဆေးဆေး ကြည့်ချင်တယ်၊ ကျုပ်ကို လက်ယားအောင် ဆွပေးနေ... အရာ တစ်ခု အမှုထဲမှာ ရှိနေတယ်၊ ကဲ ဗိုလ်မှူးကြီးရေ၊ ဗိုလ်မှူးကြီးနှင့် ကျု... မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်တို့ကို ပစ်ပြီး ဟောဒီက အင်စပက်တော်ကြီးနဲ့... ခဏလောက် လိုက်ကြည့်ချင်တယ်၊ ကျုပ် တွေးလုံးကလေး တစ်လုံး နှစ်... မှန် မမှန် စမ်းကြည့်ချင်လို့ပါ၊ နာရီဝက်လောက် အတွင်း ပြန်လာမှာပါ'

တစ်နာရီခွဲခန့် အကြာတွင် ပုလိပ် အင်စပက်တော် တစ်ယောက်တည်း ပြန်ရောက်လာလေ၏။

'စုံထောက်ကြီးကတော့ အပြင် လယ်ကွင်းတွေထဲမှာ လမ်းလျှောက်... ကျန်ရစ်ခဲ့တယ် ခင်ဗျ၊ ကျွန်တော်တို့ လေးယောက်စလုံး အိမ်ကို သွားကြည့်... လိုက်ခဲ့ပါတဲ့'

'ဘယ်ကိုလဲ၊ ကမ်နင်ဟမ်တို့ အိမ်ကိုလား'

'ဟုတ်တယ် ခင်ဗျ'

'ဘာအတွက် သွားမှာတဲ့လဲ'

ပုလိပ် အင်စပက်တော်က ပခုံးကို တွန့်လိုက်ပြီး





'ဒါကတော့ ကျွန်တော်လည်း မသိဘူး ခင်ဗျ၊ ကိုယ့် အချင်းချင်းမို့ ပြောရမယ် ဆိုရင်တော့ စုံထောက်ကြီးကို ကြည့်ရတာ ကောင်းကောင်း ပြန်ပြီး နေကောင်းပုံ မရသေးဘူး၊ သူ့ အမူအရာတွေက တော်တော်လေး ဆန်းနေတယ်၊ တော်တော်လည်း စိတ်လှုပ်ရှားနေတယ်'

'ဒီလောက်လည်း စိုးရိမ်မနေပါနှင့် အင်စပက်တော်ကြီးရဲ့၊ သူ ရူးတာ ... စနစ်တကျ ရူးတာပါဗျ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ဟုတ်တယ် ခင်ဗျ၊ ရှင်းရှင်း ပြောရရင်တော့ ဘေးလူ မြင်ရင် ရူးနေ တယ်လို့ ထင်မှာပဲ၊ ဒါပေမဲ့ သူကတော့ တားလို့ ရမှာ မဟုတ်ဘူး၊ ဗိုလ်မှူးကြီး တို့ မြန်မြန်လေး လိုက်ခဲ့ကြပါ'

ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် ရှားလော့ဟုမ်းမှာ ကွင်းပြင်ထဲ တွင် ခေါင်းကို ငိုက်စိုက် ချကာ ဘောင်းဘီအိတ်ထဲသို့ လက်နှစ်ဖက်ကို နှိုက် ရင်း ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်ကို တွေ့ရလေ၏။

'အမှုကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းနေပြီဗျို့၊ ဝပ်ဆင်ရေ ခင်ဗျား ခရီးကတော့ အောင်မြင်ပြီဗျို့၊ တစ်မနက်လုံး ပျော်လိုက်ပုံများဗျာ'

'အချင်း ဖြစ်တဲ့ နေရာကို ခင်ဗျား ရောက်ခဲ့ပြီပေါ့'

'ရောက်ခဲ့ပြီဗျ၊ ကျုပ်နှင့် အင်စပက်တော်ကြီးတို့ ကြည့်ခဲ့ပြီ'

'အလားအလာ ဘယ့်နှယ်တုံး'

'အင်း၊ တော်တော် စိတ်ဝင်စားစရာ ကောင်းတာတွေကိုတော့ ကြည့် ခဲ့ပြီးပြီ ဆိုပါတော့၊ လမ်းလျှောက် သွားရင်း ကျုပ် ပြောပြမယ်လေ၊ ပထမ သေသူရဲ့ အလောင်းကို ကြည့်ခဲ့တယ်၊ ကြားရတဲ့ အတိုင်း သေတာကတော့ ခြောက်လုံးပြူးနှင့် ပစ်လို့ သေတာပဲ'

'အစတုန်းကတော့ လက်မခံသေးဘူးပေါ့'

'ဒါကတော့ ကိုယ်တိုင် ကြည့်ပြီးမှ ယုံလို့ ဖြစ်မှာပေါ့ဗျ၊ သွားကြည့် တော့လည်း အကျိုး မယုတ်ပါဘူး၊ ပြီးတော့ မစ္စတာ ကမ်နင်ဟမ်တို့ သားအဖ နှင့်လည်း တွေ့ခဲ့ပြီဗျ၊ သူတို့က ခြံစည်းရိုးကနေ လူသတ်သမား ကျော်ပြီး ထွက်ပြေးတဲ့ နေရာကို အသေအချာ ပြလိုက်ကြတယ်၊ ဒီအချက်က တော် တော် စိတ်ဝင်စားဖို့ ကောင်းတယ်'

'ဟုတ်တာပေါ့'

'ပြီးတော့ သေသူရဲ့ အမေအိုကြီးနှင့်လည်း တွေ့ခဲ့တယ်၊ အသွားကြီးက အသက်ကလည်း ကြီး အားကလည်း နည်းနေလေတော့ သူ့ဆီကတော့ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးဆန်းဆန်း မရခဲ့ပါဘူး'

'ဒါဖြင့် ခင်ဗျား စုံစမ်း ထောက်လှမ်းလို့ ရတဲ့ ရလဒ်ကကောဗျာ'

'ဒီရာဇဝတ်မှုဟာ သာမန် မဟုတ်ဘဲ တော်တော် ထူးခြားတဲ့ အမှု ဖြစ်တယ် ဆိုတဲ့ ယုံကြည်ချက်ဟာ လောလောဆယ် ရတဲ့ ရလဒ်ပေါ့ဗျ၊ ခုတစ်ခေါက် ကျုပ်တို့ သွားကြည့်လိုက်ရင်တော့ ဒီထက် ပိုပြီး ထင်ရှား လာပါလိမ့်မယ်လေ၊ အင်စပက်တော်ကြီးရေ၊ သေသူရဲ့ လက်ထဲမှာ တွေ့ရတဲ့ စာရွက်ဟာ တော်တော် အရေးကြီးတယ် ဆိုတာတော့ ခင်ဗျားနှင့် ကျုပ် သဘော တူတယ်နော်၊ အဲဒီ စာရွက်ပေါ်မှာ ရေးထားတဲ့ အချိန်ဟာ ရထားသမား သေတဲ့ အချိန်ပဲဗျ'

'အဲဒီ စာရွက်ဟာ သဲလွန်စကိုတော့ ပေးနိုင်ရမှာပေါ့ စုံထောက်ကြီး'

'ပေးနေပြီလေဗျာ၊ အဲဒီ စာကို ရေးတဲ့ လူက ရေးတဲ့ အတွက် ရထားသမား ဝီလျံဟာ ည အချိန်မတော်ကြီးမှာ အိပ်ရာက ထလာတာဗျ၊ နို့ နေစမ်းပါဦး၊ ကျန်တဲ့ စာရွက် တစ်ပိုင်းကကော ဘယ်မှာလဲ'

'အဲဒီနား တစ်ဝိုက်ကိုတော့ နှံ့အောင် ရှာပြီးပြီ ခင်ဗျ'

'ဒီစာရွက်ကို သေသူ လက်ထဲက လုယူသွားတာ၊ ကမန်းကတန်း ဆိုတော့ တစ်ပိုင်းပဲ ပါသွားတယ်၊ ဒါဖြင့်ရင် ဘာဖြစ်လို့ ဒီစာရွက်ကို အရေးတကြီး လုသွားရသလဲ၊ ဒီစာရွက်ကို တွေ့ရင် သူ့ အပေါ်မှာ အမှု ရောက်မှာစိုးလို့ဗျ၊ ကောင်းပြီ၊ ဒါဖြင့်ရင် ဒီစာရွက်နှင့် သူ ဘာလုပ်မှာလဲ၊ တစ်ပိုင်းဟာ သေသူရဲ့ လက်ထဲမှာ ကျန်ခဲ့တယ် ဆိုတာ သိမှာ မဟုတ်ဘူးဗျ၊ စာရွက်ကို ရတာနှင့် အိတ်ထဲ ထိုးထည့်သွားမှာပဲ၊ ဒီစာရွက် တစ်ပိုင်းကို ရပြီ ဆိုရင်တော့ ဒီပြဿနာကို ရှင်းတဲ့ နေရာမှာ ကျုပ်တို့ တော်တော် ခရီးပေါက်ပြီလို့ ဆိုနိုင်ပါလိမ့်မယ်'

'ဟုတ်တော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ ရာဇဝတ်ကောင်ကိုမှ ရှာမတွေ့တာ ရာဇဝတ်ကောင်ရဲ့ အိတ်ထဲမှာ ရှိတဲ့ ဒီစာရွက်စုတ်ကလေးကို ကျွန်တော်တို့ ဘယ့်နှယ်လုပ် ရနိုင်ပါ့မလဲ'

'ဟုတ်ပြီဗျ၊ ဟုတ်ပြီ၊ ဒါက စဉ်းစားရမယ့် အချက်ပဲ၊ နောက်ထပ် ထင်ရှားတဲ့ အချက် တစ်ချက် ရှိသေးတယ်၊ ဒီစာဟာ ရထားသမား ဝီလျံဆီကို ပေးလိုက်တဲ့ စာ၊ ဒီစာ ရေးတဲ့ လူဟာ သူကိုယ်တိုင်တော့ ဒီစာကို ယူလာမှာ မဟုတ်ဘူး၊ သူကိုယ်တိုင် လာနေမှတော့ ဘာရေးစရာ လိုသေးသလဲ၊ ပါးစပ်နှင့် ပြောတော့မှာပေါ့၊ ဒါဖြင့်ရင် ဒီစာကို ဘယ်သူ ယူလာသလဲ၊ သို့မဟုတ် စာတိုက်က တစ်ဆင့် လာသလား'





'ကျွန်တော် စုံစမ်းပြီးပြီ ခင်ဗျ၊ မနေ့ညနေ စာဝေချိန်မှာ ဝီလျံ့ဆီကို စာတိုက်က စာတစ်စောင် လာတယ်တဲ့၊ စာအိတ်ကိုတော့ သူ ဆုတ်ပစ်လိုက်တယ်တဲ့' ဟု အင်စပက်တော်က ပြောလေ၏။

ရှားလော့ဟုမ်းက အင်စပက်တော်၏ ကျောကို ပုတ်လိုက်ရင်း

'ဟန်လိုက်လေဗျာ၊ စာပို့သမားကို ခင်ဗျား တွေ့ပြီးပြီပေါ့၊ ဒီလို ခေါ့စပ် သေချာတဲ့ လူမျိုးနှင့် အလုပ် လုပ်ရတာ တယ်ပြီး ပျော်စရာ ကောင်းဗျာ၊ ဟော ဟောဒါက ဝီလျံ နေတဲ့ တန်းလျားပဲဗျ၊ လာလေ ဗိုလ်မှူးကြီး၊ အချင်း ဖြစ်တဲ့ နေရာကို ကြည့်ချင်ရင်'

ကျွန်ုပ်တို့သည် သေသူ မြင်းရထားသမား နေသည့် သပ်ရပ်သော တိုက်တန်းလျားကလေးကို ကျော်လာခဲ့ကာ ဝက်သစ်ချပင်ကြီးများ စီတန်း ပေါက်နေသည့် လမ်းကလေး အတိုင်း အန်း ဘုရင်မကြီး လက်ထက်လောက်က ဆောက်ခဲ့၍ တံခါးအောက် ခါးပန်းပေါ်တွင် နေ့စွဲ ရေးထိုးထားသည့် ရှေးအိမ်ကြီးတို လှည့်ပတ် ကြည့်ကြပြီးနောက် ဘေး ဝင်းတံခါးပေါက် တစ်ခုဆီသို့ လာခဲ့ကြသေ၏။ ထိုတံခါးပေါက်နှင့် ပေတစ်ရာ လမ်းဘေးတွင် ကပ်နေသည့် ခြံစည်းရိုးကြားတွင် ဥယျာဉ် တစ်ခု ခြားလျက် ရှိ၏။ ပုလိပ် တစ်ယောက်သည် မီးဖိုတံခါးတွင် စောင့်လျက် ရှိလေ၏။

ရှားလော့ဟုမ်းက

'ကဲ အင်စပက်တော်ကြီးရေ၊ တံခါးကို ဖွင့်လိုက်စမ်းပါဦးဗျာ၊ အဲလက် ဆိုတဲ့ သူငယ်ကလေးဟာ အပြင်မှာ လူနှစ်ယောက် သတ်ပုတ်နေတာကို ဒီလှေကားပေါ်ကနေ မြင်ရတာပဲဗျ၊ မစ္စတာ ကမ်နင်ဟမ်ကတော့ အိပ်ခန်း ပြတင်းပေါက်က နေပြီး မြင်ရတာ၊ အိပ်ခန်း ပြတင်းပေါက်က လက်ဝဲဘက် ဒုတိယပြတင်းပေါက်၊ လူသတ်သမားဟာ ဟောဟို လက်ဝဲဘက် ချုံကြားထဲကနေပြီး ထွက်သွားတာကို မြင်လိုက်ရတယ်တဲ့၊ သူ့ သားကလည်း ဒီအတိုင်းပဲ မြင်လိုက်ရတယ်၊ ချုံကြီး ရှိနေလို့ သေသေချာချာ သတိ ထားလိုက်မိတာတဲ့၊ နောက်ကျတော့ အဲလက်ဟာ အိမ်ထဲက ပြေးထွက်လာပြီး ဒဏ်ရာ ရနေတဲ့ လူရဲ့ ဘေးမှာ ဒူးထောက် ထိုင်တယ်၊ မြေကြီးက မာနေလေတော့ အရာကိုတော့ မမြင်ရတော့ဘူးပေါ့ဗျာ'

ရှားလော့ဟုမ်းက ထိုသို့ ပြောလျက် ရှိစဉ် လူနှစ်ယောက်သည် အိမ်နောက်ဘက်မှ ကွေ့ပတ်ကာ ကျွန်ုပ်တို့ဆီသို့ လာလျက် ရှိလေ၏။ တစ်ယောက်မှာ အသက် ကြီးကြီး၊ ကြံ့ခိုင်သော မေးရိုး၊ အရေ တွန့်ကာ မျက်နှာ မို့မို့ ရှိ



www.burmeseclassic.com

www.burmeseclassic.com





'အလို စုံထောက်ကြီး
ဘယ်လို ဖြစ်တာတုံး'

သော မျက်နှာ ရှိပြီး တစ်ယောက်မှာ သွက်လက် ဖျတ်လတ်သည့် လူငယ် တစ်ဦး ဖြစ်လျက် ပြုံးရွှင် ဝင်းထိန်သော မျက်နှာပေးနှင့် ရိုးကျသော အဝတ်အစားတို့ကို ဝတ် ဆင် ထား လေ ရာ ကျွန်ုပ်တို့ လာရောက်ရသည့် ကိစ္စနှင့် နည်းနည်းမျှ စပ်ဟပ်ခြင်း မရှိဘဲ ပြဒါး တစ်လမ်း သံ တစ်လမ်း ဖြစ်လျက် ရှိလေ၏။

'မပြီးကြသေးဘူးလားဗျ၊ လန်ဒန်သားများ တယ် စေ့စပ် သေချာတယ် ဆိုခတော့ ခင်ဗျားတို့မှာ လုပ်လိုက်ရတာ'

'ဗျာ၊ အချိန်ကလေး ဘာလေးတော့ နည်းနည်းပါးပါး ပေးဦးမှပေါ့' ဟု ရှားလော့ဟုမ်းက နောက်သလို ပြောင်သလို ပြောလိုက်၏။ သား ဖြစ်သူက

'အချိန် ယူတော့လည်း ထူးဦးမှာလားဗျာ၊ ဘာ သဲလွန်စမှ မရတာ'

ပုလိပ် အင်စပက်တော်က

'ဒီလိုတော့လည်း မဟုတ်သေးဘူးကွယ့်၊ တို့များကလည်း ရှာလို့ ရမယ်ထင်လို့ ရှာကြ၊ အလို စုံထောက်ကြီး ဘယ်လို ဖြစ်တာတုံး'

ကျွန်ုပ်တို့ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ မျက်နှာမှာ ကြောက်စရာ အသွင် ပြောင်းကာ မျက်နက်တို့ ပျောက်သည် အထိ မျက်ဖြူလန်လျက် ရှိပြီး တစ်ကိုယ်လုံး တွန့်လိမ်လျက် ရှိရာမှ ကျိတ်၍ ညည်းတွားရင်း မြေကြီးပေါ်သို့ မှောက်လျက် လဲကျသွားလေ၏။ ကျွန်ုပ်တို့သည် ဖြုန်းခနဲ ကောက်ကာငင်ကာ ဖြစ်သွားသော ရှားလော့ဟုမ်းကို ကြည့်ကာ စိုးရိမ်လာသဖြင့် မီးဖိုထဲသို့ သယ်လာခဲ့ကြပြီးလျှင် ကုလားထိုင် တစ်လုံးပေါ်သို့ တင်ထားလိုက်လေ၏။ ရှားလော့ဟုမ်းမှာကား အသက်ကို ပြင်းစွာ ရှူလျက် ရှိလေ၏။ နောက်ဆုံး၌ ရှားလော့ဟုမ်းသည် မိမိ အားနည်းချက် အတွက် ခပ်ရှက်ရှက်ဖြင့် တောင်းပန်ပြီးနောက် ထိုင်ရာမှ ထလာလေ၏။





'ဟောဒီက ဒေါက်တာ ဝပ်ဆင်ကိုသာ မေးကြည့်ပေတော့ဗျာ၊ တစ်လောကမှ နေထိုင်မကောင်း ဖြစ်ပြီး နာလန် ထလာတာ၊ အဆင်မသင့်ရင် မူးမူးပြီး လဲချင်တာ'

'ကျွန်တော့် ရထားနှင့် ပြန်ပို့လိုက်ရမလား' ဟု ကမ်နင်ဟမ်က မေးလေ၏။

'ရပါတယ် ခင်ဗျာ၊ ခုမှတော့ မထူးပါဘူး၊ ရောက်တုန်း ရောက်ခိုက်မှာ အချက်ကလေး နှစ်ချက်ကို သိသွားချင်တယ်၊ ဒီအချက်ကလေးကလည်း သိပ်တော့ ခက်ခက်ခဲခဲ မဟုတ်ပါဘူး'

'ဘာများလဲဗျာ'

'တခြားတော့ မဟုတ်ပါဘူး၊ သေသူ ဝီလျံဟာ အိမ်ထဲကို သူခိုးရဲ့ အလျင် ရောက်တာ မဟုတ်ဘဲ သူခိုးရဲ့ နောက်မှ ရောက်လာတာ ဖြစ်တယ် ဆိုတဲ့ အချက်ကလေးပါ၊ ခု ဦးမင်းတို့ ယူဆတာက သူခိုးဟာ တံခါးကို ဖွင့်ပေမဲ့ အထဲကိုတော့ မရောက်ဘူးလို့ ယူဆထားဟန် တူပါတယ်'

မစ္စတာ ကမ်နင်ဟမ်က လေးနက်စွာဖြင့်

'ဒါကတော့ ရှင်းပါတယ်ဗျာ၊ ကျူပ်သား အဲလက် ဆိုရင်လည်း မအိပ်သေးဘူး၊ အိမ်ထဲကို လူရောက်နေရင် သူ သိရမှာပေါ့'

'သူက ဘယ်မှာ ထိုင်နေတာလဲ'

'ကျွန်တော့် အခန်းထဲမှာ ထိုင်ပြီး ဆေးတံ သောက်နေပါတယ်'

'ဘယ်အခန်းလဲ'

'ကျွန်တော့် အဖေ အခန်းရဲ့ ဟိုဘက်က အခန်း၊ ဘယ်ဘက်က အစွန်ဆုံး ပြတင်းပေါက်မှာပါ'

'နှစ်ခန်းလုံးမှာ မီးတွေ ထွန်းထားမှာပေါ့'

'ဟုတ်ပါတယ်'

ရှားလော့ဟုမ်းက ပြုံးလိုက်ရင်း

'ထူးခြားတဲ့ အချက်ကလေးတွေ ရှိတယ်ဗျ၊ သူခိုးဟာ နယ်နယ် သူခိုး မဟုတ်ဘူး၊ အတွေ့အကြုံ ရှိတဲ့ သူခိုးကြီး၊ ဒီလို သူခိုးကြီး တစ်ယောက်က အိမ်သား နှစ်ယောက် မအိပ်သေးဘဲ မီးရောင်တွေ ထိန်နေတုန်းမှာ အိမ်ကို ဖောက်ထွင်းပါ့မလား၊ ဖောက်ထွင်းတယ် ဆိုရင်ကော နည်းနည်း ထူးဆန်း မနေပေဘူးလား'

'သူခိုးက သွေးအေးအေးနှင့် လုပ်တတ်တဲ့ သူခိုး ဖြစ်ချင် ဖြစ်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့လေ၊ အမှုနက သိပ်ဆန်းတဲ့ အမှုမျိုး မဟုတ်ဘူး ဆိုရင်တော့ ကျွန်တော်တို့ အနေနှင့်လည်း သိပ် ပြောစရာ မရှိပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ခင်ဗျ၊ သူခိုးက အိမ်ထဲကို ဝင် ပစ္စည်း ယူပြီးကာမှ ဝီလျံနှင့်တွေ့တယ် ဆိုတာကတော့ မဖြစ်နိုင်ဘူး၊ အကယ်၍သာ အိမ်ထဲကို ရောက်ရင် အိမ်ထဲမှာ မွှေနှောက် ရှာထားတာတွေ၊ ပစ္စည်းတွေ အပျောက်အရှတွေ တွေ့ရမှာပေါ့၊ ခုဟာက ဘာမှမ မတွေ့ဘဲ' ဟု သားဖြစ်သူ အဲလက် ကမ်နင်ဟမ်က ဝင်ပြောသည်။

'ဒါကတော့ ဘာပစ္စည်းကို လိုချင်သလဲ ဆိုတာ ပေါ်မှာလည်း တည်တယ်ဗျ၊ တစ်ခု သိထားဖို့က သူခိုးဟာ သာမန် သူခိုး မဟုတ်ဘူး၊ သူ့လိုင်းနှင့်သူ လုပ်နေတဲ့ သူခိုး ဖြစ်ပုံ ရတယ်၊ ဥပမာ ကြည့်လေ၊ ...တ်တန်ရဲ့ အိမ်က ခိုးသွားတဲ့ ပစ္စည်းတွေကိုပဲ ကြည့်ပေါ့၊ ကြိုးထွေး တစ်ခုရယ်၊ စာရွက် ဖိတဲ့ ဆင်စွယ်တုံးရယ်၊ ပြီးတော့ တိုလီမိုလီတွေရယ်'

'ဟုတ်ပါပြီလေ၊ စုံထောက်ကြီးတို့ လက်ကို အပ်ပါတယ်၊ စုံထောက်ကြီးနှင့် ဟောဒီက အင်စပက်တော်ကြီး ကောင်းမယ် ထင်တာကိုသာ အမိန့်ရှိပါ၊ လုပ်ပေးဖို့ အဆင်သင့်ပါပဲ'

ရှားလော့ဟုမ်းက

'ပထမ ဦးတို့ အနေနှင့် ဒီအမှုကို ပေါ်အောင် လိုက်နိုင်သူကို ဆုငွေပေးမယ်လို့ ကြေငြာစေချင်တယ် ခင်ဗျ၊ ဟောဒီက ပုလိပ် အရာရှိကြီးများ အနေနှင့် ငွေကြေးကို သတ်မှတ်ဖို့ရာ ခက်နေလိမ့်မယ်၊ ဒီတော့ ဦးတို့ ကိုယ်တိုင်ပဲ သတ်မှတ်ပါ၊ သူတို့ စဉ်းစားရင် ကြာနေပါလိမ့်မယ်၊ ကျွန်တော့် အနေနှင့် ဆုငွေ ကြော်ငြာစာလေး ရေးပြီးသား ပါလာပါတယ်၊ အဲဒါကို ဦး သဘောကျတယ် ဆိုရင် လက်မှတ် ထိုးရုံပါပဲ၊ ဆုငွေကတော့ ပေါင် ငါးဆယ် ဆိုရင် တော်လောက်ပြီ ထင်ပါတယ်'

'ပေါင် ငါးရာပေး ဆိုရင်လည်း ဘာအရေးလဲဗျာ၊ နို့ နေစမ်းပါဦး၊ စုံထောက်ကြီး ရေးထားတာက ဟုတ် မထင်ပါဘူး' ဟု ဆိုကာ စာရွက်ကို ငုံ့ကြည့်လျက် ရှိလေ၏။

'ဟုတ်ကဲ့၊ ကျွန်တော် ခပ်သုတ်သုတ် ရေးလိုက်ရတော့ အမှားများပါသလား မသိဘူး'

'မှန်းစမ်း ဖတ်ကြည့်ရအောင်၊ အင်္ဂါနေ့ည တစ်နာရီ မထိုးမီ ဆယ့်ငါးမိနစ်ခန့်လောက်တွင် အိမ်ကို ဖောက်ထွင်းရန် ကြိုးစားသည့်တဲ့၊ တစ်နာရီ မထိုးမီ ဆယ့်ငါးမိနစ်





မီ ဆယ့်ငါးမိနစ် မဟုတ်ဘူးဗျ၊ ဆယ့်နှစ်နာရီ မထိုးမီ ဆယ့်ငါးမိနစ်'

ကျွန်ုပ်မှာ ရှားလော့ဟုမ်း အစား မျက်နှာပူမိသေး၏။ စင်စစ် ရှားလော့ဟုမ်းသည် အမှားအယွင်း ရှိခဲလှသူ ဖြစ်ပေ၏။ အချက်အလက်နှင့် ပတ်သက်သော် ရှားလော့ဟုမ်းသည် အလွန် တိကျသူ ဖြစ်ရာ များမကြာမီက မကျန်းမာ ဖြစ်ခဲ့သည့် အတွက် အနည်းငယ် ချွတ်ချော်ခြင်း ရှိဟန် တူပေသည်ဟု ဆောက်မေ့မိသဖြင့် ဤအဖြစ်အပျက်လေးမှာလည်း ပုံမှန် အခြေအနေသို့ ပြန်ရောက်သေးကြောင်းကို ဖော်ပြသည့် အဖြစ်အပျက်ကလေး တစ်ရပ် ဖြစ်သည်ဟု ထင်လိုက်မိသေး၏။ ရှားလော့ဟုမ်းသည် သူ့ အမှား အတွက် အနည်းငယ် ရှက်အမ်းအမ်း ဖြစ်သွားပြီး အင်စပက်တော်ကမူ မျက်လုံးကို ပင့်လိုက်ပြီး အဲလက် ကမ်နင်ဟမ်ကမူ ခွက်ထိုးခွက်လန် ရယ်လျက် ရှိလေ၏။ အဘိုးကြီးက အမှားကို ပြင်ပေးပြီး စာရွက်ကို ရှားလော့ဟုမ်းထံ ပြန်ပေးလိုက်လေ၏။

'သတင်းစာထဲ မြန်မြန် ထည့်ဗျာ၊ စုံထောက်ကြီး ပြောတာ ကောင်းတယ်'

ရှားလော့ဟုမ်းက စာရွက်ကို အိတ်ဆောင် မှတ်စု စာအုပ်ကြားထဲတွင် ရောတစိုက် ညှပ်ထားလိုက်သည်။

'ကဲ အိမ်ထဲကို အတူ လျှောက်ကြည့်ရရင်တော့ သိပ်ကောင်းမှာပဲ ခင်ဗျာ၊ လူထူးလူဆန်း သူခိုးဟာ ပစ္စည်းတွေကို ယူ မယူ သိရအောင်'

အိမ်ထဲသို့ မဝင်မီ ရှားလော့ဟုမ်းသည် သူခိုး ဖွင့်ရန် ကြိုးစားသည့် တံခါးကို သေချာစွာ စစ်ဆေးကြည့်လေ၏။ လူဆိုးသည် ဓားတက် သို့မဟုတ် ဓားမြှောင်ကို သုံးကာ ကလန့်ပြီး ဖွင့်ရန် ကြိုးစားထားသည့် လက္ခဏာ ရှိလေ၏။ သစ်သားပေါ်တွင် ဓားရာများကို တွေ့ရလေ၏။

'တံခါးက သံကျဉ်တို့ ဘာတို့ကို မသုံးဘဲကိုး'

'ကျုပ်တို့ဆီမှာတော့ သုံးစရာမှ မလိုဘဲကိုးဗျ'

'ခွေးကော မွေးမထားဘူးလား'

'ရှိတယ်ဗျ၊ အိမ်ရဲ့ ဟိုဘက်မှာ သံကြိုးနှင့် ချည်ထားတယ်'

'အစေခံတွေက ဘယ်အချိန်လောက် အိပ်ကြသလဲ'

'ဆယ်နာရီလောက်မှာ အိပ်ကြပါတယ်'

'ထုံးစံအတိုင်း ဆိုရင် ဝီလျံလည်း ဒီအချိန်လောက် ဆိုရင် အိပ်ရာထဲ ရောက်ရောပေါ့'

'ဟုတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ ညကျမှ သူက မအိပ်သေးဘူး ဆိုတာကတော့ နည်းနည်းတော့ ဆန်းတယ်ဗျ၊ ကဲ ဦးရေ တစ်ဆိတ် အိမ်ပေါ်ထပ်ကို လိုက်ပြပါဦး ခင်ဗျား'

မီးဖိုဘက်ကို သွားသည့် အဆောင်ကူး ကျောက်ခင်းလမ်းကြား အတိုင်း လျှောက်သွားလျှင် အိမ်ပေါ်ထပ်သို့ တက်သည့် လှေကားကို တွေ့ရလေ၏။ ထိုလှေကား အတိုင်း တက်သွားလျှင် အိမ်ရှေ့ဘက်မှ တက်လာသည့် လှေကားနံသို့ ရောက်သွား၏။ ထိုလှေကားနံ အတိုင်း လျှောက်သွားလျှင် ဧည့်ခန်းနှင့် ကမ်နင်ဟမ်တို့ သားအဖ အိပ်သည့် အိပ်ခန်းများ အပါအဝင် အိပ်ခန်းများသို့ ရောက်သွားလေသည်။ ရှားလော့ဟုမ်းသည် ဖြည်းညင်းစွာ လျှောက်သွားကာ အိမ်၏ ဗိသုကာ ပုံစံများကို ဂရုတစိုက် ကြည့်လျက် ရှိလေ၏။ သူ့ အမူအရာကို ကြည့်ခြင်းအားဖြင့် ရှားလော့ဟုမ်းမှာ အနံ့ကို ရနေကြောင်း ထင်ရှားလေပြီ သို့ရာတွင် မည်သည့် အနံ့မျိုး ဆိုသည်ကိုကား ကျွန်ုပ်တို့ ကောင်းစွာ မခွဲခြားနိုင်သေးချေ။

မစ္စတာ ကမ်နင်ဟမ်မှာ စိတ်မရှည်နိုင်သည့် အမူအရာဖြင့်

'စုံထောက်ကြီးရယ်၊ ဒီလောက် အသေးစိတ် လိုက်ကြည့်ဖို့ မလိုပါဘူး ထင်ပါရဲ့၊ ဟောဒီ လှေကား အဆုံးက ဟာက ကျုပ်တို့ အိပ်တဲ့ အခန်း၊ နောက်တစ်ခန်းက ကျုပ်သား အိပ်တာ၊ ကျုပ်တို့ မသိဘဲနှင့် သူခိုးဟာ ဒီအောင် တက်လာနိုင်တယ် ဆိုတာကတော့ ဖြစ်ကို မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ စုံထောက်ကြီး အနေနှင့်တော့ ကြိုက်သလို ယူပေါ့'

'စုံထောက်ကြီးက အိမ်ကို တစ်ခါ ပတ်ကြည့်ပြီးတိုင်း စိတ်ကူး တစ်ခု ရရနေပုံ ရတယ်ဗျ' ဟု အဲလက်က လှောင်ပြောင်သည့် လေသံဖြင့် ပြောလေ၏။

'ပြောပါလေ၊ ကြိုက်သလို ထင်နိုင်ပါတယ်၊ ကျုပ်က ပြတင်းပေါက်က ကြည့်ရင် ဘယ်လောက်အထိ မြင်နိုင်တယ် ဆိုတာကို သိချင်လို့ပါ၊ ဟောဒါက ဦးရဲ့ သား အိပ်တဲ့ အခန်းနော်'

ရှားလော့ဟုမ်းသည် တံခါးကို တွန်း၍ ဖွင့်လိုက်ပြီး

'ဟောဒါက အော်သံ ကြားတုန်းက အဲလက် ဆေးတံ ထိုင်သောက်နေတဲ့ အခန်း ထင်တယ်၊ ဟုတ်စ၊ ဒီကနေ ကြည့်ရင် ဘယ်လိုများ မြင်ရပါလိမ့်မှန်း'

ရှားလော့ဟုမ်းသည် အခန်းထဲသို့ ဝင်ကာ တံခါးကို ဖွင့်လိုက်ပြီး အခြားအခန်း တစ်ခုကို လှမ်းကြည့်နေလေ၏။



'ဘယ့်နှယ်လဲ၊ ကျေနပ်ပြီ မဟုတ်လား' ဟု မစ္စတာ ကမ်နင်ဟမ်က ပြောင်သလိုလိုဖြင့် ပြောလေ၏။

'ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ် ခင်ဗျာ၊ ကြည့်ချင်တာလေးတွေကိုတော့ ကုန်အောင် ကြည့်လို့ ပြီးပါပြီ'

'ကဲ၊ လိုသေးရင် ကျုပ် အခန်းထဲကိုလည်း ဝင်ကြည့်ပါဦး'

'အပန်းမကြီးဘူး ဆိုရင်ပေါ့ ခင်ဗျာ'



ရှားလော့ဟုမ်းသည် စားပွဲကို တမင် တိုက်ကာ ...

မစ္စတာ ကမ်နင်ဟမ်သည် ပခုံးကို တွန့်ပြလိုက်ပြီးနောက် အတန်အသင့် ရှုသာ ခင်းကျင်း ပြင်ဆင်ထားသည့် သူ့ အိပ်ခန်းထဲသို့ ကျွန်ုပ်တို့ကို ခေါ်သွားလေ၏။ ပြတင်းပေါက်ဆီသို့ သွားကာနီးတွင် ရှားလော့ဟုမ်းသည် ဆုတ်ဆိုင်း ဆုတ်ဆိုင်း လုပ်ကာ နောက်ချန် နေရစ်ခဲ့လေရာ ကျွန်ုပ်တို့ နှစ်ဦးတည်းသာလျှင် နောက်ဆုံး ကျန်ရစ်ခဲ့ကြလေ၏။ ခုတင် ခြေရင်းတွင် စတုရန်းပုံ စားပွဲငယ် တစ်လုံး ရှိပြီး စားပွဲပေါ်တွင် လိမ္မော်သီး တစ်ပန်းကန်နှင့် ရေချိုင့် တစ်လုံးကို တင်ထားလေ၏။ အနားသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် စားပွဲကို တမင် တိုက်ကာ လိမ္မော်သီးများကို မှောက်ချလိုက်သဖြင့် ကျွန်ုပ်မှာ အံ့အားသင့်လျက် ရှိလေ၏။ ရေချိုင့်မှာ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားပြီး လိမ္မော်သီးများသည် ကြမ်းပြင်ပေါ်တွင် လိမ့်သွားကြလေ၏။

'ဒေါက်တာကလည်း တယ်ပြီး နမော်နမဲ့ နိုင်တာကိုးဗျ၊ ကော်ဇောမှာ ရေတွေ စိုကုန်ပြီ' ဟု ရှားလော့ဟုမ်းက လေသံ ခပ်အေးအေးဖြင့် ပြောလေ၏။

ကျွန်ုပ်မှာကား ဖရိုဖရဲ ဖြစ်နေသည့် ပစ္စည်းများ အလယ်တွင် ရပ်ရင်း လိမ္မော်သီးများကို လိုက်ကောက်လျက် ရှိရာမှ ရှားလော့ဟုမ်းသည် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု ရှိ၍ ကျွန်ုပ်အား တမင် အပြစ် ပုံချခြင်း ဖြစ်သည်ဟု စဉ်းစားလျက် ရှိလေ၏။

'အလို၊ စုံထောက်ကြီး ဘယ်ရောက်သွားပါလိမ့်' ဟု အင်စပက်တော်က အော်လိုက်သဖြင့် ကြည့်လိုက်သည့် အခါတွင် ရှားလော့ဟုမ်းမှာ ပျောက်နေသည်ကို တွေ့ရပေ၏။ အဲလက်က

'ဒီမှာ ခဏ နေကြဦးဗျာ၊ ဒီလူကြီးတော့ စိတ်ဖောက်ချင်နေပြီ ထင်တယ်၊ အဖေ လာ လာ၊ ဒီလူကြီးကို လိုက်ရှာကြဦးစို့'

၎င်းတို့ နှစ်ယောက် ထွက်သွားသည့် အခါ၌ အခန်းထဲတွင် ပုလိပ်အင်စပက်တော်၊ ဗိုလ်မှူးကြီးနှင့် ကျွန်ုပ်တို့သာ ကျန်ရစ်ခဲ့ပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်နေမိကြလေ၏။

'အင်း၊ သူငယ်ကလေး ပြောသလို စုံထောက်ကြီးတော့ စိတ် ဂယောက်ဂယက် ဖြစ်နေပြီ ထင်တယ်ဗျ၊ အေးလေ၊ သူ့ခမျာ နာလန် ထလာတာကလည်း မကြာသေးဘူး ဆိုတော့'



ကမ်နင်ဟမ် သားအဖသည် ရှားလော့ဟုမ်းကို ခွစီးလျက် ရှိပြီး ...

ထိုသို့ ပြော၍ မဆုံးမီ 'ကယ်ကြပါ ဗျို့ ကယ်ကြပါ၊ လူသတ်နေပါတယ်' ဟူသော အော်သံကို ကြားရလေ၏။ ထိုအသံမှာ ကျွန်ုပ်တို့ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ အသံ ဖြစ်ကြောင်း ကျွန်ုပ် ကောင်းစွာ သိလိုက်သဖြင့် ကျွန်ုပ်မှာ တစ်ကိုယ်လုံး အေးစက်သွားလေ၏။ ကျွန်ုပ်သည် အခန်းထဲမှ လှေကားခုံဆီသို့ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေ၏။ အသံမှာ မပီမသ မသဲမကွဲ ဖြစ်ပြီး စောစောက ကျွန်ုပ်တို့ ပထမဆုံး ဝင်ကြည့်ခဲ့သော အခန်းဘက်မှ လာခြင်း ဖြစ်ကြောင်း သိလိုက်ရလေ၏။ ကျွန်ုပ်လည်း ထိုအခန်းကို ဖြတ်ပြီး အဲလက်၏ အခန်းဆီသို့ ပြေးလာခဲ့လေ၏။ ကမ်နင်ဟမ် သားအဖသည် လဲကျနေသော ရှားလော့





ဟုမ်းကို ခွစီးလျက် ရှိပြီး သားက လည်မျိုကို လက်နှစ်ဖက်ဖြင့် ညှစ်လျက် ရှိသော် အဖေက လက်ကောက်ဝတ်ကို လိမ်ချိုးလျက် ရှိလေ၏။ တစ်ခဏ အတွင်း၌ ကျွန်ုပ်တို့ သုံးယောက်သည် သားအဖ နှစ်ယောက်ကို ဆွဲခေါ်ပြီးသည်တွင် ရှားလော့ဟုမ်းသည် ဒယီးဒယိုင်ဖြင့် ထရပ်လေ၏။ သူ့ မျက်နှာမှာ ဖြူဖပ် ဖြူရော် ဖြစ်လျက် ရှိကာ အားကုန်နေသည့် လက္ခဏာ ရှိလေ၏။

'ကဲ အင်စပက်တော်ကြီး၊ ဒီလူ နှစ်ယောက်ကို ဖမ်းပေတော့'

'ဘာမှုနှင့်လဲ'

'ရထားသမား ဝီလျံကို သတ်မှုနှင့်ပေါ့'

ပုလိပ် အင်စပက်တော်သည် သူ့ကို တအံ့တသြ ကြည့်လျက် ရှိရာမှ နောက်ဆုံးတွင်

'မစ္စတာ ဟုမ်း တကယ် ပြောနေတာနော်၊ ခင်ဗျား စိတ်များ ဂယောက်ဂယက် ဖြစ်လို့များ'

'သြော် ခက်ပါဘိ ကိုယ့်လူနှယ်၊ သူတို့ မျက်နှာတွေကို ကြည့်ဗျ'

ကျွန်ုပ်သည် လူ အမျိုးမျိုး၏ မျက်နှာထား အမျိုးမျိုးကို ကြည့်မြင်ခဲ့ဖူးရာ ထိုသားအဖ၏ မျက်နှာများကဲ့သို့ ကိုယ့် အပြစ်ကို မလုံမလဲ ဖြစ်နေသော မျက်နှာမျိုးကိုကား တစ်ခါမျှ မတွေ့ဖူးသေးချေ။ အဖေ လုပ်သူမှာ စကား တစ်လုံးမျှ မပြောနိုင်တော့ဘဲ မျက်လုံးကြီး အပြူးသား ဖြစ်လျက် ရှိကာ မျက်နှာကြီး တစ်ခုလုံး ပုပ်လျက် ရှိပြီး သားဖြစ်သူမှာကား စောစောကကဲ့သို့ ဆောင့်ကြွားကြွား သဏ္ဌာန်တို့ မရှိတော့ဘဲ နက်မှောင်သည့် မျက်လုံးများထဲတွင် တိရစ္ဆာန်ရိုင်း တစ်ကောင်၏ ရက်စက်မှုမျိုး ကိန်းဝပ်နေသည့် အလျောက် နဂိုက ချောမောသည့် မျက်နှာမှာ ယခု အကျည်းတန်လျက် ရှိလေ၏။ အင်စပက်တော်သည် မည်သို့မျှ မပြောတော့ဘဲ တံခါးဝသို့ သွားကာ ဝီစီကို မှုတ်လိုက်သည်တွင် ပုလိပ်သား နှစ်ယောက် ပြေးဝင် လာကြလေ၏။

'ကဲ ဦးရေ၊ ဝတ္တရား အတိုင်း လုပ်ရတော့မှာပဲ၊ မတတ်နိုင်ဘူး၊ ရုံးတင် စစ်တဲ့ အခါမှာ မှားယွင်းမှု ဖြစ်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့မှာလည်း ဝတ္တရား ဆိုတော့၊ အလို အလို ဒါက ဘာလုပ်တာလဲ၊ ချလိုက်၊ အောက်ချလိုက်'

ပုလိပ် အင်စပက်တော်က လက်ဖြင့် လှမ်းပုတ်လိုက်သည့် အခါတွင် အဲလက် ကမ်နင်ဟမ်၏ လက်ထဲမှ ခြောက်လုံးပြူးသည် ကြမ်းပြင်ပေါ်သို့ ခွင်ခနဲ မြည်၍ ကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းက သေနတ်ကို ခြေထောက်ဖြင့် လျင်မြန်စွာ နင်းထား လိုက်ရင်း 'ဒီသေနတ်ကို သိမ်းထားဗျ၊ အမှု စစ်ရင် အတော် အသုံးဝင်မယ့် သေနတ်၊ ဒါပေမဲ့ တကယ် အရေးတကြီး ကျုပ်တို့ လိုချင်တာက ဟောဒါဗျ' ဟု ဆိုကာ ကြေမွနေသည့် စာရွက်ပိုင်း တစ်ခုကို ထုတ်ပြလေ၏။

'ဘာလဲ၊ ကျန်နေတဲ့ စာရွက် တစ်ပိုင်းလား'ဟု အင်စပက်တော်က မေးလေ၏။

'ဟုတ်ပါ့ဗျာ'

'ဘယ်က ရလာတာလဲ'

'သေချာပေါက် ရှိရမယ်လို့ ကျုပ် တွက်ထားတဲ့ နေရာက ရလာတာ ဗျ၊ ခင်ဗျားတို့ကို ကျုပ် အားလုံး ရှင်းပြမယ်၊ ကဲ ဗိုလ်မှူးကြီးနှင့် ဒေါက်တာ ဝပ်ဆင်တို့ ပြန်ချင် ပြန်နိုင်ကြပြီဗျ၊ အကြာဆုံး တစ်နာရီ အတွင်းမှာ ကျုပ် ရောက်အောင် ပြန်လာခဲ့မယ်၊ ကျုပ်နှင့် ဟောဒီက အင်စပက်တော်ကြီးက တရားခံတွေနှင့် စကား တစ်ခွန်း နှစ်ခွန်း ပြောစရာလေး ကျန်နေသေးလို့၊ ဘယ် လိုပဲ ဖြစ်ဖြစ်လေ နေ့လယ်စာ အမီ ပြန်ခဲ့ပါ့မယ်'

ရှားလော့ဟုမ်းသည် သူ ပြောသည့် အတိုင်း နေ့လယ် နာရီပြန် တစ်ချက် ထိုးသည့်အခါ ဗိုလ်မှူးကြီး၏အိမ် ထမင်းစားခန်းသို့ ပြန်ရောက်လာလေ၏။ သူ နှင့် အတူ အသက် ခပ်ကြီးကြီး လူတစ်ယောက် လိုက်လာခဲ့လေရာ ထိုလူမှာ တစ်လောက အဖောက်ခံရသော အိမ်ရှင် မစ္စတာ အက်တန် ဆိုသူ ဖြစ်ကြောင်း မိတ်ဆက် ပေးလေ၏။

'ဒီကိစ္စကလေးကို ခင်ဗျားတို့ကို ရှင်းပြတဲ့ အခါမှာ မစ္စတာ အက်တန် ရှိစေချင်လို့ ခေါ်လာတာဗျ၊ သူ့ အနေနှင့်လည်း အသေးစိတ်ကလေးတွေ စိတ် ဝင်စားမှာပဲလို့ တွက်မိလို့၊ ဒေါက်တာ ဝပ်ဆင်ဟာ ညှို့သည် ခေါ်မလာဘဲ ဗို ကောင်ကိုမှ ခေါ်လာပေတယ်လို့တော့ မထင်လိုက်ပါနှင့် ဗိုလ်မှူးကြီး'

'မထင်ပါဘူးဗျာ၊ မထင်ပါဘူး၊ ခင်ဗျားရဲ့ စုံထောက် ပညာတွေ နည်း တွေကို လေ့လာရတာဟာ ကံထူးလို့ပဲလို့ အောက်မေ့ပါတယ်၊ စုံထောက်ကြီး နည်းတွေကတော့ ကျွန်တော် ထင်ထားတာထက်တောင် အံ့သြစရာ ကောင်းနေ သေးတယ်၊ ကျွန်တော်ဖြင့် ဘယ်လိုလုပ်ပြီး ဖော်နိုင်သလဲ ဆိုတာ စဉ်းစားလို့ မရဘူး၊ ခုထိ သဲလွန်စကလေး တစ်ခုကိုတောင် ရှာလို့ မရဘူး'

'ဒီလောက်လည်း မဟုတ်သေးပါဘူးလေ၊ ကျုပ် ရှင်းပြလိုက်ရင် အလွယ် ကလေးပါလား ဆိုပြီး စိတ်တောင် ပျက်ချင် ပျက်သွားဦးမယ်၊ ဒါပေမဲ့ ကျုပ်





က ကျုပ်နည်းကို ဘယ်တော့မှ မဖုက်ဘူး ခင်ဗျ၊ ဟောဒီက ဒေါက်တာ ဆင်ကိုလည်း ဖုက်မထားဘူး၊ တခြား စိတ်ဝင်စားတဲ့ လူတွေကိုလည်း သိုဖုက် ဘူး၊ နေဦးဗျ၊ မူးမေ့ လဲကျသွားတာ နည်းနည်းတော့ ခံလိုက်ရတယ်၊ ဒီ တော့ ဘရန်ဒီကလေး တစ်ခွက်လောက်တော့ သောက်လိုက်ဦးမှ၊ ခုတစ်လော တော် အပင်ပန်း သိပ်ခံလို့ မရသေးဘူး'

'မူးမေ့ လဲတာတွေ ဘာတွေက တကယ် မဟုတ်ပါဘူး၊ တမင် လုပ်တာ တ်လား'

ရှားလော့ဟုမ်းက အားရပါးရ ရယ်လိုက်လျက်

'သူ့ အလှည့် ရောက်တော့ ပြောပြမယ်လေ၊ ခု လောလောဆယ်တော့ ကျုပ် အမှုသွား အမှုလာကို အစီအစဉ် အလိုက် ပြောပြမယ်၊ ဒါမှ ကျုပ် ဘယ် ကောက်ချက် ဆွဲတယ်၊ ဘယ်အချက်တွေပေါ် တည်ပြီး ကောက်ချက် ထုတ် ယ် ဆိုတာကို ခင်ဗျားတို့ သဘော ပေါက်မယ်၊ မရှင်းရင် မေးနိုင်တယ်နော်၊ နောနှင့်။

'စုံထောက် ပညာမှာ အရေးတကာ့ အရေးအကြီးဆုံးကတော့ အချက် က်ပေါင်း မြောက်မြားစွာ အနက် ဘယ်အချက်ဟာ အဓိကလဲ၊ ဘယ်အချက် ဟာ သာမညလဲ၊ တစ်နည်း ပြောရရင် ဘယ်အချက်တွေဟာ ယာယီလဲ၊ ယ်အချက်တွေဟာ နဂိုလဲ ဆိုတာ ခွဲခြား သိတတ်ဖို့ပဲဗျ၊ ဒီလိုမှ မခွဲခြားနိုင် ယုန် တောင်ပြေး ခွေး မြောက်လိုက် ဆိုသလို ကိုယ့် ကြိုးပမ်းချက်တွေဟာ မရောက်ဘဲ သဲထဲ ရေသွန် ဖြစ်မှာပဲ၊ ခု ဒီအမှုမှာ အရေးကြီးဆုံး သော့ ဟာ သေသူ လက်ထဲက တွေ့ရတဲ့ စက္ကူစကလေး ဖြစ်တယ် ဆိုတာ အစ တည်းက ကျုပ် သတိပြုလိုက်မိတယ်။

'ဒီအကြောင်းကို ရှေ့မဆက်ခင် ခင်ဗျားတို့ သတိပြုစေချင်တာ တစ်ခု တယ်၊ အဲဒါက ဘာလဲ ဆိုတော့ အဲလက် ပြောတဲ့ စကား၊ သတ်ပုတ်ပြီး က်ပြေးသွားတာကို မြင်လိုက်တယ် ဆိုတဲ့ စကား၊ အကယ်တန္တ သူ ပြောတဲ့ တိုင်း လူသတ်သမားဟာ ဝီလျံကို ပစ်သတ်ပြီး ချက်ချင်း ထွက်ပြေးတယ် လို့ ရှိရင် သေသူ့ လက်ထဲက စက္ကူစကို ဆုတ်ဖြဲ ယူသွားတဲ့ လူဟာ ထွက် ပြေးသွားတဲ့လူ မဖြစ်နိုင်ဘူး၊ ကောင်းပြီ၊ ဒါဖြင့်ရင် စက္ကူစကို ဆုတ်ပြီး ယူ တဲ့ လူဟာ ဘယ်သူ ဖြစ်နိုင်သလဲ၊ အဲလက် ကမ်နင်ဟမ်ပဲ ဖြစ်ရမယ်၊ ဘာ လို့လဲ ဆိုတော့ အဘိုးကြီးက နောက်မှ ရောက်လာတဲ့ လူ၊ သူ ရောက် အခါ အစေခံတွေတောင် အနားမှာ ရောက်နေကြပြီ၊ ဒါကြောင့် အဲလက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ဒါက ရှင်းပါတယ်၊ ဒါပေမဲ့ အင်စပက်တော်ကတော့ ကမ်နင်ဟမ် သား အဖဟာ လူကုံထံတွေ ဆိုတော့ ဒီအမှုမျိုးနှင့် ပတ်သက်ပြီး ဆက်စပ် မစဉ်းစား မိဘူးပေါ့၊ ဒီတော့ အချက် တစ်ချက်ကို အစ ရပြီ ဆိုရင် မျက်နှာ မထောက် မျှ မထောက်ဘဲ အဲဒီ အချက်အလက်ကို စွဲစွဲမြဲမြဲ ကိုင်ပြီး အချက်အလက် ပေါ် ရာကို လိုက်သွားဖို့ လိုတယ်၊ ဒါကြောင့် ဒီအမှုကို စကိုင်ကတည်းက ကျွန် စိတ်ထဲမှာ အဲလက်နှင့် ပတ်သက်လို့ မရှင်းမလင်း ဖြစ်နေတယ်။

'အဲဒီလို အချိန်မှာ အင်စပက်တော် ပြတဲ့ စာရွက်ကို ကျုပ် သေသေ ချာချာ စစ်ဆေးကြည့်တယ်ဗျ၊ ဒီစာရွက် အပိုင်းကလေးဟာ ထူးခြားတဲ့ စာ တစ် စောင်ရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်တယ်၊ ဟောဒီမှာ ကြည့်၊ ဒီစာဟာ မထူးခြား ပေဘူးလား'

'အင်း၊ တစ်မျိုးတော့ တစ်မျိုးပဲ' ဟု ဗိုလ်မှူးကြီးက ပြောလေ၏။

'ဟောဒီမှာ သေသေချာချာ ကြည့် ခင်ဗျ၊ ဒီစာဟာ လူနှစ်ယောက်က စာလုံး တစ်လုံးစီကို တစ်ယောက် တစ်လှည့်စီ ရေးထားတဲ့ စာဗျ၊ ဒီမြ မကြည့်နှင့်၊ ဆလိမ်တွေကို ကြည့်၊ ဆက်ဆက် ဆိုတဲ့ စာလုံးက ဆလိမ်ရေ



'ဒါက ရှင်းပါတယ်'





နှင့် ဆယ့်နှစ် နာရီ မထိုးမီ ဆယ့်ငါးမိနစ် ဆိုတဲ့ စာလုံးက ဆလိမ်တွေကို ယှဉ် ကြည့်၊ ရှေ့က ဆက်ဆက် ဆိုတဲ့ စာလုံးထဲက ဆလိမ်တွေက လက်မြဲမြဲနှင့် ရေးတာ၊ ဆယ့်နှစ်နှင့် ဆယ့်ငါးထဲက ဆလိမ်တွေက လက်မခိုင်ဘဲနှင့် ရေးထား တာ၊ ယှဉ်ကြည့်လိုက်ရင် သိလိမ့်မယ်၊ အဲဒီ စာလုံး လေးလုံးကို ကြည့်ပြီးလို့ ရှိရင် ဆက် ဆိုတဲ့ စာလုံးနှင့် မည် ဆိုတဲ့ စာလုံးက လက်ခိုင်ခိုင်နှင့် ရေးပြီး ရ ဆိုတဲ့ စာလုံးက လက် မခိုင့်တခိုင်နှင့် ရေးတာမှန်း သိသာ လာပါလိမ့်မယ်'

'အလို ဟုတ်တယ်ဗျို့၊ နေစမ်းပါဦးဗျ၊ လူနှစ်ယောက်က ဘာဖြစ်လို့ စာ တစ်စောင်တည်းကို တစ်လုံး တစ်လုံးစီ ရေးနေရတာလဲ' ဟု ဗိုလ်မှူးကြီးက မေးလေ၏။

'အလုပ်က မကောင်းတဲ့ အလုပ်ကိုးဗျ၊ တစ်ယောက်နှင့် တစ်ယောက် အယုံအကြည် မရှိကြတော့ တစ်ယောက် လုပ်တာ မှန်သမျှကို တစ်ယောက်က သိရမယ်၊ သူ လုပ်တာ ကိုယ်သိ ကိုယ် လုပ်တာ သူသိ အနေ ရောက်အောင် လုပ်ထားတာဗျ၊ အဲဒီလူ နှစ်ယောက်မှာ ဆက်ဆက် ဆိုတဲ့ စာလုံးကို ရေးတဲ့ လူက ခေါင်းဆောင်ဗျ'

'သေချာလှချည်လား ဆရာကြီး၊ ဘာဖြစ်လို့လဲ'

'လက်ရေး လက်သားကို ကြည့်လိုက်ရုံနှင့် စရိုက်ကို အကဲခတ်လို့ ရပါ တယ်ဗျ၊ ဒါတွင် မကဘူး၊ သေချာတဲ့ အချက်အလက်တွေလည်း ရှိပါတယ်၊ အဲဒီ စာရွက်ပိုင်းကလေးကို သေသေချာချာ ကြည့်ရင် လက်ရေး ခိုင်ခိုင်နှင့် လူက စာလုံးတွေကို ပထမ ရေးပြီးတော့ လက်ရေး မခိုင်တဲ့ လူက နောက်မှ ရေးတာကို တွေ့ရလိမ့်မယ်၊ ကွက်လပ် ထားခဲ့တာကို မတွေ့ဘူးလား၊ တစ်ခါ တလေကျတော့ ချန်ထားခဲ့တဲ့ ကွက်လပ်ဟာ သေးနေတဲ့ အတွက် နောက်လူက ပိုတဲ့ ကွက်လပ်ကလေးထဲကို မဆံ့မပြဲ အတင်း ဝင်ရေးရတာကို တွေ့လိမ့်မယ်၊ ဒီတော့ စာလုံးတွေကို ပထမ ရေးတဲ့ လူဟာ ဒီလုပ်ငန်းမှာ စီမံကိန်း ချတဲ့ လူ ဆိုတာ ရှင်းပါတယ်'

'ဟုတ်လိုက်လေ ခင်ဗျာ' ဟု မစ္စတာ အက်တန်က ပြောလေ၏။

'သို့သော် ဒါတွေက အပေါ်ယံပဲ ရှိသေးတယ်ဗျ၊ ဒီလောက် အရေး မကြီးလှသေးဘူး၊ အရေးကြီးတဲ့ အချက်က နောက်မှ လာတာ၊ ကျွမ်းကျင်သူ တွေ အနေနှင့် လက်ရေး လက်သားကို ကြည့်ပြီး လူတစ်ယောက်ရဲ့ အသက်ကို တော်တော်လေး တိတိကျကျ ပြောနိုင်တယ်၊ သာမန်အားဖြင့် ပြောရမယ် ဆိုရင် လက်ရေး လက်သားကို ကြည့်ပြီး လူတစ်ယောက်ရဲ့ အသက်ကို ဆယ့်စု အပိုင်း



www.burmeseclassic.com

www.burmeseclassic.com





အခြားလောက် အထိ မှန်မှန် ပြောနိုင်တယ်၊ ဒါက သာမန်အားဖြင့် ပြော
နော်၊ ကျန်းမာရေး မကောင်းတဲ့လူ ကိုယ်ခန္ဓာ ချို့တဲ့နေတဲ့ လူများကျ
လက်ရေးရှင်က လူငယ် ဖြစ်သည့်တိုင် သက်ကြီးရွယ်အို တစ်ယောက် ရေး
လက်ရေးမျိုး ထွက်လာတယ်ဗျ၊ ခုကိစ္စကို ကြည့်လိုက်ရင် လက်ရေး တစ်ခု
နိုင်နိုင်ကြီး၊ တစ်ခုက လက်ရေး မခိုင့်တခိုင် ရေးထားတာ၊ နောက် ဆလိမ် ကြ
လိုက်ရင် တစ်ခုက ဝိုင်းဝိုင်းကြီးတွေ၊ တကယ့်ကို ဖိပြီး နိုင်နိုင် ရေးထား
နောက် ဆလိမ်တွေကျတော့ မခိုင့်တခိုင်ရယ်၊ ဆလိမ်ကြီးတွေဟာ နိုင်နိုင် ရေး
ထားပေမဲ့ မအိုသေးတဲ့ လူကြီး တစ်ယောက်က ရေးထားတာမှန်း ပေါ်နေ
နောက် ဆလိမ်ကတော့ လူငယ် တစ်ယောက်က ရေးထားတယ် ဆိုတာ ပေါ်
တယ်'

'ဟုတ်လိုက်လေ ခင်ဗျာ' ဟု မစ္စတာ အက်တန်က အော်ပြန်သည်။

'ပို သိမ်မွေ့ပြီး ပို စိတ်ဝင်စားစရာ ကောင်းတဲ့ အချက် တစ်ချက် ကျ
သေးတယ်ဗျ၊ ဒီလက်ရေး နှစ်ခုမှာ တူတာတွေ ရှိတယ်၊ ဒီလက်ရေး နှစ်ခု
သွေးသား စပ်တဲ့ လူနှစ်ယောက်ရဲ့ လက်ရေးတွေ၊ အဲဒါက ဘာလဲ ဆိုတော့ သူ
နှစ်ယောက်စလုံး ရေးတဲ့ စာလုံးတွေမှာ နငယ်တွေဟာ ခေါင်း ကြီးနေတယ်
ဒီပြင်လည်း ဒီလို တူတာလေးတွေ အများကြီး ရှိသပေါ့လေ၊ ဒီတော့ ဒီလက်ရေး
နှစ်ခုကို ကြည့်လိုက်ရုံနှင့် သူတို့သားချင်း ဆွေမျိုးတွေရဲ့ အလေ့အထ တစ်ခု
ကျုပ် ခန့်မှန်းလို့ ရနိုင်တယ်ဗျ၊ ဒါက စာရွက်ပိုင်းကလေးကို ကြည့်ပြီး ထင်ရှား
အချက်တွေကို ကျုပ် ထုတ်ပြနေတာနော်၊ ကျွမ်းကျင်သူတွေ အနေနှင့် ကြည့်ရင်
ဒီလက်ရေးက နေပြီး ကောက်ချက် ဆွဲထုတ်နိုင်တဲ့ အချက် နှစ်ဆယ့်သုံးချက်
လောက် ကျန်သေးတယ်ဗျ၊ ဒါတွေ အားလုံး ပေါင်းလိုက်တဲ့ အခါကျတော့
ကောက်ချက် ဆွဲလို့ ရသွားပြီ၊ ဘာလဲ ဆိုတော့ ဒီစာကို ကမ်နင်ဟမ် သားအဖ
တစ်ယောက် တစ်လုံးစီ ရေးတယ် ဆိုတာ ကောက်ချက် ဆွဲလို့ ရသွားပြီဗျ။

'ဒီလောက် အထိ ရပြီ ဆိုရင် ကျုပ်အဖို့ နောက်လုပ်ရမယ့် အလုပ်က
တော့ အချင်း ဖြစ်ပွားခဲ့တဲ့ နေရာကို သွားကြည့်ပြီး ကျုပ်'အတွက် ဘယ်လောက်
အသုံး ကျမလဲ ဆိုတာကို ကြည့်ဖို့ပဲ ကျန်တော့တယ်ဗျ၊ ဒါနှင့် ကျုပ်လည်း
အင်စပက်တော်နှင့် အတူ အိမ်ကို သွားပြီး ကြည့်စရာ ရှိတာတွေကို အကုန်
ကြည့်တယ်၊ သေသူရဲ့ ကိုယ်ပေါ်မှာ တွေ့ရတဲ့ ဒဏ်ရာဟာ လေးကိုက်ကျော်
အကွာက ပစ်တဲ့ ခြောက်လုံးပြူး ဒဏ်ရာ ဖြစ်တယ် ဆိုတာ သေချာတယ်ဗျ
အဝတ်အစားတွေပေါ်မှာ မီးလောင်ကျွမ်းလို့ မည်းနက်နေတဲ့ အရာတွေ မရှိဘူး



'အဝတ်အစားတွေပေါ်မှာ
မီးလောင်ကျွမ်းလို့ မည်းနက်နေတဲ့ အရာတွေ မရှိဘူး'

...ကြောင့် သေနတ် ပစ်လိုက်တုန်းမှာ လူနှစ်ယောက် သတ်ပုတ်နေတာကို
...လိုက်ရတယ် ဆိုတဲ့ အဲလက်ရဲ့ ထွက်ချက်ဟာ လိမ်ထွက်ထားတဲ့ ထွက်
...ချက်ကြီး ဆိုတာ ရှင်းနေတယ်၊ တစ်ခါ လူသတ်သမား ထွက်ပြေးတယ် ဆိုတဲ့
...နေရာကိုလည်း သားအဖ နှစ်ယောက်စလုံးက ဒီနေရာပဲလို့ တညီတညွတ်တည်း
...ထွက်ထားကြတယ်၊ သို့သော်လည်း အဲဒီ နေရာကို ကြည့်တဲ့ အခါကျတော့
...မြောင်းကြီးဗျ၊ မြောင်းမှ အကျယ်ကြီး၊ အောက်မှာ ရွှံ့တွေနှင့်၊ ရွှံ့ထဲမှာရော
...အနား တစ်ဝိုက်မှာရော ဖိနပ်ရာတို့ ဘာတို့ ဆိုလို့လည်း တစ်ခုမှ မတွေ့
...ဘူး၊ ဒီမှာတွင် ကျုပ် ဘာသွား တွေ့သလဲ ဆိုတော့ ကမ်နင်ဟမ် သားအဖ
...တာ နောက်တစ်ခါ လိမ်ပြီး ထွက်ပြန်ပြီ ဆိုတဲ့ အချက်ရယ်၊ အဲဒီ အချင်း ဖြစ်
...အချိန်မှာ လူစိမ်း သူစိမ်း ဆိုလို့ တစ်ယောက်မှ မရှိဘူး ဆိုတာရယ် သွား
...ပြန်တယ်ဗျ။

'ဒါဖြင့်ရင် ဒီရာဇဝတ်မှု ကျူးလွန်တဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ၊ ဒါကို
ကျုပ် စဉ်းစားရတော့မယ်၊ ဒါကို ရှင်းချင်ရင် မူလ ဖောက်ထွင်းမှု ဖြစ်တဲ့
...တာ အက်တန်ရဲ့ အိမ်ဖောက်မှုကို ကျုပ် အကြောင်း ရှာရလိမ့်မယ်၊ ဗိုလ်မှူး
...ပြောတာကို ကျုပ် နားလည်သလောက် ပြန်ပြောရရင် မစ္စတာ ကမ်နင်ဟမ်





www.burmeseclassic.com

www.burmeseclassic.com



နှင့် ယောဒီက မစ္စတာ အက်တန်တို့ မြေစာရင်း ဦးပိုင် ရလိုမှုနှင့် ပတ်သက်
တရား တဘောင် ဖြစ်နေကြတယ်လို့ သိရတယ်၊ ဒီတော့ ကျုပ် တွက်
သူတို့ဟာ အမှုမှာ အရေးကြီးတဲ့ စာချုပ်စာတမ်းကို လိုချင်တဲ့ အတွက် ခင်
အိမ်ကို ဖောက်ထွင်းပြီး စာကြည့်ခန်းကို မွှေနှောက်သွားတာ ဖြစ်ရမယ်ဗျ၊
စိတ်ထဲမှာ ဒီလိုပဲ ထင်နေတယ်'

မစ္စတာ အက်တန်က

'မှန်လိုက်လေ ခင်ဗျား၊ သူတို့ ရည်ရွယ်ချက်က ရှင်းနေတာပဲ ခင်
ခု သူ ပိုင်တဲ့ မြေတစ်ဝက်ဟာ အမှန် ကျွန်တော့် ဦးပိုင်ထဲမှာ ပါတယ် ခင်
သူတို့ လိုချင်တဲ့ စာရွက် တစ်ရွက်ကို ရသွားခဲ့ရင် ကျွန်တော် ခွက်ခွက်လန်
ရှုံးမှာပဲ၊ စာချုပ်က ကျွန်တော့် ရှေ့နေတွေဆီ အပ်ထားလို့ တော်သေးတာ
ခင်ဗျာ'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'ဟုတ်ပြီဗျ၊ ကျုပ် တွေးတာ မှန်ပြီ၊ တော်တော့်ကို ရဲရဲတင်းတင်း
ဝင်ခိုးတာပဲဗျ၊ ဒါဟာ အဲလက် ဆိုတဲ့ သူငယ်ရဲ့ လက်ချက်ပဲ ဖြစ်ရမယ်၊ သူ
လိုချင်တဲ့ စာချုပ်ကို မတွေ့တဲ့ အခါကျတော့ သာမန် ဖောက်ထွင်းမှုလို့ ထင်
အောင် မဟုတ်တဲ့ ပစ္စည်းတွေကို ဆွဲယူသွားတာ၊ ဒီအထိတော့ ရှင်းပြီ၊ ဒါ
ဝိုးတိုးဝါးတား ဖြစ်တဲ့ အချက်ကလေးတွေ ကျန်နေသေးတယ်ဗျ၊ ကျုပ် အလို
ဆုံးကတော့ ပျောက်နေတဲ့ စာရွက် အပိုင်းအစကလေးပဲ၊ ကျုပ် စိတ်ထဲမှာ ထင်
နေတာက ဒီစာရွက်ကို သေသူ့ လက်ထဲက အဲလက် ယူသွားတာ ဖြစ်ရမယ်
ယူပြီး သူ့ ဝတ်ရုံ အင်္ကျီထဲမှာ ထိုးထည့်သွားရမယ်လို့ ကျုပ် တွက်လိုက်တယ်
သူ့ အင်္ကျီ အိတ်ထဲကို ထိုးထည့်မသွားခင် တခြား ဘယ်နေရာမှာ သူ သွား
စရာ ရှိသေးသလဲဗျ၊ အဲ တစ်ခုတော့ ရှိရဲ့၊ ဒီစာရွက်ဟာ ဝတ်ရုံ အင်္ကျီအိတ်ထဲမှာ
ရှိသေးသလား၊ မရှိတော့ဘူးလား ဆိုတဲ့ အချက်ကတော့ ခန့်မှန်းရတာ ခက်
တယ်၊ ဒီတော့ ဒါကို ရှာချင်တယ်၊ ဒါကြောင့် အိမ်ထဲကို ဝင်ရအောင် ကျုပ်
ကြံတာပဲ။

'ကျုပ်တို့ အိမ်ရှေ့မှာ ရပ်နေကြတုန်း သားအဖ က်ဖေး မီးဖိုချောင်
ဘက်က ထွက်လာတာကို ခင်ဗျားတို့ မှတ်မိကြလိမ့်ဦးမယ် ထင်တယ်၊ ဒီတော့
အရေးကြီးဆုံးက ဒီစာရွက် အကြောင်းကို သူတို့ကို မပြောမိဖို့ လိုတယ်၊ ပြော
မိရင် စာရွက်ကို သတိ ရသွားပြီး ဖျောက်ဖျက်ပစ်ရင် ဘယ့်နှယ် လုပ်မလဲ
အင်စပက်တော်က ဒီစာရွက် အကြောင်း ပြောမယ် လုပ်တုန်းမှာ ကံအားလျော်





ကျုပ် မူးလဲကျသွားတော့ စကား ပြတ်သွားတယ်ဗျ'

ဗိုလ်မှူးကြီးက ရယ်ရင်း

'လတ်စသတ်တော့ စုံထောက်ကြီးက လဲကျသွားဟန် ဆောင်တာပေါ့
သောက်ကျိုးနည်း ကျွန်တော်တို့မှာဖြင့် ပူလိုက်ရတာဗျာ'

'ဆရာဝန် တစ်ယောက် အနေနှင့် ပြောရရင်တော့ ခင်ဗျား မူးမေ့ လဲကျ
ကလေးက တော်တော့်ကို သရုပ်ပေါ်တယ်ဗျ' ဟု ကျွန်ုပ်က တအံ့တဩ
ပြောလိုက်လေ၏။

'ဒီအတတ်ပညာက ကျုပ်မှာတော့ မကြာခဏ အသုံးဝင်တယ်ဗျ၊ ပြန်
သတိ ရလာတဲ့ အခါကျတော့ ကျုပ်က ဆင်လုံး ထွင်ပြီး ဆယ့်နှစ် ဆိုတဲ့
လုံးကို အရေး ခိုင်းတယ်ဗျ၊ စာရွက်ပေါ်မှာ ရေးထားတဲ့ ဆယ့်နှစ် ဆိုတဲ့
လုံးနှင့် ယှဉ်ကြည့်ရအောင်လို့'

'သေလိုက်ပါတော့ဗျာ၊ ကျွန်တော်တို့တစ်တွေ ဒီလောက် ထူအရသလား'
ကျွန်ုပ်က ပြောလိုက်၏။

'မလုပ်ပါနှင့်ဗျာ၊ ကျုပ် ခပ် ကြောင် ကြောင် လုပ်ရတာကလေးတွေကို
တ်မှ ပြေပါစေတော့ သဘောနှင့် အလိုက်အထိုက်တော့ မပြောပါနှင့်၊ ကျုပ်
သွားလို့ ခင်ဗျားတို့ စိုးရိမ် ပူပန်ရတဲ့ အတွက် ဝမ်းနည်းပါတယ်၊ ဒါနှင့်
ပ်တို့ အားလုံး အိမ်ပေါ်ကို တက်လာကြတယ်၊ အခန်းထဲ ရောက်တော့ ညဝတ်
ကြီးကို တံခါး နောက်မှာ ချိတ်ထားတာ မြင်လိုက်ရတယ်ဗျ၊ ဒီတော့ ကျုပ်
လုပ်သလဲ၊ မတော်တဆ ဖြစ်ချင်ယောင် ဆောင်ပြီး စားပွဲကို တိုက်ပစ်လိုက်
ယ်၊ သူတို့ အားလုံး အာရုံ ပြောင်းသွားတဲ့ အချိန်မှာ ကျုပ်လည်း အင်္ကျီထဲ
ပြီး ရှာဖို့ လစ်ထွက်လာခဲ့တာပဲဗျ၊ ကျုပ် ထင်တဲ့ အတိုင်း အင်္ကျီ အိတ်ထဲက
တို့လည်း ရရော သူတို့ သားအဖ ရောက်လာပြီး ကျုပ်ကို သတ်မလို့ လုပ်
တာပဲ၊ ခင်ဗျားတို့သာ ရောက်မလာရင် တကယ် အသေ သတ်မယ်လို့ ထင်
ပဲ၊ သားက ကျုပ် လည်မျိုကို ညှစ်ထားလိုက်တာဗျာ၊ ကျုပ်ဖြင့် ခုတောင်
တစ်တစ် ဖြစ်နေသေးတယ်၊ အဖေကလည်း လက်ကို လိမ်ပြီး ကျုပ် လက်
စာရွက်ကို အတင်း လုနေတယ်ဗျ၊ ကျုပ် သိသွားပြီ ဆိုတာလည်း သိရော
တို့ စိတ်ထဲမှာ လုံခြုံလှပြီလို့ စိတ်အေးလက်အေး နေရာက ပျာပျာသလဲ ဖြစ်
ပြီး သွေးရူးသွေးတန်း ဖြစ်တော့တာပဲ။

'အမှု ကျူးလွန်တဲ့ ရည်ရွယ်ချက်နှင့် ပတ်သက်လို့ ကျုပ် သူတို့
နှစ်ယောက်နှင့် စကား ပြောပြီးပြီ၊ အဘိုးကြီးကတော့ ဒီလောက် မ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒါပေမဲ့ သားကတော့ တကယ် လုပ်မယ့်ကောင်ဗျို့၊ ခြောက်လုံးပြူး[illegible] ရသွားရင်တော့ ဘယ်သူ့ကို သတ်ရ သတ်ရ သတ်မယ့် ကောင်၊ သူ့ကိုယ်[illegible] သတ်ဖို့လည်း ဝန်လေးမယ့် ကောင်မျိုး မဟုတ်ဘူး၊ အမှုက သိပ်ပြီး သင်[illegible] လွန်းတဲ့ အခါကျတော့ စိတ်ခေတ်ကျပြီး မထူးတော့ဘူး ဆိုပြီး အကုန် ဖွင့်[illegible] တာပါပဲ၊ ကြည့်ရတာကတော့ မစ္စတာ အက်တန်ရဲ့ အိမ်ကို ဖောက်တုန်းက [illegible] ဆရာ နှစ်ယောက်နှင့် အတူ ဝီလျံရော ပါခဲ့ပုံ ရတယ်ဗျ၊ ဒီနောက်တော့ ဝီလျံ[illegible] ဒီအကြောင်းကို ဖွင့်ချမယ် ဆိုပြီး သူတို့ကို ခြိမ်းခြောက် ငွေညှစ်ဖို့ လုပ်တာ[illegible] ဒါပေမဲ့ အဲလက် ဆိုတဲ့ ကောင်ကို ဒီလို လုပ်လို့ ဘယ်ရမလဲဗျာ၊ ဒီလို ဖြစ်[illegible] တုန်းမှာ နယ်တစ်နယ်လုံး သူခိုး ပူတယ် ဆိုပြီး ဖြစ်နေတော့ ဒီသူခိုး ပူတာ[illegible] အခွင့်ကောင်းယူပြီး သူတို့ ရှင်းချင်တဲ့ လူကို အပျောက် ရှင်းဖို့ လုပ်တာ[illegible] ဝီလျံကို မျှားခေါ်ပြီး သေနတ်နှင့် ပစ်လိုက်တာပဲ၊ အကယ်၍ စာရွက်ကို တ[illegible] လုံး ရလိုက်ပြီး ဖျောက်ဖျက်လိုက်နိုင်ရင် သူတို့ အပေါ်မှာ ဘယ့်နှယ် လုပ်[illegible] သံသယ ဖြစ်စရာ မရှိတော့ဘူးပေါ့'

'စာရွက်ကရော'ဟု ကျွန်ုပ်က မေးလိုက်၏။

ရှားလော့ဟုမ်းသည် ဆက်ထားသည့် စာရွက်ကို ထုတ်၍ ဖြန့်ပြလေ[illegible]




'ဒါကတော့ ကျုပ် တွက်ထားတဲ့ အတိုင်းပါပဲ၊ အဲလက်ရယ်၊ ဝီလျံရယ်၊ [illegible]မှာ ပါတဲ့ အင်နီ မောရစ်ဆင်ရယ်၊ ဒီသုံးယောက်ကြားမှာ ဘယ်လို အဆက် [illegible] ရှိကြသလဲ ဆိုတာကိုတော့ ကျုပ်တို့ မသိဘူးပေါ့ဗျာ၊ ရလဒ်ကတော့ [illegible]ကွင်းကို ကျွမ်းကျွမ်းကျင်ကျင် ထောင်ထားလိုက်တာပဲ၊ သားနှင့် အဖ [illegible] ဘယ်လောက်ပဲ လက်ရေး ကွဲကွဲ ရကောက်နှင့် အသတ် အဆွဲတွေမှာ [illegible] တော်တော်လေး တူတယ် ဆိုတာကို ခင်ဗျားတို့ တွေ့ရလိမ့်မယ်၊ ပြီးတော့ [illegible]ကြီးရဲ့ လက်ရေးထဲမှာ ဝစ္စပေါက်တွေ ကျန်နေတာလည်း ထူးခြားချက် [illegible]ပဲ၊ ကဲ ဝပ်ဆင်ရေ၊ ကျုပ်တို့ တောလာပြီး အနားယူတာ အနားယူရကျိုး [illegible]ပေတယ်ဗျာ၊ ခုတော့ ကျုပ်လည်း အားသစ်ခွန်သစ်တွေ ပြည့်လို့ မနက်ဖြန် [illegible] ဘေကာလမ်းက တိုက်ခန်းကို ပြန်မှ ဖြစ်တော့မယ်'

[မူရင်း ဝတ္ထု *The Adventure of The Reigate Squires.* ရွှေဥဒေါင်း၏ [illegible]ဘာသာပြန်ထားသော ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]





www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်း လူဆိုး



ကျွန်ုပ် လက်ထပ်ပြီး မကြာမီ နွေရာသီ တစ်ညၥ္ ကျွန်ုပ်သည် မီးလင်းဖို ဘေး၌ ထိုင်ကာ နောက်ဆုံး ဆေးတစ်ဆုံကို ဖွာရင်း ဝတ္ထု တစ်ပုဒ်ကို ဖတ်နေလေ၏။ ကျွန်ုပ်၏ဇနီးသည်မှာ အပေါ်ထပ် အိပ်ခန်းသို့ တက်သွားပြီး အိမ်ရှေ့ တံခါးမကြီးမှ သော့ခတ်သံကို ကြားရသည့် အတွက် အိမ်စေများလည်း အနားယူသွားကြပြီ ဖြစ်ကြောင်း သိနိုင်ပေ၏။ ကျွန်ုပ်သည် ကုလားထိုင်မှ ထကာ ဆေးတံမှ ဆေးများကို ခေါက်နေဆဲ အိမ်ရှေ့မှ ခေါင်းလောင်း မြည်သံကို ကြားလိုက်ရလေ၏။

နာရီကို ကြည့်လိုက်ရာ အချိန်မှာ ဆယ့်နှစ်နာရီ ထိုးရန် ဆယ့်ငါးမိနစ်သာ လိုတော့သည်။ ဤသို့သော ညကြီး အချိန်မတော်တွင် ဧည့်သည် မဖြစ်နိုင်၊ လူနာ တစ်ယောက် ဖြစ်ပြီး ညလုံးပေါက် ထိုင်ရတော့မည့်ကိန်း ဆိုက်လေပြီဟု ကျွန်ုပ် အောက်မေ့လိုက်မိ၏။ ကျွန်ုပ်သည် မျက်နှာကို ရှုံ့မဲ့လျက် ခန်းမသို့ ထွက်လာကာ တံခါးမကြီးကို ဖွင့်လိုက်သည်တွင် လှေကားထစ်ပေါ်၌ မားမားကြီး ရပ်နေသော ရှားလော့ဟုမ်းကို တွေ့လိုက်ရသည့် အခါ၌ကား ကျွန်ုပ်မှာ များစွာ အံ့အား သင့်လျက် ရှိလေ၏။

'တော်ပါသေးရဲ့ဗျာ၊ အိပ်များ အိပ်နေပလားလို့'

'လာ ဆရာကြီး၊ ထိုင်'

'ခင်ဗျား ကြည့်ရတာ တော်တော် အံ့အားသင့်သွားပုံ ရတယ်၊ ဒါပေမဲ့ အံ့ဩ ဆန်းမှာတော့ မဟုတ်ပါဘူးလေ၊ နည်းနည်းလည်း စိတ် သက်သာမှု ရသွားဟန် တူတယ် ဟုတ်စ၊ အလို ခင်ဗျားကလည်း လူပျိုတုန်းက သောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အာကေဒီယာ ဆေးတံသောက်ဆေးကို သောက်တုန်းပဲကိုးဗျ၊ ကုတ်အင်္ကျီပေါ်မှာ လည်း ပြာမှုန့်တွေ တင်လို့၊ ခင်ဗျား ကြည့်ရတာ စစ် ယူနီဖောင်းကို ဝတ်နေ လူတစ်ယောက်မှန်း သိပ်သိသာတာပဲ၊ လက်ကိုင်ပဝါကို အင်္ကျီ လက်မောင်း ကြားထဲ ထိုးတဲ့ အကျင့်ကို မဖျောက်သမျှ ကာလပတ်လုံးတော့ ခင်ဗျားလည်း အရပ်သား စစ်စစ်နှင့် တူဦးမှာ မဟုတ်သေးပါဘူး၊ ဒီနေ့ည ခင်ဗျားဆီမှာ အိပ် ချင်တယ်ဗျ၊ ဖြစ်မလား'

'ဖြစ်ပါ့ဗျာ'

'ကျုပ်အတွက် လူပျိုခန်း တစ်ခန်း သတ်သတ် ရှိတယ်လို့ ခင်ဗျား ပြောခဲ့တာလေ၊ ခုလောလောဆယ်မှာ ညအိပ်ညနေ လာတဲ့ ယောကျ်ား ဧည့်သည် လည်း မရှိဘူး မဟုတ်လား၊ ဦးထုပ် ချိတ်တဲ့ ချိတ်မှာတော့ ကျုပ် မမြင်ဖူးတဲ့ ဦးထုပ် တစ်လုံးမှ မတွေ့သေးဘူး'

'ရပါတယ်ဗျာ၊ ခင်ဗျား အိပ်မယ် ဆိုရင် အိပ်စမ်းပါ'

'ဒီလိုဆိုရင်တော့ ကျေးဇူးပဲဗျ၊ လွတ်နေတဲ့ ဦးထုပ် ချိတ်မှာ ကျုပ် ဦးထုပ်ကို ချိတ်လိုက်ဦးမယ် ... အံမယ် အိမ်ကို ဘယ်အချိန် ... အလုပ်သမား လာသွားသ... အလုပ်သမားတွေ လာ ... အလုပ် ပျက်လွန်းလို့ဗျာ၊ ... ဖြစ်လို့လဲ၊ ပိုက်တွေ ပျက်... လား'



52

'ကျုပ် မမြင်ဖူးတဲ့ ဦးထုပ် တစ်လုံးမှ မတွေ့သေးဘူး'

'မဟုတ်ဘူး ဗျ၊ ... ပျက်လို့'

'ကြည့်စမ်းပါဦး ... ခင်ဗျား အိပ်ခန်းက ဖယောင်... ပုဆိုးပေါ်မှာ ဘွတ် ဖိနပ်က သံ... ရာကြီး နှစ်ချောင်းကလည်း ထင်... နေတာပဲ၊ တော်ပြီလေ၊ ကျုပ် ... တာလူး ဘူတာရုံက ညစာ စား... ခဲ့ပြီ၊ စကား ပြောရင်း ဆေးလေး တ... ဆုံလောက်ပဲ သောက်တော့မယ်'





ကျွန်ုပ်က ဆေးတံ ဆေးအိတ်ကို လှမ်းပေးလိုက်၏။ ရှားလော့ဟုမ်းသည် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကာ အတော် ကြာအောင် ဆေးတံကို ... ဆိတ်ဆိတ်စွာ ဖွာလျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် တော်တော်တန်တန် ... ကြီးသည့် ကိစ္စ တစ်စုံတစ်ရာ မရှိဘဲ ဤအချိန်မျိုးတွင် လာမည် မဟုတ်ဟု ကျွန်ုပ် သိပြီးသား ဖြစ်သည့် အလျောက် ကျွန်ုပ်ကလည်း မည်သို့မျှ မမေးဘဲ ... ပြောမည့် စကားကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို စေ့စေ့ လှမ်းကြည့်လိုက်ရင်း

'ခင်ဗျားလည်း ဆေးကုတဲ့ အလုပ်နှင့် အလုပ်များနေပုံ ရတယ်'

'ဟုတ်တယ်ဗျာ၊ ဒီနေ့ တစ်နေ့လုံး ဖတ်ဖတ်ကို မောနေတာပဲ၊ ခင်ဗျား ...နှင့် ကြည့်ရင်တော့ ထူးလှချည်လားလို့ အောက်မေ့မှာပဲ၊ နေစမ်းပါဦး၊ ဘာ ...ကို ဘယ်လို ကြည့်ပြီး အလုပ် များနေတယ်လို့ ကောက်ချက် ဆွဲယူတာလဲ'

ရှားလော့ဟုမ်းသည် တခစ်ခစ် ရယ်လျက် ရှိလေ၏။

'မခက်ပါဘူးဗျာ၊ ကျုပ်က ခင်ဗျား အလေ့အထတွေကို သိနေတဲ့ ဥစ္စာပဲ၊ ...တွေကို ကြည့်ရာမှာ ခရီး တိုရင် ခင်ဗျား ခြေကျင် လျှောက်တယ်၊ ဝေးရင် ...ရထားနှင့် သွားတယ်၊ ခင်ဗျား ဖိနပ်တွေဟာ ဟောင်းနေပေမဲ့ ညစ်ပတ် ...ဘူး၊ ဒီတော့ အချိန်ကို လုပြီး သွားနေရတဲ့ အတွက် လမ်း မလျှောက်ဘဲ ...ရထားကို သုံးတယ်ပေါ့'

'အင်း ပြောလိုက်တော့လည်း မှန်နေပြန်ရောဗျ'

'ဒါက အခြေခံကလေးတွေပါဗျာ၊ သတိ မူလိုက်မိတဲ့ လူက အချက် ...တွေ မြင်ပြီး ကောက်ချက် ဆွဲထုတ်ပြလိုက်တော့ သတိ မပြုမိလိုက်တဲ့ ... အဖို့တော့ အဆန်း ဖြစ်နေတာပေါ့၊ ခင်ဗျားက ကျုပ်ရဲ့ စွန့်စားခန်းကလေးတွေ ... ဝတ္ထုကလေးတွေ လုပ်ပြီး ရေးတဲ့ အခါကျတော့ ခင်ဗျား လက်ထဲမှာ ...က်အလက်တွေကို ဆုပ်ကိုင်ထားတယ်၊ စာဖတ်သူကို ချမပြသေးဘူး၊ ဒီတော့ ...ား အဖို့တော့ ဒီအချက်အလက်နှင့် ပြဿနာတွေဟာ ဘာမှ အဆန်း မဟုတ် ...မဲ့ စာဖတ်သူ အဖို့မှာတော့ ဆန်းနေတာပေါ့၊ ခုလည်း ဒီအတိုင်းပါပဲ၊ သိပ် ...လှပါဘူး၊ ခု ကျုပ် ပြောချင်တာက တခြား မဟုတ်ဘူးဗျ၊ ကျုပ်ကိုယ် ...လည်း စာဖတ် ပရိသတ်လို ဒုက္ခ ရောက်နေတယ်၊ ခု ကျုပ်လက်ထဲမှာ ...တစ်ယောက်ကို ဦးနှောက် ခြောက်သွားစေမယ့် အထူးဆန်းဆုံး အမှု တစ်ခု ... သဲလွန်စတွေကို ကိုင်ထားတယ်၊ ဒါပေမဲ့ ကျုပ် အယူအဆကို ခိုင်မာအောင် ...ပေးမယ့် အချက်ကလေး တစ်ချက် နှစ်ချက် လိုနေတယ်၊ မဖြစ်ဘူးဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ရအောင်တော့ ရှာရမယ်၊ မရ ရအောင် ရှာရမယ်'

ရှားလော့ဟုမ်း၏ မျက်လုံးများသည် တောက်ပလာကြကာ ချောင်ကျလျက် ရှိသည့် ပါးပြင်တွင် သွေးရောင် လျှမ်းလာလေ၏။ ရှားလော့ဟုမ်း၏ ထက်သန် ပြင်းပြသည့် သဘာဝသည် မျက်နှာဖုံး အောက်မှ ဘွားဘွားကြီး ပေါ်လာလေ၏။ သို့ရာတွင် ခဏမျှသာ ကြာပေ၏။ နောက်တစ်ခါ ပြန်ကြည့်လိုက်သည့် အခါ တွင် သူ့ မျက်နှာသည် အိန္ဒိယ လူနီရိုင်းတို့၏ မျက်နှာလို တည်တည်ကြီး ဖြစ် ဖြစ်သွားလေ၏။ ထိုမျက်နှာမျိုးကြောင့်ပင် သူ့အား လူအများက လူဟု အမှတ် မထားကြဘဲ စက်ရုပ်ဟု အမှတ်ထားကြခြင်း ဖြစ်ပေ၏။

'ပြဿနာက စိတ်ဝင်စားစရာတွေ တစ်ပုံကြီးဗျ၊ စိတ်ဝင်စားစရာမှ တော် တော့်ကို ထူးခြားတဲ့ စိတ်ဝင်စားစရာလို့တောင် ပြောနိုင်တယ်၊ အမှုကို ကျုပ် လေ့လာပြီးပြီ၊ ဖြေရှင်းနိုင်လိမ့်မယ်လို့လည်း ကျုပ် ထင်တယ်၊ နောက်ဆုံး တစ် ထစ်ပဲ ကျန်တော့တယ်၊ အဲဒီ နောက်ဆုံး တစ်ထစ်မှာ ခင်ဗျား ကူညီနိုင်မယ် ဆိုရင်တော့ အတိုင်းထက် အလွန်ပဲ'

'ရပါတယ်ဗျာ၊ အချိန်မရွေးပါ'

'မနက်ဖြန်ကျရင် အဲလဒါးရှော့ နယ် အထိ လိုက်နိုင်ပါ့မလား'

'ဒေါက်တာ ဂျက်ဆန်က ကျွန်တော့် လူနာတွေကို ကုပေးပါလိမ့်မယ်'

'ဟုတ်ပြီဗျ၊ ဒီလိုဆိုရင် ၁၁ နာရီ ၁၆ မိနစ် ရထားနဲ့ ဝါတာလူး ဘူတာကြီးက ထွက်ချင်တယ်'

'ဒီလိုဆိုရင် ကျွန်တော်လည်း အချိန် ရတာပေါ့'

'ခင်ဗျား သိပ် မအိပ်ချင်သေးဘူး ဆိုရင် ဖြစ်ခဲ့တဲ့ အကြောင်းလေးနဲ့ နောက် ကျုပ်တို့ လုပ်စရာ ရှိတာကလေးကို အတိုချုပ် ပြောချင်တယ်'

'ခင်ဗျား မရောက်ခင်တုန်းကတော့ အိပ်ချင်နေတာပဲ၊ ခုတော့ မျက်လုံး ကျယ်သွားပြီ'

'အရေးကြီးတာတွေလည်း ပါအောင် တိုလည်း တိုသွားအောင် ပြော သွားမယ်လေ၊ အမှန်ကတော့ ဒီအမှု အကြောင်းကို ခင်ဗျားလည်း ဖတ်ပြီးသား ဖြစ်ချင် ဖြစ်နေမှာပါ၊ အမှုကတော့ ဘုရင့် မာလိုး တပ်ရင်းက ဗိုလ်မှူးကြီး ဘာ ကလေ အသတ်ခံရတယ် ဆိုတဲ့ ကိစ္စဗျ၊ ခု ဒီအမှုကို ကျုပ် ကိုင်နေတယ်'

'ဟင်၊ ကျွန်တော် မတွေ့လိုက်မိပါလား'

'အမှု ဖြစ်ပွားတဲ့ အဲလဒါးရှော့ နယ်မှ အပ အခြား နယ်တွေမှာတော့ သိပ် မသိကြသေးပါဘူး၊ အမှု ဖြစ်တာ နှစ်ရက်လောက်ပဲ ရှိသေးတာကိုး၊ အနှ





အတိုချုပ်ကတော့ ဒီလိုဗျ။

'ခင်ဗျား သိတဲ့ အတိုင်း ဘုရင့် မာလိုး တပ်ရင်း ဆိုတာ ဗြိတိသျှ တပ်မတော်မှာတော့ နာမည်ကြီးတဲ့ အိုင်းရစ် တပ်ရင်း တစ်ရင်းပဲ၊ ကရိုင်းမီးယား စစ်ပွဲမှာတုန်းကရော အိန္ဒိယ တပ်တွင်း သူပုန် ကိစ္စတုန်းကရော တော်တော်လေး လက်သံ ပြောင်ခဲ့တဲ့ တပ်ပေါ့၊ အဲဒီနောက်တော့ အဲဒီ တပ်ရင်းဟာ တိုက်ပွဲတိုင်း လိုလိုမှာ နာမည် ရခဲ့တယ်၊ လွန်ခဲ့တဲ့ တနင်္လာနေ့ ညအထိ ဒီတပ်ရင်းကို ဂျိမ်း ဘာကလေက ကွပ်ကဲခဲ့တယ်၊ ဂျိမ်း ဘာကလေ ဆိုတာကလည်း တော်တော် သတ္တိ ဗျတ္တိ ကောင်းတဲ့ စစ်သားဟောင်းကြီးဗျ၊ တပ်သား ဘဝက စပြီး အိန္ဒိယ တပ်တွင်း သူပုန်ကျတော့ သူရသတ္တိ ကောင်းတဲ့ အတွက် ကော်မရှင် ရလာခဲ့ တယ်၊ ဒါနဲ့ နောက်ဆုံးတော့ ဗိုလ်မှူးကြီး ဖြစ်လာပြီး သူ တပ်သားလေး အဖြစ် အမှုထမ်းခဲ့တဲ့ အဲဒီ တပ်ရင်းမှာပဲ တပ်မှူး ဖြစ်လာရော ဆိုပါတော့ဗျာ။

'ဗိုလ်မှူးကြီး ဘာကလေဟာ တပ်ကြပ် ဘဝတုန်းက အိမ်ထောင် ကျခဲ့ တယ်ဗျ၊ သူ့ မိန်းမရဲ့ အပျို နာမည်က မစ္စ နန်စီ ဒီဗွိုင်းတဲ့၊ သူတို့ တပ်က ခွဲအုပ် တပ်ကြပ်ကြီးရဲ့ သမီး၊ ဒီတော့ သိတဲ့ အတိုင်း တပ်ရင်းမှူးလည်း ဖြစ် လင်မယား နှစ်ယောက်စလုံးကလည်း ခပ်ငယ်ငယ်ပဲ ရှိကြသေးတော့ သူတို့ ဘာသာ တပ်ထဲမှာ ခပ်ကင်းကင်း ဖြစ်နေကြတာပေါ့ဗျာ၊ သို့သော်လည်း လင် မယား နှစ်ယောက်စလုံးက ပတ်ဝန်းကျင်နှင့် လိုက်လျောအောင် နေတတ်ကြ ပါတယ်၊ ဗိုလ်မှူးကြီး ဘာကလေက အောက်လက် ငယ်သားတွေနှင့် အဆင်ပြေ အောင် ပေါင်းသင်းတတ်သလို မစ္စက် ဘာကလေကလည်း အရာရှိ ကတော်တွေ ကြားမှာ တော်တော်လေး ပေါ်ပြူလာ ဖြစ်တယ်၊ တစ်ခုတော့ ပြောရဦးမယ်၊ မိန်းမက တော်တော် ချော ဆိုကိုးဗျ၊ လက်ထပ် ပြီးလို့ အနှစ် သုံးဆယ် ကြာ သည့် တိုင်အောင် ချောတုန်းပဲတဲ့။

'ဗိုလ်မှူးကြီး ဘာကလေရဲ့ အိမ်ထောင်ရေးကို ကြည့်လိုက်တော့လည်း အဆင် ပြေသတဲ့၊ ကျုပ်ကို အချက်အလက်တွေ တော်တော်များများ ပြန်ပြော တဲ့ ဗိုလ်မှူး မာဖီးရဲ့ အဆိုကတော့ သူတို့ လင်မယား ကြားမှာ အဆင်မပြေတဲ့ အခါရယ်လို့ တစ်ခါမှ မတွေ့ဖူး မကြားဖူးဘူးတဲ့၊ နှိုင်းပြီး ပြောရမယ် ဆိုရင်တော့ မယားက ဘာကလေကို ချစ်တာထက် ဘာကလေက မယားကို ချစ်တာက ပိုသတဲ့၊ သူ့ မိန်းမနှင့် တစ်ရက်လောက်များ ခွဲနေရရင် ဘာကလေမှာ နေမထိ ထိုင်မသာ ဖြစ်လို့တဲ့၊ သူ့ မိန်းမကတော့ သူ့အပေါ်မှာ ချစ်ခင် မြတ်နိုးပြီး သစ္စာ ရှိသည့်တိုင် သူ့လို ကြွေပျက်လောက်အောင် မဖြစ်ဘူးတဲ့ဗျ၊ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ယောက်ဟာဖြင့် အိမ်ထောင်သက် ရင့်တဲ့ လူလတ်ပိုင်း လင်မယား တွေ ကြားမှာ စံပြ ဖြစ်ပါပေတယ်လို့ တပ်ရင်း တစ်ခုလုံးက အသိအမှတ် ပြုကြရသတဲ့၊ သူတို့ လင်မယားရဲ့ ဆက်ဆံရေးမှာ အခုလို အဖြစ်မျိုး ကြုံမယ် လို့ ဘယ်သူကမှ မမျှော်လင့်ခဲ့ကြဘူး တဲ့။

'ဗိုလ်မှူးကြီး ဘာကလေ ဆိုတဲ့ လူကလည်း ခပ်ဆန်းဆန်းဗျ၊ လူ ရေးခေတ်က စစ်သားကြီးများလို ခပ်ပျော်ပျော် ခပ်ရမ်းရမ်းရယ်၊ တစ်ခါ တစ်ခါ ကျတော့လည်း လူက ကြမ်းတယ်၊ လက်စားချေတာတို့ ဘာတို့ကလည်း ရှိ တတ်သတဲ့၊ သို့သော်လည်း မယား အပေါ်မှာတော့ ဒီလို အမူအရာမျိုး တစ်ခါမှ မပြခဲ့ဘူးတဲ့၊ ဗိုလ်မှူး မာဖီးနှင့် တကွ ကျွပ် စကား ပြောခဲ့ရတဲ့ စစ်ဗိုလ် ငါး ယောက် အနက် သုံးယောက်လောက်ကတော့ တစ်ခါတလေမှာ ဗိုလ်မှူးကြီး ဘာကလေကို ကြည့်ရတာ တော်တော် စိတ်ညစ်နေတဲ့ လက္ခဏာတွေ တွေ့ရ တယ်လို့ ဆိုတယ်ဗျ၊ ဗိုလ်မှူး မာဖီး ပြောသလို ပြောရရင် အဲဒီ အခါမျိုးမှာ ဗိုလ်မှူးကြီး ဘာကလေရဲ့ နှုတ်ခမ်းပေါ်က အပြုံးဟာ တစ်ယောက်ယောက်က များ လက်နှင့် ယူပစ်လိုက်သလို ချက်ချင်း လက်ငင်းကြီးကို ပျောက်သွားတာ မျိုးတွေလည်း ရှိသတဲ့ဗျ၊ ဒါဟာ ပျော်ရွှင်နေတုန်း ဟေးလားဝါးလားနှင့် တပ် ရင်း အရာရှိ ရိပ်သာမှာ နေကြတုန်းမှာလည်း ဒီလိုပဲတဲ့၊ အဲဒီလို ဖြစ်ပြီ ဆိုရင် ဗိုလ်မှူးကြီးဟာ ဘယ်သူ့ကိုမှလည်း စကား မပြောတော့ဘူးတဲ့၊ ငူငူကြီး ထိုင်နေ တော့တာပဲတဲ့၊ ဗိုလ်မှူးကြီး ဘာကလေမှာ ထူးဆန်းတာ ဆိုလို့ အဲဒီလို ဖြစ်တာ မျိုးရယ် အစွဲအလမ်း ကြီးတာမျိုး အယူ သီးတာမျိုးရယ်လောက်က လွဲလို့ တခြား တော့ ထူးထူးထွေထွေ ပြောစရာရယ်လို့ မရှိလှဘူးလို့ အရာရှိတွေက ယူဆကြ တယ်ဗျ၊ အစွဲအလမ်း ကြီးတယ် အယူ သီးတယ် ဆိုတာက တခြား မဟုတ်ဘူး တစ်ယောက်တည်း မနေရဲတာဗျ၊ အထူးသဖြင့် ည ဆိုရင် တစ်ယောက်တည်း မနေရဲဘူးတဲ့၊ ဒီပြင် နေရာတွေမှာ ယောက်ျား ပီသလျက်သားနှင့် ဒီလို ကလေး ကလား ဆန်တာမျိုးကြောင့် အမျိုးမျိုး ပြောကြတယ် ထင်ပါရဲ့။

'ဘုရင့် မာလီး တပ်ဖွဲ့က ပထမ တပ်ရင်းဟာ အလျင်တုန်းကတော့ တပ်ရင်း ၁၁၇ ပေါ့လေ၊ အဲလဒါးရှော့မှာ တပ်စွဲထားတာ တော်တော်လေး ကြာ ပြီဗျ၊ နှစ်တောင် ချီနေပြီ၊ အိမ်ထောင်သည် အရာရှိတွေကတော့ တပ် အပြင် ဘက်မှာ နေကြတာပေါ့၊ ဗိုလ်မှူးကြီး ဘာကလေကတော့ တပ် အပြင်ဘက် မိုင် ဝက်လောက် ဝေးတဲ့ လာချိုင်းလို့ ခေါ်တဲ့ အိမ်တစ်ဆောင်မှာ နေတယ်ဗျ၊ အိမ် ဝင်းခြံကတော့ အကျယ်ကြီးပါပဲ၊ ဒါပေမဲ့ အနောက်ဘက်ခြမ်းကတော့ ပေတစ်ရာ





လမ်းမကြီးနှင့် ကိုက် သုံးဆယ်လောက်ပဲ ကွာသတဲ့၊ အိမ်မှာ ရထားသမား တစ် ယောက်ရယ်၊ အိမ်ဖော် ကောင်မလေး နှစ်ယောက်ရယ်ပဲ ရှိသတဲ့၊ သူတို့ကလည်း ဗိုလ်မှူးကြီးတို့ လင်မယားနှင့် အတူ လာချိုင်းမှာပဲ နေကြသတဲ့၊ သူတို့မှာ သား သမီးလည်း မရှိကြဘဲကိုး၊ တခြား ညအိပ်ညနေ လာတဲ့ ဧည့်သည်ရယ်လို့လည်း မရှိလှဘူး တဲ့။

'အဲ လွန်ခဲ့တဲ့ တနင်္လာနေ့ ကိုးနာရီနှင့် ဆယ်နာရီ ကြားမှာတော့ လာ ချိုင်းမှာ ပြဿနာ ဖြစ်တာပဲဗျ။

'ဗိုလ်မှူးကြီး ကတော်က ဗရင်ဂျီ ဘာသာဝင် ဆိုတော့ ခပ်လှမ်းလှမ်း မှာ ရှိတဲ့ ဝပ်လမ်း ဘုရားရှိခိုးကျောင်းနှင့် တွဲထားတဲ့ စိန့်ဂျော့ အသင်းတော်မှာ အသင်း အမှုဆောင်ဗျ၊ အသင်းတော်ရဲ့ ရည်ရွယ်ချက်ကတော့ အဝတ်ဟောင်း များကို အလှူခံပြီး မရှိ ဆင်းရဲသားများကို ဝေငှ ထောက်ပံ့ဖို့ပါပဲ၊ အဲဒီည ရှစ် နာရီကတော့ အသင်းတော် အုပ်ချုပ်ရေး လူကြီးများရဲ့ အစည်းအဝေး ကျင်းပ တဲ့ ဗိုလ်မှူးကြီး ကတော်ဟာ ညစာကို ခပ်သုတ်သုတ် စားပြီး အစည်းအဝေးကို ထွက်သွားတယ်ဗျ၊ အိမ်က ထွက်ခါနီးတော့ ဗိုလ်မှူးကြီး ကတော်က သူ့ယောက်ျား ကို စကား တစ်ခွန်း နှစ်ခွန်းလောက် လှမ်းပြောလိုက်ပြီး ခပ်မြန်မြန် ပြန်လာခဲ့ မယ့် အကြောင်း ပြောသွားသံကို ရထားသမားက ကြားလိုက်ရသတဲ့ဗျ၊ ပြီးတော့ တစ်ဖက်ခြံမှာ နေတဲ့ မစ္စ မောရစ်ဆန် ဆိုတဲ့ သူငယ်မလေးကို ခေါ်ပြီး အစည်း အဝေးကို ထွက်သွားကြတယ်၊ အစည်းအဝေးက မိနစ် လေးဆယ်ပဲ ကြာတယ်၊ ကိုးနာရီ ထိုးပြီးလို့ ဆယ့်ငါးမိနစ် ရှိတော့ ဗိုလ်မှူးကြီး ကတော်ဟာ မစ္စ မောရစ် ဆန်ကို တစ်ဖက်ခြံမှာ ချထားပေးခဲ့ပြီး ပြန်ရောက်လာတယ်။

'သူတို့ နေတဲ့ လာချိုင်း ရိပ်သာမှာ မနက်ခင်း နေစာ လှုံတဲ့ အခန်း တစ်ခု ရှိတယ်၊ အဲဒီ အခန်းက လမ်းမကို မျက်နှာမူထားပြီး တံခါးကို ခေါက်မှန် တံခါးကြီး တပ်ထားတယ်၊ အဲဒီ တံခါးကို ဖွင့်ဆင်းလိုက်ရင် မြက်ခင်းပေါ်ကို ရောက်တယ်၊ မြက်ခင်းက ကိုက် သုံးဆယ်လောက် ကျယ်ပြီး အုတ်ရိုး နိမ့်နိမ့် ကလေး ကာထားတယ်၊ အဲဒီ မြေစိုက် အုတ်ရိုးကလေးပေါ်မှာ သံဝင်းထရံတွေ စိုက်ထားတယ်၊ အဲဒီ သံဝင်းထရံကို ကျော်လိုက်ရင် ပေတစ်ရာကို ရောက်တယ် ဗျ၊ မစ္စက် ဘာကလေဟာ အစည်းအဝေးက ပြန်လာတဲ့ အခါကျတော့ အဲဒီ အခန်းထဲကို ဝင်လာခဲ့တယ်၊ ညနေပိုင်းမှာ ဒီအခန်းကို သိပ် မသုံးတဲ့ အတွက် ခန်းဆီးတွေကို ချထားတယ်၊ ဗိုလ်မှူးကြီး ကတော်ဟာ သူကိုယ်တိုင် မှန်အိမ်ကို ထွန်း၊ အိမ်ဖော် ကောင်မလေး ဂျိမ်း စတီးဝပ်ကို ခေါ်ပြီး လက်ဖက်ရည်အဖျော်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းလိုက်တယ်၊ ဗိုလ်မှူးကြီး ကတော်ဟာ ဒီအချိန်မှာ လက်ဖက်ရည်တို့ ဘာတို့ သောက်လေ့ သောက်ထ မရှိဘူးတဲ့၊ သူ ပြန်ရောက်လာတော့ ဗိုလ်မှူးကြီးဟာ ထမင်းစားခန်းထဲမှာ ထိုင်နေတယ်၊ သို့သော်လည်း သူ့မိန်းမ ရောက်ပြီ ကြားရ အခါကျတော့ သူ့ မိန်းမ ထိုင်နေတဲ့ နေစာလှူ အခန်းကို တက်လာခဲ့သတဲ့။ အဲဒီ အခန်းထဲကို ဝင်သွားတာကို ရထားသမားက မြင်လိုက်သတဲ့၊ အဲဒီ နောက် က စပြီး ဗိုလ်မှူးကြီးကို အသက်ရှင်လျက် မမြင်ရတော့တာပါပဲ။

'ဆယ်မိနစ်လောက် ကြာတဲ့ အခါကျတော့ ကောင်မလေးကလည်း လက်ဖက်ရည် ဖျော်ပြီး အခန်းထဲကို ယူလာတယ်၊ အခန်းနား ရောက်တဲ့ အခါကျတော့ ဗိုလ်မှူးကြီးတို့ လင်မယား တစ်ယောက် တစ်ခွန်း အော်ကြီးဟစ်ကျယ် စကား များနေသံကို ကြားရသတဲ့၊ တံခါးကို ခေါက်တော့ ပြန်မထူးဘူးတဲ့၊ ဒါနှင့် သူက လက်ကိုင်ကို လှည့်ပြီး တံခါးကို ဖွင့်သေးသတဲ့၊ ဖွင့်ကြည့်တော့လည်း မရဘူး၊ အထဲကနေပြီး သော့ခတ် ပိတ်ထားသတဲ့၊ ဒီတော့ ကောင်မလေးလည်း အောက်ထပ်ကို ပြေးဆင်းလာပြီး ထမင်းချက် မိန်းမကြီးကို ပြောသတဲ့၊ သူတို့ နှစ်ယောက်ရယ် ရထားသမားရယ် အပေါ်ကို တက်လာကြပြီး တံခါးပေါက် ကနေ ချောင်း နားထောင်တော့ အထဲမှာ လင်မယား နှစ်ယောက် အကြီးအကျယ် စကား များနေကြတုန်းပဲတဲ့၊ သူတို့ အားလုံးက အခန်းထဲမှာ လင်မယား နှစ်ယောက်ရဲ့ အသံကိုသာ ကြားရတယ်လို့ ပြောကြတယ်ဗျ၊ ဗိုလ်မှူးကြီးရဲ့ အသံက တော့ ခပ်တိုးတိုးနှင့် တစ်ချက် တစ်ချက် ကျမှ ဝင်ပြောတဲ့ အတွက် ဘာကိုမှ သဲသဲကွဲကွဲ မကြားရဘူးတဲ့၊ သူ့ မိန်းမကတော့ အော်ကျယ်ဟစ်ကျယ် ပြောနေတဲ့ အတွက် သူ့ အသံကို ကောင်းကောင်း ကြားရတယ်တဲ့၊ "ရှင်ဟာ လူကြောက် ခု ဘယ်လို လုပ်မလဲ၊ ကျွန်မ ဘဝကို ပြန်ပြီး လျော်ပေး၊ ရှင်နှင့် တစ်သက်လုံး မနေဘူး၊ အတူ နေဖို့ မပြောနှင့်၊ လေကိုတောင် တလေတည်း မရှူဘူး၊ တရေ တည်း မသောက်ဘူး၊ ရှင် အလကားလူ၊ လူကြောက်" လို့ ပြောသံ ကြားရသတဲ့၊ ဒါကတော့ အမျိုးသမီး ပြောတဲ့ စကားတွေကို တစ်ပိုင်းတစ်စ ကြားရတာပေါ့ ဗျာ၊ အဲဒီလို ပြောနေတုန်းမှာ ဗိုလ်မှူးကြီး အလန့်တကြား အော်လိုက်တဲ့ အသံ ရယ်၊ ဝုန်းခနဲ လဲကျသွားတဲ့ အသံရယ်၊ အမျိုးသမီးက ကြောက်ကြောက်လန့်လန့် အော်လိုက်တဲ့ အသံတွေရယ်ကို ကြားလိုက်ရသတဲ့၊ ဒီတွင် အပြင်က လူတွေက လည်း အထဲမှာ တစ်ခုခုတော့ ဖြစ်နေပြီ ဆိုပြီး ရထားသမားက တံခါးကို အပြင် ကနေ အတင်း ဖွင့်ဖို့ ကြိုးစားတယ်၊ အထဲကလည်း ဆူဆူဝါဝါ အော်နေတုန်းပဲ တဲ့၊ တံခါးကလည်း ဖွင့်လို့ မရဘူးတဲ့၊ ဒါနှင့် ရထားသမားလည်း အကြံ တစ်ခု







'ရထားသမားက တံခါးကို အပြင်ကနေ အတင်း ဖွင့်ဖို့ ကြိုးစားတယ်'

ပြီး အိမ်ရှေ့ကို ပြန်ဆင်း ကွေ့ပတ်ပြီး ခင်းဘက်ကို လာခဲ့တယ်၊ မြက် ဘက်မှာ ပြတင်းပေါက်ရှည်ကြီး ရှိတယ်၊ အဲဒီ ဘက် က နေ ကြည့်ရင် မြင်များ မြင်ရမလား ပေါ့လေ၊ ကံအားလျော်စွာ ဘက်မှာ ပြတင်းပေါက် ကြီး တစ်ဖက်က ပွင့်လို့ ဗျ၊ နွေ ဆိုရင် ပြတင်း ပေါက်ကို ဖွင့် ထား တတ် ကိုး၊ ဒါနှင့် ရထား သမားလည်း အခန်းထဲကို လာခဲ့တယ် ဆိုပါတော့၊ အခန်းထဲ ရောက် တော့ ဗိုလ်မှူးကြီး ကတော်ဟာ တကြီး တစ်လုံးပေါ်မှာ တိ မှေ့ နေ ပြီး စန့်စန့် ပြီး လဲနေသတဲ့၊ ဗိုလ်မှူး ကြီးကတော့ ခေါင်းက မီးဖို ဘောင် နားက ကြမ်းပြင် ပေါ်မှာ၊ ခြေ ထောက် က လားထိုင်ကြီးပေါ်မှာ ထောင်လျက် သေနေသတဲ့၊ အနားမှာလည်း သွေးတွေ ထွန်းလို့တဲ့။

'ရထားသမားလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူးပေါ့၊ ဒါနှင့် တံခါးမကြီးကို ဖွင့်မှပဲ ဆိုပြီး တံခါးကို သွားဖွင့်တယ်ဗျ၊ ဒီမှာ မမျှော်လင့်ဘဲ အခက်အခဲ တစ်ခု သွားတွေ့တယ်၊ အတွင်း တံခါးပေါက်ဘက်မှာလည်း သော့ မရှိဘူးတဲ့ဗျ၊ အခန်းထဲမှာလည်း ဘယ်မှာမှ ရှာလို့ မတွေ့ဘူးတဲ့၊ ဒါနှင့် ပြတင်း ပေါက်ကပဲ ပြန်ဆင်းပြီး ပုလိပ်နှင့် ဆရာဝန်ကို သွားခေါ်တယ်၊ ဗိုလ်မှူးကြီးကို သတ်တယ်လို့ ယူဆစရာ အကြောင်းတွေ ရှိနေတဲ့ ဗိုလ်မှူးကြီး ကတော်ကို သူ့ အခန်းထဲကို ရွှေ့ထားလိုက်သတဲ့၊ သတိတော့ မရသေးဘူးတဲ့၊ ဗိုလ်မှူးကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကိုတော့ ဆိုဖာပေါ် ရွှေ့ထားလိုက်တယ်၊ အချင်း ဖြစ်ပွားတဲ့ ကိုလည်း စစ်ဆေး ကြည့်ကြတယ်။

'ဗိုလ်မှူးကြီး ရလိုက်တဲ့ ဒဏ်ရာက နောက်စေ့မှာ ဟက်တက်ကြီး အရှည်က နှစ်လက်မလောက် ရှိပြီး တုံးတဲ့ လက်နက် တစ်ခုနှင့် တအား လိုက်တဲ့ လက္ခဏာကို တွေ့ရတယ်၊ ဘာ လက်နက်မျိုး ဆိုတာတော့ စဉ်းစားစရာ မလိုပါဘူး၊ အလောင်းနားက ကြမ်းပြင်ပေါ်မှာ အရိုး လက် တပ်ထားတဲ့ သစ်သား တင်းပုတ်ကြီး တစ်ချောင်းကို တွေ့ရတာကိုး၊ ဗိုလ် ကြီးက စစ်တပ်နှင့် အတူ အတိုင်းတိုင်း အပြည်ပြည်ကို ရောက်ဖူးလေ သူ ရောက်လေရာ တိုင်းပြည်တွေက လက်နက် မျိုးစုံကို စုဆောင်းတတ်သ ခု အလောင်းနားမှာ တွေ့ရတဲ့ တင်းပုတ်ဟာ သူ စုဆောင်းထားတဲ့ လက် ထဲကပဲ ဖြစ်ရမယ်လို့ ပုလိပ်က ယူဆတယ်၊ အစေခံများကတော့ ဒီလက် ပစ္စည်းမျိုးကို အိမ်မှာ အလျင်တုန်းက တစ်ခါမှ မမြင်ဖူးဘူးလို့ ထွက်ကြတ သို့သော်လည်း အိမ်ထဲမှာ အထူးအဆန်း ပစ္စည်းတွေက ဒုနှင့်ဒေး ဆိုတော့ တို့ မျက်စိ လျှမ်းတာလည်း ဖြစ်ချင် ဖြစ်နိုင်တာပေါ့လေ၊ ပုလိပ်က အခန်း ရှာကြည့်တော့ အရေးကြီးတဲ့ ပစ္စည်း ဆိုလို့ ဘာမှ မတွေ့ဘူးတဲ့၊ သို့သော်လ တစ်ခု ဆန်းတာက အခန်းသော့ကိုတော့ ရှာမရဘူးတဲ့ဗျ၊ ဗိုလ်မှူးကြီး က ဆီမှာလည်း မရှိဘူး၊ ဗိုလ်မှူးကြီးရဲ့ ကိုယ်ပေါ်မှာ ရှာတော့လည်း မတွေ့ အခန်းထဲမှာလည်း ရှာလိုက်တာ နံ့နေပြီ၊ မတွေ့ဘူး၊ ဒါနှင့် ရွာထဲက ခလောက်ပြင် ဆရာကို ခေါ်ပြီး တံခါးကို ဖွင့်နိုင်းရသတဲ့။

'ပုလိပ်တွေ လိုက်တာကို လာပြီး ကူညီပါဦးလို့ ဗိုလ်မှူး မ ကျုပ်ကို လာခေါ်တာနှင့် ကျုပ်လည်း အင်္ဂါနေ့ မနက်က အဲလဒါး လိုက်သွားရတယ်ဗျ၊ အဲဒါကတော့ ကျုပ် ဟိုကို ရောက်သွားတဲ့ အချိန်မှာ နေတဲ့ အခြေအနေပဲ၊ စိတ်ဝင်စားစရာ ကောင်းတဲ့ ပြဿနာ တစ်ရပ် ဆိုတာ ခင်ဗျား မြင်တဲ့ အတိုင်းပဲ၊ သို့သော်လည်း သေသေချာချာ လေ့လာ ကြည့်လို တဲ့ အခါကျတော့ ပြဿနာက ကျုပ်တို့ ထင်တာထက် ထူးခြားတဲ့ ပြဿ ဖြစ်နေတယ်။

'အချင်း ဖြစ်ပွားတဲ့ နေရာကို ဝင်မကြည့်ခင် ကျုပ် အစေခံတွေ ခေါ် အမျိုးမျိုး လှည့်ပတ် မေးတယ်ဗျ၊ ဒါပေမဲ့ ဘယ်လိုပဲ မေးမေး စောစော ကျုပ် ပြောတဲ့ အချက်တွေပဲ ရတယ်၊ နောက်ထပ် အသစ်အဆန်း တစ်ခုမှ ဘူး၊ အိမ်ဖော်မလေး ဂျိမ်း စတီးဝပ် ပြောတဲ့ အထဲမှာတော့ဖြင့် စိတ်ဝင်စား





သားစိတ် အချက် တစ်ချက် ပါရဲ့၊ အခန်းထဲမှာ လင်မယား ရန်ဖြစ်နေသံ ရတော့ သူ အောက်ဆင်းလာပြီး တခြား အစေခံတွေကို သွားခေါ်တယ်လို့ ခဲ့တာ ခင်ဗျား မှတ်မိဦးမလား မသိဘူး၊ ပထမ အကြိမ် သူ တစ်ယောက် လက်ဖက်ရည် သွားပို့တုန်းက သူ့ သခင်နှင့် သခင်မ အသံက တိုးလွန်းလို့ တို့မှ မကြားရဘူးလို့ ထွက်သွားတယ်၊ စကားလုံးတွေကို မကြားရသော် အသံတွေကို ကြားခြင်းဖြင့် ရန်ဖြစ်နေကြတယ် ဆိုတာလောက်ပဲ သိ တယ်လို့ ပြောတယ်ဗျ၊ ဒါပေမဲ့ ကျုပ် ခဏ ခဏ ထပ်မေးတဲ့ အခါကျတော့ စ် ဆိုတဲ့ နာမည်ကို နှစ်ခါလောက် ခေါ်သံ ကြားလိုက်ရတယ်လို့ ထွက် လင်မယား နှစ်ယောက် ရန်ဖြစ်တဲ့ ကိစ္စကို အကြောင်း ရှာရာမှာ ဒီအချက် တော်တော် အရေးကြီးတယ်ဗျ။

'ဒါဟာ ဗိုလ်မှူးကြီးရဲ့ နာမည် မဟုတ်ဘူး၊ ဗိုလ်မှူးကြီးရဲ့ နာမည်က ရယ်၊ ဂျိန်း ဘာကလေရယ်။

'အမှုမှာ ပုလိပ်ဘက်ကရော အစေခံတွေရော သတိ ပြုမိတဲ့ အချက် အချက် ရှိတယ်၊ အဲဒါကတော့ ဗိုလ်မှူးကြီးရဲ့ မျက်နှာက ရှုံ့မဲ့နေတဲ့ အချက် သူတို့ အဆို အရ ဗိုလ်မှူးကြီးရဲ့ မျက်နှာဟာ အလွန်အမင်းကို ကြောက်ရွံ့ တ်လန့်နေတဲ့ မျက်နှာမျိုးတဲ့၊ လူတစ်ယောက်ရဲ့ မျက်နှာပေါ်မှာ ဒီလောက် ကြောက်ရွံ့နေတဲ့ အမူအရာမျိုးကို မတွေ့ဖူးသေးဘူးတဲ့၊ သူ့ မျက်နှာကြီးကို ရတာကိုက သွေးပျက်လောက်သတဲ့၊ လာကြည့်သူ တစ်ယောက်ကတော့ လောင်းကို ကြည့်ပြီး မူးမေ့တောင်သွားသတဲ့၊ ကြည့်ရတာကတော့ ဗိုလ်မှူး ကြီးဟာ သူ့ ကံကြမ္မာကို သူ ကြိုတင် သိထားတဲ့ ပုံပဲ၊ ဒါကြောင့်မို့သာ သူ့ မျက်နှာမှာ ဒီလောက် ကြောက်ရွံ့နေတဲ့ ပုံသဏ္ဌာန် ပေါ်နေတာပေါ့၊ သူ့ မိန်းမ သူ့ကို အသေ သတ်တာကို မြင်လိုက်တဲ့ အတွက် ဒီလောက် ကြောက်ရွံ့ တ်လန့်တဲ့ အသွင် ပေါ်နေတာ ဖြစ်တယ်လို့ ပုလိပ်ဘက်က ယူဆထားတယ်၊ ဒဏ်ရာက နောက်စေ့မှာလို့ ဆိုသည့်တိုင် ဒီအချက်ဟာလည်း ပုလိပ်ဘက်ရဲ့ အယူအဆကို မချေဖျက်နိုင်ဘူး ဖြစ်နေတယ်၊ ဗိုလ်မှူးကြီး အရှောင်လိုက်မှာ နောက်စေ့ကို ရိုက်လိုက်တာ မဖြစ်နိုင်ပေဘူးလား၊ အမျိုးသမီး ကိုယ်တိုင်ဆီ တော့ ဘာကိုမှ မေးလို့ မရသေးဘူးဗျ၊ အဖျားကလည်း ဝင်နေတော့ ခု လော သာဆယ်မှာ စိတ် ကယောင်ချောက်ချား ဖြစ်နေတယ်။

'ပုလိပ်ဆီက တစ်ဆင့် သိရတာကတော့ အဲဒီနေ့ ညက ဗိုလ်မှူးကြီး တော်နှင့် အတူ လိုက်သွားတဲ့ မစ္စ မောရစ်ဆန်ကလည်း ဗိုလ်မှူးကြီး တော်



www.burmeseclassic.com

www.burmeseclassic.com



ဟာ အပြန်မှာ သိပ် ကြည်ကြည်သာသာ မရှိလှဘူးတဲ့၊ ဘာဖြစ်လို့မှန်း သူလည်း မသိဘူးတဲ့။

'ဒီအချက်တွေကို ရတော့ ကျုပ်လည်း ဆေးတံကို တစ်ဆုံပြီး ဖွာပြီး အရေးမကြီးတာတွေကို ဖယ်၊ အရေးကြီးတာတွေကို ရွေးထုတ်ကြည့် ဒီအမှု တစ်ခုလုံးမှာ အထင်ရှားဆုံးနှင့် စဉ်းစားစရာ အကောင်းဆုံး အချက် တော့ အခန်းသော့ ထူးထူးဆန်းဆန်း ပျောက်နေတဲ့ အချက်ပဲ၊ အခန်းထဲမှာ လိုက်တာလည်း နှံ့နေပြီ၊ ရှာလို့ကို မတွေ့ဘူး၊ ဒီတော့ သော့ဟာ အခန်း ဘက်ကို ရောက်နေရမယ်၊ သို့သော်လည်း ဒီသော့ဟာ ဗိုလ်မှူးကြီးဆီမှာ လည်းကောင်း ဗိုလ်မှူးကြီး ကတော်ဆီမှာသော် လည်းကောင်း မရှိနိုင်ဘူး၊ ရှင်းတယ်၊ ဒီတော့ အခန်းထဲမှာ သူတို့နှစ်ယောက် အပြင် တခြား တစ်ယော ယောက် ရှိရလိမ့်ဦးမယ်၊ အဲဒီ တခြားလူ တစ်ယောက်ယောက်ဟာလည်း ပြ ပေါက်ကသာ ဝင်လို့ ရနိုင်တယ်၊ တခြား တစ်နေရာက ဝင်လို့ မရဘူး၊ ဒီ ကျုပ် အထင် ပြောရရင် အခန်းနှင့် မြက်ခင်းကို သေသေချာချာ ကြည့်လိုက် အဲဒီ လူစိမ်းရဲ့ ခြေရာ လက်ရာတို့ကိုတော့ တွေ့လိမ့်မယ် ထင်တာပဲ၊ ခင် လည်း ကျုပ် နည်းတွေကို သိသားပဲ ဝပ်ဆင်၊ စုံစမ်း လေ့လာမှု လုပ်တဲ့ အ မှာ ကိုယ့်ဘက်က မလုပ်မိတာ မရှိအောင် လုပ်စရာ ရှိတာ အကုန် လုပ်ရ



'ဒီစက္ကူကို သေသေချာချာ ကြည့်စမ်း'



ရှာလိုက်တဲ့ အခါကျတော့ သဲလွန်စတွေကို သွားတွေ့ရသဗျ၊ သို့သော် ကျုပ် မျှော်လင့်ထားတဲ့ သဲလွန်စမျိုးတွေတော့ မဟုတ်ဘူးဗျို့၊ အခန်း လူတစ်ယောက် ရောက်နေတယ်ဗျ၊ ပေတစ်ရာ လမ်းဘက်က လာပြီး ခင်းကို ဖြတ်ပြီးမှ အခန်းထဲကို ဝင်တာ၊ ထင်ထင်ရှားရှား မြင်ရတဲ့ သူ့ ငါးခုကို ကျုပ် တွေ့ခဲ့တယ်၊ တစ်ခုက ပေတစ်ရာကနေပြီး အုတ်ရိုး နိမ့် လေးပေါ် တက်ကာနီးမှာ၊ နောက်နှစ်ခုက မြက်ခင်းပြင်ပေါ်မှာ၊ နောက် တော့ ပြတင်းပေါက်ကို ဝင်ကာနီး ဆေးသုတ်ထားတဲ့ ပျဉ်ပြားတွေပေါ် အဲဒီ နှစ်ခုကတော့ သိပ် မထင်ရှားလှဘူး၊ ခပ်မှိန်မှိန်ရှိယ်၊ မြက်ခင်းပေါ်မှာ လိုက်ရတဲ့ ခြေရာ နှစ်ခုမှာတော့ ခြေဖျားရာတွေက ဖနောင့်ရာထက် နက် တဲ့ အတွက် ပြေးလာတယ် ဆိုတာ ထင်ရှားတယ်ဗျ၊ သို့သော်လည်း အဲဒီ ကြောင့် ကျုပ် အံ့သြတာ မဟုတ်ဘူး၊ သူ့ အဖော်ကြောင့် အံ့သြတာ'

'သူ့ အဖော် ဟုတ်လား'

ရှားလော့ဟုမ်းသည် စက္ကူ ပါးပါးလေး တစ်ရွက်ကို အိတ်ထဲမှ ထုတ်ယူ ပြီးလျှင် ပေါင်ပေါ်တွင် ဂရုတစိုက် ဖြန့်နေလေ၏။

'ဒီစက္ကူကို သေသေချာချာ ကြည့်စမ်း'

စက္ကူပေါ်တွင် တိရစ္ဆာန် တစ်ကောင်၏ ခြေရာကို ခဲဖြင့် ထပ်၍ ဆွဲထား သည်ကို တွေ့ရလေ၏။ ထိုခြေရာတွင် ခြေသည်းရှည်ကြီးများ ရှိသည့် ခြေခွက်ရာ သည် ထင်းထင်းကြီး ပေါ်နေလေ၏။ ခြေရာမှာ ဟင်းခပ်ဇွန်း အကြီးစား လောက် ရှိပြီး ခပ်ဝိုင်းဝိုင်း သဏ္ဍာန် ရှိလေ၏။

'ခွေးတစ်ကောင်ရဲ့ ခြေရာဗျ' ကျွန်ုပ်က ပြောလိုက်၏။

'ခွေးက အခန်းဆီးကို တွယ်တက်သွားသလားဗျ၊ ခု ခန်းဆီးပေါ်ကို တွယ်တက်သွားတဲ့ အရာကို တွေ့နေရတယ်ဗျ'

'ဒါဖြင့် မျောက် ဖြစ်မှာပေါ့ဗျ'

'ဒါပေမဲ့ ဒီခြေရာဟာ မျောက်ရဲ့ ခြေရာ မဟုတ်ဘူးဗျ'

'ဒါဖြင့် ဘာကောင် ဖြစ်နိုင်သလဲဗျာ'

'ခွေးလည်း မဟုတ်ဘူး၊ ကြောင်လည်း မဟုတ်ဘူး၊ မျောက်လည်း ဟုတ်ဘူးဗျ၊ တခြား ကျွန်တော်တို့တစ်တွေ မြင်ဖူး တွေ့ဖူးနေကျ တိရစ္ဆာန်မျိုး ဟာ မဟုတ်ဘူး၊ ခြေရာတွေကို တိုင်းကြည့်ပြီးတဲ့နောက် သူ့ အလုံးအထည် ကို ကျုပ် မှန်းကြည့်ပြီးပြီ၊ ဟောဒီ ခြေလေးချောင်းရာဟာ မလှုပ်မရှား ရပ်နေ တုန်းက ခြေရာဗျ၊ ရှေ့ခြေကနေပြီး နောက်ခြေ အထိ အကွာအဝေးဟာ ဆယ့်ငါး



www.burmeseclassic.com

www.burmeseclassic.com



လက်မထက် မကျော်ဘူး၊ ဒီတော့ လည်ပင်းနှင့် ခေါင်းရဲ့ အလျားကိုပါ ထည့် တွက်လိုက်ရင် ဒီတိရစ္ဆာန်ဟာ နှစ်ပေထက် ပိုမရှည်နိုင်ဘူး၊ အကယ်၍ အ ရှိခဲ့ရင်တော့ ဒီထက် ပိုကောင်း ပိုမယ်ပေါ့ဗျာ၊ သို့သော်လည်း ဟောဒီ အတိုင်း အတွာကို ကြည့်လိုက်ဦးဗျ၊ အဲဒီ တိရစ္ဆာန် ပြေးနေတုန်းက ခြေရာကို တိုင်း တာ ဆိုတော့ ခြေလှမ်း အကျယ်ကို တွေ့ရလိမ့်မယ်၊ ခြေလှမ်း အကျယ် သုံးလက်မပဲ ရှိတယ်၊ ဒီတော့ ခန္ဓာကိုယ်က ရှည်ပြီး ခြေတိုတဲ့ သတ္တဝါ ဖြစ်တယ် ဆိုတာ ထင်ရှားတယ်၊ အမွေးကလေး အမှင်ကလေး မတွေ့ရတာ နည်းနည်း နှာသဗျာ၊ သို့သော်လည်း အကြမ်းဖျင်းကတော့ သူ့ ပုံသဏ္ဌာန် ကျုပ် ပြောတဲ့ အတိုင်းပါပဲ၊ ခန်းဆီးကို တွယ်တက်နိုင်တယ်ဗျ၊ ပြီးတော့ အသား စား သတ္တဝါ'

'ဒါကိုကော ဘယ်လို လုပ်ပြီး ကောက်ချက် ထုတ်ယူသလဲ'

'ခန်းဆီးကို တွယ်တက်သွားလို့ဗျ၊ ပြတင်းပေါက်မှာ ကနေရီ ငှက် အိမ်ကလေး တစ်လုံး ချိတ်ထားတယ်၊ ကြည့်ရတာကတော့ ကနေရီ ငှက် ဖမ်းမလို့ တက်သွားပုံပဲ'

'ဒါဖြင့်ရင် အဲဒီ အကောင်ဟာ ဘာကောင်လဲ'

'အဲဒီ အကောင်ရဲ့ အမည်ကို ဖော်နိုင်မှတော့ ပြဿနာက ရှင်းနေပြီ ဗျ၊ ယေဘုယျ ပြောရမယ် ဆိုရင်တော့ မြွေပါမျိုးတို့လို၊ တောကြောင်မျိုးတို့ ထဲကပဲဗျ၊ ကြောင်ဥကြည်လို့ ခေါ်ကြတယ်၊ သို့သော်လည်း အကောင်က ကျုပ် မြင်ဖူးခဲ့တဲ့ အထဲမှာတော့ တော်တော်လေး ကြီးတယ်'

'နို့ နေစမ်းပါဦးဗျ၊ ဒါက လူသတ်မှုနှင့် ဘယ်လိုများ ပတ်သက် လို့လဲ'

'အင်း၊ ဒီအချက်ကလည်း ခုထိတော့ သိပ် မထင်ရှားသေးဘူး၊ သို့သော် လည်း ကျုပ်တို့ သိချင်တာကလေးတွေတော့ တော်တော်လေး သိရပါပြီ လူ တစ်ယောက်ဟာ လမ်းပေါ်က ရပ်ပြီး လင်မယား ရန်ဖြစ်နေတာကို ကြည့် နေတယ်၊ အဲဒီ အချိန်မှာ ခန်းဆီးတွေကို ဘေးကို ဆွဲထားပြီး မီးတွေက ထိန် ပြီးတော့ အဲဒီ လူဟာ မြက်ခင်းကို ဖြတ်ပြေးလာပြီး အခန်းထဲကို ဝင်လာတယ် ဗျ၊ သူနှင့် အတူ ခပ်ဆန်းဆန်း တိရစ္ဆာန် တစ်ကောင်လည်း ပါလာတယ်၊ ဗိုလ် မှူးကြီးကို သူ ဝင်ရိုက်တာလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ဗိုလ်မှူးကြီးဟာ သူ့ ကို မြင်လို့ ရုတ်တရက် လန့်ဖျပ်ပြီး လဲကျသွားတာလည်း ဖြစ်နိုင်တယ်၊ ခေါင်း အကျမှာ မီးဖိုဘောင် လုပ်ထားတဲ့ သံကြိုက်ဘောင်နှင့် ထိခိုက်မိသွားတာလည်း



ဖြစ်နိုင်တယ်၊ အခန်းထဲ ဝင်လာတဲ့ လူဟာ သူ ပြန်ထွက်သွားတဲ့ အခါမှာ သော့ ကို ယူသွားတယ်ဗျ'

'အင်း ခင်ဗျား တွေ့တဲ့ အချက်တွေက စိတ်ဝင်စားဖို့တော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ခင်ဗျား အချက်အလက်တွေကြောင့် ပိုပြီးတောင် ရှုပ်သွားသလိုလိုပဲ'

'ဟုတ်တယ်၊ ဒီအချက်အလက်တွေကြောင့် ပြဿနာက ကျုပ်တို့ ထင် တာထက်တောင် ပိုပြီး လေးနက်သွားတယ်၊ ပြဿနာကို သေသေချာချာ ပြန် စဉ်းစား ကြည့်လိုက်တဲ့ အခါကျတော့ အမှုကို တခြား ရှုထောင့်ကနေ ကြည့်ဖို့ လိုလာတယ်လို့ ကျုပ် သဘောပေါက်လာတယ်၊ ကဲလေ ဒါတွေ ထားပါတော့၊ ခင်ဗျားလည်း အိပ်ချင်လှရောမယ်၊ ကျန်တာတွေကိုတော့ နက်ဖြန် ကျုပ်တို့ အဲဒါ ရွာကို သွားတော့မှ ရထားပေါ်မှာ ပြောပြမယ်'

'ခင်ဗျားက ဖတ်တင့်ငှ ဖြစ်အောင် ကောင်းတုန်းမှာ ရပ်ထားတာကိုးဗျ၊ မကောင်းပါဘူး၊ ဆက်သာ ပြောပါ၊ ရပါတယ်'

'ခုနစ်နာရီခွဲ အစည်းအဝေးကို ထွက်သွားတုန်းက ဗိုလ်မှူးကြီး ကတော် ဟာ သူ့ ယောကျ်ားနှင့် ပြေပြေလည်လည်ပဲဗျ၊ ဗိုလ်မှူးကြီး ကတော်ဟာ သူ့ ယောကျ်ားကို တယုတယ လုပ်တာတွေ ဘာတွေ မရှိဘူး ဆိုတာ ကျုပ် ပြောခဲ့ပြီး ခဲ့တယ်၊ သို့သော်လည်း အစည်းအဝေးကို မသွားခင်မှာ သူ့ ယောကျ်ားနှင့် အေးအေးဆေးဆေး စကား ပြောနေတာကို ရထားသမား ကြားလိုက်တယ်ဗျ၊ ပြန်ရောက်လာတဲ့ အခါမှာတော့ ယောကျ်ားကို မတွေ့အောင် ရှောင်တဲ့ သဘော မျိုး ယောကျ်ား မရှိမဲ့ အခန်းထဲကို ဝင်တယ်၊ ပြီးတော့ အချိန်မဟုတ် လက်ဖက် ရည် တစ်ခွက် မှာသောက်တယ် ဆိုတော့ စိတ်လှုပ်ရှားပြီး ပြန်လာတယ် ဆိုတာ ထင်ရှားတယ်၊ နောက်ဆုံး ယောကျ်ားက သူ ရှိရာကို လိုက်လာတဲ့ အခါကျတော့ မှာ လင်မယား နှစ်ယောက် စကား များကြတာပဲ၊ ဒီတော့ ခုနစ်နာရီခွဲနှင့် ကိုး နာရီ ကြားမှာ သူ့ ယောကျ်ားနှင့် ပတ်သက်လို့ စိတ်တစ်မျိုး ပြောင်းသွား စေမယ့် ကိစ္စ တစ်ခု တွေ့ခဲ့လိမ့်မယ်ဗျ၊ သို့သော်လည်း အဲဒီ တစ်နာရီခွဲ အတွင်းမှာ သူနှင့်အတူ မစ္စ မောရစ်ဆန် တစ်ချိန်လုံး ရှိနေတယ်၊ ဒါကြောင့် မစ္စ မောရစ် ဆန်က ဘယ်လိုပဲ ငြင်းငြင်း ဒီကိစ္စကို သူ သိရမယ်ဗျ။

'ပထမ ကျုပ် ထင်လိုက်တာက မစ္စ မောရစ်ဆန်နှင့် ဗိုလ်မှူးကြီးတို့ ကြားမှာ အဆက်အသွယ် တစ်ခုခု ရှိမယ်၊ ဒါကို မစ္စ မောရစ်ဆန်က ဗိုလ်မှူးကြီး ကတော်ကို ဖွင့်ဝန်ခံမယ်လို့ ကျုပ် တွက်လိုက်တယ်၊ ဒါကြောင့်သာလျှင် ဗိုလ်မှူး ကြီး ကတော်ဟာ အပြန်မှာ စိတ်ဆိုးလာပြီး မစ္စ မောရစ်ဆန်ကလည်း ငြင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်လို့ ကျုပ် ယူဆခဲ့တယ်၊ ဒါမှမဟုတ်ရင်လည်း ပြောလို့ မကောင်း
စကားတွေ ဖြစ်လို့ ငြင်းခြင်း ဖြစ်တယ်လို့ ယူဆခဲ့တယ်၊ သို့သော်လည်း အေ
ဆိုတဲ့ နာမည်ကို ခေါ်သံ ကြားလိုက်တယ် ဆိုတာရယ်၊ ဗိုလ်မှူးကြီးဟာ သူ
ဇနီးကို ချစ်ခင် စုံမက်တယ် ဆိုတာရယ်၊ ဒါတွေကို ထည့် စဉ်းစားလိုက်
အခါကျတော့ သိပ် ရှေ့နောက် မညီသလို ဖြစ်နေတယ်၊ ဒီအထဲမှာ အပြ
လူစိမ်း တစ်ယောက် အခန်းထဲ ဝင်လာတဲ့ လက္ခဏာချက်တွေကို ထပ်
ပြန်တော့ ကျုပ် တွက်ထားတာနှင့် မဆက်စပ်မိပြန်ဘူး၊ ခြေရာ ကောက်ရ
ဆိုတာ သိပ်တော့ မလွယ်လှဘူးပေါ့ဗျာ၊ သို့သော်လည်း ဒီအချက်တွေကို
လိုက်တဲ့ အခါကျတော့ ဗိုလ်မှူးကြီးနှင့် မစ္စ မောရစ်ဆန်တို့ ကြားမှာ အ
အသွယ် ရှိနိုင်တယ် ဆိုတဲ့ စောစောက ကျုပ် အယူအဆကို ပယ်ချင်သလို
ဖြစ်လာတယ်၊ သို့တိုင်အောင် အပြန်မှာ ဗိုလ်မှူးကြီး ကတော်ဟာ သူ့ ယော
အပေါ်ကို ဘာဖြစ်လို့ စိတ်ပြောင်းသွားသလဲ၊ ဘာဖြစ်လို့ မုန်းသွားသလဲ ဆို
နှင့် ပတ်သက်လို့တော့ မစ္စ မောရစ်ဆန် သိနိုင်လောက်တယ်လို့ ကျုပ် အ
အနက် သဘောပေါက်လာတယ်၊ ဒါနှင့် ကျုပ်လည်း မစ္စ မောရစ်ဆန်ကို သွ
တွေ့တယ်၊ ဒီအချက်ကို သူ သိရမယ်လို့ ကျုပ် ယူဆတဲ့ အကြောင်း၊ ဒီကိ
မရှင်းနိုင်ရင် သူ့ အစ်မလို ခင်မင်တဲ့ ဗိုလ်မှူးကြီး ကတော်ဟာ လူသတ်မှု
အစွဲခံရတော့မှာ ဖြစ်တဲ့ အကြောင်း ကျုပ် သူ့ကို ရေလည်အောင် ရှင်းပြတ
ဒါကြောင့် သိသလောက် ဖွင့်ပြောဖို့ တိုက်တွန်းတယ်။

'မစ္စ မောရစ်ဆန် ဆိုတဲ့ သူငယ်မလေးက နုနုနယ်နယ်ကလေးဗျ၊ မျ
လုံးတွေက ရှက်တတ် ကြောက်တတ်တဲ့ပုံပဲ၊ ဆံပင်ကတော့ ငွေရောင်နှင့်၊
သော် ခပ်နုံနုံ ခပ်အအ အထဲကတော့ မဟုတ်ဘူးဗျ၊ ကျုပ်က မေးတော့ သူ ဘ
မပြောသေးဘဲ အတော်ကြာကြာ စဉ်းစားနေတယ်၊ ပြီးတော့မှ စိတ်ကို တုံး
ချလိုက်တဲ့ ပုံနှင့် ကျုပ်ကို အကုန် ဖွင့်ပြောတော့တာပဲ၊ ခင်ဗျား သဘောပေါ
တိုတိုပဲ ကျုပ် ပြောပြမယ်လေ။

' "မမကြီးကို ဘာမှ မပြောပါဘူးလို့ ကျွန်မ ကတိ ပေးခဲ့ပါတယ်ရှင်
ဒါကြောင့် ကျွန်မ အဖို့တော့ ကတိဟာ စောင့်ထိန်းရမယ်လို့ နားလည်ပါတ
ဒါပေမဲ့ သူ့ကို ဒီလို ကြီးလေးတဲ့ ပြစ်မှုကြီးနှင့် စွဲချက် တင်တော့မယ် ဆို
တော့ သူ့ကိုလည်း ကူညီရာ ရောက်မယ်၊ ပြီးတော့ သူကိုယ်တိုင်ကလည်
စိတ် ကယောင်ချောက်ချား ဖြစ်လို့ အမှန်ကို မပြောနိုင်ဘူး ဆိုတော့ ကျွန်မ
လည်း ကတိကို ချိုးဖောက်ရာ မရောက်တော့ဘူးလို့ ထင်တာပဲ၊ ဒါကြော







"ဟင် နန်စီ"

လာနေ့ ညနေက ဖြစ်တဲ့ အဖြစ်အပျက်ကို ကျွန်မ သိသလောက် ပြောပြ
မယ်၊ မမကြီး ခမျာ သနားပါတယ်ရှင်၊ သူ့အတွက် စိတ်မကောင်းလိုက်တာ။

' "အဲဒီည ကိုးနာရီ မထိုးခင် ဆယ့်ငါးမိနစ်လောက်မှာ ကျွန်မတို့
ရှိနိုးကျောင်းမှာ ရှိတဲ့ အသင်းတော်က ပြန်လာခဲ့ကြပါတယ်၊ အပြန်ကျတော့
မတို့ ဟပ်ဆန်လမ်းကို ဖြတ်ပြန်ရတယ်၊ ဟပ်ဆန်လမ်း ဆိုတာလည်း သိတဲ့
တိုင်း လူ အသွားအလာ အင်မတန် ပြတ်တဲ့ လမ်း မဟုတ်လားရှင်၊ လမ်း
ဘက်ဝဲဘက်မှာ လမ်းမီးတိုင်ကလည်း တစ်တိုင်တည်း ရှိတယ်ရှင့်၊ လမ်းမီးတိုင်
ရောက်တော့ ကျွန်မတို့ဘက်ကို ကုန်းကုန်း ကုန်းကုန်းနှင့် လျှောက်လာနေ
လူတစ်ယောက်ကို မြင်ရတယ်ရှင့်၊ ပခုံးပေါ်မှာ သေတ္တာလိုလို ဘာလိုလို
တစ်ခု ထမ်းလို့၊ လူကို ကြည့်ရတာကတော့ ကိုယ်လက်အင်္ဂါ ချို့တဲ့နေတဲ့
ခေါင်းက အောက်ကို ငုံ့ထားပြီး ခြေထောက်တွေက ခွင်လို့ရှင့်၊ လမ်းလျှောက်
ကွတ ကွတနှင့်၊ ကျွန်မတို့လည်း သူနှင့် မျက်နှာချင်းဆိုင် လျှောက်လာပြီး
မယ် လုပ်တုန်း မီးတိုင်အောက်လည်း ရောက်ရော သူက မျက်နှာကို မော့
ကြည့်လိုက်တယ်၊ ကျွန်မ တို့ကိုလည်း မြင်ရော "ဟင် နန်စီ" ဆိုပြီး ကြောက်
အသံကြီးနှင့် အော်လိုက်တာရှင်၊ မမရဲ့ မျက်နှာဟာ သွေးဆုတ်သွားသလို
တစ်ခါတည်း ဖြူရော်သွားတာပဲ၊ အဲဒီ လူကြီးကသာ လှမ်းမဆွဲထားလိုက်ရင်
တောင် ကျသွားလိမ့်မယ် ထင်တယ်၊ ဒါနှင့် ကျွန်မလည်း ကြောက်ကြောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်ကို ပြေးခေါ်မယ် လုပ်နေတုန်းမှာ မမက အဲဒီ ကြောက်စရာ လူကြီးထို့ ချိုချိုသာသာနှင့် စကား ပြောနေတော့ ကျွန်မလည်း အံ့အားသင့်နေတာပေါ့။

' '' ''ဟင် ဟင်နရီ၊ ဒီ အနှစ် သုံးဆယ် အတောအတွင်းမှာ ရှင် မ တော့ဘူးလို့ ထင်နေတာ'' လို့ အသံ တုန်တုန်နှင့် ပြောတယ်ရှင့်။

' '' ''ဟုတ်ပါတယ်၊ ကိုယ် သေသွားပါပြီ'' လို့ သူက ပြောတယ်ရှင့်၊ သူ့ အသံကို ကြားရတာကိုက စိတ်မချမ်းသာစရာကြီးပါရှင်၊ ကြောက်လည်း ကြောက်စရာကြီး၊ အသားက ညိုညို၊ မျက်နှာကြီးက ကြောက်စရာ မျက်နှာထားကြီးနှင့်၊ မျက်လုံးကြီး ကြည့်ပုံကြီးကလည်း ကြောက်စရာ၊ ကျွန်မဖြင့် သူ့ မျက်လုံးကြီးကို အိပ်မက်ထဲမှာ ခုထိ ပြန် ပြန် မက် မက်နေသေးတယ်၊ ဆံပင်နှင့် နှုတ်ခမ်းမွေးတွေကတော့ တော်တော်လေး ဖြူနေပြီရှင့်၊ မျက်နှာ တစ်ခုလုံးကလည်း ခရမ်းသီးခြောက်များလို ပိန်ရှုံ့လို့ရှင့်။

' '' ''ညီမလေး ရှေ့က သွားနှင့်လေ၊ မမ သူနှင့် စကား တစ်ခွန်း နှစ်ခွန်းလောက် ပြောစရာ ရှိလို့၊ ဘာမှ မစိုးရိမ်ပါနှင့်'' လို့ ကျွန်မကို ဣန္ဒြေ မပျက် ဟန်ဆောင်ပြီး ပြောတယ်ရှင့်၊ ဒါပေမဲ့ မျက်နှာကတော့ ဖြူဖပ်ဖြူရော်ပဲ မနည်း အားတင်း ပြောရတဲ့ ပုံရှင့်၊ နှုတ်ခမ်းတွေကလည်း တုန်လို့။

' ''ဒါနှင့် ကျွန်မလည်း သူ ပြောတဲ့ အတိုင်း ရှေ့ဆက်လာခဲ့တယ်၊ သူတို့ နှစ်ယောက်လည်း တော်တော်ကြာကြာ စကားပြော နေရစ်ခဲ့ကြတယ်၊ သူ လိုက်လာတဲ့ အခါကျတော့ မျက်လုံးတွေက ဝင်းဝင်းတောက်လို့ရှင့်၊ အဲဒီ လူကြီးကတော့ လမ်းမီးတိုင် နားမှာ ရပ်ပြီး ကျန်ရစ်ခဲ့လေရဲ့၊ ဒေါသ ထွက်နေတဲ့ ပုံ လက်သီး လက်မောင်းတန်း ကျန်ရစ်ခဲ့တယ်၊ မမလည်း တစ်လမ်းလုံး စကား တစ်ခွန်းမှ မပြောဘူး၊ အိမ်ပေါက်ဝ ရောက်တော့မှ ကျွန်မ လက်ကို ဆွဲပြီး ''ဒီကိစ္စကို ဘယ်သူ့မှ ဖွင့်မပြောပါနှင့်'' လို့ ပြောတယ်ရှင့်၊ ''ဆင်းရဲသွားတဲ့ မမရဲ့ အသိ တစ်ယောက်ပါကွယ်'' လို့ ပြောတယ်၊ ကျွန်မလည်း ''စိတ်ချပါ ဘယ်သူ့ကိုမှ မပြောပါဘူး'' ဆိုတော့ သူက ကျွန်မကို နမ်းသွားတယ်၊ အဲဒီ နောက်က စပြီး ကျွန်မနှင့် မတွေ့တော့တာပါပဲရှင်၊ အဲဒါ ကျွန်မ သိတာ အကုန်ပါပဲ၊ ပုလိပ်ကို မပြောတာကတော့ မမ အဖို့ ဒီလောက် အန္တရာယ် မကြီးဘူး ထင်လို့ မပြောခဲ့တာပါ၊ ခုတော့ ဒါတွေ ပြောပြရင် မမ အတွက် အကျိုး မယုတ်ဘူး ဆိုလို့ ဖွင့်ပြောတာပါ''

'အဲဒါကတော့ သူငယ်မလေးက ကျုပ်ကို ပြောပြလိုက်တဲ့ အချက်တွေပဲဗျ၊ ကျုပ်အဖို့တော့ သန်းခေါင် လကွယ် တောအုပ်လယ်မှာ လက်ခနဲ လင်း





လိုက်တဲ့ အလင်းရောင် တစ်ချက်ပဲဗျ၊ အစတုန်းက ဆက်စပ်လို့ မရဘူးလို့ ဆင်ရလောက်အောင် တခြားစီ ဖြစ်နေတဲ့ အချက်အလက်တွေဟာ ခုတော့ ကွင်းဆက်တွေ ဖြစ်လာကြတယ်၊ အမှု တစ်ခုလုံးရဲ့ ဖြစ်စဉ်ကို ခပ်ဝါးဝါး မြင်လာရတယ်၊ ဒီတော့ ဗိုလ်မှူးကြီး ကတော်ကို ဒီလို ဖြစ်သွားအောင် လုပ်လိုက်တဲ့ သူဟာ ဘယ်သူလဲ ဆိုတာ ကျုပ်တို့ အနေနှင့် ရှာဖို့ လိုလာတယ်၊ ဒီလူဟာ ခုထိ အဲလဒါးရှော့မှာ ရှိနေသေးတယ် ဆိုရင်တော့ ရှာလို့ သိပ် မခက်လှပါဘူး၊ အဲလဒါး ရှော့ ဆိုတာ တပ်မြို့ ဆိုတော့ အရပ်သားရယ်လို့ များများစားစား ရှိတာမှ မဟုတ်တာကလား၊ ပြီးတော့လည်း ကိုယ်လက်အင်္ဂါ ချို့တဲ့နေတဲ့သူ ဆိုတော့ အသိသာကြီးပါ၊ ဒါနှင့် ကျုပ် တစ်နေ့လုံး လိုက်ရှာတယ်ဗျ၊ ညနေ ကျတော့ ဒီလူကို ကျုပ် ပက်ပင်း သွားတွေ့တယ်ဗျို့ သိလား၊ အဲဒီ လူနာရဲ့ နာမည်က ဟင်နရီ ဝုဒ်တဲ့ဗျ၊ အဲဒီ ညက ဗိုလ်မှူးကြီး ကတော်နှင့် သူနှင့် တွေ့တဲ့ လမ်းက တန်းလျား တစ်ခုမှာ နေတယ်၊ ဒီနေရာကို ရောက်တာ မကြာသေးဘူးတဲ့၊ ငါးရက်ပဲ ရှိသေးသတဲ့၊ ဒါနှင့် ကျုပ်လည်း မှတ်ပုံတင် ဌာနက အရာထမ်းယောင် ဆောင်ပြီး အိမ်ရှင် အဘွားကြီးနှင့် သွားတွေ့တယ်၊ သူက မျက်လှည့်ဆရာတဲ့၊ ပြီးတော့ ကျွမ်းဘားတို့ ဘာတို့လည်း တတ်တယ်တဲ့၊ ညနေ ဆိုရင် တပ်ထဲက ရိပ်သာတွေကို လျှောက်လှည့်ပြီး မျက်လှည့်တို့ ဘာတို့ ပြ ပေးတယ်တဲ့၊ အဲဒီလို မျက်လှည့် သွားပြရင် တိရစ္ဆာန် တစ်ကောင်ကို သေတ္တာ လေး တစ်လုံးနှင့် ထည့် ထည့်ပြီး ယူသွားတတ်တယ်တဲ့၊ အိမ်ရှင် အဘွားကြီး ကတော့ ဒီလို တိရစ္ဆာန်မျိုးကို တစ်ခါမှ မမြင်ဖူးတဲ့ အတွက် အလွန် ကြောက် သတဲ့၊ အဘွားကြီး ပြောတဲ့ အတိုင်း ဆိုရင် အဲဒီ တိရစ္ဆာန်နှင့် မျက်လှည့် ပြ တတ်တယ်တဲ့၊ အဘွားကြီး ပြောလိုက်တာကတော့ ဒီလောက်ပဲ၊ သြော် ပြော လိုက်သေးတယ်၊ သူ့ ကိုယ်လက်အင်္ဂါက ဒီလောက် ချို့တဲ့နေလျက်သားနှင့် အသက်ရှင် နေနိုင်တာ အံ့ဩစရာပဲတဲ့၊ တစ်ခါတလေ ကျတော့ သူ မသိတဲ့ ဘာသာ စကားတွေနှင့် စကား ပြောတဲ့ အခါ ပြောတတ်တယ်တဲ့၊ လွန်ခဲ့တဲ့ နှစ် ညလောက်တုန်းကတော့ အခန်းထဲက ညည်းသံလိုလို ငိုသံလိုလို ကြားရတယ် တဲ့၊ အခန်းခကိုတော့ မှန်မှန် ပေးပါတယ်တဲ့၊ အခန်းကို ငှားတော့ စပေါ် အဖြစ် နှင့် ဒင်္ဂါးပြားကြီး တစ်ပြား ထုတ်ပေးတယ်တဲ့၊ ကျုပ်ကို ပြလို့ ကြည့်လိုက်တော့ အိန္ဒိယ ကျပ်ပြားကြီး တစ်ပြားရယ်ဗျ သိလား။

'ကဲ ဆရာကြီး၊ ကျုပ် ဘယ်အခြေအနေကို ရောက်နေတယ် ဆိုတာ ခင်ဗျား သိလောက်ရောပေါ့၊ ဒီလောက်ဆိုရင် ဘာကြောင့် ခင်ဗျားကို လိုက်ခေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ ဆိုတာ သိလိမ့်မယ် ထင်တယ်၊ အမျိုးသမီး နှစ်ယောက် ဆက်လျှော ပြန်လာခဲ့ကြတဲ့ အခါမှာ ဒီလူဟာ နောက် မလှမ်းမကမ်းက လိုက်လာ ဆိုတာ ထင်ရှားတယ်၊ ပြတင်းပေါက်ကနေ ကြည့်ရင် လင်မယား စကား နေတာကို မြင်တယ် ဆိုတာလည်း ထင်ရှားတယ်၊ ဒီတွင် ဒီလူဟာ အိမ်ထဲ အတင်း ဝင်လာတယ်၊ သူနှင့် အတူ ပါလာတဲ့ သတ္တဝါကြီးကလည်း သွားတယ်၊ ဒီအချက်ဟာ သိပ်သေချာတယ်၊ သို့သော်လည်း အခန်းထဲမှာ တွေ ဖြစ်ခဲ့သလဲ ဆိုတာ ပြောနိုင်တဲ့ လူကတော့ သူတစ်ယောက်ပဲ ရှိ တယ် ခင်ဗျ'

'ဒါဖြင့် ခင်ဗျား သူ့ကို မေးကြည့်မယ်ပေါ့'

'မေးရတော့မှာပေါ့၊ သို့သော် သက်သေ တစ်ယောက်ယောက် ရှေ့ မေးမှ ဖြစ်မယ်'

'ကျွန်တော်က သက်သေ လုပ်ရမယ် ဆိုပါတော့'

'လုပ်နိုင်ရင် အကောင်းဆုံးပေါ့ဗျာ၊ သူက အလွယ်တကူ ပြောတ ဆိုရင်တော့ ကောင်းတာပေါ့၊ သို့သော် သူက ငြင်းဆန်ရင် ဖမ်း ဝရမ်း ထုတ် ဖို့ တောင်းတန် တောင်းရလိမ့်မယ်၊ ဒီတစ်နည်းပဲ ကျွန်တော့တယ်'

'ကျွန်တော်တို့ ဟိုကို ရောက်တဲ့ အချိန် အထိ အဲဒီ လူက ရှိနေဦးမ ဆိုတာ ခင်ဗျား ဘယ့်နှယ်လုပ် သိသလဲ'

'ကျုပ်လည်း လိုအပ်တဲ့ အစီအစဉ်ကလေးတွေ လုပ်ထား ရတာ ဘေကာ လမ်းက ကျုပ်ကောင်လေး တစ်ယောက်လောက်ကို လွှတ်ပြီး အကြည့်ခိုင်းထားတယ်၊ တောက်တဲ့ကို ခွာချလို့ ရချင် ရဦးမယ်၊ ကျုပ် ေ လေးတွေကိုတော့ ခွာလို့ ဘယ်ရမလဲ၊ သွားလေရာမှာ နောက်က ကပ်ပါနေ မနက်ကျတော့ ကျုပ်တို့ သူ့ကို ဟပ်ဆန် လမ်းမှာ တွေ့မှာပေါ့ဗျာ၊ ခု လောဆယ်မှာတော့ ခင်ဗျား မအိပ်ရအောင် လုပ်တဲ့ တရားခံဟာ ကျုပ်လို့ အောက်မေ့လိုက်ပေတော့'

နောက်တစ်နေ့ နေ့လယ်တွင် အချင်း ဖြစ်ပွားသည့် နေရာသို့ ရောက်သွား ကြသည်။ ကျွန်ုပ်တို့သည် အချိန် မဆွဲတော့ဘဲ ဟပ်ဆန်လမ်းသို့ တန်း၍ လာ ကြလေ၏။ ရှားလော့ဟုမ်းသည် စိတ်ထဲတွင် ဖြစ်နေသည့် အချင်းအရာကို မျက် နှာတွင် မပေါ်အောင် ဖုံးနိုင်သူ တစ်ဦး ဖြစ်သည့်တိုင် ယခု တစ်ကြိမ်တွင်မူ စိတ် လှုပ်ရှားနေသည့် အသွင်သည် ဖုံးကွယ်ထားသည့် ကြားမှ ပေါ်လျက် ရှိ လေ၏။





ကျွန်ုပ်မှာကား စုံစမ်း ထောက်လှမ်းရာသို့ ရှားလော့ဟုမ်းနှင့် လိုက်ပါ သော အခါများတွင် ဖြစ်လေ့ ဖြစ်ထ ရှိသည့် အတိုင်း ရင်တထိတ်ထိတ် ဖြစ်ရ ခြင်း၊ ရွှန်းစားရခြင်း၊ အသိပညာ ဉာဏ်ကို စေစား ကွန့်မြူးရခြင်း စသည့် အရသာ များကို တစ်ပြိုင်တည်း ခံစားနေရသကဲ့သို့ ရှိပေ၏။

နှစ်ထပ်တိုက် တန်းလျားများ တစ်ဖက်တစ်ချက်တွင် ရှိသည့် လမ်းတို လေး တစ်ခုထဲသို့ ရောက်လာသည့် အခါတွင် ရှားလော့ဟုမ်းက

'ဟောဒီ လမ်းပဲဗျ၊ ဟိုမှာ ကျုပ် ကောင်လေး ဆင်ပဆင်တောင် ပေါက် ပြီ'

'ဆရာကြီး၊ ဟိုလူကြီးတော့ အထဲမှာ ရှိတယ် ဆရာကြီး' ဟု သူငယ် လေး တစ်ယောက်က ပြော၏။

ရှားလော့ဟုမ်းသည် သူငယ်လေး၏ ခေါင်းကို ပွတ်လိုက်ရင်း

'ဟုတ်ပြီ ဆင်ပဆင်၊ လာဗျို့၊ အိုင်ဆေး'

ရှားလော့ဟုမ်းက သူ၏ လိပ်စာကတ်နှင့် အတူ အရေးကြီးသည့် ကိစ္စ ၍ တွေ့လိုကြောင်း စာရေးပေးလိုက်ပြီး တစ်ခဏတွင် ကျွန်ုပ်တို့သည် ကျွန်ုပ် တွေ့လိုသည့် ထိုလူနှင့် မျက်နှာချင်း ဆိုင်မိကြလေ၏။ ရာသီဥတု ပူနွေးနေ သည့်တိုင် ထိုလူသည် မီးလင်းဖိုကြီး အနီးတွင် ကုပ်ကုပ်ကြီး ထိုင်လျက် ရှိ၍ အခန်းမှာလည်း ပေါင်းဖိုကြီး တစ်ခုထဲသို့ ဝင်ရသည့်နှယ် ပူလောင် အိုက် လျက် ရှိလေ၏။ ထိုလူသည် ကုလားထိုင်တွင် တွန့်လိမ် ခွေခေါက်လျက် ကိုယ်အင်္ဂါ ချို့တဲ့၍ ပုံပျက်ပန်းပျက် ဖြစ်နေသော သဏ္ဌာန်သည် ထင်း ကြီး ပေါ်လျက်ရှိသည့် အလျောက် ထိုသူ၏ အကျည်းတန်ပုံကို ဖော်ပြခြင်း မတတ်နိုင်လောက်အောင် ဖြစ်လျက် ရှိပေ၏။ သို့ရာတွင် ကျွန်ုပ်တို့ ဘက်သို့ ၍ ကြည့်လိုက်သည့် မျက်နှာမှာ ညိုမှောင်၍ ချုံးကျနေသည့်တိုင် တစ်ခါ အလွန်တရာ ချောမော ခံ့ညားသော မျက်နှာ ဖြစ်ကြောင်း ထင်ထင်ရှားရှား ရလေ၏။ ထိုလူသည် ဝါထိန်သော မျက်လုံးများဖြင့် ကျွန်ုပ်တို့အား မသကာ လို ကြည့်လိုက်ပြီးလျှင် မတ်တတ် ထခြင်းလည်း မပြု၊ စကား ပြောဆိုခြင်း ည်း မရှိဘဲ ကုလားထိုင် နှစ်လုံးကို လက်ညှိုး ထိုးပြလေ၏။

'အိန္ဒိယက ရောက်လာတဲ့ မစ္စတာ ဟင်နရီ ဝုဒ် ထင်ပါရဲ့နော်၊ ဗိုလ်မှူး ဘာကလေ သေတဲ့ ကိစ္စနှင့် ပတ်သက်ပြီး လာခဲ့တာပါ' ဟု ရှားလော့ မ်းက ချိုသာသည့် အသံဖြင့် ပြောလေ၏။

'ကျွန်တော် ဘယ်သိမလဲဗျ၊ ကျွန်တော်နှင့် ဘာဆိုင်တာ မှတ်



www.burmeseclassic.com

www.burmeseclassic.com





'မစ္စတာ ဟင်နရီ ဝုဒ် ထင်ပါရဲ့ခင်ဗျာ'

'ဟုတ်ကဲ့ ခင်ဗျာ၊ ဆိုင်တယ် မဆိုင်ဘူး ဆိုတာကလေးကို သေချာအောင် လုပ်ချင်လို့ပါ၊ ဒီပြဿနာကလေးကို မရှင်းနိုင်ရင် ခင်ဗျားရဲ့ မိတ်ဆွေဟောင်း တစ်ဦး ဖြစ်တဲ့ ဗိုလ်မှူးကြီး ကတော် မစ္စက် ဘာကလေ တစ်ယောက် လူသတ်မှု နှင့် အစွဲခံရဖို့ကိန်း ဆိုက်နေတယ် ခင်ဗျ၊ ဒါလောက်ကိုတော့ ခင်ဗျားလည်း သိလိမ့်မယ် ထင်ပါရဲ့'

ထိုလူသည် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ခင်ဗျားတို့ ဘယ်က လူတွေလဲ၊ ဒါတွေကိုကော ခင်ဗျားတို့က ဘယ်လို လုပ်ပြီး သိတာလဲ၊ ခင်ဗျားတို့ ပြောတာတွေဟာ အမှန်တွေပဲ ဆိုတာ ကျွန်တော် က ဘယ့်နှယ်လုပ် ယုံရမှာလဲ'

'ဗိုလ်မှူးကြီး ကတော်ကို ပုလိပ်က ဖမ်းတော့မယ် ခင်ဗျ၊ သတိ ပြန်မရ သေးလို့ စောင့်နေတာ၊ သတိ ရလာတာနှင့် တစ်ပြိုင်နက် ဖမ်းမှာပဲ'

'နေပါဦး၊ ခင်ဗျားတို့ကကော ပုလိပ်တွေလား'

'မဟုတ်ပါဘူး'

'မဟုတ်ရင် ခင်ဗျားတို့နှင့် ဘာဆိုင်လို့လဲ'

'တရားသဖြင့် ဖြစ်ဖို့ကတော့ လူတိုင်းနှင့် ဆိုင်ပေတယ်ဗျ'





'ဒီလိုဆို ကျုပ် ပြောလိုက်မယ်ဗျာ၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး၊ ဒါပဲ'

'သူ့မှာ မရှိရင် ခင်ဗျားမှာတော့ ရှိတယ်ပေါ့'

'ကျုပ်မှာလည်း ဘာအပြစ်မှ မရှိဘူး'

'ဒါဖြင့် ဗိုလ်မှူးကြီး ဘာကလေကို ဘယ်သူ သတ်တာလဲ'

'ကြမ္မာ သတ်လို့ သေတာဗျ၊ ဒါပေမဲ့ ခင်ဗျားကို ကျွန်တော် တစ်ခုတော့ ပြောလိုက်မယ်၊ ကျွန်တော့် စိတ်ထဲမှာ ဒီလူရဲ့ ခေါင်းကို ရိုက်ခွဲပစ်လိုက်ချင်တာ အမှန်ပဲ၊ ဒီလို လုပ်မိရင် ကျွန်တော့် အဖို့ ဘာမှ အပြစ် မရှိဘူးလို့ပဲ ထင်တယ်၊ အမှန်ကတော့ ဒီလူကို ဒီလိုပဲ လုပ်ပစ်ဖို့ ကောင်းတာ၊ ခုလည်း သူ့ဘာသာသူ သိပ်ပြာ မလုံ ဖြစ်ပြီး လဲကျသွားလို့၊ လဲကျမသွားရင် ကျွန်တော် လုပ်မိမှာပဲ၊ ခင်ဗျား ဒီအကြောင်းကို သိချင်တယ် ဆိုရင် ပြောပြမယ်၊ မပြောစရာ အကြောင်း လည်း ကျွန်တော့်မှာ ဘာမှ မရှိဘူး၊ ရှက်စရာ အကြောင်းလည်း ဘာမှ မရှိဘူး။

'ဖြစ်ပုံက ဒီလို ခင်ဗျ၊ ခု ကျွန်တော့် ကျောကုန်းကို ကြည့်ရင် ကုလား အုတ် ကျောကုန်းလို ဖြစ်နေတာ တွေ့ရလိမ့်မယ်၊ နံရိုးတွေ ဆိုတာလည်း ဟို တစ်ချောင်း ဒီတစ်ချောင်းနှင့်၊ ဒါပေမဲ့ ဟိုတုန်းကတော့ တပ်ရင်း ၁၁၇ မှာ အပ်ကြပ် ဟင်နရီ ဝုဒ် ဆိုရင် ဂိုက် အဖြောင့်ဆုံး လူပေါ့၊ အဲဒီတုန်းက ကျွန်တော် တို့က အိန္ဒိယပြည် ဘူရ်တီး ဆိုတဲ့ အရပ်မှာ တပ်စွဲထားတယ်၊ အဲဒီတုန်းက တစ်နေ့က သေသွားတဲ့ ဘာကလေ ဆိုတဲ့ ကောင်က တပ်ကြပ်ကြီး၊ ကျွန်တော် နှင့် တပ်ခွဲ တစ်ခွဲတည်းပဲ၊ ပြီးတော့ ကျွန်တော်တို့ တပ်ရင်းမှာ အချောဆုံး (တပ်ရင်းမှာ အချောဆုံး ဆိုတာထက် မိန်းမတွေထဲမှာ အချောဆုံးလို့တောင် ပြောနိုင်ပါတယ်လေ) မိန်းကလေးက နန်စီ ဒီဗွိုင်းဗျ၊ သူ့ အဖေက ခွဲအုပ် အပ်ကြပ်ကြီး၊ သူ့ကို လူနှစ်ယောက်က ချစ်နေကြတယ်၊ တစ်ယောက်ကိုတော့ သူကလည်း ပြန်ချစ်တယ်၊ ကျွန်တော်က ဂိုက်ကလည်း ဖြောင့်တော့ သူက ကျွန်တော့်ကို ပြန်ချစ်တယ် ဆိုပါတော့ဗျာ၊ ဒီတော့ မီးလင်းဖို ဘေးမှာ ခါး ကုန်းကုန်း ခြေခွင်ခွင်နှင့် ကျွန်တော့်ကို ကြည့်ပြီး ခင်ဗျားတို့က ပြုံးချင် ပြုံး ကြလိမ့်မယ်။

'ဒါပေမဲ့ ကျွန်တော်ဟာ သူ့ နှလုံးသားကို ပိုင်ခဲ့ပေမယ်လို့ သူ့ အဖေ ကြီးကတော့ ဘာကလေနှင့် ပေးစားချင်တယ်ဗျ၊ တကယ်တော့ ကျွန်တော် ဆိုတဲ့ ကောင်က တစ်ကောင်ကြွက် နေချင်သလို နေတဲ့ကောင်၊ ဘာကလေကတော့ ပညာလည်း တတ်တယ်၊ မကြာခင်လည်း ကော်မရှင် ရပြီး ခါးမှာ ဓားချိတ်ရ တော့မယ့် ကောင်၊ ဒါပေမဲ့ နန်စီကတော့ ကျွန်တော့်ကိုပဲ ချစ်တယ်၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာလည်း သစ္စာ ရှိပါတယ်၊ ကျွန်တော်ပဲ အနိုင်ရတော့မယ့် အခြေပါပဲ ဒီတုန်းမှာ အိန္ဒိယပြည်မှာ တပ်တွင်း သူပုန်ကြီး ဖြစ်တော့ တစ်တိုင်း တစ်ပြည်လုံး ဖရိုဖရဲ ဖြစ်သွားတယ်ဗျ။

'ကျွန်တော်တို့ တပ်ရင်းလည်း ဘူရှ်တီးမှာ ပိတ်မိနေတယ်၊ ကျွန်တော်တို့ တပ်ရင်း တစ်ခုလုံးကို ပြန်ကြည့်လိုက်တော့ အမြောက်ကလည်း အပြည့်အစုံ မရှိဘူး၊ ရှိရမယ့်ဟာရဲ့ တစ်ဝက်လောက်ပဲ ရှိတယ်၊ စစ်သားကလည်း ပန်ချာ တပ်ခွဲ တစ်ခွဲ ရှိတယ်၊ ကျန်တာတွေက တပ်နယ်ထဲမှာ ရှိတဲ့ အရပ်သားတွေနဲ့ အမျိုးသမီးတွေချည်းပဲ ခင်ဗျ၊ ကျွန်တော်တို့ကို ဝိုင်းထားတာက သူပုန် တစ် သောင်းလောက် ရှိတယ်၊ သူတို့တစ်တွေကို ကြည့်ရတာက ကြွက်လှောင်အိမ် နားကို ချပေးလိုက်တဲ့ တယ်ရီယား ခွေးအုပ်တွေ ကျနေတာပဲ ခင်ဗျ၊ ပါးစပ် တပြင်ပြင်နှင့် ဟိန်းလိုက် ဟောက်လိုက်နှင့်၊ သူပုန် ဝိုင်းထားလို့ နှစ်ပတ်လောက် ကြာတော့ ကျွန်တော်တို့ တပ်နယ်ထဲမှာ ရေကုန်သွားတယ်၊ ဒီတော့ အပြင်ကို ရောက်နေတဲ့ ဗိုလ်ချုပ် နီးလ်ရဲ့ စစ်ကြောင်းနှင့် အဆက်အသွယ် ရဖို့ လိုလာတယ် ကျွန်တော်တို့ အဖို့ ဒီတစ်နည်းပဲ ရှိတော့တယ်၊ ကျွန်တော်တို့မှာ ရှိတဲ့ အ ကလေးနှင့် ရန်သူကို ဖောက်ထွက်ဖို့ ဆိုတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ ဒီ အထဲ ကျွန်တော်တို့မှာ ကလေးတွေ အမျိုးသမီးတွေက ပါလိုက်သေးတယ်၊ ဒီတော့ အပြင် ထွက်ပြီး အဆက်အသွယ် လုပ်ဖို့ ဗိုလ်ချုပ် နီးလ်ရဲ့ စစ်ကြောင်းကို ကျွန်တော် သွားမယ်လို့ ပြောတော့ အားလုံးက လက်ခံတယ် ခင်ဗျ၊ ဒီ အကြောင်းကို ကျွန်တော်က တပ်ကြပ်ကြီး ဘာကလေကို ပြောတယ်၊ သူက ဒီနယ်မြေ အကြောင်း တော်တော်လေး သိတာကိုး၊ ဒါနှင့် သူက သူပုန် စစ်ကြောင်းတွေ ထဲကို ဖောက်ပြီး ဘယ်လို သွားရမယ် ဆိုတာ မြေပုံ ဆွဲပေး လိုက်တယ်ဗျ၊ အဲဒီ ည ဆယ်နာရီကျတော့ ကျွန်တော်လည်း တပ်ထဲကနေ အပြင်ကို ထွက်လာခဲ့တယ်၊ တပ်ထဲမှာ အသက်ပေါင်း တစ်ထောင် ရှိတယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာတော့ အဲဒီ ညက တပ်စည်းရိုး တံတိုင်းပေါ်က ခုန်ဆင်းရင်း တစ်ဦးတည်းသော သူကိုသာ အမှတ်ရနေတယ် ခင်ဗျ။

'ကျွန်တော် သွားရမယ့် လမ်းက သဲပြင် ဖြစ်နေတဲ့ ချောင်းကြီး တစ်ခု အတိုင်း စုန်သွားရမှာဗျ၊ ဒါမှ ကျွန်တော်တို့ကို ရန်သူ ကင်းတွေ မမြင်မှာကိုး ဒါပေမဲ့ ချောင်းထဲလည်း ဆင်းလိုက်ရော ဖြုန်းဆို ရန်သူ ကင်းနှင့် ဝင်တိုးပါရော ခင်ဗျာ၊ သူတို့က ခြောက်ယောက် ခင်ဗျ၊ ကျွန်တော် ထွက်မယ် ဆိုတာကို သိလို့ စောင့်နေတာ၊ တွေ့တွေ့ချင်း ကျွန်တော့်ကို ဘာနှင့် ရိုက်လိုက်မှန်း မသိဘူး







'သူတို့က ခြောက်ယောက် ခင်ဗျ၊
ကျွန်တော် ထွက်မယ် ဆိုတာကို သိလို့ စောင့်နေတာ'

ရိုက်ပြီး ကျွန်တော့် ခြေနှင့် လက်တွေကို တုပ်လိုက်ကြတယ်၊ ဒါပေမဲ့ ကျွန်တော့် အဖို့ ခေါင်းထိတာက အရေးမဟုတ်ပါဘူး၊ အသည်းကို ထိတာက သိပ်နာတာ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ အချင်းချင်း ပြောနေကြတဲ့ စကားတွေကို နားထောင် ကြည့်လိုက်တဲ့ အခါကျတော့ ကျွန်တော့် ရဲဘော်၊ ကျွန်တော့်ကို မြေပုံ ဆွဲပေး လိုက်တဲ့ ဘာကလေဟာ တိုင်းရင်းသား အစေခံ တစ်ယောက်ကနေ တစ်ဆင့် ကျွန်တော့် သတင်းကို သူပုန်ဆီကို ပို့လိုက်တယ် ဆိုတာ သိရတယ်ဗျ။

'ထားပါလေ၊ ဒါတွေကို ကျွန်တော် ပြန်မပြောလိုတော့ပါဘူး၊ ဘာကလေ ဆိုတဲ့ကောင် ဘယ်လို ဖြစ်တယ် ဆိုတာ ခု ခင်ဗျားတို့ မြင်ပြီ မဟုတ်လား၊ နောက်တစ်နေ့ကျတော့ ကျွန်တော်တို့ တပ်ရင်းကို ဝိုင်းထားတဲ့ သူပုန်တွေကို ဗိုလ်ချုပ် နီးလ်က တိုက်တော့ သူပုန်တွေလည်း ဆုတ်သွားကြတယ်ဗျ၊ ဒါပေမဲ့ အဆုတ်မှာ ကျွန်တော့်ကို ခေါ်သွားကြတယ်၊ သူတို့ စခန်းမှာ ကျွန်တော့်ကို အကြာကြီး ချုပ်ထားကြတယ်၊ မျက်နှာဖြူ ဆိုလို့ မမြင်ရတာ နှစ်ပေါင်း တော်



www.burmeseclassic.com

www.burmeseclassic.com



တော် ကြာတယ်၊ ကျွန်တော့်ကို အကြီးအကျယ် နှိပ်စက်၊ ကျွန်တော်ကလည်း လစ်ရင် ထွက်ပြေးဖို့ ကြိုးစား၊ ကြိုးစားလို့ မိသွားရင် တစ်ခါ နှိပ်စက်၊ သူတို့ ဘယ်လောက် နှိပ်စက် လွှတ်လိုက်သလဲ ဆိုတာ ခု ကျွန်တော့် ဖြစ်နေပုံကိုသာ ကြည့်ကြပါတော့၊ တချို့က နီပေါပြည်ဘက်ကို ထွက်ပြေးကြတော့ ကျွန်တော့်ကိုလည်း သူတို့နှင့် အတူ နီပေါကို ခေါ်သွားတယ် ခင်ဗျ၊ ပြီးတော့ ဒါဂျီလင်နားကို ခေါ်သွားကြတယ်၊ အဲဒီနား ရောက်တော့ တောင်ပေါ်သား လူမျိုးစုတွေက ကျွန်တော့်ကို ဖမ်းသွားတဲ့ သူပုန်တွေကို ဝိုင်းသတ်ပြီး ကျွန်တော့်ကို ခေါ်သွားကြပြန်တယ်၊ ကျွန်တော်လည်း သူတို့ဆီမှာ အကြာကြီး နေခဲ့ရပြန်တယ်၊ နောက်တော့ ကျွန်တော်လည်း သူတို့ လက်က ထွက်ပြေးလာခဲ့တယ်၊ တောင်ပိုင်းက အခြေအနေ ဘယ်လို ရှိမှန်း မသိတော့ တောင်ပိုင်းကို ကျွန်တော် မသွားရဲဘူး၊ ဒါနှင့် မြောက်ဘက်ကို ဖွတ်လိုက်လာခဲ့တာ နောက်ဆုံးကျတော့ အာဖဂန်နစ္စတန် ပြည်နယ်ထဲကို ရောက်သွားတယ် ခင်ဗျ၊ အာဖဂန် ပြည်ထဲမှာ တစ်နှစ်လောက် နေခဲ့တယ်၊ ပြီးတော့ ပန်ဂျပ်ကို ရောက်သွားပြီး တိုင်းရင်းသားတွေနှင့်ပဲ နေခဲ့ရတယ်၊ သူတို့အထဲမှာ နေရင်း မျက်လှည့် ပညာကို တတ်လာလို့ မျက်လှည့်ပြပြီး အသက် မွေးခဲ့ရတယ်ဗျ၊ ကျွန်တော့် အဖို့ အင်္ဂလန်ကိုလည်း မပြန်ချင်တော့ဘူး၊ ဒီအခြေအနေမျိုးနှင့် ပြန်ရတာ လူတောသူတော တိုးလို့ မဖြစ် အဘ မဖြစ်နှင့် ဆိုတော့ မျက်နှာလည်း မပြချင်တော့ဘူးလေ၊ ဘာကလေကို ကျွန်တော် လက်စား ချေချင်တာတောင် ကျွန်တော် မပြန်ချင်တော့ဘူး၊ ဒီလို ရုပ်ကြီးနှင့် မျောက်ဝံကြီးလို အခြေအနေမျိုးကို မြင်ရတာထက်တော့ နန်စီနှင့် တကွ ကျွန်တော့် မိတ်ဆွေတွေက ကျွန်တော် သေသွားပြီလို့ ထင်တာပဲ ကောင်းတယ် ဆိုပြီး ဇာတ်မြှုပ် နေခဲ့တာပဲ၊ သူတို့ကလည်း ကျွန်တော် သေပြီလို့ ထင်နေကြပြီး ကျွန်တော်ကလည်း ဒီလိုပဲ ထင်အောင် နေပြခဲ့တယ်၊ ဘာကလေကလည်း နန်စီနှင့် ရပြီး တပ်ရင်းမှာ တပ်မှူး ဖြစ်တယ် ဆိုတာ ကြားပါရဲ့၊ ဒါပေမဲ့ ကျွန်တော့် လူလုံးကို မပြချင်တော့ဘူး။

'ဒါပေမဲ့ လူ ဆိုတာကလည်း အခက်သားကလားဗျာ၊ အသက် ကြီးလာတဲ့ အခါကျတော့ အိမ်ကို လွမ်းလာတယ်ဗျ၊ အင်္ဂလန်က စိမ်းလန်းတဲ့ မြက်ခင်းတွေနှင့် ခြံစည်းရိုးကလေးတွေကို လွမ်းလိုက်တာ မပြောပါနှင့်တော့၊ ဒါနှင့် မသေခင်တော့ အင်္ဂလန်မြေကို နင်းသွားဦးမယ် ဆိုပြီး ပိုက်ဆံ စုပြီး ပြန်လာခဲ့တယ် ခင်ဗျ။

'ဒီရောက်တော့ စစ်တပ်တွေ ရှိတဲ့ နေရာကို လိုက်ပြီး မျက်လှည့် ပြတယ်၊ သူတို့ကို ဘယ်လို ဆက်ဆံရမယ် ဆိုတာ ကျွန်တော် သိတယ်၊ ဒါကြောင့် ဒီဘက်ကို လာပြီး မျက်လှည့်ပြတာပဲ'

'အင်း၊ ခင်ဗျား ဇာတ်လမ်းကတော့ စိတ်ဝင်စားစရာ ကောင်းပါပေတယ်ဗျာ၊ ခင်ဗျားနှင့် ဗိုလ်မှူးကြီး ကတော်နှင့် တွေ့လို့ တစ်ယောက်ကို တစ်ယောက် မှတ်မိကြတယ် ဆိုတာ ကျုပ် သိပြီးပါပြီ၊ ဒီတော့ ကျုပ် နားလည်တဲ့ အတိုင်း ပြောရမယ် ဆိုရင် ခင်ဗျားဟာ အဲဒီညက ဗိုလ်မှူးကြီး ကတော်ရဲ့ အိမ်ကို နောက်ယောင်ခံပြီး လိုက်သွားတယ်၊ ပြတင်းပေါက်က နေပြီး လင်မယား ရန်ဖြစ်တာကို မြင်လိုက်တယ်၊ ခင်ဗျား အပေါ်မှာ သူ့ ယောက်ျားက အကောက် ကြံလိုက်တာတွေကို ဗိုလ်မှူးကြီး ကတော်က ဖွင့်ပြောတယ်၊ ဒီမှာတွင် ခင်ဗျားကလည်း စိတ်ကို မထိန်းနိုင် ဖြစ်ပြီးတော့ မြက်ခင်းကို ဖြတ်ပြီး အိမ်ထဲကို အတင်း ဝင်လိုက်လာခဲ့တယ် ဟုတ်စ'

'ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော် ရောက်သွားတဲ့ အခါကျတော့ သူလည်း အံ့အားသင့်ပြီး မီးဖိုပေါ် လဲကျသွားတာပါပဲ၊ ဒါပေမဲ့ လဲကျမသွားခင်ကတည်းက အသက် ပျောက်သွားပြီလို့ ထင်ပါတယ်၊ သူ့ မျက်နှာပေါ်မှာ အသက် မရှိတဲ့ နိမိတ်ကို ကျွန်တော် ထင်ထင်ရှားရှားကြီး မြင်ရပါတယ်၊ ကျွန်တော့်ကို မြင်လိုက်တာဟာ သူ့ အဖို့ နှလုံးသားထဲကို ကျည်ဆန် တစ်တောင့် ဝင်သွားတာနှင့် အတူတူပါပဲ'

'ပြီးတော့ကော'

'ပြီးတော့ နန်စီလည်း မူးမေ့ပြီး လဲသွားတာပါပဲ၊ ဒီတွင် ကျွန်တော်လည်း နန်စီ့ လက်ထဲက သော့ကို ယူပြီး တံခါးကို ဖွင့်၊ အကူအညီ တောင်းမလို့ စိတ်ကူးပါရဲ့၊ ဒါပေမဲ့ ကျွန်တော့် အဖို့ ဒီလို လုပ်ရင် ကိုယ့် အပေါ်မှာ အမှုပတ်စရာ ဖြစ်မယ်၊ ကိုယ့်ရဲ့ လူလုံး မလှတဲ့ ဘဝကိုလည်း လူတွေ သိသွားမယ် ဆိုပြီး ကျွန်တော် ထွက်လာခဲ့တယ်၊ ခပ်သုတ်သုတ် ထွက်လာတော့ သော့ကို အိတ်ထဲ ထည့်လာမိပြီး ပြတင်းပေါက် ခန်းဆီးကို တွယ်တက်သွားတဲ့ တက်ဒီကိုလည်း လိုက်ဖမ်းနေရတော့ ကျွန်တော့် တင်းပုတ်ကြီးတောင် ကျန်ရစ်ခဲ့သေးတယ်၊ ကျွန်တော်လည်း တက်ဒီကို သေတ္တာထဲ ထည့်ပြီး ခပ်သုတ်သုတ် ပြန်ထွက်ခဲ့ပါတယ်'

'တက်ဒီ ဆိုတာ ဘယ်သူလဲ'

ထိုလူသည် ကုန်းကာ ယုန်လှောင်အိမ် သဏ္ဍာန် သေတ္တာကလေး တစ်လုံး၏ အဖုံးကို ဖွင့်လိုက်လေရာ လုပ၍ နီညိုညို အရောင် ရှိပြီး သေးသွယ်သော





www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး ရှိသည့် သတ္တဝါ တစ်ကောင် ထွက်လာလေ၏။ ထိုသတ္တဝါ၏ နှာခေါင်းမှာ ရှည်ပြီး နီရဲသော မျက်လုံးများ ရှိသည်တွင် ထိုမျက်လုံးလောက် လှပသော မျက်လုံးမျိုးကို မည်သည့် တိရစ္ဆာန်တွင်မှ ကျွန်ုပ် မတွေ့ဖူးသေးချေ။

'အလို မြွေပါ ခင်ဗျ' ဟု ကျွန်ုပ်က အော်လိုက်၏။

'ဟုတ်တယ် ခင်ဗျ၊ တချို့က မြွေပါလို့ ခေါ်ကြတယ်၊ ကျွန်တော်ကတော့ မြွေဖမ်းကောင်လို့ ခေါ်တယ်၊ အထူးသဖြင့် မြွေဟောက် ဆိုရင် သိပ်နိုင်တာပဲ၊ ကျွန်တော့်မှာ အစွယ် ထုတ်ထားတဲ့ မြွေဟောက် တစ်ကောင် ရှိတယ်၊ တပ်ထဲမှာ ဆိုရင် တက်ဒီက မြွေဟောက် ဖမ်းပြရင် တပ်သားတွေက သိပ် သဘောကျကြတာပဲ၊ ကဲ နောက်ထပ် ဘာများ သိချင်သေးသလဲ'

'အကယ်၍ ဗိုလ်မှူးကြီး ကတော်မှာ ပြဿနာ ကြီးကြီးကျယ်ကျယ် ဖြစ်လာရင်တော့ ခင်ဗျားကိုပဲ ကျုပ်တို့ သက်သေ ထူပါရစေ'

'ကောင်းပါပြီ ခင်ဗျာ၊ ဒီအခါကျရင် ကျွန်တော်က ရှေ့က နေပေါ့မယ်'

'သို့သော်လည်း ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ဘူး ဆိုရင်တော့ သေပြီးသား လူတစ်ယောက်ရဲ့ အကြောင်းကို ကျုပ်တို့ လူသိရှင်ကြား ဖြစ်အောင် မလုပ်ချင်တော့ပါဘူး၊ သူ လုပ်ပုံက တော်တော်လေး ဆိုးတာကိုးဗျ၊ ဘာကလေးဟာ အနှစ် သုံးဆယ်လုံးလုံး သူ့ အကောက်ကြံမှု အတွက် လိပ်ပြာ မလုံ ဖြစ်ပြီး တရိရိ စိတ်ဆင်းရဲ သွားရတယ် ဆိုတာကို သိရလေတော့ ခင်ဗျား အနေနဲ့ ကြည့်ရင် ကျေနပ်စရာပေါ့လေ၊ ဟောဟိုမှာ ဗိုလ်မှူး မာဖီးတောင် သွားပြီဗျ၊ ကဲ ဂွတ်ဘိုင် မစ္စတာ ဝုဒ်၊ နောက်ဆုံး အခြေအနေကို သိချင်သေးလို့ သွားလိုက်ဦးမယ်'

ကျွန်ုပ်တို့သည် လမ်းထောင့် မရောက်မီ ဗိုလ်မှူး မာဖီးကို မီလာခဲ့ကြလေ၏။

'စုံထောက်ကြီးရေ ခုတော့ ရှင်းသွားပြီဗျ၊ ကျွန်တော်တို့မှာဖြင့် အလုပ်များလိုက်ရတာ၊ နောက်ကျတော့ ဘာမှ မဟုတ်တော့ဘူးဗျ'

'ဘယ်လို မဟုတ်တာလဲ'

'ဆေးဘက်က စစ်ပြီးပြီ၊ ဆေးဘက် ထွက်ချက်အရ ဗိုလ်မှူးကြီး သေတာက ဝက်ရူးပြန်လို့တဲ့ဗျ၊ ဘာမှ မဟုတ်လို့ တော်သေးတာပေါ့ဗျာ'

ရှားလော့ဟုမ်းက ပြုံးလိုက်ရင်း

'ကောင်းပါလေရဲ့ဗျာ၊ ကဲ ဒေါက်တာရေ ကျုပ်တို့ ကိစ္စ ပြီးပြီဗျ၊ ပြန်ကြစို့ရဲ့'



ဘူတာ ရုံဘက်သို့ လာခဲ့ကြစဉ်

ကျွန်ုပ်က

'ကျွန်တော် မရှင်းတာ တစ်ခု တော့ ရှိတယ်ဗျ၊ ဗိုလ်မှူးကြီးရဲ့ ယောက်ျား နာမည်က ဂျိမ်း ဘာကလေ၊ ဟိုလူကြီးရဲ့ နာမည်က ဟင်နရီ ဝုဒ်၊ ဒေးဗစ် ဆိုတာ က ဘယ်သူတုံး'

'ကျုပ်ဟာ အ တွေး အ ခေါ် ကောင်းလှချည်ရဲ့လို့ ခင်ဗျားက ချီး ကျူးနေတာတော့ ဟုတ်ပါရဲ့၊ သို့သော် လည်း ဒီနာမည်ရဲ့ အနက် အဓိပ္ပာယ်ကို သေသေချာချာ ဖော်နိုင်ခဲ့ရင် အမှုက ဒီလောက်တောင် ကြာမှာ မဟုတ်ဘူးဗျ၊ အစောကြီး ကတည်းက အဖြေ ပေါ်ပြီး သား ဖြစ်မှာ၊ ဒေးဗစ် ဆိုတာဟာ ကျိန် ဆဲတဲ့ စကားလုံးဗျ'

'ဗျာ ကျိန်ဆဲတာ၊ ဟုတ်လား'

'ဟုတ်တယ်၊ ဒေးဗစ် ဘုရင်ကြီး ဟာ မကြာခဏ ဆိုသလို ဖောက်ပြားခဲ့ တယ်ဗျ၊ တစ်ခါမှာတော့ ကျုပ်တို့ တပ်ကြပ်ကြီး ဘာကလေလိုပဲ သူများ မိန်းမတွေကို လုယူခဲ့ဖူးတယ်၊ သူ့ လင် ဥရိယကို စစ်တိုက် လွှတ်ပြီးတော့ သူ့ မယား ဗက်သျှေဗာကို ကြံခိုခဲ့ဖူးတယ်လေဗျာ၊ သမ္မာ ကျမ်းစာနှင့် ပတ်သက် တဲ့ ကျုပ် ဗဟုသုတဟာ နည်းနည်းတော့ သံချေးတက်နေပါပြီ၊ သို့သော်လည်း ဒီပုံပြင်ကလေးကို ခင်ဗျား သိချင်သေးတယ် ဆိုရင်တော့ ဓမ္မရာဇဝင် ပထမ စောင်နှင့် ဒုတိယ စာစောင် တစ်ခုခုမှာ တွေ့နိုင်လိမ့်မယ် ထင်တာပဲ'



'ဘာမှ မဟုတ်လို့ တော်သေးတာပေါ့ဗျာ'

[မူရင်း ဝတ္ထု *The Adventure of The Crooked Man.* ခေါင်းစဉ်၏ နောက် ဦးစံရှား ဝတ္ထုများတွင် 'စစ်ဗိုလ် လင်မယား' ဟူသော အမည်ဖြင့် မြန်မာပြု ခဲ့ပြီး။]



www.burmeseclassic.com

www.burmeseclassic.com

# ဘရွတ်လမ်း လူသတ်မှု



ကျွန်ုပ်၏ မှတ်တမ်းများ၌ ကျွန်ုပ်သည် မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ထူးခြား မှတ်သားဖွယ် ကောင်းသော စိတ်သဘာဝ အချို့ကို ရေးသား ဖော်ပြရန် ကြိုးစားခဲ့၏။ သို့ ထုံ့ပိုင်း ထုံ့ပိုင်း ဖော်ပြခဲ့သည့် မှတ်တမ်းများကို ပြန်ကြည့်လိုက်သည့် အခါတွင် သူ၏ စိတ်သဘာဝကို ထင်ရှားအောင် ဥဒါဟရုဏ်များကို ရွေးချယ်ရာ၌ ကျွန်ုပ် င် ကြီးမားသော အခက်အခဲ ကြုံခဲ့ရသည်ကို တွေ့ရသည့်အတွက် များစွာ ညခြင်း ဖြစ်မိသေး၏။ အမှု တော်တော်များများ၌ ရှားလော့ဟုမ်းသည် သူ၏ ဂမယုတ္တိနှင့် သဘာဝယုတ္တိတို့ကို အသုံးချခဲ့ဖူး၍ သူ၏ စူးစမ်း ထောက် မ်းမှု နည်းနာများ၏ ထက်မြက်ပုံကို ပြသခဲ့ပြီး ဖြစ်သည့်တိုင် အမှုသွား အမှု သ အချက်အလက်များမှာ သေးဖွဲ့ရုံမျှမက သာမန်မျှသာ ဖြစ်သည့် အလျောက် းလော့ဟုမ်း၏ အစွမ်းနှင့် ပတ်သက်၍ ကျွန်ုပ် စိတ်တိုင်းကျ ရေးပြနိုင်ခဲ့ခြင်း ရှိသေးချေ။ ထိုမျှမက အချက်အလက် ထူးခြား ဆန်းကြယ်သည့် အဖြစ်အပျက် းတွင်လည်း ရှားလော့ဟုမ်းသည် အချက်အလက်များကိုသာ အသားပေး ရှာ လျက် ရှိပြီး ထိုအချက်အလက်များ ပေါ်ပေါက်ရခြင်း အကြောင်းရင်းကို လိုက် ရှာဖွေလျက် ရှိသည့် သူ့ အခန်းကဏ္ဍကို မှေးမှိန်ထားပြန်သည့် အတွက် သူ့ ဉာဏ်ပူတ္တိကို ရေးသားနေသည့် ကျွန်ုပ် အဖို့ သူ့ စရိုက်ကို စိတ်တိုင်းကျ ရေး ရန် အခွင့် မသာခဲ့ပြန်ချေ။ 'ခရမ်းရောင် အမှု' ဟူသော ခေါင်းစဉ်ဖြင့် ကျွန်ုပ် တ်တမ်းတင်ခဲ့သည့် အဖြစ်အပျက်ကလေးနှင့် ဂလိုရီယာ စကော့ ရွက်သင်္ဘော း ပတ်သက်သော အဖြစ်အပျက်တို့ကို ကြည့်လျှင် ရှားလော့ဟုမ်း၏ အခန်း



www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍာက နည်းနေသည့် အလျောက် ရှားလော့ဟုမ်း အကြောင်းကို မှတ် တင်သူ ကျွန်ုပ် အဖို့ ထိုအဖြစ်အပျက်များမှာ အလွန် ကျဉ်းမြောင်းသည့် ဆောင် နှစ်ခု ကြားတွင် သဘော်ကို ပဲ့ကိုင်ရသည့်နှယ် မလူးသာ မလွှ ဖြစ်ခဲ့ရပေ၏။ ယခု ကျွန်ုပ် ရေးသား ဖော်ပြမည့် အဖြစ်အပျက်၌လည်း ရှား ဟုမ်း၏ အခန်း ကဏ္ဍာသည် များစွာ မထင်ရှားလှသည့်တိုင် အဖြစ်အပျက် ထူးခြားလှသည့် အတွက် ကျွန်ုပ်၏ မှတ်တမ်းများတွင် ထည့်သွင်း လိုက်ရ ဖြစ်ပါသည်။

ထိုနေ့မှာ မိုးတစွတ်စွတ် ရွာနေသည့် အောက်တိုဘာလ တစ်ရက် လေ၏။ ရှားလော့ဟုမ်းက

'စိတ်ပျက်စရာ ကောင်းလိုက်တဲ့ ရာသီဥတုဗျာ၊ ဒါပေမဲ့ ညနေ လေကလေး တိုက်လာတော့ တော်သေးတာပေါ့၊ အိုင်ဆေး ဘယ့်နှယ် မြို့ထဲ လျှောက် လည် ကြ မလား'

ကျွန်ုပ်မှာ ကျွန်ုပ်တို့ အခန်းကျဉ်းကလေးထဲတွင် နေရခြင်းကို ငြီးငွေ့လှပြီ ဖြစ်သည့် အလျောက် ဝမ်းမြောက်ဝမ်းသာဖြင့် သူ့အကြံကို လက်ခံလိုက် လေ၏။ ကျွန်ုပ်တို့သည် ဒီရေအတက်အကျကဲ့သို့ ဖလီလမ်းနှင့် ကမ်းနားလမ်းပေါ်တွင် ရုတ်ရုတ်သဲသဲ သွားလာ လှုပ်ရှားလျက် ရှိကြသော လူများကို ကြည့်ကာ သုံးနာရီလုံးလုံး လည်ပတ်ခဲ့ကြလေ၏။ တစ်လျှောက်လုံးတွင် ရှားလော့ဟုမ်း၏ စကားပြော ကောင်းခြင်း၊ အသေးစိတ်များကို လေ့လာ မှတ်သားနိုင်ခြင်း၊



ကျွန်ုပ်တို့သည် သုံးနာရီလုံးလုံး လည်ပတ်ခဲ့ကြလေ၏။





က်ချက် ဆွဲထုတ်သည့် သိမ်မွေ့သော အရည်အချင်း တစ်မျိုး ရှိခြင်းတို့ ကျွန်ုပ်မှာ ပင်ပန်းရမှန်း ညောင်းညာရမှန်းပင် မသိတော့ဘဲ ရွှင်လန်း ရှိပေ၏။

ည ဆယ်နာရီ ထိုး၍ ဘေကာလမ်းရှိ ကျွန်ုပ်တို့ တိုက်ခန်းသို့ ပြန်ရောက် အချိန်တွင် အိမ်ရှေ့၌ ရထား တစ်စီး ရပ်လျက် စောင့်နေသည်ကို တွေ့ရ ၏။

'အလို၊ ဆရာဝန် တစ်ယောက်ရဲ့ ရထားပါလားဗျို့၊ ဆေးကုတာတောင် မကြာသေးဘူး ထင်တယ်ဗျ၊ သို့သော်လည်း တော်တော်လေးတော့ အလုပ် နေတဲ့ ပုံပဲ၊ ကျုပ်နှင့် တိုင်ပင်စရာ ရှိလို့ လာတာ ထင်ရဲ့၊ ပြန်ရောက်တာ သေးတာပေါ့ဗျာ'

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ နည်းနာများကို ကောင်းစွာ သိပြီးသား သည့် အလျောက် သူ့ တွေးခေါ် စဉ်းစားပုံကို နားလည်လိုက်ပါသည်။ ထို့ ရထားထဲတွင် ချိတ်ဆွဲထားသော ကြိမ်ခြင်းတောင်းထဲရှိ ဆရာဝန် အသုံး များကို မီးရောင်တွင် မြင်လိုက်ရသဖြင့် ရှားလော့ဟုမ်း ဤမျှ မြန်မြန် ကောက်ချက် ဆွဲလိုက်နိုင်ခြင်း ဖြစ်ကြောင်း သိလိုက်၏။ ကျွန်ုပ်တို့ တွင် မီးရောင် လင်းနေသည့် အတွက်ကြောင့်လည်း ကျွန်ုပ်တို့ထံ လာသော သည်မှန်း သိသာနိုင်ပေ၏။ ဤ အချိန်မျိုးတွင် ကျွန်ုပ်တို့ထံသို့ ဆရာဝန် ဖော်ကိုင်ဘက် တစ်ယောက် ရောက်လာခြင်းမှာ မည်သို့သော အကြောင်း ကြောင့်ပေနည်းဟု စဉ်းစားရင်း ရှားလော့ဟုမ်း နောက်မှ နေ၍ အခန်းထဲသို့ လိုက်လာခဲ့လေ၏။

ကျွန်ုပ်တို့ ဝင်လာသည့် အခါတွင် အသားအရေ ခပ်ဖျော့ဖျော့၊ မျက်နှာ ယ်သွယ်၊ ဝါကျင့်ကျင့် နှုတ်ခမ်းမွေးတို့ ရှိသည့် လူတစ်ယောက်သည် မီးလင်း အနီးရှိ ကုလားထိုင် တစ်လုံးတွင် ထိုင်နေရာမှ မတ်တတ် ရပ်လိုက်လေ၏။ သူ၏ အသက်မှာ သုံးဆယ့်သုံး လေး နှစ်ထက် မကြီးသော်လည်း ချုံးကျ ောက်ပက်လျက် ရှိသော မျက်နှာနှင့် ဖျော့တော့သော အသားအရေတို့ကြောင့် အား ဆုတ်ယုတ်စေ၍ နုနယ် ပျိုရွယ်မှုကို ပျက်စီးစေသည့် ဘဝ တစ်ခုကို တ်သန်းလာရကြောင်း သိသာနိုင်ပေ၏။ သူ့ အမူအရာမှာလည်း ရှက်ကြောက် ပြဲ့ဟန် ပေါက်လျက် ရှိ၍ အဘိုးကြီး တစ်ဦးပုံ ပေါက်လျက် ရှိပြီး မတ်တတ် ရပ်လိုက်တွင် နာရီစင်ပေါ်သို့ လှမ်းကိုင်လိုက်သည့် သေးသွယ် ဖြူဖွေးသ . လက်ချောင်းများမှာလည်း ဆရာဝန် တစ်ယောက်၏ လက်နှင့် မတူဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာ တစ်ယောက်၏ လက်နှင့် တူနေလေ၏။ အဝတ်အစားမှာ သပ်ယ ရပ်ရပ်၊ ဣန္ဒြေရရ ဖြစ်ပြီး အနက်ရောင် ဖရော့ ကုတ်၊ အနက်ရောင် ဘောင်း နှင့် လည်စည်း အရောင် ခပ်မှိုင်းမှိုင်းကို ဝတ်ဆင်ထားလေ၏။

ရှားလော့ဟုမ်းက ရွှင်လန်းစွာဖြင့်

'မင်္ဂလာညပါ ဒေါက်တာ၊ ရောက်တာ မကြာသေးဘူး မဟုတ်လား ခဏ တစ်ဖြုတ်လောက် စောင့်လိုက်ရတဲ့ အတွက် ဘယ်လိုမှတော့ စိတ်မရှိ ဘူးနော်' ဟု ပြောလေ၏။

'သြော်၊ ကျွန်တော့် ရထားသမားက ပြောလိုက်ပြီကိုး'

'မဟုတ်ဘူးဗျ၊ ခင်ဗျား ဘေးစားပွဲပေါ်မှာ ထွန်းထားတဲ့ ဖယောင်းတိုင် က ပြောတာ၊ ကဲ ထိုင်ပါဦးလေ၊ ကျုပ်တို့ ဘယ်လိုများ ကူညီနိုင်မလဲ ဆိုတာ သိပါရစေ'

'ကျွန်တော့် နာမည်က ဒေါက်တာ ပါစီ ထရီဗီလျံပါ၊ အမှတ် ၄ ဘရွတ်လမ်းမှာ နေပါတယ်'

'မထင်ရှားသော အာရုံကြော ရောဂါများနှင့် ပတ်သက်တဲ့ စာတမ်း တစ်စောင်ကို ရေးတာ ခင်ဗျားပဲ မဟုတ်လား' ဟု ကျွန်ုပ်က မေးလိုက်၏။

သူ ရေးသည့် စာတမ်းကို ကျွန်ုပ် သိကြောင်း ကြားလိုက်ရသည့် အတွက် ထိုလူ၏ ဖျော့တော့သော မျက်နှာတွင် သွေးရောင် လျှမ်းသွားလေ၏။

'ဟုတ်ကဲ့၊ ကျွန်တော့် စာတမ်း အကြောင်းကို ပြောသံဆိုသံ ဆိုလို့ တစ်ခါပဲ ကြားဖူးပါသေးတယ်၊ ကျွန်တော့် စာအုပ်ကို ထုတ်ဝေသူများဆီက ကြားရတာကတော့ စိတ်ပျက်စရာပဲ ခင်ဗျ၊ မိတ်ဆွေကြီးကလည်း ဆရာဝန် ထင်ပါရဲ့နော်'

'အငြိမ်းစား စစ်တပ် ဆရာဝန် ဆိုပါတော့ဗျာ'

'ကျွန်တော်က အာရုံကြော ရောဂါတွေကို ပိုပြီး စိတ်ဝင်စားပါတယ် ခင်ဗျာ၊ စိတ်ကူးတာကတော့ အာရုံကြောဘက်မှာ အထူးကု ဖြစ်နိုင်အောင် ကြိုးစားတာပါပဲ၊ ဒါပေမဲ့ လူဆိုတာ ကြံတိုင်းလည်း မဖြစ်တော့ ဖြစ်သလို လုပ်ရတာတွေ ရှိတာပေါ့လေ၊ ထားပါ ခင်ဗျာ၊ ဒါတွေက စကား ကြုံလို့ ပြော တာပါ၊ ကိစ္စက တစ်ခုပါ၊ စုံထောက်ကြီးရဲ့ အချိန်တွေဟာ ဘယ်လောက် အဖိုး တန်တယ် ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ကိစ္စကတော့ ခုတစ်လော ဘရွတ်လမ်းမှာ ရှိတဲ့ ကျွန်တော့် အိမ်မှာ တော်တော်လေး ထူးဆန်းတဲ့ အဖြစ် အပျက်တွေ ပေါ်ပေါက်နေလို့ပါ၊ ဒီနေ့ညတော့ အခြေအနေက တော်တော်လေး





ာတာနှင့် နောက် တစ်နာရီလောက် ဆိုရင် ခက်ရချည်ရဲ့ ဆိုပြီး စုံထောက် ကို လာပြီး အကြံဉာဏ် တောင်းတာပါ၊ အကူအညီများလည်း လိုချင် တယ်'

ရှားလော့ဟုမ်းက ထိုင်လိုက်ပြီးလျှင် ဆေးတံကို မီးညှိနေလေ၏။

'အကြံရော အကူအညီရော နှစ်ခုစလုံး ရပါတယ် ခင်ဗျာ၊ ကဲ ခင်ဗျား ဒီလောက်တောင် ဒုက္ခပေးနေတာဟာ ဘာလဲ ဆိုတာ ဆိုစမ်းပါဦး'

'တစ်ခု နှစ်ခုလောက်ကတော့ တကယ့် အသေးအဖွဲ ကလေးတွေပါ ပြောရမှာတောင် နည်းနည်း ရှက်စရာ ကောင်းပါတယ်၊ ဒါပေမဲ့ ပြဿနာ တော့ တော်တော်လေး ရှုပ်ထွေးပါတယ်၊ ဒီနောက် ဖြစ်လာတဲ့ ပြဿနာက တော်တော်လေးကို ကြီးကျယ်တဲ့ အတွက် စုံထောက်ကြီးကို တင်ပြပါ ခင်ဗျာ၊ ဘယ်သင်းက အရေးကြီးသလဲ ဆိုတာတော့ စုံထောက်ကြီး ကိုယ် သာ ဆုံးဖြတ်ပါ။

'ပြောရမယ် ဆိုရင်တော့ ကျွန်တော် ကောလိပ် ကျောင်း ရောက်တဲ့ က စပြီး ပြောရလိမ့်မယ် ထင်တယ်၊ ကျွန်တော်က လန်ဒန် တက္ကသိုလ်က လာတာပါ၊ ကျောင်းမှာ ကျွန်တော်က စာတော်လေတော့ ပါမောက္ခများ တိုင်က ကျွန်တော့်ကို အားရကြပါတယ်၊ ဒီလို ပြောလိုက်လို့ ကျွန်တော့် ကျွန်တော် ကိုယ်ရည်သွေး နေတယ်လို့တော့ မထင်စေချင်ဘူး ခင်ဗျား ကျောင်းက ထွက်လို့ ဘွဲ့ရပြီးတဲ့ အခါကျတော့ ကင်း ကောလိပ် ဆေးရုံမှာ ဆရာဝန် ပေါက်စကလေး ဘဝနှင့် သုတေသန လုပ်ငန်းတွေကို ဆက်လုပ်ခဲ့ပါ တယ်၊ ကံကောင်းတယ်လို့ ဆိုရမလား မသိဘူး ခင်ဗျ၊ ဝက်ရူးပြန်ပြီး တက်တဲ့ ရောဂါနှင့် ပတ်သက်လို့ ကျွန်တော် သုတေသန လုပ်တဲ့ အခါကျတော့ တော် တော်လေး အောင်မြင်တဲ့ အတွက် အားလုံးက ကျွန်တော့်ကို အသိအမှတ် ပြုလာ ပြီး ဘရစ် ပင်ကာတန် ဆုကြီးကို ရရှိခဲ့တယ် ခင်ဗျ၊ ခုတွင်က ဒေါက်တာ သွားတဲ့ အာရုံကြော ရောဂါနှင့် ပတ်သက်တဲ့ စာတမ်း အတွက်လည်း ရွှေ ဆိပ် တစ်ခု ရခဲ့ပါတယ်၊ ကျွန်တော်ဟာ နာမည်ကျော်တဲ့ ဆရာဝန်ကြီး တစ် ယောက် ဖြစ်လိမ့်မယ်လို့ အများကပဲ ထင်နေကြတယ်၊ ဒါ ကျွန်တော် ကြွားချင် ပြောတာ မဟုတ်ပါဘူး ခင်ဗျာ၊ စပ်မိလို့ ပြောတာပါ။

'ဒါပေမဲ့ ကျွန်တော့်မှာ အခက်အခဲ တစ်ခု ရှိနေတယ် ခင်ဗျ၊ အဲဒါက တော့ ငွေရေးကြေးရေးပဲ၊ ကျွန်တော့်မှာ ဆေးတိုက် ဖွင့်ရအောင် ငွေရင်းငွေနှီး ဘူး ခင်ဗျ၊ စုံထောက်ကြီးတို့လည်း သိသားပဲ၊ ရည်ရွယ်ချက် ကြီးကြီးမားမား



www.burmeseclassic.com

www.burmeseclassic.com



နှင့် အထူးကု ဆရာဝန်ကြီး တစ်ယောက် လုပ်တော့မယ်လို့ ဆိုရင် ကာဗင်း
ပန်းခြံ ရပ်ကွက်ထဲက လမ်းတစ်ဒါဇင်လောက် အနက် တစ်လမ်းလမ်းမှာ
တိုက်ကလေး ဖွင့်နိုင်မှ ဟန်ကျတာကလား ခင်ဗျ၊ အဲဒီ လမ်းနားက ဆေးတို
တွေကို ငှားဖို့ ဆိုတာကလည်း တော်တော့် ပိုက်ဆံနှင့် သိပ် တတ်နိုင်တ
မဟုတ်ဘဲ၊ အခန်းခ ပေးရဦးမယ်၊ ပြီးတော့ ဆေးခန်းကို ပြင်ဆင်ရဦးမယ်
တော့ နည်းတဲ့ စရိတ် မဟုတ်ဘူး၊ ဒီလို ကြိုတင် ကုန်ကျရမယ့် ငွေ
အပြင် နာမည် မကြီးခင် ဟန်ကျပန်ကျနှင့် လူ အထင်ကြီးအောင် နေဖို့ ရ
ကောင်းကောင်း တစ်စီး ရှိရဦးမယ်၊ မြင်း ကောင်းကောင်း တစ်ကောင်
မယ်၊ ဒါတွေကို ကျွန်တော် ဘယ်တတ်နိုင်ပါ့မလဲ ခင်ဗျာ၊ ဒီတော့ ဆယ်
လောက် ချွေချွေတာတာနှင့် ရသမျှကလေးကို စုလိုက်ရင်တော့ အဲဒီ လမ်း
မှာ ဆရာဝန် ဆိုင်းဘုတ်ကလေး တစ်ခုတော့ သားသားနားနား ချိတ်နိုင်လိမ့်
လို့ပဲ မျှော်လင့်ရတော့တာပေါ့၊ ဒီတုန်းမှာ ကျွန်တော့် အဖို့ လမ်းသစ် တစ်
ပွင့်သလို ဖြစ်သွားတဲ့ အဖြစ်အပျက် တစ်ခု မမျှော်လင့်ဘဲ ဖြစ်လာတယ် ခင်

'အဲဒါကတော့ ကျွန်တော့်ဆီကို ဘလက်ဇင်တန် ဆိုတဲ့ လူတစ်ယော
ပေါက်လာရာက ဖြစ်တာပဲ၊ သူက ကျွန်တော်နှင့် တစ်ခါမှလည်း မသိဖူး
ခင်ဗျ၊ တစ်မနက်ကျတော့ ဒီလူ ကျွန်တော့် အခန်းထဲ ရောက်လာပြီး ဆိုင်းမ
ဖုံမဆင့်နှင့် အလုပ် ကိစ္စကို တန်းပြောပါတယ်။

' ''ခင်ဗျားဟာ မကြာခင်က ရွှေတံဆိပ်ဆု ရတဲ့ နာမည်ကျော်
ဝန်ကြီး ဒေါက်တာ ပါစီ ထရီဗီလျံနော်'' လို့ မေးတယ် ခင်ဗျ၊ ကျွန်တော်
လည်း ခေါင်းညွှတ်ပြီး နှုတ်ဆက်လိုက်တယ်။

' ''ဒီလိုဆို ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း တစ်ခုလောက် ပြော
ပါဗျာ၊ ဒီကိစ္စမှာ ဒေါက်တာရဲ့ အကျိုး စီးပွားလည်း ပါပါတယ်၊ ဒေါက်တာ
အောင်မြင်တဲ့ လူတစ်ယောက် ဖြစ်အောင် လုပ်နိုင်တဲ့ အရည်အချင်းတွေ ရှိတ
ဆိုတော့ ပါရမီခံကိုက တော်တော် ကောင်းလို့ နေမှာပဲနော်''တဲ့။

'သူ မေးလိုက်တာက တုံးတိကြီး ဆိုတော့ ကျွန်တော်လည်း သူ
ကို သဘောကျပြီး ပြုံးလိုက်မိတယ် ခင်ဗျ။

' ''အင်း၊ အထိုက်အလျောက်တော့ ရှိလို့ နေမှာပေါ့ ခင်ဗျာ''

' ''ပြီးတော့ကော အပျော်အပါးတို့ ဘာတို့ကော ရှိသလား ခင်ဗျာ
ဥပမာ အရက် သောက်တာတို့ ဘာတို့လိုပေါ့''

' ''မရှိပါဘူး ခင်ဗျာ''





' ''ဟန်ကျလိုက်လေဗျာ၊ ဒါပေမဲ့ တစ်ခုတော့ မေးချင်သေးတယ်ဗျ၊ ဒီ
ရည်အချင်းတွေ ရှိပါလျက်နှင့် ဘာဖြစ်လို့ ဆေးတိုက် မဖွင့်သေးတာလဲ''

'ကျွန်တော်က ပခုံးကို တွန့်လိုက်မိတယ် ခင်ဗျ၊ ဒီတော့
က ထုံးစံအတိုင်း ပျာယာ ပျာယာနှင့်

' ''ဟုတ်ပြီ ခင်ဗျ၊ ဟုတ်ပြီ၊ ကျွန်တော်
အတိုင်းပါပဲ၊ ငွေကို တန်ဖိုး
ာကို တန်ဖိုးထားတဲ့ လူ
မျိုးနှင့် လာတွေ့နေရ
အကယ်၍များ ဘာရွှတ်
မ်း မှာ ဒေါက်တာ့
တွက် ဆေးခန်း တစ်
း ဖွင့်ပေးမယ် ဆိုရင်
ယ့်နယ်လဲ''

'ကျွန်တော်က
ကို တအံ့တဩနှင့်
ကြည့်လိုက်မိတယ် ခင်



' ''အို အို၊ ဒါ
ဒေါက်တာ့ အတွက်
ည်း မဟုတ်ပါဘူးလေ၊
တော့် အကျိုးစီးပွားပါ

'ကျွန်တော်က သူ့ကို
တအံ့တဩနှင့် ကြည့်လိုက်မိတယ် ခင်ဗျ'

တယ်၊ ရှင်းရှင်း ပြောရရင်တော့ ဒီလို ဖွင့်နိုင်ရင် ကျွန်တော့် အတွက်လည်း
ကောင်း ဒေါက်တာ့ အတွက်လည်း ကောင်းမှာပဲ ခင်ဗျ၊ ကျွန်တော့်မှာ ငွေက
း နည်းနည်းပါးပါး ရှိတယ်၊ ဒီတော့ အရင်း မြှုပ်ချင်း မြှုပ်ရင် ဒေါက်တာရဲ့
ပ်ငန်းထဲမှာ မြှုပ်ထားချင်တယ်''

' ''နေစမ်းပါဦး ခင်ဗျာ၊ ဘာဖြစ်လို့လဲ'

' ''ဒါလည်း စီးပွားရေး လုပ်ငန်း တစ်ခုပဲ မဟုတ်လား ဒေါက်တာရဲ့၊
တော့ သေချာတဲ့ စီးပွားရေး လုပ်ငန်း''

' ''ဒါဖြင့် ကျွန်တော်က ဘာလုပ်ရမှာလဲ''

' ''ကျွန်တော် ပြောပြမယ်လေ၊ ဒီနားက လမ်းတစ်လမ်းမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အခန်း တစ်ခု ငှားမယ်၊ အခန်းကို ပြင်ဆင် မွမ်းမံမယ်၊ ကျွန်တော်က အုပ်ချုပ်မယ်၊ ဒေါက်တာက ဆေးခန်း ဖွင့်ပြီး လူနာ ကြည့်ပေးရုံပဲ၊ ဒေါက်တာ့ကို ကျွန်တော်က ဉာဏ် ပူဇော်ခ ပေးမယ်၊ ပြီးတော့ ကျန်တဲ့ လိုတာကလေးတွေ ရှိလည်း ကျွန်တော်ကပဲ တာဝန်ယူမယ်၊ ဒေါက်တာ လေးပုံ တစ်ပုံ ယူ၊ ကျွန်တော်က လေးပုံ သုံးပုံ ယူမယ်''

'သူ့ ကမ်းလှမ်းချက်က နည်းနည်းတော့ ထူးဆန်းတယ် စုံထောက်ကြီး၊ ကျွန်တော်နှင့် သူ ဘယ်လို စျေးဆစ်ပြီး ဘယ်လို စျေးတည့်သွားကြတယ် ဆိုတာတွေကိုတော့ ကျွန်တော် မပြောတော့ပါဘူးလေ၊ နောက်ဆုံးကျတော့ ကျွန်တော်လည်း သူ့ ကမ်းလှမ်းချက်ကို လက်ခံ၊ သူ ပြောတဲ့ အခန်းကို ပြောင်းလာပြီး ဆေးတိုက် ဖွင့်ပါတယ်၊ သူကတော့ ကျွန်တော့်ဆီကို လာပြီး ဆေးကုနေတဲ့ လူနာ တစ်ယောက် အနေနှင့် လိုက်နေပါတယ်၊ ကျွန်တော့် အထင်တော့ သူ့နှလုံးက အားနည်းလေတော့ အနားမှာ ဆရာဝန် တစ်ယောက် အမြဲ ရှိလိုတယ်လို့ ထင်ဟန် တူပါရဲ့၊ ကျွန်တော်တို့ ပြောင်းလာတဲ့ အခါကျတော့ အကောင်းဆုံး အခန်း နှစ်ခန်းကို ဧည့်ခန်းနှင့် သူ အိပ်တဲ့ အိပ်ခန်း အဖြစ် ပြောင်းပစ်လိုက်တယ်၊ လူက နည်းနည်းတော့ ခပ်ဆန်းဆန်း ခင်ဗျ၊ အပေါင်းအသင်းတို့ ဘာတို့ကိုလည်း ရှောင်တယ်၊ အပြင်ကိုလည်း သိပ်မထွက်လှဘူး၊ နေတာ ထိုင်တာကတော့ ဖြစ်သလို နေတာပဲ၊ စားချိန် သောက်ချိန်ကလည်း သိပ်မှန်လှတာ မဟုတ်ဘူး၊ အဲ သူ မှန်တာ တစ်ခုတော့ ရှိရဲ့၊ ညနေတိုင်း အချိန်ရောက်လာလို့ ရှိရင် ဆရာဝန်ရဲ့ ဆေးခန်းထဲ ဆင်းလာပြီး စာရင်းတွေကို စစ်တယ်၊ တစ်ဂီနီ ရတိုင်း ကျွန်တော့် အတွက် ရသင့်တဲ့ လေးပုံ တစ်ပုံ ဖြစ်တဲ့ ငါးသျှီလင် သုံးပဲနိကျနှင့် တွက်ချန်ပစ်ခဲ့ပြီး ကျန်တဲ့ ပိုက်ဆံကိုတော့ ယူသွားပြီး သူ့ အခန်းထဲက မီးခံသေတ္တာထဲကို ထည့်လိုက်တာပဲ။

'ကျွန်တော် ပြောရဲပါတယ်၊ ကျွန်တော်နှင့် သူ အလုပ် လုပ်ရတဲ့ အတွက် သူ့မှာ အများကြီးကို အကျိုး ရှိသွားပါတယ်၊ ဆေးတိုက် စဖွင့်တယ် ဆိုကတည်းက အောင်မြင်လိုက်တာ စုံထောက်ကြီးရယ်၊ ကျွန်တော်က ဆေးရုံတုန်းကလည်း နာမည်ကလေး ရှိခဲ့ပြန်၊ ပြီးတော့ ကုပေးလိုက်တဲ့ ကုသမှုတွေကလည်း အောင်မြင်လေတော့ တော်တော်လေး နာမည် ထွက်လာပြီး လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ် အတွင်းမှာတွင် သူလည်း သူဌေး ဖြစ်သွားတာပါပဲ။

'ဒါကတော့ ကျွန်တော့် အတိတ် ရာဇဝင်နှင့် ကျွန်တော်တို့ နှစ်ယောက် ဘယ်လို ဘယ်ပုံ အဆက်အသွယ် ရှိခဲ့ကြတယ် ဆိုတဲ့ နောက်ကြောင်းကလေးပါ ခင်ဗျ။





...သား၊ ဒီတော့ ဒီည ကျွန်တော် ဒီကို ရောက်လာရတဲ့ အကြောင်းကို ပြောပါ့မယ်။

'လွန်ခဲ့တဲ့ သီတင်း နှစ်ပတ် သုံးပတ်လောက်က မစ္စတာ ဘလက်ဖင်တန် ... ကျွန်တော့် အခန်းကို ဆင်းလာတယ် ခင်ဗျ၊ သူ့ ကြည့်ရတာ တော်တော် ...တ် လှုပ်ရှားနေတဲ့ ပုံပဲ၊ ကျွန်တော့်ကို ဘာပြောသလဲ ဆိုတော့ ဝက်စ်အင်း ရပ်ကွက်မှာ ဖောက်ထွင်းမှုတွေ ဖြစ်နေတဲ့ အကြောင်း ပြောပြီး မဆီမဆိုင် ...နေပုံရတယ်၊ ပြီးတော့ ကျွန်တော့် အခန်းက တံခါးတွေ၊ ပြတင်းပေါက်တွေ ...လည်း ပိုပြီး လုံခြုံအောင် မင်းတုပ်တွေ ထပ် တပ်ရဦးမယ်လို့ ပြောတယ်၊ ...ပတ်လုံးလုံး သူ့ကို ကြည့်ရတာ နည်းနည်းလေးမှ ဂနာမငြိမ်ဘဲ ပြတင်း...ါက်ကနေပြီး အပြင်ကိုပဲ လှမ်းလှမ်း ကြည့်နေတယ် ခင်ဗျ၊ ခါတိုင်း ညစာ ...ခင် နည်းနည်းပါးပါး လမ်းလျှောက်ထွက်လေ့ ရှိတာတောင် မထွက်တော့ ... သူ့ အမူအရာကို ကြည့်ရတာ တစ်စုံတစ်ရာ ဒါမှမဟုတ် တစ်စုံတစ်ယောက် ...ကြောက်နေတဲ့ ပုံပဲ၊ ကျွန်တော်က ဘာဖြစ်လို့ ဒီလောက် ကြောက်စရာ ရှိ...သလဲ၊ သူ့ဘာသာသူ ဝက်စ်အင်း ရပ်ကွက်မှာ ဖောက်ထွင်းမှုတွေ ဖြစ်တာ ...ကျွန်တော်တို့က အနေသာကြီးပဲ၊ ဘာဖြစ်လို့ ဒီလောက် စိုးရိမ်ရမှာလဲလို့ ပြော...တော့ သူ ရှူးရှူးရှားရှား ဖြစ်တာနှင့် ကျွန်တော်လည်း ဒီအကြောင်းကို ဆက် ...ပြောတော့ဘဲ ရပ်ထားလိုက်ရတယ်၊ ဒီလိုနှင့် အချိန် နည်းနည်း ကြာသွားတဲ့ ...ါကျတော့ သူလည်း စိတ် နည်းနည်း ငြိမ်သွားပုံ ရတယ်၊ ဘာမှ မပြော...တော့ဘူး၊ ခါတိုင်းလို ပုံမှန် ပြန်ဖြစ်သွားတယ်၊ ဒီတုန်းမှာ နောက်ထပ် အဖြစ် ...အချက် တစ်ခု ဖြစ်တဲ့ အခါကျတော့ မစ္စတာ ဘလက်ဖင်တန်ဟာ အခြေအနေ ...ကော်တော် ဆိုးသွားပြီး အခု အခြေအနေကို ရောက်သွားတော့တာပဲ ခင်ဗျာ။

'ဖြစ်ပုံကတော့ ဒီလို ခင်ဗျ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကျွန်တော့် ...ကို စာ တစ်စောင် ရောက်လာတယ်၊ စာကို ကျွန်တော် ဖတ်ပြပါ့မယ်၊ စာမှာ ...လိပ်စာလည်း မပါဘူး၊ နေ့စွဲလည်း မပါဘူး ခင်ဗျ။

''ယခု အင်္ဂလန်ပြည်တွင် နေထိုင်လျက် ရှိသည့် ရုရှား မှူးမတ် ...ဦးက ဒေါက်တာ ပါစီ ထရီဗီလျံ၏ ဆေးဝါး ကုသမှုကို ရလိုပါသည်၊ ...ပုဂ္ဂိုလ်မှာ ဒေါက်တာ ထရီဗီလျံ ကျွမ်းကျင်သည့် ဝက်ရူးပြန် ရောဂါ စွဲကပ် ...သူ ဖြစ်ပါသည်၊ ဒေါက်တာ ထရီဗီလျံ ဆေးခန်းတွင် ရှိပါက မနက်ဖြန် ညနေ ...ရက် နာရီ ဆယ့်ငါး မိနစ်တွင် လာရောက် ပြသလိုပါသည်'' လို့ ပါတယ် ...ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီစာကို ကျွန်တော်လည်း တော်တော် စိတ်ဝင်စားသွားပါတယ်၊ ဘာ
ဖြစ်လို့လဲ ဆိုတော့ ကျွန်တော့် အဖို့မှာ ဒီရောဂါကို လေ့လာချင်ပေမဲ့ ရော
စွဲကပ်တဲ့ လူနာက အလွန် ရှားလို့ပါ၊ ဒါနဲ့ ကျွန်တော်လည်း သူ ချိန်းထား
အတိုင်း ခြောက်နာရီ ဆယ့်ငါးမိနစ်ကျတော့ ဆေးခန်းထဲမှာ ထိုင်စောင့်နေ
ခဏ ကြာတော့ ကျွန်တော့် ဆေးခန်းစောင့် သူငယ်ကလေးက လူနာ တစ်ယော
ကို သွင်းလာပါတယ်။

'လူနာက တော်တော်လေး အသက် ကြီးပါပြီ၊ ပိန်ပိန်ပါးပါး ဘော
နည်းနည်းနဲ့ သာမန် လူတစ်ယောက်ပါပဲ၊ ဘယ်လိုဖြစ်ဖြစ် ကြည့်လိုက်တာ
ရုရှား မှူးမတ် တစ်ဦးရဲ့ ပုံစံ အတိုင်းပါပဲ၊ သူနဲ့ ပါလာတဲ့ အဖော်ရဲ့ ရုပ်က
တော်တော် ထူးခြားတယ် ခင်ဗျ၊ လူက လူငယ်၊ အရပ် ထောင်ထောင်မောင်း
နဲ့၊ ချောတာကတော့ တော်တော် ချောတဲ့လူ ခင်ဗျ၊ အသားက ညိုညို၊ မျက်
ထားကလည်း တင်းတင်းရယ် ခင်ဗျ၊ ကိုယ်လုံးကိုယ်ပေါက်လည်း တော်
တောင့်တယ်၊ ကျွန်တော့် ဆေးခန်းထဲကို ဝင်လာတဲ့ အခါကျတော့ လူတစ်ယော
ကို တွဲပြီး ဝင်လာတယ်၊ သူက တွဲလာတဲ့ လူကို ကုလားထိုင်ပေါ်မှာ အသ
အထိုင် ခိုင်းတယ် ခင်ဗျ၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ပါ ခင်ဗျ၊ သ
ရုပ်နဲ့တောင် မလိုက်ဘူး။

' ''ခုလို ဝင်လာရတဲ့ အတွက် ခွင့်လွှတ်ပါ ဒေါက်တာ၊ ဒေ
ကျွန်တော့် အဖေပါ၊ ကျွန်တော့် အဖေရဲ့ ကျန်းမာရေးကို ကြည့်ပေးပါ ခင်
ကျွန်တော့် အတွက် အင်မတန် အရေးကြီးပါတယ်'' လို့ ကျွန်တော့်ကို ပြော
ခင်ဗျ၊ သူ့ အသံက ဝဲနေတာကို သတိပြုလိုက်မိပါတယ်။

'သူ လူကြီး မိဘတွေကို ရိုသေတတ်ပုံကို ကြည့်ပြီး ကျွန်တော်
တော်တော်လေး ကြည်နူးသွားတယ် ခင်ဗျ၊ ကျွန်တော် စစ်ဆေးကြည့်နေတုန်း
သူ ကိုယ်တိုင် စောင့်ကြည့်ချင်သလားလို့ ကျွန်တော်က မေးလိုက်တယ်၊ ဒီအ
သူက အကြောက်ကြောက် အလန့်လန့်နဲ့

' ''ကိစ္စမရှိပါဘူး ဒေါက်တာ၊ ကျွန်တော် မကြည့်ပါရစေနဲ့၊ တ
တုန်း ချက်တုန်းမှာ ကျွန်တော့် အဖေကို မြင်လိုက်ရင် ကျွန်တော်ပါ အသ
ရှည်မှာ မဟုတ်ဘူး၊ ကျွန်တော် ကိုယ်တိုင်ကလည်း အာရုံကြောတွေက သိ
ကောင်းချင်တာ မဟုတ်ဘူး၊ ဒေါက်တာ ကိုယ်တိုင်သာ စိတ်ကြိုက် ကြည့်ပါ
ကျွန်တော် အပြင်ဘက်ခန်းက စောင့်နေပါ့မယ်'' လို့ ပြောတယ် ခင်ဗျ။

'ဒါနဲ့ ကျွန်တော်လည်း သူ ပြောသလို လက်ခံလိုက်တယ်၊ သူလည်း







'သူက တွဲလာတဲ့ လူကို ကုလားထိုင်ပေါ်မှာ
အသာ အထိုင် ခိုင်းတယ် ခင်ဗျ'

အပြင်ဘက်ခန်းကို ထွက်သွားတယ် ခင်ဗျ၊ လူနာနဲ့ ကျွန်တော် နှစ်ယောက်တည်း ကျန်တဲ့အခါကျတော့ ကျွန်တော် သူ့ ရောဂါ ရာဇဝင်ကို မေးစမ်းကြည့်ပါတယ်၊ ကျွန်တော်လည်း သူ ပြောတဲ့ လက္ခဏာချက်တွေကို ရေးမှတ်ထားလိုက်တယ်၊ လူကတော့ ပညာ သိပ် မရှိလှပါဘူး၊ မေးကြည့်လိုက်တော့လည်း သူ ဖြေပုံတွေက ဝိုးတိုးဝါးတားနဲ့၊ ကျွန်တော် ထင်လိုက်တာကတော့ အင်္ဂလိပ်စကားကို ကောင်းကောင်း မကျွမ်းကျင်လို့ဘဲလို့ ထင်လိုက်တာပေါ့၊ ဒါပေမဲ့ ကျွန်တော်က ကျွန်တော် သိချင်တာတွေကို မေးရင်း မှတ်ရင်းနဲ့ တစ်နေရာလောက်လည်း ရောက်ရော ကျွန်တော် မေးတာတွေကို တစ်လုံးမှ မဖြေတော့ဘူး ခင်ဗျ၊ ဒါနဲ့ ကျွန်တော်လည်း ငုံ့မှတ်နေရာက သူ့ကို မော့ကြည့်လိုက်တယ်၊ ကြည့်လိုက်တော့ ကုလားထိုင်ပေါ်မှာ မတ်မတ်ကြီး ထိုင်လို့၊ မျက်နှာကြီးကလည်း အကြော မရှိသလို မလှုပ်မရှားနဲ့ ကျွန်တော့်ကို စိန်းစိန်းကြီး စိုက်ကြည့်နေတယ်၊ ကြည့်ရတာကတော့ ဝက်ရူးပြန်နေတဲ့ ပုံပဲ ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် စောစောက ပြောခဲ့တဲ့ အတိုင်း သူ့ကို မြင်လိုက်ရတဲ့ အခါ ကျတော့ ကျွန်တော် ကြောက်လည်း ကြောက် သနားလည်း သနားသွားတယ် ခင်ဗျ၊ နောက်တော့ ကျွန်တော့် အဖို့ ရှားပါးတဲ့ စမ်းသပ်စရာ တစ်ခု ရပြီ ဆိုပြီး ဆရာဝန် တစ်ယောက် အနေနှင့် ဝမ်းသာသွားတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော် သူ့ကို သွေးစမ်းကြည့်တယ်၊ အပူရှိန် ယူကြည့်တယ်၊ ကြွက်သားတွေရဲ့ တုံ့ပြန် ပုံကို စမ်းသပ်ကြည့်တယ်၊ အာရုံကြောတွေ ကောင်းကောင်း အလုပ် လုပ် မလုပ် စစ်ဆေးကြည့်တယ်၊ အားလုံး ပုံမှန်ပဲ ခင်ဗျ၊ အကောင်း ပကတိပဲ၊ ဒီလို လူနာ ကို စမ်းကြည့်ချင့်ရင် နိုက်ထရစ် အေမီးကို အရှူခိုင်းရင် ချက်ချင်း သိသာနိုင်တဲ့ အတွေ့အကြုံ ကျွန်တော့်မှာ တွေ့ခဲ့ဖူးတယ် ခင်ဗျ၊ ဒါနှင့် အောက်ထပ်က စာတိုက် ခန်းထဲမှာ နိုက်ထရစ် အေမီး ပုလင်း ရှိတာနှင့် ကျွန်တော်လည်း သူ့ကို ကုလား ထိုင်ပေါ်မှာ ဒီအတိုင်း ထားပစ်ခဲ့ပြီး အောက်ထပ်ကို ပြေးဆင်း လာခဲ့တယ်၊ ပုလင်းကို တော်တော်နှင့် ရှာမတွေ့ဘူး၊ ကျွန်တော့် အထင် ငါးမိနစ်လောက်ပဲ ကြာတယ် ထင်တယ်၊ ပုလင်းကို တွေ့တာနှင့် ကျွန်တော်လည်း အပေါ်ထပ်ကို ပြန်တက်လာခဲ့တယ်၊ အပေါ်ထပ်ကို ရောက်တော့ လူနာ မရှိတော့ဘူး စုံထောက် ကြီးရေ။

'ဒါနှင့် ကျွန်တော်လည်း အပြင်ဘက်က လူနာစောင့်ခန်းထဲကို ထွက် လာခဲ့တယ်၊ ဟိုရောက်တော့ သူ့သားကိုလည်း မတွေ့ရတော့ဘူး ခင်ဗျ၊ အပြင် ခန်းကို အသာ စေ့ထားပစ်ခဲ့တယ်၊ ပိတ်တော့ ပိတ်မထားခဲ့ဘူး၊ လူနာတွေကို မှတ်ပုံတင်တဲ့ ကျွန်တော့် စာရေးကလေးကလည်း အသစ်ကလေး ဆိုတော့ သူက လုပ်တာ ကိုင်တာ အသား မကျသေးဘူး ခင်ဗျ၊ ခပ်နှေးနှေးရယ်၊ သူက အောက် ထပ်မှာ နေပြီး ကျွန်တော်က ခေါင်းလောင်း တီးလိုက်တော့မှ လူနာတွေကို အပြင်ဘက်တို့ ဘာတို့ကို ပြန်ပို့ပေးရတယ်၊ သူ့ မေးကြည့်လိုက်တော့ သူက ဘာမှ မသိလိုက်ဘူးတဲ့၊ ဒီလိုနှင့် ကျွန်တော့် အဖို့တော့ ပဟေဠိကြီး တစ်ပုဒ်လို ဖြစ်နေတာပေါ့ ခင်ဗျာ၊ မကြာခင် မစ္စတာ ဘလက်ဇင်တန်လည်း လမ်းလျှောက် က ပြန်လာတယ် ခင်ဗျ၊ ဒါပေမဲ့ ဒီအကြောင်း သူ့ကို ကျွန်တော် ဘာမှ ပြန် မပြောပါဘူး၊ အမှန် ပြောရမယ် ဆိုရင်တော့ နောက်ပိုင်းမှာ သူနှင့် ကျွန်တော် တတ်နိုင်သမျှ အဆက်အဆံ နည်းအောင် နေတယ် ခင်ဗျ။

'ဒါနှင့် သူတို့ကို နောက် တွေ့ရတော့မယ်လို့လည်း မထင်ဘူးပေါ့လေ၊ ကျွန်တော်လည်း မေ့မေ့ပျောက်ပျောက် နေလိုက်တာပေါ့၊ ဒါပေမဲ့ ဒီနေ့ ညနေ ကျတော့ ဟိုတစ်ခါတုန်းကလိုပဲ သူတို့ သားအဖ လာပြန်ပါရော ခင်ဗျာ။





' ''မနေ့ညက ရုတ်တရက် ပြန်သွားတဲ့ အတွက် စိတ်မရှိပါနှင့် ဆရာ ရယ်'' လို့ လူနာက ပြောတယ် ခင်ဗျ။

' ''ဟုတ်တယ်၊ ကျွန်တော်လည်း ဘာများ ဖြစ်သွားသလဲလို့ တအံ့ တသြ ဖြစ်နေတာ'' လို့ ကျွန်တော်က ပြောတယ်။

' ''တခြားကြောင့် မဟုတ်ဘူး ဆရာရေ၊ ကျွန်တော့်မှာ အဲဒီလို ရောဂါ ထက်ပြီးလို့ ပြန်ကျသွားရင် ဘာကိုမှ ကောင်းကောင်း မမှတ်မိတော့ဘူး၊ သတိ သည်း ပြန်ရလာရော၊ ဘယ်ရောက်နေပါလိမ့်မလဲလို့ စိတ်ထဲ ဇဝေဇဝါ ဖြစ်လာ တယ်၊ ဒါနှင့် ကျွန်တော်လည်း ကယောင်ကတမ်းနှင့် လမ်းမကို ရောက်သွားတာ''

' ''ဟုတ်တယ်၊ ကျွန်တော်လည်း အဖေ အခန်းထဲက ထွက်လာတော့ စစ်ဆေး ကုသပြီးပြီလို့ ထင်လိုက်တာပေါ့၊ အိမ်ရောက်တော့မှ အကျိုး အကြောင်း ကို သိရတော့တာ'' လို့ သားက ပြန်ပြောတယ်။

'ဒီတော့ ကျွန်တော်က ရယ်ပြီး ''ကိစ္စမရှိပါဘူးလေ၊ ကျွန်တော့် အတွက် ဘာမှ မထိခိုက်ပါဘူး၊ တက်လာလို့ မတွေ့ရတဲ့ အတွက် ကျွန်တော် စဉ်းစားရ ကျပ်သွားတာ တစ်ခုပါပဲ၊ ကဲ စမ်းသပ်ခန်းထဲ ကြွပါ၊ မနေ့က စစ်စရာ ရှိတာ ကလေးတွေ ဆက်စစ်တာပေါ့''

'အခန်းထဲမှာ သူ့ ရောဂါ လက္ခဏာချက်တွေနှင့် ပတ်သက်လို့ ကျွန်တော် နှင့် အဘိုးကြီးတို့ နာရီဝက်လောက် ဆွေးနွေးကြတယ် ခင်ဗျ၊ ပြီးတော့ သူ့ကို သင့်ရာ ဆေးညွှန်းတွေ ရေးပေးလိုက်တယ်၊ သား က တွဲခေါ်ပြီး အဘိုးကြီးလည်း ပြန်သွားတယ် ခင်ဗျ။



၄၇

'အပေါ်ထပ်က တရုန်းရုန်းနှင့် ပြေးဆင်းလာပြီး ကျွန်တော့် အခန်းထဲကို ဝင်လာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို ငွေရင်းစိုက် ဆေးခန်း ထောင်ပေးတဲ့ မစ္စတာ ဘလက်ဇင်တန်ဟာ ဒီအချိန်ကို ရွေးပြီး လမ်းလျှောက် ထွက်တတ်တယ် ဆိုတာ စုံထောက်ကြီးတို့ကို ကျွန်တော် ပြောပြီးပါပြီ၊ ခဏနေတော့ သူလည်း လမ်းလျှောက်ရာက ပြန်လာပြီး အပေါ်ထပ်ကို တက်သွားတယ် ခင်ဗျ၊ ချက်ချင်းပဲ အပေါ်ထပ်က တဝုန်းဝုန်းနှင့် ပြေးဆင်းလာပြီး ကျွန်တော့် အခန်းထဲကို ဝင်လာတယ်၊ ကျွန်တော်ဖြင့် ရူးများသွားသလားလို့တောင် ထင်လိုက်မိသေးတယ် ခင်ဗျာ။

' ''ဒေါက်တာ ကျွန်တော့် အခန်းထဲကို ဘယ်သူ ဝင်သလဲ''

' ''ဘယ်သူမှ မဝင်ရပါလား''

' ''ခင်ဗျား မလိမ်နှင့်၊ လာကြည့်လှည့်ဦး''

'ကျွန်တော်လည်း သြော် သူ စိတ် လှုပ်ရှားနေလို့ ဒီလို ပြောတာ ဆိုပြီး ဘာမှ ပြန်မပြောလိုက်ပါဘူး၊ သူနှင့် အတူ လှေကား အတိုင်း တက်သွားတဲ့ အခါကျတော့ လှေကား ခင်းထားတဲ့ ကော်ဇောပေါ်က ခြေရာတွေကို ပြတယ် ခင်ဗျ။

' ''ဒါ ဘယ်သူ့ ခြေရာတွေလဲဗျ၊ ကျုပ် ခြေရာတွေလို့ ပြောမလား'' လို့ သူက အော်တယ် ခင်ဗျ။

'ဟုတ်ပါ့ခင်ဗျာ၊ ခြေရာကြီးတွေက အကြီးကြီးတွေ ခင်ဗျ၊ သူ့ ခြေရာ မဟုတ်တာ သေချာတယ်၊ ပြီးတော့ လတ်လတ်ဆတ်ဆတ်ကြီးတွေ၊ အဲဒီနေ့ ညနေက မိုးကလည်း တော်တော် သည်းသည်း ရွာထားတော့ ကျွန်တော့် လူနာမှ အပ အခြား ဘယ်သူမှလည်း မလာဘူး၊ ကြည့်ရတာကတော့ ကျွန်တော်က လူနာနှင့် အလုပ် များနေတုန်းမှာ ရှေ့ အခန်းထဲမှာ စောင့်နေတဲ့ လူက အပေါ်ထပ်ကို တက်သွားတဲ့ လက္ခဏာပဲ၊ ဘာ့ကြောင့် ဆိုတာတော့ မပြောတတ်ဘူး ပေါ့ဗျာ၊ ဘာပစ္စည်းမှတော့ ယူမသွားဘူး ခင်ဗျ၊ ဒါပေမဲ့ ခြေရာတွေကို ထောက်ခြင်းအားဖြင့် အပေါ်ထပ်ကို လူစိမ်း တစ်ယောက်ယောက် တက်သွားတယ် ဆိုတာကတော့ ထင်ရှားတာပေါ့ ခင်ဗျာ။

'ကိုယ့် အိမ်ထဲကို ဘာမသိ ညာမသိ လူစိမ်း တစ်ယောက် ဝင်သွားတာကို တွေ့တော့ သူသူ ကိုယ်ကိုယ် စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်တာပေါ့လေ၊ ဒါပေမဲ့ မစ္စတာ ဘလက်ဇင်တန်ကတော့ သူများထက် ပိုလိမ့်မယ် ထင်တယ် ခင်ဗျ၊ ကုလားထိုင်မှာ ထိုင်ပြီး ချုံးပွဲချ ငိုတော့တာပဲ ခင်ဗျ၊ ကျွန်တော် မေးတော့လည်း ကောင်းကောင်း မဖြေဘူး၊ ခု သူက လွှတ်လိုက်လို့ စုံထောက်ကြီးတို့ဆီကို လာရတာပါပဲ ခင်ဗျာ၊ အဖြစ်အပျက်က ထူးခြားလေတော့ စုံထောက်ကြီးတို့လို ပုဂ္ဂိုလ်နှင့် တိုင်ပင်သင့်တယ် ဆိုတာလည်း ကျွန်တော် သိဘော်ပေါက်ပါတယ် ဒီဘော်လည်း သူကတော့ နည်းနည်း သည်းလွန်းတယ်လို့ ထင်မိတယ် ခင်ဗျ၊ စုံထောက်ကြီးတို့ ကျွန်တော့် ရထားနှင့် လိုက်ကြည့်မယ် ဆိုရင်တော့ သူ့အနေနှင့် အနည်းဆုံး စိတ်သက်သာရာ ရနိုင်တာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော့် အထင်တော့ စုံထောက်ကြီးတို့လည်း သူ့ကိစ္စကို စုံစမ်းဖို့ သိပ်လွယ်မယ် မထင်ပါဘူး'

ရှားလော့ဟုမ်းသည် ရှည်လျားသည့် အဖြစ်အပျက်ကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိလေရာ ၎င်းသည်ကို ကြည့်ခြင်းအားဖြင့် ထိုကိစ္စကို အလွန် အလေးအနက် ထားလျက် ရှိကြောင်း ကျွန်ုပ် အကဲခတ်လိုက်မိလေပြီ။ ရှားလော့ဟုမ်း၏ မျက်နှာမှာ ခါတိုင်းကဲ့သို့ပင် မထုံတက်သေး အမူအရာကို ဆောင်လျက် ရှိ၍ မျက်ခွံများမှာ မျက်လုံးကို ဖုံးလုနီးပါး တွဲကျနေသည့်တိုင် ဆေးတံကို ဆက်တိုက် ဖွာရင်း ဆရာဝန် ပြောပြသည့် အဖြစ်အပျက်များကို စဉ်းစားလျက် ရှိလေ၏။ ဆရာဝန် စကား ဆုံးသည်နှင့် ရှားလော့ဟုမ်းသည် စကား တစ်ခွန်းမျှ မပြောဘဲ ဖြုန်းခနဲ မတ်တတ် ရပ်လိုက်ကာ ကျွန်ုပ်၏ ဦးထုပ်ကို လှမ်းပေးလိုက်ပြီး သူ့ ဦးထုပ်ကိုလည်း စားပွဲပေါ်မှ ကောက်ယူလိုက်လေ၏။ နာရီ တစ်မောင်း အတွင်း၌ ကျွန်ုပ်တို့သည် ဝက်စ်အင်း ရပ်ကွက်ရှိ ဆရာဝန်များ၏ ဆေးခန်းတလေးများ ထုံးစံ အတိုင်း ဆောက်ထားသည့် တိုက်ပုကလေး တစ်လုံး ရှေ့တွင် ရပ်လိုက်ကြလေ၏။ ကျွန်ုပ်တို့အား သူငယ်ကလေး တစ်ယောက်က ဆီးကြိုပြီးနောက် ကျွန်ုပ်တို့သည် ကျယ်ပြန့်၍ ကော်ဇော ခင်းထားသည့် လှေကားကြီး အတိုင်း အပေါ်ထပ်သို့ တက်လာခဲ့ကြလေ၏။

သို့ရာတွင် ထူးဆန်းသည့် အသံ တစ်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့သည် လှေကားပေါ်တွင် ရပ်တန့်နေမိကြလေ၏။ လှေကားထိပ် အခန်းထဲမှ မီးရောင် လက်ခနဲ ပေါ်လာပြီးနောက် အခန်း အကွယ်မှ တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည့် အသံ တစ်ခုကို ကြားလိုက်ရလေ၏။

'ဟေ့ လူတွေ၊ ကျုပ် လက်ထဲမှာ သေနတ် ရှိတယ်နော်၊ ရှေ့တတ် မလာကြနှင့်၊ တက်လာရင်တော့ ပစ်ချလိုက်မှာ'

'ဗျို့ မစ္စတာ ဘလက်ဇင်တန်၊ အရမ်း မလုပ်နှင့်လေ' ဟု ဒေါက်တာ ထရီဗီလျံက အော်လိုက်၏။

ထိုအခါကျမှ မစ္စတာ ဘလက်ဇင်တန်သည် စိတ်ချသွားဟန်ဖြင့်

'သြော် ဒေါက်တာတို့လား၊ တခြားလူတွေကကော ကျုပ် ပြောတဲ့ လူတွေ ဟုတ်ရဲ့လား'





www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှ နေ၍ ကျွန်ုပ်တို့အား စူးစမ်းနေဟန် ရှိလေ၏။

'အင်း၊ ဟုတ်ပြီ၊ ဒီလိုဆို လာနိုင်ပြီ၊ ကြိုကြိုတင်တင် ကာကွယ်ရေး အတွက် စိတ်မရှိကြနှင့်ဗျာ'

ထိုလူသည် စကား ပြောရင်း လှေကားတွင် ထားသည့် ဓာတ်ငွေ့ မီးတိုင်ကို ထွန်းလိုက်လေ၏။ ထိုလူမှာ ရုပ်လက္ခဏာ ထူးခြားသည့် လူ တစ် ယောက်ဖြစ်ပြီး ရုပ်နှင့် အသံကို ထောက်ခြင်းအားဖြင့် အာရုံကြောရောဂါ တစ်မျိုး တစ်ရာကို ခံစား နေရသူမှန်း သိသာနိုင်လေ၏။ အလွန် ဝလျက် ရှိသည့်တိုင် ပါးကြီးများမှာ အမဲလိုက် ခွေးတစ်ကောင်၏ ပါးစောင်ကြီးများ သဖွယ် တွဲကျ လျက် ရှိခြင်းကြောင့် တစ်ခါကမူ ထိုထက်ပင် ဝလိမ့်ဦးမည်ဟု ထင်ရလေ၏။



လက်ထဲတွင် ပစ္စတို သေနတ် တစ်လက်ကို ကိုင်ထားသည်။

ထိုလူ၏ အသားအရောင်မှာ မကျန်းမမာသော လူတစ်ယောက်၏ အသားအရောင် ဖြစ်ပြီး ကျိုးတိုးကျဲတဲ ဖြစ်လျက် ရှိသော ဝါကြန့်ကြန့် ဆံပင်များမှာလည်း စိတ် လှုပ်ရှားလျက် ရှိခြင်းကြောင့် ထောင်နေသည်ဟု ထင်ရပေ၏။ ထိုလူ၏ လက်ထဲ တွင် ပစ္စတို သေနတ် တစ်လက်ကို ကိုင်ထားပြီး ကျွန်ုပ်တို့ ရှေ့သို့ တက်လာ သည့် အခါတွင် သေနတ်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်လေ၏။

'မင်္ဂလာ ညပါ မစ္စတာ ဟုမ်း၊ စုံထောက်ကြီးတို့ လိုက်လာတဲ့ အတွက် သိပ်ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့် အတွက်တော့ စုံထောက်ကြီးရဲ့



အကြံဉာဏ်ဟာ အလွန်ကို လိုအပ်ပါတယ်၊ ကျွန်တော့် အခန်းကို လူစိမ်း ဝင် သွားတာကိုတော့ ဒေါက်တာကလည်း ပြောပြီးလောက်ပြီ ထင်ပါရဲ့'

ရှားလော့ဟုမ်းက

'ဟုတ်ကဲ့၊ ပြောပြီးပါပြီ၊ ဒီလူနှစ်ယောက်ဟာ ဘယ်သူတွေလဲ၊ ဘာဖြစ် လို့ ခင်ဗျားကို အနှောင့်အယှက် ပေးရတာလဲ'

ထိုလူက တုန်တုန်ယင်ယင်ဖြင့်

'အင်း၊ အင်း၊ ပြောဖို့တော့ နည်းနည်း ခက်တယ်ဗျာ၊ ကျွန်တော့်ဆီက အဖြေ ရဖို့တော့ သိပ် မလွယ်ဘူး ထင်တယ် စုံထောက်ကြီးရေ'

'ဘာဖြစ်လို့လဲဗျ၊ မသိလို့လား'

'တစ်ဆိတ် အထဲ ကြွပါဦး ခင်ဗျာ၊ အထဲကို ဝင်ပါ'

ထိုလူသည် သူ့ အိပ်ခန်းထဲသို့ ကျွန်ုပ်တို့ကို ခေါ်သွားလေ၏။ သူ့ အိပ် ခန်းမှာ အတန်ငယ် ကျယ်ဝန်းပြီး ကောင်းမွန်စွာ ပြင်ဆင် ခင်းကျင်းထား၏။ အခန်းထဲသို့ ရောက်လျှင် ခုတင် ခြေရင်းတွင် ရှိသည့် အနက်ရောင် သေတ္တာ ကြီး တစ်လုံးကို ညွှန်ပြကာ

'ဟောဒီ သေတ္တာကို ကြည့်ပါ ခင်ဗျာ၊ ကျွန်တော်ဟာ သိပ်ပြီး ချမ်းသာ တဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ကျွန်တော့် တစ်သက်မှာ အရင်းအနှီး နှင့် လုပ်ရတဲ့ အလုပ်အကိုင်ရယ်လို့လည်း မရှိပါဘူး၊ ဒေါက်တာနှင့် ဆေးတိုက် နှင့်တဲ့ လုပ်ငန်း တစ်ခုပဲ လုပ်ဖူးပါသေးတယ်၊ ဒါပေမဲ့ ကျွန်တော်က ဘဏ်တိုက် တွေ ဘာတွေကို မယုံဘူး ခင်ဗျ၊ အို ဒီကောင်တွေကို ဘယ်တော့မှ မယုံဘူး ခင်ဗျာ၊ ကျွန်တော်တို့ အချင်းချင်းမို့ ပြောရဦးမယ်၊ ကျွန်တော့်မှာ ရှိတာကလေး တွေကို ဟောဒီ သေတ္တာထဲမှာပဲ သိမ်းထားတာပဲ၊ ဒီတော့ ကျွန်တော့် အခန်းထဲ ကို လူစိမ်း သူစိမ်းတွေ ဝင်သွားတယ် ဆိုတော့ ကျွန်တော့် အနေနှင့် ဘယ်လို ဖြစ်မလဲ ဆိုတာ စုံထောက်ကြီးတို့ပဲ စဉ်းစားကြည့်တော့ပေါ့ ခင်ဗျာ'

ရှားလော့ဟုမ်းသည် ဘလက်ဖင်တန်အား သူ၏ ထုံးစံ အတိုင်း စူးစမ်း သည့် အကြည့်ဖြင့် တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက် ခေါင်းကို ယမ်းလျက် နေလေ၏။

'ကျုပ်တို့ကို အမှန်အတိုင်း မပြောဘဲ လိမ်ပြောနေရင် ကျုပ်က ဘယ့် နှယ် လုပ်ပြီး အကြံပေးလို့ ရမှာလဲ' ဟု ပြောလေ၏။

'ဒါ ကျွန်တော် သိသလောက် အကုန် ပြောတာပါပဲ'

ရှားလော့ဟုမ်းသည် စက်ဆုပ် ရွံရှာသည့် အမူအရာဖြင့် ချာခနဲ လှည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် 'ကဲ ဂွတ်နိုက် ဒေါက်တာ ထရီဗီလျံ' ဟု ပြောလေ၏။ မစ္စတာ ဘလက်ဇင်တန်က ငိုသံပါကြီးဖြင့်

'ဒါဖြင့် ကျွန်တော့် ကိစ္စကို ဘာမှ အကြံ မပေးတော့ဘူးပေါ့'

'ကျုပ် ပေးချင်တဲ့ အကြံကတော့ အမှန်အတိုင်း ပြောဖို့ပဲဗျ'

တစ်မိနစ် အကြာ၌ ကျွန်ုပ်တို့သည် လမ်းမပေါ်သို့ ရောက်လာခဲ့ကြ အိမ်သို့ လမ်းလျှောက် ပြန်ခဲ့ကြလေ၏။ ကျွန်ုပ်တို့သည် အောက်စဖို့ လမ်း ဖြတ်လာခဲ့ကြပြီး ဟာလေလမ်းထဲသို့ တစ်ဝက်လောက် အရောက်တွင် ရှားလော့ ဟုမ်းက

'ကန်တော့ပါ၊ သောက်ရူးက ခေါ်တာကို အဟုတ်မှတ်ပြီး ခင်ဗျားကို ခေါ်လာမိတဲ့ အတွက် ဆောရီးဗျာ၊ သို့သော်လည်းပဲ နောက်ကွယ်မှာ တော်တော် စိတ်ဝင်စားစရာ အချက်တွေ ရှိတဲ့ အမှုဗျ'

'ကျွန်တော်ဖြင့် စဉ်းစားလို့ သိပ် မမိဘူးဗျ'

'အင်း၊ ဒီအမှုထဲမှာ လူနှစ်ယောက်တော့ ပါရမယ်ဗျ။ ဒီထက် ပိုချင်လည်း ပိုမယ်၊ သို့သော်လည်း အနည်းဆုံးကတော့ လူနှစ်ယောက် ရှိရမယ်၊ အဲဒီ လူ နှစ်ယောက်ဟာ အကြောင်း တစ်ခုကြောင့် ဘလက်ဇင်တန် ဆိုတဲ့ လူကို လိုက် နေတဲ့ လူတွေ ဖြစ်ရမယ်၊ ကျုပ် တွက်မိသလောက် ပြောရရင် နှစ်ကြိမ်စလုံးမှာ အပြင်ဘက်က စောင့်နေတဲ့ လူငယ်ဟာ ဘလက်ဇင်တန်ရဲ့ အခန်းထဲကို ဝင်ပြီး သူ့ ကြံရာပါကတော့ လူမမာယောင် ဆောင်ပြီး ဆရာဝန်ကို အလုပ် ရှုပ်အောင် ထိန်းထားတာ ဖြစ်ရမယ်'

'ဝက်ရူး ပြန်တယ် ဆိုတာကကော'

'ဒါက ဟန်ဆောင်တာပါဗျာ၊ သို့သော်လည်း အထူးကုဆရာ ရှေ့မှာ ပြောလို့တော့ မကောင်းပေဘူးပေါ့၊ ဝက်ရူး ပြန်တယ် ဆိုတာ အင်မတန် ဟန် ဆောင်လို့ လွယ်တဲ့ ရောဂါမျိုးပဲ၊ ကျုပ်ကိုယ်တိုင်တောင် ဝက်ရူး ပြန်ချင်ယောင် ဆောင်ခဲ့ဖူးသေးတာပဲ'

'ဆိုပါဦး'

'ကံအားလျော်စွာ ဘလက်ဇင်တန်ဟာ နှစ်ကြိမ်စလုံးမှာ အပြင်ကို လမ်း လျှောက် ထွက်နေတယ်ဗျ၊ ထူးထူးဆန်းဆန်း ဒီလို အချိန်ကိုမှ ရွေးပြီး ဆရာဝန် ဆီကို ရောဂါ လာပြခြင်းဟာ ဧည့်ခန်းထဲမှာ လူရှင်းချိန်ကို တမင် ရွေးလုပ်တယ် ဆိုတာ ထင်ရှားတယ်၊ သို့သော်လည်း သူတို့ ရွေးလိုက်တဲ့ လူနာ ပြချိန်ဟာ ဘလက်ဇင်တန် လမ်းလျှောက် ထွက်တဲ့ အချိန်နှင့် သွားပြီး တိုက်ဆိုင်နေတယ်၊





ဆို သောက်ရင် သူတို့ဟာ ဘလက်ဇင်တန်ရဲ့ နေ့စဉ် အလေ့အထတွေ အချိန် တွေကို ကောင်းကောင်း မသိဘူး ဆိုတာ ထင်ရှားတယ်၊ အကယ်၍ သူတို့ဟာ ပစ္စည်းကို လုယက်ချင်လို့ ရှိရင် အခန်းထဲမှာ ပစ္စည်းတို့ ဘာတို့ ရှာ မွှေနှောက် ထားခဲ့ရမယ်၊ ပြီးတော့ လူတစ်ယောက် မျက်လုံးကို ကြည့် ရင် အသက်ကို ရန်ရှာမှာ စိုးလို့ ကြောက်တဲ့ အကြောက်မျိုးလား ဘာ ဆိုတာ ခွဲခြားလို့ ရပါတယ်ဗျာ၊ ဒီတော့ ဘလက်ဇင်တန်ဟာ သူ့ကို စားချေမယ့် ရန်သူ သူ့နောက် လိုက်နေတယ် ဆိုတာ မသိဘဲ မနေနိုင်ဘူး၊ ကြောင့် ဒီလူတွေဟာ ဘယ်သူတွေလဲ ဆိုတာ သူ ကောင်းကောင်း သိရမယ်လို့ ယူဆတယ်၊ မနက်ဖြန်လောက် ဆိုရင်တော့ ခင်ဗျားလူ နည်းနည်းပါးပါး လာလိမ့်မယ် ထင်ပါရဲ့'

'ဒီလိုကော မစဉ်းစားနိုင်ဘူးလား၊ ဖြစ်နိုင်ဖို့ အလားအလာ သိပ် မရှိလှ မဖြစ်နိုင်ဘူးလို့လည်း တထစ်ချ မတွက်နိုင်တဲ့ အချက် တစ်ချက် ကျန်နေ ထင်တယ်၊ ဝက်ရူးပြန်နေတဲ့ ရုရှား မူးမတ်နှင့် သူ့သား ဆိုသူတို့ ဆရာဝန် လာပြတယ် ဆိုတဲ့ အကွက်ဟာ ဒေါက်တာ ထရီဗီလျံရဲ့ ထွင်လုံးကော နိုင်ဘူးလား၊ သူက မစ္စတာ ဘလက်ဇင်တန်ရဲ့ အခန်းထဲကို တစ်ခုခု ဝင် ချင်လို့ ထွင်လုံး ဆင်သလားမှ မသိတာ'

ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ အယူအဆကို ကြားသည့် အခါတွင် ချင် ပက်ကျိ မျက်နှာထားဖြင့် ပြုံးလိုက်လျက်

'ကျုပ်လည်း ပထမတုန်းက ဒီတွေးလုံး ဝင်ခဲ့တာပဲ ဆရာကြီးရဲ့၊ သို့သော် နောက်ပိုင်းကျတော့ ဆရာဝန်ရဲ့ စကားကို ထောက်ခံရမယ့် အချက်အလက် တို တွေ့လာရတယ်၊ လူနာ လိုက်ပို့တဲ့ လူငယ်ရဲ့ ခြေရာတွေကို ကြည့်လိုက် အသိသာကြီးဗျ၊ လှေကားပေါ်က ခြေရာတွေကို ကြည့်လိုက်တာနှင့်ကို လောက်နေပြီ၊ အခန်းထဲက ခြေရာတွေကိုတောင် သိပ် ကြည့်ဖို့ မလိုတော့ဘူး၊ ဖိနပ်ရာတွေက ဘလက်ဇင်တန်ရဲ့ ဖိနပ်ရာလို မဟုတ်ဘူး၊ ဘလက်ဇင်တန် ဖိနပ်ရာက ဦးချွန်၊ သူ့ ဖိနပ်ရာတွေက ဦးက လေးထောင့် စပ်စပ်ကြီးဗျ၊ ပြီး တော့ ဆရာဝန်ရဲ့ ဖိနပ်ရာထက် တစ်လက်မနှင့် သုံးပုံ တစ်ပုံလောက် ကြီးတယ်၊ တော့ ဒီလို ခြေထောက်မျိုး ရှိတဲ့ လူရဲ့ စိတ်နေ စိတ်ထားကို ခင်ဗျား အကဲခတ် လောက်ရောပေါ့၊ သို့သော်လည်း ဒါတွေ အသာ ထားပြီး အိပ်လိုက်ကြဦးစို့ရဲ့၊ က်ဖြန် မနက်မှာ ဘရွတ်လမ်းက ဘာသံမှ မကြားရဘူး ဆိုရင်တော့ ကျုပ် အံ့သြလို့ ဆုံးမှာ မဟုတ်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်း၏ နိမိတ် ဖတ်ချက်မှာ သွေးထွက်အောင် မှန်လှ... နောက်တစ်နေ့ မနက် ခုနစ်နာရီခွဲ အချိန်တွင် ကျွန်ုပ်၏ အိပ်ရာဘေးတွင် ... သည့် ရှားလော့ဟုမ်းကို တွေ့ရလေ၏။

'ဖျို့ ဝပ်ဆင်ရေ၊ ကျုပ်တို့ကို အခေါ်လွှတ်လိုက်တဲ့ ရထားတော့ ... နေပြီဗျို့'

'ကိစ္စက ဘာကိစ္စတုံးဗျ'

'ဘရွတ်လမ်းက ကိစ္စလေဗျာ'

'သတင်း ထူးလို့လား'

ရှားလော့ဟုမ်းက အခန်းဆီကို ဘေးသို့ ဆွဲဖယ်လိုက်ရင်း

'သိပ်တော့ မကောင်းဘူးဗျ၊ မရှင်းတရှင်းပဲ၊ ရော့ ဟောဒီ စာရွက်... ကို ကြည့်ပေတော့၊ မှတ်စု စာအုပ်ထဲက ဆုတ် ရေးပေးလိုက်တဲ့ စာရွက်... အမြန် လာပါ၊ ပါစီ ထရီဗီလျံတဲ့၊ ခဲတံနှင့် ရေးပေးလိုက်တာ၊ ကျုပ်တို့ ... ရေးချိန်တောင် ကောင်းကောင်း မရဘူး ထင်တယ်၊ကဲ မြန်မြန် လုပ်ဗျို့၊ ... တကြီး ခေါ်ထားတာ'

နာရီ တစ်မောင်းလောက် အတွင်း၌ ကျွန်ုပ်တို့သည် ဒေါက်တာ ... ဗီလျံ၏ ဆေးခန်းသို့ ရောက်ရှိသွားကြလေ၏။ ဒေါက်တာ ထရီဗီလျံသည် ... လန့် တုန်လှုပ်သော မျက်နှာကို ဆောင်လျက် ရှိပြီး ကျွန်ုပ်တို့ဆီသို့ ပြေး... လာကာ အမောတကော ဆီးကြိုခြင်း ပြုလေ၏။

'ပြဿနာတော့ ပေါ်ပြီ ခင်ဗျ' ဟု ဆိုကာ နားထင်ကို လက်နှစ်ဖက်... ဖိထားလေ၏။

'ဘာဖြစ်လို့'

'ဘလက်ဇင်တန် သူ့ကိုယ်သူ သတ်သေသွားပြီ'

ကျွန်ုပ်တို့သည် အထဲသို့ ဝင်ခဲ့ကြလေ၏။ ဆရာဝန်မှာ ရှေ့က ဝင်သွား... လေ၏။

'ကျွန်တော်တော့ ဘာလုပ်ရမယ်မှန်းကို မသိတော့ဘူး ခင်ဗျ၊ အ... ထပ်မှာတော့ ပုလိပ်တွေ ရောက်နေကြပါပြီ၊ ကျွန်တော်တော့ တော်တော် ... ထိခိုက်သွားတယ် ခင်ဗျာ'

'ဘယ်အချိန်မှာ စသိတာလဲ'

'မနက် စောစော ဆိုရင် သူက လက်ဖက်ရည် သောက်တတ်တယ်... ခင်ဗျ၊ မနက် ခုနစ်နာရီလောက်ကျတော့ အိမ်ဖော် ကောင်မလေးက လက်...

...ည် သွားအပို့မှာ အခန်းလယ်ကောင်မှာ ကြိုးကြီး တန်းလန်းကြီးနှင့် သေနေ... ...ကို တွေ့ရတာပဲ၊ ကြိုးကို မျက်နှာကြက်က မှန်အိမ် ချိတ်တဲ့ ချိတ်မှာ ချည်၊ ...ာ မနေ့က ကျွန်တော်တို့ကို ပြလိုက်တဲ့ သေတ္တာ အနက်ပေါ်က ရပ်နေပြီး ...ပြင်ပေါ်ကို ခုန်ချလိုက်တာပဲ'

ရှားလော့ဟုမ်းသည် ရပ်လျက် လေးနက်စွာ စဉ်းစားနေလေ၏။

'ခင်ဗျား သဘောတူမယ် ဆိုရင်တော့ ကျုပ် အပေါ်ထပ်ကို တက်ကြည့်... ...တယ်ဗျာ'

ကျွန်ုပ်တို့ နှစ်ယောက် အပေါ်ထပ်ကို တက်လာသည့် အခါတွင် ဆရာ... ...သည်း နောက်မှ တက်လိုက်လာခဲ့လေ၏။

ကြောက်စရာ ကောင်းသည့် မြင်ကွင်း တစ်ခုသည် ကျွန်ုပ်တို့ကို အိပ်... ...မှ ကြိုဆိုလျက် ရှိလေ၏။ ဘလက်ဇင်တန်သည် ခပ်ဝဝ လူတစ်ယောက် ...ခဲ့ဖူးကြောင်း ကျွန်ုပ် ပြောခဲ့ဖူးရာ ချိတ်ကြီးမှ တွဲလောင်း ကျနေသည့် သူ့ ...ကိုယ်ကြီးမှာ ပို၍ပင် ဖောင်းပွလျက် ရှိကာ လူပုံသဏ္ဌာန် ပျောက်လျက် ...သော၏။ လည်ပင်းကြီးမှာ အမွေး နုတ်ထားသည့် ကြက်လည်ပင်းလို ရှည်ထွက် ...လျက် ရှိသလောက် ကျန်အစိတ်အပိုင်းများမှာ ဝဝ ဖောင်းဖောင်းကြီး ဖြစ်လျက် ...သည့် အတွက် ပို၍ အကြည့်ရ ဆိုးလျက် ရှိလေ၏။ ညဝတ် အင်္ကျီကို ဝတ် ...ထားသည်တွင် ရောင်အမ်းလျက် ရှိသော ခြေထောက်ကြီး နှစ်ချောင်းသည် ...ကျီ အောက်မှ ထိုးထွက်လျက် ရှိလေ၏။ အလောင်း၏ အနီးတွင် စမတ်ကျကျ ...တ်စားထားသည့် ပုလိပ် အရာရှိ တစ်ယောက်သည် တွေ့ရှိချက်တို့ကို စာအုပ် ...စ်အုပ်တွင် မှတ်ယူလျက် ရှိလေ၏။

'အလို မစ္စတာ ဟုမ်းလား၊ တွေ့ရတာ ဝမ်းသာတယ် ခင်ဗျ' ဟု နှုတ် ...ဆက်လေ၏။

'ဂွတ်မောနင်း လင်းနား၊ ကျုပ် လာလို့ အနှောင့်အယှက် မဖြစ်ပါဘူးနော်၊ ...သူ့ရဲ့ နောက်ကြောင်း ရာဇဝင်ကလေးတွေကိုတော့ ကြားပြီးပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ နည်းနည်းပါးပါးတော့ ကြားပြီးပါပြီ'

'ကောက်ချက်ကလေး ဘာလေးကော ထုတ်ပြီးပလား'

'ကျွန်တော် မြင်သလောက် ပြောရမယ် ဆိုရင်တော့ သေသူဟာ ...ကြောက် လွန်ပြီး ဖြစ်သွားတာပဲ ခင်ဗျ၊ အိပ်ရာကို ကြည့်တော့လည်း အိပ် ...ားတာပဲ၊ ချိုင့်ခွက်တွေကို ဖြစ်လို့၊ ကြိုးဆွဲချ သေကြတယ် ဆိုတာမျိုးဟာ ...က် အစောကြီး ငါးနာရီလောက်မှာ လုပ်တတ်ကြတာမျိုး၊ ခုလည်းပဲ ငါးနာရီ







www.burmeseclassic.com

www.burmeseclassic.com



လောက်က သေတယ် ထင်တာပဲ၊ ခုဟာကတော့ သေသေချာချာ စဉ်းစားပြီး သေကြောင်း ကြံစည်တဲ့ ကိစ္စ ခင်ဗျ'

'ကြွက်သားတွေ တောင့်နေပုံ ထောက်တော့ လွန်ခဲ့တဲ့ သုံးနာရီလောက်က သေတယ်လို့ ယူဆရတာပဲ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'အခန်းထဲမှာ ထူးထူးခြားခြား ဘာ တွေ့ရသလဲ'

'မျက်နှာ သစ်တဲ့ ကြွေခွက်ပေါ်မှာ ဝက်အူလှည့် တစ်ချောင်းနှင့် ဝက်အူကလော်တွေ တွေ့ရတယ် ခင်ဗျ၊ တစ်ညလုံး ဆေးလိပ်ကို ထိုင်သောက်နေပုံပဲ၊ ဟောဒီမှာ မီးဖိုထဲက တွေ့တဲ့ ဆေးပြင်းလိပ်တိုလေး တစ်တို'

'ဆေးလိပ် စွပ်တံများကော မတွေ့မိဘူးလား'

'မတွေ့ဘူး ခင်ဗျ'

'ဒါဖြင့် ဆေးပြင်းလိပ်ဘူးတို့ ဘာတို့ကော'

'ဆေးပြင်းလိပ် ဘူးကတော့ သူ့ ကုတ်အင်္ကျီ အိတ်ထဲမှာ တွေ့ရတယ် ခင်ဗျ'

ရှားလော့ဟုမ်းသည် ဆေးပြင်းလိပ်ဘူးကို ဖွင့်ကြည့်ပြီးလျှင် တစ်လိပ်တည်းသာ ကျန်သော ဆေးပြင်းလိပ်ကို နမ်းကြည့်နေလေ၏။

'အလို လက် စ သတ် တော့ ဆေးပြင်းလိပ်က ဟာဗားနား ဆေးပြင်းလိပ် ခင်ဗျ၊ ဟောဒီ ဆေးပြင်းလိပ်တွေကတော့ အရှေ့ အိန္ဒိယ ကိုလိုနီတွေက ဒတ်ချ်တွေ တင်သွင်းတဲ့ ဆေးပြင်းလိပ်မျိုးဗျ၊ ကောက် ရိုး နှင့် ပတ်



ရှားလော့ဟုမ်းသည် တစ်လိပ်တည်းသာ ကျန်သော ဆေးပြင်းလိပ်ကို နမ်းကြည့်နေလေ၏။





ထားတယ်၊ တခြား တခြား ဆေးပြင်းလိပ်တွေထက် ပိုပြီး ရှည်တော့ နည်းနည်းသေးသယောင် ထင်ရတယ်'

ရှားလော့ဟုမ်းသည် ဆေးပြင်းလိပ်တိုလေး တစ်တိုကို ကောက်ယူကာ မှန်ဘီလူးဖြင့် စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။

'နှစ်လိပ်က စွပ်တံနှင့် သောက်ထားတာဗျ၊ ကျန်တဲ့ နှစ်လိပ်ကတော့ ဒီအတိုင်း သောက်ထားတာ၊ နှစ်လိပ်က ခပ်တုံးတုံး ဓားနှင့် လှီးထားတာ၊ ကျန်တဲ့ နှစ်လိပ်ကတော့ အဖျားကို သွား ခိုင်ခိုင်နှင့် ကိုက်ထားတာ၊ မစ္စတာ လင်းနားရေ၊ ဒီကိစ္စက ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ ကိစ္စ မဟုတ်ဘူး ခင်ဗျ၊ သေသေချာချာ စီမံကိန်း ချပြီး သွေးအေးအေးနှင့် သတ်ထားတဲ့ လူသတ်မှု'

'မဖြစ်နိုင်တာ ခင်ဗျာ' ဟု ပုလိပ် အင်စပက်တော်က ပြောလေ၏။

'ဘာဖြစ်လို့'

'လူသတ်ချင်ရင် နည်းတွေ အများပါ ခင်ဗျာ၊ ဘာဖြစ်လို့ ဒီလောက်တောင် ခက်ခဲ ကြိုးဆွဲချပြီး သတ်နေမှာလဲ'

'ဘာဖြစ်လို့လဲ ဆိုတာကတော့ ရှာကြည့်ရမှာပေါ့လေ'

'ဒါဖြင့် လူသတ်သမားတွေဟာ ဘယ်က ဝင်လာသလဲ ခင်ဗျာ'

'အိမ်ရှေ့ တံခါးမကြီးက ဝင်လာတာဗျ'

'မနက်တုန်းက ဒီတံခါးမကြီးက ပိတ်လို့ ခင်ဗျ'

'ကိစ္စပြီးမှ ပိတ်သွားတာလေဗျာ'

'စုံထောက်ကြီးက ဘယ်လိုများ လုပ်ပြီး သိတာလဲ'

'ခြေရာ လက်ရာကို တွေ့တာပေါ့ဗျ၊ ခဏကလေးဗျာ၊ ခင်ဗျားကို နောက်ထပ် အထောက်အထားကလေးတွေ ပြနိုင်တော့မှာပါ'

ရှားလော့ဟုမ်းသည် တံခါးဆီသို့ လျှောက်သွားကာ သော့ခလောက်ကို လှည့်လိုက်ပြီးလျှင် သူ့ ထုံးစံအတိုင်း အသေအချာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။ ထို့နောက် တန်းလန်း ဖြစ်နေသည့် သော့ကို နုတ်ယူလိုက်ပြီးနောက် သေချာစွာ စစ်ဆေးပြန်သည်။ ထို့မှုမက အိပ်ရာ၊ ကော်ဇော၊ ကုလားထိုင်များ၊ နာရီစင်၊ အလောင်းနှင့် ကြိုးတို့ကို သေချာစွာ စစ်ဆေး ကြည့်ရှုလျက် ရှိပြန်လေ၏။ အတန်ကြာသည့် အခါတွင်မှ ကျေနပ် အားရသွားသည့်ဟန်ဖြင့် ထိုလုပ်ငန်းများကို လက်စ သိမ်းပြီးနောက် ကျွန်ုပ်နှင့် ပုလိပ် အင်စပက်တော်တို့၏ အကူအညီဖြင့် အလောင်းကို ကြိုးဖြတ်ပြီးလျှင် စောင်တစ်ထည် လွှမ်းထားလိုက်လေ၏။

'ဒီကြိုးက ဘယ်က ကြိုးလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ထရီဗီလျံသည် ခုတင် အောက်မှ ကြိုးခွေကြီး တစ်ခုကို
ထုတ်လိုက်ပြီးနောက်

'ဒီကြိုးခွေကြီးက ဖြတ်ထားတာ ခင်ဗျ။ ဘလက်ဇင်တန်က မီးဆော
မှာကို အင်မတန် ကြောက်တယ်၊ ဒါကြောင့် မီးထင်း ကိစ္စ အရေး အ
ပေါ်ရင် ဆင်းရအောင် ဆိုပြီး ကြိုး တစ်ချောင်းကို အနားမှာ အမြဲ ထား
လေ့ကားတို့ ဘာတို့များ ပိတ်လှောင်နေရင် ပြတင်းပေါက်ကနေပြီး
ဆင်းမယ်ပေါ့ ခင်ဗျာ'

ရှားလော့ဟုမ်းက တွေးတောနေရာ

'အင်း သူတို့ အဖို့တော့ ရေကန် အသင့် ကြာအသင့် ဖြစ်သွားတာ
လေ၊ အချက်အလက်တွေကတော့ ရှင်းပါတယ်ဗျာ၊ ညနေကျမှ အဖြေ
နိုင်ဘူး ဆိုရင်တော့ ကျုပ်တို့ ညံ့လို့ပဲ ဖြစ်ရမှာပေါ့၊ ဟောဟို နာရီစင်ပေ
ရှိတဲ့ ဘလက်ဇင်တန်ရဲ့ ဓာတ်ပုံကိုတော့ ခဏ ယူသွားချင်တယ်ဗျ၊ ကျုပ်
စုံစမ်းရာမှာ အထောက်အကူကလေးများ ရကောင်း ရမလား မသိဘူး'

'ကျွန်တော်တို့ကို ဘာမှလည်း မပြောသေးပါကလား' ဟု ဒေါက်
က ပြောလေ၏။

'အဖြစ်အပျက် ဖြစ်လာပုံကတော့ သိပ် မရှုပ်လှပါဘူးဗျာ၊ သူတို့အ
လူသုံးယောက် ပါတယ်ဗျ၊ သူငယ်ရယ်၊ အဖေ လုပ်တဲ့ အဘိုးကြီးရယ်၊
ပြီးတော့ ကျုပ်တို့ အတည်ပြုလို့ မရသေးတဲ့ တခြား လူတစ်ယောက်
ပထမ နှစ်ယောက်ကတော့ ရုရှား မူးမတ်မျိုး သားအဖယောင် ဆောင်
ဆေးကုလာတဲ့ လူနှစ်ယောက်၊ ဒါကြောင့် သူတို့ အကြောင်းကိုတော့ ကျု
ကောင်းကောင်းကြီး ပြောလို့ ရပါတယ်၊ သူတို့ နှစ်ယောက်ကိုတော့ အတွင်း
တစ်ယောက် လက်ထောက် ချပြီး သူကပဲ အိမ်တွင်းကို ဝင်ခွင့် ပြုတာ
စပက်တော်ကြီးကို အကြံ ပေးရမယ် ဆိုရင်တော့ အဲဒီ အတွင်းလူကို ဖမ်း
ဗျ၊ အတွင်းလူကတော့ ဒေါက်တာရဲ့ မှတ်ပုံတင် စာရေးကလေးပဲ ခင်ဗျ၊ ဒေါ
တာ့ဆီကို မကြာခင်က ရောက်လာတဲ့ သူငယ်ဟာ သူတို့လူပဲ'

'အဲဒီ ကောင်လေးကို ခု ရှာလို့ မတွေ့တော့ဘူး ခင်ဗျ၊ လစ်သွား
ထင်တယ်၊ ကျွန်တော့် ထမင်းချက်နှင့် အိမ်ဖော် ကောင်မကလေး လိုက်ရှာ
နေပြီ'

ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလိုက်၏။

'ဒီအဖြစ်အပျက်မှာ ဒီကောင်လေးရဲ့ အခန်း ကဏ္ဍဟာ သိပ် မဆော



သူတို့ သုံးယောက်ဟာ လှေကားက ခြေဖျားထောက် တက်လာခဲ့ကြ
တယ်၊ အဘိုးကြီးကတော့ ပထမ၊ လူငယ်က ဒုတိယ၊ အဲဒီ အမျိုးအမည် မသိတဲ့
လူက တတိယ'

'ဖျို့ ဟုမ်း၊ ဟုတ်ပါ့မလား'

'ခြေရာတွေကို ထပ်ကြည့်လိုက်ရင် ဒီအတိုင်းပဲ တွေ့ရတယ်ဗျ၊ ဒီ ခြေရာ
တွေကို ကျုပ် မနေ့ညကပဲ လေ့လာကြည့်ခဲ့တယ်၊ ပြီးတော့ သူတို့ သုံးယောက်
ဟာ ဘလက်ဇင်တန်ရဲ့ အိပ်ရာဆီကို လာခဲ့တော့ အခန်း တံခါး ပိတ်နေတာ
တွေ့ရတယ်၊ ဒါနှင့် ဝါယာကြိုး တစ်ချောင်းနှင့် သော့ခလောက်ကို လှည့်ဖွင့်ကြ
တယ်၊ တံခါးဘောင်ပေါ်မှာ ခြစ်ရာတွေ ထင်နေတာကို မှန်ဘီလူး မပါဘဲနှင့်
ကြည့်ရင်တောင် မြင်နိုင်တယ်ဗျ။

'အခန်းထဲ ရောက်ရင် သူတို့ ပထမဆုံး လုပ်ရမယ့် အလုပ်က ဘလက်
ဇင်တန် မအော်နိုင်အောင် ပါးစပ်ကို ပိတ်ဆို့ပစ်ဖို့ အရေးကြီးတယ်၊ အဲဒီတုန်းက
တော့ ဘလက်ဇင်တန်ဟာ အိပ်ပျော်နေတာရင်လည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်
အော်နိုင်အောင် ကြောက်လန့်ပြီး မှင်တက်မိ နေတာရင်လည်း ဖြစ်ရမယ်၊ ဒီ
ထဲမှာ နံရံကြီးတွေကလည်း ထူလေတော့ အော်သည့်တိုင်အောင်လည်း ကြား
နိုင်စရာ အကြောင်း မရှိဘူးဗျ။

'အဲ သူတို့ လက်ထဲ ရောက်ပြီ ဆိုတဲ့ အခါကျတော့ သူတို့ သုံးယောက်
တိုင်ပင်ကြတဲ့ လက္ခဏာကို တွေ့ရတယ်၊ ကြည့်ရတာကတော့ တရား စစ်ဆေး
တဲ့ ပုံစံမျိုးပဲဗျ၊ အချိန် အတော်ကြာ ဆွေးနွေးကြတဲ့ အတောအတွင်းမှာ ဟောဒီ
ဆေးပြင်းလိပ်တွေကို သောက်သွားကြတယ်၊ အဘိုးကြီးက ဟောဒီ ကြိမ်
ကုလားထိုင်မှာ ထိုင်တယ်၊ ဆေးပြင်းလိပ်ကို စွပ်တံနှင့် တပ်ပြီး သောက်တာ
ပဲ၊ လူငယ်က ဟောဟိုပေါ်မှာ ထိုင်ပြီး ဆေးပြာကို အံဆွဲနှင့် ခေါက်ပြီး ပြာ
ချတယ်၊ တတိယ လူကတော့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်၊ ဘလက်
ဇင်တန်ကတော့ ခုတင်ပေါ်မှာ မတ်မတ်ကြီး ထိုင်နေတယ်လို့ ထင်ရတာပဲ၊ သို့
သော်လည်း ဒါကတော့ သိပ်မသေချာလှဘူး။

'နောက်တော့ ဒီလူတွေဟာ ဘလက်ဇင်တန်ကို ခေါ်ပြီး ကြိုးနှင့် ဆွဲချ
တယ်ဗျ၊ ကြည့်ရတာကတော့ သူတို့ဟာ ကြိုတင် စီစဉ်လာခဲ့တဲ့ အတွက် ကြိုးစင်
အဖြစ် သုံးဖို့ စက်သီးတို့ ဘာတို့ကို အဆင်သင့် ယူလာတယ်လို့ ယူဆရတယ်၊
ဟောဒီက ဝက်အူလှည့်နှင့် ဝက်အူတွေဟာ အဲဒီ စက်သီးကြီးတို့ ဘာတို့
တပ်ဆင်ဖို့ပဲလို့ ယူဆရတယ်၊ သို့သော်လည်း မှန်အိမ် ချိတ်တဲ့ ချိတ်ကြီးကို မြင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့ အခါကျတော့ သူတို့ အဖို့ ဒုက္ခခံပြီး စက်သီး ကြိုးတွေ တပ်စရာ မလိုတော့ဘူး၊ ဒါနှင့် သူတို့ ကိစ္စ ပြီးတဲ့ အခါကျတော့ သူတို့ ပြန်ထွက်သွားကြတယ်ဗျ၊ သူတို့နှင့် ကြံရာပါ ဖြစ်တဲ့ သူငယ်ကလေးက တံခါးကို ပြန်ပိတ်ထားလိုက်တယ်ဗျ'

ကျွန်ုပ်တို့သည် မနေ့ညက ဖြစ်ပွားခဲ့သည့် ကိစ္စကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် တွေ့ရှိသည့် အချက်အလက်များ လက်ရာ ခြေရာများကို ကြည့်၍ ကောက်ချက် ဆွဲထုတ်သွားခြင်း ဖြစ်လေ၏။ သို့တိုင်အောင် အချက်အလက်များမှာ လွန်စွာ သေးဖွဲ့ရုံမျှမက လွန်စွာ သိမ်မွေ့လှသည့် အတွက် ကျွန်ုပ်တို့မှာ လိုက်၍ မမီနိုင်အောင် ဖြစ်လျက် ရှိလေ၏။ ပုလိပ် အင်စပက်တော်မှာ အိမ်မှ သူငယ်ကလေးကို အရှာခိုင်းရန် အတွက် ထွက်သွားပြီး ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့မှာ ဘေကာလမ်းရှိ တိုက်ခန်းသို့ ပြန်လာခဲ့ကြလေ၏။

ထမင်း စားသောက်ပြီးလျှင် ရှားလော့ဟုမ်းက

'သုံးနာရီ ဆိုရင် ကျုပ် ပြန်လာခဲ့မယ်ဗျို့၊ ကျုပ်က ဒေါက်တာနှင့်ရော



'မိလာခဲ့ပြီ ဟုတ်လား'





ပုလိပ် အင်စပက်တော်နှင့်ရော ချိန်းထားတယ်၊ လာကြလိမ့်မယ်၊ အဲဒီ အချိန်ရောက် ဆိုရင်တော့ ကျုပ်တို့ အမှု ကိစ္စ ပြတ်ပါလိမ့်မယ် ထင်ပါရဲ့'

ချိန်းထားသည့် အချိန်သို့ ရောက်လျှင် ဒေါက်တာ ထရီဗီလျံနှင့် ပုလိပ် အင်စပက်တော် လင်းနားတို့ ရောက်လာကြလေ၏။ သို့ရာတွင် ရှားလော့ဟုမ်းမှာ လေးနာရီ ထိုးရန် တစ်မောင်း အလိုကျမှ ပြန်ရောက်လာလေ၏။ သူ့မျက်နှာကို ကြည့်လိုက်ခြင်းအားဖြင့် အစစအရာရာ ချောမော ပြေပြစ်ခဲ့ကြောင်းကို ကျွန်ုပ်သိလိုက်ပေ၏။

'ဘာ သတင်း ထူးသေးသလဲဗျို့ အင်စပက်တော်ကြီး'

'လူငယ်ကလေးကိုတော့ မိလာခဲ့ပြီဗျ'

'ဟန်ကျလိုက်လေဗျာ၊ ကျုပ်လည်း ဟိုလူတွေကို မိလာခဲ့ပြီဗျို့'

'မိလာခဲ့ပြီ ဟုတ်လား' ဟု ကျွန်ုပ်တို့ သုံးယောက်က ပြိုင်တူ အော်လိုက်မိကြသည်။

'အင်း၊ အနည်းဆုံး သူတို့ ဘယ်သူတွေ ဆိုတာတော့ သိခဲ့ရပြီဗျ၊ ကျုပ် ထင်ထားတဲ့ အတိုင်း ဘလက်ဇင်တန် ဆိုတဲ့ လူက နာမည်ကြီးပဲဗျ၊ သူ့ကို သတ်သွားတဲ့ ကောင်တွေကလည်း ကျော်စောတွေချည်းပဲ၊ ရစ်ဒယ်တဲ့၊ ဟေးဝါ့ဒ်တဲ့၊ နောက်တစ်ယောက်က မိုးဖတ်တဲ့ဗျ'

'ခင်ဗျာ၊ ဒီလိုဆို ဒီကောင်တွေဟာ ဝါသင်ဒန် ဘဏ်ကို တိုက်သွားတဲ့ ဂိုဏ်းက ကောင်တွေပေါ့' ဟု အင်စပက်တော်က ပြောလေ၏။

'အမှန်ပေါ့'

'ဒါဖြင့် ဘလက်ဇင်တန်လို့ အမည်ခံထားတဲ့ကောင် နာမည်ရင်းဟာ ဆပ်တန်ပေါ့'

'ဟုတ်ပါဗျာ'

'အင်း၊ ဒီလိုဆိုတော့လည်း ရှင်းပါပြီ ခင်ဗျာ' ဟု အင်စပက်တော်က ပြောလေ၏။ သို့ရာတွင် ဒေါက်တာ ထရီဗီလျံနှင့် ကျွန်ုပ်တို့မှာ နားမလည်နိုင်ကြဘဲ တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်နေကြလေ၏။

ရှားလော့ဟုမ်းက

'ဝါသင်ဒန် ဘဏ်တိုက်ကို ဓားပြ တိုက်သွားတာ ခင်ဗျားတို့ မှတ်မိကြဦးမလား မသိဘူး၊ အဲဒီ ဘဏ် ဓားပြမှုတုန်းက လူ ငါးယောက် ပါတယ်ဗျ၊ ခုကောင် လေးယောက်ရယ်၊ တော့ထရိုက်လို့ ခေါ်တဲ့ ကောင်တစ်ကောင်ရယ်၊ အဲဒီတုန်းက ဒီကောင်တွေဟာ ဘဏ်တိုက်စောင့် တိုဘင်ကို သတ်ပြီး ပေါင်



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ထောင်ကို ယူသွားကြတယ်၊ ၁၈၇၅ ခုနှစ်မှာ သူတို့ ငါးယောက်စလုံး အဖမ်းခံခဲ့ကြရတယ်၊ သက်သေ ခိုင်လုံတော့ ဒီကောင်တွေ အပြစ် ရသွားတယ်၊ ဘလက်ဇင်တန် ခေါ် ဆပ်တန် ဆိုတဲ့ ကောင်က ဖော်ကောင် လုပ်ပြီး အစိုး သက်သေ ဖြစ်သွားတယ်၊ သူ့ ထွက်ချက်ကြောင့် တော့ထရိုက်က ကြိုးကျသွား ကျန်သုံးယောက်က ထောင်ဒဏ် ဆယ့်ငါးနှစ်စီ ကျလာခဲ့ကြတယ်၊ တစ်နေ့ တော့ ဒီကောင်တွေ လျှော့ရက်နှင့် ဘာနှင့် လွတ်လာကြတယ်၊ ဒီတွင် ဒီထော သုံးကောင် သစ္စာဖောက် ဆပ်တန် ခေါ် ဘလက်ဇင်တန်ကို လိုက်ရှာပြီး သူ ရဲ့ဘော် အတွက် လက်စားချေကြတာပဲ၊ ဘလက်ဇင်တန်ကို ဖမ်းဖို့ နှစ်ခါ ကြိုး ခဲ့ကြပေမဲ့ မအောင်မြင်ခဲ့ကြဘူး၊ တတိယ အကြိမ်ကျမှ အောင်မြင်သွားတာ ဒေါက်တာ ထရီဗီလျံ ဘာသိချင်သေးသလဲ’

‘ဟုတ်ကဲ့၊ စုံထောက်ကြီး ပြောတာ တော်တော်ကလေးကို ရှင်းပါတယ် ခင်ဗျာ၊ သူ ကယောက်ကယက် တော်တော် ဖြစ်သွားတာ တခြား အကြောင်း မဟုတ်ဘူး၊ ဒီကောင်တွေ လွတ်လာပြီ ဆိုတာ သတင်းစာထဲမှာ တွေ့လိုက်ရ ထင်တယ်’

‘ဟုတ်တာပေါ့ဗျာ၊ သူခိုးတွေ ပူသလေး ဘာလေးနှင့် ပြော တာ အကြောင်း ပြတာဗျ’

‘ဒါဖြင့် ဒီအကြောင်းကို စုံထောက်ကြီးကို ဘာဖြစ်လို့ မပြောတာလဲ’

‘ပြောလို့ ဘယ်ဖြစ်မလဲ၊ ဒါကို ပြောလိုက်ရင် သူ့ ဇာတိရုပ်လည်း ပြန်ပေါ်လာမှာကိုး၊ ဒီတော့ ဒါကို ထုတ်ပြောလို့ မဖြစ်ဘူး၊ ပြီးတော့ သူ လုပ်တဲ့ အလုပ်က သစ္စာလည်း ဖောက်လိုက်သေးတယ် ဆိုတော့ ရှက်စရာကြီး ပေါ့ဗျာ၊ ဘယ်လောက်ပဲ ဆိုးခဲ့သည် ဖြစ်စေ သူဟာ ဗြိတိသျှ ဥပဒေ ဆိုင် ဒိုင်းကြီး အောက်မှာ ခုတိုင် နေထိုင်သေးတော့ ဒီလောက် စိုးရိမ်စရာ မလိုပါဘူး ဗျာ၊ သို့သော်လည်း ဟောဒီက အင်စပက်တော်ကြီးတို့ရဲ့ ကာကွယ်မှုကို မရရလို သော်လည်းပဲ တရား စီရင်ရေး ဆိုတဲ့ ဓားကြီးကတော့ အပြစ် ရှိသူကို အပြစ် ရှိသည့် အလျောက် အရေးယူလိမ့်မယ် ထင်ပါရဲ့၊ မဟုတ်ဘူးလား အင်စပက် တော်ကြီး’

ဤသည်တို့မှာ ဘရွတ်လမ်းမှ ဒေါက်တာ တစ်ဦးနှင့် သူနှင့် အတူ နေထိုင်သည့် လူနာ တစ်ဦးတို့၏ ထူးခြားသော အဖြစ်အပျက်များပင် ဖြစ်ပေ၏။ ထိုနောက်မှ စ၍ ထိုတရားခံ သုံးယောက်ကို ပုလိပ်တို့ ရှာ၍ မတွေ့တော့ချေ။ စကော့တလန်ယာဒ် စုံထောက် အဖွဲ့ကမူ လွန်ခဲ့သည့် နှစ် အနည်းငယ်ခန့်က





ခေါ်တူဂီ ကမ်းခြေ အနီး အော်ပိုတိုမှ မိုင် အနည်းငယ် အကွာတွင် နစ်မြုပ်သွား သည့် နော်ရာ ကရိန်းနား ခေါ် မီးသင်္ဘောပေါ်တွင် ပါသွားသည်ဟု ယူဆလျက် ရှိပေ၏။ အခန်းစောင့် သူငယ်ကလေး အပေါ်တွင် စွဲထားသည့် အမှုမှာလည်း သက်သေ အထောက်အထား မခိုင်လုံသည့် အတွက် ရုပ်သိမ်းလိုက်ရလေ၏။ ဘရွတ်လမ်း လူသတ်မှုဟု ခေါ်ကြသည့် ထိုအမှုကို ကျွန်ုပ်တို့ မှတ်တမ်းများထဲ တွင် သိမ်းဆည်းထားခဲ့ရာ ယခုမှ ဖော်ပြလိုက်ရခြင်း ဖြစ်ပေကြောင်း။

[မူရင်း ဝတ္ထု *The Adventure of The Resident Patient.* ခေါင်းစဉ် ၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



www.burmeseclassic.com

www.burmeseclassic.com

# ဂရိ စကားပြန် အမှု



ကျွန်ုပ်သည် ရှားလော့ဟုမ်းနှင့် နှစ်ရှည်လများ ရင်းနှီးစွာ ပေါင်းသင်းခဲ့သည့်တိုင် သူ့ ဆွေမျိုးများ အကြောင်းကို တစ်ခါမျှ ပြောဆိုသံ မကြားခဲ့ဖူးရုံမျှမက သူ့ ငယ်စဉ် ဘဝ အကြောင်း ပြန်ပြောင်း ပြောဆိုသံကိုလည်း တစ်ခါမျှ မကြားခဲ့ဖူးချေ။ ရှားလော့ဟုမ်းနှင့် ပတ်သက်လာလျှင် ကျွန်ုပ်သည် လူတစ်ယောက် အနေထက် လူထူး လူဆန်း တစ်ယောက် အနေဖြင့် မြင်ယောင်လာတတ်လေရာ ယခုကဲ့သို့ ဆွေမျိုး သားချင်းများနှင့် သူ့ ငယ်စဉ်က ဘဝ အကြောင်းတို့ကို နှုတ်ပိတ် ရေငုံ လုပ်သည်ကို မြင်ရသည့် အခါများ၌ ထိုအထင်အမြင်သည် ကျွန်ုပ်တွင် ကြီးသည်ထက် ကြီးလာခဲ့လေ၏။ ထို့ကြောင့် မကြာမီ အချိန်က အထိ ရှားလော့ဟုမ်းသည် အသီးတခြား ရှိနေသည့် အခြင်းအရာ တစ်ရပ်၊ နှလုံးသား မရှိသည့် ဦးနှောက် တစ်ခု၊ စိတ်ကူးဉာဏ် ရင့်သန်သလောက် စာနာစိတ် ကင်းလှသည့် လူတစ်ယောက်ဟုပင် ကျွန်ုပ် စိတ်တွင် ထင်မိချေသေး၏။ မိန်းမများကို အထင် သေးခြင်းနှင့် မိတ်ဆွေသစ် ရှာရန် နှောင့်နှေးတတ်ခြင်းတို့သည် ရှားလော့ဟုမ်းကဲ့သို့ စားချက် ကင်းမဲ့သော လူတစ်ယောက်၏ စရိုက်မျိုး ဖြစ်ရာ ဆွေမျိုးညာတိများ အကြောင်းကို ပြောဆိုခြင်း မပြုခြင်းမှာလည်း သူ၏ စရိုက် တစ်မျိုးပေလောဟု ထင်မိပေသေး၏။ သို့ဖြင့် ရှားလော့ဟုမ်းသည် တစ်ကောင်ကြွက် တစ်ယောက်သူသာ ဖြစ်သည်ဟု ကျွန်ုပ် စိတ်တွင် ထင်ရတော့မည်ကဲ့သို့ ရှိနေစဉ် တစ်နေ့သ၌ ရှားလော့ဟုမ်းသည် သူ့အစ်ကို အကြောင်းကို ကောက်ကာငင်ကာ ပြောဆိုလိုက်သဖြင့် ကျွန်ုပ်မှာ များစွာ အံ့အားသင့်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီ တစ်ညနေခင်း လက်ဖက်ရည် သောက်အပြီး၌ ကျွန်ုပ်တို့သည် ဂေါက်သီး ရိုက်ခြင်း အကြောင်းမှ အစ နေကြတ် လကြတ် ကိစ္စများ အထိ ရောက်တတ်ရာရာကို ပြောဆိုလျက် ရှိကြစဉ် လူတစ်ယောက်၏ အကျင့် စရိုက် တွင် ဗီဇနှင့် ပတ်ဝန်းကျင်တို့က မည်သို့ ဩဇာပေး သက်ရောက်နေကြောင်း စကား စပ်မိကြလေ၏။ ထိုမှတစ်ဖန် လူတစ်ယောက်၏ အထုံ ဝါသနာသည် မိဘ ဘိုးဘွားကြောင့်လော၊ သို့တည်းမဟုတ် ငယ်စဉ်ကစ လေ့ကျင့်မှုကြောင့် လော ဆိုသည့် ပြဿနာသို့ ရောက်သွားကြပြန်လေ၏။

ဤတွင် ကျွန်ုပ်က

'ကျွန်တော် သိသလောက် ပြောရရင်တော့ ခင်ဗျား ခုလို စူးစမ်း အားကောင်းတာ၊ ကောက်ချက် ဆွဲထုတ်နိုင်တဲ့ စွမ်းအား ကောင်းတာတွေဟာ ခင်ဗျားရဲ့ စနစ်တကျ လေ့လာမှုကြောင့်သာ ဖြစ်နိုင်တယ်လို့ ကျွန်တော် ပြော ချင်တယ်ဗျ'

ရှားလော့ဟုမ်းက စဉ်းစား တွေးတောလျက် ရှိနေရာမှ

'အင်း၊ ဒါလည်း ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်လေ၊ ကျုပ် တို့ ဘိုးစဉ် ဘောင်ဆက်တွေဟာ တောမြေပိုင်ရှင်တွေဗျ၊ တောမြေပိုင်ရှင်ဆို ဆိုတော့ သူတို့ တောမြေရှင်များ ထုံးစံ အတိုင်းပေါ့ဗျာ၊ ဘာမှ ထူးထူးခြားခြား မရှိလှပါဘူး၊ သို့သော်လည်း ကျုပ် ဒီလို ဝါသနာ ပါတာက မျိုးရိုး လိုက်တာ မွေးကတည်းက သွေးထဲမှာ ပါလာတာ၊ ကျုပ် ဘွားအေက ပြင်သစ် ပန်းချီဆရာ ကြီး ဗားနက်ရဲ့ နှမ ဆိုတော့ ကျုပ်မှာ ဘွားအေရဲ့ သွေး ပါတယ်လို့ ဆိုနိုင်တာ ပေါ့ဗျာ၊ သွေးထဲမှာ အနုပညာ ပါလာပြီ ဆိုရင် အဲဒီ အနုပညာဟာ အထူးဆန်း ဆုံး ဆိုတဲ့ ပုံသဏ္ဍာန်တွေနှင့် ဇာတိ ပြတော့တာပဲဗျ'

'နို့ နေစမ်းပါဦး၊ ခင်ဗျားရဲ့ ဝါသနာဟာ မျိုးရိုးစဉ်ဆက်က ပါလာတဲ့ ဗီဇလို့ ဘာ့ကြောင့် ဒီလောက် အခိုင်အမာ ပြောနေတာလဲ'

'ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ် အစ်ကို မိုင်းကရော့ကျတော့ ကျုပ်ထက် ဝါသနာ ပိုကြီးနေလို့ဗျ'

ထိုအချက်မှာ ကျွန်ုပ် အဖို့ သတင်းထူးကြီး တစ်ခု ဖြစ်လျက် ရှိလေ၏။ အကယ်၍ ရှားလော့ဟုမ်း၏ ထူးခြားသော အရည်အချင်းမျိုးကို ပိုင်ဆိုင်သည့် လူမျိုး တစ်ယောက် အင်္ဂလန်ပြည်တွင် ရှိနေသေးသည် ဆိုလျှင် ထိုလူကို အဘယ် ကြောင့် ပုလိပ်ဘက်နှင့် အများပြည်သူက မသိဘဲ ဖြစ်နေရသနည်း။ ကျွန်ုပ်က ထိုမေးခွန်းကို မေးလိုက်ပြီး သူ့ အစ်ကိုက သူ့ထက် သာလေသယောင် ပြော





ဆိုက်ခြင်းမှာ ရှားလော့ဟုမ်း၏ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်သည့် စရိုက်ကြောင့် ဖြစ်လိမ့်မည်ဟု အရိပ်အမြွက် ထည့်၍ ပြောလိုက်၏။ ကျွန်ုပ်၏ ထင်မြင်ချက်ကို ကြားသည့် အခါတွင် ရှားလော့ဟုမ်းသည် ရယ်လိုက်လျက်

'ကိုယ့်ကိုယ်ကိုယ် နှိမ့်ချ ပြောတာ မဟုတ်ဘူး ဆရာကြီးရဲ့၊ ကျုပ်က လည်း ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတာကို ကောင်းမြတ်တဲ့ အရည်အချင်းကြီး တစ်ခု လို့ ယူဆတဲ့ လူမျိုး မဟုတ်ဘူး၊ ယုတ္တိဗေဒကို လက်ကိုင်ထားတဲ့ လူတစ်ယောက် ဟာ အရှိကို အရှိ အတိုင်း ကြည့်တတ် ကြည့်နိုင်ရမယ်ဗျ၊ ကိုယ့် ကိုယ် ကိုယ် အထင်သေးခြင်းဟာလည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်းလို အရှိတရား အမှန်တရားက သွေဖည်တာ ဖြစ်တယ်၊ ဒါကြောင့် ကျုပ် အစ်ကို မိုင်းကရော့ဟာ စူးစမ်း လေ့လာခြင်း အရာမှာ ကျုပ်ထက် အားကောင်းတယ်လို့ ပြောလိုက်တာ ကျုပ်ကိုယ်ကျုပ် နှိမ့်ချ ပြောတာ မဟုတ်ဘူး၊ အမှန်တရားကို ပြောနေတာ'

'ခင်ဗျားထက် ဘယ်နနှစ်လောက် ကြီးသလဲ'

'ခုနစ်နှစ်ဗျ'



ရှားလော့ဟုမ်းသည် အိတ်ထဲမှ နာရီကို ထုတ်ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဘာဖြစ်လို့ မထင်မရှား အညတြ ဖြစ်နေရတာလဲဗျ'

'အံမယ်၊ သူလည်း သူ့ နေရာနှင့် သူတော့ နာမည်ကြီးပါဗျာ'

'ဘယ်မှာလဲ'

'ဥပမာ ဒိုင်အိုဂျင်း ကလပ်လို နေရာမျိုးမှာဗျာ'

ကျွန်ုပ်သည် ထိုကလပ်၏ အမည်ကို တစ်ခါမှ မကြားဖူးချေ။ ကျွန်ုပ်၏ မျက်နှာပေါ်မှ အမူအရာကို မြင်သည့်အခါတွင် ရှားလော့ဟုမ်းသည် အိတ်ထဲမှ နာရီကို ထုတ်ကြည့်လိုက်ပြီး

'ဒိုင်အိုဂျင်း ကလပ် ဆိုတာ လန်ဒန်မှာတော့ အထူးဆန်းဆုံး ကလပ်ပဲဗျ၊ ကျုပ် အစ်ကို မိုင်းကရော့ကလည်း အထူးဆန်းဆုံး လူတစ်ယောက်ပဲ၊ ငါးနာရီ မထိုးခင် ဆယ့်ငါးမိနစ်က နေပြီး ရှစ်နာရီ မထိုးမီ မိနစ် နှစ်ဆယ် အထိ အဲဒီ ကလပ်မှာ ရှိတတ်တယ်၊ ခု ခြောက်နာရီ ထိုးနေပြီ၊ ခြေခင်းလက်ခင်း သာတုန်း လမ်းလျှောက်ချင်သပ ဆိုရင် ခင်ဗျားကို အထူးအဆန်း နှစ်ခုနှင့် မိတ်ဆက်ပေး နိုင်မှာပါ'

နောက် ငါးမိနစ် အကြာ၌ ကျွန်ုပ်တို့သည် လမ်းမပေါ်တွင် ရောက်နေ ကြပြီး ရီးဂျင့် အဝိုင်းကြီးဘက်သို့ လျှောက်လာခဲ့ကြလေ၏။

'မိုင်းကရော့ဟာ စူးစမ်းမှု အားကောင်းလျက်သားနှင့် ဘာဖြစ်လို့ ဒီ အရည်အချင်းတွေကို စုံထောက် လုပ်ငန်းမှာ အသုံးမချသလဲလို့ ခင်ဗျားကတော့ ထင်ကောင်း ထင်မှာပဲ၊ စုံထောက် လုပ်ငန်းကို သူ မလုပ်နိုင်ဘူးဗျ'

'ဒါပေမဲ့ ခင်ဗျား ပြောတယ် မဟုတ်လား၊ သူဟာ'

'ကျုပ် ပြောတာ ကျုပ် အစ်ကို မိုင်းကရော့ ဆိုတာ စူးစမ်းမှုနှင့် ကောက် ချက်ဆွဲခြင်း အရာမှာ ကျုပ်ထက် တော်တယ်လို့သာ ပြောတာပါ၊ အကယ်၍သာ စုံထောက် ပညာဟာ ကုလားထိုင်ပေါ်မှာ ထိုင်စဉ်းစားတာက စပြီး ကုလားထိုင် ပေါ်မှာ ထိုင်စဉ်းစားတာနှင့် အဆုံးသတ်သွားရင်တော့ ကျုပ် အစ်ကိုဟာ ကမ္ဘာမှာ အတော်ဆုံး မှုခင်း စုံထောက်ကြီး တစ်ယောက် ဖြစ်မှာ အမှန်ပဲ၊ ဒါပေမဲ့ ခက်တာက ကျုပ် အစ်ကိုမှာ ရည်မှန်းချက်ရယ်လို့ ကြီးကြီးမားမား မရှိဘူး၊ ခွန်စိုက် အားစိုက်လည်း အလုပ် မလုပ်ချင်ဘူး၊ ကိုယ့် အဖြေ မှန်ရဲ့လားလို့တောင် အဖြေ တိုက်ကြည့်ချင်တဲ့ လူစားမျိုး မဟုတ်ဘူးဗျ၊ သူများက မှားတယ် ဆိုရင်လည်း မှန်ကြောင်း အဖြေ ထုတ်ပြမယ့် လူစားမျိုး မဟုတ်ဘူး၊ ကျုပ် အမှုတွေကို မကြာ မကြာ သူ့ဆီကို ယူသွားဖူးတယ်၊ သူ ပြောလိုက်တဲ့ အတိုင်း နောက်ဗျာ တော့ အမှန် ဖြစ်ဖြစ် နေတတ်တယ်ဗျ၊ သို့သော် လူက ပျင်းလွန်းတော့ ရုံးကို





တင်ခင်း ရှာဖွေရမယ့် အချက်အလက်ကလေးတွေကို မရှာချင်ဘူးဗျ'

'သူ့ အလုပ်က စုံထောက်တော့ မဟုတ်ဘူးပေါ့'

'မဟုတ်ပါဘူး၊ စုံထောက် လုပ်ငန်းဟာ ကျုပ်အဖို့သာ အသက်မွေးဝမ်း ကျောင်း လုပ်ငန်း ဖြစ်နေပေမဲ့ သူ့ အဖို့တော့ အပျော်ထမ်း လုပ်တာလောက်ပဲ ရှိတာပေါ့၊ အထူးသဖြင့် ကိန်းဂဏန်းတွေကို တော်တော် မှတ်မိတဲ့ လူဗျို့၊ ခု တော့ အစိုးရ ဌာနတွေမှာ စာရင်းစစ် ဝင်လုပ်နေတယ်၊ မိုင်းကရော့က ပေါလ် မောမှာ နေပြီး အတွင်းဝန်များ ရုံးကို မနက်တိုင်း လျှောက်ပတ်ပြီး ညနေ ရုံး ဆင်းတော့လည်း လမ်းလျှောက် ပြန်တယ်ဗျ၊ တစ်နှစ်သာ ကုန်ရော ဒီပြင် ကျန်း မာရေး လေ့ကျင့်ခန်းတို့ ဘာတို့ကို ဘာမှ မလုပ်ဘူး၊ ရုံးသွား ရုံးပြန် လမ်း လျှောက်တာပဲ ရှိတယ်၊ ပြီးတော့ ဘယ်နေရာမှာမှလည်း သူ့ကို မမြင်ရဘူး၊ သူ့ တိုက်ခန်းနှင့် မျက်နှာချင်းဆိုင်မှာ ရှိတဲ့ ဒိုင်အိုဂျင်း ကလပ်ကိုပဲ သွားတယ်ဗျ'

'အဲဒီ ကလပ် နာမည်ကို ကျွန်တော်ဖြင့် ကြားကို မကြားဖူးဘူးဗျ'

'ဟုတ်မှာပေါ့၊ ဘယ်ကြားဖူးပါ့မလဲ၊ လန်ဒန် မြို့ကြီး ဆိုတာ လူပေါင်း စုံလည်း အစုံသားပဲ၊ လူတော သူတော မတိုးရဲလို့ ဒါမှမဟုတ်ရင်လည်း လူ တွေကို မုန်းလို့ လူ့ အသိုင်းအဝိုင်းနှင့် အပေါင်းအသင်း မလုပ်ဘဲ ခပ်ရှောင်ရှောင် သုံနေတဲ့ လူတွေကလည်း တစ်ပုံကြီးပဲဗျ၊ သို့သော်လည်း လူတွေ သူတွေနှင့်သာ ပေါင်းတယ်၊ သူတို့လည်း သူတို့ အလျောက် ဇိမ်ရှိရှိကလေးတော့ နေချင်ကြ တာပဗျာ၊ ဖင် ဇိမ် ရှိတဲ့ ကုလားထိုင်ကလေးကို ထိုင်၊ နောက်ဆုံး ထုတ်တဲ့ သတင်းစာကလေးကို ဖတ်ပြီး နေချင်ကြတာပေါ့၊ ဒိုင်အိုဂျင်း ကလပ် ဆိုတာ ခု ကျုပ် ပြောတဲ့ လူစားမျိုးတွေ အတွက် တည်ထောင်ထားတဲ့ ကလပ် တစ်ခုဗျ၊ ခုတော့ လန်ဒန်မှာ ရှိတဲ့ လူပေါင်း မဆံ့ဆုံး လူတွေ၊ ကလပ်ဝင် မဖြစ်နိုင်တဲ့ လူ တွေ အများဆုံး ပါတဲ့ ကလပ်ကြီး ဖြစ်နေပြီ၊ ကလပ်ဝင်တွေဟာ တစ်ယောက် နှင့် တစ်ယောက် စူးစမ်း လေ့လာခြင်း မပြုရဘူး၊ အထူး သတ်မှတ်ထားတဲ့ အခန်းက လွဲရင် အခြား နေရာတွေမှာ တစ်ယောက်နှင့် တစ်ယောက် စကား မပြောရဘူး၊ သုံးကြိမ် စကား ပြောမိသူကို အသင်းက ထုတ်ပစ်တယ်ဗျ၊ ကျုပ် အစ်ကိုက အဲဒီ ကလပ်ကို စထောင်သူတွေထဲမှာ တစ်ဦး အပါအဝင်ပဲ၊ ကျုပ် တော့ အဲဒီ ကလပ်ကို ရောက်ရင် တော်တော့်ကို စိတ်ချမ်းသာတယ်ဗျို့၊ ဟန်ကျ သို့'

ကျွန်ုပ်တို့သည် စကား တပြောပြောနှင့် အတွင်းဝန်များရုံး အနီးသို့ ရောက်လာခဲ့ကြပြီး စိန့်ဂျိမ်းလမ်း အတိုင်း ဘေးမှ ကပ်၍ လျှောက်လာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကာလ်တန် အဆောက်အအုံ အနီးသို့ ရောက်လျှင် ရှားလော့ဟုမ်းသည် တိုက်ခန်း တစ်ခု ရှေ့တွင် ရပ်လျက် ကျွန်ုပ်ကို စကား ပြောဆိုခြင်း မပြု အချက်ပေးကာ တိုက်ခန်းထဲသို့ ဝင်သွားလေ၏။ မှန်တံခါးကြီးများ နောက် နေ၍ ကြည့်လိုက်လျှင် သားသားနားနား ပြင်ဆင်ထားသည့် အခန်းကြီးထဲ လူ အချို့သည် ကိုယ့်နေရာတွင် ကိုယ် ထိုင်လျက် ရှိကြပြီး အချို့ကလည်း သတင်းစာ ဖတ်လျက် ရှိကြလေ၏။ ရှားလော့ဟုမ်းသည် အတွင်းဝန်များ ဘက်သို့ မျက်နှာမူလျက် ရှိသည့် အခန်းကလေး တစ်ခန်းထဲတွင် ကျွန်ုပ်ကို ထားခဲ့ပြီး ထွက်သွားကာ တစ်မိနစ်လောက် အကြာတွင် သူ့ အစ်ကိုဟု ထင်သည့် လူတစ်ယောက်နှင့် အတူ ပြန်ရောက်လာလေ၏။



မိုင်းကရော့ ဟုမ်း

မိုင်းကရော့ ဟုမ်းမှာ သူ့ညီ ရှားလော့ဟုမ်းထက် အလုံးအဖန် ထွားကျိုင်းသော လူ တစ်ယောက် ဖြစ်ပြီး ခန္ဓာ ကိုယ်ကလည်း ဖိုင့်ဖိုင့် ဖြစ်၏။ မျက်နှာမှာ အနည်းငယ် တစ်တစ် ဖြစ်နေသည့်တိုင် သူ့ညီ ရှားလော့ဟုမ်းကဲ့သို့ ထက်မြက် ပါးနပ်သည့် အသွင် သဏ္ဌာန်ကား မပျောက်သေးချေ။ အပြ ရောင် လဲ့လဲ့ သန်းလျက် ရှိသော မျက်လုံးများမှာ တစ်ဖက်သား၏ ခန္ဓာကိုယ်ထဲ ဖောက်ထွင်း ကြည့်နေသည့်နှယ် ထူးထူးခြားခြား စူးရှ တောက်ပလျက် ရှိရာ ကျွန်ုပ် မိတ်ဆွေကြီး ရှားလော့ဟုမ်း၌ပင်လျှင် သမား ရအောင် ကြိုးပမ်း အားထုတ် ရသည့် အခါမျိုး ကျမှသာလျှင် ထို အကြည့်မျိုးကို တွေ့နိုင်ပေ၏။

မိုင်းကရော့ ဟုမ်းသည် ကျွန်ုပ်ကို မြင်လျှင် လင်းပိုင် ယက်မကြီးများနှင့် တူသည့် လက်ပြားပြားကြီးကို ကမ်းပေးလိုက်ရင်း

'တွေ့ ရ တာ ဝမ်းသာတယ် ခင်ဗျာ ဒေါက်တာက သူ့ မှတ်တမ်းတွေ ရေးလိုက်တော့မှပဲ ရှားလော့ဟုမ်းရဲ့ နာမည်လည်း ပေါ်ပြူလာ ဖြစ်လာတော့တာပဲ၊ နေစမ်းပါဦးကွ ရှားလော့ဟုမ်းလက် စံအိမ်ကြီး အမှုနှင့် ပတ်သက်လို့ ငါနှင့် လာပြီး တိုင်ပင်မလို့ဆို၊ အစ်ပတ်လုံးလုံး မင်းကိုတောင် မျှော်နေသေးတယ်၊ ဘယ့်နှယ်လဲ၊ ခုထက်ထိ အကျပ် တွေ့တုန်းနေပဲလား'

'မဟုတ်ဘူး ခင်ဗျ၊ ရှင်းသွားပြီ' ဟု ရှားလော့ဟုမ်းက ပြုံး၍ ပြောလိုက်၏။

'လက်သည်က အာဒမ်ပဲ မဟုတ်လားကွ'

'ဟုတ်တယ် ခင်ဗျ'

'အစကတည်းက ငါကတော့ တွက်လိုက်ပါတယ်ကွာ၊ ဒီကောင်ပဲ ဖြစ်ရမယ်လို့'

ရှားလော့ဟုမ်းတို့ ညီအစ်ကို နှစ်ယောက်သည် ကလပ်ခန်းထဲရှိ ပြတင်းပေါက်ရှည်ကြီးနားတွင် ဝင်ထိုင်လိုက်ကြ၏။

မိုင်းကရော့က

'လူတွေ အကြောင်းကို လေ့လာချင်ရင် ဒီနေရာ လာပြီးတော့ လေ့လာရ ကောင်းတယ်ကွ၊ ဟောဟိုက လာနေတဲ့ လူနှစ်ယောက်ကို ကြည့်လိုက်ဦး'

'တစ်ယောက်ကတော့ ဘိလိယက်ခုံ မာကာဗျ၊ တစ်ယောက်ကတော့'

'အေး ဟုတ်တယ်၊ တစ်ယောက်က မာကာ၊ တစ်ယောက်ကိုကော မင်း ဘယ်လို ထင်သလဲ'

လူနှစ်ယောက်သည် ပြတင်းပေါက် အနီးတွင် ရပ်လိုက်ကြလေ၏။ ဘိလိယက်ခုံနှင့် ပတ်သက်သော အရာ ဆို၍ လူတစ်ယောက်၏ ကုတ် အင်္ကျီပေါ်တွင် တင်နေသည့် မြေဖြူမှုန့်ကလေးမျှလောက်သာ ကျွန်ုပ်တွေ့သည်။ တခြား တစ်ယောက်မှာ အသား ညိုညို၊ ခပ်ညှက်ညှက် လူတစ်ယောက် ဖြစ်၍ ဦးထုပ်ကို နောက်သို့ ခပ်လန်လန် ဆောင်းထားပြီးလျှင် ချိုင်းကြားတွင် အထုပ်များကို ညှပ်ထားလေ၏။

'စစ်သားဟောင်း တစ်ယောက်ဗျ' ရှားလော့ဟုမ်းက ပြော၏။

'မကြာခင်ကမှ တပ်က ထွက်လာတာကွ' ဟု မိုင်းကရော့က ပြောသည်။

'အိန္ဒိယမှာ အမှုထမ်းလာတာ ခင်ဗျ'

'အရာခံဗိုလ် အဆင့်ကွာ'

'ဘုရင့် အမြောက်တပ်ကဗျာ'

'မုဆိုးဖိုကွ'

'ဒါပေမဲ့ ကလေး တစ်ယောက်တော့ ရှိတယ်ဗျ'





www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက် မဟုတ်ဘူးကွ၊ နှစ်ယောက် နှစ်ယောက်'

ကျွန်ုပ်က ရယ်လိုက်ပြီးလျှင်

'ကဲ ကဲ တော်ကြပါတော့ဗျာ၊ တော်ကြပါတော့၊ ခင်ဗျားတို့ဟာက နည်းနည်းတော့ လွန်လွန်းနေပြီ'

'မခက်ပါဘူးဗျာ၊ လူတစ်ယောက်ဟာ ဒီလို ဟန်ပန် ကိုက်ဆိုက်ရှိ ရှိတယ်၊ အမိန့် ပေးချင်တဲ့ သဏ္ဌာန် ပေါ်တယ်၊ အသားက နေလောင်နေတယ်၊ ဒါတွေကို ကြည့်လိုက်ရင် ဒီလူဟာ စစ်သား ဖြစ်တယ်၊ သာမန် တပ်သားထက် တစ်ဆင့် မြင့်တယ်၊ အိန္ဒိယမှာ အမှုထမ်းပြီး ပြန်လာတာ မကြာသေးဘူး ဆိုတာ အကဲခတ်လို့ လွယ်ပါတယ်'

'ပြီးတော့ အင်မျူနီးရှင်း ဘု လို့ ခေါ်တဲ့ စစ်သုံး ဘွတ် ဖိနပ်ရှည်ကြီး ဝတ်ထားတာ ကြည့်ရင် တပ်က ထွက်လာတာ မကြာသေးဘူး ဆိုတာ ရှင်းပါတယ်ကွ'

'ခြေလှမ်း လှမ်းပုံကတော့ မြင်းတပ်သားတွေ ခြေလှမ်း လှမ်းသလို ကွတ ကွတ မဟုတ်ဘူးဗျ၊ သို့သော်လည်း နဖူး တစ်ဖက်က အသားက ဖြူနေတဲ့ အတွက် ဦးထုပ်ကို တစ်ဖက်ကို စောင်းပြီး ဆောင်းလေ့ ရှိမှန်း သိသာတယ်၊ ပြီးတော့ သူ့ ခန္ဓာကိုယ်ကို ကြည့်ရတာက အင်ဂျင်နီယာတပ်က မဟုတ်ဘူး၊ ဒီတော့ ဒီလူဟာ အမြောက်တပ်က ဖြစ်ရမယ်'

'ပြီးတော့ မျက်နှာက သိပ်မသာယာလှဘူး၊ ဒါကိုထောက်ရင် ချစ်ခင် နှစ်သက်သူ တစ်ဦး မကြာခင်က ဆုံးရှုံးခဲ့တယ် ဆိုတာ ထင်ရှားတယ်၊ ပစ္စည်းတွေကို သူကိုယ်တိုင် ဝယ်လာရတာကို ထောက်ရင် ဆုံးရှုံးခဲ့သူဟာ သူ့ မိန်းမ ဖြစ်ရမယ်၊ ကလေးတွေ အတွက် ကစားစရာ ပစ္စည်းတွေ သူကိုယ်တိုင် ဝယ်လာတာကို မြင်တယ် မဟုတ်လား၊ ကစားစရာထဲမှာ ပလုတ်တုတ်တုတ်ကလေး တစ်ခု ပါလာတယ်၊ ဒါကို ထောက်ရင် ကလေးငယ် ရှိတယ် ဆိုတာလည်း ထင်ရှားတယ်၊ ကြည့်ရတာကတော့ မိန်းမဟာ မီးတွင်းမှာ ဆုံးသွားပုံ ရတာပဲ၊ ချိုင်းကြားထဲမှာ အရုပ် စာအုပ် ညှပ်ထားတာ ထောက်ရင် နောက်ကလေး တစ်ယောက်လည်း ရှိသေးတယ် ဆိုတာ သိရတယ်ဗျ'

သူ့အစ်ကို မိုင်းကရော့သည် စူးစမ်း လေ့လာမှုတွင် သူ့ထက် သာလွန် ကြောင်းကို ရှားလော့ဟုမ်းက ပြောပြဖူးရာ ထိုမျှလောက်နှင့်ပင် ကျွန်ုပ် သဘောပေါက်လိုက်ပေပြီ။ ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို တစ်ချက်မျှ လှမ်းကြည့်၍ ပြုံးပြလိုက်၏။ မိုင်းကရော့သည် အိတ်ထဲမှာ လိပ်ခွံဖြင့် လုပ်ထားသည့် ရှူဆေးဘူးကလေးကို ထုတ်ယူလိုက်ပြီးနောက် ကုတ်အင်္ကျီပေါ်တွင် တင်နေသည့် နှာဆေးမှုန့်များကို အနီရောင် လက်ကိုင်ပဝါဖြင့် ခါနေလေ၏။



'ဒါထက် ငါ့ဆီကို လာ အကူအညီ တောင်းတဲ့ အမှု တစ်ခု ပြောပြရဦးမယ်၊ အမှုက တော်တော်လေး ဆန်းတယ်ကွ၊ ငါကတော့ ပျင်းတာနှင့် အမှုကို အဆုံး ရေဖျား လိုက်ပြီး စုံစမ်း မနေနိုင်ဘူး၊ ဒါပေမဲ့ စဉ်းစားတာကတော့ တော်တော် အရသာ အရှိသား၊ အချက်အလက်တွေကို မင်း ကြားချင်တယ် ဆိုရင်တော့'

'ကြားချင်တာပေါ့ အစ်ကိုကြီးရယ်၊ ပြောစမ်းပါဦး'

မိုင်းကရော့သည် မှတ်စု စာအုပ်ကလေးထဲမှ စာရွက် တစ်ရွက်ကို ဆုတ်ယူလိုက်ပြီးနောက် ခပ်သော့သော့ ရေးပြီးလျှင် ခေါင်းလောင်းကြိုးကို ဆွဲ၍ စားပွဲထိုး တစ်ယောက်ကို အပေးခိုင်းလိုက်လေ၏။

'မစ္စတာ မီးလတ်ကို အခေါ်ခိုင်းလိုက်တယ်ကွ၊ သူက ငါ့ အပေါ်ထပ်ခန်းမှာ နေတယ်၊ သူနှင့် ငါနှင့် သိကျွမ်းသွားကြပြီး အခက်အခဲ ရှိတယ်ဆိုရင် ငါ့ဆီကို လာ လာပြီး အကူအညီ တောင်းနေကျ၊ မစ္စတာ မီးလတ် ဆိုတာ ဂရိ လူမျိုးကွ၊ လူကတော့ ဘာသာစကားမှာ တော်တော် ကျွမ်းကျင်တဲ့ လူပဲဟေ့၊ အလုပ်ကတော့ တရားရုံးတွေမှာ စကားပြန် လုပ်တယ်၊ ပြီးတော့ နော်သမ်ဘာလင် ရိပ်သာ ဟိုတယ်တွေမှာ လာတည်းတဲ့ အရှေ့တိုင်းသားတွေအတွက် လမ်းညွှန်လည်း လုပ်တယ်၊ သူ့ အတွေ့အကြုံကို သူ့ဘာသာသူ ပြောပြလိမ့်မယ်လေ၊ ဟုတ်လား'

ခဏကြာသည့် အခါတွင် အရပ် ပြတ်ပြတ်၊ ကိုယ်လုံးကိုယ်ပေါက် တုတ်တောင့် လူတစ်ယောက်သည် ကျွန်ုပ်တို့ အနီးသို့ ရောက်လာလေ၏။ ထိုလူ ပြောဆိုသော အင်္ဂလိပ် စကားမှာ ပညာတတ်တို့ ပြောလေ့ ရှိသည့် အင်္ဂလိပ် စကား ဖြစ်သော်လည်း သံလွင်ရောင် ဝါလှဲ့လှဲ့ အသားနှင့် မီးသွေးကဲ့သို့ မည်းနက်သော ဆံပင်တို့ကို ထောက်၍ ထိုလူမှာ ဥရောပ တောင်ပိုင်းသား တစ်ယောက် ဖြစ်ကြောင်း သိသာနိုင်ပေ၏။ ထိုလူသည် ရှားလော့ဟုမ်းအား လားရပါးရ လက်ဆွဲ နှုတ်ဆက်ပြီးနောက် သူ့ အဖြစ်အပျက်ကို နားထောင်လို သည်ဟု သိရသည့် အခါ၌ မည်းနက်သော မျက်လုံးများမှာ ထက်သန်မှုကြောင့် တောက်ပလာကြလေ၏။ ထိုလူက စိတ်ပျက်သည့် လေသံဖြင့်

'ပြောရတာ ခက်ပါပေတယ်ဗျာ၊ ပုလိပ်ဘက်က ကျွန်တော့် စကားကို သိပ် ယုံပုံ မရဘူး ခင်ဗျ၊ မယုံတာ သေချာပါတယ်လေ၊ သူတို့က ဒါမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မကြားဖူးတော့ လောကမှာ ဒီလို အဖြစ်အပျက်မျိုးဟာ မဖြစ်နိုင်ဘူး ထင်နေကြတယ်ဗျ။ ဒါပေမဲ့ သူတို့ ယုံတာတွေ မယုံတာတွေ အသာထား၊ ကျွန် အဖို့တော့ မျက်နှာမှာ ပလာစတာကြီး ကပ်ထားရတဲ့ ကျွန်တော့်လူ အသ ဖြစ်သွားတယ် ဆိုတာကို မသိရမချင်း စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်

'ဟုတ်ကဲ့၊ ပြောပါ' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

'ဒီနေ့က ဗုဒ္ဓဟူးနေ့နော်၊ ဟုတ်တယ် ခင်ဗျ၊ ဗုဒ္ဓဟူး ဆိုတော့ ဖြစ် တနင်္လာနေ့ ညမှာ ဖြစ်တာ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတင် ဆိုပါ ဟောဒီက ကျွန်တော့် မိတ်ဆွေကြီးများ ပြောပြီးသား ဖြစ်မလား မသိ ကျွန်တော်က စကားပြန် လုပ်ပါတယ်၊ ဘာသာစကား တော်တော်များများ စကားပြန် လုပ်ပေးပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဇာတိကလည်း ဂရိ နာမည်ကလည်း ဂရိ နာမည် ဆိုတော့ အထူးသဖြင့် ဂရိ စကားကိုပဲ စကား လုပ်တာ များတယ်၊ ကျွန်တော် လန်ဒန်မှာ ဂရိ စကားပြန် လုပ်တာကို နှစ် တော်တော် ကြာပါပြီ၊ အရေးကြီးတဲ့ ကိစ္စတွေမှာ ကျွန်တော်ပဲ စကားပြန် လု တာပါပဲ၊ ဟိုတယ်တွေမှာ ဆိုရင် ကျွန်တော့် နာမည်ကို မသိတဲ့ ဟိုတယ်ရယ် မရှိသလောက်ပါပဲ။

'တစ်ခါ တစ်ခါကျတော့လည်း နိုင်ငံခြားသားတွေ ပြဿနာတွေ ဖြစ် သို့မဟုတ် ခရီးသည်တွေ နောက်ကျ ရောက်လာလို့ အချိန်မတော် ထလိုက်ရ ရတဲ့ အခါလည်း ခဏ ခဏပဲ ခင်ဗျ၊ တနင်္လာနေ့ ညတုန်းကတော့ မ လက်တီမာ ဆိုတဲ့ သပ်သပ်ရပ်ရပ် ဝတ်စားထားတဲ့ လူရွယ် တစ်ယောက် ကျွန်တော့် အခန်း ပေါက်လာပြီး သူနှင့် အတူ လိုက်ခဲ့ဖို့ လာခေါ်တယ် ခင်ဗျ သူ့မှာ ရထား အဆင်သင့် ပါပါတယ်တဲ့၊ ရထားနှင့် လိုက်ခဲ့ပါတဲ့၊ ကျွန်တော် လည်း ဒီလို အချိန် မတော် လာ လာခေါ်တာတွေကို တွေ့ခဲ့ဖူးတော့ ဘာ ထူးထူးထွေထွေ စဉ်းစား မနေတော့ပါဘူး၊ ထလိုက်လာခဲ့တာပါပဲ၊ သူ့ အပြော အရ ဂရိ မိတ်ဆွေ တစ်ယောက်နှင့် စီးပွားရေး အလုပ် ကိစ္စကို ပြောချင်လို့တဲ့ သူကလည်း အင်္ဂလိပ်လို မတတ် ကိုယ်ကလည်း ဂရိလို မတတ်တဲ့ အတွက် စကားပြန် တစ်ယောက်ကို ခေါ်ရတာပါတဲ့၊ သူ့ အပြောအရ ဆိုရင် သူ့ အိမ်က တော်တော် ဝေးမယ့် ပုံပဲ ခင်ဗျ၊ ကင်ဆင်တန် ရပ်ကွက်မှာတဲ့၊ သူ့ကြည့်ရတာ တော်တော့်ကို ရေးကြီးသုတ်ပျာ ဖြစ်နေတယ် ခင်ဗျ၊ အောက် ရောက်ရောက်ချင်း ကျွန်တော့်ကို ရထားပေါ် အတင်း တွန်းထိုးတင်ပြီး သူလည်း ပျာယီးပျာယာ တက်လိုက်လာတယ်။





'ရထားလို့ ကျွန်တော် ပြောခဲ့တယ်နော်၊ ဒါပေမဲ့ အထဲ ရောက်လို့ သေချာချာ ကြည့်လိုက်တော့ ရထားလို့လည်း မခေါ်နိုင်ပြန်ဘူး ခင်ဗျ၊ သူ့ရထား လန်ဒန်မှာ သုံးနေတဲ့ သာမန် လေးဘီး ရထားတွေထက် ကျယ်တယ်၊ ပြီး တော့ အထဲမှာ ဆင်ထားတဲ့ ကူရှင်တို့ ဘာတို့ကလည်း ဟောင်းနွမ်းနေသည့်တိုင် အတောင်းစားတွေ ခင်ဗျ၊ မစ္စတာ လက်တီမာက ကျွန်တော်နှင့် မျက်နှာချင်း ခုံမှာ ထိုင်လိုက်လာတယ်၊ ကျွန်တော်တို့လည်း ချယ်ရင်ကရော့ ရပ်ကွက်ကို ပြီး ရှပ်စဘာရီကို ရောက်လာကြတယ်၊ နောက် အောက်စဖို့ လမ်းထဲ ရောက် အခါကျတော့ ကျွန်တော်က ကင်ဆင်တန် ရပ်ကွက်ကို သွားတာ ဝေးလှချေ ား၊ ဘာဖြစ်လို့ ကွေ့ပတ် မောင်းနေရတာလဲလို့ မေးမလို့ စကား စလိုက်တယ်၊ ပေမဲ့ ကျွန်တော့်ကို လာခေါ်တဲ့ လူရဲ့ အပြုအမူကို ကြည့်ပြီး ကျွန်တော်လည်း ကားကို ဆုံးအောင် မမေးနိုင်ဘဲ ဖြစ်သွားတယ်။

'ကျွန်တော်ကလည်း မေးလိုက်ရော၊ သူက ထိပ်မှာ ခဲသီး တပ်ထားတဲ့ တင်းပုတ် တစ်ခုကို အိတ်ထဲက ဆွဲထုတ်ပြီး အလေးချိန်ကို ဆကြည့်တဲ့ အနေနှင့် တင်းပုတ်ကို ရှေ့နောက် ကိုင်ပြီး ယမ်းနေတယ် ခင်ဗျ၊ ပြီးတော့ စကား တစ်လုံး မပြောဘဲ တင်းပုတ်ကို ဘေးနားက ထိုင်ခုံပေါ် ချ ထား လိုက် တယ်၊ ထား ပြတင်း နှစ်ချပ်ကို ည်း ဆွဲပိတ်လိုက်တယ်၊ ထား ပြတင်းကို ကြည့် လိုက်တော့ မှန်တွေပေါ်မှာ ကူတွေ ကပ်လို့ ခင်ဗျ၊ ပြင်ဘက်ကို ကျွန်တော် မမြင်စေချင်တဲ့ သဘော ပုံပါတော့ ခင်ဗျာ။

'"တံခါးတွေကို ပိတ်လိုက်ရတဲ့ အတွက် ခံနည်းပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ သွားရ မယ့် နေ ရာ ကို ခင်ဗျား



'ရထား ပြတင်း နှစ်ချပ်ကိုလည်း ဆွဲပိတ်လိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



မမြင်စေချင်လို့ပါ၊ ကျွန်တော်တို့ သွားနေတဲ့ နေရာကို ခင်ဗျား သိသွားရင် ကျွ တော့် အတွက် မကောင်းလို့ပါ''

'ကျွန်တော်လည်း သူ့ စကားတွေကို ကြားတော့ အံ့အားသင့်နေတာ ခင်ဗျ၊ လူက ဗလ ကောင်းကောင်း၊ ပခုံး ကျယ်ကျယ်ရယ်၊ လက်နက် မပါ နှစ်ယောက်ချင်း ဒီအတိုင်း သတ်ဦး ကျွန်တော် သူ့ကို နိုင်ဖို့ သိပ်မလွယ်လှဘူး

' ''မစ္စတာ လက်တီမာ လုပ်ပုံ ကိုင်ပုံတွေကတော့ ကျွန်တော့် အံ့ တော်တော် ထူးဆန်းနေတာပဲ၊ ခင်ဗျား လုပ်နေပုံဟာ တရားဥပဒေနှင့် မညီဘူး ဆိုတာလည်း နည်းနည်းတော့ သတိထားစေချင်တယ်ဗျ'' လို့ ကျွန်တော်က တရဲနှင့် ပြောတယ် ခင်ဗျ။

' ''ဟုတ်ပါတယ်ဗျာ၊ လူတစ်ယောက်ရဲ့ လွတ်လပ်မှုကို ပိတ်ပင်ရတယ် ဆိုတာ ကောင်းတော့ မကောင်းပါဘူး၊ ဒါပေမဲ့ မတတ်နိုင်ဘူးဗျာ၊ ဒီအတိုင်း လုပ်ရတော့မှာပဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီနေ့ည ကျွန်တော်တို့ဆီ ရောက်လို့ အော လား ဟစ်လား လုပ်ရင်တော့ ပြဿနာက တော်တော်လေး ဆိုးသွားလိမ့်မယ် တစ်ခုတော့ ခင်ဗျား သိထားစေချင်တယ်၊ ခု ခင်ဗျားကို ခေါ်သွားတာကို ဘယ် သူမှ သိတာ မဟုတ်ဘူး၊ ရထားပေါ်မှာ ဖြစ်ဖြစ် ကျွန်တော့် အိမ်မှာ ဖြစ်ဖြစ် ခင်ဗျားဟာ ကျွန်တော့် လက်ထဲမှာ ရှိတယ် ဆိုတာကိုတော့ မှတ်ထားပါ''

'သူ စကား ပြောနေပုံကတော့ ခပ်အေးအေးပဲ ခင်ဗျ၊ ဒါပေမဲ့ သူ ပြောနေပုံက ခြိမ်းခြောက်သံ ပါနေပြီး တကယ် လုပ်မယ့်ပုံ ပေါ်နေတယ်၊ ဒါ နှင့် ကျွန်တော်လည်း ဘာမှ ဆက်မပြောတော့ဘဲ ထိုင်လိုက်လာတယ်၊ စိတ် ထဲမှာတော့ ငါ့ကို ဘာဖြစ်လို့များ ပြန်ပေးဆွဲသလို ဆွဲလာပါလိမ့်မလဲလို့ တွေး လာတာပေါ့ ခင်ဗျာ၊ ဘာပဲဖြစ်ဖြစ် ခုခံလို့ အော်လား ဟစ်လား လုပ်လို့ကတော့ အကြောင်း ထူးမယ် မထင်တော့ဘူးဗျ၊ ကမ္ဘာသကာပဲလို့ အောက်မေ့ပြီး အသာ လိုက်လာခဲ့တယ်။

'ရထား မောင်းလာတာ နှစ်နာရီ သာသာ ရှိနေပြီ၊ သွားတဲ့ နေရာ မရောက်သေးဘူး ခင်ဗျ၊ ဘယ်သွားလို့ သွားနေမှန်းလည်း မသိရဘူး၊ တစ်ခါ တလေကျတော့ ကျောက်စရစ် ခဲလုံးတွေကို ကြိတ်သံ ကြားရတဲ့ အတွက် ဒါ ဖြင့် ကျောက်စရစ်လမ်း ဆိုတာ သိလိုက်ရဲ့၊ ချောချောမွေ့မွေ့ သွားနေတာကို ကြည့်ပြီး ကတ္တရာလမ်းပဲ ဖြစ်မှာပဲလို့ မှန်းကြည့်တဲ့ အခါလည်း မှန်းကြည့်ပေါ့ လေ၊ ကျွန်တော် သွားနေတဲ့ ခရီးကို ခန့်မှန်းကြည့်ဖို့ ဒီအသံက လွဲရင် တခြား ခန့်မှန်းကြည့်စရာ ဆိုလို့ ဘာမှ အထောက်အကူ မရဘူး ခင်ဗျ၊ ရထား ပြတင်းမှာ





ပ်ထားတဲ့ စက္ကူကလည်း အလင်းရောင်ကိုတောင် မမြင်ရဘူး၊ ပြီးတော့ ရှေ့ မှန်ကိုလည်း အဝတ်နက်ကြီးနှင့် အုပ်ထားလိုက်သေးတယ်၊ ပေါလ်မောက က်လာတုန်းက ခုနစ်နာရီ ဆယ့်ငါးမိနစ် ခင်ဗျ၊ ရထား ရပ်လို့ နာရီကို ငုံ့ ကြည့်လိုက်တဲ့ အခါ ကျတော့ ကိုးနာရီ ထိုးဖို့ ဆယ်မိနစ်ပဲ လိုတော့တယ် ခင်ဗျ၊ န်တော့်ကို ခေါ်လာတဲ့ လူက ဒီတော့ ပြတင်း တံခါးကို အောက်ဆွဲ ချလိုက် ယ်၊ ကြည့်လိုက်တော့ မှခ်ဦးလိုလို ဘာလိုလိုနှင့် ခြံဝင်းဝ တစ်ခု၊ မီးအိမ် စ်လုံး ထွန်းထားတယ်၊ ကျွန်တော်လည်း ရထားပေါ်က ဆင်းလိုက်ရော ဝင်း ခါးဟာ ချက်ချင်း ပွင့်လာပြီး ကျွန်တော်လည်း အိမ်တစ်အိမ်ထဲ ရောက်သွား ကိုပဲ သိလိုက်တော့တယ် ခင်ဗျ၊ ဝင်လာတုန်းက လမ်း တစ်ဖက်တစ်ချက်မှာ တ်ခင်း တစ်ခုနှင့် သစ်ပင်တွေ စီတန်း ပေါက်နေတယ် ဆိုတာလောက်ကိုတော့ ဆိုးဝါးတား သတိထားခဲ့မိရဲ့၊ ကျွန်တော့် စိတ်ထဲမှာ လန်ဒန်မြို့က အိမ်ဝင်း စ်ဝင်းလား တောရွာ တစ်ရွာလား ဆိုတာ ဝေခွဲလို့ မရဘဲ ဖြစ်နေတယ်။

'အိမ်ထဲမှာ ဓာတ်ငွေ့မီးကို မှိန်မှိန်လေး ထွန်းထားတယ် ခင်ဗျ၊ ဒီအထဲ အပေါ်က ရောင်စုံ စက္ကူ အုပ်ထားသေးတော့ ဘာကိုမှ သဲသဲကွဲကွဲ မမြင် ား၊ ကျွန်တော်တို့ ဝင်သွားတဲ့ အခန်းက မကျဉ်း မကျယ် ဆိုတာရယ်၊ နံရံ ပန်းချီကားတွေ ချိတ်ထားတယ် ဆိုတာရယ်၊ ကျွန်တော်တို့ကို တံခါး လာဖွင့် တဲ့ လူက အရပ် ပုပု၊ ခပ်စုတ်စုတ်၊ ပခုံး ဝိုင်းဝိုင်းနှင့် လူလတ်ပိုင်း အရွယ် ကျား တစ်ယောက် ဆိုတာရယ်၊ ဒီလောက်ကိုပဲ ကျွန်တော် သတိထားလိုက် ယ်၊ အလင်းရောင်က မှိန်နေတော့ ဒီထက် ဘာမှ ပိုပြီး သဲသဲကွဲကွဲ မမြင်ရ ခင်ဗျ၊ ကျွန်တော်တို့ဘက်ကို လှည့်လိုက်တဲ့ အခါကျတော့ မီးရောင် လက် လက်သွားတဲ့ အတွက် ဒီလူမှာ မျက်မှန် တပ်ထားတယ် ဆိုတာကို ကျွန်တော် လိုက်ရတယ်။

' ''မစ္စတာ မီးလတ် ဆိုတာ သူလား ဟာရိုး'' လို့ မေးတယ်။

' ''ဟုတ်ပါတယ်''

' ''အေးကွယ်၊ လုပ်ပုံက သပ်ရပ်သားပဲ၊ ဘယ်လိုမှ စိတ်မရှိနှင့်နော် စ္စတာ မီးလတ်၊ ခင်ဗျား ပါမှ ဖြစ်မှာမို့ ခင်ဗျားကို ခေါ်ရတာ၊ ကျုပ်တို့ကို ာင်းကောင်း မွန်မွန် ဆက်ဆံရင် ခင်ဗျား အဖို့ နောင်တ သံဝေဂ ရစရာ ိုဘူးပေါ့ဗျာ၊ ဒီလိုမှ မဟုတ်ဘဲ ကျုပ်တို့ကို ယီးတီးယားတား လုပ်ရင်တော့ ရား တရားသာ အောက်မေ့ပေတော့ဗျ''

'သူ စကား ပြောပုံက ခပ်ထစ်ထစ်ရယ် ခင်ဗျ၊ တစ်ချက် တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်သေးတယ်၊ ဘယ်လိုဖြစ်ဖြစ် ကျွန်တော်တော့ သူ့ မြင်တာနှင့် နည်း
ကျော့ချမ်းလာပြီ၊ ဟိုလူထက်တောင် လန့်စရာ ကောင်းတယ်လို့ ထင်လို
တယ် ခင်ဗျ။

' ''ကျွန်တော် ဘာလုပ်ပေးရမှာလဲ''

' ''ကျုပ်တို့ဆီကို အလည် ရောက်နေတဲ့ ဂရိ မိတ်ဆွေ တစ်ဦး
မေးခွန်းလေး နည်းနည်းပါးပါး မေးပေးပြီး သူ ဖြေတာကလေးတွေကို
ပြောရုံပါပဲ၊ ဒါပေမဲ့ အပြော ခိုင်းတာထက်တော့ ပိုပြီး မပြောနှင့်နော်''
ပြောပြီး တခစ်ခစ် ရယ်ပြန်တယ် ခင်ဗျ၊ ပြီးတော့မှ ''အေးလေ၊ လူ့ပြည်
ကြာကြာ မနေချင်ဘူး ဆိုရင်တော့ အပိုဆာဒါးတွေ ခင်ဗျား ဘာသာ ပြော
ရင်လည်း ထည့်ပြောပေါ့'' တဲ့။

'သူက တံခါး အဖွင့်ခိုင်းလိုက်ပြီး ကျွန်တော့်ကို အခန်း တစ်ခန်းထဲ
အဝင်ခိုင်းတယ် ခင်ဗျ၊ အခန်းကဖြင့် တော်တော့်ကို သားနားတာပဲ ခင်ဗျ
ဒါပေမဲ့ အခန်းထဲမှာ မီးအိမ် တစ်လုံးပဲ ထွန်းထားပြီး အပေါ်က အုပ်ဆောင်း
အုပ်ထားတယ် ခင်ဗျ၊ အခန်းက တော်တော်လေး ကျယ်ပြီးတော့ ခင်းထားလို
တဲ့ ကော်ဇောကြီးကလည်း နင်းလိုက်တာနှင့် အိနေတာပဲ ခင်ဗျ၊ ကုလားထိုင်
တွေက ကတ္တီပါအုပ် ကုလားထိုင်ကြီးတွေ ခင်ဗျ၊ မီးဖိုဘောင်ပေါ်က နာရီ
ကလည်း ကျောက်ဖြူသားနှင့် လုပ်ထားတာ၊ နာရီစင်ရဲ့ ဘေးမှာ ဂျပန် စစ်သည်
တွေ ဝတ်တဲ့ သံကျပ် အင်္ကျီကြီးကို အလှ ချိတ်ထားတယ် ခင်ဗျ၊ မီးတိုင်နား
ကုလားထိုင် တစ်လုံး ရှိတယ်၊ လူကြီးက ကျွန်တော့်ကို အဲဒီမှာ ထိုင်ဖို့ အချက်
ပြတယ် ခင်ဗျ၊ လူငယ်က ထွက်သွားတယ်၊ ဒါပေမဲ့ ချက်ချင်း ဆိုသလိုပဲ တခြား
တံခါးပေါက် တစ်ပေါက် ကနေပြီး ပြန်ဝင်လာတယ် ခင်ဗျ၊ ဝတ်စုံ အင်္ကျီ
ကြီးကို ဝတ်ထားတဲ့ လူတစ်ယောက်ကိုလည်း ခေါ်လာတယ်၊ သူက နောက်
တုံ့နှေး တုံ့နှေးနှင့် လိုက်လာတယ်၊ အလင်းရောင်ထဲ ရောက်လို့ အဲဒီလူရဲ့ မျက်နှာ
ကို မြင်လိုက်တဲ့ အခါကျတော့ ကျွန်တော့် တစ်ကိုယ်လုံး ဘယ်လို ဖြစ်သွား
မှန်း မသိဘူး ခင်ဗျာ၊ ကြက်သီးတွေ တဖြန်းဖြန်း ထပြီး လူ တစ်ကိုယ်လုံးလည်း
အေးစက်သွားတယ်လို့ ထင်လိုက်မိတယ်၊ သူ့ မျက်နှာက လူသေရဲ့ မျက်နှာလို
ဖြူဖပ်ဖြူရော် ဖြစ်ပြီး အလွန်အမင်း ပိန်ချုံး ချောင်ကျလို့ ခင်ဗျ၊ မျက်လုံးကြီး
တွေက ပြူးပြီး တောက်ပနေတဲ့ အတွက် ကိုယ်ခန္ဓာ သေးသလောက် စိတ်တန်ခိုး
သတ္တိ ကောင်းတဲ့ လူတစ်ယောက် ဆိုတာ ထင်ရှားတယ် ခင်ဗျ၊ ဒါပေမဲ့ ကျွန်
တော်ဖြင့် သူ့ကို ကိုယ်ခန္ဓာ အားနည်း ဖျော့တော့လို့ သနားတာထက် သူ့မျက်နှာ







'ကျွန်တော့် တစ်ကိုယ်လုံး
ဘယ်လို ဖြစ်သွားမှန်း မသိဘူး ခင်ဗျာ'

ပေါ်မှာ ပလာစတာတွေ ရှုပ်ယှက် ခတ်အောင် ကပ်ထားတာကို ကြည့်ပြီး စိတ်
ကောင်းလိုက်တာ ခင်ဗျာ၊ ဒီအထဲမှာ ပလာစတာ ကြီးကြီး တစ်ခုနှင့် ပါးစပ်ကို
ပိတ်ထားလိုက်သေးတယ် ခင်ဗျ။

'အဲဒီ လူက ကုလားထိုင်ပေါ်ကို အရုပ်ကြိုးပြတ်လည်း ထိုင်ချလိုက်ရော
''ဟေ့ ဟာရိုး၊ မင်းမှာ ကျောက်သင်ပုန်း ရှိရဲ့လား'' လို့ လူကြီးက လူငယ်ကို
လှမ်းမေးလိုက်တယ် ခင်ဗျ။

' ''လက်ကိုရော ကြိုးဖြေပြီးပလား၊ ဖြေပြီးရင် ကျောက်တံ ပေးလိုက်
မ်း၊ မစ္စတာ မီးလတ် ခင်ဗျားက မေးခွန်းတွေ မေးပေးရမယ်၊ သူ အဖြေကို
ရေးပေးလိမ့်မယ်၊ စာရွက်ပေါ်မှာ လက်မှတ် ထိုးပေးမလား ဆိုတာ မေးပါ''

'သူ့ မျက်လုံးတွေက ဝင်းဝင်း တောက်လာကြတယ် ခင်ဗျ။

' ''ဘယ်တော့မှ မထိုးဘူး'' လို့ ကျောက်သင်ပုန်းပေါ်မှာ ရေးပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



' "ဘယ်လို ခြွင်းချက်မျိုး ရရင် ထိုးမလဲ" လို့ ကျွန်တော်က သူ့ အမေးခိုင်းတဲ့ အတိုင်း မေးရတယ်။

' "သူ့ကို ကျုပ် သိတဲ့ ဂရိ ဘုန်းကြီး တစ်ပါးက ကျုပ် ရှေ့မှာ လက် ထပ်ပေးရမယ်"

'လူကြီးက သူ့ ထုံးစံအတိုင်း တခစ်ခစ် ရယ်ပြန်တယ် ခင်ဗျ။

' "မထိုးရင် ဘာဖြစ်မယ် ဆိုတာ သိရဲ့လား"

' "ဘာဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ပါဘူး"

'ဒါကျတော့ ကျွန်တော် မေးရတဲ့ အမေး အဖြေကို ဥပမာ သဘော လောက် ကျွန်တော် ပြောပြတာပါ၊ ကျွန်တော်က ပါးစပ်နှင့် မေး၊ သူက လက် နှင့် ရေးပြပေါ့လေ၊ ကြားထဲမှာ ဖြတ်ပြီး လက်မှတ် ထိုးမလား ဆိုတာကိုလည်း မကြာခဏ မေးရတယ် ခင်ဗျ၊ သူကလည်း မထိုးနိုင်ဘူးလို့ချည်းပဲ ပြောတာ ဒီတွင် ကျွန်တော် စိတ်ကူး တစ်ခု ပေါက်လာတယ် ခင်ဗျ၊ ကျွန်တော်က ကျွန် တော့် ဘာသာ မသိလိုက် မသိဘာသာ မေးခွန်း အပိုကလေး ထည့်ထည့် မေး မိတယ်၊ အစတုန်းကတော့ အရေးမကြီးတဲ့ မေးခွန်းကလေးတွေပါပဲ၊ ကျွန်တော် အပို ထည့်မေးတာကို သူတို့ သိသလား မသိဘူးလားလို့ စမ်းရုံလောက်ပါ၊ ကျွန် တော် အပို ထည့်မေးတာ သူတို့ မသိဘူး ဆိုတာ တွေ့တဲ့ အခါကျတော့ ကျွန် တော်လည်း အရေးကြီးတဲ့ မေးခွန်းတွေကို ထည့် ထည့် မေးလိုက်တယ်၊ ကျွန် တော်တို့ နှစ်ယောက်ရဲ့ အမေး အဖြေ သဘောကို နားလည်အောင် ကျွန်တော် ဒီလို ပြောပြပါ့မယ်။

' "ခင်ဗျား ဒီလို ခေါင်းမာနေရင် ဒုက္ခ ရောက်လိမ့်မယ်၊ (ခင်ဗျား နာမည် ဘယ်သူလဲ)"

' "ကျွန်တော် လက်မှတ် မထိုးနိုင်ဘူး၊ (ကျွန်တော်က လန်ဒန်မှာ ခဏ ရောက်နေတဲ့ လူပါ)"

' "ဒီလိုဆိုရင်တော့ ခင်ဗျား ကံကြမ္မာကို ခင်ဗျား ဘာသာ ဖန်တီးတာ ပဲ၊ (ဒီကို ရောက်တာ ဘယ်လောက် ကြာပလဲ)"

' "ကိစ္စ မရှိပါဘူး၊ ဖြစ်သလိုပေါ့၊ (သုံးပတ် ရှိပြီ)"

' "ဒီပစ္စည်းကိုတော့ ခင်ဗျား ဘယ်တော့မှ ပြန်မရတော့ဘူး မှတ်ထား လိုက်ပါ၊ (ဘာဖြစ်တာလဲ)"

' "လူဆိုးတွေ လက်ကိုတော့ အရောက် မခံနိုင်ဘူး၊ (ကျုပ်ကို အစာ ငတ် ထားကြတယ်)"





' " လက်မှတ် ထိုးလိုက်ရင်တော့ ပြန်လွှတ်လိုက်မယ် (ဒါ ဘယ်သူ့ အိမ်လဲ) "

' "ဘယ်တော့မှ လက်မှတ် မထိုးနိုင်ဘူး၊ (မသိဘူး)"

' "ခင်ဗျားဟာ သူ့ကို ထိခိုက်အောင် လုပ်နေတာနှင့် အတူတူပဲ၊ (ခင်ဗျား နာမည် ဘယ်သူလဲ)"

' "သူ ကိုယ်တိုင်က ဒီလို ပြောပါစေ၊ (ကရာတီဒီ ပါ)"

' "လက်မှတ် ထိုးရင် သူနှင့် တွေ့ရမယ်၊ (ခင်ဗျား ဘယ်ကလဲ)"

' "မတွေ့ရချင်ရင်လည်း နေပေစေပေါ့၊ လက်မှတ်တော့ မထိုးနိုင်ဘူး၊ (အေသင်ကပါ)"

'စုံထောက်ကြီးရေ၊ နောက် ငါးမိနစ်လောက် ကြာတော့ ကျွန်တော်လည်း သူတို့ ရှေ့မှောက်မှာပဲ အဖြစ်အပျက် အလုံးစုံကို သိလာရပြီ ခင်ဗျ၊ နောက် မေးခွန်း တစ်ခုလောက် မေးလိုက်ရင် တော်တော်လေးကို ရှင်းသွားတော့မှာ ဒီလို နေတုန်း တံခါး ပွင့်လာပြီး မိန်းမ တစ်ယောက် ဝင်လာတယ် ခင်ဗျ၊ မိန်းမ က အရပ် မြင့်မြင့် တော်တော် ကျက်သရေ ရှိတဲ့ မိန်းမ ခင်ဗျ၊ ဆံပင်တွေက နက်မှောင်လို့၊ ဝတ်ရုံဖြူ ခပ်ပွပွ တစ်ထည်ကို ဝတ်ထားတယ်၊ မီးရောင်က မှိန်တော့ ဒီလောက်ပဲ သူ့ကို မြင်လိုက်ရတယ်။

'အဲဒီ မိန်းမက အသံ ဝဲဝဲနှင့် "ကျွန်မ တစ်ယောက်တည်း အပေါ်ထပ် မှာ နေရတာ ငြီးငွေ့လှပြီ၊ ကျွန်မမှာ အပျင်းဖြေစရာ ဆိုလို့၊ ဟင် ဘုရားရေ၊ ပေါလ်ပါလား" လို့ ပြောတယ် ခင်ဗျ။

'စောစောတုန်းကတော့ အင်္ဂလိပ်လို ပြောတာပဲ၊ နောက်ဆုံး စကားလုံး တွေကိုတော့ ဂရိလို ပြောလိုက်တာ ခင်ဗျ၊ ဒီတွင် ထိုင်နေတဲ့ လူက ပါးစပ်က လာစတာတွေကို ဆွဲခွာလိုက်ပြီး ဆိုဖီ ဆိုဖီလို့ အော်ခေါ်ပြီး အမျိုးသမီးကို ပြေးဖက်တယ် ခင်ဗျ၊ ဒါပေမဲ့ လူငယ်က အမျိုးသမီးကို ဆွဲခေါ်ပြီး အခန်းပြင်ကို တွန်းထုတ်လိုက်တယ်၊ လူကြီးကတော့ ကျွန်တော် မေးတဲ့ လူကို အသာကလေး ဆွဲခေါ်ပြီး အခန်း တစ်ခန်းထဲကို သွင်းသွားတယ် ခင်ဗျ၊ အခန်းထဲမှာ ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။

' ဒီတော့မှ ကျွန်တော်လည်း ကျွန်တော် ရောက်နေတဲ့ အိမ်ဟာ ဘယ်လို အိမ်မျိုး ဆိုတာ သိချင်လာတာနှင့် သဲလွန်စလေး ဘာလေးများ ရမလားလို့ အကဲခတ်မယ် ဆိုပြီး ထိုင်ရာက ထလိုက်တယ်၊ ဒါပေမဲ့ တော်သေးတာပေါ့ ခင်ဗျာ၊ ကျွန်တော်က ခြေလှမ်း မလှမ်းခင်မှာ တံခါးဝကို လှမ်းကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com





'ဆိုဖီ ဆိုဖီလို့ အော်ခေါ်ပြီး ...'

လူကြီးက ကျွန်တော့်ကို မဲ့ စိန်းကြီး ကြည့်နေတယ် ခင်ဗျ။

' "တော် လောက် ပြီ မစ္စတာ မီးလတ်၊ ကျုပ်တို့ အတွင်းရေး ကိစ္စ ကလေးတွေ ကို ခင်ဗျားကို ယုံယုံ ကြည် ကြည်နှင့် အသိ ပေးခဲ့ပြီးပေါ့၊ ခင်ဗျားကို ဒုက္ခ ပေး ရ တာ အားနာပါတယ်ဗျာ၊ ဂရိ စကား ပြောပြီး ကျုပ်တို့နှင့် ဆွေမျိုး ဆွေးနွေးတဲ့ လူကိုလည်း ကျုပ် တို့ ပြန်ပို့လိုက်ရတော့မှာပေါ့၊ ခင်ဗျားလို စကားပြန်မျိုးနှင့် လာတွေ့ရတဲ့ အတွက်လည်း ဝမ်းသာပါတယ်"

'ကျွန် တော် လည်း ခေါင်း ညိတ် လိုက်ရတာပေါ့ လေ။

' "ဟောဒီမှာ ရွှေဒင်္ဂါး ငါးပြားဗျ၊ ဒီလောက် ဆိုရင် ခင်ဗျားလည်း ကျေနပ်လိမ့်မယ် ထင်ပါရဲ့" လို့ ပြောပြီး ကျွန်တော့်ဆီကို လျှောက်လာတယ်ဗျ၊ အနား ရောက်တော့ စောစောကလိုပဲ တခစ်ခစ် ရယ်ရင်း ကျွန်တော့် ရင်ဘတ် ကို လက်နှင့် ခေါက်ပြီး

' "တစ်ခုတော့ မှတ်ထားနော်၊ ဒီကိစ္စ ဘယ်သူ့ကိုမှ မပြောပါနှင့် ဘယ်သူဆို ဘယ်သူ့ကိုမှ မပြောပါနှင့်၊ ပြောပြီ ဆိုရင်တော့ ခင်ဗျား ဘုရား တရားသာ အောက်မေ့ပေတော့"

'လူပုံကို ကြည့်တော့ သေးသေး ညှက်ညှက်ရယ်၊ အလကား ပါးရှားလို လူမျိုး၊ ဒီလူကို ကြည့်ပြီးတော့ ကျွန်တော့် စိတ်ထဲမှာ စက်ဆုပ်လိုက်တာ ခင်ဗျား မပြောပါနှင့်တော့၊ မီးရောင် ထိုးထားတော့ ခုမှ သူ့ မျက်နှာကို သေသေချာချာ မြင်ရတာကိုး ခင်ဗျ၊ မျက်နှာက ဝါကြန့်ကြန့်နှင့်၊ လူကလည်း ကုပ်ချောင်းချောင်း ကြည့်ပုံကလည်း စောင်းကန်းကန်းနှင့် ခင်ဗျ၊ မုတ်ဆိတ် ချွန်ချွန်ကလေးကလည်း



ကြိုးတိုးကျဲတဲရယ်၊ ဒီအထဲမှာ ညစ်ပတ်လိုက်သေးတာယ်၊ အဲ့/ စကားအရပြောရင် နှာကြီးကို ရှေ့တိုးတိုးလာတယ် ခင်ဗျ၊ သူ့ နှုတ်ခမ်းတွေနှင့် မျက်ခွံတွေက ကြောဆွဲနေတဲ့ လူလို အမြဲတမ်း ရွဲ့ရွဲ့သွားလိုက်သေးတယ်၊ ခစ်ခစ် ခစ်ခစ်နှင့် ရယ် နေတာဟာလည်း အာရုံကြော ရောဂါ တစ်ခုခုကြောင့် ဖြစ်မှာပဲလို့ ကျွန်တော် တွက်လိုက်တယ်၊ ဒါပေမဲ့ သူ့ မျက်နှာမှာ ကြောက်စရာ အကောင်း ဆုံးကတော့ မျက်လုံးတွေပဲ ခင်ဗျ၊ မျက်လုံးတွေက သံမဏိရောင် ပြာလို့၊ လက် ပုံကလည်း ကြောက်စရာကြီး၊ တော်တော် ရက်စက်မယ့်ပုံပဲ။

' "ခင်ဗျားက တစ်ယောက်ယောက်ကို ပြန်ပြောတယ် ဆိုရင်တော့ ကျုပ်တို့ မသိဘဲ မနေပါဘူး၊ ကျုပ်တို့မှာ ပြန်ပြီး ကြားနိုင်တဲ့ နည်းတွေ အများ ကြီးပဲ၊ ကဲ အပြင်မှာ ရထား စောင့်နေတယ်၊ ကျုပ်တို့ လူက ခင်ဗျားကို လိုက် ပို့လိမ့်မယ်"

'ကျွန်တော့်ကို ခန်းဆောင်ထဲက ခပ်သုတ်သုတ် ဖြတ်ခေါ်သွားတယ် ခင်ဗျ၊ ရထားပေါ် တက်လာတော့ စောစောတုန်းကလိုပဲ သစ်ပင်တန်းတွေ ပေါက်နေတာကိုတော့ သတိပြုလိုက်မိတယ်၊ မစ္စတာ လက်တီမာက ကျွန်တော့် နောက်က တက်လိုက်လာပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်တယ်၊ စကားတော့ တစ်လုံးမှ မပြောဘူး၊ ဒီလိုနှင့် ကျွန်တော်တို့ ရထား ထွက်လာတယ် ခင်ဗျ၊ ဝေးလိုက်တဲ့ ခရီး ခင်ဗျာ၊ တစ်လမ်းလုံး တစ်ယောက်နှင့် တစ်ယောက် လည်း စကား မပြောကြဘူး၊ ပြတင်းပေါက်တွေကလည်း ပိတ်ထားလိုက်သေး တယ်၊ ဒီလိုနှင့် မောင်းလာလိုက်တာ သန်းခေါင်ကျော်လောက်ကျတော့ ရထား လည်း ရပ်သွားတယ် ခင်ဗျ။

' "ကဲ မစ္စတာ မီးလတ်၊ ဒီမှာ ဆင်းပေတော့၊ ခင်ဗျား အိမ်နှင့် တော် တော် ဝေးဝေးမှာ ချပစ်ခဲ့ရတဲ့ အတွက် စိတ်တော့ မကောင်းပါဘူး၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ရထား နောက်ကို လိုက်ဖို့တော့ မကြိုးစားနှင့်၊ ကြိုးစားရင် ခင်ဗျား ဒုက္ခ ရောက်မှာပဲ"

'သူက ပြောပြောဆိုဆိုနှင့် ရထား တံခါးကို ဖွင့်ပေးတယ်၊ ကျွန်တော် လည်း ရထားပေါ်က ဆင်းရော ရထားလည်း တစ်ဟုန်ထိုး ထွက်သွားတာပဲ ခင်ဗျ၊ ကျွန်တော်လည်း ပတ်ပတ်လည်ကို တအံ့တဩနှင့် ကြည့်လိုက်မိတယ်၊ သက်စသတ်တော့ ကျွန်တော့်ကို ဖြုတ်တောကြီးထဲ ချပစ်ခဲ့တာ ခင်ဗျ၊ ကွင်း ခေါင်ခေါင်ကြီး၊ ဖြုတ်တောကလေးတွေက ဟိုနား တစ်စု ဒီနား တစ်စု ရှိတယ် ခင်ဗျ၊ ဟိုအဝေးမှာ မီးရောင် လက်လက်နှင့် အိမ်စုစုကလေးတွေကိုတော့ မြင်



www.burmeseclassic.com

www.burmeseclassic.com

ရရဲ့၊ ဓာတ်စ်ဖက်ကို လှမ်းကြည့်လိုက်တော့ မီးနီ ပြထားတဲ့ အလံတိုင်ကို မြင်ရလို့ ရထားလမ်းမှန်း သိလိုက်ရတယ်။

'ကျွန်တော့်ကို လိုက်ပို့တဲ့ ရထားကတော့ ဒုန်း မောင်းသွားလိုက်တာ အရိပ်အယောင်ကိုတောင် မမြင်ရတော့ဘူး၊ ကျွန်တော်လည်း ယောင်လည်လည်နှင့် ရပ်ရင်း ဘယ်နားများ ရောက်နေသလဲလို့ စဉ်းစားနေမိတယ်၊ ဒီတုန်း လူတစ်ယောက် အမှောင်ကြီးထဲမှာ ကျွန်တော့်ဆီကို လာနေတာ မြင်ရတာ ခင်ဗျ၊ အနား ရောက်တော့မှ မီးရထား အလုပ်သမား တစ်ယောက် ဖြစ်နေတာကို တွေ့ရတယ်။

' ''ရဲဘော်ကြီး၊ ဒီနေရာက ဘာခေါ်သလဲဗျ'' လို့ ကျွန်တော်က မေးလိုက်တယ်။

' ''ဝါ့ချွာ့ဘူတာဗျ''

' ''လန်ဒန်ကို ရထား ရပါဦးမလား''

' ''တစ်မိုင် သာသာ လောက် သွားလိုက်ရင် ကလက်ဟန် လမ်းဆုံကို တွေ့လိမ့်မယ်၊ နောက်ဆုံး ရထားကို မီရုံက လေးပဲ ရှိမယ်''



'လူတစ်ယောက် အမှောင်ကြီးထဲမှာ ကျွန်တော့်ဆီကို လာနေတာ မြင်ရတယ်'

'အဲဒါကတော့ ကျွန်တော့် စွန့်စားခန်းကလေးပဲ ဆိုပါတော့ မစ္စတာ ဟုမ်းရယ်၊ ခင်ဗျားကို ပြောတာက လွဲရင် ကျွန်တော် ဘယ်ရောက်ခဲ့တယ် ဆိုတာလည်း မသိဘူး၊ ဘယ်သူနှင့် စကား ပြောခဲ့ရတယ် ဆိုတာလည်း မသိဘူး၊ ဒါပေမဲ့ ဒီ လူတွေ တစ်ခုခု မကောင်း ကြံနေတယ် ဆိုတာလောက်ကိုပဲ သိတယ်၊ ကျွန်တော် အဲဒီလူ အတွက် စိတ်မကောင်းလိုက်တာ ခင်ဗျာ၊ တတ်နိုင်ရင် သူ့ကို ကယ်လိုက်ချင်တယ်၊ နောက်တစ်နေ့ မနက်ကျတော့ ကျွန်တော်လည်း





အဖြစ်အပျက်ကို မစ္စတာ မိုင်းကရော့ ဟုမ်းကို ပြောပြပါတယ်၊ ပုလိပ်ကိုလည်း တိုင်လိုက်ပါတယ်'

ကျွန်ုပ်တို့သည် ထူးဆန်းသော အဖြစ်အပျက်ကို နားထောင်ပြီးနောက် အတန်ကြာ တိတ်ဆိတ်နေလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် သူ့ အစ်ကိုကို လှမ်းကြည့်လိုက်ကာ

'အစ်ကိုကြီး ဘာလုပ်ပြီးပလဲ'

မိုင်းကရော့ ဟုမ်းက အနီးရှိ စားပွဲပေါ်တွင် ရှိသည့် ဒေလီ နယူးစ် သတင်းစာကို ကောက်ယူ၍ ဖတ်ပြလေ၏။

'အေသင် မြို့တွင် နေထိုင်ပြီး အင်္ဂလိပ် စကား ကောင်းစွာ မပြောတတ်သည့် မစ္စတာ ပေါလ် ကရာတီဒီ ဆိုသူ တစ်ဦး ပျောက်ဆုံးသွားပါသည်၊ ထိုသူ ရောက်ရှိနေသည့် အရပ်ဒေသကို သတင်းပေးနိုင်သူအား ထိုက်သင့်သည့် ဆုငွေ ပေးပါမည်၊ ဆိုဖီ အမည်ရှိ ဂရိ အမျိုးသမီး တစ်ယောက်ကို တွေ့ရှိသူများအား လည်း အလားတူ ဆုငွေ ပေးမည် ဖြစ်ပါသည်၊ တွေ့ရှိက အကြောင်း ကြားပါရန်၊ အိတ်ကစ် ၂၄၇၃၊ ဒီကြော်ငြာကို သတင်းစာတိုင်းမှာ ထည့်ထားတယ်၊ ဘာမှ မထူးသေးဘူး'

'ဂရိ ကောင်စစ်ဝန်ရုံးကိုကော အကြောင်း မကြားဘူးလား'

'စုံစမ်းပြီးပြီ၊ သူတို့လည်း ဘာမှ မသိဘူးတဲ့'

'အေသင်က ပုလိပ်မင်းကြီး ရုံးကိုကော ကြေးနန်းရိုက် မမေးဘူးလား'

မိုင်းကရော့သည် ကျွန်ုပ်ဘက်သို့ လှည့်ကာ

'ရှားလော့ဟုမ်းကတော့ ကျုပ်တို့ မိသားစုထဲမှာ ဝီရိယ အကောင်းဆုံးပဲဗျ၊ ဒီကိစ္စကို မင်းပဲ ကိုင်ကွာ၊ အကြောင်း ထူးရင်သာ ငါ့ကို ပြောပါ'

ရှားလော့ဟုမ်းသည် ကုလားထိုင်မှ ထလိုက်ပြီးနောက်

'ကျွန်တော် စုံစမ်းလို့ အကြောင်း ထူးရင် အစ်ကိုကြီးကို အကြောင်း ကြားလိုက်မယ်လေ၊ မစ္စတာ မီးလတ်ကိုလည်း အကြောင်း ကြားပါ့မယ်၊ မစ္စတာ မီးလတ်ရေ၊ ခင်ဗျား အနေနှင့် သတိထားဖို့တော့ လိုလိမ့်မယ်ဗျ၊ ဒီကြော်ငြာကို တွေ့ရင် ခင်ဗျားဆီက ပေါက်တယ် ဆိုတာ သူတို့ သိမှာပဲ'

ဘေကာလမ်းရှိ တိုက်ခန်းသို့ ပြန်လာခဲ့စဉ် လမ်းတွင် ရှားလော့ဟုမ်းသည် ကြေးနန်းရုံး တစ်ရုံးသို့ ဝင်ကာ ကြေးနန်းများ ရိုက်ခဲ့လေ၏။

'ဒီနေ့ ညနေ ကျုပ်တို့ လျှောက်လည်တာ အချည်းနှီး အကျိုးမဲ့တော့ မဖြစ်ပါဘူးဗျ၊ ကျုပ် အမှု တော်တော်များများဟာ ဒီလိုပဲ မိုင်းကရော့ဆီက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် ရတာ၊ ကျုပ်တို့ နားထောင်ခဲ့ရတဲ့ အမှုဟာ ဘာမှ သဲလွန်စ မရ... တော်တော်လေးတော့ ထူးခြားတဲ့ အမှုပဲဗျ'

'ဘယ့်နှယ်လဲ၊ ရှင်းလို့ ရစရာ အကြောင်းများကော မြင်ရဲ့လား'

'အင်း၊ ကျုပ်တို့ နားထောင်ခဲ့ရသလောက် ဆိုရင်တော့ မရှင်းနိုင်... ကျုပ်တို့ ညံ့လို့ပဲလို့ ဆိုရမှာပဲ၊ ကျုပ်တို့ နားထောင်ခဲ့ရတဲ့ အချက်တွေပေါ်... မူတည်ပြီး ခင်ဗျားကော ဘယ်လိုများ ကောက်ချက် ဆွဲမိသတုံး'

'ဝိုးတိုးဝါးတားလောက်ပဲဗျ'

'ဆိုပါဦး၊ ဘယ်လိုများ ထင်သတုံး'

'ကျွန်တော် ထင်တာကတော့ ဂရိ အမျိုးသမီးကို လက်တီမာ ဆို... ကောင်က ခိုးပြေးလာတယ် ထင်တာပဲ'

'ဘယ်က ခိုးပြေးလာတယ် ထင်သလဲ'

'အေသင်ကပဲ ဖြစ်မှာပေါ့'

ရှားလော့ဟုမ်းသည် ခေါင်းကို ယမ်းနေလေ၏။

'လက်တီမာ ဆိုတဲ့ ကောင်ဟာ ဂရိလို တစ်လုံးမှ မတတ်ဘူးဗျ၊ အမျိုး... သမီးကတော့ အင်္ဂလိပ်လို နည်းနည်းပါးပါး တတ်တယ်၊ ဒီတော့ ကောက်ချက်... က အမျိုးသမီးဟာ အင်္ဂလန်ကို ရောက်နေတာ တော်တော်လေး ကြာသွားပြီ... ဒါပေမဲ့ လက်တီမာ ဆိုတဲ့ ကောင်ကတော့ ဂရိကို မရောက်ဖူးသေးဘူး'

'ဒါဖြင့် အမျိုးသမီးဟာ ကိစ္စ တစ်ခုနှင့် အင်္ဂလန်ကို လာတယ်၊ လ... တီမာ ဆိုတဲ့ ကောင်က အမျိုးသမီးကို သူနှင့် အတူ ထွက်ပြေးဖို့ သွေးဆော... တယ်လို့ မယူဆနိုင်ပေဘူးလား'

'အများကြီး ဖြစ်နိုင်ပါတယ်' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

'ဒီတော့ ဟိုလူဟာ သူနှင့် မောင်နှမ တော်ရမယ်ဗျ၊ သူ့ နှမ ကိစ္စကို ရှင်း... အတွက် ဂရိက လိုက်လာတာ ဖြစ်ရမယ်၊ ဒီတွင် လက်တီမာတို့ နှစ်ယောက်... လက်ထဲကို ရောက်သွားတာ ဖြစ်နိုင်တယ်၊ သူတို့ နှစ်ယောက်က ဂရိ အမျိုးသား... ဖမ်းပြီး အမျိုးသမီး ပိုင်တဲ့ ပစ္စည်းတွေကို လွှဲပြောင်းပေးဖို့ လက်မှတ် ထိုးခိုင်း... ရတယ်၊ အမျိုးသမီး ပိုင်တဲ့ ပစ္စည်းတွေကို သူကပဲ ထိန်းသိမ်းထားတာ ဖြစ်လိ... မယ်၊ ဒီတော့ ဟိုလူက လက်မှတ် မထိုးနိုင်ဘူး ငြင်းတယ်၊ သူနှင့် ဆွေးနွေး... အတွက် စကားပြန် တစ်ယောက် လိုနေတယ်၊ ဒီတွင် မစ္စတာ မီးလတ်ကို လာ... ခေါ်သွားတာပဲ၊ အမျိုးသမီးက သူ့ အစ်ကို ရောက်လာတာကို မသိသေးဘူး၊ အိ... အောက် ဆင်းလာတဲ့ အခါမှ ကံအားလျော်စွာ အစ်ကိုကို တွေ့သွားတာ'





'မှန်လိုက်လေ ဒေါက်တာ ဝပ်ဆင်ရေ၊ ခင်ဗျား ပြောတာ အမှန်နှင့် ...တော့်ကို နီးစပ်ပါပေတယ်၊ ကျုပ်တို့ လက်ထဲမှာ ဖဲတွေ အားလုံးတော့ ...ိမိထားပြီ၊ ဟိုလူကို အကြမ်းဖက်ပြီး တစ်ခုခု လုပ်မှာကိုပဲ စိုးရိမ်ရတယ်၊ ...ချိန် ပေးရင်တော့ ကျုပ်တို့ ဒီလူတွေကို မိမှာပါ'

'သူတို့ နေတဲ့ အိမ်က ဘယ်မှာ ရှိမှန်း မသိတာ ခက်တယ်၊ ဘယ်လို ...ပ်ပြီး ရှာမလဲ'

'အင်း၊ ကျုပ်တို့ တွေးလုံးကလေးတွေ မှန်ပြီး အမျိုးသမီး နာမည်က ...ည်း ဆိုဖီ ကရာဒီတီ ဆိုတာ မှန်ရင်တော့ ရှာရတာ သိပ် မခက်လှပါဘူး၊ ...ျုပ်တို့ ရှာလို့ ရနိုင်တာက အမျိုးသမီး ဆိုတော့ သူ့ကိုပဲ ရှာရမှာပဲ၊ သူ့ ...စ်ကိုကတော့ လူစိမ်း ဖြစ်နေလေတော့ သူ့ကို ရှာဖို့ သိပ်လွယ်မှာ မဟုတ် ...ူး၊ ကြည့်ရတာကတော့ လက်တီမာ ဆိုတဲ့ ကောင်နှင့် အမျိုးသမီးနှင့် အဆက် ...သွယ် ဖြစ်ကြတာ အချိန် တော်တော်လေး ကြာသွားပြီ ထင်တယ်ဗျ၊ အနည်း ...ုံး တစ်လ ကိုးသီတင်းတော့ ရှိရော့မယ်၊ အေသင်မှာ ရှိတဲ့ သူ့အစ်ကိုက ကြား... ...ီး လန်ဒန်ကို လိုက်လာတာ ထောက်ရင် ဒီလောက်တော့ ကြာလို့သာ ဖြစ်ရမှာ ...ပေါ့၊ သူတို့ဟာ အဲဒီ တစ်ဝိုက်မှာပဲ နေကြတယ် ဆိုရင် မိုင်းကရော့ ထည့်တဲ့ ...ကြော်ငြာကို တွေ့တဲ့လူက တွေ့သွားပြီး သူတို့ အကြောင်းကို သတင်း ပေးရ ...ှာပေါ့'

ကျွန်ုပ်တို့သည် စကား တပြောပြောဖြင့် ဘေကာလမ်းရှိ တိုက်ခန်းသို့ ...ရောက်လာခဲ့ကြလေ၏။ ရှားလော့ဟုမ်းသည် ရှေ့မှ တက်သွားပြီး တံခါးကို ...ဖွင့်လိုက်သည်တွင် ရုတ်တရက် အံ့အားသင့်လျက် ရှိလေ၏။ သူ့နောက်မှ ...ှမ်းကြည့်လိုက်သည့် အခါတွင် ကျွန်ုပ် ကိုယ်တိုင်မှာလည်း အံ့အား သင့်သွား ...လေ၏။ သူ့ အစ်ကို မိုင်းကရော့သည် ကုလားထိုင် တစ်လုံးတွင် ထိုင်ကာ ...ဆေးတံကို ဖွာလျက် ရှိလေ၏။ ကျွန်ုပ်တို့၏ မျက်နှာပေါ်မှ အံ့အားသင့်သည့် ...အမူအရာကို မြင်လိုက်သည့် အခါတွင် မိုင်းကရော့သည် ချိုသာစွာ ပြုံးလိုက်ရင်း

'လာဟေ့၊ ရှားလော့၊ လာဗျို့ ဒေါက်တာ၊ ငါ ဝီရိယ ကောင်းနေလို့ ...အံ့သြနေတာလားကွ၊ အမှုက စိတ်ဝင်စားစရာ ကောင်းလွန်းလို့ပါကွ'

'အစ်ကိုကြီး ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ'

'မင်းတို့ အနားကတင် ရထားနှင့် ဖြတ်လာတာလေကွာ'

'ဘာထူးသေးသလဲ'

'ကြော်ငြာ အရ သတင်း လာပေးတဲ့ လူတော့ ရှိပြီကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား'

'မင်းတို့ ထွက်သွားပြီး တစ်မိနစ် နှစ်မိနစ် အတွင်း ရောက်လာတာပဲ'

'ဆိုပါဦး၊ ဘယ်လို ပေးသလဲ'

မိုင်း က ရော့သည် စာရွက် တစ်ရွက်ကို ထုတ်လိုက်လေ၏။

'ဟောဒီမှာကွ၊ အဖြူရောင် ရှိုင်ဆိုက် စက္ကူပေါ်မှာ ဂျေ ဖောင်တိန်နှင့် ရေးထားတာ၊ ရေးတဲ့ လူက လူလတ်ပိုင်း၊ ခပ် ပိန်ပိန် ချည့်ချည့်ရယ်၊ သူ့ စာက "မိတ်ဆွေကြီး ခင်ဗျား၊ ကြော်ငြာတွင် ပါရှိသော ဂရိ အမျိုးသမီးကို ကျွန်တော် ကောင်းစွာ သိပါသည်၊ ကျွန်တော်နှင့်လာရောက် တွေ့ဆုံမည် ဆိုပါက ထိုအမျိုးသမီး၏ အဖြစ်အပျက်ကို ပြောပြမည်၊ ထိုအမျိုးသမီးမှာ ယခုအချိန်တွင် ဘက်ကင်ဟမ် ရွာ အနီးရှိ မာတင်တွင် နေထိုင်လျက် ရှိပါသည် … ဒေဗင်ပို့" တဲ့ကွ'



'လာဟေ့၊ ရှားလော့၊ လာဖို့ ဒေါက်တာ'

မိုင်းကရော့ဟုမ်းက ဆက်လက်၍

'ရေးလိုက်တာကတော့ ဘရစ်စတန်က ရေးလိုက်တာပဲကွ၊ သူ့ဆီ လိုက်သွားပြီး သတင်းပလင်းကလေး စနည်းနာရရင် မကောင်းပေဘူးလား'

'အမျိုးသမီးရဲ့ နောက်ကြောင်း ရာဇဝင်ထက် သူ့ အစ်ကိုရဲ့ အသက်က ပို အရေးကြီးတယ်လေ အစ်ကိုကြီး၊ စကော့တလန်ယာဒ်ကို ဝင်ပြီး အင်စပက်တော် ဂရက်ဆင်ကို ခေါ်သွားရင် ကောင်းမယ် ထင်တယ်၊ ပြီးတော့ ဘက်ကင်ဟမ်ကို တန်းသွားကြတာပေါ့၊ လူတစ်ယောက် အဖို့ အသက် အန္တရာယ် ရှိနေပြီဆိုတော့ နာရီတိုင်းဟာ အရေးကြီးနေတယ် အစ်ကိုကြီး'

'အသွားမှာ မစ္စတာ မီးလတ်ကို ခေါ်သွားရင် ကောင်းမယ် ထင်တယ် ကျွန်တော်တို့မှာ စကားပြန် တစ်ယောက်ယောက်တော့ ပါမှ' ဟု ကျွန်ုပ်က ပြောလိုက်၏။





ရှားလော့ဟုမ်းက

'ဟုတ်တယ်ဗျို့၊ ကောင်းတယ်၊ ကောင်လေး တစ်ယောက်ကို ရထားအခေါ် ခိုင်းလိုက်ဗျာ၊ သွားဆို ခု သွားလိုက်ကြရအောင်'

ရှားလော့ဟုမ်းသည် စကား ပြောဆိုရင်းမှ အံဆွဲကို ဖွင့်ကာ ခြောက်လုံးပြူးကို ထုတ်ပြီး အိတ်ထဲသို့ ထည့်လိုက်သည်ကို ကျွန်ုပ် သတိပြုလိုက်မိလေ၏။ ကျွန်ုပ် လှမ်းကြည့်နေသည်ကို မြင်သွားသည်တွင် သူက

'ယူသွားမှဗျ၊ ကျုပ်တို့ ကြားရသလောက် ဆိုရင် ခု ကျုပ်တို့ တွေ့မယ့် ကောင်တွေက တော်တော်လေး ရမ်းကားတဲ့ ကောင်တွေ'

ပေါလ်မောရှိ မစ္စတာ မီးလတ်၏ အခန်းသို့ ကျွန်ုပ်တို့ ရောက်သွားသည့်အခါတွင် မှောင်စ ပြုနေလေပြီ။ ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် မစ္စတာ မီးလတ်ကို လူတစ်ယောက် လာခေါ်သွားသဖြင့် မတွေ့ရတော့ချေ။

'ဘယ်ကို သွားမယ်လို့ ပြောသွားသလဲ' ဟု မိုင်းကရော့က မေး၏။ တံခါး ဖွင့်ပေးသည့် အိမ်ရှင် အဘွားကြီးက

'အဒေါ်လည်း မသိဘူးကွယ့်၊ လူတစ်ယောက် လာပြီး ရထားနှင့် ခေါ်သွားတာပဲ'

'အဲဒီလူ နာမည်ကိုကော သိလား'

'မသိပါဘူးကွယ်'

'အရပ် ရှည်ရှည် ခပ်ချောချော၊ အသား ညိုညို မဟုတ်လား'

'မဟုတ်ဘူးကွယ့်၊ လူပုပု၊ မျက်မှန်နှင့် ပိန်ပိန်ပါးပါးပဲ၊ လူကတော့ ခြေခြေငံငံပဲကွယ့်၊ စကား ပြောရင် အမြဲတမ်း ရယ်နေတာပဲ'

ရှားလော့ဟုမ်းက ကြားဖြတ်ကာ

'လာဗျို့၊ လစ်ကြစို့၊ အရေးကြီးလာပြီ' ဟု ဆိုကာ စကော့တလန်ယာဒ်စုံထောက် အဖွဲ့ ရုံးသို့ ထွက်လာခဲ့ကြလေ၏။ လမ်းတွင် ရှားလော့ဟုမ်းက

'ဒီကောင်တွေ မီးလတ်ကို လာခေါ်သွားပြန်ပြီဗျ၊ မီးလတ် ဆိုတဲ့ လူက သိပ် သတ္တိ ကောင်းတာ မဟုတ်ဘူး၊ ကြောက်တတ်တယ်၊ ဒါကို ဟိုနေ့ည ကတည်းက ဒီကောင်တွေ သိတယ်၊ သူတို့ လက်ထဲ ရောက်ရင် မီးလတ်ကိုလည်း ခြိမ်းခြောက်ကြမှာ အမှန်ပဲ၊ သူတို့ အဖို့ မီးလတ်ကို စကားပြန် လုပ်ခိုင်းဖို့ လိုနေတယ်၊ သူတို့ သုံးပြီးရင် သူတို့ကို သစ္စာဖောက်တဲ့ အတွက် မီးလတ်ကိုလည်း တစ်ခုခု လုပ်နိုင်တယ်'

ဘက်ကင်ဟမ်သို့ မီးရထားဖြင့် လိုက်လျှင် မြင်းရထားထက် စောရောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည် သို့မဟုတ် ပြိုင်တူလောက် ရောက်နိုင်သည်ဟု ကျွန်ုပ်တို့ တွက်လိုက်ကြ၏။ သို့ရာတွင် စကော့တလန်ယာဒ် စုံထောက် အဖွဲ့သို့ ရောက်သည့် အခါဖြင့် အင်စပက်တော် ဂရက်ဆင်ကို စောင့်ရခြင်း၊ သက်ဆိုင်ရာ အိမ်ထဲသို့ ဝင်ရောက်နိုင်ရန် အတွက် ဥပဒေဆိုင်ရာ လုပ်ထုံးများကို လုပ်သွားရခြင်း စသည်တို့ကြောင့် တစ်နာရီခန့်မျှ အချိန် ကြာသွားလေ၏။ လန်ဒန် တံတားကြီးနားသို့ ရောက်သည့် အခါတွင် ဆယ်နာရီ ထိုးရန် ဆယ့်ငါးမိနစ်မျှသာ လိုတော့လျက် ဘက်ကင်ဟမ်ဘုတာရုံသို့ ဆင်းလိုက်သည့် အခါတွင် ဆယ်နာရီ ခွဲနေလေပြီ။ မြင်းရထားဖြင့် နာရီဝက်လောက် မောင်းလာခဲ့သည့် အခါတွင် မာတယ် အမည်ရှိ အိမ်ကြီးသို့ ရောက်လာခဲ့ကြလေ၏။ အိမ်ကြီးမှာ လမ်း အတွင်းဘက် တော်တော် ဝေးဝေး ဝင်ရပြီး မည်းမှောင်လျက် ရှိလေ၏။ ကျွန်ုပ်တို့သည် ရထားကို ပြန်လွှတ်လိုက်ကြပြီး ဝင်းထဲသို့ ဝင်လာခဲ့ကြလေ၏။

'တစ်အိမ်လုံး မှောင်မည်းလို့ဗျ၊ ကြည့်ရတာကတော့ လူ မရှိဘူး ထင်တယ်' ဟု အင်စပက်တော် ဂရက်ဆင်က ပြောလေ၏။

'ကျုပ်တို့ ငှက်တွေက ပျံပြေးတော့ အသိုက်က ဟောင်းလောင်း ကျန်ရစ်ခဲ့တာပေါ့ဗျာ' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

'ဘာကို ကြည့်ပြီး ပြောတာလဲ'

'လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ဝန် အပြည့် တင်ထားတဲ့ ရထား တစ်စင်း ထွက်သွားပြီဗျ'

ပုလိပ် အင်စပက်တော်က ရယ်လိုက်၏။

'ဝင်းဝမှာ ထွန်းထားတဲ့ မီးအိမ်က မီးရောင်ထဲမှာ ရထား ဘီးရာတွေကိုတော့ မြင်လိုက်ပါရဲ့၊ ဒါပေမဲ့ ဝန်စည်စလယ်တွေကတော့ ဘယ်က ရောက်လာမှန်း မသိပေါင်ဗျာ'

'အတွင်းကို ဝင်တဲ့ ရထား ဘီးရာတွေကို ခင်ဗျား မြင်မှာပေါ့၊ သို့သော်လည်း အပြင် ထွက်တဲ့ ဘီးရာတွေက နက်နေတယ်ဗျ၊ ဒီလောက် နက်တာကို ထောက်ရင် ရထားပေါ်မှာ ဝန် တော်တော်များများ ပါတယ် ဆိုတာ ပြောနိုင်တယ်'

ပုလိပ် အင်စပက်တော်က ပခုံးကို တွန့်ပြလိုက်ရင်း

'အင်း၊ ကျွန်တော့်ထက် သာသွားပေသပေါ့ ခင်ဗျာ၊ တံခါးကို အတင်းဖွင့်ဝင်လို့ကတော့ သိပ် မလွယ်လှဘူး ထင်တယ်၊ ခေါက်ကြည့်လို့မှ ဖွင့်မပေးရင်လည်း အတင်း ရိုက်ချိုး ဖွင့်ရတော့မှာပဲ'



ပုလိပ် အင်စပက်တော်သည် တံခါးကို ခပ်ပြင်းပြင်း[illegible] ခေါက်လိုက်လေ၏။ ခေါင်းလောင်းကြိုးကိုလည်း ဆွဲ၏။ သို့ရာတွင် အထဲမှ ဘာသံမျှ မကြားရချေ။ ရှားလော့ဟုမ်းမှာ လှစ်ခနဲ ပျောက်သွားပြီး ချက်ချင်း ပြန်ရောက်လာ၏။

'ပြတင်းပေါက် တစ်ပေါက်ကိုတော့ ဖွင့်လို့ ရခဲ့ပြီဗျ'

ပုလိပ် အင်စပက်တော် ဂရက်ဆင်သည် ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ကျွမ်းကျင်မှုကို ကြည့်ကာ

'အင်း၊ စုံထောက်ကြီး တံခါးတွေ ဘာတွေ ဖွင့်ပုံကလည်း ကြောက်စရာကောင်းအောင် ကျွမ်းကျင်ပါကလားဗျ၊ စုံထောက်ကြီးသာ တရားဥပဒေဘက်မှာ မဟုတ်ဘဲ လူဆိုးတွေဘက်မှာ ဆိုရင်တော့ ဒုက္ခပဲ၊ ကဲ ဒီပုံ ဆိုရင်တော့ ကျွန်တော်တို့ ကြာကြာ ဆိုင်းနေလို့ မဖြစ်ဘူး၊ အထဲက မဖိတ်ခေါ်ခင် ကိုယ်က အလျင်ဝင်မှ တော်ကာ ကျမယ်'

ကျွန်ုပ်တို့သည် တစ်ယောက်ပြီး တစ်ယောက် အခန်းကြီး တစ်ခန်းထဲသို့ ဝင်လာခဲ့ကြလေ၏။ ထိုအခန်းမှာ စကားပြန် မီးလတ်ကို ခေါ်၍ စကားပြန်အလုပ် ခိုင်းသည့် အခန်း ဖြစ်ဟန် တူပေ၏။ ပုလိပ် အင်စပက်တော်သည် ယူလာသည့် မှန်အိမ်ကို ထွန်းလိုက်လေရာ တံခါးပေါက် နှစ်ပေါက်၊ ခန်းဆီး၊ မီးအိမ်နှင့် ဂျပန် သံချပ် အင်္ကျီကို မီးလတ် ပြောခဲ့သည့် အတိုင်း မီးရောင်တွင် မြင်ရလေ၏။ စားပွဲပေါ်တွင် သောက်လက်စ ဖန်ခွက် နှစ်ခွက်၊ ဘရန်ဒီ ပုလင်းလွတ်နှင့် စားကြွင်း စားကျန်များကို တွေ့ရလေ၏။

'အလို၊ ဒါက ဘာလဲဗျို့' ဟု ရှားလော့ဟုမ်းက ရုတ်တရက် အော်လိုက်၏။

ကျွန်ုပ်တို့ အားလုံး ရပ်၍ နားကို စွင့်လိုက်ကြသည်။ ကျွန်ုပ်တို့ ခေါင်းပေါ်မှ တအင်အင် ညည်းသံ တစ်ခုကို ကြားရလေ၏။ ရှားလော့ဟုမ်းသည် တံခါးဆီသို့ သွားကာ ခန်းမကြီးထဲသို့ ဝင်သွားလေ၏။ ညည်းသံမှာ အပေါ်ထပ်မှ လာသည့် အသံ ဖြစ်လေ၏။ ရှားလော့ဟုမ်းက အပေါ်ထပ်သို့ ပြေးတက်သွားသည့် အခါတွင် ပုလိပ် အင်စပက်တော်နှင့် ကျွန်ုပ်တို့သည်လည်း သူ့နောက်မှ ပြေးတက်လာခဲ့ကြလေ၏။ သူ့အစ်ကို မိုင်းကရော့မှာကား လေးလံသည့် အတွက် နောက်ဆုံးမှ တက်လိုက်လာလေ၏။

အပေါ်ထပ်သို့ ရောက်သည့် အခါတွင် အခန်း သုံးခန်းကို တွေ့ရလေ၏။ တအင်အင် ညည်းနေသော အသံမှာ အလယ်ခန်းမှ ထွက်ပေါ်လာခြင်း ဖြစ်ပြီး တစ်ချီ တစ်ချီတွင် တိမ်ဝင်သွားလျက် တစ်ခါ တစ်ခါတွင်လည်း ရှူး၍ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com





'ကျောက်မီးသွေးနံ့တွေ မွှန်နေတယ်ဗျို့၊ မဝင်နှင့်ဦး'

လေ၏။ အခန်းကို သော့ခတ်ထားသော်လည်း အ ပြင် ဘက် ထွင်သော တန်းလန်းဖြင့် တွေ့ရသေ၏။ ရှားလော့ဟုမ်းသည် တံခါးကို ဖွင့်ကာ ရှေ့မှ ပြေးဝင်သွားပြီး ချက်ချင်း ဆိုသလိုပင် လည်ပင်းကို လက်ဖြင့် ကိုင်၍ ပြေးထွက်လာလေ၏။

'အခန်းထဲမှာ ကျောက်မီးသွေးနံ့တွေ မွှန်နေတယ်ဗျို့၊ မဝင်နှင့်ဦး၊ ခဏ စောင့်လိုက်ဦး'

အခန်းထဲသို့ လှမ်းကြည့်လိုက်သည့် အခါတွင် အခန်းအလယ်ကောင်၌ ရှိသည့် သုံးချောင်း ထောက် မီးတိုင်ကလေးတစ်ခုပေါ်တွင် ထွန်းထားသည့် မီးအိမ်မှ ပြာလဲ့လဲ့ မီးတောက်ကလေးကို မြင်ရလေ၏။ ထိုမီးရောင်ကြောင့် အခန်း အလယ်ကောင်တွင် ပြာလဲ့လဲ့ မှုန်ရီရီ အလင်းရောင် ဖြာကျလျက် ရှိပြီး အလင်းရောင်နှင့်ဝေးရာ တစ်နေရာတွင်မူ လူနှစ်ယောက်သည် နံရံကို မှီလျက် လဲကျနေသည်ကို မြင်ရလေ၏။ ပွင့်နေသော တံခါးပေါက်မှ ကြောက်ဖွယ် အဆိပ်ငွေ့နံ့ ထွက်လာသဖြင့် ကျွန်ုပ်တို့မှာ အသက် မရှူနိုင်ဘဲ ချောင်း တဟွပ်ဟွပ် ဖြစ်နေကြလေ၏။ ရှားလော့ဟုမ်းသည် လေကောင်း လေသန့် ရရန် လှေကားထိပ်သို့ ပြေးတက်သွားပြီး တစ်ဖန် အခန်းထဲသို့ ပြေးဝင်လာလျက် ပြတင်းပေါက်များကို လိုက်ဖွင့်ပြီးနောက် သုံးချောင်းထောက် မီးတိုင်ကလေးကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်လေ၏။ ထို့နောက် တရှူးရှူးဖြင့် အသက် ရှူရင်း ကျွန်ုပ်တို့ထံသို့ ပြန်ရောက်လာကာ

'နောက် တစ်မိနစ်လောက် ဆိုရင်တော့ ဝင်လို့ ရတော့မှာပါ၊ ဖယောင်းတိုင် ဘယ်မလဲဗျို့၊ ခုနေ သွားပြီး မီးခြစ် မခြစ်လိုက်နှင့်နော်၊ တံခါးနားမှာ



ထွန်းထား၊ အဆိပ်ငွေ့တွေ အပြင် ရောက်အောင် စောင့်ဦး၊ ကဲ ရပြီ အစ်ကိုကြီးရေ'

ကျွန်ုပ်တို့သည် အဆိပ်သင့်၍ လဲနေသည့် လူနှစ်ယောက်ဆီသို့ ပြေးလာကာ သူတို့ကို လှေကားဘက်သို့ ထုတ်ယူလာခဲ့ကြလေ၏။ ၎င်းတို့ နှစ်ယောက်စလုံးမှာ နှုတ်ခမ်းတွေ ပြာကာ သတိလစ်လျက် ရှိလေပြီ။ မျက်နှာကြီးများမှာ ရောင်အမ်းလျက် ရှိကာ မျက်လုံးကြီးတွေ ပြူးထွက်လျက် ရှိလေ၏။ ၎င်းတို့မှာ အသွင် ရုပ်ဆင်းပျက် ဖြစ်လျက် ရှိရကား မည်းနက်လျက် ရှိသည့် မုတ်ဆိတ်မွေးများနှင့် ကြံ့ခိုင်သည့် ကိုယ်လုံးကိုယ်ပေါက်သာ မမြင်ရလျှင် ထိုသူမှာ လွန်ခဲ့သည့် နာရီ အနည်းငယ်ခန့်က ဒိုင်အိုဂျင်း ကလပ်တွင် ကျွန်ုပ်တို့နှင့် တွေ့ဆုံခဲ့သည့် ဂရိ စကားပြန် မစ္စတာ မီးလတ် ဖြစ်သည်ကို မှတ်မိနိုင်စရာပင် မရှိတော့ပေ။ မီးလတ်မှာ ခြေလက်တွေ တုပ်နှောင်ခံထားရပြီး မျက်နှာတွင်လည်း ပြင်းပြင်းထန်ထန် အရိုက်ခံ ထားရသည့် လက္ခဏာဖြင့် ညိုမည်းလျက် ရှိလေ၏။

သူ့လိုပင် ခြေလက်တို့ကို အတုပ်နှောင် ခံထားရသည့် အခြား တစ်ယောက်မှာမူ အရပ်မြင့်မြင့် ဖြစ်ပြီး ကမ္ဘောဇနှင့်ရုပ်ကဲ့သို့ အရိုးပေါ် အရေတင်လျက် ရှိကာ မျက်နှာ တစ်ခုလုံးမှာလည်း ပလာစတာတွေ ကပ်ထားလျက်သား ရှိလေ၏။ ကျွန်ုပ်တို့ သယ်လာသည့် အခါတွင် ထိုလူမှာ ညည်းတွားခြင်းပင် မပြုနိုင်တော့ချေ။ ကြည့်လိုက်ရုံဖြင့်ပင် သူ့အဖို့ ကျွန်ုပ်တို့ လာခြင်းသည် နှောင်းသော လာခြင်း ဖြစ်ကြောင်းကို သိလိုက်လေပြီ။ သို့ရာတွင် မစ္စတာ မီးလတ်အား အာမိုးနီးယား ရှူဆေး ပေးခြင်း၊ ဘရန်ဒီ တိုက်ခြင်းဖြင့် ပြုစုလျက် ရှိရာ တစ်နာရီ အတွင်း၌ သတိ ပြန်ရလာကာ မျက်လုံး ဖွင့်နိုင်လာသည့် အပြင် လူတိုင်းသွားကြရာ ဖြစ်သည့် သေခြင်းတည်း ဟူသော မည်းမှောင်သည့် ချောက်ကမ်းပါးကြီးမှ ကျွန်ုပ် လက်ဖြင့် ဆွဲတင် ကယ်ဆယ်ခဲ့သည်ကို တွေး၍လည်း ကျွန်ုပ်မှာ ကျေနပ်မိပေသေး၏။

စကားပြန် မီးလတ် ပြောပြသည့် ဇာတ်လမ်းမှာ ခပ်စင်းစင်းမျှသာ ဖြစ်သော်လည်း ကျွန်ုပ်တို့၏ အယူအဆကို အတည်ပြုပေးလိုက်သကဲ့သို့ ရှိပေ၏။ ထိုနေ့ ညနေက အရပ် ပုပု လူသည် သူ့ထံ ရောက်လာပြီး အိတ်ထဲမှ သေနတ်ကို ထုတ်ပြကာ သူ့အား ဒုတိယ အကြိမ် ပြန်ပေးဆွဲသွားခဲ့သည် ဆို၏။ တခစ်ခစ်ဖြင့် ရယ်တတ်သော ထိုလူ၏ အမူအရာမှာ ညို့ဓာတ် အားကြီးသည့် အတွက် စကားပြန် မီးလတ်သည် ထိုလူကို မြင်လျှင် ကြောက်လန့်ကာ တုန်တုန်ယင်ယင် ဖြစ်လျက် ရှိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မီးလတ်ကို ဘက်ကင်ဟမ်သို့ ခေါ်သွားပြီးနောက် ဒုတိယ အကြိမ် ... ပြန် အလုပ်ခိုင်းသည် ဆို၏။ ထိုအချိန်က လူဆိုး နှစ်ယောက်မှာ ပထမ အ... ကထက် ကြမ်းလာခဲ့ကြပြီး လက်မှတ် မထိုးလျှင် အသေ သတ်မည်ဟု ... ခြောက်ကြသည် ဆို၏။

မည်သို့မျှ မလိုက်လျောသည့် အဆုံး၌ လူဆိုး နှစ်ယောက်သည် ... အမျိုးသားကို အခန်းထဲသို့ ပြန်သွင်းသွားကြပြီး မီးလတ်ကိုမူ သစ္စာ ... မည်လောဟု ဆိုကာ တုတ်ဖြင့် ရိုက်လိုက်သဖြင့် မေ့မြောသွားရာ ယခု ... တို့ ပြန်ရောက်လာမှပင် သတိ ရလာခြင်း ဖြစ်လေ၏။

ဤသည်တို့မှာ ယခုတိုင် မရှင်းလင်းဘဲ ကျန်ရှိနေသည့် ဂရိ စ... ၏ ထူးဆန်းသော အမှုပါ အချက်အလက်များ ဖြစ်ပေ၏။ သတင်းစာ ... ငြာ အရ သတင်းပေးသည့် မစ္စတာ ဒေဗင်ပို့ ဆိုသူနှင့် တွေ့ဆုံသည့် အခါ... သိရသည်မှာ ဂရိ အမျိုးသမီးသည် ဂရိပြည်ရှိ လူချမ်းသာ တစ်ယော... သမီး ဖြစ်ကြောင်း၊ အင်္ဂလန်သို့ အလည် ရောက်ကြောင်း၊ အင်္ဂလန်သို့ ရော... သည့် အခါတွင် ဟာရိုး လက်တီမာ ဆိုသည့် လူငယ် တစ်ယောက်နှင့် တွေ့... ချစ်ကြိုက်ခဲ့ကြကြောင်း၊ လက်တီမာက ထွက်ပြေးရန် သွေးဆောင်ကြောင်း ... တွင် အမျိုးသမီး၏ မိတ်ဆွေများက အေသင်ရှိ သူ့ အစ်ကိုထံသို့ အကြော... ကြားခဲ့ကြကြောင်း၊ အမျိုးသမီး အစ်ကိုသည် လန်ဒန်သို့ လိုက်လာခဲ့ရာ... လက်တီမာနှင့် သူ၏ အဖော် ဝီလဆင် ကင့် ဆိုသူ၏ လက်ထဲသို့ ရောက်... ကြောင်း၊ ဝီလဆင် ကင့် ဆိုသူမှာ ရာဇဝင် လူဆိုး တစ်ယောက် ဖြစ်ကြောင်း... အမျိုးသားမှာ အင်္ဂလိပ် စကား မတတ်သည့် အတွက် အခက်အခဲ တွေ့... ကြောင်း၊ ၎င်းတို့ နှစ်ဦးသည် ဂရိ အမျိုးသားကို ချုပ်နှောင်ထားကာ နှ... ပစ္စည်းများကို လွှဲအပ်ကြောင်း လက်မှတ် ရေးထိုးပေးရန် ခြိမ်းခြောက် အကြ... ဖက်ရုံမျှမက အစာဝေ ထားကြကြောင်း၊ ထိုနှစ်ဦးသည် အမျိုးသမီးကို အ... မပေးဘဲ ထားပြီး မြင်လျှင် သူ့ အစ်ကိုကို မမှတ်မိစေရန် ထိုလူ၏ မျက်နှာ... ပလာစတာများဖြင့် ဟိုတစ်ကွက် သည်တစ်ကွက် ကပ်ဖုံး ထားကြကြော... စကားပြန် ရောက်နေစဉ် အောက်သို့ အမှတ်တမဲ့ ဆင်းလာသည့် အခါ ... အစ်ကိုကို ချက်ချင်း မှတ်မိလိုက်ကြောင်း၊ သို့ရာတွင် နှမ ဖြစ်သူမှာ သူ ကိုယ်တိုင်... ပင်လျှင် အချုပ်ခံနေရသူ တစ်ဦး ဖြစ်ပြီး အိမ်တွင် ရှိသည့် ရထားသမား ... မယား နှစ်ယောက်ကလည်း လူဆိုးတို့၏ လူယုံများ ဖြစ်နေသည့် အတွက် ... သို့မျှ မတတ်နိုင်ဘဲ ရှိနေကြောင်း၊ မိမိတို့၏ သတင်း ပေါက်သွားပြီး ဂရိ အ...





...းကလည်း လက်မှတ် ထိုးရန် ငြင်းဆန်နေသည့် အခါတွင် သူတို့ ငှားထား... သော ယခု အိမ်ကြီးမှ နာရီပိုင်း အတွင်း ထွက်ပြေးသွားခဲ့ကြကြောင်း၊ ထွက် ...ပြေးမီတွင် သူတို့ကို ငြင်းဆန်ခဲ့သည့် ဂရိ အမျိုးသားနှင့် သူတို့ကို သစ္စာဖောက်ခဲ့ ...သည့် ဂရိ စကားပြန်တို့ကို လက်စားချေခဲ့ခြင်း ဖြစ်ကြောင်း သိရလေ၏။

လ အနည်းငယ် ကြာသော အခါတွင် ကျွန်ုပ်တို့ထံသို့ ဘူဒါပက် မြို့မှ ...ပို့လိုက်သည့် သတင်းစာ ဖြတ်ပိုင်း တစ်စောင် ထူးဆန်းစွာ ရောက်ရှိလာခဲ့ ...၏။ ထိုသတင်းစာ ဖြတ်ပိုင်းတွင် အမျိုးသမီး တစ်ယောက်နှင့် အတူ ခရီး ...ထွက်လာသော အင်္ဂလိပ် အမျိုးသား နှစ်ယောက်တို့ သေဆုံးသည့် သတင်းကို ...တွေ့ရှိရလေ၏။ ဟန်ဂေရီ ပုလိပ်တို့၏ အဆို အရ ၎င်းတို့မှာ စကား များပြီး ...တစ်ယောက်နှင့် တစ်ယောက် ဓားဖြင့် ထိုးကြသည့် အတွက် သေဆုံးသွားခြင်း ...ဖြစ်သည်ဟု သိရ၏။ သို့ရာတွင် ရှားလော့ဟုမ်းကမူ ထိုအဆိုကို လက်ခံခြင်း ...မရှိချေ။ အကယ်၍ ထိုဂရိ အမျိုးသမီးကိုသာ တွေ့အောင် ရှာနိုင်ခဲ့မည် ဆိုပါက ...၊ အစ်ကိုနှင့် သူ့ အပေါ်တွင် ကျူးလွန်ခဲ့သော ပြစ်မှုများ အတွက် လူဆိုးများ ...အား မည်သို့ မည်ပုံ လက်စား ချေခဲ့ကြောင်းကို သိရလိမ့်မည်ဟု ယနေ့တိုင် ...ကြည်လျက် ရှိပေသတည်း။

[မူရင်း ဝတ္ထု *The Adventure of The Greek Interpreter.* ရှေ့ဒေါင်း ...၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'ဘင်္ဂါလီ စကားပြန် အမှု' ဟူသော အမည်ဖြင့် ...ခဲ့ဖူး ပြီ။]



www.burmeseclassic.com

www.burmeseclassic.com

# ရေကြောင်း စာချုပ် ပျောက်ဆုံးမှု



ကျွန်ုပ် လက်ထပ်သည့်နှစ် ဇူလိုင်လမှာ ထူးခြားသည့် အမှုကြီး သုံးမှုကြောင့် ကျွန်ုပ် တစ်သက်တွင် မေ့ပျောက်၍ မရနိုင်သော လတစ်လ အဖြစ် မှတ်တမ်း တင်ထိုက်ပါသည်။ ထိုအမှုများကို လိုက်နေစဉ် ကျွန်ုပ်သည် ရှားလော့ဟုမ်းနှင့် အတူ ပူးပေါင်း ဆောင်ရွက်ခွင့်ကိုသာမက ၎င်း၏ နည်းနာများကိုလည်း လေ့လာရန် အခွင့်ထူးကြီးများ ရရှိခဲ့ပေ၏။ ထိုအမှုများကို ကျွန်ုပ်၏ မှတ်တမ်းများတွင် ပြန်ရှာသည့်အခါ၌ 'ဒုတိယ သွေးကွက်' ဟူသော ခေါင်းစဉ်၊ 'ရေကြောင်း စာချုပ် ပျောက်ဆုံးမှု' ဟူသော ခေါင်းစဉ်၊ 'လူမမာ ကပ္ပတိန် အမှု' ဟူသော ခေါင်းစဉ်များအောက်တွင် အသီးသီး တွေ့ရပေ၏။ ၎င်းတို့အနက် ပထမဆုံးသော အမှုမှာ အလွန်အမင်း စိတ်ဝင်စားဖွယ် ကောင်းသည်နှင့် အမျှ ကျွန်ုပ်တို့ တိုင်းပြည်တွင်ရှိသည့် ဘုရင့် ဆွေတော် မျိုးတော်တို့နှင့် ပတ်သက်နေရကား နောင် နှစ်ပေါင်းများစွာ ကြာသည် အထိ ထိုအကြောင်းကို ထုတ်ဖော် ရေးသားခြင်း ပြုနိုင်ဦးမည်မဟုတ်ချေ။

သို့ရာတွင် ရှားလော့ဟုမ်း လိုက်ခဲ့သည့် အမှု များစွာ အနက် ထိုအမှုများလောက် ရှားလော့ဟုမ်း၏ ယုတ္တိဗေဒ ကျသော တွေးခေါ်မှုများ အစွမ်းထက်ပုံ၊ အမှုတွင် သက်ဆိုင်နေသူများက အမှတ်တရ ဖြစ်နေကြပုံတို့ကို ထင်ရှားစေမည့် အမှု ဟူ၍ မရှိခဲ့ဖူးသေးချေ။ ရှားလော့ဟုမ်းသည် ထိုအမှုများနှင့် ပတ်သက်၍ ရောင်ရာ ဆီလူး ဆိုသကဲ့သို့ ရေလိုက်လွဲကာ အချိန်ကုန် လူပန်း ဖြစ်ခဲ့ကြရသော ပြင်သစ် ပုလိပ်မင်းကြီး မွန်စီယာ ဒျူဘိုကေးနှင့် ဂျာမန် ရာဇဝတ်မှုခင်း



www.burmeseclassic.com

www.burmeseclassic.com



ပါရဂူ ဗွန် ဝေါဗန်းတို့အား အချက်အလက် အသေးစိတ်များကို ပြောပြခဲ့ဖူး... ပြောပြချက်များကို လိုက်မှတ်ထားသည့် မှတ်တမ်းများ ယခုတိုင် ကျွန်ုပ် လက်ထဲ... ရှိနေပေသေး၏။ သို့ရာတွင် ထိုအမှု အကြောင်းများကို လွတ်လွတ်ကင်းကင်း ပြောနိုင်ရန်မှာ အချိန် အနည်းငယ် လိုသေးသည်ဟု ကျွန်ုပ် ယူဆမိ၏။

ယခု လောလောဆယ်တွင်မူ ကျွန်ုပ်သည် ထိုအမှုကို ချန်လှပ်ကာ ... ချိန်က တိုင်းပြည်တွင် ဟိုးလေးတကျော် ဖြစ်ခဲ့ပြီး ထူးခြားသည့် အဖြစ်အပျက်... များဖြင့် ပြည့်နှက်နေသည့် ဒုတိယ အမှု အကြောင်းကို ရေးသား ဖော်ပြလို... ပါသည်။

ကျောင်းတွင် ရှိစဉ်က ကျွန်ုပ်သည် ပါစီ ဖဲ ဆိုသူ လူငယ် တစ်ဦးနှင့် ... ရင်းနှီးစွာ ပေါင်းသင်းခဲ့ကြ၏။ ပါစီဖဲမှာ ကျွန်ုပ်နှင့် သက်တူ ရွယ်တူ ဖြစ်သော်... လည်း ကျွန်ုပ်ထက် နှစ်တန်း မြင့်ပြီး စာတော်သည့် လူငယ် တစ်ဦး ဖြစ်၏... အတန်းတိုင်းလိုလိုတွင် ဆုများ ရရှိခဲ့ပြီး နောက်ဆုံးတွင် စကောလားရှစ် ရ... ကိန်းဗရစ် တက္ကသိုလ်သို့ ရောက်ရှိသွားလေ၏။ ကျွန်ုပ် သိသလောက် ဆိုရ... ပါစီ ဖဲသည် ဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသူ တစ်ဦး ဖြစ်၍ သူ့ အမေ... အစ်ကိုတော် တစ်ယောက် ဖြစ်သူ လော့ဒ် ဟိုးလ်ဟတ်စ်မှာ ထင်ရှားသည့်... ကွန်ဆာဗေးတစ် ခေါင်းဆောင် နိုင်ငံရေးသမား တစ်ဦး ဖြစ်ပေ၏။ သို့ ဆွေကြီး... မျိုးကြီးမှ ဆင်းသက် လာခဲ့သည်မှာ ပါစီ ဖဲ အဖို့ မသက်သာလှချေ။ ကျွန်ုပ်တို့... သည် ပါစီ ဖဲကို အခြား နေရာများတွင် မပြိုင်နိုင်တော့သည့် အလျောက် ကစား... ကွင်းတွင် ညစ်ခြင်း၊ ညို့သကျည်းကို ပိတ်ကန်ခြင်း စသည်တို့ကို လုပ်ခဲ့ကြ... သို့ရာတွင် ကျောင်းတုန်းက ကျွန်ုပ်တို့ တစ်တွေက မည်သို့ အနိုင်ကျင့်သည်... ဖြစ်စေ ကြီးပြင်း လူလား မြောက်လာ၍ လောကကြီးထဲသို့ ဝင်လာသည့် အခ... တွင်မူကား သူ့လမ်းသို့ သူ သွားသည်သာ ဖြစ်ပေ၏။ ပါစီ ဖဲသည် စာတော်... ခြင်း၊ ဆွေမျိုး အသိုင်းအဝိုင်း ကောင်းခြင်းတို့ကြောင့် နိုင်ငံခြားရေး ဌာနတွင်... ရာထူးကြီး တစ်ခုကို ရရှိသွားသည်ဟု သဲ့သဲ့မျှသာ ကြားလိုက်ရသော်လည်း... ထိုနောက်တွင်မူ ဘာသံမျှ မကြားရတော့သဖြင့် ကျွန်ုပ်မှာ သူ့ကို မေ့သလောက်... ရှိနေလေပြီ။

တစ်နေ့တွင် သူ့ထံမှ အောက်ပါ စာကို ရရှိလေရာ ထိုအခါတွင်မှ ကျွန်ုပ်... သည် ပါစီဖဲ တစ်ယောက် လူ့လောကတွင် ရှိနေသေးသည်ကို သတိရပေ တော့... သည်။





*ဘရိုင်ယာဗရေး၊ ဝဲအိမ်၊ ဝိုးကင်း။*

ဝပ်ဆင်၊ ကျောင်းတုန်းက 'ဖားပြုတ်' ပါစီဟု ခေါ်ကြသော ပါစီ ဖဲကို ...အမှတ် ရလိမ့်ဦးမည် ထင်ပါသည်။ ထိုစဉ်က ကျွန်တော်က ငါးတန်းတွင် ရှိပြီး ...ခင်ဗျားက သုံးတန်းတွင် ရှိပါသေးသည်။ ကျွန်တော့် ဦးလေး၏ ကူညီ စောင်မမှု ...ဖြင့် ကျွန်တော် နိုင်ငံခြားရေး ဌာနတွင် အလုပ် ရရှိသွားသည်ကိုလည်း ကြား ...သိပြီး ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ နိုင်ငံခြားရေး ဌာနတွင် ကျွန်တော့် ရာထူးမှာ ...သိက္ခာ ရှိ၍ ယုံကြည် စိတ်ချခြင်း ခံရသည့် နေရာ ဖြစ်ပါသည်။ သို့ရာတွင် ...မျှော်လင့်သည့် ကိစ္စ တစ်ခု ပေါ်လာသဖြင့် ကျွန်တော့်မှာ ဒုက္ခနှင့် တွေ့ရတော့ ...မည်ကဲ့သို့ ဖြစ်နေပါပြီ။

ထိုအဖြစ်အပျက် အကြောင်းကို ကျွန်တော် အသေးစိတ် မရေးလိုတော့ ...ပါ။ ကျွန်တော်တို့ နှစ်ယောက် တွေ့သောအခါကျမှ အသေးစိတ် ပြောပြပါတော့ ...မည်။ ကျွန်တော့်မှာ ဦးနှောက် ရောဂါ ဖြစ်သဖြင့် နှစ်လ ကျော်ကျော်လောက် ...အိပ်ရာထဲတွင် လဲနေရပြီး ယခုအချိန် အထိပင် ကောင်းကောင်း နာလန် မထ ...သေးပါ။ ခင်ဗျား မိတ်ဆွေကြီး ရှားလော့ဟုမ်းကို ခေါ်၍ လာနိုင်ပါက လာခဲ့ ...စေလိုပါသည်။ အာဏာပိုင်များက ယခု ကိစ္စတွင် လက်လျှော့နေကြပြီ ဖြစ်သည့် ...တိုင် ကျွန်တော့် အနေဖြင့် ရှားလော့ဟုမ်း၏ ထင်မြင်ချက်ကို ရယူလိုပါသေး ...သည်။ သူ့ကို ခေါ်၍ ကျွန်တော့်ဆီသို့ အမြန်ဆုံး လာရောက်စေလိုပါသည်။ ...ဤကိစ္စကြီး မပြီးပြတ်သရွေ့ ကျွန်တော့်တွင် ငရဲကျသကဲ့သို့ ဖြစ်နေပါသည်။ ...စောစောစီးစီး သူ့ထံ အကူအညီ မတောင်းဘဲ ယခုမှ တောင်းရခြင်းမှာ ထိုအချိန်က ...ကျွန်တော့် ခေါင်းထဲတွင် မီးတောက်ကာ ဘာကိုမျှ စဉ်းစား မရအောင် ရှိနေ ...သဖြင့် ဤသို့ ဖြစ်ရကြောင်းကို ရှင်းလင်း ပြောပြပေးစေလိုပါသည်။ ယခု အချိန် ...တွင်မူ နောက်ထပ် ရောဂါ ဖြစ်မည် စိုးသည့် အတွက် ထိုကိစ္စကြီးကို အပြည့် ...အစုံ မစဉ်းစားနိုင်သေးသည့်တိုင် ဦးနှောက် အတော်အတန် ကြည်လင်နေပြီ ...ဖြစ်ပါသည်။ ကျွန်တော့်မှာ ယခုတိုင် အားနည်းလျက် ရှိသေးသည့် အတွက် ...ပါးစပ်မှ ရွတ်ပြကာ အခြားလူ တစ်ယောက်အား အရေးခိုင်း လိုက်ရပါသည်။ ...မစ္စတာ ဟုမ်းကို ခေါ်ဖြစ်အောင် ခေါ်ခဲ့စေလိုပါသည်။

*သင်၏ ကျောင်းနေဘက်၊ ပါစီ ဖဲ။*

- ကျွန်ုပ်မှာ စာကို ဖတ်ရင်း များစွာ စိတ်မကောင်းခြင်း ဖြစ်ရလေ၏။ ရှားလော့ဟုမ်းအား ခေါ်ဖြစ်အောင် ခေါ်လာခဲ့ရန် တဖွဖွ မှာကြားနေပုံမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



သနားစရာ ဖြစ်ပါသည်။ ကျွန်ုပ်သည် သူ့ စာကြောင့် များစွာ စိတ်ထိခိုက်ရ မည်မှု ခက်ခဲသော ကိစ္စ ဖြစ်စေ ကိုယ် တတ်နိုင်သလောက် ဆောင်ရွက်ပေး မည်ဟု စိတ် တုံးတုံးချလိုက်ပါသည်။ ရှားလော့ဟုမ်းသည် စုံစမ်း ထောက်လှမ်း ရခြင်းကို ပျော်မွေ့သူပီပီ တတ်နိုင်လျှင် အကူအညီ ပေးမည်ဟုလည်း ကျွန်ုပ် သိပြီးသား ဖြစ်ပါသည်။ ထိုကိစ္စကို ရှားလော့ဟုမ်းအား တင်ပြရန်လည်း ကျွန်ုပ် ၏ ဇနီးက တိုက်တွန်းပါသည်။ သို့ဖြင့် မနက်စာ စားပြီးချိန် တစ်နာရီ အတွင်းတွင် ကျွန်ုပ်သည် တစ်ခါက ကျွန်ုပ်တို့ နေထိုင်ရာ ဘေကာလမ်း တိုက်ခန်းသို့ ရောက်လာခဲ့လေ၏။

ရှားလော့ဟုမ်းမှာ ညဝတ် အင်္ကျီကြီးကို ဝတ်ထားလျက် စားပွဲကလေး တစ်လုံးတွင် ထိုင်ကာ ဓာတုဗေဒ စမ်းသပ်မှုများကို ပြုလုပ်လျက် ရှိပေ၏။ ဘန်ဆင် လေမီးဖိုကြီးမှ ပြာလဲ့သော မီးတောက်ပေါ်တွင် ခပ်ကောက်ကောက် ဖန်ပေါင်းအိုးကြီးမှာ တဗွက် ဗွက် ဆူလျက် ရှိပြီး ထိုအထဲမှ ပေါင်းချွေး များမှာ နှစ် လစ်တာ ဖန်ပြွန်ကလေး ထဲသို့ တစက်စက် ကျလျက် ရှိပေ၏။ ရှားလော့ဟုမ်း သည် ကျွန်ုပ် ဝင်လာ သည်ကို လှည့်မကြည့် ဘဲ နေသည်တွင် ကျွန်ုပ် ကလည်း အရေးကြီး သော စမ်းသပ်မှု တစ်ခု ဖြစ်လိမ့်မည် ဟု သိ လိုက် သည့် အလျောက် မည်သို့မျှ စကား မဆိုဘဲ အနီးရှိ ကုလားထိုင် တစ်လုံးတွင် ဝင် ထိုင်လိုက်၍ စောင့်နေမိလေ၏။ ရှားလော့ဟုမ်းသည် ပုလင်းများ ထဲသို့ ဟိုနှိုက် သည်နှိုက် လုပ်ပြီး နောက် ပုလင်းထဲမှ အရည်များကို



ရှားလော့ဟုမ်းမှာ
ဓာတုဗေဒ စမ်းသပ်မှုများကို
ပြုလုပ်လျက် ရှိပေ၏။





ဖန်ပြွန်ကလေးဖြင့် ထုတ်ယူကာ နောက်ဆုံး၌ ပေါင်းရည်များ ပါသည့် စမ်းသပ်ပြွန်ကလေးကို စားပွဲပေါ်သို့ တင်ထားလိုက်လေ၏။ သူ၏ ညာဘက် လက်တွင် အက်စစ်ဓာတ် စမ်းသည့် လစ်တမတ် ဓာတ်စက္ကူကို ကိုင်ထားလေ၏။

'တကယ့် ရေထဲ မိုးထဲမှာ ခင်ဗျား ရောက်လာတာဗျ၊ ဟောဒီ လစ်တ မတ် စက္ကူကို ကြည့်စမ်း၊ အပြာရောင် ဖြစ်နေရင် အားလုံး ကောင်းတယ်ဗျ၊ ချောချောမောမောပဲ၊ အဲ အနီရောင် ဆိုရင်တော့ လူတစ်ယောက်ရဲ့ အသက် တစ်ချောင်းဗျ'

ရှားလော့ဟုမ်းသည် လစ်တမတ် စက္ကူကို ဓာတုဗေဒ ဆေးရည်ခွက် ထဲသို့ နှစ်လိုက်လေ၏။ စက္ကူသည် ချက်ချင်း ပန်းနုရောင်သို့ ပြောင်းသွားပြီး တစ်ခဏတွင် ညစ်ပုပ်ပုပ် အနီရောင် ဖြစ်သွားလေ၏။

'အင်း ကျုပ် ထင်တဲ့အတိုင်း ဖြစ်တာပါပဲဗျာ၊ အိုင်ဆေး ဝပ်ဆင်ရေ ခဏ နေရင် ပြီးတော့မယ်ဗျို့၊ ပါသျှန် ရှေ့ထိုး ဖိနပ်ကြီးထဲမှာ ဆေးတံသောက် ဆေးအိတ် ထိုးထားတယ်၊ အဲဒီမှာ ယူသောက်'

ရှားလော့ဟုမ်းသည် စာရေး စားပွဲသို့ သွားကာ ကြေးနန်းများကို တစ် စောင်ပြီး တစ်စောင် ခပ်သုတ်သုတ် ရေးပြီးနောက် သူငယ်ကလေးအား ကြေး နန်း ရုံးသို့ လွှတ်လိုက်လေ၏။ ထိုနောက် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ကုလား ထိုင်ပေါ်တွင် ဝင်ထိုင်လိုက်လျက် ဒူးနှစ်ဖက်ကို ကုလားထိုင်ပေါ်သို့ တင်လိုက် ပြီး လက်နှစ်ဖက်ဖြင့် ပိုက်ထားလေ၏။

'သာမန် လူသတ်မှု တစ်ခုပါဗျာ၊ သိပ် မထူးလှပါဘူး၊ ခင်ဗျားဆီကကော ဘာများ ထူးသလဲ၊ ခင်ဗျားကတော့ ရာဇဝတ်မှုရဲ့ ရှေ့တော်ပြေးကြီးမို့ မေးရတာ ကိုးဗျ၊ ဆို ဘာထူးသလဲ'

ကျွန်ုပ်က ပါစီ ဖဲ ပေးလိုက်သည့် စာကို လှမ်းပေးလိုက်သည့် အခါတွင် ရှားလော့ဟုမ်းသည် စာကို စိတ်ပါဝင်စားစွာ ဖတ်လျက် ရှိလေ၏။ ထိုနောက် စာရွက်ကို ကျွန်ုပ်အား လှမ်းပေးလိုက်ရင်း

'စာထဲမှာတော့ ဘာမှ ထူးထူးခြားခြား မပါသေးဘူးဗျ၊ မဟုတ်ဘူးလား'

'သိပ် မပါဘူး'

'သို့သော်လည်း လက်ရေးကတော့ တော်တော် စိတ်ဝင်စားဖို့ ကောင်း တယ်ဗျ'

'လက်ရေးက ပါစီ ဖဲရဲ့ လက်ရေး မဟုတ်ပါဘူး'

'ဟုတ်တယ်၊ သူ့ လက်ရေး မဟုတ်ဘူး၊ မိန်းမ လက်ရေးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာဗျာ၊ ယောက်ျား လက်ရေးပါ' ဟု ကျွန်ုပ်က အော်လိုက်၏။

'မိန်းမ လက်ရေးမှ မိန်းမ လက်ရေးဗျ၊ မိန်းမမှ တော်တော် ထူးခြားရှားပါးတဲ့ မိန်းမ တစ်ယောက်ရဲ့ လက်ရေး၊ တွေ့တယ် မဟုတ်လား၊ ခင်ဗျား လူဟာ တော်တော် ထူးခြားတဲ့ သူတစ်ယောက်နှင့် ရင်းရင်းနှီးနှီး ပတ်သက်နေပြီ ဆိုတာ စစချင်း တွေ့နေရပြီဗျ၊ သူ့ အတွက် ကောင်းဖို့လား ဆိုးဖို့လား ဆိုတာ တော့ မပြောတတ်သေးဘူး၊ ကျုပ်တော့ အမှုကို စိတ်ဝင်စားလာပြီဗျို့၊ ခင်ဗျား အဆင်သင့် ဖြစ်တယ် ဆိုရင် ဝိုးကင်းကို လိုက်သွားပြီး ပြဿနာ ဖြစ်နေတဲ့ ဒီ တမန်နှင့် သူ့ကိုယ်စား ရေးပေးလိုက်တဲ့ အမျိုးသမီးကို တွေ့ချည်ရအောင်ဗျာ'

ဝါတာလူး ဘူတာကြီးသို့ ရောက်သည့် အခါတွင် ကျွန်ုပ်တို့သည် ပထမ ဆုံး ထွက်သည့် ရထားကို မီလိုက်သဖြင့် ကံကောင်းသည်ဟု ဆိုရမည် ဖြစ်လေ၏။ တစ်နာရီ မှဲမှဲ အတွင်း၌ကား ကျွန်ုပ်တို့သည် ဝိုးကင်း ရွာကလေး အနီး ရှိ ဝက်သစ်ချပင်များနှင့် ကိုင်းတောကြီးများကို မြင်ရလေပြီ။ ဘရိုင်ယာဝေး အိမ်မှာ ကျယ်ပြန့်သည့် ခြံဝင်းကြီးထဲတွင် အထီးတည်း ရှိနေသည့် အိမ်ကြီး တစ်အိမ် ဖြစ်လျက် ဘူတာရုံမှ မိနစ် အနည်းငယ် ကြာအောင် လျှောက်ရလေ၏။ ကျွန်ုပ်တို့၏ လိပ်စာ ကတ်ပြားများကို ပြလိုက်သည်တွင် ကျွန်ုပ်တို့အား ခမ်းနားစွာ ပြင်ဆင်ထားသည့် ဧည့်ခန်းကြီး တစ်ခုထဲသို့ ခေါ်သွားလေ၏။ ကျွန်ုပ်တို့ ရောက်ပြီး၍ ခဏ အကြာတွင် ကိုယ်လုံး ခပ်တုတ်တုတ်နှင့် လူတစ်ယောက် ရောက်လာပြီး ကျွန်ုပ်တို့အား ဖော်ရွေစွာ ဆီးကြို နှုတ်ဆက်လေ၏။ ထိုလူ၏ အသက်မှာ သုံးဆယ်ကျော် လေးဆယ် နီးပါး ဖြစ်သော်လည်း ပါးများမှာ အလွန် အမင်း နီရဲကာ မျက်လုံးများကလည်း တလက်လက် တောက်ပလျက် ရှိသဖြင့် လူကြီး တစ်ယောက်နှင့် မတူဘဲ ဝဝ တုတ်တုတ် လူရှုပ် လူနောက် ကလေး တစ်ယောက်နှင့် တူနေလေ၏။

ထိုလူသည် ကျွန်ုပ်တို့ကို အားရပါးရ လက်ဆွဲ နှုတ်ဆက်ရင်း

'မိတ်ဆွေကြီးတို့ လာလို့ ဝမ်းသာလိုက်တာ ခင်ဗျာ၊ ပါစီကဖြင့် တစ် မနက်လုံး တမေးတည်း မေးနေတာပဲ၊ သူ့ခမျာလည်း သနားစရာပါ၊ ရေနစ်သူ ကောက်ရိုးပင်ကို လှမ်းဆွဲသလို မြင်မြင်သမျှကို ဖမ်းဆွဲနေတော့တာပဲ ခင်ဗျ၊ မိတ်ဆွေကြီးတို့ကို ကြိုဖို့ သူ့ အဖေနှင့် အမေက ကျွန်တော့်ကို လွှတ်လိုက်တာ တယ်၊ အဘိုးကြီးနှင့် အဘွားကြီးလည်း ဒီကိစ္စကြောင့် တော်တော်ကြီး စိတ် ထိခိုက်နေကြတယ် ခင်ဗျ'





'ကျုပ်တို့ကတော့ အသေးစိတ် ဘာမှ မသိသေးဘူးဗျ၊ မိတ်ဆွေကြီးက အိမ်သားထဲကတော့ မဟုတ်ဘူး ထင်တယ် ဟုတ်စ'

'ဟုတ်ကဲ့၊ မိတ်ဆွေကြီးက ကျွန်တော့် လော့ကက်သီးပေါ်မှာ ရေးထားတဲ့ ဂျေ အိတ်ချ် ဆိုတဲ့ စာလုံး အတိုကောက်ကို မြင်လိုက်တယ် ထင်ပါရဲ့၊ မှတ်တရက်တော့ ကျွန်တော်တောင် ကြောင်သွားတယ်၊ ကျွန်တော့် နာမည်က ဂျိုးဆက် ဟယ်ရီဆန်ပါ၊ ကျွန်တော့် ညီမ အင်နီက ပါစီနှင့် လက်ထပ်တော့မှာ ဆိုတော့ သွေးသားအရ မတော်စပ်ကြသော်လည်း ညီမနှင့် ပတ်သက်ပြီး တော်စပ်နေပြီပေါ့ဗျာ၊ ပါစီရဲ့ အခန်းကို ရောက်ရင် ကျွန်တော့် ညီမကိုလည်း တွေ့ရပါ၊ နှစ်လလုံးလုံး သူပဲ ပြုစုနေရတာ၊ ကဲ ကြွကြွပါ ကြွကြွပါ၊ ဒီလောက်ဆို မျှော်လှရောမယ်'

ကျွန်ုပ်တို့သည် ဧည့်ခန်းနှင့် တစ်ထပ်တည်းတွင် ရှိသည့် ပါစီ၏ အခန်းသို့ လာခဲ့ကြလေ၏။ အခန်းမှာ ဧည့်ခန်း တစ်ပိုင်း၊ အိပ်ခန်း တစ်ပိုင်း ဖြစ်အောင် ပြင်ဆင်ထားပြီး အခန်းထောင့် သင့်လျော်ရာ နေရာများတွင် ပန်းအိုးများကို လှပစွာ ပြင်ထားလေ၏။ လွန်စွာ ဖျော့တော့ ပိန်ချုံးလျက် ရှိသည့် လူငယ် တစ်ယောက်သည် ပြတင်းပေါက် အနီးရှိ ဆိုဖာကြီး တစ်လုံးပေါ်တွင် လှဲနေလေ၏။ ပန်းဥယျာဉ်ထဲမှ ပန်းရနံ့များနှင့် အေးမြသည့် နွေလေညင်းသည် ပြတင်းပေါက်မှ ဝင်ရောက်လာလေ၏။ ထိုလူငယ်၏ အနီးတွင် မိန်းမပျို တစ်ယောက် ထိုင်လျက် ရှိပြီး ကျွန်ုပ်တို့ ဝင်ရောက်လာသော အခါတွင် မတ်တတ် ရပ်၍ ပေးလေ၏။

'ကျွန်မ အပြင် သွားနေမယ်လေ'

လူငယ်က မိန်းမပျို၏ လက်ကို ဆွဲထားလိုက်ရင်း

'ဗျို့ ဝပ်ဆင်၊ ခုမှပဲ တွေ့ရတော့တယ်ဗျာ၊ ဘယ့်နှယ် နှုတ်ခမ်းမွေးတွေ ဘာတွေ ထားလို့ပါလား၊ ခင်ဗျားမှ ဟုတ်ရဲ့လားလို့ ဆိုတာ ဘုရားစူး ကျိန်နိုင်း ရမလို ဖြစ်နေပြီ၊ ဒီကတော့ ခင်ဗျား မိတ်ဆွေ နာမည်ကျော် စုံထောက်ကြီး ရှားလော့ဟုမ်း ထင်ပါရဲ့နော်'

ကျွန်ုပ်က အနည်းငယ် မိတ်ဆက် ပြောဆိုပြီးနောက် ကျွန်ုပ်တို့ နှစ်ယောက်သည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြလေ၏။ ခပ်ဝဝ ခပ်တုတ်တုတ် လူမှာ အခန်းထဲမှ ပြန်ထွက်သွားပြီး သူ့ နှမမှာ ကျွန်ုပ်တို့နှင့် အတူ ကျန်ရစ်ခဲ့လျက် လူငယ်၏ လက်ကို ဆုပ်မြဲ ဆုပ်ထားလေ၏။ မိန်းမပျိုမှာ ထူးခြားသည့် ရုပ်လက္ခဏာ ရှိသည့် မိန်းမပျို တစ်ယောက် ဖြစ်ပြီး အရုပ်အမောင်း ခပ်ပြတ်ပြတ် ဖြစ်လေ၏။ သို့ရာတွင် သံလွင်ရောင် အသားဝါဝါ၊ အီတလီ လူမျိုးများကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်သည့် မျက်လုံးများနှင့် နက်မှောင်သော ဆံပင်များကြောင့် တင့်တယ် ကြည့်၍ ကောင်းနေလေ၏။ မိန်းမပျို၏ ရွှန်းစိုသော အသားအရေနှင့် ယှဉ်လိုက် လျှင် လူရွယ်၏ ဖြူဖပ် ဖြူရော် ဖြစ်၍ ချုံးကျနေသော မျက်နှာမှာ ပို၍ ထင်ရှား နေလေ၏။

လူရွယ်သည် ဆိုဖာပေါ်တွင် ထထိုင်လိုက်ရင်း

'စုံထောက်ကြီးရဲ့ အချိန်ကို လေးစားသောအားဖြင့် နိဒါန်းတွေ သွယ်မနေတော့ဘဲ လိုရင်းကို ပြောပါ့မယ် ခင်ဗျာ၊ ကျွန်တော်ဟာ အောင်မြင် ရပြီး စိတ်လက်ချမ်းသာ ရှိတဲ့ လူတစ်ယောက်ပါ၊ ပြီးတော့ လက်ထပ်မယ့်သူ လည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စ ဖြစ်လာတဲ့ အခါကျတော့ ကျွန်တော့် ရှေ့ရေး တွေ အားလုံး ဖရိုဖရဲ ဖြစ်ကုန်တော့တာပါပဲ။

'ဝပ်ဆင်လည်း ပြောပြီးလိမ့်မယ် ထင်ပါတယ်၊ ကျွန်တော်က နိုင်ငံ ခြားရေး ဌာနမှာ အမှုထမ်းပါတယ်၊ ကျွန်တော့် ဦးလေး ဖြစ်တဲ့ လော့ဒ် ဟိုးလ် ဟတ်စ်ရဲ့ ကြည့်ရှုမှုကြောင့် ကျွန်တော်လည်း တာဝန်ကြီးတဲ့ ရာထူးကြီး တစ်ခု



'လိုရင်းကို ပြောပါ့မယ် ခင်ဗျာ'





ကို ခပ်မြန်မြန် ရောက်လာခဲ့ပါတယ်၊ ခု အစိုးရ လက်ထက်မှာ ကျွန်တော့် ဦး လေး နိုင်ငံခြားရေး ဝန်ကြီး ဖြစ်တဲ့အခါကျတော့ ကျွန်တော့်ကို အရေးကြီးတဲ့ တာဝန်ကြီးတွေ ပေးပါတယ်၊ ကျွန်တော်လည်း ပေးတဲ့ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါတယ်၊ ဒါနှင့် နောက်ဆုံးကျတော့ ကျွန်တော့် ဦးလေးဟာ ကျွန်တော့် ယုံကြည်အချင်းနှင့် အစွမ်းအစကို တော်တော် စိတ်ချလာပါတယ်။

'လွန်ခဲ့တဲ့ နှစ်လခွဲလောက်တုန်းကတော့၊ တိတိကျကျ ပြောရရင် မေလ ၂၃ ရက်နေ့က ဆိုပါတော့ ခင်ဗျာ၊ ဝန်ကြီးက သူ့ အခန်းထဲ ခေါ်ပြီး ကျွန်တော့် ကို အလုပ် ခိုင်းထားတဲ့ အလုပ် တစ်ခုနှင့် ပတ်သက်လို့ ကျေနပ်တဲ့ အကြောင်း ပြောပြရင်း နောက်ထပ် တော်တော် အရေးကြီးတဲ့ အလုပ် တစ်ခု ခိုင်းစရာ ရှိတဲ့ အကြောင်း ပြောပြတယ် ခင်ဗျ။

'သူက ဗီရိုထဲက မီးခိုးရောင် စာရွက်လိပ် တစ်လိပ်ကို ထုတ်ယူပြီး

' "ဟောဒါ အီတလီနှင့် အင်္ဂလန်တို့ ချုပ်ထားတဲ့ လျှို့ဝှက် စာချုပ်ပဲ၊ သတင်း လျှို့ဝှက် စာချုပ်လို့သာ ပြောရပေမဲ့ သတင်းစာထဲမှာတော့ နည်းနည်းပါးပါး သတင်းပေါက်နေပါပြီ၊ စာချုပ်က အရေးကြီးတဲ့ စာချုပ် ဖြစ်တော့ ဒီထက်တော့ သတင်းပေါက် မခံနိုင်ဘူး၊ ဒီစာချုပ်ထဲမှာ ပါတဲ့ အချက်တွေကို ရုရှား သံရုံးနှင့် ပြင်သစ် သံရုံးတွေက သိပ်သိချင်နေတယ်၊ အဲဒါတွေကို သိရင် ပိုက်ဆံ ဘယ် လောက်ပဲ ပေးရ ပေးရ ပေးမှာပဲ၊ ခု ဒီစာချုပ်ကို ကော်ပီ ကူးချင်တယ်၊ ကော်ပီ ကူးဖို့သာ မင်းလက်ထဲ ထည့်ရတာ၊ အမှန်ကတော့ ငါ ဗီရိုထဲက ထုတ်ချင်တာ မဟုတ်ဘူး၊ မင်း ရုံးခန်းမှာ အံဆွဲ ရှိတယ်နော်"

' "ရှိပါတယ် ခင်ဗျ"

' "ဒီလိုဆိုရင် စာချုပ်ကို သော့ခတ်ပြီး ထည့်ထားပါ၊ တခြားလူတွေ ပြန်ဆင်းတော့ မင်း နေရစ်ခဲ့ပါ၊ တစ်ယောက်တည်း ရှိတော့မှ စိတ်ချလက်ချ ကူးပါ၊ နို့မို့ရင် တခြား လူတွေ မြင်သွားနိုင်တယ်၊ ပြီးလို့ရှိရင် မူရင်း စာချုပ် ကိုရော ကူးထားတဲ့ စာရွက်ကိုရော ဗီရိုထဲမှာ သော့ခတ်ပြီး သိမ်းပစ်ခဲ့ပါ၊ မနက် ဖြန် မနက် ရုံးတက်ချိန်မှာ မူရင်းကိုရော ကူးပြီးသားကိုရော မင်းကိုယ်တိုင် ငါ့ လက် အပ်ပါ"

'ဒါနှင့် ကျွန်တော်လည်း စာရွက်စာတမ်းတွေကို ယူပြီး'

'တစ်ဆိတ် မေးပါရစေ ခင်ဗျာ၊ ဒီအကြောင်းကို ပြောတုန်းက ခင်ဗျားတို့ နှစ်ယောက်တည်းလား'

'နှစ်ယောက်တည်းပါ ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com





'စာချုပ်ကို သော့ခတ်ပြီး ထည့်ထားပါ'

'အခန်းကျယ်ကြီး ထဲ
ပေါ့'

'ဟိုဘက် ပေသုံးဆယ်
ဘက် ပေသုံးဆယ်လောက်
တဲ့ အခန်းကြီး ခင်ဗျ'

'အလယ်ကောင်မှာ
ကြတာပေါ့'

'ဟုတ်ကဲ့၊ အလယ်
လောက်မှာပါပဲ'

'ပြောတော့ကော ခင်
တိုးပဲ မဟုတ်လား'

'ကျွန်တော့် ဦးလေး
စကား ပြောရင် အမြဲ တိုး
ပြောတတ်ပါတယ်၊ ကျွန်တော်
ဖြင့် စကားတောင် ပြော ခဲ့ ရ
မဟုတ်ပါဘူး၊ သူ ပြောတာကို
ထောင်ရုံပါပဲ'

ရှားလော့ဟုမ်းသည် မျက်လုံးများကို မှိတ်လိုက်လျက်

'ကျေးဇူးပါပဲဗျာ၊ ကဲ ဆက်ပြောပါဦး'

'ကျွန်တော်လည်း သူ ပြောလိုက်တဲ့ အတိုင်း ရုံးဆင်းလို့ စာရေး ရုံးသူ ရုံးသားတွေ ရှင်းအောင် စောင့်ပါတယ်၊ ကျွန်တော့် အခန်းထဲက ချား ဂိုးရော့ ဆိုတဲ့ စာရေးကတော့ အလုပ်ကြွေးတွေ ကျန်တာနှင့် ထိုင်လုပ်နေတ ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ထမင်း သွားစားပါတယ်၊ ကျွန်တော် ပြန်လာ အခါကျတော့ သူ မရှိတော့ပါဘူး၊ ဆင်းသွားပါပြီ၊ ကျွန်တော်လည်း ဒီအလုပ် မြန်မြန် ပြီးစေချင်နေပါတယ်၊ ခု စုံထောက်ကြီးတို့ တွေ့ခဲ့တဲ့ ကျွန်တော့် ယော လောင်း ဂျိုးဆက်က မြို့ထဲမှာ ရောက်နေတယ် ခင်ဗျ၊ သူက ဝိုးကင်းကို ည ဆယ့်တစ်နာရီ ရထားနှင့် ပြန်မှာ၊ ဒီတော့ ကျွန်တော်လည်း ဆယ့်တစ်နာ ရထားကို အမီ ပြီးအောင် လုပ်ချင်တယ်၊ စာချုပ်ကို ကြည့်လိုက်တဲ့ အခါကျတော့ စာချုပ်က တော်တော် အရေးကြီးတဲ့ စာချုပ် ခင်ဗျ၊ ကျွန်တော့် ဦးလေး သတိ ဝီရိယ ထားဖို့ ပြောတာဟာ တကယ်တော့ မလွန်ပါဘူး၊ အဲဒီ စာချုပ်ဟာ



ရုပ သုံးနိုင်ငံ မဟာမိတ် အပေါ် ဗြိတိန်ရဲ့ ဘာယ်လို သဘောထားသလဲ၊ ထဲပင်လယ် ဒေသမှာ ပြင်သစ် ရေတပ်က အီတလီ ရေတပ်ထက် အင်အား သင်းတဲ့ အနေအထားကို ရောက်လာရင် ကျွန်တော်တို့ နိုင်ငံခြားရေး ဝါဒဟာ ယ်သို့ ဘယ်ပုံ ရှိသင့်သလဲ ဆိုတဲ့ အချက်တွေကို ဖော်ပြထားတယ် ဆိုတာ လောက်ပဲ ပြောပါရစေ ခင်ဗျာ၊ အကျယ် မပြောပါရစေနှင့်တော့၊ စာချုပ်ထဲမှာ ခါက ပတ်သက်နေတဲ့ ကိစ္စတွေကတော့ ရေကြောင်းနှင့် ပတ်သက်တဲ့ ကိစ္စ တွေပါပဲ၊ စာချုပ် အောက်မှာ လက်မှတ်ထိုးတဲ့ နှစ်ဖက် နိုင်ငံ ကိုယ်စားလှယ်တွေ ရဲ့ လက်မှတ်တွေ ပါပါတယ်၊ ကျွန်တော်လည်း စာချုပ်ကို အကြမ်းဖျင်း ကြည့် လိုက်ပြီးတော့ စားပွဲမှာ ထိုင်ပြီး စကူးပါတယ်။

'စာချုပ်က ပြင်သစ်လို ရေးထားပြီး တော်တော် ရှည်တယ် ခင်ဗျ၊ အပိုဒ်ပေါင်း နှစ်ဆယ့်ခြောက်ပိုဒ် ပါတယ်၊ ကျွန်တော်လည်း တတ်နိုင်သမျှ မြန်မြန် ပြီးအောင် ကူးပါတယ်၊ ဒါပေမဲ့ ည ကိုးနာရီ ထိုးလို့ ကြည့်လိုက်တော့ အပိုဒ် ကိုးပိုဒ်ပဲ ပြီးသေးတယ် ခင်ဗျ၊ ရထားကို မီဖို့ကတော့ ကျွန်တော် မစဉ်း းတော့ပါဘူး၊ ကူးရင်း ကူးရင်းနှင့် ကျွန်တော်လည်း ပျင်းပြီး အိပ်ငိုက်လာတယ် ခင်ဗျ၊ ညစာကလည်း စားထား အလုပ်ကလည်း တစ်နေကုန် ပင်ပန်း ဆိုတော့ တော်တော့်ကို အိပ်ချင်လာတယ်၊ ကော်ဖီကလေး တစ်ခွက်လောက် သောက် လိုက်ရရင်တော့ မျက်လုံး ကျယ်ပြီး ခေါင်းထဲ ကြည်သွားမှာပဲလို့ အောက်မေ့ တယ်၊ ကျွန်တော်တို့ ရုံးမှာ အစောင့်ကျတဲ့ ညစောင့်က လှေကား အထက်နား က အခန်းကလေးထဲမှာ ရှိတယ် ခင်ဗျ၊ သူ့မှာ ရေနံဆီ မီးဖိုကလေး ရှိတော့ ကျွန်တော်တို့ အရာရှိတွေ အိုဗာတိုင် ကျလို့ ကော်ဖီကလေး ဘာလေး သောက် ချင်ရင် သူက ရေနွေး တည်ပေးပြီး ကော်ဖီ ဖျော်ပေးတတ်တယ်၊ ဒါနှင့် ကျွန် တော်က သူ့ကို ခေါ်ပြီး ကော်ဖီ ဖျော်ခိုင်းဦးမှပဲ ဆိုပြီး ခေါင်းလောင်းကြိုးကို ဆွဲလိုက်တယ်။

'ကျွန်တော် ခေါ်တုန်းက ညစောင့်ကို ခေါ်တာ၊ ဒါပေမဲ့ တက်လာတော့ အမျိုးသမီး တစ်ယောက် ဆိုတော့ ကျွန်တော်လည်း အံ့အားသင့်နေတယ် ခင်ဗျ၊ မိန်းမကြီးက အရပ် ခပ်မားမား၊ ရုပ်ကြမ်းကြမ်းနှင့်၊ ခါးစည်း အဝတ်ကြီးကို ခါးမှာ ပတ်လို့ ခင်ဗျ၊ သူက ညစောင့်ရဲ့ မိန်းမတဲ့၊ ဗာဟီရ ကိစ္စလေးတွေကို သူပဲ လုပ်ပေးပါတယ် ဆိုတာနှင့် ကျွန်တော် သူ့ကို ကော်ဖီ အဖျော်ခိုင်းလိုက် တယ် ခင်ဗျ။

'ကျွန်တော်လည်း စာချုပ် အပိုဒ် နှစ်ပိုဒ်လောက် ထပ်ကူးတယ် ခင်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်လိုက်တာကလည်း မနေနိုင်ဘူး ခင်ဗျာ၊ ဘယ့်နှယ် အိပ်ချင်မှန်း မသိ ဘူး၊ ဒါနှင့် ကျွန်တော်လည်း မနေနိုင်တော့ဘဲ ထိုင်ရာက ထပြီး အခန်းထဲ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေမိတယ်၊ ကော်ဖီကလည်း ခုထက်ထိ ... သေးဘူး၊ ကော်ဖီလေး တစ်ခွက် ဖျော်တာ ဘာဖြစ်လို့များ ဒီလောက် ကြာ သလဲ မသိဘူးလို့ စဉ်းစားရာက ဘာများ ဖြစ်လို့ပါလိမ့်မလဲ ဆိုပြီး သိချင်တာ... တံခါးကို ဖွင့်ပြီး စင်္ကြံ အတိုင်း လျှောက်လာခဲ့တယ် ခင်ဗျ၊ ကျွန်တော် နေ... အခန်းက ထွက်လိုက်ရင် ခပ်မှိန်မှိန် လင်းနေတဲ့ စင်္ကြံကို ရောက်တယ်၊ ဒီ စင်္ကြံ ဆုံးရင် လှေကားကို ရောက်တယ်၊ လှေကားတွေက တစ်ဆစ်ချိုး လှေကား တွေ ဆိုတော့ ကွေ့နေတယ်၊ အဲဒီ လှေကား အတိုင်း ဆင်းသွားရင် ဆောင်... လမ်းမကြီးထိပ်က အပေါက်ဝမှာ ညစောင့် စန္ဒရီခန်းကို တွေ့ရတယ်၊ လှေကား ရဲ့ အလယ်လောက် ရောက်တဲ့ အခါကျတော့ လှေကား တစ်ခု ရှိသေးတယ်၊ ဒီ လှေကား အတိုင်း ဆင်းလို့ ရှိရင် ဒုတိယ အပေါက် တစ်ပေါက်ကို ရောက်တယ်... ဘေးက မလွယ်ပေါက်ကလေး ဆိုပါတော့ ခင်ဗျာ၊ အဲဒီ မလွယ် ပေါက်ကလေး က ထွက်လိုက်ရင် ဘေး လမ်းကြားကလေး တစ်ခုထဲ ရောက်သွားတယ် ခင်ဗျ... အမှန်ကတော့ ဒီ အပေါက်ကလေးကို အရာရှိတွေ မသုံးကြပါဘူး၊ ရုံးစာရေး နှင့် ချားလ်လမ်းဘက် လာတဲ့ စာရေးတွေ ဖြတ်လမ်း အဖြစ် အသုံးပြုကြတာ ရှိပါတယ်။

'ဟောဒါကတော့ ကျွန်တော် ပြောတဲ့ အဆောက်အဦ ပုံစံပါပဲ'








'အစောင့်က အခန်းကလေးထဲမှာ အိပ်ပျော်နေတယ် ခင်ဗျ'

'ကျေးဇူး တင်ပါတယ်၊ ခင်ဗျား ပြောတာကို ကျုပ် နား လည်ပါတယ်' ဟု ရှား လော့ ဟုမ်းက ပြောလေ၏။

'ဒီအချက်ကို သတိထား ဖို့ အရေးကြီးတယ်လို့ ကျွန်တော် ထင်ပါတယ်၊ ကျွန်တော်လည်း လှေကား အတိုင်း ဆင်းလာပြီး အဆောင်ကူး လမ်းကြားအတိုင်း လျှောက်လာခဲ့တယ်၊ ထိပ် ကို ရောက်လို့ ညစောင့် အခန်းထဲကို ကြည့် လိုက် တော့ အစောင့်က အခန်းကလေးထဲမှာ အိပ်ပျော်နေ တယ် ခင်ဗျ၊ ရေနံဆီ မီးဖိုပေါ်မှာ ရေနွေးအိုးက ပွက်ပွက် ဆူလို့၊ အနားက ကြမ်းပြင်မှာလည်း ရေ နွေးတွေ ဖိတ်လို့ ရွဲရွဲစိုနေတယ် ခင်ဗျ၊ ကျွန်တော်လည်း နှစ်နှစ် ခြိုက်ခြိုက်ကြီး အိပ်ပျော်နေတဲ့ ညစောင့်ကို လှုပ်နှိုးဖို့လည်း ပြင်လိုက်ရော သူ့ ခေါင်းပေါ်က ခပ်ကျယ်ကျယ် မြည်နေတဲ့ ခေါင်းလောင်းသံကို ကြားလိုက်ရတယ် ခင်ဗျ၊ ဒီတွင် ညစောင့်လည်း လန့်နိုးလာတာပဲ။

'အိပ်ရာက နိုးလာတော့ ကျွန်တော့်ကို ဇဝေဇဝါနှင့် လှမ်းကြည့်ပြီး "ဟင်၊ ဆရာပါလား" လို့ ပြောတယ် ခင်ဗျ။

' "ကော်ဖီ ဖျော်နိုင်းတာ ရပြီလားလို့ လာကြည့်တာ"

' "ရေနွေး ကျိုရင်း အိပ်ပျော်သွားတယ် ဆရာရယ်" လို့ ပြောပြီး ကျွန်တော့်ကို ကြည့်တယ် ခင်ဗျ၊ တစ်ခါ တဒင်ဒင် မြည်နေတဲ့ ခေါင်းလောင်း ကို မော့ကြည့်လိုက်ပြီး ကြည့်ရင်းလည်း မျက်နှာမှာ အံ့အားသင့်တဲ့ အရိပ် အယောင်တွေ ပေါ်လာတယ်။

' "ဘယ်က ခေါင်းလောင်းသံလဲဗျ၊ မြည်လှချည်လား" လို့ ကျွန်တော် က မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



' "ဆရာ့ အခန်းက ခေါင်းလောင်းသံ ခင်ဗျ"

'သူက ဒီလိုလည်း ပြောလိုက်ရော ကျွန်တော့် နှလုံးကို အေးစက်တဲ့ လက်ကြီး တစ်ဖက်နှင့် ဆုပ်နယ် ဖျစ်ညှစ်လိုက်သလိုပဲ ခင်ဗျ၊ ကျွန်တော် ထွက် လာတုန်းက ကူးလက်စ စာချုပ်ကို စားပွဲပေါ်မှာ ဒီအတိုင်း ထားပစ်ခဲ့တာ ခင်ဗျ ခုလောက်ဆိုရင် အခန်းထဲမှာ တစ်ယောက်ယောက် ရောက်နေပြီပေါ့၊ ကျွန်တော် လည်း ကမူးရှူးထိုးနှင့် ပြေးတက်လာခဲ့တယ်၊ စင်္ကြံမှာ လူတစ်ယောက်မှ မတွေ့ ရဘူး၊ အခန်းထဲမှာလည်း တစ်ယောက်မှ မရှိဘူး ခင်ဗျ၊ ဒါနှင့် စားပွဲပေါ် ကြည့်လိုက်တော့ ကျန်တာတွေ အားလုံး ဘာမှ ခြေရာလက်ရာ မပျက်ဘူး ခင်ဗျ၊ အဲ ကျွန်တော့်ကို ကူးခိုင်းထားတဲ့ မူရင်း စာချုပ်ကြီးကတော့ မရှိတော့ ဘူး ခင်ဗျာ၊ ကျွန်တော် ကူးထားတဲ့ ကော်ပီကတော့ ကျန်ရစ်ခဲ့တယ်'

ရှားလော့ဟုမ်းသည် ကုလားထိုင်တွင် ကိုယ်ကို မတ်မတ် ထိုင်ပြီးနောက် လက်များကို ပွတ်လျက် ရှိလေ၏။ သူ့ အမူအရာကို ကြည့်၍ ထိုပြဿနာမှာ ရှားလော့ဟုမ်း၏ ဘဝင်ကို သွားခိုက်စေသည့် ပြဿနာ ဖြစ်ကြောင်း ကျွန်ုပ် ရိပ်မိလိုက်လေပြီ။

'ကဲ၊ ဆိုစမ်းပါဦးဗျာ၊ ဒီတော့ ခင်ဗျား ဘာလုပ်သလဲ' ဟု စိတ်မရှည် နိုင်ဟန်ဖြင့် မေးလေ၏။

'ဒီတော့ သူခိုးဟာ စာရေးတွေ ရုံးလုလင်တွေ တက်လာလေ့ ရှိတဲ့ ဘေးပေါက်က ဝင်လာတာ ဖြစ်ရမယ်လို့ ကျွန်တော် ချက်ချင်း သိလိုက်တယ် ခင်ဗျာ၊ တခြားလမ်းက လာရင် ကျွန်တော်နှင့် ပက်ပင်း တိုးမှာပေါ့၊ ဘေး ပေါက်က လာလို့သာ ကျွန်တော်နှင့် မတွေ့တာ ဖြစ်မှာပေါ့'

'အခန်းထဲကို စောစောကတည်းက ရောက်နေပြီး ပုန်းနေတာ မဖြစ်နိုင် ဘူးလား၊ ဒါမှမဟုတ်ရင်လည်း လှေကား အတက် စင်္ကြံကလေးက မီးမှိန်မှိန် ကလေး ဆိုတော့ အဲဒီ စင်္ကြံ အကွေ့လေး နားမှာ ပုန်းနေတာကော မဖြစ်နိုင်ဘူး လား'

'လုံးဝ မဖြစ်နိုင်ဘူး ခင်ဗျ၊ စင်္ကြံမှာရော အခန်းထဲမှာရော လူ မပြော နှင့် ကြွက် တစ်ကောင်တောင် ပုန်းလို့ မရဘူး၊ ရှင်းနေတာပဲ၊ ပုန်းစရာ ဆိုလို့ တစ်ခုမှကို မရှိဘူး'

'ဟုတ်ပြီဗျ၊ ဒါဖြင့် ဆက်ပါဦး'

'ညစောင့်ကလည်း ကျွန်တော့် မျက်နှာကို မြင်တော့ အရေးကြီးတဲ့ ကိစ္စ တစ်ခုခုတော့ ဖြစ်ပြီ ဆိုပြီး ကျွန်တော့် နောက်က ပြေးတက်လိုက်လာခဲ့





တယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်တို့ နှစ်ယောက်လည်း ချားလ်လမ်းဘက် ဆင်းတဲ့ လှေကား အတိုင်း ပြေးဆင်းလာခဲ့ကြပြန်တယ်၊ အဲဒီဘက်မှာ အပြင်ကို ထွက်တဲ့ တံခါးကြီးက စေ့ရုံပဲ စေ့ထားတယ် ခင်ဗျ၊ သော့ခတ်မထားဘူး၊ ကျွန်တော်တို့ အဲဒီ တံခါးမကြီးနားကို ရောက်တဲ့ အခါကျတော့ အနားမှာ ရှိတဲ့ ဘုရား ရှိခိုး ကျောင်းက နာရီ ထိုးသံကို ကြားလိုက်ရတယ် ခင်ဗျ၊ ဆယ်နာရီ ထိုးဖို့ ဆယ့် ငါးမိနစ်ပဲ လိုတော့တယ်'

'အား၊ အဲဒီ အချက်က တော်တော် အရေးကြီးတယ်ဗျ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် အချိန်ကို သူ့ အင်္ကျီ လက်ဖျားတွင် မှတ်ထားလိုက်လေ၏။

'အဲဒီညက တော်တော်လေး မှောင်တယ် ခင်ဗျ၊ မိုးကလေးကလည်း အဖွဲဖွဲ ကျလို့၊ အဲဒီအချိန်မှာ ချားလ် လမ်းထဲမှာ လမ်းသွား လမ်းလာကလည်း ရှင်းလို့၊ ထုံးစံအတိုင်း တစ်ဖက်ထိပ်က ဗွိုက်တောဘက်မှာတော့ ယာဉ်ရထား တွေ ရှုပ်လို့ ခင်ဗျ၊ ကျွန်တော်တို့လည်း ထီးတို့ မိုးကာတို့တောင် မယူနိုင်တော့ ဘူး၊ လမ်းဘေး ပလက်ဖောင်း အတိုင်း လမ်းဆုံဘက်ကို ထွက်လာခဲ့ကြတယ် ခင်ဗျ၊ လမ်းဆုံ နားကို ရောက်တော့ ပုလိပ် တစ်ယောက်ကို တွေ့ရတယ်၊ ကျွန် တော်က အမော တကောနှင့်

' "ဖောက်ထွင်းမှု တစ်ခု ဖြစ်လို့၊ နိုင်ငံခြားရေးရုံးက အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ခိုးသွားတယ်၊ ဒီလမ်းက ဘယ်သူတွေများ ဖြတ်သွားတာ မြင်လိုက်သလဲ" လို့ မေးတယ်။

' "ကျွန်တော် ဒီနေရာမှာ ရပ်နေတာ ဆယ့်ငါးမိနစ်လောက် ရှိသွားပါ ပြီ ခင်ဗျာ၊ အဲဒီ အချိန် အတွင်းမှာ ဖြတ်သွားတဲ့လူ ဆိုလို့ တစ်ယောက်ပဲ ရှိ တယ် ခင်ဗျ၊ အမျိုးသမီး တစ်ယောက်၊ အရပ် ရှည်ရှည်၊ အသက် ခပ်ကြီးကြီး၊ ပါးစလေ ရှောစောင်ကလေးကို ခြုံလို့"

' "ဟာ၊ အဲဒါက ကျွန်တော့် မိန်းမပဲ ဆရာ၊ ဒီပြင်ကော ဘယ်သူများ ဖြတ်သွားသေးသလဲ" လို့ ကျွန်တော်တို့ ရုံးက ညစောင့်က ပြောတယ် ခင်ဗျ။

' "ဒီပြင်တော့ တစ်ယောက်မှ မလာဘူး"

' "ဒါဖြင့် သူခိုးက တခြားလမ်းက လစ်ပြီ ထင်တယ် ဆရာ" ဆို ပြီး ညစောင့်က ကျွန်တော့် အင်္ကျီ လက်ကို အတင်း ဆွဲခေါ်တယ် ခင်ဗျ။

'ဒါပေမဲ့ ကျွန်တော့် ရင်ထဲမှာတော့ ဘဝင်မကျလှဘူး၊ ဒီအထဲမှာ သူက ကျွန်တော့်ကို တခြားလမ်းကို လိုက်ရှာကြည့်ဖို့ အတင်း ဆွဲခေါ် နေလေတော့ ကျွန်တော့် စိတ်မှာ ပိုပြီး မသင်္ကာ ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



' ''ဒါဖြင့် အဲဒီ အမျိုးသမီး ဘယ်ကို သွားသလဲ'

' ''ဒါတော့ ကျွန်တော်လည်း မသိလိုက်ဘူး ခင်ဗျ၊ ဖြတ်သွားတာကို သိလိုက်တယ်၊ သူ့ကို စောင့်ကြည့်စရာ အကြောင်းလည်း မရှိတော့ ကျွန်တော် လည်း သူ့ကို မကြည့်မိလိုက်ဘူး၊ ကြည့်ရတာကတော့ တော်တော် ရေးကြီး သုတ်ပျာ ဖြစ်လာတဲ့ ပုံပဲ''

' ''အဲဒါ ဘယ်လောက် ကြာသွားပလဲ''

' ''သိပ် မကြာသေးဘူး ခင်ဗျ၊ ခုကလေးတင်ပဲ''

' ''လွန်ခဲ့တဲ့ ငါးမိနစ်လောက် ဆိုပါတော့''

' ''ဟုတ်ကဲ့၊ ငါးမိနစ်ထက်တော့ မကျော်သေးဘူး ထင်တာပဲ''

' ''ဆရာကလည်း ဒီမှာ အချိန် ဖြုန်းနေတာနှင့် ကျွန်တော်တို့ လက် လွတ်ကုန်လိမ့်မယ်၊ ခုနေမှာ တစ်မိနစ်ဆို ဆိုသလောက် အရေးကြီးတာ၊ စိတ်ချ ပါ ဆရာရယ်၊ ကျွန်တော့် အိမ်က အဘွားကြီးပါ၊ ဆရာတို့ဟာတွေကို လက်များ နှင့်တောင် တို့မှာ မဟုတ်ပါဘူး၊ ဟိုဘက်ထိပ်ကို သွားရာရအောင်ပါ၊ ကဲ ဆရာ ရယ်၊ ဆရာ မလိုက်လည်း နေခဲ့တော့၊ ကျွန်တော့်ဘာသာ ပြေးရှာတော့မယ်'' ဆိုပြီး ညစောင့်ဟာ တစ်ဖက် လမ်းထိပ်ကို ပြေးထွက်သွားတယ် ခင်ဗျ။

'ဒါပေမဲ့ ကျွန်တော်လည်း သူ့ နောက်ကို ပြေးလိုက်သွားပြီး သူ့ အကျႌ လက်ကို ဆွဲထားတာပေါ့၊ ဘယ်ရမလဲ။

' ''ကဲ၊ အဘိုးကြီး ခင်ဗျား ဘယ်မှာ နေသလဲ၊ မှန်မှန် ပြောစမ်း''

' ''နံပါတ် ၁၆၊ အိုင်ဗီလမ်း၊ ဘရစ်တန် ရပ်ကွက် ခင်ဗျ၊ ဒါပေမဲ့ မဟုတ်တဲ့ နေရာကို လိုက်မနေပါနှင့်၊ လာပါ ဆရာရယ်၊ ခုလောလောဆယ် ဟိုဘက် ထိပ်ကို သွားရအောင်၊ အဲဒီကျရင် သတင်းပလင်းလေး ဘာလေး ထူးချင် ထူးမှာပေါ့''

'ဒီတော့မှ သူ့ အကြံလည်း မဆိုးပါဘူးလေ ဆိုပြီး ကျွန်တော်တို့ နှစ် ယောက်ရယ်၊ ပုလိပ်ကြီးရယ် လမ်းထိပ်ကို ပြေးလာခဲ့ကြတယ်၊ ဒါပေမဲ့ လမ်းမ ကြီး ဆိုတော့ လူတွေက ဥဒဟို၊ ယာဉ်ရထားတွေကလည်း ဥဒဟို၊ မိုးကလည်း တဖွဲဖွဲ ရွာနေတော့ လူတွေ သုတ်သုတ် သုတ်သုတ်နှင့် သွားလာနေလိုက်ကြတာ ရှုပ်ယှက်ခတ်လို့ပေါ့ ခင်ဗျာ၊ ဒီလမ်းထိပ်က ဘယ်သူ ထွက်လာတယ် ဆိုတာ ပြောပြနိုင်မယ့် လူ ဆိုလို့လည်း လမ်းထောင့်မှာ တစ်ယောက်မှ မတွေ့ရဘူး ခင်ဗျ။

'ဒါနှင့် ကျွန်တော်တို့လည်း ရုံးကို ပြန်လာခဲ့ကြပြီး လှေကားတွေ၊ စင်္ကြံ





တွေ၊ ချောင်ကြို ချောင်ကြားတွေကို အနှံ့ လိုက်ရှာကြတယ်၊ ဒါပေမဲ့ ဘာမှ အကျိုး မထူးပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ ရုံးခန်း အဝ စင်္ကြံကလေးမှာ နို့နှစ် ရောင် ဖယောင်းပုဆိုး ခင်းထားတယ် ခင်ဗျ၊ တစ်ခုခု ဆိုရင် အလွယ်တကူ မြင်သာတယ်၊ ဒါနှင့် ကျွန်တော်တို့လည်း ဖယောင်းပုဆိုးပေါ်မှာ ခြေရာတို့ ဘာတို့များ တွေ့မလား ဆိုပြီး သေသေချာချာ လျှောက်ရှာကြတယ်၊ ဒါပေမဲ့ ဘာကိုမှ မတွေ့ရဘူး ခင်ဗျ'

'အဲဒီနေ့ ညနေက တစ်ညနေလုံး မိုးရွာနေသလား'

'ခုနစ်နာရီလောက်ကတည်းက ရွာနေတာ ခင်ဗျ'

'ဒီလိုဆိုရင် ကိုးနာရီလောက်မှ အခန်းထဲကို ဝင်လာတဲ့ အမျိုးသမီးရဲ့ ဖိနပ်တွေ ရေတွေ စိုရွှဲနေတဲ့ ဖိနပ်က ဘာမှ ထင်မကျန်ရစ်ခဲ့တာကတော့ နည်းနည်း ထူးဆန်းတယ်ဗျ'

'စုံထောက်ကြီးက ဒီမေးခွန်းကို မေးလိုက်တဲ့ အတွက် ကျေးဇူးတင် ပါတယ် ခင်ဗျာ၊ အဲဒီတုန်းက ကျွန်တော်လည်း ဒီအချက်ကို စဉ်းစားခဲ့မိပါတယ်၊ ကျွန်တော်တို့ရဲ့ ထုံးစံက အမှိုက် ရှင်းတဲ့ အမျိုးသမီးတွေဟာ ညစောင့်ရဲ့ အခန်း ရောက်ရင် အပြင်က စီးလာတဲ့ ဖိနပ်ကို လဲပြီး ရုံးတွင်း စီးတဲ့ ဖိနပ်ကို လဲစီးရ ပါတယ်'

'ဟုတ်ပြီ ခင်ဗျ၊ ဒါဖြင့် အဲဒီ ညက မိုးတွေ ရွာနေသည့်တိုင် ဖိနပ်ရာ တို့ ခြေရာတို့ကို မတွေ့ရဘူး ဆိုပါတော့၊ အဖြစ်အပျက်ကတော့ တော်တော် လေးကို စိတ်ဝင်စားစရာ ကောင်းနေပြီဗျို့၊ နောက်တော့ကော ခင်ဗျား ဘာလုပ် သလဲ'

'အခန်းထဲကိုလည်း ကျွန်တော်တို့ စစ်ဆေးကြည့်ပါတယ်၊ လျှို့ဝှက် တံခါးပေါက်တို့ ဘာတို့ မရှိတာ သေချာပါတယ်၊ ပြတင်းပေါက်တွေ ဆိုတာ လည်း မြေကြီးကနေ ပေ သုံးဆယ်လောက် မြင့်တယ် ခင်ဗျ၊ ပြီးတော့ အားလုံး ကလည်း အတွင်းကနေပြီး ပိတ်ထားတာ၊ ကြမ်းပြင်က ဖောက်ဝင်ရအောင် ဆိုလို့လည်း ကော်ဇောကြီးတွေက အပြည့် ခင်းထားတာ ခင်ဗျ၊ မျက်နှာကြက် ကလည်း ဆေးဖြူ သုတ်ထားတဲ့ သာမန် မျက်နှာကြက်မျိုးပဲ၊ ကျွန်တော့် စာ ရွက်တွေကို ခိုးတဲ့ လူဟာ တံခါးပေါက်ကြီးက ဝင်လာတယ် ဆိုတာ သေချာ ပါတယ် ခင်ဗျာ'

'မီးလင်းဖို နေရာကကောဗျာ'

'ကျွန်တော်တို့ ရုံးခန်းမှာ မီးလင်းဖို မရှိဘူး ခင်ဗျ၊ လိုရင် မီးဖို ချေသေး



www.burmeseclassic.com

www.burmeseclassic.com



သေးလေး တစ်လုံးကို သုံးတယ်၊ ခေါင်းလောင်းကြိုးက ကျွန်တော့် စားပွဲနဲ့ ညာဘက်က ဝါယာကြိုးကနေ တွဲလောင်း ချထားတယ်၊ ခေါင်းလောင်းကြိုးကို ဆွဲချင်ရင် ကျွန်တော့် စားပွဲ ညာဘက် ရောက်အောင် လာပြီး ဆွဲမှ ဆွဲလို့ရတယ်၊ ကျွန်တော်တော့ ဘယ်လိုမှ စဉ်းစားလို့ မရအောင် ဖြစ်နေပြီ ခင်ဗျ'

'အင်း အဖြစ်အပျက်ကတော့ ဖြစ်ရိုး ဖြစ်စဉ် မဟုတ်ဘူးလေ၊ ဒါဖြင့် နောက်ထပ် ခင်ဗျား ဘာလုပ်သလဲ၊ သူခိုးဟာ တစ်စုံတစ်ရာ ခြေရာ လက်ရာများ ကျန်ရစ်ခဲ့လေမလားလို့ အခန်းကို စစ်ဆေးကြည့်တယ် ဆိုပါတော့၊ ဥပမာ ဆေးလိပ်တိုတို့၊ လက်အိတ်တို့၊ ဆံညှပ်တို့ စတဲ့ အသေးအဖွဲ ပစ္စည်းလေးတွေ ဆိုပါတော့'

'ဒါမျိုးလည်း မတွေ့ဘူး ခင်ဗျ'

'အနံ့တို့ ဘာတို့ရော'

'ဟုတ်ကဲ့၊ ဒါကိုတော့ ကျွန်တော်တို့ မစဉ်းစားမိဘူး'

'ဒီလို ကိစ္စမျိုးမှာ ဆေးလိပ်နံ့တို့ ဘာတို့ကို သဲလွန်စ ရရင် ကျုပ်တို့အတွက် အများကြီး အဖိုးတန်တယ်ဗျ'

'ကျွန်တော်က ဆေးလိပ် သောက်တတ်တဲ့လူ မဟုတ်ပါဘူး၊ ဒါကြောင့် အခန်းထဲမှာ ဆေးလိပ်နံ့တို့ ဘာတို့ ရှိရင်တော့ ချက်ချင်း ကျွန်တော် သိမှာပါ။ ဆေးလိပ်နံ့တို့ ဘာတို့ ဆိုတာမျိုးလည်း တစ်စက်မှ မရဘူး ခင်ဗျ၊ စဉ်းစားစရာ အချက်ကတော့ ညစောင့် အဘိုးကြီးရဲ့ မိန်းမ (သူ့ နာမည်က မစ္စက် တန်ဂျေးလို့ ခေါ်ပါတယ်) ကျွန်တော်တို့ ရုံးထဲက ပျာယီးပျာယာ ထွက်သွားတာ တစ်ချက် ရှိပါတယ်၊ ညစောင့်ကြီးကို စစ်တော့လည်း ဒီအချိန်ဟာ သူ့ မိန်းမ အိမ်ပြန်ချိန် မို့လို့ ပြန်တယ်လို့ပဲ ပြောတတ်တယ်၊ တခြား ဘာမှ ရေရေရာရာ အကြောင်း မပြတတ်ဘူး ခင်ဗျ၊ ဒီတော့ ပုလိပ်နှင့် ကျွန်တော်က သူ ယူတယ်ပဲ ယူဆတယ်၊ စာရွက်စာတမ်းတွေကို တခြားကို မရောက်ခင် သူ့ကို ဖမ်းရှာတာ အကောင်းဆုံးပဲ ဆိုပြီး သူ့ နောက်ကို လိုက်သွားကြတယ် ခင်ဗျ။

'ဒီအချိန်မှာ စကော့တလန်ယာဒ် စုံထောက် အဖွဲ့ကလည်း ဒီသတင်းကို ရနေပြီ ခင်ဗျ၊ စကော့တလန်ယာဒ် စုံထောက် အဖွဲ့က စုံထောက် ဖော့ ချက်ချင်း ဆင်းလာပြီး သူလည်း အင်တိုက် အားတိုက် စုံစမ်းတာပဲ၊ ဒါနှင့် ကျွန်တော်တို့ ရထား တစ်စင်း ငှားပြီး ညစောင့် ပြောတဲ့ လိပ်စာ အတိုင်း လိုက်သွားကြတယ် ကျွန်တော်တို့ ရောက်တော့ သူငယ်မကလေး တစ်ယောက်က တံခါး ဖွင့်ပေးတယ် မစ္စက် တန်ဂျေးရဲ့ သမီး အကြီးဆုံးတဲ့၊ သူ့ အမေ မရောက်လာသေးဘူးတဲ့ ကျွန်တော်တို့ကို အိမ်ရှေ့ခန်းမှာ ထိုင်ပြီး အစောင့်ခိုင်းတယ် ခင်ဗျ။

'ကျွန်တော်တို့ ရောက်ပြီးလို့ ဆယ်မိနစ်လောက် ကြာတော့ တံခါး ခေါက်သံ ပေါ်လာတယ် ခင်ဗျ၊ ဒီမှာတင် ကျွန်တော်တို့ တစ်ချက် မှား သွား တယ် ခင်ဗျာ၊ ကျွန်တော်တော့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ မဆုံးတော့ဘူး၊ အမှန်က တံခါးကို ကျွန်တော်တို့ ကိုယ်တိုင် သွားဖွင့်လိုက်ဖို့ ကောင်းတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က ဖွင့်မပေးလိုက်မိဘူး၊ ကောင်မလေး သွားဖွင့်တာကို ထိုင်ကြည့်နေကြတယ်၊ "အမေ့ကို တွေ့ချင်လို့ ဆိုပြီး ဧည့်သည် နှစ်ယောက် ရောက်နေတယ်" လို့ ကောင်မလေး ပြောသံကို ကျွန်တော်တို့ ကြားလိုက်ရတယ် ခင်ဗျ၊ ဒီတွင် တစ်ဖက် အဆောင်ကူး လမ်းကြားထဲကနေပြီး နောက်ဖေးဘက်ကို ဝင်ပြေးတဲ့ ခြေသံတွေကို ကျွန်တော်တို့ ကြားလိုက်ရတယ်၊ စုံထောက် ဖော့က တံခါးကို ဖွင့်ပြီး ကျွန်တော်နှင့် သူ နှစ်ယောက်သား နောက်ဖေးဆောင် (မီးဖိုဆောင်လား ဘာလားတော့ မသိဘူး ခင်ဗျာ) အဲ နောက်ဖေးဆောင်ထဲကို အတင်း ဝင်လိုက် လာခဲ့ကြတယ် ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော်တို့ မီးဖိုထဲ ရောက်တော့ အမျိုးသမီးက အထဲကို ရောက်နေပြီ ခင်ဗျ၊ အဘွားကြီးက ကျွန်တော်တို့ကို ကျေမနပ်တဲ့ အကြည့်နှင့် လှမ်းကြည့်နေတယ်၊ ပြီးတော့မှ ကျွန်တော်မှန်း သိသွားပြီး သူ့ မျက်နှာဟာ တအံ့တသြ ဖြစ်နေတယ် ခင်ဗျ။

' "ဟောတော့၊ ရုံးက ဆရာလေးပါလား" တဲ့။

' "ကဲ ကဲ၊ အဘွားကြီး သိပ် စကားတွေ များမနေနှင့်၊ ခုတွင်က ကျုပ်တို့ စောင့်နေတုန်းက ဘာဖြစ်လို့ နောက်ဖေးချောင်ထဲကို ဝင်ပြေးတာလဲ၊ ကျုပ်တို့ကို ယီးတီးယားတား လုပ်လို့ ရမယ် အောက်မေ့နေသလား" လို့ စုံထောက်ခွေတာ ဖော့က မေးတယ် ခင်ဗျ။

' "မဟုတ်ပါဘူးတော်၊ ကျုပ်က ကြွေးရှင်တွေ မှတ်လို့ ဝင်ပြေးတာပါ၊ ဈေးသည်က ကျုပ်တို့ကို ကြွေးမှုနှင့် ဆွဲထားလို့" လို့ ပြောတယ် ခင်ဗျ။

' "ဒီလိုတော့ လုပ်မယ် စိတ်မကူးနှင့်၊ ခင်ဗျား နိုင်ငံခြားရေး ရုံးပေါ်က အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို ခိုးသွားတယ် မဟုတ်လား၊ ခိုးသွားပြီး ဒီ စာရွက်စာတမ်းတွေ ရောင်းစားဖို့ ခင်ဗျား ရုံးက သုတ်သီးသုတ်ပျာ ပြန်သွားတယ်၊ ကဲ ဒီတော့ စကား များမနေနှင့် အဘွားကြီး၊ ကျုပ်တို့နှင့် အတူ စုံထောက်ရုံးကို လိုက်ခဲ့၊ ဟိုကျရင် ခင်ဗျားကို ရှာရမယ်"

'အဘွားကြီးက သူ မလိုက်နိုင်ဘူးလေး ဘာလေးနှင့် အကျောက်အကန် ပြောနေသေးတယ် ခင်ဗျ၊ ဒါပေမဲ့ ဘယ်ရမလဲ ခင်ဗျာ၊ လေးဘီး ရထား တစ်





www.burmeseclassic.com

www.burmeseclassic.com





'ဟောတော့၊ ရုံးက ဆရာလေးပါလား'

စင်း ခေါ်လာပြီး သူ့ကို စကော့တလန်ယာဒ်ကို ခေါ်လာခဲ့တာပေါ့၊ ပထမ ကျွန်တော်တို့ သူ့ မီးဖိုထဲကို ရှာကြသေးတယ် ခင်ဗျ၊ မီးဖိုထဲကို သူ အလှည့် ရောက်တော့ ကျွန်တော်တို့ မရှိတုန်း တစ်ခုခုများ လုပ်လေမလား ဆိုပြီး ရှာကြည့်ကြတာပေါ့ ခင်ဗျာ၊ အထူးသဖြင့် မီးဖိုထဲကို ရှာကြည့်တယ်၊ ဒါပေမဲ့ စက္ကူတို့ ပြာမှုန့်တို့ ဆိုလို့ ဘာမှ မတွေ့ရဘူး ခင်ဗျ၊ ဒါနှင့် စကော့တလန်ယာဒ် ကို ရောက်တော့လည်း အမျိုးသမီး ပုလိပ် တစ်ယောက်ကို အပ်ပြီး ချက်ချင်း အရှာခိုင်းတယ် ခင်ဗျ၊ ကျွန်တော်တို့လည်း အထဲမှာ ရှာနေတုန်း တထိတ်ထိတ် နှင့် စောင့်နေရတာပေါ့ ခင်ဗျာ၊ ရှာတဲ့ အမျိုးသမီး ပုလိပ် ထွက်လာပြီး ဘာမှ မတွေ့ဘူးလို့ သတင်း ပို့တယ် ခင်ဗျ။

'သူက ဒီလိုလည်း ပြောလိုက်ရော ငါတော့ တစ်သက်လုံး သွားပြီ အလုပ်ကလည်း ပြုတ်၊ လူလုံးကလည်း မလှတဲ့ ဘဝ ရောက်ပြီ ဆိုပြီး ကျွန် တော့် ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်နေမှန်း မသိဘူး ခင်ဗျာ။

'သူ့ စကားကိုလည်း ကြားလိုက်ရော ကျွန်တော့် စိတ်ထဲမှာ ပထမဆုံး အကြိမ် ထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်မိတယ်၊ ခပ် စောစောပိုင်းတုန်းကတော့ စာချုပ်ကို မဲရှာနေလေတော့ ထူပူပြီး ဘာကိုမှ ကောင်းကောင်း မစဥ်းစားနိုင်



ဘူးပေါ့ ခင်ဗျာ၊ ကျွန်တော့် စိတ်ထဲမှာ စာချုပ်ကို ပြန်တွေ့ရမယ်လို့ တထစ်ချ ယုံကြည်ထားတော့ မတွေ့ရင် ဘာဖြစ်မလဲ ဆိုတာ စဥ်းလည်း မစဥ်းစားမိဘူး၊ စဥ်းလည်း မစဥ်းစားရဲဘူး၊ ခုတော့ မတွေ့ဘူး ဆိုတာ သေချာပြီ ခင်ဗျ၊ အဲဒီ တော့မှ ကျွန်တော့် အခြေအနေကို အနုလုံ ပဋိလုံ စဥ်းစားနိုင်တော့တယ်၊ စဥ်းစား လိုက်တော့မှ ငါတော့ ကိုယ်ကျိုးကြီး နည်းပြီ၊ ဒီတစ်သက်တော့ သွားပြီ ဆိုပြီး သိလာက ရောက်လိုက်ရတာ ခင်ဗျာ၊ ကျွန်တော်ဟာ ကျောင်းတုန်း ကတည်း က စိုးရိမ် ပူပန်တတ်တဲ့ ကောင် ဆိုတာ ဟောဒီက ဝပ်ဆင် သိပါတယ်၊ ဒါ ကျွန်တော့် သဘာဝပါ၊ ကျွန်တော့် ဦးလေး အတွက်ရော ဝန်ကြီး အဖွဲ့ထဲက သူ့ လုပ်ဖော် ကိုင်ဖက်တွေ အတွက်ရော ကျွန်တော် တွေးပူတယ်၊ ကျွန်တော့် ကြောင့် ကျွန်တော့် ဦးလေး ဒုက္ခ ရောက်ရတော့မယ်၊ ကျွန်တော်လည်း အရှက် ကွဲ အကျိုးနည်း ဖြစ်တော့မယ်၊ ကျွန်တော်နှင့် ပတ်သက်သူတွေ မှန်သမျှ လည်း ခေါင်းမဖော်ရဲစရာတွေ ဖြစ်ကုန်တော့မယ် ဆိုပြီး ကျွန်တော် တွေးတိုင်း ရှက်တယ်၊ အို ကိုယ်က တမင် လုပ်တာမှ မဟုတ်ဘဲ၊ မတော်တဆ ဖြစ်တာပဲ၊ ဘယ်တတ်နိုင်မလဲလို့ ကိုယ့်ကိုယ်ကိုယ် အားတင်းပါတယ်၊ ဒါပေမဲ့ ဒါက အစိုးရ ကိစ္စ ခင်ဗျ၊ သံတမန် ကိစ္စ၊ မတော်တဆ ဖြစ်တာပါလို့ ပြောလို့ မရ ဘူး၊ ကျွန်တော်တော့ သွားပါပြီ ခင်ဗျာ၊ အဖတ်ဆယ်လို့ မရတော့အောင် လူ ဘောင်ထဲကို မတိုးရဲတော့လောက်အောင် ဖြစ်ပါပြီ၊ ကျွန်တော် ဘာတွေ လုပ်လို့ လုပ်မိမှန်းလည်း မသိတော့ဘူး၊ ကျွန်တော့်ကို လူတွေက ဝိုင်းကြည့်နေတယ် လို့ပဲ ထင်မိတယ်၊ ရုံးရောက်တော့ အရာရှိတွေ လုပ်ဖော်ကိုင်ဖက်တွေ ဝိုင်းလာ ပြီး ကျွန်တော့်ကို နှစ်သိမ့်နေကြတာကိုလည်း ဝိုးတိုးဝါးတား သိလိုက်ရဲ၊ တစ် ယောက်ကတော့ သူကိုယ်တိုင် ကျွန်တော့်ကို ဝါတာလူး ဘူတာကြီး အထိ လိုက် ပို့ပြီး ဝိုးကင်းကို ထွက်မယ့် ရထားပေါ် တင်ပေးလိုက်တယ် ခင်ဗျ၊ ရထား ပေါ်မှာ ဝိုးကင်းကို သွားမယ့် ဒေါက်တာ ဖားရီးယားသာ တစ်တွဲတည်း မပါ လာရင် သူကိုယ်တိုင် အိမ်တိုင်ရာရောက် လိုက်ပို့မှာ သေချာတယ် ခင်ဗျ၊ ဒေါက် တာ ဖားရီးယားကလည်း တစ်လမ်းလုံး ကျွန်တော့်ကို ဂရုစိုက်ရှာပါတယ် ခင်ဗျာ၊ ဘူတာရုံမှာလည်း မူးမေ့ လဲကျမလို ဖြစ်တဲ့ အတွက် ကျွန်တော့်မှာ တစ်လမ်း လုံး အရူးကြီးလို ဖြစ်နေတာပေါ့ ခင်ဗျာ၊ ရထားပေါ်မှာ သူ ပြုစုလာလို့ တော် ပေသေးတာပေါ့။

'အိမ်ကို ဒေါက်တာ ဖားရီးယားက လိုက်ပို့တယ် ခင်ဗျ၊ ဒေါက်တာက ခေါင်းလောင်းကြိုးကို ဆွဲလိုက်လို့ အိမ်သားတွေလည်း အိပ်ရာက ထလာကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုလည်း မြင်လိုက်ရော သူတို့ ဘယ်လို ဖြစ်သွားကြမယ် ဆိုတာ စဉ်းစားသာ ကြည့်ပါတော့ ခင်ဗျာ၊ အင်နီနှင့် ကျွန်တော့် မေမေ ဆိုတာ တော့ ရင်ကွဲပက်လက် ဖြစ်ကုန်ကြတာပေါ့၊ ဒေါက်တာ ဖားရီးယားက ဘူတာ တန်းက စုံထောက် ဖော့ ပြောပြလိုက်လို့ အဖြစ်အပျက် အတိုချုပ်လောက် သူ သိသလောက် အိမ်ကို ပြောပြတယ် ခင်ဗျ၊ ဒါပေမဲ့လည်း အင်နီနှင့် မေမေ အဖို့တော့ မထူးပါဘူး၊ ကျွန်တော်ဟာ တော်တော်ကြာ အနားယူပြီး ဆေးထိုး ကောင်းကောင်းနှင့် ကုမှ ပျောက်မယ်လို့ အားလုံးက ယူဆကြပါတယ်၊ ဒါနဲ့ ကျွန်တော့် ယောက်ဖလောင်း ဂျိုးဆက်ကို ဟောဒီ အိမ်ခန်းက တခြား ရွှေ့ထား လူမမာခန်း လုပ်ရတယ် ခင်ဗျ၊ အခန်းက လေကောင်း လေသန့်လည်း ရ နေရောင်တို့ ဘာတို့လည်း ရလို့ ဒီအခန်းကို လုပ်ရတာ စုံထောက်ကြီး၊ ကျွန်တော်ဖြင့် သတိ မရ တစ်ချက် ရ တစ်ချက်နှင့် အိပ်ရာထဲ လဲနေတာ နှစ်လခွဲ နီးပါးကျော် ရှိနေပြီဗျ၊ ဆရာဝန်ကလည်း ကြပ်ကြပ်မမ ကု၊ ဟောဒီ အင်နီကလည်း ဂရုတစိုက် ပြုစုနိုင်လွန်းလို့ ဒီအခြေအနေကို ရောက်လာတာ နို့မို့ရင် ခုလောက်ဆို လူ့ပြည်မှာတောင် ရှိချင်မှ ရှိတော့မှာ၊ နေ့လယ် ဆိုရင် အင်နီက ကျွန်တော့်ကို ပြုစုတယ် ခင်ဗျ၊ ညကျတော့ သူနာပြု တစ်ယောက် ငှား ထားတယ်၊ ညမှာ စိတ်ဖောက်လာရင် တစ်ခုခု လုပ် မိမှာ စိုးလို့တဲ့၊ ကျွန်တော့် ဦးနှောက်လည်း တဖြည်းဖြည်းတော့ ကြည်လင်လာပါပြီ၊ ဒါပေမဲ့ မှတ်ဉာဏ်ရေး ဘာတွေ ပြန် ကောင်းလာတာကတော့ သိပ် မကြာသေးဘူး ခင်ဗျ၊ သုံးရက် လောက်ပဲ ရှိသေးတယ်၊ ဒီအဖြစ်မျိုး မဖြစ်ခဲ့ရင် ဘယ်လောက် ကောင်းမလဲ မကြာ မကြာ စဉ်းစားမိတယ် ခင်ဗျ၊ ကျွန်တော့် ကျန်းမာရေး အခြေအနေ ကောင်း လာတာနှင့် ကျွန်တော်လည်း စကော့တလန်ယာဒ် စုံထောက် မစ္စတာ ဖော့ဆီကို ကြေးနန်း ရိုက်လိုက်တယ် ခင်ဗျ၊ မစ္စတာ ဖော့က ဒီအမှုကို ကိုင်နေတာကိုး ကျွန်တော့် ကြေးနန်း ရတော့ မစ္စတာ ဖော့လည်း လန်ဒန်က ဆင်းလာပြီး ကျွန်တော့်ကို လာတွေ့ပါတယ်၊ သူလည်း တော်တော်လေး လိုက်ပြီး စုံစမ်းပြီးပြီ တဲ့၊ ခုထိတော့ ဘာသဲလွန်စကိုမှ မရသေးဘူးလို့ ပြောတယ် ခင်ဗျ၊ ကျွန်တော် တို့ ရုံးက ညစောင့်နှင့် သူ့ မိန်းမကိုလည်း ဖမ်းပြီး စစ်ဆေး ပြီးပြီတဲ့၊ သူတို့ ဆီကလည်း ဘာမှ ထူးထူးခြားခြား မသိရဘူးတဲ့၊ သူတို့ဆီက ဘာမှ စင်ရာ မရတော့ ပုလိပ်က အဲဒီ ညနေက ကျွန်တော့် ရုံးခန်းမှာ အလုပ်ကြွေး ကျန်ရစ် အိုဖာတိုင် ဆင်းကျန်ရစ်ခဲ့တဲ့ စာရေးကို မသင်္ကာပြန်ဘူး ခင်ဗျ၊ လူကလည်း ပြင်သစ် နာမည်နှင့်၊ ပြီးတော့ အဲဒီနေ့ ညနေက နောက်ချန် ပြီးလည်း နေရစ်





ခဲ့တယ် ဆိုတော့ ပုလိပ်က သင်္ကာမကင်း ဖြစ်မယ် ဆိုရင်လည်း ဖြစ်စရာပေါ့ လေ၊ အမှန်ကတော့ သူနှင့် သိပ်မဆိုင်လှပါဘူး၊ ကျွန်တော်က သူ ပြန်သွား တော့မှပဲ အလုပ် စလုပ်တာပဲဟာ၊ သို့သော်လည်း သူ့ အမျိုးက ပြင်သစ်သွေး ပါတော့ သူ့ကို ထင်မယ် ဆိုရင်လည်း ထင်စရာပေါ့ ခင်ဗျာ၊ ပြင်သစ်သွေး ပါတယ် ဆိုပေမဲ့ စိတ်ကတော့ ကျွန်တော်တို့ ခင်ဗျားတို့လို အင်္ဂလိပ် စိတ်ပါ၊ သူ့ကို စစ်ဆေး ကြည့်တော့လည်း မသင်္ကာစရာရယ်လို့ ဘာမှ မရှိတော့ ဒီမှာ တွင် ကိစ္စ ပြတ်သွားတယ် ဆိုပါတော့၊ ဒီတော့ နောက်ဆုံး မျှော်လင့်ချက် အနေ နှင့် စုံထောက်ကြီးကို ချဉ်းကပ် ကြည့်တာပါပဲ ခင်ဗျာ၊ စုံထောက်ကြီး ကိုယ်တိုင် လိုက်လို့မှ မရတော့ဘူး ဆိုရင်တော့ ကျွန်တော့် အလုပ်အကိုင်ရော တက်လမ်း ရော မျှော်လင့်စရာ မရှိတော့ဘူးလို့ပဲ ယူဆရတော့မှာပေါ့'

လူမမာသည် စကား ဆုံးသည်နှင့် တစ်ပြိုင်နက် ကူရှင်ပေါ်ကို ပြန်၍ လှဲချလိုက်လေ၏။ စကား ရှည်ရှည် ပြောလိုက်ရသည့် အတွက် အတော် ပင်ပန်း သွားဟန် ရှိသည်တွင် သူနာပြု ဆရာမက အားဆေး တစ်ခွက်ကို ဖျော်၍ တိုက် လေ၏။

ရှားလော့ဟုမ်းသည် ခေါင်းကို နောက်သို့ လှန်ကာ မျက်လုံးများကို မှိတ်ထားလေ၏။ လူစိမ်း တစ်ယောက် အနေဖြင့် ကြည့်လျှင် သူ့ အမူအရာမှာ အမှုမဲ့ အမှတ်မဲ့ဟန် ပေါက်လျက် ရှိသော်လည်း အလေးအနက် တွေးတော စဉ်းစားလျက် ရှိခြင်း ဖြစ်ကြောင်းကို ကျွန်ုပ် သိလိုက်၏။

နောက်ဆုံးတွင် ရှားလော့ဟုမ်းက

'အင်း ခင်ဗျား ပြောသွားတာတွေဟာ ရှင်းပါတယ်၊ မေးစရာ သိပ် ရှိတော့ပါဘူး၊ သို့သော်လည်း အရေးအကြီးဆုံး မေးခွန်း တစ်ခုကိုတော့ မေး ချင်တယ်ဗျ၊ ခင်ဗျားကို ဒီလို အရေးကြီးတဲ့ တာဝန် အပေးခံရတဲ့ အကြောင်း ကို ဘယ်သူ့ကိုများ ပြောမိသေးသလဲ'

'ဘယ်သူ့ကိုမှ မပြောမိဘူး ခင်ဗျ'

'ဥပမာ ခင်ဗျားရဲ့ ဇနီးလောင်း ဖြစ်တဲ့ မစ္စ အင်နီ ဟယ်ရီဆန်ကိုကော'

'ဟင့်အင်း၊ မပြောဘူး ခင်ဗျ၊ ကျွန်တော့်ကို တာဝန် ပေးတဲ့ အချိန်နှင့် ကျွန်တော် ဒီတာဝန်ကို လုပ်တဲ့ အချိန်ကြားမှာ ဝိုးကင်းကိုမှ ပြန်မရောက်တာ'

'အဲဒီ အတောအတွင်းမှာ ခင်ဗျားဆီကို လမ်းကြုံလို့ ဝင်လာတဲ့ ဆွေမျိုး သားချင်းတို့ အသိမိတ်ဆွေတို့ကော မရှိဘူးလား'

'မရှိဘူး ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား မိတ်ဆွေတွေ ရုံးပေါ် ရောက်ရင်ကော သွားတတ် လာတတ် ကြရဲ့လား'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ရုံးကို လာရင် ကျွန်တော်က ဘယ်လို သွား လာရတယ် ဆိုတာ လိုက်ပြထားလေ့ ရှိပါတယ်'

'အေးလေ၊ ဒီမေးခွန်းတွေက သိပ်တော့ မဆိုင်လှပါဘူး၊ ကြုံလို့သာ မေးတာပါ၊ ခင်ဗျား ဒီအလုပ်ကို လုပ်တယ် ဆိုတာ ဘယ်သူ့ကိုမှ မပြောဘူး ဆိုတော့ သိပ် ပြဿနာ မပေါ်လှပါဘူး'

'ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး'



'နှင်းဆီ ဆိုတဲ့ ပန်းဟာ တော်တော် လှတဲ့ ပန်းမျိုးပဲဗျို့'

'ညစောင့် အဘိုးကြီးနှင့် ပတ်သက်လို့ကော ဘာသိသလဲ'

'စစ် ပြန် တပ် ထွက် တစ် ယောက် ဆိုတာက လွဲလို့ ကျွန်တော် ဘာမှ မသိပါဘူး'

'ဘယ် တပ်က ထွက်လာတာ လဲ'

'ကိုးလ်စထရင်း ကိုယ်ရံတော် တပ်ရင်းလို့ ပြောသံ ကြားဖူးတာပဲ ခင် ဗျ'

'ဟုတ်ပြီဗျာ၊ ကျေးဇူးတင်တယ်၊ အသေးစိတ်တွေကိုတော့ စုံထောက် ဖော် ဆီက ရလိမ့်မယ် ထင်ပါတယ်၊ ဗုဒ္ဓ ဘက် ဆိုတာ အများအားဖြင့် အချက် အလက်တော့ တော်တော် စုံအောင် တတ်ကြတယ်ဗျ၊ ရတဲ့ အချက်အလက် တွေကို အသုံး မချတတ်တာ တစ်ခုပဲ အလို၊ ဟိုဟာ နှင်းဆီပန်းနော်၊ နှင်းဆီ ဆိုတဲ့ ပန်းဟာ တော်တော် လှတဲ့ ပန်းမျိုး ပဲဗျို့'

ရှားလော့ဟုမ်းသည် ဆိုဖာ ကွေ့ပတ်ကာ ပြတင်းပေါက်ကြီးဆီသို့





လျှောက်လာခဲ့ပြီး ငိုက်ကျနေသည့် နှင်းဆီခိုင် တစ်ခိုင်ကို ဆွဲလိုက်ကာ မရမ်း ရောင်နှင့် အစိမ်းရောင် ရောနေသည့် နှင်းဆီပွင့်ကြီး တစ်ပွင့်ကို ကြည့်လျက် ရှိလေ၏။ ရှားလော့ဟုမ်းမှာ သဘာဝ တောတောင် ရေမြေ စသည့် အလှအပ များကို အာရုံ ခံလေ့ ရှိသူ တစ်ယောက် မဟုတ်မှန်း သိနေသည့် ကျွန်ုပ်မှာ ရှားလော့ဟုမ်းက ယခုကဲ့သို့ ပန်းများကို စိတ်ဝင်စားနေသဖြင့် တအံ့တသြ ဖြစ်မိရာက ဤသည်မှာ သူ့ ဝါသနာသစ် တစ်ခု ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ လိုက်မိချေသေး၏။

ရှားလော့ဟုမ်းသည် ပြတင်းပေါက်ကို မှီ၍ ရပ်လိုက်ရင်း

'ကောက်ချက် ဆွဲထုတ် စဉ်းစားခြင်းဟာ တခြား ကိစ္စတွေမှာထက် ဘာသာ တရားမှာ အလိုအပ်ဆုံးပဲဗျ၊ တွေးခေါ် စဉ်းစားတတ်သူ တစ်ယောက် အဖို့တော့ ဘာသာတရားဟာ သိပ္ပံပညာ တစ်ရပ်လို ဖြစ်လာတော့တာပဲ၊ ဒီလို စဉ်းစားလိုက်တဲ့ အခါကျတော့ ဘုရားသခင်ရဲ့ ကရုဏာတော်တွေထဲမှာ ဟောဒီ ပန်းပွင့်တွေကို ဖန်ဆင်းပေးတော်မူတဲ့ ကရုဏာတော်ဟာ အကြီးဆုံးသော မဟာ ကရုဏာလို့ ကျုပ် ယူဆချင်တယ်ဗျ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေ၊ ဘုရား သခင်ဟာ ကျုပ်တို့ အတွက် ဥစ္စာတို့၊ တန်ခိုး အာဏာတို့၊ တဏှာတို့၊ လောဘ တို့၊ အာဟာရတို့ စတဲ့ အရာတွေကို ဖန်ဆင်းပေးတော်မူခဲ့တယ်၊ ဒါတွေဟာ လူ့ ဘဝမှာ မရှိမဖြစ်တဲ့ အရာတွေ၊ ဒါပေမဲ့ ဟောဒီ ပန်းပွင့်တွေကို ကြည့် လိုက်စမ်း၊ မရှိ မဖြစ်တဲ့ အရာတွေ မဟုတ်ဘူး၊ အပိုသက်သက် ဖန်ဆင်း ပေး တော်မူခြင်း ဖြစ်တယ်ဗျ၊ ဒီပန်းပွင့်ရဲ့ အနံ့နှင့် အဆင်းဟာ လူ့ ဘဝ အတွက် မရှိမဖြစ်တဲ့ အရာ မဟုတ်ဘူး ခင်ဗျ၊ တစ်နည်း ပြောရရင် ပန်းပွင့်ဟာ လူ့ဘဝ ရဲ့ ဝမ်းစာ မဟုတ်ဘူး ခင်ဗျ၊ အဆင်း တန်ဆာသာ ဖြစ်တယ်၊ ဒီလို အဆင်း တန်ဆာ၊ ဒီလို အပို ပစ္စည်းကို တကယ့် မဟာ ကရုဏာရှင်များ ကသာလျှင် ဖန်တီးနိုင်ပေတယ် ခင်ဗျ၊ ကဲ ဒီတော့ ကျုပ် ထပ်ပြောမယ်၊ ကျုပ်တို့ ပြဿနာ ပြေရှင်းရေး အတွက် ပန်းပွင့်တွေဆီက တစ်နည်း ပြောရရင် မဟာ ကရုဏာ ရှင်ဆီက ကရုဏာကိုသာ မျှော်လင့်ရပေတော့မှာပဲဗျို့'

ရှားလော့ဟုမ်းက ပန်းပွင့် အကြောင်းကို ပြောဆိုလျက် ရှိစဉ် ပါစီ နှင့် သူ၏ အထူး သူနာပြု ဆရာမတို့မှာ တအံ့တသြ ဖြစ်လျက် ရှိကြလေ၏။ င်းတို့၏ မျက်နှာမှာလည်း အကြီးအကျယ် စိတ်ပျက်သည့် အသွင်ကို ဆောင် လျက် ရှိပေ၏။ ရှားလော့ဟုမ်းသည် နှင်းဆီပွင့်ကို လက်ထဲတွင် ကိုင်ကာ အတန်ကြာမျှ ငိုင်လျက် ရှိလေ၏။ နောက်ဆုံး အင်ဒီ ဟယ်ရီဆန်က မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်အခါကျမှ ရှားလော့ဟုမ်းမှာ သတိ ပြန်ရလာသူကဲ့သို့ လှုပ်ရှား လေ၏။

'ဒီပြဿနာက ရှင်းလို့ကော ရမယ့် အလားအလာများ ရှိသေးရဲ့လား ရှင်' ဟု အင်နီက စိတ်ပျက်လက်ပျက် ဖြစ်လျက် ရှိသော အသံဖြင့် မေးလိုက် လေ၏။

'ဩော် အမှု ကိစ္စလား၊ အမှုကတော့ ခပ်ရှုပ်ရှုပ် ခပ်ခက်ခက်ပဲဗျ။ သို့ သော်လည်း ကျုပ် လိုက်ကြည့်ဦးမယ်လေ၊ လိုက်ကြည့်လို့ အကြောင်း ထူးရင် သိရမှာပေါ့'

'သဲလွန်စကလေး ဘာလေးများကော တွေ့မိရဲ့လား'

'ခင်ဗျား ပြောတဲ့ အထဲမှာ သဲလွန်စ ခုနစ်ချက်လောက်တော့ ပါတယ် ဗျ။ သို့သော်လည်း အဲဒီ သဲလွန်စတွေ ဘယ်လောက် တန်ဖိုး ရှိ မရှိကိုတော့ စမ်းသပ်ကြည့်ရဦးမယ်'

'တစ်ယောက်ယောက်ကိုကော မသင်္ကာတာများ ရှိသလား'

'ကျုပ် ကိုယ် ကျုပ် မသင်္ကာနေတာ'

'ခင်ဗျာ'

'ကျုပ်ကိုယ်ကျုပ် မသင်္ကာနေတာကတော့ ကောက်ချက်ဆွဲ အဖြေ ထုတ် တာ စောများ နေသလား ဆိုတာပါ'

'ဒီလိုဆိုရင် လန်ဒန်ကို ပြန်ပြီး စုံထောက်ကြီးရဲ့ ကောက်ချက်တွေ မှန် မမှန် စမ်းကြည့်ပေးပါရှင်၊ သိချင်လှပါပြီ'

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထထိုင်လျက်

'မစ္စ အင်နီ ဟယ်ရီဆန် ပေးတဲ့ အကြံဟာ သင့်မြတ်ပါပေတယ်ဗျာ ကဲ ဝပ်ဆင်ရေ၊ လန်ဒန်ကို ပြန်တာ အကောင်းဆုံး ဖြစ်လိမ့်မယ် ထင်တယ် မစ္စတာ ပါစီ ဖဲရေ သိပ်တော့ မျှော်လင့်မထားနှင့်ဗျ၊ ပြဿနာက လွယ်တော့ မလွယ်လှဘူး'

'ကျွန်တော်ကတော့ စုံထောက်ကြီး ပြန်ရင် ရောဂါ တက်ဦးမှာပါ ခင် ဗျာ၊ ဒုက္ခပါပဲ၊ စုံထောက်ကြီး ပြန်လာတော့မှာပဲ ရောဂါ ကျတော့မှာပါ' ဟု ပါစီ ဖဲက ငိုသံပါကြီးဖြင့် ပြောလေ၏။

'ကောင်းပြီလေ၊ မနက်ဖြန်ကျရင် ဒီရထားနှင့်ပဲ လာခဲ့ဦးမယ်၊ ဒါပေမဲ့ ကျုပ် ယူလာမယ့် သတင်းက သိပ်တော့ ထူးမှာ မဟုတ်ဘူးဗျို့'

'လာတယ် ဆိုရင်ကို ကျေးဇူးတင်လှပါပြီ ခင်ဗျာ၊ တစ်ခုခု လုပ်နေတယ်





ဆိုတာကို ကြားရတယ် ဆိုရင်ပဲ ကျွန်တော့်မှာ အားခွန်တွေ တိုးလာတယ်လို့ ထင်ရပါတယ်၊ ဒါထက် စကားစပ်မိလို့ ပြောလိုက်ဦးမယ်၊ ကျွန်တော့် ဦးလေး ဘော် လော့ဒ် ဟိုးလ်ဟတ်စ်ဆီက စာတစ်စောင် ရတယ် ခင်ဗျ'

'ဟုတ်လား၊ ဘာတဲ့လဲ'

'လေသံက သိပ် ဟက်ဟက်ပက်ပက်တော့ မရှိလှဘူး၊ ဒါပေမဲ့ ကျွန် တော့် အပေါ်မှာ ပြင်းပြင်းထန်ထန်ကြီးတော့ မရေးပါဘူး၊ ကိစ္စက သိပ် အရေး ကြီးတယ်တဲ့၊ ခုလောလောဆယ်မှာတော့ ကျွန်တော်နှင့် ပတ်သက်လို့ ဘာမှ အရေးမယူသေးဘူးတဲ့၊ ကျွန်းမာလာမှ အရေးယူဖို့ ကိစ္စကို စဉ်းစားမယ်တဲ့၊ ဒီအတောအတွင်းမှာ ကိုယ့် အမှားကို ပြန်ပြင်နိုင်အောင် အခွင့်အရေး ပေးထား ယ်တဲ့'

'အင်း သမာသမတ်လည်း ကျ သက်သက်ညှာညှာလည်း ရှိတဲ့ ဆုံးဖြတ် ချက်ပါပဲဗျာ၊ ကဲ ဝပ်ဆင်ရေ၊ သွားကြဦးစို့ဗျို့၊ မြို့ထဲမှာ လုပ်စရာတွေ တစ်ပုံ ကြီး ရှိသေးတယ်'

ကျွန်ုပ်တို့ကို ပါစီ ဖဲ၏ ယောက်ဖလောင်း ဂျိုးဆက် ဟယ်ရီဆန်က ဘူတာသို့ ရထားဖြင့် လိုက်ပို့လေ၏။ ခဏ ကြာသည့် အခါတွင်မူ ကျွန်ုပ်တို့ မှာ တဝုန်းဝုန်း ခုတ်မောင်းလျက် ရှိသော ပို့စမောက် ရထားကြီးပေါ်သို့ ရောက် နေကြလေပြီ။ ရှားလော့ဟုမ်းက တစ်လမ်းလုံး တိတ်ဆိတ်လျက် လေးနက်စွာ စဉ်းစား လိုက်ပါလာခဲ့လေရာ ကလက်ဟမ် လမ်းဆုံသို့ ရောက်သည့် အခါကျမှ င် စတင် စကား ပြောဆိုခြင်း ပြုတော့သည်။

'ဟောဒီ သံလမ်း မြင့်မြင့်ကြီးတွေပေါ်က ရထား စီးပြီး ကိုယ့် အောက် မှာ ရောက်နေတဲ့ အိမ်တွေကို ငုံ့ကြည့်ရင်း လန်ဒန်မြို့ထဲကို ဝင်လာရတာ တယ် ပြီး ပျော်စရာ ကောင်းတာကိုးဗျ'

ရထားပေါ်မှ မြင်ရသည့် ရှုခင်းမှာ အိမ်ကုပ်ကလေးများဖြင့် ပြည့်နှက် လျက် ရှိသောကြောင့် ရှားလော့ဟုမ်းသည် နောက်ပြောင် ပြောနေခြင်း ဖြစ် လိမ့်မည်ဟု ကျွန်ုပ် စိတ်တွင် ထင်လိုက်မိ၏။ ရှားလော့ဟုမ်းက သူ့ အတွေး ကို ကျွန်ုပ်အား ရှင်းပြသည်။

'ဟောဟိုက ထိုးထိုးထောင်ထောင် ဖြစ်နေတဲ့ အဆောက်အဦ အမြင့်ကြီး တွေကို ခင်ဗျား ကြည့်လေ၊ အိမ်ခေါင်မိုးတွေ အထက်မှာ သူတို့ချည်းပဲ အထီး ကျန် ဖြစ်လို့၊ သင်ပုန်းကျောက်ရောင် ပင်လယ်ကြီးထဲက ကျောက်တုံး ကျွန်းကြီး တွေနှင့် မတူဘူးလား'



www.burmeseclassic.com

www.burmeseclassic.com





ရှားလော့ဟုမ်းက သူ့ အတွေးကို ကျွန်ုပ်အား ရှင်းပြသည်။

'မြူနီစီပယ်ကျောင်း အဆောက်အဦတွေ မဟုတ်ဘူးလားဗျ'

'မီးပြတိုက်တွေလေ ဆရာကြီးရဲ့၊ အနာဂတ်ကို အလင်းရောင် ပေးမယ့် မီးရှူး တန်ဆောင်တွေ၊ အဲဒီ အဆောက်အဦတွေက နေပြီး အနာဂတ် အင်္ဂလန်ကို ဖန်တီးမယ့် မျိုးစေ့တွေ ထွက်လာမှာ၊ ဒါထက် ကျုပ်တို့လူ ပါစီ ဖဲက အရက်သေစာ ဘာတွေတော့ သောက်မယ် မထင်ပါဘူးနော်'

'မသောက်ဘူး ထင်တာပဲ'

'ကျုပ် စိတ်ထဲမှာလည်း မသောက်တတ်ဘူးလို့ ထင်နေတာပဲဗျ၊ သို့သော်လည်း တွေးစရာ ရှိတာကို ထောင့်မျိုးစုံကနေပြီး ကုန်အောင် တွေးရတာဗျ၊ အင်း ကိုယ့်လူတော့ ရေနက်ထဲ ရောက်နေတာ အမှန်ပဲဗျ၊ ဆယ်လို့မှ ရပါ့မလား မသိဘူး၊ မစ္စ အင်နီ ဟယ်ရီဆန် ဆိုတဲ့ သူငယ်မလေးကို ခင်ဗျား ဘယ်လို သဘောရသလဲ'

'စိတ်ဓာတ် ကြံ့ခိုင် ထက်မြက်တဲ့ မိန်းကလေး တစ်ယောက်နှင့် တူတာပဲ'

'သို့သော်လည်း ကလေးမကလေးက စိတ်ထား ကောင်းပုံတော့ ရတာ ပဲဗျ၊ ဒီလိုမှ မဟုတ်ရင်တော့ ကျုပ် တွက်တာ မှားပြီပေါ့လေ၊ ကလေးမကလေးနှင့် သူ့ အစ်ကိုက နော်သမ်ဘာလင်က လူချမ်းသာ တစ်ယောက်ရဲ့ သားသမီးတွေ



ပါစီ ဖဲဟာ မနှစ် ဆောင်းတွင်းက နော်သမ်ဘာလင်ကို ရောက်လာပြီး ချစ်ကြိုက် ခဲ့ကြတယ်၊ ပြီးတော့ စေ့စပ်ခဲ့ကြတယ်၊ ကောင်မလေးက ပါစီဖဲရဲ့ ဆွေမျိုးတွေ နဲ့ကို ဆွေပြု မျိုးပြု သဘောနှင့် ဆင်းလာတာ၊ သူ့ အစ်ကိုက သူ့ကို လိုက်ပို့တာ၊ အခုနမှာ ခုကိစ္စ ဖြစ်လာတာပဲ၊ ဒီမှာ ကောင်မလေးက သူ့ ခင်ပွန်းလောင်းကို ပြုစုဖို့ မပြန်နိုင်သေးဘဲ ဖြစ်နေတယ်၊ သူ့မောင် ဂျိုးဆက်ကလည်း ဒီမှာ နေရတာ သည်းနည်း ဇိမ်ကျတော့ မပြန်သေးဘဲ ဆက်နေတယ်၊ ဒါ ကျုပ်ဘာသာ ကျုပ် ဘခြားက စုံစမ်းလို့ ရတာတွေပဲဗျ၊ သို့သော်လည်း ဒီနေ့ကတော့ တစ်နေ့လုံး လိုက်စရာတွေ ရှိတယ်ဗျို့'

'ကျွန်တော့် အလုပ်က'

'ကျုပ်နှင့် လိုက်ရတာထက် ပိုပြီး စိတ်ဝင်စားစရာ ကောင်းတဲ့ အလုပ် ရှိတယ် ထင်ရင်လည်း နေရစ်ခဲ့ပေါ့ဗျာ' ဟု ရှားလော့ဟုမ်းက စိတ်ကောက်သည့် အသံဖြင့် ပြောလေ၏။

'မဟုတ်ပါဘူးလေ၊ ကျွန်တော့် အလုပ်က တစ်ရက် နှစ်ရက် ပစ်ထားလို့ လည်း ရပါတယ်လို့ ပြောမလို့ပါ၊ ဒီအချိန်က တစ်နှစ်လုံးမှာ အလုပ် အပါးဆုံး အချိန်ပဲဗျ'

ထိုအခါတွင်မှ ရှားလော့ဟုမ်းသည် ရွှင်ပျလာကာ

'ဒီလိုမှပေါ့ဗျ၊ ခု ကိစ္စကို ကျုပ်တို့ နှစ်ယောက် အတူ လိုက်ကြမယ်၊ ပထမဆုံး စကော့တလန်ယာဒ်က စုံထောက် မစ္စတာ ဖော့နှင့် တွေ့ဖို့ အရေးကြီး တယ်ဗျ၊ ကျုပ်တို့ သိချင်တဲ့ အသေးစိတ်တွေ အားလုံးကို သူပဲ ပြောပြနိုင်မှာ၊ ဒီလို သိတော့ အမှုကို ဘယ်ထောင့်ကနေပြီး ချဉ်းကပ်ရမယ် ဆိုတာ ဆုံးဖြတ် နိုင်တာပေါ့ဗျ'

'ခင်ဗျား ပြောတော့ သဲလွန်စ ရပြီဆို'

'သဲလွန်စတွေကတော့ အများကြီးပဲဗျ၊ သို့သော်လည်း ဒီသဲလွန်စတွေ ဘယ်ကလောက် တန်ဖိုး ရှိတယ် မရှိဘူး ဆိုတာကိုတော့ စမ်းကြည့်မှ သိမှာ၊ ထိုက်လို့ အခက်ဆုံး ရာဇဝတ်မှုကတော့ ရည်ရွယ်ချက် မရှိဘဲ ကျူးလွန်တဲ့ ရာဇဝတ်မှုဗျ၊ ခု ရာဇဝတ်မှုက ရည်ရွယ်ချက် မဲ့တဲ့ ရာဇဝတ်မှု တစ်ခု မဟုတ်ဘူး၊ ဒီ ရာဇဝတ်မှု ကျူးလွန်ခြင်းကြောင့် အကျိုးအမြတ် ရမယ့် လူဟာ ဘယ်သူလဲ၊ ခင်သစ် သံအမတ် ရှိတယ်၊ ရုရှား သံအမတ် ရှိတယ်၊ သူတို့ဆီကို ရောင်း စားမယ့်လူ ရှိတယ်၊ ပြီးတော့ လော့ဒ် ဟိုးလ်ဟာတ်စ် ရှိတယ်'

'ဗျာ နိုင်ငံခြားရေး ဝန်ကြီး လော့ဒ် ဟိုးလ်ဟာတ်စ်လား'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်မှာပါ၊ အစ္စခါကျတော့ နိုင်ငံရေးသမား ဆိုတာ တိုင်းပြည်မှာ ဒီလို အရေးကြီးတဲ့ စာချုပ်ကြီး တစ်ခု မတော်တဆ ပျက်စီး ဆုံးရှုံးသွားမှာကို ဝမ်းမနည်းတဲ့ အခါတွေလည်း ရှိတတ်သေးတယ်ဗျ'

'လော့ဒ် ဟိုးလ်ဟတ်စ်လို ဂုဏ်သိက္ခာ ရှိတဲ့ နိုင်ငံရေးသမား တစ်ယောက်ကတော့ ဒီလို လုပ်တန် မထင်ပါဘူးဗျာ'

'ကျုပ်ကလည်း ဖြစ်နိုင်ချက်ကိုသာ ပြောတာပါလေ၊ ဒီ ဖြစ်နိုင်ချက်ကိုလည်း ထည့်တွက်သင့်တယ် ဆိုတဲ့ အကြောင်း ပေါ်စေချင်လို့ပါ၊ ကျုပ်ဒီနေ့ လော့ဒ် ဟိုးလ်ဟတ်စ်နှင့် တွေ့ဖို့ ချိန်းထားတယ်ဗျ၊ သူ့ဆီက တစ်ခုခု ကြားရလိမ့်မယ် ထင်တာပဲ၊ ကျုပ်လည်း စုံစမ်းသင့်တာတွေတော့ အကုန်နီးပါး စုံစမ်းပြီးပါပြီ'

'စုံစမ်းလို့ ပြီးပြီ၊ ဟုတ်စ'

'ဟုတ်တယ်၊ ဝိုးကင်း ဘူတာရုံတုန်းက လန်ဒန်မှာ ရှိတဲ့ ညနေ သတင်းစာတိုက်တိုင်းကို ကြေးနန်းတွေ ပို့လိုက်တယ်၊ ညနေ သတင်းစာတွေမှာ ဒီကြော်ငြာ ပါလာလိမ့်မယ်'

ရှားလော့ဟုမ်းသည် မှတ်စု စာအုပ်မှ ဆုတ်ထားသည့် စာရွက်ပိုင်းကလေး တစ်ခုကို ကျွန်ုပ်အား လှမ်းပေးလိုက်၏။ စာရွက်ပေါ်တွင် ခဲတံဖြင့် အောက်ပါအတိုင်း ရေးထားလေ၏။

'ဆုငွေ ဆယ်ပေါင် ပေးမည်၊ မေလ ၂၃ ရက်နေ့ ည ဆယ်နာရီ မထိုးမီ ဆယ့်ငါးမိနစ် အလိုတွင် ချားလ်လမ်း၊ နိုင်ငံခြားရေးရုံးရှေ့ သို့မဟုတ် ထိုအနီး တစ်ဝိုက်တွင် လူတစ်ယောက်ကို လိုက်ပို့ခဲ့သော မြင်းရထား နံပါတ်ကို သိလိုသည်၊ သိသူများ ၂၂၁ ၊ ဘီ ၊ ဘေကာလမ်းသို့ ဆက်သွယ်နိုင်ပါသည်'

'စာချုပ်ကို ခိုးသွားတဲ့ လူဟာ ရထားနှင့် လာတယ် ဆိုတာ ခင်ဗျား သေချာပြီပေါ့'

'မဟုတ်တော့ကော ဘာဖြစ်သလဲဗျာ၊ သူတို့ ရုံးစကြံမှာရော အခန်းထဲမှာရော ပုန်းကွယ်စရာ နေရာ မရှိဘူးလို့ ပါစီ ဖဲက ပြောထားတယ်၊ သူ ပြောတဲ့ အတိုင်း မှန်ရင် သူခိုးဟာ အပြင်က လာတဲ့လူ ဖြစ်ရမယ်ဗျ၊ ဒီလောက် မိုးတွေ ရွာနေတဲ့ ညမှာ အပြင်က လူတစ်ယောက်လည်း လာတယ်၊ ဖယောင်းပုဆိုးပေါ်မှာ ချက်ချင်း စစ်ကြည့်လိုက်တဲ့ အခါကျတော့ ခြေရာတို့ ရွှံ့စက်တို့ကိုလည်း မတွေ့ရဘူး ဆိုတော့ ဒီလူဟာ မြင်းရထား တစ်စင်းနှင့် လာတာ ဖြစ်ဖို့ များတာပေါ့ဗျ၊ ဟုတ်တယ်၊ မြင်းရထားလို့ပဲ ပြောရလိမ့်မယ်'





'ဖြစ်တော့ ဖြစ်နိုင်ပါတယ်လေ'

'အဲဒါ ကျုပ် ပြောပြနေတဲ့ သဲလွန်စတွေထဲက တစ်ခုဗျ၊ ဒီသဲလွန်စအတိုင်း လိုက်ရင် တစ်နေရာရာကိုတော့ ရောက်ရမှာပေါ့၊ နောက်တစ်ချက်က ခေါင်းလောင်း မြည်တဲ့ ကိစ္စ၊ ဒီကိစ္စဟာ အမှု တစ်ခုလုံးမှာ တော်တော် ထင်ရှားပြီး တော်တော်လည်း အရေးကြီးတဲ့ အချက်ဗျ၊ ဒီခေါင်းလောင်းဟာ ဘာဖြစ်လို့ မြည်ရသလဲ၊ သူခိုးကပဲ စိတ်ရှုးပေါက်ပြီး ခေါင်းလောင်းကို ဆွဲတာလား သို့မဟုတ် သူခိုးနှင့် ပါလာတဲ့ လူတစ်ယောက်ယောက်ကပဲ ရာဇဝတ်မှု မကျူးလွန်နိုင်အောင် ကာကွယ်တဲ့ သဘောနှင့် ဒီခေါင်းလောင်းကြိုးကို ဆွဲတာလား၊ သို့တည်းမဟုတ် မတော်တဆ မှားပြီး ဆွဲမိတာလား၊ သို့တည်းမဟုတ်'

ရှားလော့ဟုမ်းသည် ဆက်မပြောတော့ဘဲ စောစောကကဲ့သို့ လေးနက်စွာ ငြိမ်စားလျက် ရှိလေ၏။ သို့ရာတွင် သူ့အမူအကျင့်တို့ကို သိပြီး ဖြစ်သည့် ကျွန်ုပ် အဖို့သော်မူ ရှားလော့ဟုမ်းသည် ပြောရင်း ဆိုရင်း နောက်ထပ် ဖြစ်နိုင်ချက် တစ်ခုကို ရုတ်တရက် စဉ်းစားမိသောကြောင့် ဖြစ်လိမ့်မည်ဟု ထင်မိပေ၏။

ကျွန်ုပ်တို့ နေထိုင်ရာ ဘေကာလမ်း တိုက်ခန်းသို့ ပြန်ရောက်သည့် အခါ၌ ညနေ သုံးနာရီနှင့် မိနစ် နှစ်ဆယ် ရှိနေလေပြီ။ ကျွန်ုပ်တို့သည် နေ့လယ်စာကို ဖြစ်သလို ခပ်သုတ်သုတ် စားသောက်ပြီးနောက် စကော့တလန်ယာဒ် ရုံးထောက် ရုံးသို့ ထွက်လာခဲ့ရာ ရှားလော့ဟုမ်း ကြိုတင် ကြေးနန်း ရိုက်နှာကြားထားပြီး ဖြစ်သည့် အတွက် ကျွန်ုပ်တို့ကို အသင့် ကြိုလျက် ရှိသော ဖော့ကို တွေ့ရလေ၏။ ဖော့မှာ အရပ် ပုပု၊ ခပ်လည်လည်၊ ပါးနပ် ထက်မြက်ဟန် ရှိ၍ မျက်နှာထား ခပ်ဆိုးဆိုး ဖြစ်လေ၏။ ကျွန်ုပ်တို့ လာရောက်သည့် ကိစ္စကို ကြားရသည့် အခါတွင် ဖော့သည် မပြောချင်သလို အေးစက်စက် လုပ်နေလေ၏။

'မစ္စတာ ဟုမ်းရယ်၊ ခင်ဗျား နည်းတွေကို အလျှင်တုန်းကလည်း ကျွန်တော် ကြားခဲ့ဖူးပါပြီ၊ ခင်ဗျားက ကျွန်တော်တို့ ပုလိပ်တွေဆီက အချက်အလက်တွေကို ယူ၊ မရ ရအောင် လိုက်၊ ပြီးတော့ ပုလိပ်ကို သိက္ခာကျအောင် လုပ်'

'မဟုတ်ရပေါင်ဗျာ၊ ကျုပ် နောက်ဆုံး လိုက်ခဲ့တဲ့ အမှုပေါင်း ငါးဆယ့်သုံးမှုမှာ ကျုပ် နာမည် ပါတာ ဆိုလို့ လေးမှုပဲ ရှိပါသေးတယ်၊ လေးဆယ့်ကိုးမှုမှာ ပုလိပ်က နာမည် ရတာပါ၊ အေးလေ၊ ခင်ဗျားကတော့ ဒါတွေ ဘယ်သိနိုင်မလဲ၊ ငယ်သေးတော့ အတွေ့အကြုံကလည်း သိပ်မရှိရှာသေးဘဲကိုး၊ ဒါပေမဲ့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com





'ခင်ဗျား နည်းတွေကို အလျှင်တုန်းကလည်း ကျွန်တော် ကြားခဲ့ဖူးပါပြီ'

ရှေ့လျှောက် ဟန်ကျချင်ရင်တော့ ကျုပ်နှင့် ပေါင်းမှ ဖြစ်မှာနော်၊ လိုးကန့်လန့် မလုပ်နှင့်'

စုံထောက် ဖော့သည် အခါကျမှ အနည်းငယ် ပျော့ပျောင်း သွားကာ

'စကားရိပ် တစ်ခု ရလောက်တော့ ပေးလိုက်မယ် ကျွန်တော့် အဖို့တော့ ခုထက် ဘာမှ ရေရေရာရာ လိုက်လို့ မရ သေးဘူး'

'ခင်ဗျား ဘာတွေ လုပ်ပြီး ပြီးပြီလဲ'

'ညစောင့် တန်ချေး စောင့်ကြည့်ခဲ့ပြီးပြီ ခင်ဗျ၊ စစ်တာ က ထွက်လာတော့ ဘာပြစ်ချက် မှ မရှိဘူး၊ အကျင့်စာရိတ္တ ကောင်း တယ်၊ သူ့ကို အပြစ် ရှာကြည့်တော့ ဘာမှ ရှာလို့ မတွေ့ဘူး၊ သူ့ မိန်းမ ကတော့ ခပ်ရှုပ်ရှုပ်ရယ်၊ ကျွန်တော်ကတော့ ဒီမိန်းမကြီး မသိချင်ယောင် ဆောင် နေတယ် ထင်တာပဲ၊ သူ သိရမယ်ဗျ'

'သူ့ကိုကော နောက်ယောင်ခံ ကြည့်ပြီးပလား'

'ကျွန်တော်တို့ အမျိုးသမီး ဌာနက အမှုထမ်း တစ်ယောက်ကို အလိုက် ခိုင်းကြည့်ပြီးပြီ၊ အဘွားကြီးက အရက်လည်း ချတယ်၊ ကျွန်တော်တို့ အမှုထမ်း က သူနှင့် နှစ်ခါလောက် တွေ့ခဲ့ပြီးပြီ၊ ဒါပေမဲ့ ဘာမှ မရခဲ့ဘူး'

'သူတို့မှာ ကြွေးတွေ ရှိတယ်လို့ ပြောတယ်ဗျ'

'ကြွေးတွေက ပြန်ဆပ်ပြီးပြီ ခင်ဗျ'

'သူတို့မှာ ပိုက်ဆံတွေ ဘယ်က ရသလဲ'

'နည်းမှန် လမ်းမှန် ရတာပါ၊ အဘိုးကြီးက ပင်စင်တွေ ထုတ်ရတယ် အဲဒီ ပင်စင်တွေနှင့် ပြန်ဆပ်လိုက်ပုံ ရတယ်'





'ပါစီ ဖဲက ကော်ဖီ ဖျော်ခိုင်းဖို့ သူ့ ယောက်ျားကို ခေါင်းလောင်းတီး ခေါ်တော့ သူက ဘာဖြစ်လို့ သွားတာလဲ၊ ဒါနှင့် ပတ်သက်လို့ သူက ဘာပြော သလဲ'

'အဲဒီတုန်းက သူ့ ယောက်ျားက တော်တော်လေး ပင်ပန်းနေတယ်တဲ့၊ ဒါနှင့် နားချင် နားပါစေ ဆိုပြီး သူ ထသွားတာတဲ့'

'အင်း၊ အဘိုးကြီးဆီကို ပါစီ ဖဲ ရောက်သွားတော့ ကုလားထိုင်ပေါ်မှာ ထိုင်လျက် အိပ်ပျော်နေတာကို တွေ့ရင် ပင်ပန်းတယ် ဆိုတာ ဟုတ်ပါလိမ့် မယ်လေ၊ သိပ် မကွဲလွဲပါဘူး၊ အဘွားကြီးရဲ့ အကျင့် စာရိတ္တ တစ်ခုပဲ ပြောစရာ ရှိပါတယ်၊ အဲဒီ ညက ဘာဖြစ်လို့ ရေးကြီးသုတ်ပျာ ဖြစ်နေရတာလဲ ဆိုတာ ခင်ဗျား အဘွားကြီးကို မေးမကြည့်ဘူးလား၊ သူ ရေးကြီးသုတ်ပျာ ဖြစ်နေတာ ကို လမ်းထောင့်မှာ ရပ်နေတဲ့ ပုလိပ် အမှုထမ်းတောင် သတိ ထားလိုက်မိတယ် ဆိုတာကော ပြောမပြဘူးလား'

'ခါတိုင်းထက် နောက်ကျလို့ ခပ်သုတ်သုတ် ပြန်လာတာတဲ့'

'ခင်ဗျားနှင့် ပါစီ ဖဲ သူ့နောက်ကို လိုက်သွားတာဟာ သူ ထွက်သွား ပြီးလို့ မိနစ် နှစ်ဆယ်လောက် ကြာမှ လိုက်သွားတာ၊ နောက်မှ လိုက်တဲ့ လူတ ဘာဖြစ်လို့ အလျင် ရောက်ပြီး ရှေ့က ထွက်သွားတဲ့ အဘွားကြီးက ဘာဖြစ်လို့ နောက်မှ ရောက်လာတာလဲ၊ ဒါကိုကော ခင်ဗျား အဘွားကြီးကို ထောက်မပြ ဘူးလား'

'သူက လိုင်းဆွဲတဲ့ ရထားနှင့် လိုက်လာပြီး ကျွန်တော်တို့က စင်းလုံး ငှားလာလို့ အလျင် ရောက်တာတဲ့'

'အိမ်ပြန်ရောက်တော့ နောက်ဖေးဆောင်ထဲကို ဘာဖြစ်လို့ ဝင်ပြေးတာ လဲ၊ ဒါနှင့် ပတ်သက်လို့ ကျေနပ်လောက်အောင် ဖြေနိုင်ရဲ့လား'

'ကြွေးရှင်ကို ပေးရမယ့် ပိုက်ဆံတွေက နောက်ဖေးချောင်ထဲမှာ ထား လို့တဲ့ ခင်ဗျ'

'အင်း၊ အဘွားကြီးကတော့ မေးလာရင် ဖြေဖို့ အဆင်သင့်များ စဉ်းစား ထားသလား မသိဘူး၊ သူ အိမ်ပြန်သွားတုန်းက ချားလ် လမ်းထဲမှာ လူ တစ် ယောက်မှ မတွေ့ဘူးလား၊ ဒါမှမဟုတ် သွားလာနေတဲ့ လူတစ်ယောက်တလေ ကို မတွေ့ဘူးလားလို့ ခင်ဗျားက မမေးကြည့်ဘူးလား'

'လမ်းထောင့် အထိ ပုလိပ် အမှုထမ်း အပြင် တခြား ဘယ်သူ့ကိုမှ မတွေ့ဘူးလို့ ပြောတာပဲ ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း၊ ခင်ဗျားလည်း အဘွားကြီးကို တော်တော် မေးထားပြီးပြီပဲ၊ ပြီးတော့ကော ဘာလုပ်သေးသလဲ'

'နှစ်လနှင့် တစ်ပတ် အတွင်းမှာ စာရေး ဂိုးရော့ကိုလည်း နောက်ယောင်ခံကြည့်တယ် ခင်ဗျ၊ ဒါပေမဲ့ ဘာမှ မထူးဘူး'

'ပြီးတော့ကော'

'အင်း ဒီနောက်တော့ ဘာမှ လုပ်စရာ မရှိတော့ဘူးလေ၊ ဘာအထောက်အထားမှလည်း မရဘူး'

'ဒါဖြစ်ဖို့ရင် ခေါင်းလောင်း မြည်သံနှင့် ပတ်သက်လို့ ခင်ဗျား ဘယ်လိုယူဆသလဲ'

'ရှင်းရှင်း ပြောရရင်တော့ ကျွန်တော်လည်း ဒီအချက်ကို မစဉ်းစားတတ်အောင် ဖြစ်နေတယ်၊ ပစ္စည်းကို ခိုးပြီး ခေါင်းလောင်းကို ဆွဲ သတိ ပေးသေးတယ် ဆိုတော့ ဒီသူခိုးဟာ တော်တော် ခေါင်းအေးတဲ့ သူခိုးလို့ ဆိုရမှာပဲ'

'ဟုတ်တယ်ဗျ၊ ဒီအတိုင်း လုပ်တယ် ဆိုရင်တော့ တော်တော် ဆန်းတဲ့ကိစ္စပဲ၊ ဟုတ်ပြီလေ၊ ကျွန်တော် သိချင်တာတွေကို ပြောပြလို့ ကျေးဇူးတင်တယ်၊ ဒီလူကို ကျွန်တော် ဖမ်းလို့ ရရင် ခင်ဗျား လက်ကို အပ်ပါ့မယ်၊ ကဲ ဝပ်ဆင်လာဗျာ'

'ဘယ်ကို သွားဦးမလို့လဲ' ဟု စုံထောက်ရုံးမှ အထွက်တွင် ကျွန်ုပ်က မေးလိုက်၏။

'ခုလောလောဆယ် နိုင်ငံခြားရေးဝန်ကြီး၊ နောင်မှာ နန်းရင်းဝန် ဖြစ်မယ့် လော့ဒ် ဟိုးလ်ဟတ်စ်ဆီကို သွားမလို့ဗျ'

ကံအားလျော်စွာပင် ဒေါင်းနင်းလမ်းရှိ နိုင်ငံခြားရေး ဝန်ကြီး၏ ရုံးခန်းတွင် လော့ဒ် ဟိုးလ်ဟတ်စ်ကို အဆင်သင့် တွေ့ရလေ၏။ ရှားလော့ဟုမ်းက သူ့ လိပ်စာ ကတ်ကို ပေးလိုက်သည့် အခါတွင် ကျွန်ုပ်တို့အား ချက်ချင်း အခန်းထဲသို့ ဝင်ခွင့်ပြုလိုက်လေ၏။ လော့ဒ် ဟိုးလ်ဟတ်စ်သည် ရှေးလူကြီးများ ထုံးစံအတိုင်း ယဉ်ကျေးစွာ ဆက်ဆံတတ်သည်ဟု ကျွန်ုပ် ကြားဖူးရာ ယခုလည်း ကျွန်ုပ်တို့အား ယဉ်ကျေး ဖော်ရွေစွာ ဆီးကြို နှုတ်ဆက်ခြင်း ပြုပြီးနောက် မီးလင်းဖိုကြီး တစ်ဖက်တစ်ချက်တွင် ချထားသည့် ခမ်းနားသော ဆိုဖာကြီးများပေါ်တွင် အထိုင် ခိုင်းလေ၏။ လော့ဒ် ဟိုးလ်ဟတ်စ်သည် ကျွန်ုပ်တို့ ကုလားထိုင်နှစ်လုံးကြားရှိ ကော်ဇောပေါ်တွင် ရပ်လျက် ရှိလေရာ မြင့်မားသော အရပ်အနည်းငယ် ကိုင်းသော ပခုံး၊ ထက်မြက် ထင်ရှားသော သူ့ အင်္ဂါရပ်နှင့် တဖြူ





လေးနက်စွာ စဉ်းစားလျက် ရှိဟန် တူသော သူ့မျက်နှာ၊ ဖြူစ ပြုနေပြီ ဖြစ်သည့် ရှည်လျား ကွေ့ကောက်သော ဆံပင်များဖြင့် တကယ် လေးစား ကြည်ညိုဖွယ်ကောင်းသည့် မှူးမတ်ကြီး တစ်ဦး၏ အသွင် ပေါ်လျက် ရှိလေ၏။

လော့ဒ် ဟိုးလ်ဟတ်စ်သည် ပြုံးလိုက်ရာမှ

'မစ္စတာ ဟုမ်းရဲ့ နာမည်ကိုတော့ ကြားဖူးပြီးသားဗျ၊ စုံထောက်ကြီးတို့လာတဲ့ ကိစ္စကို ကျုပ် သိပါတယ်လေ၊ ကျုပ်တို့ ဝန်ကြီးများရဲ့ ရုံးတွေထဲမှာ



'မစ္စတာ ဟုမ်းရဲ့ နာမည်ကိုတော့ ကြားဖူးပြီးသားဗျ'

ခင်ဗျား စိတ်ဝင်စားမယ့် အဖြစ်အပျက်မျိုး ဆိုလို့ တစ်ခုပဲ ရှိတာပဲ၊ ဒီကိစ္စအတွက် လာတာ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား၊ နို့ နေစမ်းပါဦး၊ စုံထောက်ကြီးတို့က ဘယ်သူ့ အတွက် လိုက်ပေးတာလဲ'

'မစ္စတာ ပါစီ ဖဲ့ အတွက် လိုက်လာတာပါ ခင်ဗျာ'

'အင်း၊ ကျုပ် တူတော်မောင် အတွက်ကိုး၊ သူနှင့် ကျုပ်နှင့်က ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



တော်နေလေတော့ သူ့ကို ပိုပြီးတောင် အကာအကွယ် ပေးလို့ မဖြစ်သေးတယ်ဗျ၊ ဒီကိစ္စ ဖြစ်လိုက်တာ သူ့ တက်လမ်းလည်း တော်တော် ထိခိုက်သွားတယ်'

'အကယ်၍ စာချုပ်ကို ပြန်တွေ့ရင်ကောဗျာ'

'အင်း၊ ဒီလိုဆိုရင်တော့ တစ်မျိုးပေါ့လေ'

'ဝန်ကြီးကို ကျွန်တော် မေးခွန်းလေး တစ်ခွန်း နှစ်ခွန်းလောက် မေးချင်ပါတယ် ခင်ဗျာ'

'မေးပါဗျာ၊ ကျုပ် တတ်နိုင်တာ ဆိုရင် ဖြေဖို့ အသင့်ပါ'

'ဒီစာချုပ်ကို ကူးဖို့ ပြောတာ ဒီအခန်းထဲမှာပေါ့'

'ဟုတ်ပါတယ်'

'ကူးဖို့ ပြောတာကို တစ်ယောက်ယောက်များ ကြားမသွားနိုင်ပေဘူးလား'

'ဘယ်နည်းနှင့်မှ မကြားနိုင်ပါဘူး'

'စာချုပ်ကို ကူးမယ် ဆိုတာ တစ်ယောက်ယောက်ကိုများ မပြောမိဘူးလား'

'မပြောမိပါဘူး'

'သေချာပါတယ်နော်'

'သေချာပါတယ်'

'ဒီတော့ စာချုပ်ကို ကူးမယ် ဆိုတာ ဝန်ကြီးကလည်း မပြောဘူး မစ္စတာ ပါစီ ဖဲကလည်း မပြောဘူး၊ ကူးမယ် ဆိုတာ ဘယ်သူမှလည်း မသိဘူး ဆိုတော့ ဒီအခန်းထဲကို သူခိုး ဝင်တယ် ဆိုတာဟာ မတော်တဆသာလျှင် ဖြစ်နိုင်တယ် ခင်ဗျ၊ မတော်တဆ ဝင်လာရင်း ဒီစာချုပ်ကို တွေ့ပြီး ခိုးသွားတာပဲ ဖြစ်နိုင်တော့တာပေါ့'

လော့ဒ် ဟိုးလ်ဟတ်စ်က ပြုံးလိုက်ရင်း

'ဒါကတော့ ကျုပ်နှင့် မဆိုင်တော့ဘူးဗျ'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ စဉ်းစားနေ၏။

'ဝန်ကြီးနှင့် ဆွေးနွေးချင်တဲ့ အချက် တစ်ချက်လည်း ရှိပါသေးတယ်၊ ဒီစာချုပ်ပါ အချက်အလက်တွေ ပေါက်ကြားသွားခဲ့ရင် ဆိုးရွားတဲ့ အကျိုး သက်ရောက်မှုတွေ ပေါ်လာမှာကို ဝန်ကြီး စိုးရိမ်နေတယ်လို့ ကျွန်တော် နားလည်ပါတယ်'

ဥပဓိရုပ် ထင်ရှားလှသည့် နိုင်ငံခြားရေး ဝန်ကြီး၏ မျက်နှာသည် ရှုတ်တရက် ညှိုးသွား၏။





'ဟုတ်တယ်ဗျ၊ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ ရှိနိုင်တယ်'

'ရှိကော ရှိနေပြီလား'

'ခုထိတော့ မရှိသေးပါဘူး'

'ဆိုပါစို့၊ စာချုပ်ဟာ ပြင်သစ်နှင့် ရုရှား နိုင်ငံခြားရေး ဌာနတွေကို ရောက်သွားပြီ ဆိုရင် ဒီသတင်းကို ဝန်ကြီးတို့ သိရမှာပေါ့'

'သိလိမ့်မယ် ထင်တာပဲဗျ' ဟု ဝန်ကြီးက မျက်မှောင် ရှုံ့မဲ့လျက် ပြောလေ၏။

'ဒါဖြင့် စာချုပ် ပျောက်သွားတာ ဆယ်ပတ်လောက် ရှိသွားပြီ၊ ခုထိ ဘာမှ မကြားရသေးဘူး၊ ဒါကို ထောက်ရင် စာချုပ်ဟာ အကြောင်း တစ်စုံတစ်ရာကြောင့် သူတို့ လက်ထဲကို မရောက်သေးဘူးလို့ မယူဆနိုင်ပေဘူးလား'

လော့ဒ် ဟိုးလ်ဟတ်စ်က ပခုံးကို တွန့်လိုက်၏။

'သူခိုးဟာ စာချုပ်ကို ယူသွားကတည်းက မှန်ဘောင် သွင်းပြီး အလှ ချိတ်ထားဖို့ ခိုးတာတော့ မဟုတ်ပေဘူးဗျ'

'ဈေးကောင်းကောင်း ရအောင်လို့ စောင့်နေတာကော မဖြစ်နိုင်ဘူးလား ခင်ဗျာ'

'သူခိုးဟာ နောက်ထပ် အချိန် စောင့်နေတယ် ဆိုရင်တော့ တစ်ပြားမှ တောင် ရတော့မှာ မဟုတ်ဘူး၊ လ အနည်းငယ် ဆိုရင် ဒီစာချုပ်ကို တရားဝင် ကြေငြာတော့မှာ'

'ဒါဟာ သိပ် အရေးကြီးပါတယ် ခင်ဗျာ၊ အကယ်၍ သူခိုးဟာ ရုတ်တရက် မကျန်းမမာ ဖြစ်ခဲ့ရင်'

'ဦးနှောက်မြွှေး ရောင်တဲ့ အဖျားမျိုး ဖြစ်ခဲ့ရင် ဆိုပါတော့'

နိုင်ငံခြားရေးဝန်ကြီးက ရှားလော့ဟုမ်းကို တစ်ချက် လှမ်းကြည့်ရင်း ပြောလိုက်၏။

'ကျွန်တော်က ဒီလို မဆိုလိုပါဘူး ခင်ဗျာ၊ ကျေးဇူးတင်ပါတယ် ဝန်ကြီး ခင်ဗျာ၊ ဝန်ကြီးရဲ့ အဖိုးတန်တဲ့ အချိန်တွေကို ယူမိတဲ့ အတွက် ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး'

'အေးလေ၊ ဘယ်သူပဲ တရားခံ ဖြစ်ဖြစ် စုံထောက်ကြီးရဲ့ စုံစမ်း ထောက်လှမ်းမှု အောင်မြင်ပါစေလို့ ကျုပ် ဆုတောင်းပါတယ်'

နိုင်ငံခြားရေးဝန်ကြီး လော့ဒ် ဟိုးလ်ဟတ်စ်သည် ကျွန်ုပ်တို့ကို ဦးညွတ် နှုတ်ဆက်ပြီးနောက် တံခါးဝ အထိ လိုက်ပို့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ ရောက်သည့်အခါ ရှားလော့ဟုမ်းက

'အဘိုးကြီးက ဆိုးတော့ မဆိုးပါဘူး၊ ဒါပေမဲ့ သူလည်း သူ့ ရာ ကလေး မပြုတ်အောင် မနည်း လုပ်နေရပုံ ကျတယ်ဗျ၊ ပိုက်ဆံတို့ ဘာတို့လည်း သိပ်ချမ်းသာတာ မဟုတ်ဘူး၊ ပေးရ ကမ်းရ ထောက်ရ ပံ့ရတွေကလည်း အ ကြီး၊ သူ့ ဖိနပ်တွေကို ကြည့်ပါလား၊ အသစ်တောင် မစီးနိုင်ရှာဘူး၊ အောက်ခံ ပြန်လဲပြီး စီးနေရတာ၊ ကဲ ဒေါက်တာ ဝပ်ဆင် ခင်ဗျား လုပ်စရာ ရှိတဲ့ အလု တွေကို လုပ်ဦး၊ ကျုပ်ကတော့ ရထား နံပါတ်ကို လာ သတင်းပေးတဲ့လူ ရင် ဒီနေ့ အဖို့တော့ ဘာအလုပ်မှ မရှိတော့ဘူး၊ သို့သော်လည်း မနက်ဖြ ကျုပ်နှင့် ပိုးကင်းကိုတော့ လိုက်ခဲ့စေချင်သေးသဗျ၊ ဒီနေ့ ထွက်တဲ့ ရထား အတိုင်း သွားမယ်'

နောက်တစ်နေ့ မနက်၌ ချိန်းထားသည့် အတိုင်း ရှားလော့ဟုမ်းကို တာရုံတွင် တွေ့ရသဖြင့် ကျွန်ုပ်တို့သည် ပိုးကင်းသို့ လာခဲ့ကြလေ၏။ ရထား နံပါတ်ကို သတင်းပေးရန် ကြော်ငြာထားသည့် ကိစ္စမှာ ဘာမှ မထူးကြော အမှုနှင့် ပတ်သက်၍ နောက်ထပ် သတင်း တစ်စုံတစ်ရာလည်း မရှိသေးကြော ဖြင့် ရှားလော့ဟုမ်းက ပြောပြလေ၏။ ရှားလော့ဟုမ်းသည် သူ နေချင်သ ဆိုလျှင် မျက်နှာမှ အကြောတွေကို မလှုပ်အောင် ကျင့်ထားတတ်သူ ဖြစ် ယခုလည်း သူ့ကို ကြည့်ရသည်မှာ အိန္ဒိယ လူနီ၏ မျက်နှာကြီးလို မလှုပ်မယှ ရှိနေသဖြင့် လက်ရှိ အမှုနှင့် ပတ်သက်၍ ကျေနပ်သလော၊ မကျေမနပ် ဖြစ် သလော ဆိုသည်ကို အကဲခတ်၍ မရနိုင်အောင် ဖြစ်လျက် ရှိလေ၏။ ကျွ မှတ်မိသလောက် ဆိုလျှင် ရှားလော့ဟုမ်းသည် ဗာတီလွန် စနစ် ခေါ် အတိုင် အထွာများ ကြည့်ရုံဖြင့် ရာဇဝတ်ကောင်အား ခြေရာခံသည့် စနစ် အကြောင် ပြောဆိုလာကာ ထိုစနစ်ကို တီထွင်ခဲ့သည့် (ပြင်သစ် မနုဿဗေဒ ပါရဂူ) ဗာတ လွန်ကို ချီးကျူး ပြောဆိုလျက် ရှိလေ၏။

ကျွန်ုပ်တို့၏ အမှုသည် ပါစီ ဖဲမှာ သူ၏ ချစ်စွာသော အထူး သူ ဆရာမ၏ စောင့်ရှောက်မှု အောက်တွင် ရှိနေဆဲ ဖြစ်သော်လည်း အခြေအနေ အတန် တိုးတက်လာသည်ကို တွေ့ရပေ၏။ ကျွန်ုပ်တို့ ရောက်သွားသည့် အ တွင် ဆိုဖာမှ ထလာကာ ကျွန်ုပ်တို့ကို ကြိုဆိုခြင်း ပြုလေ၏။

'ဘာများ သတင်း ထူးသေးသလဲ စုံထောက်ကြီး' ဟု စိတ်အား ထ သန်စွာ မေးလေ၏။

'ကျွန်တော် ထင်ထားတဲ့ အတိုင်း ကျွန်တော့်ဆီကတော့ ဘာသတင်း





'ဘာများ သတင်းထူးသေးသလဲ စုံထောက်ကြီး'

ထူးဘူး ခင်ဗျ၊ စကော့တလန်ယာဒ်က စုံထောက် မစ္စတာ ဖော့နှင့်လည်း တွေ့ ပြီးပြီ၊ ခင်ဗျား ဦးလေးတော် လော့ဒ် ဟိုးလ်ဟတ်စ်နှင့်လည်း တွေ့ခဲ့ပြီးပြီ၊ ဒီပြင် သည်း ခြေရာလေး တစ်စ နှစ်စတော့ ကောက်ထားသေးတယ်'

'ဒါဖြင့် လက်မလျှော့သေးဘူး ဆိုပါတော့'

'မလျှော့သေးပါဘူး'

မစ္စ အင်နီ ဟယ်ရီဆန်က

'ဝမ်းသာလိုက်တာရှင်၊ စုံထောက်ကြီးကို ဘုရား မပါစေလို့ပဲ ဆုတောင်း တော့မှာပဲ၊ ဟုတ်တာပေါ့ စုံထောက်ကြီးရယ်၊ ဝီရိယတို့ ဇွဲတို့ ရှိရင် အမှန်တရား ဆိုတာ တွေ့ရမှာပေါ့'

ပါစီ ဖဲက ဆိုဖာတွင် ဝင်ထိုင်လိုက်ရင်း

'စုံထောက်ကြီးတို့က ပြောစရာ မရှိရင် ကျွန်တော့်မှာ ပြောစရာ နည်း ည်းတော့ ရှိတယ် ခင်ဗျ'

'တစ်ခုခု ထူးလိမ့်မယ်တော့ မျှော်လင့်တာပဲဗျာ'

'ဟုတ်ကဲ့၊ မနေ့ညက ကျွန်တော်တို့ အိမ်မှာ ပြဿနာ တစ်ခု ဖြစ်တယ် ဘ်သီပေလို့ ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ဘူးပေါ့ ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ဒါစီး ဖဓ၏ မျက်နှာသည် လေးနက် တည်ငြိမ်သွားကာ မျက်လုံးတွင် စိုးရိမ် ထိတ်လန့်သည့် အရိပ်အယောင်တို့ ယှက်သန်းလာသည်ကို မြင်ရလေ၏။

'ကျွန်တော်ဟာ ဘာလိုလိုနှင့် ကြောက်စရာ ကောင်းတဲ့ လုပ်ကြံမှုကြီး တစ်ခုမှာ ဗဟိုချက်မ ဖြစ်မှန်းမသိ ဖြစ်နေပြီ ဆိုတာ လက်ခံချင်လာပြီ ခင်ဗျာ၊ ကျွန်တော့် ဂုဏ်သိက္ခာကိုတွင် မကဘူး၊ ကျွန်တော့် အသက်ပါ အန္တရာယ် ရှိလာပြီလို့လည်း ကျွန်တော် ထင်ချင်လာပြီ'

'ဗျာ' ဟု ရှားလော့ဟုမ်းက အာမေဋိတ်သံ ပြုလိုက်၏။

'ဟုတ်တယ် ခင်ဗျ၊ ယုံတော့ မယုံနိုင်စရာပဲ၊ ကျွန်တော် သိသလောက် ဆိုရင် ကျွန်တော့်မှာ ရန်သူရယ်လို့ မရှိခဲ့ဖူးဘူး၊ ဒါပေမဲ့ မနေ့ညက အဖြစ်အပျက် ကို ထောက်ပြီး ကျွန်တော့် ထင်မြင်ချက်ကို ပြောင်းရတော့မလို ဖြစ်နေပြီ'

'ဆိုပါဦး'

'စုံထောက်ကြီးတို့ကို ကြိုပြောရဦးမယ်၊ မနေ့ညတုန်းက ကျွန်တော် တစ် ယောက်တည်း အိပ်တယ် ခင်ဗျ၊ သူနာပြု မပါဘဲ ကျွန်တော် တစ်ယောက်တည်း ပထမဆုံး အိပ်တဲ့ ညပါ၊ ကျွန်တော့် ကျန်းမာရေး အခြေအနေကလည်း တော် တော်ကလေး ကောင်းလာတော့ သူနာပြုတို့ ဘာတို့ မလိုတော့ပါဘူးလေ ဆိုပြီး ဒီအခန်းထဲမှာ တစ်ယောက်တည်း အိပ်တယ် ခင်ဗျ၊ မှန်အိမ်ကိုတော့ တစ်ညလုံး ထွန်းထားတာပေါ့လေ၊ ဒါနှင့် နာရီပြန် နှစ်ချက်လောက်ကျတော့ ကျွန်တော်လည်း မှေးမှေး မှေးမှေးနှင့် အိပ်ပျော်သွားတယ် ခင်ဗျ၊ ဒီတုန်းမှာ တချွတ်ချွတ်နှင့် အသံ ကြားတာနှင့် ကျွန်တော်လည်း အိပ်ရာက နိုးလာတယ်၊ အသံက သစ်သားကို ကြွက် ကိုက်သလို အသံမျိုး ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ကြွက်ကိုက်တာ ဖြစ်မှာပဲ ဆိုပြီး ဒီအသံကို အချိန် တော်တော်ကြာ နားထောင်နေတယ်၊ ဒီလို နားထောင်နေရင်း အသံက တဖြည်းဖြည်း ကျယ်လာပါရော ခင်ဗျာ၊ ပြီးတော့ ပြတင်းပေါက်ဘက်ဆီက ချွင်ခနဲ သံချောင်းနှင့် ရိုက်သံလိုလို ဘာလိုလို အသံ ရုတ်တရက် ကြားလိုက်ရတယ် ခင်ဗျ၊ ကျွန်တော်လည်း တအံ့တသြနှင့် ထထိုင် လိုက်တယ်၊ ခုအခါမှာတော့ အသံက တော်တော်လေးကို သဲသဲကွဲကွဲ ဖြစ်လာပြီ ခင်ဗျ၊ ကြွက်ကိုက်သလို မြည်နေတဲ့ အသံက ပြတင်းပေါက် အထက် လေဝင် ပေါက် ရအောင် တပ်ထားတဲ့ လိပ်ပြာတောင် တံခါးပေါက်ကလေးက ဘောင် ကို ကျိတ်လှီးနေတဲ့ အသံ ခင်ဗျ၊ ချွင်ခနဲ မြည်လိုက်တဲ့ အသံကတော့ မင်းတုပ် ကို ဆွဲလိုက်တဲ့ အသံ။

'အဲဒီ အသံတွေ ကြားရပြီး ဆယ်မိနစ်လောက် ငြိမ်သွားပြန်တယ် ခင်ဗျ





ကြည့်ရတာကတော့ ကျွန်တော် နိုးသလား မနိုးဘူးလား ဆိုတာ အကဲခတ်တဲ့ သဘောပဲ ခင်ဗျ၊ သိတဲ့ အတိုင်း ကျွန်တော့် အာရုံကြောကလည်း တယ်ပြီး ကောင်းတာ မဟုတ်တော့ ကျွန်တော်လည်း ဒီလောက် ငြိမ်နေလို့ ဘယ်ရမလဲ ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း အိပ်ရာက ခုန်ထပြီး ပြတင်းပေါက်ကို ပြေးဖွင့် လိုက်တယ် ခင်ဗျ၊ လက်စသတ်တော့ ပြတင်းပေါက်ကို အပြင်က ဖွင့်နေတာကိုး ခင်ဗျ၊ လူတစ်ယောက်ရယ်၊ ပြတင်းပေါက်နားမှာ ကုန်းကုန်းကြီး၊ ကျွန်တော် လည်း ပြတင်းကို ပြေးဖွင့်လိုက်ရော သူလည်း လှစ်ခနဲ ထွက်ပြေးသွားတာနှင့် သူ့မျက်နှာတွေ ဘာတွေကိုတော့ ကောင်းကောင်း မမြင်လိုက်ရဘူးပေါ့ ခင်ဗျာ၊ သူကတော့ ဝတ်ရုံကြီးလိုဟာမျိုးကို ခြုံလို့ ခင်ဗျ၊ မျက်နှာက တစ်ဝက်ကလည်း ဖုံးထားလိုက်သေးတယ်၊ ကျွန်တော် သေသေချာချာ မြင်လိုက်တာ တစ်ခုတော့ ရှိတယ်၊ အဲဒါက ဘာလဲ ဆိုတော့ သူ့ လက်ထဲမှာ လက်နက် တစ်ခုခု ပါလာ တယ် ဆိုတာပဲ၊ ကျွန်တော့် အထင်တော့ ဓားမြှောင်လို့ ထင်လိုက်တာပဲ ခင်ဗျ၊ သူ့ အပြေးမှာ လက်ခနဲ မြင်လိုက်ရတာပဲ'

'အင်း၊ တော်တော် စိတ်ဝင်စားစရာတော့ ကောင်းနေပြီဗျို့၊ ပြောစမ်း ပါဦး၊ ဒီတော့ ခင်ဗျားက ဘာလုပ်သေးသလဲ'

'ကျန်းမာရေး ကောင်းရင်တော့ ပြတင်းပေါက်က ခုန်ဆင်းပြီး လိုက် တာပေါ့ ခင်ဗျာ၊ ခုတော့ ကိုယ့်အခြေအနေ ကိုယ်သိတော့ ခေါင်းလောင်းကြိုးကို လှုပ်ပြီး တစ်အိမ်လုံးကို နှိုးတာပေါ့၊ ခေါင်းလောင်းကြိုးက မီးဖိုထဲကို သွယ်ထား ပြီး အိမ်ဖော်တွေက အပေါ်ထပ်မှာ အိပ်ကြလေတော့ တော်တော် နှိုးယူရတယ်၊ ဒါပေမဲ့ ကျွန်တော် အော်တာနှင့် ကျွန်တော့် ယောက်ဖလောင်း ဂျိုးဆက်က အပေါ်ထပ်က ပြေးဆင်းလာပြီး တစ်အိမ်လုံးကို လိုက်နှိုးတယ်၊ ဂျိုးဆက်နှင့် မြင်းထိန်းက အပြင်ဘက်ကို လိုက်ကြည့်တော့ ပြတင်းပေါက် အပြင်နားက ပန်းခင်းထဲမှာ ခြေရာတွေကို တွေ့တယ် ခင်ဗျ၊ ဒါပေမဲ့ ရာသီဥတုက ခြောက် ခြောက်သွေ့သွေ့ ဆိုတော့ မြက်ခင်းပေါ် ခြေရာတွေ လိုက်ခံလို့လည်း အကြောင်း မထူးဘူးပေါ့ ခင်ဗျာ၊ ဒါပေမဲ့ လမ်းနှင့် ကပ်နေတဲ့ သစ်သား ခြံစည်းရိုးမှာ ခြေရာ လက်ရာတွေ တွေ့ရတယ်လို့ ပြောတယ် ခင်ဗျ၊ သူတို့က ပြောတော့ တစ်ယောက်ယောက် တက်ပြေးလို့ သစ်သား ဝင်းထရံ တိုင်တစ်ချောင်း ကျိုးနေ တယ်တဲ့၊ ကျော်တက်လို့ ခိုက်မိတာနှင့် ကျိုးသွားတာ ထင်တယ်တဲ့၊ ဒီအကြောင်း ကို ပုလိပ်ကိုတော့ မတိုင်သေးဘူး၊ ပုလိပ်ကို မတိုင်ခင် စုံထောက်ကြီးရဲ့ ထင်မြင် ချက်ကို အလျင် သိချင်တယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



ပါစီ ဖဲ၏ စကားကို နားထောင်ပြီးသည့် အခါတွင် ရှားလော့ဟုမ်းသည် လှုပ်ရှားသွားကာ ကုလားထိုင်မှ ထပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ရှိလေ၏။

ပါစီ ဖဲသည် သူ့ အဖြစ်အပျက်ကြောင့် ရှားလော့ဟုမ်း စိတ် လှုပ်ရှားသွားသည်ကို ကျေနပ်သည့်ဟန်ဖြင့် ပြုံးလိုက်ရင်း

'အကုသိုလ်များ တစ်ခုတည်း ဘယ်တော့မှ မလာဘူးလို့ ဆိုတယ် မဟုတ်လား ခင်ဗျာ'

'ခင်ဗျား အကုသိုလ်ကို ခင်ဗျား ခံပြီးပြီလေ၊ ကျုပ် ခင်ဗျားနှင့် အိမ်ကို တစ်ပတ်လောက် ပတ်ကြည့်လိုက်ချင်တယ်ဗျာ၊ လိုက်နိုင်ပါ့မလား'

'အို လိုက်နိုင်ပါတယ် ခင်ဗျာ၊ နေရောင်လေး ဘာလေးလည်း ရတာပေါ့ ဂျိုးဆက်လည်း လိုက်ပါလိမ့်မယ်'

'ကျွန်မကော လိုက်လို့ ရမလား'

ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်ရင်း

'မစ္စ အင်နီကတော့ မလိုက်ခဲ့နှင့်ဗျ၊ ဒီနေရာက စောင့်နေ'

မစ္စ အင်နီသည် မကျေနပ်သည့် အမူအရာဖြင့် နဂို နေရာတွင် ပြန်ထိုင်နေလေ၏။ သူ့ အစ်ကို ဂျိုးဆက်မှာ ကျွန်ုပ်တို့နှင့် အတူ ပါလာသဖြင့် ကျွန်ုပ်တို့ လေးယောက်သား အိမ်ပြင်သို့ ပြန်ထွက်လာကာ မြက်ခင်းကို ကွေ့ပတ်လာပြီးနောက် ပါစီ ဖဲ အိပ်သည့် အိပ်ခန်း ပြတင်းပေါက်ဘက်သို့ လာခဲ့ကြလေ၏။ ပါစီ ဖဲ ပြောသည့် အတိုင်း မြက်ခင်းပေါ်တွင် ခြေရာများကို တွေ့ရသော်လည်း မထင်မရှား ဝိုးတိုးဝါးတားမျှသာ ဖြစ်ပေ၏။ ရှားလော့ဟုမ်းသည် ခဏမျှ ငုံ့ကာ ကုန်းလျက် ခြေရာများကို ကြည့်ရာမှ ခါးကို ပြန်၍ မတ်လိုက်ပြီးနောက် ပခုံးကို တွန့်ပြလေ၏။

'ဒီခြေရာတွေကို ကြည့်လို့တော့ ဘာမှ ထူးမှာ မဟုတ်ဘူးဗျ၊ သူခိုးဟာ ဒီအခန်းကိုမှ ဘာဖြစ်လို့ ရွေးပြီး ဖောက်သလဲ မသိဘူး၊ အိမ်ဘက်ကို တစ်ပတ်လောက် ပတ်ကြည့်လိုက်ကြဦးစို့ရဲ့၊ တကယ်ဆိုရင် ဧည့်ခန်းနှင့် ထမင်းစားခန်းက ပြတင်းပေါက်ကြီးတွေကို ဖောက်ပါလား၊ သူတို့က ဖွင့်လို့ ပိုလွယ်တာပေါ့'

'အဲဒီ ပြတင်းပေါက်ကြီးတွေက လမ်းမကနေ ကြည့်ရင် မြင်နေရတာကိုး ခင်ဗျ' ဟု ဂျိုးဆက်က ပြောလေ၏။

'အော၊ ဟုတ်ပေသားပဲ၊ ဟောဒီမှာလည်း သူ ဖွင့်ချင်ရင် ဖွင့်လို့ ရတဲ့ တံခါးပေါက် တစ်ခုဗျ၊ ဒီတံခါးပေါက်က ဘာအတွက် သုံးတာလဲ'







5P

သစ်သားစကို လှမ်းယူလိုက်ပြီး သေချာစွာ ကြည့်ရှု စစ်ဆေးလျက် ရှိလေ၏။

'ဒါ ဈေးသည်တွေ လာတဲ့ လွှယ်ပေါက် ခင်ဗျ၊ ညကျရင်တော့ သော့ခတ် ပိတ်ထားတာပေါ့ ခင်ဗျာ'

'အလျှင်တုန်းကကော ဒီလို သူခိုး ဖောက်တာတို့ ဘာတို့ ရှိဖူးသလား'

'တစ်ခါမှ မရှိဖူးပါဘူး ခင်ဗျာ' ဟု ပါစီ ဖဲက ပြောလေ၏။

'အိမ်မှာ ရွှေငွေ အဖိုးတန် ပစ္စည်းတွေများ ထားသလား'

'မရှိပါဘူး ခင်ဗျာ'

ရှားလော့ဟုမ်းသည် အင်္ကျီအိတ်ထဲသို့ လက်နှစ်ဖက် နှိုက်ကာ အိမ် ပတ်ပတ်လည်ကို လျှောက်လျက် ရှိလေရာ ဤသို့သော နမော်နမဲ့ အမူအရာမျိုးကို မြင်ရခဲသည့်အတွက် ထူးလှချည့်ဟု ကျွန်ုပ် စိတ်တွင် အောက်မေ့မိလေ၏။ ထိုနောက် ဂျိုးဆက်ဘက်သို့ လှည့်ကာ

'ဒါထက် သူခိုး ကျော်တက် ပြေးသွားတဲ့ ခြံစည်းရိုး နေရာကို ခင်ဗျား တွေ့ခဲ့တယ်နော်၊ အဲဒါက ဘယ်နားမလဲဗျ၊ တစ်ဆိတ်လောက် ကြည့်ရအောင်'

ဂျိုးဆက် ဟယ်ရီဆန်သည် ဝင်းထရံတိုင် တစ်ချောင်း ကျိုးနေသည့် ခြံစည်းရိုး တစ်နေရာသို့ ကျွန်ုပ်တို့ကို ခေါ်သွားလေ၏။ သစ်သားစ တစ်ချောင်းသည် အောက်သို့ ကျိုးကျကာ တွဲလောင်း ကျလျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် သစ်သားစကို လှမ်းယူလိုက်ပြီး သေချာစွာ ကြည့်ရှု စစ်ဆေးလျက် ရှိလေ၏။

'ဒီ သစ်သားစဟာ မနေ့ညက ကျိုးတယ်လို့ ထင်လို့လား၊ သစ်သားစက ကျိုးတဲ့ အရာက တော်တော် ဟောင်းနေပြီဗျ၊ မဟုတ်ဘူးလား'

'ဟုတ်တယ်၊ နည်းနည်းတော့ ဟောင်းနေပြီ ထင်တယ်'

'ခြံစည်းရိုး အပြင်လမ်းဘက်ကို ခုန်ချတဲ့ ခြေရာတို့ ဘာတို့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရဘူး ခင်ဗျ၊ ဒီနေရာကို လာကြည့်လို့ကတော့ ကျုပ်တို့ အဖို့ ဘာမှ ထူးခြားမှာ မဟုတ်ဘူး ထင်တယ်၊ အိမ်ခန်းထဲ ပြန်သွားပြီး ဟိုရောက်မှ ဆွေးနွေးကြသေးတာပေါ့'

ပါစီ ဖဲမှာ သူ့ ယောက်ဖလောင်း၏ ပခုံးကို ကိုင်၍ ဖြည်းညင်းစွာ လိုက်ပါလာခဲ့လေ၏။ ရှားလော့ဟုမ်းသည် မြက်ခင်းကို ခပ်သုတ်သုတ် ဖြတ်လျှောက်လာခဲ့လေရာ ခဏ ကြာလျှင် ကျွန်ုပ်တို့ နှစ်ယောက်သည် အိပ်ခန်း ပြတင်းပေါက် အနီးသို့ အခြားလူများ အလျှင် ရောက်နေကြလေ၏။

ရှားလော့ဟုမ်းက မျက်နှာထား တည်တည်ဖြင့်

'ဒီမှာ မစ္စ အင်နီ၊ ဒီနေ့ တစ်နေ့လုံး ဒီနေရာကနေ ဘယ်ကိုမှ မသွားပါနှင့်၊ ဘာကြီးပဲ ဖြစ်နေနေ ဘယ်ကိုမှ မသွားပါနှင့်၊ ဒါ သိပ် အရေးကြီးတယ်'

'ဟုတ်ကဲ့ရှင်၊ စုံထောက်ကြီး နေစေချင်ရင် နေပါ့မယ်' ဟု မစ္စ အင်နီက အံ့အားသင့်လျက် ပြောလေ၏။

'ညကျလို့ မင်း အိပ်တော့မယ် ဆိုရင် ဒီအခန်းကို အပြင်ဘက်က သော့ခတ်ပြီး သော့ကို သိမ်းထားပါ၊ ဒီအတိုင်း လုပ် မယ် နော်၊ ကတိ ပေးတယ် မဟုတ်လား'

'ဒါပေမဲ့ ပါစီကကောရှင်'

'ကျုပ်နှင့် အတူ လန်ဒန်ကို လိုက်လာလိမ့်မယ်'

'ကျွန်မကတော့ ဒီမှာ နေရစ်ခဲ့ရမယ်ပေါ့'

'ကျုပ် သူ့ အတွက် ပြောနေတာ၊ သူ့ အတွက် မင်း လုပ်မပေးနိုင်ဘူးလား၊ ကဲ ကျုပ်တို့ကို မြန်မြန် ကတိပေးပါ'

နောက်မှ လိုက်လာသူများ အနီးသို့ ရောက်လာသည့် အခါတွင်မှ မစ္စ အင်နီသည် သဘောတူသည့် အနေဖြင့် ခေါင်းကို ညိတ်ပြလိုက်လေ၏။

'ဟဲ့ အင်နီ၊ အခန်းထဲမှာ ထိုင်ပြီး ဘာတွေ ငိုင်နေတာလဲ၊ အပြင်ထွက် နေစမ်းလေး ဘာလေး လုပ်ပါလား' ဟု သူ့ ညီမကို ဂျိုးဆက်က ခေါ်လေ၏။

'နေပါစေ ကိုကို၊ အင်နီ နည်းနည်း ခေါင်းကိုက်နေလို့၊ အခန်းထဲက အေးလည်း အေးတယ်၊ လေလည်း ရတယ်'

'စုံထောက်ကြီး ဘယ်လို လုပ်ချင်ပါသေးသလဲ ခင်ဗျာ' ဟု ပါစီ ဖဲက မေးလေ၏။

'အင်း ခု သွားကြည့်တာကလေးကတော့ သာမည အသေးအဖွဲ့ကလေး ပါဗျာ၊ သာမညကလေးကို ကြည့်ပြီး အဓိကကြီးကို မျက်ခြည်ပြတ်လို့ မဖြစ်





ဘူးပေါ့၊ မစ္စတာ ပါစီ ဖဲ ကျုပ်တို့နှင့် အတူ လန်ဒန်ကို လိုက်နိုင်ရင်တော့ တော်တော့်ကို ဟန်ကျမှာပဲဗျ'

'လိုက်ဖို့ လိုရင် လိုက်ပါ့မယ် ခင်ဗျာ၊ ကျွန်တော်လည်း တော်တော် လေး နေထိုင် ကောင်းနေပြီပဲ'

'ခု ချက်ချင်းကော လိုက်နိုင်မလား'

'ခု ချက်ချင်းလား'

'ခင်ဗျား အဆင်သင့်တဲ့ အချိန်ပေါ့လေ၊ နောက် တစ်နာရီလောက် အတွင်း ဆိုပါတော့'

'အကျိုး ရှိမယ် ဆိုရင် လိုက်ရမှာပေါ့ ခင်ဗျာ၊ ကျွန်တော်လည်း တော် တော် နေထိုင် ကောင်းနေပြီပဲ'

'အများကြီး အကျိုး ရှိနိုင်တယ်ဗျ'

'လန်ဒန်မှာ ညအိပ်ရမယ် ဆိုပါတော့'

'ဟုတ်တယ်ဗျ၊ အိပ်ရလိမ့်မယ်'

'ဒီလိုဆိုရင် ကျွန်တော့်ရဲ့ ညမင်းသားကြီး ရောက်လာတဲ့ အခါကျတော့ သူ ဖမ်းမယ့် ငှက် ပျံသွားပြီ ဆိုတာ တွေ့ရတော့မှာပေါ့၊ ကြိုက်သလို စီမံပါ ခင်ဗျာ၊ ကျွန်တော်တို့ကတော့ စုံထောက်ကြီးရဲ့ လက်ထဲကို အားလုံး ပုံအပ်ပြီး သားပါ၊ စုံထောက်ကြီး လုပ်စေချင်တာ ဖြစ်စေချင်တာကိုသာ ပြောပါ၊ ကျွန်တော့် ကို ကြည့်ရှု စောင့်ရှောက်ရအောင်လို့ ကျွန်တော့် ယောက်ဖလောင်း ဂျိုးဆက် ကိုကော ခေါ်ခဲ့ရဦးမလား'

'အို ကိစ္စမရှိပါဘူး၊ မခေါ်ဘဲ ရပါတယ်၊ ဟောဒီက ကျုပ် မိတ်ဆွေ ဝပ်ဆင်က ဆရာဝန် တစ်ယောက်ပဲ၊ ခင်ဗျားကို သူ စောင့်ရှောက်ပါလိမ့်မယ်၊ ဖြစ်နိုင်ရင် ကျုပ်တို့ ဒီမှာ နေ့လယ်စာ စားသွားချင်တယ်၊ ပြီးတော့ ကျုပ်တို့ သုံးယောက် လန်ဒန်ကို သွားကြတာပေါ့'

ရှားလော့ဟုမ်း ပြောသည့် အတိုင်း နေ့လယ်စာကို ကျွန်ုပ်တို့ အတွက် ပြင်ဆင်လျက် ရှိလေ၏။ မစ္စ အင်နီမှာ ရှားလော့ဟုမ်း ပြောထားသည့် အတွက် အကြောင်း တစ်ခု ပြကာ အိပ်ခန်းထဲမှ မထွက်ချေ။ ပါစီ ဖဲမှာ ကျန်းမာရေး ပြန် ကောင်းလာသည့် အတွက်ကြောင့် လည်းကောင်း၊ ခရီး ထွက်ရမည် ဖြစ်သည့် အတွက်ကြောင့် လည်းကောင်း အနည်းငယ် လန်းဆန်းလာကာ ကျွန်ုပ်တို့နှင့် အတူ နေ့လယ်စာကို ဝင်စားလျက် ရှိ၏။ မစ္စ အင်နီကို ပါစီ ဖဲနှင့် တခြားစီခွဲ ထားရန် ရည်ရွယ်ချက် မဟုတ်ခဲ့လျှင် မည်သည့် ရည်ရွယ်ချက်ဖြင့် ရှားလော့



www.burmeseclassic.com

www.burmeseclassic.com



ဟုမ်းသည် ဤသို့ ပြုခြင်း ဖြစ်သည်နည်းဟု ကျွန်ုပ်စိတ်တွင် စဉ်းစား၍ မရ အောင် ဖြစ်လျက် ရှိလေ၏။

သို့ရာတွင် ရှားလော့ဟုမ်းသည် ကျွန်ုပ်တို့နှင့် အတူ ဘူတာသို့ လိုက်ခဲ့သော ကာ ကျွန်ုပ်တို့အား ရထားတွဲပေါ်သို့ တင်ပေးပြီးနောက် သူ ကိုယ်တိုင်မူကား ဝိုးကင်းတွင် နေခဲ့ဦးမည် ဖြစ်ကြောင်း ပြောဆိုသည့် အခါတွင်မူ ကျွန်ုပ်တို့မှာ အကြီးအကျယ် အံ့အားသင့်လျက် ရှိလေ၏။

'ကျုပ် မသွားခင် အချက်ကလေး တစ်ချက် နှစ်ချက်လောက် ရှင်းစရာ ကလေး ရှိနေသေးတယ်ဗျ၊ မစ္စတာ ပါစီ ဖဲ မရှိတာဟာ ကျုပ်အဖို့ အများကြီး



ရှားလော့ဟုမ်းက ပြောရင်း လက်ပြ ကျွန်ုပ်ရစ်ခဲ့လေ၏။

အကူအညီ ဖြစ်လိမ့်မယ်လို့ မျှော်လင့်တယ်ဗျ၊ အိုင်ဆေး ဝပ်ဆင်ရေ၊ လန်ဒန် ရောက်ရင် ကျုပ်တို့ မိတ်ဆွေကို ဘေကာလမ်းကို ခေါ် သွားပြီး ကျုပ် ပြန်လာသည် အထိ အဲဒီမှာ ထားပါဗျာ၊ ခင်ဗျားတို့ ကျောင်းနေဘက် သူငယ်ချင်းတွေ ဆိုတော့ ရှေး ဟောင်း နှောင်းဖြစ်တွေ ပြောစရာ ရှိမှာပေါ့၊ ကျွန်ုပ် တို့ အခန်းမှာ မစ္စတာ ပါစီ ဖဲ အတွက် လည်း အိပ်ရာ အပို ရှိပါတယ်၊ မနက်ဖြန် မနက် လက်ဖက်ရည် သောက်ချိန် အမီ ကျွန်တော် ရောက်လာမှာပါ၊ မနက် ရှစ် နာရီ ဝါတာလူး ဘူတာကြီးကို ဆိုက်တဲ့ ရထားနှင့် ကျွန်တော် လိုက်လာခဲ့မယ်'

'ဒို့ နေစမ်းပါဦး ခင်ဗျာ၊ လန်ဒန်မှာ စုံစမ်းစရာ ရှိတာတွေကိုရော' ဟု ပါစီ ဖဲက စိတ်ပျက်လက်ပျက်ဖြင့် မေးလိုက်လေ၏။

'မနက်ဖြန် ကျုပ် ရောက်လာတဲ့ အခါ လုပ်ရင် ဖြစ်ပါတယ်လေ၊ လောလော ဆယ်မှာတော့ ကျုပ် ဒီမှာ ရှိတာက ပိုပြီး အသုံးကျတယ်လို့ ထင်တယ်ဗျ'

'ကျွန်တော် မနက်ဖြန်ည အရောက် ပြန်ခဲ့မယ်လို့ အိမ်ကို ပြောလိုက်ပါ ခင်ဗျာ' ဟု ရထား တရွေ့ရွေ့ ထွက်စပြုသည့် အခါတွင် ပါစီ ဖဲက လှမ်းအော် လေ၏။





'ကျုပ်ကတော့ ခင်ဗျား အိမ်ဘက် ပြန်ရောက်ချင်မှ ရောက်တော့မယ် ဗျ' ဟု ရှားလော့ဟုမ်းက ပြောရင်း လက်ပြ ကျွန်ုပ်ရစ်ခဲ့လေ၏။

ကျွန်ုပ်နှင့် ပါစီ ဖဲတို့သည် ရထားပေါ်တွင် ထိုအကြောင်းကို ပြောဆို ခဲ့ကြသော်လည်း ရှားလော့ဟုမ်း၏ လုပ်ပုံကို သဘော မပေါက်နိုင်အောင် ဖြစ်လျက် ရှိကြလေ၏။

'မနေ့ညက အိမ်ကို ဖောက်တာဟာ သူခိုး ဖြစ်ရိုး မှန်ခဲ့ရင် အဲဒီ ဖောက် ထွင်းမှုနှင့် ပတ်သက်လို့ သဲလွန်စကလေး ဘာလေး ရှာချင်လို့ နေရစ်ခဲ့တာ ထင် တာပဲဗျ၊ ကျွန်တော့် အထင်ကို ပြောရမယ် ဆိုရင်တော့ သာမန် သူခိုး ဟုတ်မယ် မထင်ဘူး'

'ဒီလိုဆို ခင်ဗျားက ဘယ်လို ထင်လို့လဲ'

'အာရုံကြော အားနည်းနေလို့ ပြောတယ် ထင်ချင်လည်း ထင်ပေါ့ဗျာ၊ ကျွန်တော့် အထင်တော့ ကျွန်တော်နှင့် ပတ်သက်ရာ ပတ်သက်ကြောင်းတွေထဲ မှာ နိုင်ငံရေး လုပ်ကြံမှု တစ်ခုခု ရှိနေတယ် ထင်တာပဲ၊ ဒါနှင့်အတူ လုပ်ကြံ သူတွေဟာ ကျွန်တော့် အသက်ကိုပါ ရန်ရှာနေတယ် ထင်တာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်လည်း သိပ် အကြောင်း ရှာလို့ မရဘူး၊ ဒီလို ပြောတော့ ခင်ဗျားက တိုင်းပြည်မှာ ဘယ်လောက်များ အရေးကြီးတဲ့ လူမို့လဲလို့ ဘေးက ထင်ကောင်း ထင်ကြမယ်၊ သာမန် သူခိုး ဆိုရင် ဘာမှ မရှိတဲ့ အိပ်ခန်း တစ် ခန်းကို ဘာဖြစ်လို့ ဖောက်ထွင်းဖို့ ကြိုးစားရမှာလဲ၊ ဘာဖြစ်လို့ လက်ထဲမှာ ဓား ကြီးကို ကိုင်လာရမှာလဲ'

'အိမ်ဖောက်သူတွေ ကိုင်လေ့ ကိုင်ထ ရှိတဲ့ ကုလားအော်တို့ ဘာတို့ များ ဖြစ်နေမလားဗျာ'

'မဟုတ်ပါဘူးဗျာ၊ ဓားမြှောင်ပါ၊ လက်ခနဲ ဖြစ်သွားတာကိုတောင် ကျွန် တော် သေသေချာချာ မြင်လိုက်ရတာပဲဟာ'

'ဒို့ ဒါဖြင့်ရင် ခင်ဗျားကို ဘာဖြစ်လို့ ဒီလောက်တောင် ရန်ငြိုးတကြီးနှင့် လိုက်နေရတာလဲ'

'အဲဒါ ပြဿနာပေါ့'

'ရှားလော့ဟုမ်းက ဒီလို ယူဆတဲ့ အတွက်များ ခုလို နေရစ်ခဲ့သလားမှ မသိတာ၊ ခင်ဗျား ထင်တဲ့ အတိုင်း မှန်ပြီ ဆိုပါစို့၊ အကယ်၍ မနေ့ညက ဖောက် ထွင်းတဲ့ သူခိုးကို မိသည့်တိုင် စာချုပ် ပျောက်တဲ့ ကိစ္စကတော့ မရှင်းသေးဘူးဗျ တစ်မျှော်တစ်ခေါ်ကြီး လိုက်ရဦးမှာ၊ ခင်ဗျားမှာ စာချုပ် ခိုးတဲ့ လူရယ်၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ရန်ရှာတဲ့ လူရယ် ဆိုပြီး တစ်ပြိုင်နက်မှာ ရန်သူ နှစ်ယောက် တယ်လို့ ထင်ရမှာကလည်း ခက်တော့ ခပ်ခက်ခက်ပဲဗျ'

'နေစမ်းပါဦးဗျ၊ မစ္စတာ ဟုမ်းက ကျွန်တော့် အိမ်ကို ပြန်မသွား လို့ ပြောသွားတယ်၊ ဒီတော့ သူက ဘယ်ကို သွားမှာတဲ့လဲ'

'ကျွန်တော် သူနှင့် သိတာ ကြာပြီဗျ၊ သို့သော်လည်း အကြောင်း လုံလုံ မရှိဘဲနှင့်တော့ ဒီလူဟာ ဘာကိုမှ လုပ်တတ်တဲ့ လူစားမျိုး မဟုတ်

ထိုနောက် ကျွန်ုပ်တို့သည် ရောက်တတ်ရာရာများကို ပြောဆို လေ၏။

သို့တိုင်အောင် ကျွန်ုပ် အဖို့မှာကား အတန်ငယ် ပင်ပန်းသည့် နေ့ ဖြစ်ပေ၏။ ပါစီ ဖဲမှာ ကြာရှည်စွာ နာမကျန်း ဖြစ်ခဲ့ပြီးနောက် ယခုတိုင် အား နေဆဲ ဖြစ်လေ၏။ အာဖဂန်နစ္စတန်၊ အိန္ဒိယ စသည့် တိုင်းပြည်များတွင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို လည်းကောင်း၊ လူမှုရေး ကိစ္စ လည်းကောင်း၊ အခြား သူ စိတ်ဝင်စားမည့် ကိစ္စများကို လည်းကောင်း ပြော လာသော်လည်း ပါစီဖဲမှာ ကျွန်ုပ် ပြောသည့် စကားများကို စိတ်မဝင်စားနိုင် ပျောက်ဆုံးသွားသော စာချုပ် ကိစ္စကိုသာ ပြောဆိုလျက် ရှိပြီး ရှားလော့ဟု မည်သည့် ခြေလှမ်းများကို လှမ်းနေသနည်း၊ သူ့ ဦးလေးတော် နိုင်ငံခြား ဝန်ကြီး မည်သို့ ပြုမူ ဆောင်ရွက်နေသနည်း၊ မနက်ဖြန် မနက်တွင် မည်သို့ သတင်းမျိုးကို ကြားရလေမည်နည်း ဟူသာ တွေးတော စဉ်းစားလျက် ရှိ ၏။

ညနေခင်းသို့ ရောက်လာသည်နှင့် အမျှ ပါစီ ဖဲ၏ စိတ် တုန်လှုပ် ချားမှုမှာ အရှိန်တက်၍ လာခဲ့လေပြီ။

'ခင်ဗျားကတော့ ရှားလော့ဟုမ်းရဲ့ အရည်အချင်းကို အကြွင်းမဲ့ ယုံ မှာပေါ့'

'အင်မတန် ထူးခြားတဲ့ အလုပ်တွေကို လုပ်ခဲ့တာတော့ မြင်ခဲ့ဖူးတာပဲ'

'ဒါပေမဲ့ ဒီလောက် ခက်ခဲတဲ့ အမှုမျိုးကိုတော့ လိုက်ခဲ့ဖူးမယ် မ ပါဘူး'

'ဒါတော့ ကျွန်တော် မသိဘူး၊ ကျွန်တော် သိသလောက် ပြောရမယ် ရင်တော့ တော်တော် အရေးကြီးတဲ့ ကိစ္စတွေမှာ ဥရောပ တိုင်းပြည် သုံးပြည် ရှိတဲ့ လက်ရှိ အုပ်စိုးနေတဲ့ ဘုရင့် ဆွေတော် မျိုးတော်တွေ ကိုယ်စား ဆောင်ရွက်ပေးခဲ့ဖူးတာပဲ'



'ဒါပေမဲ့ ခက်တာက ဒီလူ့ အကြောင်းကို ခင်ဗျား ကောင်းကောင်း သိ တာပဲ ဝပ်ဆင်၊ ဒီလူက တော်တော် အကဲခတ်ရ ခက်တဲ့လူ၊ သူ့ကို ဘယ်လို လုပ်ပြီး အကဲခတ်ရမယ် ဆိုတာ မသိလောက်အောင် ဖြစ်နေတယ်၊ ခု သူ လိုက် တာ မျှော်လင့်ချက်ကော ရှိပါ့မလားဟင်၊ သူကိုယ်၌ကကော အောင်မြင်မယ်လို့ မျှော်လင့်ထားပုံ ရရဲ့လား'

'သူကတော့ ဘာမှ မပြောဘူးဗျ'

'အင်း၊ အဲဒါ မကောင်းတဲ့ လက္ခဏာပဲ'

'ဒီလိုတော့လည်း မဟုတ်သေးပါဘူးလေ၊ ကျွန်တော် သတိ ထားသ လောက်တော့ သဲလွန်စကို လိုက်လို့ မရသေးဘူး ဆိုရင် မရဘူး ဆိုတဲ့ အကြောင်း ယေဘုယျလောက်တော့ ပြောတတ်တယ်၊ အဲ အနံ့ကိုတော့ ရပြီ၊ မှန်လည်း မှန်ပြီ၊ မခိုင်လုံသေးဘူး ဆိုတဲ့ အခါမျိုးကျရင်တော့ ဘာမှ မပြောတော့ဘူး၊ နှုတ်ပိတ် ရေငုံ လုပ်နေတော့တာပဲ၊ ကဲ ဒီတော့ ကိုယ့် ဆရာ၊ ကိုယ်ထင်ရာတွေ လျှောက်တွေးပြီး မူယန် သောကတွေ ရောက်မနေနှင့်တော့၊ ဒီလို ပူပန်နေလို့လည်း ဘာမှ အကျိုးထူးမှာ မဟုတ်ဘူး၊ ဒီတော့ မနက်ဖြန် တွေ့ရမယ့် ပြဿနာကို ရင်ဆိုင်နိုင်အောင် အားသစ် ခွန်သစ်ကလေး ဘာလေး မွေးဖို့ အိပ်ရာကို စော စော ဝင်ပေတော့'

နောက်ဆုံး၌ ကျွန်ုပ်သည် ပါစီ ဖဲကို အိပ်ရာသို့ ဝင်အောင် တိုက်တွန်း နိုင်ခဲ့သော်လည်း စိတ် လှုပ်ရှားလျက် ရှိသည့် သူ့ အမှုအရာကို ကြည့်၍ အိပ် ပျော်မည် မဟုတ်ကြောင်း ကျွန်ုပ် သိလိုက်ပါသည်။ စင်စစ် သူ့တွင်မက ကျွန်ုပ် ပင်လျှင် သူ့ဓာတ်ကူးကာ အိပ်မပျော်နိုင်ဘဲ အိပ်ရာထဲတွင် တလူးလူး တလိမ့် လိမ့်ဖြင့် ထိုပြဿနာကို စဉ်းစားနေမိလေ၏။ အမှုနှင့် ပတ်သက်၍ ဖြစ်နိုင်ချက် အမျိုးမျိုးကို တွေးလျက် ရှိသော်လည်း အဖြေကို ရှာမတွေ့နိုင်ဘဲ တဝဲလည်လည် ဖြစ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် အဘယ်ကြောင့် ဝိုးကင်းတွင် နေရစ်ခဲ့ လေသနည်း။ အဘယ်ကြောင့် မစ္စ အင်နီ ဟယ်ရီဆန်ကို လူမမာခန်းထဲမှ အထွက် မခိုင်းဘဲ တစ်နေ့လုံး အထိုင်ခိုင်းထားခဲ့သနည်း။ သူကိုယ်တိုင် ဝိုးကင်းတွင် နေခဲ့မည်ဟု ထိုအိမ်မှ သူများကို အဘယ်ကြောင့် အသိ မပေးခဲ့သနည်း။ ကျွန်ုပ် သည် ကျွန်ုပ်၏ ဦးနှောက်ကို တခေါက်ခေါက် ခေါက်ကာ ထိုပြဿနာကို စဉ်း စားရင်းဖြင့် နောက်ဆုံးတွင် အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့ မနက် ကျွန်ုပ် အိပ်ရာမှ နိုးလာသည့် အခါတွင် ခုနစ်နာရီ ခွဲနေလေပြီ။ အိပ်ရာမှ နိုးသည်နှင့် ကျွန်ုပ်သည် ပါစီ ဖဲ၏ အခန်းထဲသို့ ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည့်တွင် တစ်ညလုံး အိပ်မပျော်သဖြင့် မျက်တွင်း ဟောက်ပက် ဖြစ်နေသည့် ပါစီကို တွေ့ရလေ၏။ ရောက်လျှင် ရောက်ချင်း ရှားလော့ဟုမ်း ပြန်ရောက်ခြင်း ရှိ မရှိ မေးမြန်းခြင်း ပြုလေ၏။

'သူ ပြောထားတဲ့ အချိန်ကျရင် ရောက်လာမှာပေါ့ဗျ၊ စောလည်း မစော ဘူး၊ နောက်ကျပြီးလည်း မလာဘူး'

ကျွန်ုပ် ပြောသည့် အတိုင်းပင် မနက် ရှစ်နာရီ ထိုးပြီး မကြာမီတွင် ကျွန်ုပ်တို့ တိုက်ခန်းရှေ့သို့ ရထား တစ်စင်း ဆိုက်လာပြီးနောက် ရှားလော့ဟုမ်း သည် ရထားပေါ်မှ ဆင်းလာလေ၏။ သူ့ လက်ဝဲ လက်မောင်းကို ပတ်တီးဖြင့် သိုင်းစည်းထားပြီး မျက်နှာမှာ ဖျော့တော့ သုန်မှုန်လျက် ရှိသည်ကို ပြတင်းပေါက် မှ မြင်နေရလေ၏။ ရှားလော့ဟုမ်းသည် အိမ်ထဲသို့ ဝင်လာပြီး အတော် ကြာအောင် လှေကား အတိုင်း တက်လာလေ၏။

'ကြည့်ရတာကတော့ သိပ် ဟန်ပုံ မရဘူးဗျ' ဟု ပါစီ ဖဲက ပြော လိုက်၏။ ကျွန်ုပ်မှာလည်း သူ ပြောသည်ကို မငြင်းသာတော့ဘဲ

'အင်း၊ သဲလွန်စက ဒီမှာ ရှိပုံ ရတယ်ဗျ'

ပါစီဖဲကား ချုည်း ပါအောင် ညည်းလျက် ရှိလေပြီ။

'ကျွန်တော်တော့ ဘာမှန်းကို မသိအောင် ဖြစ်နေပြီဗျာ၊ သူ ပြန်လာရင် တော့ သတင်းကောင်း ပါလာမယ်လို့ ထင်ခဲ့တာ၊ ကြည့်ပါဦးဗျာ၊ လက်မှာလည်း ပတ်တီးကြီး သိုင်းလို့၊ မနေ့တုန်းက ဒီပတ်တီးကြီး မရှိဘူးဗျ၊ ဘာများ ဖြစ်လာ ပြန်သလဲ မသိဘူး'

'ဗျို့ ဟုမ်း၊ ခင်ဗျား ခံလာရတာတော့ မဟုတ်ပါဘူးနော်' ဟု အခန်း ထဲသို့ ဝင်လာသည့် ရှားလော့ဟုမ်းကို ကျွန်ုပ်က ဆီး၍ မေးလိုက်၏။

ရှားလော့ဟုမ်းသည် ကျွန်ုပ်တို့ကို ခေါင်းညိတ် နှုတ်ဆက်လိုက်ပြီးနောက်

'တောက်တီးတောက်တဲ့ဗျာ၊ ဘယ်ကလာ ခံလာရမှာလဲ၊ ဒါက ကျုပ် ညံ့လို့ နည်းနည်းပါးပါး ခြစ်မိသွားတာပါ၊ မစ္စတာ ပါစီ ဖဲရေ၊ ခင်ဗျား အမှု ကတော့ ကျုပ် လိုက်ခဲ့ဖူးသမျှ အမှုတွေထဲမှာ အရှုပ်ဆုံးပဲဗျို့'

'စုံထောက်ကြီးလည်း လက်မှိုင်ချရပြီ ဆိုပါတော့'

'အတွေ့အကြုံကတော့ တော်တော် ထူးခြားတဲ့ အတွေ့အကြုံပဲဗျ'

'ခင်ဗျား လက်မှာ ပတ်တီးကြီး သိုင်းလာတာ မြင်လိုက်ရကတည်းက တော်တော် ထူးခြားတဲ့ အတွေ့အကြုံမှန်းတော့ သိလိုက်ပါပြီ၊ ကဲ ဆိုစမ်းပါဦး ဘာတွေ ဘယ်လို ဖြစ်လာခဲ့တာလဲ'





'မနက်စာကလေး ဘာလေး စားစမ်းပါရစေဦး ဆရာကြီးရယ်၊ ဒီနေ့ မနက်မှာ ဆာရေး နယ်က လေကို မိုင် သုံးဆယ်လောက် ရှူလိုက်ရတာ ဆာလှ ပြီဗျ၊ ရထား နံပါတ်ကို အရှာခိုင်းတဲ့ ကျုပ် ကြော်ငြာကတော့ ဘာမှ မထူးဘူး ဆင်တယ်၊ ဟုတ်စ၊ အင်းလေ ဟုတ်တာပေါ့၊ အမြဲတမ်း ကိုယ့် စိတ်တိုင်းကျ ချည်းပဲ ဘယ်ဖြစ်နိုင်ပါ့မလဲ'

ကျွန်ုပ်က စားပွဲကို ပြင်ပြီးနောက် ခေါင်းလောင်းကြိုးကို ဆွဲလိုက်မည် ပြုစဉ် အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန်သည် လက်ဖက်ရည်နှင့် ကော်ဖီ ခွက်များကို ကိုင်၍ ဝင်လာလေ၏။ ခဏ ကြာလျှင် စားစရာ သောက်စရာများကို ယူ လာသဖြင့် ကျွန်ုပ်တို့လည်း စားပွဲတွင် ဝင်ထိုင်ကြသည့်တွင် ရှားလော့ဟုမ်းမှာ အားရပါးရ စားသလောက် ကျွန်ုပ်မှာ သိချင်စိတ် ပြင်းထန်လျက် ရှိပြီး ပါစီ ဖဲကား စိတ်ပျက်လက်ပျက် ဖြစ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် အိန္ဒိယလို ချက်ထားသည့် ကြက်သားဟင်းခွက်ကို ဖွင့်လိုက်လျက်

'မစ္စက် ဟတ်ဆန်ရာ၊ တယ် အလိုက်သိပါလားဗျို့၊ ဟင်းက နည်းပေမဲ့ တော့ အမျိုးသမီးပီပီ ဟင်းချက် ကောင်းပါပေတယ်၊ ဗျို့ ဝပ်ဆင်၊ ခင်ဗျားက ဘာတွေ စားနေတာလဲ'

'ဝက်ပေါင်ခြောက်နှင့် ကြက်ဥဗျ'

'မစ္စတာ ပါစီ ဖဲကော မစားတော့ဘူးလား၊ စားလေဗျာ၊ ကြက်သား ဟင်းဗျ၊ ထည့်စားစမ်းပါ'

'တော်ပါပြီ ခင်ဗျာ၊ ကျွန်တော်ဖြင့် စားချင်စိတ်တောင် မရှိတော့ပါဘူး'

'အို၊ စားစမ်းပါဗျ၊ ခင်ဗျား ရှေ့က ပန်းကန်ထဲက ဟာကို စားစမ်းပါ'

'တော်ပြီ ခင်ဗျ၊ မစားတော့ဘူး'

ရှားလော့ဟုမ်းက နောက်သလို ပြောင်သလို မျက်နှာထားဖြင့်

'ကဲ ခင်ဗျား မစားဘူး ဆိုရင် ခင်ဗျား ရှေ့က ဟင်းပန်းကန်တွေ ကျုပ် ဆီကို လှမ်းလိုက်ဗျာ'

ပါစီ ဖဲသည် ပန်းကန် အဖုံးကို ဖွင့်လိုက်၏။ ပါစီ ဖဲသည် အဖုံးကို ဖွင့်လိုက်ရာမှ အလန့်တကြား အော်လိုက်လေ၏။ သူ့ မျက်နှာသည် သူ ကြည့်နေ သည့် ဟင်းပန်းကန်ပြားကဲ့သို့ ဖြူဖွေးလျက် ရှိလေ၏။ ပန်းကန်ပြား အလယ် ခေါင်တွင် မီးခိုးရောင် စာရွက်လိပ်ကလေး တစ်လိပ်ကို တွေ့ရလေ၏။ ပါစီ ဖဲ သည် ထိုစာရွက်လိပ်ကလေးကို ဖြတ်ခနဲ ကောက်ယူလိုက်ကာ စားတော့မတတ် စိုက်ကြည့်လျက် ရှိပြီးနောက် စာရွက်ကလေးကို ရင်တွင် အပ်ကာ



www.burmeseclassic.com

www.burmeseclassic.com





ပါစီ ဖဲသည် အလန့်တကြား အော်လိုက်လေ၏။

အခန်းထဲတွင် ခုန်ပေါက်လျက် ရှိလေ၏။ နောက်ဆုံး၌ စိတ် လှုပ်ရှားလွန်းသဖြင့် ကုလားထိုင်ပေါ်တွင် အရုပ်ကြိုးပြတ် လဲကျသွားလေရာ ကျွန်ုပ်မှာ မေ့မြောသွားမည်ကို စိုးရိမ်သည့် အတွက် ဘရန်ဒီကို အတင်း လောင်းချရလေ၏။

ရှားလော့ဟုမ်းသည် ပါစီ ဖဲ၏ ပခုံးကို ပုတ်ကာ နှစ်သိမ့်သည့် လေသံဖြင့်

'ဟော ဟော၊ ဘာမှ မဖြစ်ပါဘူးဗျ၊ ဘာမှ မဖြစ်ပါဘူး၊ ကောင်းပါတယ်၊ အမှန်ကတော့ ခင်ဗျားကို ဒီလိုနည်းနှင့် အသိပေးဖို့တော့ မကောင်းဘူးပေါ့ဗျာ၊ ဒါပေမဲ့ ဝပ်ဆင် သိပါတယ်ဗျာ၊ ကျုပ်က ဒါမျိုးကလေးတွေ တွေ့ရင် အံ့ဩစရာ ဖြစ်အောင် ခပ်ဆန်းဆန်းကလေး လုပ်ရတာကို အရသာ ရှိလွန်းလို့ပါ'

ပါစီ ဖဲက ရှားလော့ဟုမ်း၏ လက်ကို ဆွဲကာ နမ်းရှုပ်လျက် ရှိလေ၏။

'ကျေးဇူး တင်လိုက်တာဗျာ၊ သိပ် ကျေးဇူးတင်တာပဲ၊ ကျွန်တော့် ဂုဏ်သိက္ခာကို စုံထောက်ကြီး ကယ်လိုက်တာပါဗျာ၊ စုံထောက်ကြီး ကယ်လိုက်တာပါ' ဟု တတွတ်တွတ် ပြောဆိုလျက် ရှိလေ၏။

'ခင်ဗျား ဂုဏ်သိက္ခာတွင် မကဘူးဗျ၊ ကျုပ် ဂုဏ်သိက္ခာကိုပါ အလောင်းအစား လုပ်ခဲ့ရတာ၊ ခင်ဗျား အဖို့ ကိုယ့် တာဝန် မကျေဘဲ ခုလို ဖြစ်ရတာကို ရှက်သလို ကျုပ်အဖို့လည်း ဒီလို အမှုမျိုးမှာ အရှုံး ပေးရတာ ရှက်စရာ အကောင်းဆုံးပဲဗျ'





ပါစီ ဖဲသည် အလွန် အဖိုးတန်သည့် ထိုစာချုပ်ကို ကုတ်အင်္ကျီ အတွင်းအိတ်ထဲသို့ ထိုးထည့်လိုက်လေ၏။

'စုံထောက်ကြီး စားတာ သောက်တာကို အနှောင့်အယှက်တော့ မပေးချင်ပါဘူး ခင်ဗျာ၊ ဒါပေမဲ့ ဒီစာချုပ်ကို ဘယ်က ဘယ်လို လုပ်ပြီး ပြန်ရလာသလဲ ဆိုတာကိုတော့ သိချင်စမ်းပါဘိတော့တယ်'

ရှားလော့ဟုမ်းသည် ကော်ဖီကို ကုန်အောင် သောက်လိုက်ပြီးနောက် ကြက်ပေါင်ခြောက်နှင့် ကြက်ဥကို စားနေပြန်လေ၏။ ထို့နောက် ထိုင်ရာမှ ထကာ ဆေးတံကို မီးညှိလိုက်ပြီးလျှင် သူ့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေ၏။

'ခင်ဗျားတို့ သွားပြီးတဲ့နောက် ကျုပ် ဘာလုပ်သလဲ ဆိုတာ အလျင်ပြောပြမယ်၊ ပြီးတော့မှ ဘာဖြစ်လို့ လုပ်ရတယ် ဆိုတဲ့ အကြောင်းကို ပြောပြမယ်၊ ခင်ဗျားတို့ ရထား ထွက်သွားတော့ ကျုပ်လည်း ဆာရေးက ကွင်းပြင်တွေထဲ လမ်းလျှောက်တာပဲ၊ ခဏ လျှောက်ခဲ့တော့ ရစ်ပလေ ဆိုတဲ့ ရွာကလေးကို ရောက်သွားတယ်၊ ရစ်ပလေကို ရောက်တော့ လက်ဖက်ရည် ဆိုင်ကလေး တစ်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်၊ ပြီးတော့ လက်ဖက်ရည် ဝယ်ပြီး ဓာတ်ဘူးထဲ ထည့်၊ အသားညှပ်မုန့် တစ်ချပ် ဝယ်ပြီး ညနေစောင်းသည် အထိ တောထဲ လျှောက်လည်နေတယ်၊ ညနေစောင်းလောက်ကျတော့ ဝိုးကင်းဘက်ကို ထွက်လာခဲ့တယ်၊ မိုးလည်း ချုပ်ရော ကျုပ်လည်း ဘရိုင်ယာဗရေး အိမ်ရှေ့က ဝေတစ်ရာ လမ်းမကြီးကို ရောက်သွားတာပဲ။

'လမ်းမမှာ လူရှင်းအောင် စောင့်နေရတယ်ဗျ၊ ဒီနေရာကို သိပ် ကျွမ်းကျင်တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ မတတ်နိုင်ဘူး ဆိုပြီး လူလစ်တာနှင့် ခြံစည်းရိုးကို ကျော်၊ ခြံဝင်းထဲကို ခုန်ချပြီး အထဲကို ဝင်လာခဲ့တယ်'

'ဝင်းတံခါးကြီး ဖွင့်ထားတယ် မဟုတ်လား' ဟု ပါစီ ဖဲက မေး၏။

'ဖွင့်တော့ ထားပါတယ်၊ ဒါပေမဲ့ ကျုပ်က ဒီလို ကိစ္စမျိုးမှာ ထူးထူးဆန်းဆန်း အတွေ့အကြုံလေးတွေကို တွေ့ချင်တဲ့ လူမျိုးကိုးဗျ၊ ဝင်းထဲ ရောက်တော့ ဝက်သစ်ချပင်ကြီး သုံးပင် ပေါက်နေတဲ့ နေရာ ရှိတယ် မဟုတ်လား၊ အဲဒီနားမှာ နေလိုက်တယ်၊ လူလစ်တော့မှ အဲဒီ ဝက်သစ်ချပင်ကြီးတွေ အောက်က ထွက်ပြီး အိမ်နားကို ကပ်လာခဲ့တယ်၊ ချုံတွေ ကြားထဲက ကုန်းကုန်း ကုန်းကုန်းနှင့် လျှောက်လာပြီး ခင်ဗျား အိပ်ခန်း ရှိတဲ့ ပြတင်းပေါက်နားမှာ ပန်းရုံကြီး ရှိပါရောလား၊ အဲဒီ ပန်းရုံကြီးထဲကို ဝင်ပုန်းနေလိုက်တယ်ဗျ၊ လေးဖက်ထောက်ပြီး သွားလိုက်ရတာဗျာ၊ ကျုပ် ဘောင်းဘီ ဒူးတွေ ဖြစ်ပျက်နေပုံကိုသာ ကြည့်တော့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ပန်းရုံကြီးထဲကနေ ထိုင်ပြီး စောင့်ကြည့်နေတယ်ဗျ။

'ခင်ဗျား အိပ်ခန်းမှာ ခန်းဆီးတွေ ချထားတယ်၊ မစ္စ အင်နီကတော့ စားပွဲမှာ ထိုင်ပြီး စာဖတ်နေတယ်ဗျ၊ ဆယ်နာရီ ထိုးပြီးလို့ ဆယ့်ငါးမိနစ်လောက် ရှိတော့ မစ္စ အင်နီက စာအုပ်ကို ပိတ်ပြီး ပြတင်းပေါက်တွေကို လိုက်ပိတ်တယ် အခန်းကို သော့ပိတ်သံကို ကြားရတယ်'

'သော့ပိတ်တယ်၊ ဟုတ်လား' ဟု ပါစီ ဖဲက မေး၏။

'ဟုတ်တယ်၊ ညကျရင် အဲဒီ အခန်းကို အပြင်ဘက်က သော့ခတ်ထားပါ လို့ ကျုပ်က သူ့ကို မှာခဲ့တာကိုး၊ မစ္စ အင်နီကတော့ ကျုပ် ညွှန်ကြားထားတဲ့ အတိုင်း အတိအကျ လုပ်တာပဲဗျို့၊ သူ့ အကူအညီသာ မပါရင် ဒီစာရွက်ယား ခင်ဗျား အိတ်ထဲကို ပြန်ရောက်မှာ မဟုတ်ဘူး၊ သော့ပိတ်ပြီးတော့ မစ္စ အင်နီ လည်း အပေါ်ထပ်ကို တက်သွားတယ်၊ အိမ်ကြီးလည်း မီးတွေ မှိတ်သွားရော



'လရောင်ထဲမှာ ကြည့်လိုက်တော့ အဲဒီ လူက တခြားလူ မဟုတ်ဘူးဗျ'

ကျုပ်လည်း ပန်းပင်ရုံကြီးထဲမှာ ငုတ် တုတ်ကလေး ထိုင် ကျန်ရစ်ခဲ့တာပေါ့။

'ညက သာတော့ သာယာပါရဲ့ ဒါပေမဲ့ စောင့်ရတာက တယ် ပင်ပန်းသ သဗျ၊ ငှက်ပစ်ထွက်တဲ့ လူများ ရေမြောင်း မှာ ထိုင်ပြီး စောင့်ရတဲ့အခါ တထိတ် ထိတ် ဖြစ်နေတယ် ဆိုတာ ဒါမျိုး နေမှာ ပဲဗျ၊ စောင့်လိုက်ရတာကတော့ တော်တော့ကို ကြာ တာ ပဲ၊ အကောက်ကြံ သော ပထွေး အမှုတုန်းက အခန်းထဲမှာ ထိုင်စောင့် နေရတာထက်တောင် ကြာ လိမ့်မယ် ထင်တယ်၊ ဝိုးကင်း ရွာထဲက ဘုရား ရှိခိုး ကျောင်းက နာရီကလည်း ဆယ့်ငါးမိနစ် ထိုးတိုင်း တစ်မောင်း ရိုက်လို့ဗျ၊ တစ်မောင်း ဆိုပေမဲ့ ကျုပ် စိတ်ထဲမှာ ကြာလွန်းလို့ နာရီကြီးများ ရပ်နေသလား လို့ တောင် ထင်မိသေး တယ်၊ မနက် နှစ်နာရီ ထိုးတဲ့ အခါကျ တော့ မင်းတုပ် ဖြုတ်သံနှင့် သော့ဖွင့်





သံကို ကြားလိုက်ရတယ်ဗျ၊ ခဏ ကြာတော့ မလွယ်ပေါက် တံခါးလေး ပွင့် လာပြီး အပြင်ကို လူတစ်ယောက် ထွက်လာတယ်၊ လရောင်ထဲမှာ ကြည့်လိုက် တော့ အဲဒီ လူက တခြားလူ မဟုတ်ဘူးဗျ၊ ခင်ဗျား ယောက်ဖလောင်း မစ္စတာ ဂျိုးဆက် ဟယ်ရီဆန်ရယ်'

'ခင်ဗျာ၊ ဂျိုးဆက် ဟုတ်လား' ဟု ပါစီ ဖဲက အော်လိုက်သည်။

'ခေါင်းပေါ်မှာ ဘာမှတော့ ဆောင်း မထားဘူးဗျ၊ ဒါပေမဲ့ ပခုံးပေါ်မှာ ဝတ်ရုံ အင်္ကျီလို ဟာကြီးကို တင်ထားတယ်၊ အရေးကြုံရင် မျက်နှာတို့ ဘာတို့ကို ဖုံးရအောင် ထင်ပါရဲ့၊ သူက အိမ်နံရံကို ကပ်ပြီး မှောင်ရိပ်ထဲက ခြေဖျားထောက် လျှောက်လာတယ်ဗျ၊ ပြတင်းပေါက်ကို ရောက်တဲ့ အခါကျတော့ အသွား ခပ် ကြီးကြီး ဓားမြှောင်ကြီးကို ထုတ်ပြီး ပြတင်း မှန်ကူကွက်က ဘောင်တွေကို တလန် လိုက်တယ်ဗျ၊ ပြီးတော့ မင်းတုပ် ဖြုတ်ပြီးတော့ ပြတင်းပေါက်ကို ဆွဲဖွင့် လိုက်တယ်။

'ကျုပ် ထိုင် စောင့်ကြည့်နေတဲ့ နေရာက ဆိုရင် အခန်းထဲကို ကောင်း ကောင်း မြင်နေရတယ်၊ သူ့ လှုပ်ရှားမှုတွေကိုလည်း သေသေချာချာ မြင်ရတယ်၊ သူက နာရီစင်ပေါ်မှာ တင်ထားတဲ့ ဖယောင်းတိုင်ကို ထွန်းတယ်၊ ပြီးတော့ တံခါး ပေါက်နားကို လျှောက်သွားပြီး အဲဒီနားက ကြမ်းခင်းထားတဲ့ ကော်ဇောကို လှန်လိုက်တယ်ဗျ၊ ပြီးတော့ ကုန်းပြီး ကြမ်းပြင်က ပျဉ်ပြား တစ်ချပ်ကို ခွာလိုက် တယ်၊ ပိုက်ပြင်သမားတွေ အလွယ်တကူ ပြင်လို့ ရအောင် အဖုံး လုပ် ထားတဲ့ ပျဉ်ပြားနှင့် တူတာပဲ၊ ခုပျဉ်ပြားကတော့ မီးဖိုဘက်ကို သွားတဲ့ ပိုက်နှင့် ဆက် ထားတဲ့ ပိုက်ဆက် နေရာကို ဖုံးထားတဲ့ ပျဉ်ပြား ဖြစ်ပုံရတယ်၊ အဲဒီ ပျဉ်ပြား အံဖုံး အောက်ကနေပြီး သူ ဝှက်ထားတဲ့ ဟောဒီ စာရွက်လိပ်ကလေးကို ယူလိုက် တယ်ဗျ၊ ပြီးတော့ အံဖုံးကို ပြန်ဖုံး၊ ကော်ဇောကို နေရာတကျ ဖြစ်အောင် ပြင်၊ ဖယောင်းတိုင်ကို မှုတ်ပြီး အပြင် ထွက်အလာမှာ ပြတင်းပေါက် အပြင်ဘက်မှာ ရပ်ပြီး သူ့ကို စောင့်နေတဲ့ ကျုပ်နှင့် ပက်ပင်း သွားတိုးတာပါပဲဗျာ။

'အံမယ် လူက တော်တော် လာတဲ့ လူဗျို့၊ ကျုပ်က အစက သူ့ကို ဒီ လောက် ရိုင်းစိုင်း ကြမ်းကြုတ်မယ့် လူလို့ မထင်ခဲ့ဘူး၊ အခုတော့ အာဂ လူပါ ကလား၊ ကျုပ်နှင့်လည်း တိုးရော ကျုပ်ကို ဓားမြှောင်နှင့် လှမ်းထိုးတယ်ဗျ၊ ကျုပ် လည်း စိတ်ချဉ်ပေါက်ပေါက်နှင့် ဆော်ထည့်လိုက်တာ ငနဲ နှစ်ချက်လောက် ထိ သွားပြီး မြေကြီးပေါ် ပစ်ကျသွားတယ်၊ ဒါနှင့်တောင် ထလာလို့ မထူနိုင်အောင် ဆော်ထည့်လိုက်သေးတယ်၊ ဒါတောင် ကျုပ်မှာ လက်ကောက်ဝတ်ကို နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ထိသွားသေးတယ်၊ နောက်ဆုံးမှာ ဘာမှ ပြန်မလုပ်နိုင်တော့တာတောင် သူ့ကို မလျှော့ချင်သေးဘူး၊ ကျုပ်ကို ခံတန်တန် လုပ်နေသေးတယ်၊ ဒါနှင့် ကျုပ်က သူ့ကို သာယာညင်းပျောင်း ပြောပြီး နားချတော့မှ စာရွက်ကို ထုတ်ပေးလိုက်တယ်ဗျ။

'စာရွက် ရတော့ ကျုပ်လည်း သူ့ကို ဘာမှ မလုပ်တော့ပါဘူး၊ ဒီနေ့ မနက်ကျတော့မှ အဖြစ်အပျက် အပြည့်အစုံကို စကော့တလန်ယာဒ်က မစ္စတာ ဖော့ဆီကို သံကြိုး ရိုက်လိုက်တယ်၊ ဘယ်ငှက်ကို ဖမ်းရမလဲ ဆိုတာ ကျုပ် ပြောပြီးလေဗျာ၊ ဒီလောက် ပြလျက်နှင့်မှ မဖမ်းနိုင်ဘူး ဆိုရင်တော့ သူ့ တာဝန်ပေါ့ သူပေါ့၊ ဒါပေမဲ့ ကျုပ် တွက်ထားတဲ့ အတိုင်းပါပဲဗျ၊ မစ္စတာ ဖော့ ဟိုကို ရောက်သွားတော့ ငှက်ကို မတွေ့ရတော့ပါဘူး၊ ဟောင်းလောင်း ဖြစ်နေတဲ့ အသိုက်ကိုသာ တွေ့ရတာပါပဲ၊ အစိုးရ အဖို့တော့ ကောင်းသွားတာပေါ့၊ အစိုးရ အဖို့ မဟုတ်တောင် နိုင်ငံခြားရေး ဝန်ကြီး လော့ဒ် ဟိုးလ်ဟတ်စ်နှင့် ခင်ဗျား အဖို့တော့ ကောင်းသွားတာပေါ့၊ ပုလိပ်မှု ဖြစ်ရင် သတင်းစာတွေထဲမှာ ဟိုးလေးတကျော် ဖြစ်မှာကိုး၊ ဒါတော့ ခင်ဗျားတို့လည်း ဖြစ်ချင်မှာ မဟုတ်ပါဘူး'

'ဒီလိုဆိုရင် စာချုပ် ပျောက်တဲ့ နှစ်လကျော်ကျော် အတွင်းမှာ စာချုပ်ဟာ ကျွန်တော့် အခန်းထဲမှာ ရှိနေတာပေါ့' ဟု ပါစီ ဖဲက မေးလေ၏။

'ဟုတ်တယ်ဗျ'

'ဂျိုးဆက် ဆိုတဲ့လူ တော်တော် ဆိုးတဲ့ လူပဲဗျာ၊ တကယ့် လူဆိုး တကယ့် သူခိုး'

'ဂျိုးဆက် ဆိုတဲ့ လူဟာ လူကို ကြည့်တော့ ရိုးပုံ ရိုးလက်နှင့်ဗျ၊ မခုတ်တတ်တဲ့ ကြောင်ကလေး ကျနေတာပဲ၊ ဒါပေမဲ့ လူက တော်တော် ကြောက်စရာ ကောင်းတဲ့ လူ၊ သူနှင့် တွေ့တုန်းက သူ့ဆီက ကြားခဲ့ရတဲ့ အတိုင်း ဆိုရင် ဒီလူဟာ ငွေချေး အရောင်းအဝယ် ဒိုင်မှာ တော်တော်လေး ရှုံးလာတယ်ဗျ၊ ဒီတော့ သူ့ အကျိုး အတွက် ဆိုရင် ဘာကိုပဲ ဖြစ်ဖြစ် လုပ်မယ့်လူ၊ ဒီလောက် ကိုယ်ကျိုး ကြည့်တဲ့ လူတစ်ယောက်ဟာ ကိုယ့်ညီမရဲ့ မျက်နှာ ကိုယ့် ယောက်ဖလောင်းရဲ့ မျက်နှာကိုလည်း ထောက်မှာ မဟုတ်ဘူး၊ ဘာကိုပဲ ဖြစ်ဖြစ် လုပ်မှာပဲ'

ပါစီ ဖဲသည် ကုလားထိုင်သို့ ပစ်မှီလိုက်ရင်း

'ကြားရတာ စိတ်မကောင်းလိုက်တာဗျာ၊ ကျွန်တော်ဖြင့် အံ့ရော၊ တော်တော် လုပ်ရက်တဲ့လူ'

ရှားလော့ဟုမ်းက သူ့ ထုံးစံ အတိုင်း လေးနက်သည့် လေသံဖြင့်





'ခင်ဗျား အမှု ဒီလောက်တောင် ခက်ခဲ ရှုပ်ထွေးသွားရတာက တခြားကြောင့် မဟုတ်ဘူးဗျ။ သက်သေ အထောက်အထားတွေက သိပ် များနေလေတော့ ဘယ်အစကို ဆွဲထုတ်ရမှန်း မသိလို့ ဒီလို ဖြစ်နေတာ၊ အရေးမကြီးတဲ့ အချက်တွေက အဓိက အချက်တွေကို ဖုံးကွယ်နေတော့ ဘယ်သင်းက အဓိကလဲ ဘယ်သင်းက သာမညလဲ ဆိုတာ မရွေးနိုင်ဘဲ ဖြစ်နေတယ်၊ ကျုပ်ကတော့ ရသမျှ အချက်တွေကို အကုန် ရအောင် ယူပြီး ဘယ်သင်းက အရေးကြီးသလဲ ဆိုတာ ရွေးထုတ်လိုက်တယ်၊ ဒီလို ရွေးထုတ်လို့ ရပြီ ဆိုတော့မှ အဲဒီ အချက်အလက်တွေကို အစီအစဉ်လိုက် ပြန်စဉ်ပြီး ကွင်းဆက်ကြီး တစ်ခုလုံး ပုံပေါ်လာအောင် ပြန် ဆက်စပ် တည်ဆောက်ကြည့်တယ်၊ အချင်း ဖြစ်တဲ့ ညက ခင်ဗျားနှင့် ဂျိုးဆက်ဟာ ဝိုးကင်းကို အတူ ပြန်လာမယ် ဆိုကတည်းက ကျုပ် ဂျိုးဆက်ကို မသင်္ကာ ဖြစ်နေတာ၊ ဒီတော့ ကျုပ် တွက်တာက ဂျိုးဆက်ဟာ ခင်ဗျားကို နိုင်ငံခြားရေးရုံးမှာ ဝင်ခေါ်မယ်၊ လမ်းကလည်း ကြုံနေတာကိုး၊ ပြီးတော့ ခင်ဗျား အခန်းထဲကို လူတစ်ယောက် တိတ်တိတ် ဝင်ဖို့ ကြိုးစားတယ် ဆိုတာကို ကြားရတာက တစ်ချက်၊ ဒီအခန်းဟာ ခင်ဗျား လူမမာ အခန်း အဖြစ် မလုပ်ခင်တုန်းက ဂျိုးဆက် အိပ်ဖို့ ပေးထားတဲ့ အခန်း ဖြစ်တယ် ဆိုတာ တစ်ချက်၊ ဒါတွေကို ထည့်စဉ်းစားလိုက်တဲ့ အခါကျတော့ ကျုပ် သံသယဟာ သံသယ အဖြစ်တွင် မဟုတ်တော့ဘဲ ဧကန္တ ဖြစ်လာပြီဗျ၊ ဒီအခန်းထဲမှာ ဂျိုးဆက် ဝှက်ထားတဲ့ ပစ္စည်း တစ်ခုခု ရှိရမယ် ဆိုတာ ပေါ်လာတယ်၊ အထူးသဖြင့် အဲဒီ အခန်းထဲကို ဝင်ဖို့ ကြိုးစားတာဟာ ခင်ဗျား အနားမှာ လူမမာစောင့် မရှိတဲ့ ပထမဆုံး ညမှာ ဖြစ်တယ် ဆိုတော့ အခန်းထဲကို ဝင်သူဟာ ဒီအိမ်ရဲ့ အခြေအနေကို ကောင်းကောင်း သိသူ ဖြစ်ရမယ်လို့ ကျုပ် တွက်လိုက်တယ်'

'ကြည့်စမ်း ခင်ဗျာ၊ ကျွန်တော့်နယ် အလိုက်တာ၊ ဒီအချက်ကို မမြင်မိဘူး'

'အမှုသွား အမှုလာကို ကျုပ် ခြေရာကောက်လို့ ရတဲ့ အတိုင်း ပြောပြမယ်ဗျ၊ ဂျိုးဆက်ဟာ ခင်ဗျား အလုပ် လုပ်နေတဲ့ နိုင်ငံခြားရေးရုံးက ရုံးခန်းကို ချားလ်လမ်းဘက် တံခါးမကြီးကနေ ဝင်လာခဲ့တယ်ဗျ၊ နိုင်ငံခြားရေးရုံးကို သူ ဝင်ဖူး ထွက်ဖူးတော့ ရုံးပေါ် ရောက်တာနှင့် ခင်ဗျား အခန်းကို တန်းဝင်လာခဲ့တယ်၊ အခန်းထဲ ရောက်တော့ ဘယ်သူ့မှ မတွေ့ဘူး၊ အဲဒီတုန်းက ခင်ဗျားဟာလည်း ကော်ဖီ မှာထားတာ ကြာလို့ အောက်ကို ဆင်းလိုက်သွားတယ်လေ၊ အခန်းထဲမှာ ဘယ်သူ့ကိုမှ မတွေ့တော့ ဂျိုးဆက်က ခေါင်းလောင်းကြိုးကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်ဗျ၊ ခေါင်းလောင်းကြိုးကို ဆွဲလိုက်တုန်းမှာ စားပွဲပေါ်မှာ တင်ထားတဲ့ စာချုပ်ကို ချက်ချင်း မြင်လိုက်တယ်၊ ကြည့်လိုက်တော့ စာချုပ်က နိုင်ငံတော်အတွက် တော်တော်ကလေး အရေးကြီးပြီး တော်တော် အဖိုးတန်တဲ့ စာချုပ် ဖြစ်နေတယ် ဆိုတာ တွေ့ရတယ်၊ ဒီတွင် စိတ်ကူးရပြီး စာချုပ်ကို အိတ်ထဲ ကောက်ထည့်ပြီး ပြန်ဆင်းသွားတာပဲ ခင်ဗျ၊ ခင်ဗျားက အောက်ထပ်ကို ဆင်းလာပြီး ညစောင့်ကို နှိုးနေတုန်းမှာ ခေါင်းလောင်း မြည်လာတယ်၊ ဒီလို မြည်လာတုန်းမှာ ရုတ်တရက် ဘယ်သူမှ အမှတ် မထားလိုက်မိကြဘူး၊ မိနစ် အတော်လေးကြာမှ ခင်ဗျားက ဘယ်က ခေါင်းလောင်းသံလဲလို့ ကောက်မေး မိတယ် မဟုတ်လား၊ အဲဒီ အချိန်ကလေး အတွင်းမှာ သူခိုးဟာ ထွက်ပြေးဖို့ အချိန် ရသွားတယ် ခင်ဗျ။

'ဂျိုးဆက်ဟာ ပထမဆုံး ထွက်တဲ့ ရထားနှင့် ဝိုးကင်းကို ပြန်သွားတယ်။ အိမ် ပြန်ရောက်တော့ ဒီစာချုပ်ကို ပြန်ကြည့်တယ်၊ ပြန်ကြည့်တဲ့ အခါမှာ ဒီစာချုပ်ဟာ တော်တော် အရေးကြီးတဲ့ စာချုပ် ဖြစ်တယ် ဆိုတာ တွေ့ရတော့ လုံခြုံမယ်လို့ ထင်ရတဲ့ နေရာမှာ ဝှက်ထားလိုက်တယ်၊ တစ်ရက် နှစ်ရက်လောက်အတွင်းမှာ ဒီစာချုပ်ကို ပြန်ယူမယ်၊ ပြီးတော့ ပြင်သစ် သံရုံးတို့ သို့မဟုတ် တခြား မြိုးမြိုးမြက်မြက် ရနိုင်မယ့် တစ်နေရာရာကို သူ သွားရောင်းမယ်၊ ဒီတုန်းမှာ ခင်ဗျားက မမျှော်လင့်ဘဲ အိမ်ကို ပြန်ရောက်လာတယ်၊ သူ့ အခန်းကို ခင်ဗျားအတွက် လူမမာ အခန်း လုပ်ပေးလိုက်ရတယ်၊ အဲဒီ အချိန်ကတည်းက အခန်းထဲမှာ ခင်ဗျားနှင့် လူမမာ အစောင့် အင်နီက အမြဲ ရှိနေလေတော့ ဒီ စာချုပ်ကို ယူဖို့ ခက်နေတယ်၊ သူ့ဘက်ကနေ စဉ်းစားကြည့်တော့လည်း ဟုတ်တော့ ဟုတ်တာပေါ့လေ၊ ပူစပ်ပူလောင် ဖြစ်နေတာပေါ့၊ နောက်ဆုံးတော့ သူ့အတွက် အခွင့်အရေး ရသွားတယ်၊ လူမမာစောင့် မရှိတဲ့ ညမှာ ခင်ဗျား အခန်းထဲကို ခိုးဝင်တယ်၊ ခင်ဗျား နိုးလို့ အကြံအစည် မမြောက်ခဲ့ဘူး၊ အဲဒီ ညက ခါတိုင်း ညလို ခင်ဗျား အိပ်ဆေး သောက်ပြီး အိပ်တာ မဟုတ်ဘူး မဟုတ်လား'

'ဟုတ်ကဲ့၊ အဲဒီညက ကျွန်တော် ဆေးမသောက်ပါဘူး'

'ဒီတော့ ကျုပ် စဉ်းစားတာက ဂျိုးဆက်ဟာ ခင်ဗျားကို အိပ်ဆေးသောက်အောင်၊ သောက်ရင်လည်း တော်တော် ပြင်းပြင်း သောက်မိအောင် တစ်နည်းတစ်ဖုံ စီမံလိမ့်မယ်လို့ ကျုပ် တွက်ထားတယ်၊ ခင်ဗျား လုံးလုံး သတိ မရတဲ့ သူ အလုပ် ဖြစ်မှာကိုး၊ ဂျိုးဆက်ဟာ စိတ်ချလက်ချ ပြန်ယူနိုင်အောင် တစ်နည်းတစ်ဖုံတော့ စီမံမှာပဲလို့ ကျုပ် တွက်တယ်၊ ခု ခင်ဗျားက ကျုပ်တို့နှင့် အတူ လန်



ဒန်ကို လိုက်လာတယ် ဆိုတော့ သူ လိုချင်တဲ့ အခွင့်အရေးကို ရသွားပြီလေ၊ ကျုပ်ကတော့ မစ္စ အင်နီကို တစ်နေ့လုံး ဒီအခန်းထဲက ဘယ်ကိုမှ မထွက်ပါနှင့်လို့ မှာပစ်ခဲ့တယ်၊ ကျုပ်တို့ ရန်ကိုတော့ မစိုးရိမ်ရတော့ဘူးပေါ့၊ လန်ဒန်ကို ထွက်သွားကြပြီလို့ သူ ထင်မှာပေါ့၊ သူ့ အဖို့ လမ်းရှင်းပြီ ဆိုတဲ့ သဘောရောက်အောင် လုပ်လိုက်တာပေါ့ဗျာ၊ ဒီလို စီစဉ်ပြီးတော့မှ ခုတွင်က ကျုပ် ပြောတဲ့ အတိုင်း ကျုပ်က ဝိုးကင်းမှာ ချန်နေရစ်ခဲ့ပြီး စောင့်ကြည့်တာပဲ၊ ဒီစာချုပ်ဟာ အခန်းထဲမှာ ရှိနေတယ် ဆိုတာတော့ ကျုပ် သိပြီးပါပြီ၊ သို့သော်လည်း နေရာကို အတိအကျ မသိဘူးဗျ၊ ကြမ်းတွေ လိုက်ခွာပြီး လျှောက်ကြည့်ဖို့ ဆိုတာကလည်း ရှုပ်ပျက်လွန်းလှသဗျာ၊ ဒါကြောင့် ကျုပ်လည်း သက်သာအောင် ဆိုပြီး စာရွက်ကို သူ့ကို အယူ ခိုင်းရတာပေါ့၊ ကဲ မရှင်းတဲ့ အချက်များ ရှိသေးသလား'

'နေစမ်းပါဦးဗျ၊ ပြတင်းပေါက်ကို ဘာဖြစ်လို့ အလောတကြီး ဖွင့်ရတာလဲ၊ တံခါးမကြီးကနေပြီး အခန်းထဲ ဝင်ရင် ဖြစ်နိုင်တာပဲ ဥစ္စာ' ဟု ကျွန်ုပ်က မေးလိုက်၏။

'ပါစီ ဖဲ အိပ်တဲ့ အခန်းကို အိမ်ထဲက သွားချင်ရင် အိပ်ခန်း ခုနစ်ခန်းကို ဖြတ်ပြီးမှ ရောက်မှာဗျ၊ ပြီးတော့ မြက်ခင်းပေါ်ကို ခုန်ထွက်ဖို့ လွယ်တော့ မြက်ခင်းက ဖြတ်လာတာပေါ့ဗျာ၊ ကဲ မရှင်းတာ ရှိသေးသလား'

'ကျွန်တော့်ကို သတ်ဖို့ အစီအစဉ်တွေ တွေ့သေးသလား၊ ဓားမြှောင်ကြီးကို ကြည့်ရတာကတော့ သတ်မလို့ ထင်တာပဲ'



'ကဲ မရှင်းတဲ့ အချက်များ ရှိသေးသလား'



www.burmeseclassic.com

www.burmeseclassic.com

ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလိုက်ပြီး

'ဖြစ်ချင်လည်း ဖြစ်နိုင်တာပေါ့လေ၊ အဲ တစ်ခုတော့ သေချာပေါက် ပြောနိုင်တယ်ဗျ၊ ဂျိုးဆက် ဟယ်ရီဆန် ဆိုတဲ့ လူမှာ သနား ကရုဏာ ဆိုတာမျိုး ရှိခဲ့ရင် အဲဒီ သနား ကရုဏာကို ကျွန်တော် ဘယ်နည်းနှင့်မှ ယုံနိုင်မှာ မဟုတ်ဘူး ခင်ဗျ'

[မူရင်း ဝတ္ထု *The Adventure of The Naval Treaty.* ရှေ့ဒေါင်းစုံထောက် ဦးစံရှား ဝတ္ထုများတွင် 'အစိုးရ စာချုပ် ပျောက်ဆုံးမှု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



## ရှားလော့ဟုမ်း၏ ဇာတ်သိမ်း



ကျွန်ုပ်၏ မိတ်ဆွေကြီး ရှား လော့ ဟုမ်း ကျော်ကြားထင်ရှားရသည့် အကြောင်းရင်းမှာ သူ၏ ထူးခြားသည့် စုံထောက်ဉာဏ်ကြောင့် ဖြစ်လာရာ ယခုမူ ကျွန်ုပ်သည် ထိုစုံထောက်ဉာဏ်နှင့် ပတ်သက်၍ နောက်ဆုံး အနေနှင့် မှတ်တမ်းတင် ရေးသားခြင်း ပြုရတော့မည် ဖြစ်သည့် အတွက် ရင်လေးလေးဖြင့်ပင် ကလောင်တံကို ကောက်ကိုင်လိုက်ရခြင်း ဖြစ်ပါသည်။ ခရမ်းရောင် အမှု ဖြစ်ပွားချိန် ကာလမှ စ၍ ရေကြောင်းဘက် ဆိုင်ရာ စာချုပ် ပျောက်ဆုံးမှုတွင် ရှားလော့ဟုမ်း ဝင်ရောက်စွက်ဖက် ထောက်လှမ်းပေးခဲ့သည့် အချိန်ထိ (ထိုသို့ ဝင်ရောက်စွက်ဖက် ထောက်လှမ်းပေးခဲ့ခြင်းကြောင့် နိုင်ငံချင်းချင်း ဆက်ဆံရေး ပျက်ပြားမည့် အရေးမှ ထိရောက်စွာ ကာကွယ် တားဆီးနိုင်ခဲ့ပုံကိုမူ ကျွန်ုပ် အထူး ပြောဖွယ် လိုမည် မထင်တော့ပါ။) ရှားလော့ဟုမ်းနှင့် အတူ လိုက်ပါခဲ့စဉ် တွေ့ခဲ့ရသော ထူးဆန်းသည့် အတွေ့အကြုံများကို ထုံ့ပိုင်း ထုံ့ပိုင်း တင်ပြရန် ကြိုးစားခဲ့ရာ၌ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်ုပ် တင်ပြပုံမှာ ဖြစ်ကတတ်ဆန်း နိုင်လှသည်ဟု ပင် ထင်မိပါသေးသည်။ ကျွန်ုပ်သည် ထိုအမှု အကြောင်း မှတ်တမ်းတင်ပြီးနောက် ရပ်ပစ်လိုက်ရန် စိတ်ကူး ထားခဲ့ပါသည်။ ယခု အဖြစ်အပျက် ဖြစ်ပွားပြီးသည့် နောက်၌ ကျွန်ုပ်၏ ဘဝတွင် ကွက်လပ်ကြီး ဖြစ်ကျန်ရစ်ခဲ့ကာ ကွက်လပ်ကို ဖြည့်ရန် အတွက် ထိုနှစ်နှစ် အတွင်းတွင် ဘာကိုမျှ မည်မည်ရရ လုပ်ကိုင်ခဲ့ခြင်း မရှိပါ။ သို့ရာတွင် ဗိုလ်မှူးကြီး ဂျိမ်း မော်ရီယာတီ၏ စာထဲတွင် ကွယ်လွန်သူ ၎င်း၏ အစ်ကိုဘက်မှ ကာကွယ် ရေးသားထားသည်ကို တွေ့ရသည့်အခါ၌



www.burmeseclassic.com

www.burmeseclassic.com










အများပြည်သူ သိသာနိုင်ရန် ထိုအဖြစ်အပျက်ကို အရင်းတိုင်း ဖောက်သည်ချဖို့ လိုအပ်သည်ဟု ယူဆသည့် အတွက် ယခု မှတ်တမ်းကို ရေးလိုက်ခြင်း ဖြစ်ပါသည်။ ထိုအဖြစ်အပျက် အကြောင်းရင်း အမှန်ကို သိသူမှာ ကျွန်ုပ် တစ်ယောက်တည်းသာရှိသည့် အတွက် ဤအဖြစ်အပျက်ကို ဖုံးကွယ်ထားခြင်းဖြင့် အကျိုးမရှိဟု ယူဆပါသည်။ ကျွန်ုပ် သိသလောက် ဆိုလျှင် ဤ အဖြစ်အပျက်နှင့် ပတ်သက်၍ သတင်းစာများထဲတွင် သတင်း သုံးပုဒ်သာ ပါဖူးပါသေးသည်။ ယင်းတို့မှာ ၁၈၇၁ ခုနှစ် မေလ ၆ ရက်နေ့ထုတ် ဂျီနီဗာ ဂျေဇက် သတင်းစာ၊ မေလ ၇ ရက်နေ့ထုတ် အင်္ဂလိပ် သတင်းစာများထဲတွင် ဖော်ပြပြီး ဖြစ်သည့် ရိုက်တာ ကြေးနန်း သတင်းနှင့် အယ်ဒီတာထံ ပေးစာ အဖြစ် ဖော်ပြထားသည်ဆိုခဲ့သော ဗိုလ်မှူးကြီး မော်ရီယာတီ၏ စာတို့ ဖြစ်ကြပါသည်။ ၎င်းတို့အနက် ပထမ ဖော်ပြခဲ့သည့် သတင်း နှစ်ပုဒ်မှာ အကျဉ်းမျှသာ ဖြစ်လျက် ပေးစာတွင် ဖော်ပြထားသည်တို့မှာမူ (အောက်တွင် ကျွန်ုပ် ရေးပြမည့် အတိုင်း) အချက်အလက်များကို ကပြောင်းကပြန် ရေးသားထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပါမောက္ခ မော်ရီယာတီနှင့် ရှားလော့ဟုမ်းတို့ မည်သို့ မည်ပုံ ဖြစ်ပွားခဲ့ကြပုံကို ပြောပြရန်မှာ ကျွန်ုပ်၏ တာဝန် ဖြစ်လာပါတော့သည်။

ကျွန်ုပ် အိမ်ထောင် ကျပြီးနောက် ဆေးကုသသည့် အလုပ်ကို ပြန်လည်လုပ်ကိုင်နေသည့် ကာလများ အတွင်း၌ ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့ အနေဝေးသွားကြသည်ကို မှတ်မိကောင်း မှတ်မိကြလိမ့်ဦးမည် ထင်ပါသည်။ ရှားလော့ဟုမ်းသည် အမှု စုံစမ်းစရာ ရှိ၍ အပေါင်းအဖော် လိုလျှင် ကျွန်ုပ်ထံသို့ ရံဖန်ရံခါ လာမြဲ ဖြစ်သည့်တိုင် အလာ ကျဲသည်ထက် ကျဲသွားပြီး ၁၈၉၀ ခုနှစ် တစ်နှစ်လုံးတွင် ဆိုလျှင် ကျွန်ုပ်သည် အမှု သုံးမှုကိုသာ မှတ်တမ်းတင်နိုင်ခဲ့ပေ၏။ ထိုနှစ် ဆောင်းရာသီနှင့် ၁၈၉၁ ခု နွေဦးပေါက်တွင်မူ အလွန် အရေးကြီးသည့် အမှု တစ်မှုကို စုံစမ်းရန် အတွက် ရှားလော့ဟုမ်းအား ပြင်သစ် အစိုးရက ငှားရမ်းကြောင်းကို သတင်းစာများတွင် တွေ့လိုက်ရပြီးနောက် နာဘွန်းနှင့် နင်းမြို့များမှ ရေးလိုက်သည့် စာ နှစ်စောင်ကို ရရှိသည့် အတွက် ပြင်သစ်ပြည်တွင် အတန်ကြာမျှ နေရလိမ့်ဦးမည်ဟု ကျွန်ုပ် ယူဆလိုက်မိလေ၏။

ထို့ကြောင့် ဧပြီလ ၂၄ ရက်နေ့ ညနေပိုင်းတွင် ကျွန်ုပ်၏ ဆေးခန်းသို့ သူ ပေါက်လာသည်ကို မြင်ရသည့် အခါ၌ ကျွန်ုပ်မှာ အံ့အားသင့်လျက် ရှိလေ၏။ ရှားလော့ဟုမ်းကို ကြည့်ရသည်မှာ ခါတိုင်းထက် ပိန်ချုံးကာ ဖြူဖပ်ဖြူရော် ဖြစ်လျက် ရှိခြင်းကို ကျွန်ုပ် သတိပြုလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က မည်သို့မျှ ပြောဆိုခြင်း မပြုရသေးမီ ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ အကြည့်ကို သဘောပေါက်သွားကာ အဖြေ ပေးသည့် အနေဖြင့်

'ဟုတ်တယ်ဗျ၊ ခုတစ်လောမှာ ကျုပ် ပစ်စလက်ခတ် နေပစ်လိုက်တာ တော်တော်လေးလည်း စိတ်ရှုပ်နေတယ် ဆိုပါစို့၊ ခင်ဗျား ပြတင်းပေါက်တွေကို ပိတ်လိုက်ချင်တယ်ဗျာ၊ ဘယ့်နှယ်လဲ'

အခန်းထဲတွင် အလင်းရောင် ဆို၍ ကျွန်ုပ် စာဖတ်နေသည့် စားပွဲပေါ်တွင် တင်ထားသည့် မီးအိမ်မှ မီးရောင်ကလေးသာလျှင် ကျန်တော့သည်။ ရှားလော့ဟုမ်းသည် ကုလားထိုင်များကို ကွေ့ပတ် လျှောက်သွားပြီးနောက် ပြတင်းပေါက်များကို ဆွဲပိတ်လိုက်ကာ သေချာစွာ မင်းတုပ် ထိုးလိုက်လေ၏။

'ခင်ဗျားကို ကြည့်ရတာ တစ်ခုခုကို ကြောက်နေသလိုပဲ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ဟုတ်တယ်ဗျ'

'ဘာကို ကြောက်နေတာလဲ'

'လေသေနတ်'

'ဗျာ၊ ဘာပြောတယ်ဗျ'

'ကျုပ်ဟာ တော်တော် စိတ်နိုင်တဲ့ လူတစ်ယောက် ဆိုတာ ခင်ဗျား သိပါတယ် ဝပ်ဆင်၊ ပြီးတော့ ကိုယ့် အပေါ်ကို ကျမယ့် အန္တရာယ်ကိုလည်း သိပ်မှုတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ သတ္တိ ကောင်းလှလို့တော့ မဟုတ်ဘူး ပေါ့ဗျာ၊ မိုက်မဲတာ သက်သက်ပါ၊ ကဲ မီးခြစ်ကလေး တစ်ဆိတ်လောက် လှမ်းလိုက်စမ်းပါဗျာ'

ရှားလော့ဟုမ်းသည် သူ့စိတ်ကို တည်ငြိမ်သွားအောင် ကြိုးစားသည့်နှယ် စီးကရက်ကို အားရပါးရ ဖွာလျက် ရှိလေ၏။

'အချိန်မတော်ကြီး ရောက်လာလို့ ခွင့်လွှတ်ဗျာ၊ ပြီးတော့ ခင်ဗျား အိမ်နောက်ဖေး အုတ်တံတိုင်းက ကျော်ပြီး ပြန်ထွက်သွားချင်တယ်၊ ခွင့်လွှတ်ပေတော့'

'နေစမ်းပါဦးဗျ၊ ဘယ်လိုများ ဖြစ်လာတာလဲ' ဟု ကျွန်ုပ်က မေးလိုက်၏။

ရှားလော့ဟုမ်းက သူ့ လက်နှစ်ဖက်ကို ဆန့်ပြလိုက်လေ၏။ လက်ကောက်ဝတ် နှစ်ဖက်စလုံးတွင် ပေါက်ပြဲကာ သွေးတွေ ထွက်နေသည်ကို မီးရောင်တွင် မြင်ရလေ၏။

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်





'ပေါ့သေးသေးတော့ မအောက်မေ့နှင့်ဗျ၊ အဆင် မသင့်ရင် လက် နှစ်ဖက် သွင်သွင် ကျိုးသွားနိုင်တယ်၊ ဒါထက် နေစမ်းပါဦး၊ မစ္စက် ဝပ်ဆင်ကော အိမ်မှာ ရှိသလား'

'မရှိဘူးဗျ၊ ဆွေမျိုးများဆီ အလည် သွားနေတယ်'

'ဒါဖြင့် ခင်ဗျား တစ်ယောက်တည်းပေါ့'

'ဟုတ်တယ်'

'ဟန်ကျလိုက်လေဗျာ၊ ကျုပ်နှင့် တစ်ပတ်လောက် ဥရောပကို လိုက်ခဲ့ပါလား'

'ဘယ်ကိုလဲ'

'တစ်နေရာရာကိုပေါ့ဗျာ၊ ကျုပ် အဖို့တော့ ဘယ်သွားရ သွားရ အတူတူပါပဲ'

ရှားလော့ဟုမ်း၏ အမူအရာနှင့် အပြောအဆိုမှာ ထူးလှချည်ဟု ကျွန်ုပ် စိတ်တွင် အောက်မေ့မိလေ၏။ ရှားလော့ဟုမ်းသည် ရည်ရွယ်ချက် မရှိဘဲ ခရီးထွက်လေ့ မရှိချေ။ ဖျော့တော့ ချုံးကျနေသည့် သူ့ မျက်နှာကို ကြည့်ခြင်းအားဖြင့် ရှားလော့ဟုမ်းမှာ အတော် စိတ်လှုပ်ရှားလျက် ရှိကြောင်းကို သိနိုင်ပေ၏။ မေးခွန်း ထုတ်လျက် ရှိသော ကျွန်ုပ်၏ မျက်လုံးများကို မြင်သည့်အခါတွင် ရှားလော့ဟုမ်းသည် တံတောင်ဆစ်ကို ဒူးပေါ်သို့ တင်လိုက်ကာ လက်ဖျားချင်း တော့ဆိုင်လိုက်ပြီး နောက် အခြေအနေကို ရှင်းပြလျက် ရှိလေ၏။



'ပေါ့သေးသေးတော့ မအောက်မေ့နှင့်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ပါမောက္ခ မော်ရီယာတီ ဆိုတဲ့ လူအကြောင်းကို ခင်ဗျား တစ်ခါမှ မကြားဖူးဘူး ထင်တယ် ဟုတ်စ'

'ဟင့်အင်း မကြားဖူးဘူးဗျ'

'ယုတ်မာ ပက်စက်တဲ့ နေရာမှာတော့ အံ့သြလောက်အောင် ပါရမီရှိ တဲ့ လူပါပဲဗျာ၊ ဒီလူဟာ လန်ဒန်မြို့ကြီး တစ်မြို့လုံးကို ခါးစောင်း တင်ထားပေ မဲ့ သူ့ အကြောင်းကို ဘယ်သူမှ ကောင်းကောင်း မသိကြဘူးဗျ၊ ဒါကြောင့် ဒီလူ ဟာ ရာဇဝတ်မှုတွေကို ကျူးလွန်တဲ့ နေရာမှာ ဘုရင် တစ်ဆူ ဖြစ်နေတာ၊ အဟုတ် ပြောတာ၊ ဒီလူကိုသာ အနိုင်ရခဲ့ရင် လူတွေကိုသာ ဒီလူလက်က ကယ်နိုင်ခဲ့ရင် ကျုပ် သေပျော်ပါပြီဗျာ၊ ဒီလူကို နိုင်ရင် ကျုပ် စုံထောက် ဘဝမှာ အထွတ်အထိပ် ရောက်ပြီလို့ ကျုပ် ယူဆလိုက်တော့မယ်၊ သူ့ကို နှိမ်နင်းနိုင်ပြီ ဆိုရင် ကျုပ် အေး နပ်ပြီ၊ စုံထောက် မလုပ်တော့ဘူး၊ တခြား အလုပ် တစ်ခုခုကို လုပ်ပြီး အေး အေးဆေးဆေးပဲ နေတော့မယ်၊ ကိုယ့် အချင်းချင်းမို့ ပြောရရင် ကျုပ် မကြာခင် က လိုက်ခဲ့တဲ့ စကင်ဒီနေးဗီးယားက ဆွေတော် မျိုးတော်တွေ အမှုရယ်၊ ပြင်သစ် အစိုးရက ငှားတဲ့ အမှုရယ်၊ ဒီအမှု နှစ်ခုက ရတဲ့ ငွေနှင့် အေးအေး ထိုင်စားပြီး ကိုယ် ဝါသနာ ပါတဲ့ ဓာတုဗေဒ စမ်းသပ်မှုကလေးတွေကို လုပ်နေလို့ ရပါ တယ်၊ ဒါပေမဲ့ ကျုပ် အေးအေး ထိုင်မနေနိုင်သေးဘူး ဝပ်ဆင်၊ ပါမောက္ခ မော်ရီ ယာတီလို လူမျိုး တစ်ယောက် လန်ဒန်မြို့ကြီးကို ခါးစောင်း တင်ပြီး ဗိုလ်ကျနေ သမျှ ကာလပတ်လုံး ကျုပ် ကုလားထိုင်ပေါ်မှာ ငြိမ်နေဖို့ကို မနေနိုင်သေးဘူး သိလား'

'နို့ နေစမ်းပါဦး၊ သူက ဘာတွေများ လုပ်ခဲ့လို့လဲ'

'ဒီ ငနဲကြီး ဘဝက တော်တော် ဆန်းကြယ်တယ်ဗျ၊ ဆွေကြီး မျိုးကြီး ဆင်းသက်လာပြီး ပညာလည်း ကောင်းကောင်း တတ်တယ်၊ သင်္ချာတို့ ဘာတို့ ကျတော့လည်း အလွန် တော်တယ်၊ အသက် နှစ်ဆယ်လောက်မှာတွင် အဲဒီ တုန်းက ဥရောပမှာ ခေတ်စားခဲ့တဲ့ ဘိုင်နိုမီယယ် စိန္တိက ကထာနှင့် ပတ်သက်လို့ စာတမ်း တစ်စောင် ရေးခဲ့ဖူးတယ်၊ ဒီစာတမ်းကို အကြောင်းပြုပြီး ကျုပ်တို့ နိုင်ငံ တက္ကသိုလ်လေး တစ်ခုမှာ သင်္ချာ ပါမောက္ခ ရာထူးကို ရခဲ့တယ်ဗျ၊ ဒီ အတိုင်းသာ ရိုးရိုးသားသား မှန်မှန်ကန်ကန် လုပ်သွားရင် ရှေ့မှာ တော်တော် ကြီးပွားစရာ အကြောင်း ရှိတယ်၊ ဒါပေမဲ့ လူကြီးက ဗီဇကိုက တော်တော် စိတ်ထား ယုတ်တဲ့ လူကြီး၊ သွေးထဲမှာကို ရာဇဝတ်မှု ကျူးလွန်ချင်တဲ့သွေး ပါလာပုံ ရတယ်၊ ဒီသွေးကို မပျောက်နိုင်တဲ့ အပြင် တစ်စ တစ်စနှင့် ဒီသွေးဟာ



ဆူသထက် ဆူလာတယ်၊ ဒီအထဲမှာ ငနဲကြီး စိတ်ဓာတ်ကလည်း ကြံ့ခိုင်သေးတော့ ပိုပြီး ကြောက်စရာ ကောင်းတာပေါ့၊ သူ အလုပ် လုပ်တဲ့ တက္ကသိုလ် မြို့ကလေး တစ်ဝိုက်မှာ ဆိုရင် သူ့ အကြောင်း ကြားရတာ နားတောင် မဆံ့ဘူး၊ နောက်ဆုံး တော့ သင်္ချာ ပါမောက္ခ ရာထူးက နုတ်ထွက် လိုက်ရပြီး လန်ဒန်ကို ရောက်လာ တာပဲ၊ လန်ဒန် ရောက်ပြီးတော့ စစ်သင်တန်း နည်းပြဆရာ လုပ်နေတယ်ဗျ၊ ဒါကတော့ သူနှင့် ပတ်သက်လို့ အပြင်ပန်းက သိထားကြတာ၊ ဒါပေမဲ့ ခု ကျုပ် ပြောပြမယ့် အကြောင်းတွေကတော့ ဘယ်သူမှ မသိသေးဘဲ ကျုပ် ကိုယ်တိုင် တွေ့ခဲ့တဲ့ အကြောင်းတွေဗျ။

'ခင်ဗျား သိတဲ့ အတိုင်း လန်ဒန်က အထက်တန်းလွှာ လူဆိုး လောက အကြောင်းကို ကျုပ်လောက် သိတဲ့လူ ဘယ်သူမှ မရှိဘူး၊ လန်ဒန်မြို့မှာ ကျူး လွန်ခဲ့တဲ့ ရာဇဝတ်မှုကြီးတွေရဲ့ နောက်ကွယ်မှာ တရားဥပဒေက အရေး မယူနိုင် အောင် ကာကွယ် ပေးထားတဲ့ အင်မတန် သြဇာကြီးတဲ့ အကာအကွယ် တစ်ခု ရှိတယ်၊ ရာဇဝတ်မှု ကျူးလွန်သူတွေကို နောက်က တစ်ယောက်ယောက်က ကြိုးကိုင်ပေးနေတယ် ဆိုတာ ကျုပ်ဘာသာ အလိုလို သဘောပေါက် နားလည် နေတာ တော်တော်လေးကို ကြာပြီ၊ လန်ဒန်မှာ ကျူးလွန်ခဲ့တဲ့ လိမ်လည်မှုတွေ လူသတ်မှုတွေရဲ့ နောက်ကွယ်မှာ တစ်ယောက်ယောက် ရှိမယ်လို့ ကျုပ် ထင်တယ်၊ ကျုပ် မလိုက်ဖြစ်လို့ အစ ဖော်မရဘဲ အဆုံးသတ် သွားရတဲ့ ရာဇဝတ်မှုတွေ နောက်မှာ တစ်ယောက်ယောက် ရှိနေရမယ် ဆိုတာ ကျုပ် အလိုလို သိနေတယ်၊ ဒါကြောင့် ဒီရာဇဝတ်မှုတွေကို ကာပေးထားတဲ့ ကန့်လန့်ကာကြီးကို ဆုတ်ဖြဲ ပစ်ဖို့ ကြိုးစားခဲ့တာ တော်တော် ကြာပြီဗျ၊ အဲဒီ ကြိုးစကို ဖမ်းမိပြီး အဲဒီ အတိုင်း လိုက်သွားလိုက်တာ နောက်ဆုံးတော့ အကွေ့အကောက်တွေ အားလုံးကို ဖြတ် သန်းပြီး သင်္ချာ ပါမောက္ခဟောင်း မော်ရီယာတီဆီကို ရောက်သွားတယ် ဆိုပါ တော့ဗျာ။

'ဝပ်ဆင်ရေ၊ ဒီလူက နယ်နယ်လူ မဟုတ်ဘူးဗျို့၊ ရာဇဝတ်မှုတွေရဲ့ ဘုရင်၊ လန်ဒန်မြို့ကြီးပေါ်မှာ ဖြစ်ခဲ့တဲ့ ဆိုးပေ့ ဆိုတဲ့ ရာဇဝတ်မှု တစ်ဝက်လောက် နှင့် အစ ရှာမရတဲ့ ရာဇဝတ်မှုတွေ အားလုံးလောက်ဟာ သူ့ လက်ချက်ချည်းပဲ၊ ခင်ဗျား စဉ်းစားကြည့်လေ၊ လူက ဉာဏ်သွားတယ်ဗျာ၊ အတွေးအခေါ် ရှိတယ်ဗျာ၊ အမြင် ရှိတယ်ဗျာ၊ ဦးနှောက်ကလည်း ကောင်းလိုက်တဲ့ ဦးနှောက်၊ ပထမတန်းစား ဦး နှောက်၊ ပင့်ကူအိမ်ကြီး အလယ်ကောင်မှာ ရှိနေတဲ့ ပင့်ကူကြီး တစ်ကောင်လို ရာဇဝတ်မှုတွေရဲ့ ဗဟိုမှာ ထိုင်ပြီး ကြိုးကိုင်နေတာဗျ၊ သူ့ ပင့်ကူအိမ်ကြီးက ရက်



www.burmeseclassic.com

www.burmeseclassic.com

ထားလိုက်တဲ့ အမျှင်တွေကလည်း မနည်းဘူး၊ ဘယ်ကြိုးက လှုပ်လိုက်တယ် ဆိုတာကိုလည်း ချက်ခနဲ သိတယ်၊ သူကိုယ်တိုင်တော့ ကိုယ်ထိလက်ရောက် ဘာမှ မလုပ်ဘူးပေါ့ဗျာ၊ စီမံခန့်ခွဲရုံလောက်ပဲ လုပ်တာပေါ့၊ ဒါပေမဲ့ သူ့မှာ တပည့် တွေကလည်း များ၊ စနစ်လည်း ကျတော့ ကြောက်စရာ ကောင်းတာပေါ့၊ ရာ ဇဝတ်မှု တစ်ခုကို ကျူးလွန်ချင်သလား၊ စာချုပ် တစ်ခုကို ခိုးချင်သလား၊ အိမ် တစ်အိမ်ကို ဝင်မွှေချင်သလား၊ ဒါမှမဟုတ် လူတစ်ယောက်ကို အပျောက် ရှင်း ချင်သလား၊ နေ့ကြီးကိုသာ ပြောလိုက်၊ ချက်ချင်း ကိစ္စပြတ်တာပဲ၊ တရားခံ မိချင် မိမယ်၊ မိပေမဲ့ ဘာအရေးလဲဗျ၊ တရားခံကို ပိုက်ဆံနှင့် ရွေးထုတ်တယ်၊ ဒါပေမဲ့ တရားခံ နောက်ကွယ်က ဂိုဏ်း ခေါင်းဆောင်ကိုတော့ ဘယ်တော့မှ မမိဘူး၊ ခင်း ရုံတွင် မဟုတ်ဘူး၊ သံသယတောင် အဖြစ်မခံရဘူး၊ ဒါ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ အဖွဲ့အစည်းက သိပ် ကျစ်လျစ်လွန်းလို့ဗျ၊ ခု ကျုပ် ဒီဂိုဏ်းကို ဖော်ထုတ် ပြီး ဖြိုခွဲဖို့ အင်တိုက်အားတိုက် လုပ်နေတယ်။

'ဒါပေမဲ့ နေ့ကြီးဟာ သိပ်ပါးတဲ့ လူကြီးဗျ၊ သူ့မှာ အကာအကွယ် အစောင့် အရှောက်တွေကို လုပ်ထားလိုက်တာ နည်းတာတွေ မဟုတ်ဘူး၊ ထိုးဖောက်လို့ မရနိုင်ဘူး၊ ကျုပ် ဘယ်လောက်ပဲ ကြိုးစား ကြိုးစား သူ့ကို တရားရုံးမှာ တင်ဖို့ သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံ ရှာလို့ မရဘဲ ဖြစ်နေတယ်၊ ကျုပ် အစွမ်းအစကို ခင်ဗျား သိပါတယ် ဝပ်ဆင်၊ ကျုပ် ဒီနေ့ကြီးကို အမိ ဖမ်းဖို့ လပေါင်း များစွာ ကြိုးစားခဲ့တာ အဆုံးကျတော့ ကျုပ်နှင့် ဉာဏ်ရည်ချင်း တူတဲ့ လူတစ်ယောက်နှင့် ယှဉ်ပြိုင်နေရပါကလား ဆိုတာ ရှင်းရှင်း ဝန်ခံရတော့မှာပဲ ကျုပ်ဖြင့် သူ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ စက်ဆုပ်စရာကောင်းတာကို မေ့ပြီး သူ ကျွမ်းကျင်ပုံကို တအံ့တသြတောင် ဖြစ်နေမိတယ်ဗျ၊ သို့သော်လည်း နောက်ဆုံး ကျတော့ နေ့ကြီးဟာ ခရီးကလေး တစ်ခု ထွက်သွားတယ်ဗျ၊ သိပ်မဝေးပါဘူး တကယ့် ခရီး တိုတိုကလေးပါ၊ ဒါပေမဲ့ ဒီခရီးတိုကလေးကိုပဲ သွားလို့ မရဘဲ ဖြစ်နေတယ်လေ၊ ကျုပ်က သူ့ နောက် လိုက်နေပြီကိုး၊ အဲဒီ အချိန်က စပြီး ကျုပ်က ကျုပ် ပိုက်ကွန်ကို ကျုပ် ရက်ပြီး ဆွဲလာလိုက်တာ ခုတော့ နေ့ကြီး မိသလောက် ရှိနေပြီဗျ၊ ဆွဲတင်လိုက်ဖို့ပဲ ကျန်တော့တယ်၊ နောက်သုံးရက် တနင်္လာနေ့လောက် ကျရင် ပိုက်ကို ဆွဲတင်လိုက်တော့မယ်၊ ပါမောက္ခကြီးနှင့် သူ့ ဂိုဏ်းခေါင်းဆောင်တွေ အားလုံး ပုလိပ် လက်ထဲ ကွိခနဲ ရောက်တော့မှာ အဲဒီအချိန်ကျရင် ဒီရာစုနှစ်မှာ အကြီးဆုံး ဆိုတဲ့ ရာဇဝတ်မှုကြီးကို ခင်ဗျားတို့ တွေ့ကြရတော့မှာပ၊ ဒီနေ့ကြီးကို ရုံးတင်လိုက်ရင် အစ မပေါ်တဲ့ အမှုပေါင်း





လေးဆယ်ကျော်လောက်လည်း အစ ပေါ်လာတော့မယ်၊ သို့သော်လည်း ကျုပ် ဘက်က လောမကြီးဖို့ လိုတယ်၊ လောကြီးလိုက်ရင် နောက်ဆုံး အချိန်ကျမှ အား လုံး လွတ်ထွက်သွားနိုင်တယ်။

'ခု ဒီတစ်ချက်ကလေးပဲ ကျန်တော့တယ်၊ ဒါကို နေ့ကြီး မသိအောင် လုပ်နိုင်ရင် အားလုံး ချောချောမောမောပဲ၊ ဒါပေမဲ့ ခက်တာက နေ့ကြီးကလည်း ပါးလိုက်တာမှ လှစ်နေတာပဲဗျို့၊ သူကလည်း ကျုပ် ခြေလှမ်းကို မြင်နေတယ်၊ ကျုပ်က သူ့ကို ပတ်ဖို့ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း သူက သိနေတယ်၊ ကျုပ်က တစ်ပတ် ပတ်လိုက်တိုင်း သူကလည်း ရုန်းထွက်တယ်၊ ဒါပေမဲ့ ဘယ် ရမလဲဗျာ၊ ကျုပ်က ရှေ့ရောက်တာပေါ့၊ ဒီမှာ ဆရာကြီး ခင်ဗျား မှတ်ထား၊ ကျုပ်နှင့် သူနှင့် ကျိတ်ပြီး ပညာ ပြိုင်ကြတဲ့ အကြောင်းကို ရေး နိုင်ရင် စုံထောက် ရာဇဝင်မှာ သူနိုင် ငါနိုင် ဉာဏ် ကစားကြတာနှင့် ပတ်သက်လို့ ဖတ်လို့ အကောင်းဆုံး စာတစ်ပုဒ် ဖြစ်မှာ သေချာတယ်၊ သောက်ကျိုးနည်းဗျာ၊ ကျုပ် တစ်သက်မှာ ဒီ လူကြီးကို လိုက်ရတာလောက် တစ်ခါမှ မပင် ပန်းဖူးဘူး၊ ကျုပ် သိက္ခာဟာလည်း ဒီလောက် တစ်ခါမှ မတက်ခဲ့ဖူးဘူး၊ သူက ကျုပ်ကို ခုတ် လိုက်၊ ကျုပ်က ရှောင်ပြီး သူ့ကို ခုတ်လိုက်၊ ဒီနေ့ မနက်ကတော့ ကျုပ် လုပ်စရာ ရှိတာက လေးတွေ အားလုံး လုပ်ပြီးသွားပြီဗျ၊ ကိစ္စ ပြတ် ဖို့ သုံးရက်ပဲ လိုတော့တယ်၊ ကျုပ်လည်း အိမ်မှာ ဒူးကလေး နှံ့ထိုင်ရင်း ကျုပ် အကွက်တွေကို ကျုပ် ပြန်တွေး နေတာပေါ့ဗျာ၊ ဒါပေမဲ့ ဘာ ဖြစ်တယ် ထင်သလဲ၊ ဟင် သိလား၊ ကျုပ် ဒီ အတိုင်း ထိုင်နေတုန်း တံခါး ပွင့်လာပြီး နေ့ကြီး ကျုပ်ရှေ့မှာ မားမားကြီး ရပ်နေတယ်ဗျာ။

'ကျုပ်ဟာ တော်တော်တန်တန်ကို တုန် လှုပ်ခြင်း မရှိဘူး ဆိုတာ ခင်ဗျား သိပါတယ် ဝပ်ဆင်၊ ဒါပေမဲ့ ကျုပ် ခေါင်းထဲမှာ အမြဲ ဝင်ပြီး



'နေ့ကြီး
ကျုပ်ရှေ့မှာ မားမားကြီး
ရပ်နေတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



အလုပ် ပေးနေတဲ့ လူတစ်ယောက် ကျုပ် အိပ်ခန်း တံခါးဝမှာ မားမားကြီး ရပ်နေတာကို မြင်လိုက်ရတော့ လူကို ဘယ့်နှယ် ဖြစ်သွားမှန်း မသိဘူးဗျို့၊ သူ့ကို ကျုပ် မြင်ဖူးနေတာ ကြာပါပြီ၊ လူက အရပ် တော်တော်ကြီး မြင့်တယ်ဗျ၊ အရပ်မြင့်သလောက် ပိန်လိုက်တာကလည်း အလွန်ပဲ၊ ဆံပင် ဖြူဖြူကြီးတွေ အောက်က နဖူးကျယ်ကြီးကလည်း ခုံးခုံးကြီး၊ မျက်လုံးကြီးတွေကတော့ ခေါင်းခွံထဲ ခွက်ပြီး ဝင်နေတဲ့ အတိုင်းပဲ၊ မုတ်ဆိတ်တွေကို ရိတ်ထားလိုက်တာကလည်း ပြောင်လို့၊ အသားကလည်း ဖြူဖပ်ဖြူရော်နှင့်၊ ရုတ်တရက် ကြည့်လိုက်ရင် အစားမစားဘဲ ရက်ဖွေါင်း များစွာ ကမ္မဋ္ဌာန်း ထိုင်နေရာက ထလာသလား အောက်မေ့ရတယ်၊ ရုပ်ကတော့ တကယ့် ပါမောက္ခကြီး တစ်ယောက်နှင့် တူပါပေတယ်၊ သင်္ချာတွေကို တကုန်းကုန်းနှင့် တွက်ခဲ့ရလို့ ထင်ပါရဲ့၊ ပခုံးကြီးက ကိုင်းလို့ဗျ၊ မျက်နှာကြီးက ရှေ့မော့လို့၊ မြွေကြီး တစ်ကောင်ရဲ့ ခေါင်းလို အငြိမ် မနေဘူး ဟိုဘက် စောင်းလိုက် ဒီဘက် စောင်းလိုက်နှင့် လှုပ်နေတာပဲ၊ ကျုပ်ကို မြင်တော့ မျက်မှောင်ကြီး ကုတ်ပြီး သေသေချာချာ ကြည့်နေတယ်ဗျ၊ ပြီးတော့မှ သူက

' "ကိုရင့် ကြည့်ရတာ ကျုပ် မျှော်လင့်ထားသလို မဟုတ်ဘူးဗျ၊ ထိပ်တိုက် မတွေ့အောင် တော်တော် ရှောင်တယ်၊ အင်္ကျီအိတ်ထဲ လက်ထည့်ပြီး သေနတ် ကိုင်ထားတာကတော့ မကောင်းပါဘူးဗျား၊ အင်မတန် အန္တရာယ် များလှတယ်၊ မတော် ကိုယ့်ကိုယ်ကိုယ် ပြန်မှန်နေရင် ဘယ့်နှယ် လုပ်မလဲ"

'ဟုတ်တော့ ဟုတ်တယ်ဗျ၊ သူ ပြောရင်လည်း ပြောစရာပေပဲ၊ သူ ဝင်လာတာလည်း မြင်လိုက်ရော ကျုပ်အဖို့ အသက် အန္တရာယ်ကို စိုးရိမ်စရာ ရှိတယ် ဆိုတာ ချက်ချင်း သဘော ပေါက်လိုက်တယ်လေ၊ သူ့ အဖို့ ကျုပ် ဖမ်းထားတဲ့ ပိုက်ကွန်က လွတ်ချင်ရင် ကျုပ် ပါးစပ်ကို အပြီးအပိုင် ပိတ်လိုက်တဲ့ နည်းတစ်နည်းပဲ ရှိတော့တယ် မဟုတ်လား၊ ဒီတော့ ကျုပ်လည်း အံဆွဲထဲက သေနတ်ကို ကောက်ယူပြီး အိတ်ထဲ ထည့်ထားလိုက်တယ်၊ အိတ်ထဲကို လက်နှိုက်ပြီး သူ့ကို ချိန်ထားလိုက်တယ်၊ သူကလည်း ဒီလို ပြောလိုက်ရော ကျုပ်က သေနတ်ကို အိတ်ထဲက ဆွဲထုတ်ပြီး စားပွဲပေါ်ကို ကျည်ထိုးလျက်သား တင်ထားလိုက်တယ်၊ ငနဲကြီးကတော့ ခပ်ပြုံးပြုံးပဲဗျ၊ မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်နေတယ်၊ ဒါပေမဲ့ သူ့ မျက်လုံးထဲမှာ တလက်လက် တောက်နေတာကို ကြည့်ပြီး အင်း သေနတ်ကို အဆင်သင့် ထုတ်ထားလိုက်မိတာ ကံကောင်းတာပဲလို့ ကိုယ့်ဘာသာ ကိုယ် တွေးနေမိတယ်။

' "ကိုရင် ကျုပ်ကို မသိဘူး ထင်တယ်" လို့ သူက မေးတယ်။





' "သိတယ်လို့ ထင်တာပဲဗျ၊ ထိုင်ပါ၊ ခင်ဗျား ပြောစရာ ရှိတယ် ဆိုရင် ကျုပ် ငါးမိနစ် အချိန် ပေးနိုင်ပါတယ်"

' "ကျုပ် ပြောမယ့် စကားတွေ အားလုံး ကိုရင့် ရင်ထဲ ရောက်နေပါပြီလေ"

' "ဒီလိုဆိုရင် ကျုပ် ဖြေမယ့် စကားလည်း ခင်ဗျား ရင်ထဲ ရောက်လောက်ရောပေါ့" လို့ ကျုပ်က ပြန်ပြောလိုက်တယ်။

' "ကိုရင် တကယ် ရင်ဆိုင်တော့မယ်ပေါ့"

' "တကယ်ပေါ့ဗျ"

'သူက အိတ်ထဲကို လက်နှိုက်လိုက်တော့ ကျုပ်ကလည်း စားပွဲပေါ်က သေနတ်ကို ကောက်ပြီး ချိန်လိုက်တယ်၊ ဒါပေမဲ့ သူက အိတ်ထဲက ထုတ်လိုက်တော့ မှတ်စု စာအုပ်ကလေး တစ်အုပ်ဗျ၊ အထဲမှာ ဘာတွေ မှတ်ထားသလဲ မသိဘူး၊ ပြီးတော့မှ စာအုပ်ကို ကြည့်ပြီး

' "ဇန်နဝါရီလ ၄ ရက်နေ့၊ ကိုရင် ကျုပ် လမ်းမှာ အတားအဆီး လုပ်တယ်၊ ၂၃ ရက်နေ့မှာ ကိုရင် ကျုပ်ကို လိုက်နှောင့်ယှက်တယ်၊ ဖေဖော်ဝါရီလလယ်ထဲတုန်းက ကိုရင့်ကြောင့် အများကြီး ဒုက္ခရောက်ခဲ့ရတယ်၊ မတ်လကုန်ခါနီးက ကိုရင့်ကြောင့် ကျုပ် စီမံကိန်းတွေ လုံးလုံး ပျက်သွားတယ်၊ ခု ဧပြီလ ကုန်ခါနီးကျတော့ ကိုရင် အစဉ်တစိုက် လိုက်နှောင့်ယှက်တဲ့ အတွက် ကျုပ် လွတ်လပ်ခွင့် ဆုံးရှုံးတော့မယ့် အခြေအနေကို ရောက်နေပြီ၊ အခြေအနေက တစ်စထက် တစ်စ သည်းမခံနိုင်အောင် ဖြစ်လာပြီဗျ"

' "ဒီတော့ ခင်ဗျားက ဘယ်လိုများ အကြံ ပေးချင်သလဲ"

'ငနဲကြီးက ခေါင်းကြီးကို ယမ်းလိုက်ပြီး

' "ကိုရင် ရပ်တန်းက ရပ်ရင် ကောင်းမယ် ထင်တာပဲဗျ၊ မရပ်ရင်တော့ ရပ်အောင် လုပ်ရလိမ့်မယ်"

' "တနင်္လာနေ့ နောက်ပိုင်းကျတော့ ရပ်တာပေါ့"

' "ကျွတ် ကျွတ် ဖြစ်မှဖြစ်ရလေ ကိုယ့်လူရယ်၊ ကိုယ့်လူက ဉာဏ် အတော်အသင့် သွားတဲ့ လူပဲ၊ ရပ်တန်းက မရပ်ရင် ဘာဖြစ်မလဲ ဆိုတာလောက်တော့ သိမှာပေါ့၊ ဒီတော့ ကိုရင် ရပ်တန်းက ရပ်ပြီး ကိုယ့်အလုပ်ကိုယ် အေးအေးဆေးဆေး လုပ်နေရင် ကောင်းမယ် ထင်တယ်ဗျ၊ ခုတော့ ကိုရင် လုပ်ပုံကြောင့် ကျုပ်တို့မှာ တခြားလမ်း ရွေးစရာ မရှိတော့ဘူး၊ တစ်လမ်းပဲ ရွေးရတော့မှာ၊ ခုကိစ္စမှာ ကိုရင် လုပ်သွားပုံကလေးတွေက တော်တော်လေးတော့ လေးသပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကြည့်လို့လည်း ကောင်းပါတယ်၊ ခုလောက် ကြည့်ရတယ် ဆိုရင် ကျုပ် လည်း အပျင်း ပြေသွားပြီ၊ ကိုရင်က ဒီထက် ဆက်လုပ်လို့ ကျုပ်ဘက်က မထွေ သာ မရှောင်သာ လွန်လွန်ကျွံကျွံ အရေးယူလာရရင် ကျုပ်လည်း စိတ်ကောင်း မှာ မဟုတ်ဘူး၊ ဩော် ကိုရင်က ပြုံးသလား၊ ပြုံးပါလေ၊ သို့သော်လည်း အလွန် အကျွံ လုပ်လာလို့ ရှိရင် နောက်မှ ကျုပ်ကို အဆိုး မဆိုနှင့်နော်"

' "အန္တရာယ်ကို ရင်ဆိုင်ရတာဟာ ကျုပ် လုပ်ငန်းရဲ့ တစ်စိတ် တစ် ဒေသပဲဗျ"

' "အန္တရာယ် မဟုတ်ဘူးဗျ၊ မုချ ပျက်စီးရမယ့် ကိစ္စ၊ ကိုရင်ဟာ လူ တစ်ယောက်ရဲ့ လမ်းမှာတွင် ပိတ်ဆို့ ရပ်နေတာ မဟုတ်ဘူး၊ အလွန် အင်အား ကောင်းတဲ့ ဂိုဏ်းကြီး တစ်ဂိုဏ်းရဲ့ လမ်းမှာလည်း ပိတ်ဆို့ ရပ်နေတယ်ဗျ၊ ကိုရင် ဘယ်လောက်ပဲ ဉာဏ်သွားတယ် ပြောပြော ဒီဂိုဏ်းဟာ ဘယ်လောက် အားကောင်းတယ် ဆိုတာကို ကိုရင် သိရှာမှာ မဟုတ်ဘူး၊ ဒီတော့ ကိုရင် နောက် ဆုတ်ပြီး လွတ်လွတ်ကင်းကင်း နေပါ၊ နို့မို့ရင် ကိုရင် အနင်း ခံလိုက်ရလို့ မှုန့် ညက်ညက် ဖြစ်သွားလိမ့်မယ်"

'ကျုပ်က ထိုင်ရာက ထလိုက်ရင်း

' "ခင်ဗျားနှင့် စကား ပြောရတာ ပျော်စရာ ကောင်းပါရဲ့ဗျာ၊ သို့သော် လည်း ကျုပ်မှာ အရေးတကြီး ကိစ္စကလေးတွေ လုပ်စရာ ရှိနေသေးတယ်"

' ငနဲကြီးလည်း ထိုင်ရာက ထပြီး ကျုပ်ကို စကား တစ်လုံးမှ မပြော ဘဲ စိုက်ကြည့်နေတယ်ဗျ၊ ပြီးတော့ စိတ် မချမ်းမသာ ဖြစ်တဲ့ ပုံနှင့် ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းရင်း

' "ဒီလိုဆိုရင်လည်း ကောင်းပါပြီ၊ ကောင်းပါပြီ၊ သနားတော့ သနား ပါရဲ့၊ သို့သော်လည်း ကျုပ်လည်း ဘယ်တတ်နိုင်မလဲ၊ ကျုပ် လုပ်ပေးသင့်တာ လုပ်ပေးပြီးပြီကပဲ၊ ကိုရင့် ကျားကွက်တွေ အားလုံးကို ကျုပ် သိပြီးသားပါ၊ တနင်္လာနေ့ မတိုင်ခင် ကိုရင် ဘာမှ လုပ်လို့ ရမှာ မဟုတ်ဘူး၊ ကောင်းပြီလေ ကိုရင်နှင့် ကျုပ် နှစ်ယောက်ချင်း စမ်းကြည့်ကြသေးတာပေါ့၊ ကိုရင်က ကျုပ်ကို တရားခံ ရပ်တဲ့ ဝက်ခြံကလေးထဲမှာ ရပ်စေချင်တယ်၊ ကျုပ် ပြောလိုက်မယ် ကိုရင် မြဲမြဲ မှတ်ထား၊ တရားခံ ဝက်ခြံထဲမှာ ဘယ်တော့မှ မရပ်ဘူး၊ ကိုရင်က ကျုပ်ကို အပြတ် ရှင်းချင်တယ်ပေါ့ ဟုတ်စ၊ ကျုပ် ပြောလိုက်ဦးမယ်၊ ကျုပ်ကို ဒီလို လုပ်လို့ ဘယ်တော့မှ မရဘူး၊ ကိုရင်က ကျုပ်ကို အပြတ် ရှင်းချင်တယ် ဆိုရင် ကျုပ်ကလည်း ကိုရင့်ကို အပြတ် ရှင်းမယ် ဆိုတာ မှတ်ထားလိုက်ပါ"





' "မစ္စတာ မော်ရီယာတီကဖြင့် ကျုပ်ကို တော်တော်လေးကို ချီးမြှောက် သွားပေတာပဲ ခင်ဗျ၊ ဒီတော့ ကျုပ်ကလည်း ချီးမြှောက် စကားလေး ပြန်ပြော ရဦးမယ်၊ ခင်ဗျားကို အပြတ် ရှင်းခွင့် ပေးတယ် ဆိုရင် အများ ပြည်သူ ကောင်း ကျိုး အတွက် ဝမ်းမြောက်စွာ လက်ခံဖို့ အဆင်သင့်ပါပဲ"

' "ခင်ဗျားကို ရှင်းမှာဗျ၊ ကျုပ်ကို ရှင်းခွင့် မပေးဘူး သိလား" လို့ အသံပြဲကြီးနှင့် အော်ပြီး အခန်းထဲက ထွက်သွားတာပါပဲဗျာ။

'ကဲ ကိုယ့်လူရေ၊ အဲဒါကတော့ ကျုပ်နှင့် ပါမောက္ခကြီး မော်ရီယာ တီတို့ တွေ့ဆုံပွဲကလေး အကြောင်းပဲဗျ၊ ရှင်းရှင်း ဝန်ခံရရင်တော့ ဒီငနဲကြီးနှင့် တွေ့လိုက်ရတာ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်ဗျာ၊ ငနဲကြီးက စကား ပြောတော့ တိုးတိုးသက်သာပဲဗျ၊ ပြောတာလည်း ခပ်ပြတ်ပြတ်ပဲ၊ ကြည့်ရတာ ကတော့ သာမန် လူမိုက် တစ်ယောက် မဟုတ်ဘူး၊ ပြောရင် ပြောသလို တကယ် လုပ်မယ့် တဖောက်ကန်းကြီး၊ ပုလိပ်ကို အကူအညီ တောင်းပါလားလို့ ခင်ဗျား က ပြောကောင်း ပြောမယ်၊ ဒါပေမဲ့ ခက်တာက ကျုပ်ကို လုပ်ကြံမှာက သူ ကိုယ်တိုင် လုပ်ကြံမှာ မဟုတ်ဘူးဗျ၊ သူ့ တပည့်တွေက လုပ်ကြံမှာ၊ ကျုပ် ကို သူ့ တပည့်တွေက လုပ်ကြံမယ့် အထောက်အထားတွေကို တွေ့ နေ ရပြီ'



'ခင်ဗျားကို ရှင်းမှာဗျ၊ ကျုပ်ကို ရှင်းခွင့် မပေးဘူး သိလား'

'ခုထိတော့ ဘာမှ မဖြစ် သေးဘူး မဟုတ်လား'

'ခက်ပါဘိတော့ ကိုယ့် လူရယ်၊ မော်ရီယာတီ ဆိုတဲ့ ငနဲ ကြီးက သူ့ ခြေထောက် အောက် မှာ မြက် ပင် တွေ ပေါက်နေ အောင် ကြာကြာ ဆိုင်းထားတတ် တဲ့ လူမျိုး မဟုတ်ဘူးဗျ၊ ဒီနေ့ နေ့လယ် တုန်းက ကျုပ် ကိစ္စကလေး တစ်ခု ရှိတာနှင့် အောက်စဖို့ လမ်းဘက်ကို ထွက်သွားတယ်၊ ဘင်းတစ်လမ်းနှင့် အဲ လာဘတ် လမ်းထိပ် ရောက်တော့ ဖြစ်တ



www.burmeseclassic.com

www.burmeseclassic.com



ကူးမယ် လုပ်တုန်းမှာ မြင်းနှစ်ကောင် တပ်တဲ့ ရထား တစ်စင်း အပြင်း မောင်းလာပြီး ကျုပ်ကို ဝင် တိုက်လိုက်တာဗျာ၊ ချက်ချင်း ခုန်ပြီး ရှောင်လိုက်ပေမဲ့ သီသီကလေး လွတ်သွားတာပေါ့၊ ရထားကတော့ မေရီလီဘုန်း လမ်းကြားကလေးထဲ ဝင်ပြီး ချက်ချင်း ပျောက်သွားတယ်၊ ဒါနှင့် ကျုပ်လည်း လမ်းမကြီးပေါ်က သိပ် မလျှောက်ရဲတော့ဘဲ လမ်းဘေး ပလက်ဖောင်း အတိုင်း လျှောက်လာခဲ့တယ်၊ ဗီယာလမ်း အတိုင်း လျှောက်လာခဲ့တော့ အိမ်ခေါင်မိုး တစ်ခုပေါ်ကနေပြီး ကျလာလိုက်တဲ့ အုတ်ခဲကြီးဗျာ၊ ခေါင်းပေါ် ကျပြီ မှတ်တာ၊ ကံကောင်းလို့ ကျုပ် ရှေ့နားလေးတွင် ကျပြီး ပလက်ဖောင်းပေါ်မှာ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားတယ်၊ ဒါနှင့် ကျုပ်လည်း ပုလိပ်ကို ခေါ်ပြီး အုတ်ခဲ ကျလာတဲ့ ခေါင်မိုးပေါ်ကို တက်ကြည့်တယ်၊ အိမ်ခေါင်မိုးပေါ်မှာ အမိုး ပြင်မလို့ အုတ်ကြွပ်ခဲတွေနှင့် အုတ်ခဲတွေ ပုံထားတယ်ဗျ၊ ပုလိပ်ကတော့ မတော်တဆ ကျလာတာလို့ ပြောတာပေါ့၊ ဒါပေမဲ့ ကျုပ် ကောင်းကောင်း သိတာပေါ့ဗျာ၊ ခက်တာက ကျုပ်မှာ ဘာမှ သက်သေ ပြစရာမရှိတော့ သူတို့ ပြောတဲ့ အတိုင်းပဲ ခံနေလိုက်ရတာပေါ့၊ အဲဒီနောက်တော့ ကျုပ်လည်း ခြေကျင် မလျှောက်တော့ဘဲ ရထား တစ်စီး ခေါ်ပြီး ပေါလ်မော ရပ်ကွက်မှာ ရှိတဲ့ ကျုပ် အစ်ကိုဆီ သွားပြီး တစ်နေ့လုံး နေလိုက်တယ်၊ ညပိုင်းကျမှ ခင်ဗျားဆီကို ထွက်လာတာ၊ ထွက်လာတော့ လမ်းမှာ လူဆိုး ကျုပ်ကို ဝင်ရိုက်တယ်ဗျ၊ ဒါနှင့် ကျုပ်လည်း အဲဒီကောင်ကို အလဲ ထိုးခဲ့တယ်၊ ခုတော့ ဒီကောင်ကို ပုလိပ်က ဖမ်းသွားပြီ၊ ဒီကောင်က ကျုပ် လက်ကောက်ဝတ်ကို ကိုက်တယ်၊ ခုတော့ ဒီကောင်ကို ဂါတ်တဲ ပို့ပစ်ခဲ့ပြီးပါပြီ၊ ဒါပေမဲ့ ကျုပ် ပြောမယ် ဝပ်ဆင်၊ ကျုပ်လက်မောင်းကို ကိုက်လွှတ်လိုက်တဲ့ ကောင်နှင့် ဆယ်မိုင်လောက် ကွာတဲ့ သူ့အိမ်မှာ ထိုင်ပြီး သင်္ချာ တစ်ပုဒ်ကို တွက်နေတဲ့ ပါမောက္ခ မော်ရီယာတီတို့ ကြားမှာ အဆက်အသွယ် ရှိတယ် ဆိုရင် ဘယ်သူ ယုံမှာ မဟုတ်ဘူး၊ ယုံအောင်လည်း ဘာမှ အထောက်အထား ပြနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျား အခန်းထဲကို ကျုပ် ရောက်လာလာချင်း ပြတင်းပေါက်တွေကို အတင်း ပိတ်ပစ်၊ ပြီးတော့ ပြန်သွားတော့လည်း နေအိမ် ရှေ့ တံခါးမကြီးက မပြန်ဘဲ နောက်ဖေး ခြံစည်းရိုးကို ကျော်တက်ပြီး ပြန်မယ်လို့ ပြောတာ ခင်ဗျား ဘာမှ အံ့သြတော့မှာ မဟုတ်ဘူး'

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ သတ္တိကို မကြာခဏ အားကျ ချီးမွမ်းမိခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်၏ အခန်းတွင် ထိုင်ကာ တစ်နေ့လုံး တစ်ခုပြီး တစ်ခု တွေ့ခဲ့သည့် ကြောက်မက်ဖွယ် အဖြစ်အပျက်များကို တည်ကြည် အေး



ဆေးစွာ ပြောဆိုလျက် ရှိသည့် ယခု တစ်ကြိမ်တွင်မူကား သူ၏ သတ္တိကို ခါတိုင်းထက် ပို၍ အားကျ ချီးကျူးမိပါသည်။

'ဒါဖြင့် ခင်ဗျား ဒီည ဒီမှာပဲ အိပ်တော့ဗျာ'

'မဖြစ်ဘူးဗျ၊ ဧည့်သည်က အန္တရာယ် များတဲ့ ဧည့်သည် ဆိုတော့ အိမ်သည် ဖြစ်တဲ့ ခင်ဗျားပါ ဒုက္ခ ရောက်နိုင်တယ်၊ ကိစ္စ မရှိပါဘူး၊ ကျုပ် အစီအစဉ်တွေ လုပ်ပြီးပါပြီ၊ အားလုံး ချောမောပါလိမ့်မယ်၊ ဒီဂိုဏ်းကြီးကို ဖမ်းဖို့ ဆီးဖို့ လောက်တော့ ကျုပ် မပါဘဲနှင့် ဖြစ်အောင် စီစဉ်ခဲ့ပြီးပါပြီ၊ ရုံးတင်ရင်တော့ ကျုပ် ကိုယ်တိုင် ထွက်ပြီး သက်သေခံဖို့ လိုချင် လိုမယ်ပေါ့ဗျာ၊ ဒါကြောင့် ပုလိပ်တွေ လွတ်လွတ်လပ်လပ် လုပ်နိုင်အောင် ကျုပ် အနေနှင့် ခဏတစ်ဖြုတ် ရှောင်ပေးဖို့ လိုလိမ့်မယ်ဗျ၊ ဒီတော့ ဥရောပကို ခဏ တစ်ဖြုတ်လောက် သွားနေလိုက်မယ်၊ ခင်ဗျား လိုက်ရင်တော့ အတိုင်းထက် အလွန်ပေါ့ဗျာ'

'အင်း၊ ဆေးကုတာကလည်း ဒီလောက် အလုပ် မများလှပါဘူး၊ ပြီးတော့ ကျွန်တော့် အိမ်နီးချင်း ဆရာဝန်ကလည်း အများကြီး ကူညီပါတယ်၊ လိုက်တာပေါ့'

'မနက်ဖြန် မနက် ထွက်ရင် ဖြစ်မလား'

'လိုအပ်ရင် သွားပါ၊ ရပါတယ်'

'သိပ် လိုအပ်တာပေါ့ဗျာ၊ ဒါပေမဲ့ ဝပ်ဆင်ရေ၊ ကျုပ်နှင့် လိုက်မယ် ဆိုရင်တော့ ခင်ဗျားကို ညွှန်ကြားချက် ပေးရလိမ့်မယ်၊ ဒီညွှန်ကြားချက်တွေကို တစ်သဝေမတိမ်း လိုက်နာဖို့ လိုလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ခင်ဗျားဟာ ကျုပ်နှင့် လိုက်ရင် ဥရောပမှာ ဉာဏ် အများဆုံး လူဆိုးနှင့် အား အကြီးဆုံး လူဆိုးဂိုဏ်းတို့ကို ရင်ဆိုင်ရတော့မှာမို့လို့ဗျ၊ ဒီတော့ နားထောင်၊ ခင်ဗျား ယူမယ့် ပစ္စည်းတွေကို စိတ်ချရတဲ့ လူယုံ တစ်ယောက်နှင့် ဗိတိုရိယ ဘူတာကြီးကို ဒီနေ့ည အပို့ ခိုင်းလိုက်၊ သေတ္တာပေါ်မှာ နာမည်တွေ ရေးမထားနှင့်၊ မနက်ကျတော့ ရထား တစ်စင်းကို အငှားခိုင်း၊ ပထမနှင့် ဒုတိယ တွေ့တဲ့ ရထားကို မငှားစေနှင့်၊ ရထား ရောက်လာရင် ရထားပေါ် ခုန်တက်ပြီး ကမ်းနားလမ်းဘက်က နေပြီး ကမ်းနားဈေးထဲ ဝင်၊ ခင်ဗျား သွားမယ့် လိပ်စာကို ရထားသမားကို စာရွက်ကလေး တစ်ရွက်နှင့် ရေးပေးထား၊ ပြီးတော့ ဒီ စာရွက်ကလေးကို လွှင့်မပစ်ပါနှင့်လို့လည်း ပြောထား၊ ရထားပေါ် ရောက်ရင် ရထားခကို အဆင်သင့် ထုတ်ထားဗျ၊ ရထား ရပ်တာနှင့် တစ်ပြိုင်နက် ဈေးထဲကို ခပ်သုတ်သုတ် ပြေးဝင်၊ ဈေးရဲ့ဟို ဘက်ပေါက်ကို ရောက်တာနှင့် ကိုးနာရီ ထိုးပြီး ဆယ့်ငါးမိနစ် ဖြစ်နေမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဈေး ပြင်ဘက် ရောက်ရင် လမ်းထောင့် နားမှာ ရထား တစ်စင်း ရပ်ထားတာ တွေ့ရလိမ့်မယ်၊ ရထားသမားက ထောင်ထောင်မောင်းမောင်းရယ်၊ အနက်ရောင် ကုတ် အင်္ကျီရှည်ကြီးကို ဝတ်ပြီး ကော်လန်က အနီရောင် တပ်ထားတယ်၊ အဲဒီ ရထားပေါ်ကို တက်လိုက်လာခဲ့ရင် ဥရောပ ထွက်မယ့် ရထား အမီ ဝိတိုရိယ ဘူတာကြီးကို ရောက်သွားလိမ့်မယ်'

'ရှိ နေစမ်းပါဦး၊ ခင်ဗျားနှင့် ဘယ်မှာ တွေ့မှာလဲ'

'ဘူတာမှာ တွေ့မှာပေါ့၊ ရှေ့ဆုံးကနေ လာရင် ပထမတန်း ဒုတိယ မြောက် တွဲမှာ နေရာ ယူထားတယ်'

'ဒါဖြင့် တွဲပေါ် ရောက်မှ တွေ့ကြမှာပေါ့'

'ဟုတ်တယ်'

ကျွန်ုပ်သည် ရှားလော့ဟုမ်းအား ထိုနေ့ ညနေတွင် ကျွန်ုပ် အိမ်၌ အိပ် ရန် တိုက်တွန်းသော်လည်း အချည်းနှီးသာ ဖြစ်ပေ၏။ သူ ရောက်လာသည့် အတွက် အိမ်ရှင်တွင် ဒုက္ခ ရောက်မည် စိုးသဖြင့် ညအိပ်ခြင်း မပြုဘဲ ပြန်သွားခြင်း ဖြစ် ပေသည်ဟု ကျွန်ုပ် အောက်မေ့မိပေ၏။ ရှားလော့ဟုမ်းသည် မနက်ဖြန် ခရီး သွားရန် အစီအစဉ်ကို ခပ်တိုတို ပြောပြပြီးနောက် ထိုင်ရာမှ ထကာ ကျွန်ုပ်နှင့် အတူ နောက်ဖေး ခြံဘက်သို့ ထွက်လာခဲ့လေ၏။ အုတ်တံတိုင်းကို ကျော်၍ မော် တီမာ လမ်းဘက်သို့ ခုန်ချပြီးလျှင် ရထား တစ်စင်းကို လက်ခေါက် မှုတ်၍ လှမ်း ခေါ်လိုက်ကာ ရထားပေါ်သို့ လိုက်ပါသွားသံကို ကျွန်ုပ် ကြားလိုက်ရလေ၏။

နောက်တစ်နေ့ မနက်သို့ ရောက်လျှင် ကျွန်ုပ်သည် ရှားလော့ဟုမ်း ညွှန် ကြားသည့် အတိုင်း အတိအကျ လိုက်နာပေ၏။ ကျွန်ုပ်တို့ အတွက် ရန်သူက အဆင်သင့် ထားမည့် မြင်းရထားကို မစီးမိစေရန် သတိထားလျက် နံနက်စာ စားသောက်ပြီးသည်နှင့် ရထား တစ်စင်းကို ငှားကာ ကမ်းနား ဈေးကြီးထဲသို့ လာခဲ့လေ၏။ ဈေးကြီးထဲမှ ခပ်သုတ်သုတ် ဖြတ်လျှောက်လာခဲ့၍ ဈေးပြင်ဘက် လမ်းထောင့်၌ အင်္ကျီရှည် အနက်ကြီး ဝတ်ထားသည့် ထောင်ထောင်မောင်းမောင်း ရထားသမားကြီး တစ်ယောက် မောင်းသည့် ရထား တစ်စင်းကို တွေ့သဖြင့် ထိုရထားပေါ်သို့ တက်လိုက်သည်တွင် ရထားသမားကြီးသည် ကျွန်ုပ် ရောက် သည်နှင့် တစ်ပြိုင်နက် မြင်းကို ကျာပွတ်ဖြင့် ရိုက်ကာ ဝိတိုရိယ ဘူတာကြီးသို့ အပြင်း မောင်းလာခဲ့လေ၏။ ဘူတာ ရှေ့သို့ ရောက်၍ ကျွန်ုပ် ဆင်းလိုက်သည် တွင် ရထားသမားသည် ရထားကို ပြန်ကွေ့ကာ ကျွန်ုပ် ရှိရာသို့ တစ်ချက်မျှပင် လှည့်မကြည့်ဘဲ ရထားကို အပြင်း ပြန်မောင်းသွားလေ၏။



ဤအထိမူ ချောချောမောမော ရှိပေ၏။ ကျွန်ုပ်၏ ပစ္စည်းများမှာလည်း အသင့် ရောက်နေလေပြီ။ ရှားလော့ဟုမ်း ပြောသည့် ရထားတွဲကို ရှာရာတွင် လည်း များစွာ အခက်အခဲ မရှိလှချေ။ အထူးသဖြင့် ရထားတွဲတွင် သီးသန့်ဟု စာချိတ် ထားသည့် အတွက် ပို၍ပင် အရှာရ လွယ်သေး၏။ မီးရထား ဘူတာ ရုံမှ နာရီကို ကြည့်လိုက်သည့် အခါတွင် ကျွန်ုပ်တို့ ရထား ထွက်မည့် အချိန်မှာ ခုနစ်မိနစ်မျှသာ လိုတော့၏။ ကျွန်ုပ်သည် ခရီးသည်များထဲတွင် လည်းကောင်း၊ လိုက်ပို့သူများထဲတွင် လည်းကောင်း အရပ် ရှည်ရှည် ပိန်ပိန်ပါးပါး ရှိသော ရှားလော့ဟုမ်းကို ရှာကြည့်ရာ အရိပ်အယောင်ကိုမျှ မမြင်ရသေးချေ။ ဤ အတောအတွင်းတွင် မိမိ၏ ပစ္စည်းများကို ပါရီ အတွက် တန်ဆာ လုပ်ပေးရန် မီးရထား ပေါ်တာအား အင်္ဂလိပ် စကား မပီမသဖြင့် ပြောဆိုနေသည့် ကြည် ညိုဖွယ် အီတလီ ဘုန်းကြီး တစ်ပါးအား ဝင်၍ အကူအညီ ပေးရသဖြင့် မိနစ် အနည်းငယ် ကြာသွားလေ၏။ ကျွန်ုပ်သည် ရှားလော့ဟုမ်းကို တစ်ကျော့ ရှာ ကြည့်ပြီးနောက် တွဲဆီသို့ ပြန်လာခဲ့သည်တွင် မီးရထား ပေါ်တာသည် ကျွန်ုပ်တို့ သီးသန့် လုပ်ထားသည့် ရထားတွဲထဲသို့ အီတလီ ဘုန်းတော်ကြီးအား လာပို့ ထားသည်ကို တွေ့ရလေ၏။ ဤတွဲမှာ သီးသန့်တွဲ ဖြစ်ကြောင်း အီတလီ ဘုန်း တော်ကြီးအား ပြောသော်လည်း သူကလည်း အင်္ဂလိပ် စကား ကောင်းကောင်း နားမလည်၊ ကျွန်ုပ်ကလည်း အီတလီ စကားကို လိပ်ပတ် လည်အောင် မပြော တတ်သည့် အတွက် အချည်းနှီးသာ ဖြစ်လေ၏။ ဤတွင် ကျွန်ုပ်လည်း ဘာမျှ ပြောဆိုခြင်း မပြုတော့ဘဲ စိတ်ပျက်လက်ပျက်ဖြင့် ပခုံးကို တွန့်ပြလိုက်ပြီးနောက် ကျွန်ုပ် မိတ်ဆွေကိုသာ စိုးရိမ်တကြီး မျှော်ကြည့်နေမိလေ၏။

မနေ့ညက တစ်ခုခု ဖြစ်၍ မရောက်လာခြင်း ဖြစ်လေသလောဟု တွေး မိသည့် အခါတွင် ကျွန်ုပ်မှာ စိုးရိမ်သည်ထက် စိုးရိမ်လာကာ တစ်ကိုယ်လုံး အေးစက်စ ပြုလာခဲ့လေပြီ။

ရထား တံခါးများကို ပိတ်၍ ဝီစီသံ ပေါ်လာသည့် အခါတွင် 'မျိုး ဝပ် ဆင်၊ ခင်ဗျား တော်တော် နေနိုင်တဲ့ လူဗျာ၊ နှုတ်ဆက်ဖော်ကလေးတောင် မရ တော့ဘူး' ဟူသော အသံ တစ်သံကို ကြားလိုက်ရလေ၏။

ကျွန်ုပ်သည် အကြီးအကျယ် အံ့အားသင့်ကာ နောက်သို့ လှည့်ကြည့် လိုက်မိလေ၏။ အသက် ခပ်ကြီးကြီး အီတလီ ဘုန်းတော်ကြီးသည် သူ့ မျက်နှာ ကို ကျွန်ုပ်ဘက်သို့ လှည့်လိုက်၏။ တစ်ခဏ အတွင်းတွင် တွန့်နေသော ပါးရေ တို့ ပျောက်ကွယ်သွားလေပြီ။ နှုတ်ခမ်းပေါ်သို့ မိုးနေသည့် နှာခေါင်း ရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း မရှိတော့ချေ။ အောက်နှုတ်ခမ်း ထော်နေခြင်း၊ ပါးစပ်မှ တမြမြ ဝါးနေခြင်းတို့လည်း မရှိတော့ချေ။ မှုန်မွဲနေဟန် ရှိသော မျက်လုံးများသည် ပြန်၍ တောက်ပလာကြကာ ကုန်းနေသော ခါးမှာလည်း စန့်သွားခဲ့လေပြီ။ နောက် တစ် ခဏအတွင်းမှာ သူ့ ခန္ဓာကိုယ်သည် ပြန်၍ သေးကွေး ကျုံ့ဝင်သွားကာ ရှားလော့ ဟုမ်း၏ ပုံသဏ္ဌာန် ပျောက်ကွယ်သွားပြီး အီတလီ ဘုန်းတော်ကြီး သဏ္ဌာန် ဖြစ် ပေါ်လာခဲ့လေပြီ။

'သောက်ကျိုးနည်းဗျာ၊ လန့်သွားတာပဲ'

ရှားလော့ဟုမ်းက လေသံ တိုးတိုးဖြင့်

'ရန်က မအေးသေးဘူးဗျ၊ ခုထိ ကြိုတင် ကာကွယ်မှုကလေးတွေ လုပ်



အသက် ခပ်ကြီးကြီး အီတလီ ဘုန်းတော်ကြီးသည် သူ့မျက်နှာကို ကျွန်ုပ်ဘက်သို့ လှည့်လိုက်၏။





ထားရဦးမယ်၊ ငနဲတွေ ကျုပ်တို့ နောက်ကို လိုက်နေကြပြီ၊ ဟော ဟောဟိုမှာ ဗျို့၊ မော်ရီယာတီ ကိုယ်တိုင် လိုက်လာတယ်'

ရှားလော့ဟုမ်းက ထိုသို့ ပြောနေသည့် အချိန်တွင် ရထားမှာ ထွက်စ ပြုနေလေပြီ။ ပြန်ကြည့်လိုက်သည့် အခါ၌ အရပ် ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက်သည် လူအုပ်ကြားထဲမှ အတင်း တိုးဝှေ့ကာ မီးရထားကို ရပ်ခိုင်း လိုသည့် ဟန်ဖြင့် လက်များ ဝှေ့ယမ်းပြလျက် ရှိခြင်းကို မြင်ရလေ၏။ သို့ရာတွင် နောက်ကျခဲ့လေပြီ။ ထိုအချိန်၌ ရထားမှာ အရှိန်ပြင်းစ ပြုလာကာ ခဏ ကြာ လျှင် ဘူတာထဲမှ ထွက်လာခဲ့လေ၏။

ရှားလော့ဟုမ်းက ရယ်လိုက်ရင်း

'ကျုပ်တို့ လုပ်လာခဲ့တဲ့ အစီအစဉ်ကလေးတွေ မဆိုးပါဘူးဗျ၊ နေရာ ကျသားပဲ'

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထကာ ဘုန်းတော်ကြီးများ ရုံသည့် ဝတ်ရုံနက်ကြီးနှင့် ဦးထုပ်ကို ချွတ်ပြီး လက်ဆွဲအိတ် တစ်အိတ်ထဲသို့ ထည့်နေ လေ၏။

'ဒီနေ့ မနက် သတင်းစာတွေကို ဖတ်ပြီးပြီလား'

'မဖတ်ရသေးဘူး'

'ဒါဖြင့် ဘေကာလမ်း ကိစ္စကို ဘာမှ မသိသေးဘူးပေါ့'

'ဗျာ၊ ဘေကာလမ်း၊ ဘာဖြစ်လို့လဲ'

'မနေ့ညက ဘေကာလမ်းက ကျုပ်တို့ အခန်းကို ဒီကောင်တွေ မီးတုတ် ပစ်တယ်ဗျ၊ ဘာမှတော့ ကြီးကြီးကျယ်ကျယ် မဖြစ်ပါဘူး'

'ဟုတ်လား၊ ဒီကောင်တွေ လုပ်ပုံ လွန်လှချည်လားဗျ'

'ခင်ဗျားဆီ အလာမှာ ကျုပ်ကို ချောင်းရိုက်တဲ့ကောင် အဖမ်း ခံရပြီးတဲ့ နောက် ဒီကောင်တွေ ကျုပ်ကို ခြေရာခံလို့ မရဘဲ အစ ပျောက်သွားတယ်၊ ဒါ ကြောင့် ကျုပ် အခန်းကို ပြန်မှာပဲလို့ သူတို့ တွက်ပုံ ရတယ်၊ ဒါပေမဲ့ ဒီကောင် တွေက ခင်ဗျားကိုလည်း စောင့်ကြည့်နေကြတယ်၊ ဒါကြောင့် မော်ရီယာတီ ကိုယ်တိုင် ဘူတာကို လိုက်ချလာတာပေါ့၊ ခင်ဗျား လာတာ ကျုပ် ပြောတဲ့ အတိုင်း လာခဲ့တာနော်'

'ခင်ဗျား ပြောတဲ့ အတိုင်း အတိအကျပါဗျာ'

'ဈေးကြီးပေါက်က ထွက်တော့ ရထားကို တွေ့တယ် မဟုတ်လား'

'တွေ့တယ်၊ အဆင်သင့်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရထားသမားကိုကော မှတ်မိရဲ့လား'

'မမှတ်မိဘူးဗျ'

'ကျုပ် အစ်ကို မိုင်းကရော့လေဗျာ၊ ဒီလို ကိစ္စမျိုးမှာ တခြား ရထား သမားတွေကို ငှားလို့ မဖြစ်ဘူး၊ ကဲ ဒါတွေ အသာထားပြီး မော်ရီယာတီ ကိစ္စကို ဘယ်လို လုပ်ရမယ် ဆိုတာ စဉ်းစားဦးမှ'

'မီးရထားက အမြန် ရထားပဲဗျ၊ ဟိုရောက်ရင် ကုတ်ို တန်းပြီး စီးရမှာ ခင်ဗျား နေ့ကြီး လိုက်နိုင်တော့မှာ မဟုတ်ပါဘူး'

'အိုင်နှေး ဝပ်ဆင်၊ ဒီနေ့ကြီးဟာ ညဏ်သွားတဲ့ နေရာမှာ ကျုပ်နှင့် ရင်ပေါင်တန်း လိုက်နိုင်တယ်လို့ ကျုပ် ပြောတာကို ပေါ့သေးသေး မအောက်မေ့နှင့်၊ အကယ်၍ ကျုပ်သာ လိုက်သူ ဖြစ်ရင် ဒီလောက် အခက်အခဲလေးကြောင့် တော့ အလျှော့ပေးမှာ မဟုတ်ဘူး ဆိုတာ ခင်ဗျား သိတယ်၊ ဒီတော့ ဒီနေ့ကြီး ကိုလည်း လျှော့မတွက်နှင့်'

'သူ ဘာလုပ်မှာလဲ'

'ကျုပ် ဆိုရင်ကော ဘာလုပ်မယ် ထင်သလဲ'

'ဆိုပါဦး၊ ခင်ဗျား ဘာလုပ်မလဲ'

'အထူး ရထား တစ်စင်း ငှားမှာပေါ့ဗျာ'

'ဘယ်မီတော့မလဲ'

'မီပါ့ဗျာ၊ ဒီရထားက ကင်တာဘာရီမှာ ရပ်ဦးမှာ၊ ဒီတော့ ကုတ်ို့ သင်္ဘောဟာ အနည်းဆုံး ဆယ့်ငါးမိနစ် နောက်ကျပြီးမှ ထွက်ရမယ်၊ သူက ကုတ်ို့ဆိပ်က သွားစောင့်မှာပေါ့'

'ကျွန်တော်တို့ ဖြစ်နေပုံက ကျွန်တော်တို့က ရာဇဝတ်ကောင်တွေ ဖြစ် နေပြီ၊ ရှုပ်တယ်ဗျာ၊ ဟိုရောက်တာနှင့် နေ့ကြီးကို အဖမ်းခိုင်းကြရအောင်'

'သုံးလလုံးလုံး ကြိုးပမ်းခဲ့တာတွေ အလဟဿ ဖြစ်ကုန်မှာပေါ့ဗျာ၊ ကျုပ် တို့ ဖမ်းချင်တာက ငါးကြီးကို ဖမ်းချင်တာ၊ ငါးနုပ် ငါးဖွဲ့ကလေးတွေကတော့ ပိုက်ကွက်ထဲက ထွက်ချင် ထွက်သွားပစေပေါ့၊ တနင်္လာနေ့ ဆိုရင် ကျုပ်တို့ ဒီ ကောင်တွေ အားလုံးကို ဖမ်းနိုင်မှာပါ၊ မဖြစ်ပါဘူးဗျာ၊ ခု ဖမ်းလို့တော့ မဖြစ်သေး ပါဘူး'

'ဒါဖြင့် ဘယ်လို လုပ်မလဲ'

'ကင်တာဘာရီကို ရောက်ရင် ရထားပေါ်က ဆင်းနေရစ်ခဲ့မယ်ဗျာ'

'ပြီးတော့ကော'





'အင်း၊ ပြီးတော့ ဒီက နေပြီး ပြည်ဖြတ် ခရီး အဖြစ် နယူး ဟောဗင်ကို သွားမယ်၊ ပြီးတော့ အဲဒီကနေပြီး ဒီယက်ပီကို သွားမယ်၊ မော်ရီယာတီကလည်း ကျုပ် လုပ်သလို လုပ်မှာပဲဗျ၊ သူက ပါရီကို သွားမယ်၊ ကျုပ်တို့ ပစ္စည်းတွေကို မှတ်ထားပြီး ဘူတာကနေ နှစ်ရက် စောင့်လိမ့်မယ်၊ အဲဒီ အတောအတွင်းတော့ ကျုပ်တို့မှာ လက်ဆွဲအိတ်ကလေးတွေထဲ ပါလာတဲ့ အဝတ်ကလေးတွေနှင့်ပဲ ဖြစ်သလို နေရဦးမှာပဲ၊ လမ်းမှာ ဖြတ်သွားတဲ့ တိုင်းပြည်က အဝတ်အစားတွေ ဝယ်ပြီး ဝတ်သွားတာပေါ့ဗျာ၊ ပြီးတော့မှ လူဇင်ဘတ်ကို သွား၊ ဘေဆယ်ကို ဖြတ်ပြီး ဆွစ်ဇာလန်ထဲကို ဝင်မယ်'

ကျွန်ုပ်သည် ခရီး များစွာ သွားခဲ့ဖူးရာတွင် မကြာခဏ အဝတ်အစား သေတ္တာ ပျောက်ဆုံးခဲ့ဖူးပြီး ဖြစ်သည့် အလျောက် အဝတ်အစား မပါဘဲ ခရီး သွားရခြင်းကို ရိုးနေပြီ ဖြစ်သော်လည်း ပြော၍မှ မကောင်းသော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည့် လူဆိုး တစ်ယောက်နှင့် မတွေ့အောင် ရှောင်တိမ်း ပုန်းအောင်း ပြေးလွှားရခြင်းကိုမူ စိတ်ပျက်မိကြောင်း ဝန်ခံလိုပါသည်။

သို့ရာတွင် ရှားလော့ဟုမ်းမှာ အခြေအနေကို ကျွန်ုပ်ထက် ပို၍ ကောင်း စွာ သိသူ ဖြစ်ရကား သူ့ အစီအစဉ် အတိုင်းပင် လိုက်ခဲ့ရပေ၏။ ထို့ကြောင့် ကင် တာဘာရီသို့ ရောက်သည့် အခါတွင် ကျွန်ုပ်တို့သည် ရထားမှ ဆင်းကာ တစ် နာရီခန့် အကြာတွင် ဆိုက်လာသော နောက်ရထား တစ်စင်းဖြင့် နယူးဟောဗင် သို့ လိုက်လာခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဝတ်အစား သေတ္တာများ ပါသွားသော တန်ဆာတွဲကို စိတ်ပျက်လက်ပျက် ကြည့်လျက် ရှိစဉ် ရှားလော့ဟုမ်းက ကျွန်ုပ် ၏ အင်္ကျီလက်ကို ဆွဲကာ မီးရထားလမ်းဘက်ဆီသို့ လက်ညှိုးထိုး၍ ပြလေ၏။

'ဟိုမှာ မြင်လား'

အဝေး မီးရထားလမ်း တောအုပ် အထက် ကောင်းကင်သို့ တလူလူ တက်လာသော မီးခိုးတန်း တစ်ခုကို မြင်ရလေ၏။ တစ်မိနစ် အကြာတွင် မီး ရထား လမ်းကွေ့မှ ခေါင်းတွဲနှင့် မီးရထားတွဲ တစ်တွဲသည် ဘူတာဘက်ဆီသို့ အပြင်း ခုတ်မောင်းလာသည်ကို မြင်ရလေ၏။ မီးရထားသည် ကျွန်ုပ်တို့ အနီးမှ ကပ်လျက် ဘူတာထဲမှ ဖြတ်၍ တဂျုန်းဂျုန်း မောင်းသွားလေရာ ကျွန်ုပ်တို့မှာ ဘူတာထဲတွင် ပုံထားသည့် ပစ္စည်းများ နောက်တွင် အပြေးအလွှား ပုန်းကွယ်နေရ လေ၏။ မီးရထားမှ ရေငွေ့များသည် ကျွန်ုပ်တို့ မျက်နှာများကိုပင် လာ၍ ဟပ်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com





မီးရထားသည် ကျွန်ုပ်တို့ အနီးမှ ကပ်လျက် ဘူတာထဲမှ ဖြတ်၍ ဂျန်းဂျန်း မောင်းသွားလေရာ

ရှားလော့ဟုမ်းသည် ဓာ ဂျန်းဂျန်း လှုပ်ယမ်း၍ မောင်း သွားသော ရထားတွဲကြီးကို ငေး ကြည့်ရင်း

'ငနဲကြီး ပါသွားပြီဗျ ဒီငနဲကြီး ဘယ်လောက်ပဲ ဉာဏ် သွားတယ် ပြောပြော အကန့် အသတ်တော့ ရှိပါတယ်ဗျ ကျုပ် တွက်သလို တွက်ထား ပြီး ဒီအတိုင်း လုပ်ရင် ငနဲ ကြီး ကျုပ် အကွက်ထဲ တန်း ဝင်ပြီပေါ့'

'နေစမ်းပါဦး၊ တွေ့ တော်တို့ကို မီလာရင် သူဘာ ဘာလုပ်မှာလဲ'

'ကျုပ်ကို အသေ သတ်မယ် ဆိုတာ ဘာမှ သံသယ ရှိစရာ မလိုဘူးဗျ သို့သော်လည်း ခုကိစ္စက ရှ နှစ်ယောက် ဉာဏ်ကစားတဲ့ ကိစ္စပါဗျ၊ ခု လောလောဆယ် ပြဿနာကတော့ ကျုပ်တို့ ဒီက နေလယ်စာ စားသွားမလား၊ တစ်လမ်းလုံး အဆာခံပြီး နယူး ဟေဗင်ကို ရောက်မှ စားမလား ဆိုတဲ့ ကိစ္စဗျ'

ထိုနေ့ညတွင် ကျွန်ုပ်တို့သည် ဘရပ်ဆဲသို့ ရောက်ကြပြီး နှစ်ရက်မျှ နား နေကာ တတိယမြောက်နေ့တွင် စထရာဘော့မြို့သို့ လာခဲ့ကြလေ၏။ တနင်္လာ နေ့ မနက်တွင် ရှားလော့ဟုမ်းသည် လန်ဒန် ပုလိပ် အဖွဲ့သို့ ကြေးနန်း တစ်စောင် ရိုက်လိုက်ရာ ညနေပိုင်း ဟိုတယ်သို့ ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် ကျွန်ုပ်တို့အား စောင့်ကြိုလျက် ရှိသော ပုလိပ် အဖွဲ့မှ ကြေးနန်း တစ်စောင်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်းသည် ကြေးနန်း စာအိတ်ကို ဖောက်ဖတ်လိုက်ပြီး နောက် ပျစ်ပျစ်နစ်နစ် ကျိန်ဆဲကာ စာရွက်ကို လုံးပြီး မီးဖိုထဲသို့ ပစ်ထည့်လိုက် လေ၏။





'သွားပါပြီဗျာ၊ ကျုပ် ထင်တဲ့ အတိုင်းပဲ၊ ငနဲကြီး လွတ်သွားပြီ'

'မော်ရီယာတီလား'

'ငနဲကြီးက လွဲရင် အားလုံး ဖမ်းမိတယ်ဗျ၊ ငနဲကြီးတော့ လွတ်သွားတယ်၊ အင်း ကျုပ် မရှိတော့ ငနဲကြီးကို ပြိုင်နိုင်တဲ့လူ တစ်ယောက်မှ မရှိတော့ဘူးပေါ့ ဗျာ၊ ဒါပေမဲ့ ကျုပ်ကလည်း ဒီလောက်တော့ သူတို့ လုပ်နိုင်လိမ့်မယ်လို့ ထင်ခဲ့ တာကိုး၊ ကဲ ဝပ်ဆင်၊ ခင်ဗျား အင်္ဂလန်ကို ပြန်ရင် ကောင်းမယ် ထင်တယ်'

'ဘာဖြစ်လို့'

'ကျုပ်နှင့် လိုက်ရင် ခင်ဗျားမှာ အန္တရာယ် အများကြီး ရှိတယ်၊ ခု ဒီ ငနဲကြီး ဟိုမှာ လုပ်စရာ မရှိတော့ဘူး၊ လန်ဒန် ပြန်ရင် ဒုက္ခ ရောက်မှာပဲ၊ ဒီ တော့ ဒီငနဲကြီး လှမ်းမယ့် ခြေလှမ်းကို ကျုပ် သိသလောက် ပြောရရင် ကျုပ်ကို လက်စားချေဖို့ လုံးပန်းတော့မှာပဲ၊ ကျုပ်နှင့် တွေ့တုန်းက ကျုပ်ကို ပြောင် ပြောလိုက်ပြီးပြီ၊ ပြောတဲ့ အတိုင်းလည်း လုပ်မှာ သေချာတယ်၊ ဒီတော့ ခင်ဗျား လန်ဒန်ကို ပြန်ပြီး အေးအေးဆေးဆေး ဆေးကုနေပေတော့'

ကျွန်ုပ်မှာ စစ်ပွဲ အမျိုးမျိုးကို နွှဲလာဖူးရုံမျှမက ရှားလော့ဟုမ်း၏ မိတ် ဆွေဟောင်းကြီး တစ်ယောက်လည်း ဖြစ်သည့် အလျောက် ရှားလော့ဟုမ်း၏ အကြံပေးချက်ကို လက်ခံနိုင်စရာ အကြောင်း မရှိချေ။ ကျွန်ုပ်တို့ နှစ်ယောက် သည် စထရာဘော့ ဟိုတယ် အောက်ထပ်တွင် ထိုင်ကာ ထိုအကြောင်းကို နာရီဝက်ခန့် ငြင်းခုံလျက် ရှိကြ၏။ သို့ရာတွင် ထိုနေ့ ညဥ့်မှ ကျွန်ုပ်တို့ နှစ်ဦး သည် ခရီး ဆက်လက် ထွက်ခွာလာခဲ့ကြကာ ဂျနီဗာ မြို့သို့ ရောက်လာခဲ့ကြ လေ၏။

ကျွန်ုပ်တို့သည် ပျော်စရာ ကောင်းသည့် သီတင်း တစ်ပတ်လုံး ရိုနီ တောင်ကြားတွင် လှည့်လည်ခဲ့ကြပြီးနောက် လီယုမြို့သို့ အရောက်တွင် နှင်းတွေ ဖုံးလျက် ရှိသေးသော ဂျင်မီ တောင်ကြားကို ဖြတ်၍ အင်တာလေကင်ကိုမှ တစ်ဆင့် မေရင်ဂျင်မြို့သို့ လာခဲ့ကြလေ၏။ ထိုခရီးမှာ အလွန် သာယာသည့် ခရီးဖြစ်ပြီး အောက်တွင် လှပသည့် နွေဦးကြောင့် စိမ်းစိုလျက် ရှိပြီး တောင်ထွတ် များပေါ်တွင်မူ ဆောင်းနှင်းတွေ ဖုံးလျက် ရှိပေသေး၏။ သို့ရာတွင် ရှားလော့ ဟုမ်းကား သူ့ အပေါ်တွင် ထိုးလျက်ရှိသော အရိပ် မည်းမည်းကြီးကို တစ်ချက်မျှ မေ့လျော့ခြင်း မရှိဘဲ အမြဲ သတိထားလျက် ရှိခြင်းကို ကျွန်ုပ် သတိပြုမိပေ၏။ ဖော်ရွေသည့် အယ်လပိုင်း ရွာကလေးများသို့ ရောက်သည် ဖြစ်စေ၊ လူသူ ပြတ် သည့် တောင်ကြားလမ်းများကို ဖြတ်သည့် အခါတွင် ဖြစ်စေ ကျီးကန်း တောင်း



www.burmeseclassic.com

www.burmeseclassic.com



မှောက် မျက်လုံးများဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုလျက် ရှိခြင်း၊ ကျွန်ုပ်တို့နှင့် တွေ့သူများ၏ မျက်နှာများကို သေချာစွာ စူးစိုက် အကဲခတ်ခြင်းတို့ကို ထောက် လျှင် ရှားလော့ဟုမ်းသည် မည်သည့် နေရာသို့ ရောက် ရောက် ရောက်သည့် နေရာတွင် ကျွန်ုပ်တို့ နောက်မှ အန္တရာယ် ထက်ကြပ် လိုက်ပါလာခြင်းကို သတိ ပြုမိပုံ ရကြောင်း ယခုတိုင် ကျွန်ုပ် ပြောနိုင်ပေသေးသည်။

တစ်ချိန်တွင်မူ ကျွန်ုပ်တို့သည် ဂျင်မီ တောင်ကြားကို ဖြတ်လာစဉ် ကျွန်ုပ် တို့ ညာဘက် တောင်စောင်းမှ ကျောက်တုံးကြီး တစ်လုံး ပြုတ်ကျလာတာ ကျွန်ုပ်ကို နောက်နားမှ နေ၍ ရေအိုင်ကြီးထဲသို့ ဝုန်းခနဲ ကျသွား၏။ ရှားလော့ ဟုမ်းသည် တောင်စောင်းသို့ ချက်ချင်း ပြေးတက်သွားကာ ထိပ်မှ နေ၍ အရပ် လေး မျက်နှာသို့ မျှော်ကြည့်နေသည်ကို ကျွန်ုပ် တွေ့ရ၏။ ဤနေရာ တစ်ဝိုက်၌ နွေဦး ပေါက်လျှင် ကျောက်တောင်များ ပြိုလေ့ ရှိကြောင်း လမ်းပြက ရှင်းလင်း ပြောပြသည့်တိုင် ရှားလော့ဟုမ်း လက်ခံခြင်း မပြုချေ။ ရှားလော့ ဟုမ်းသည် မည်သို့မျှ ပြောဆိုခြင်း မရှိဘဲ မိမိ မျှော်မှန်းထားသည့် ရည် ရွယ်ချက် တစ်ခု ပြီးမြောက်သည် ကို မြင်ရသည့် လူတစ်ယောက်၏ ဟန်မျိုးဖြင့် ကျွန်ုပ်အား ပြုံးပြုံးကြီး ကြည့်လျက် ရှိသည်ကို တွေ့ရလေ ၏။


ကျွန်ုပ်တို့ ညာဘက် တောင်စောင်းမှ ကျောက်တုံးကြီး တစ်လုံး ပြုတ်ကျလာသည်။

ဤသို့ သတိ ဝီရိယနှင့် နေရသည့်တိုင် ရှား လော့ ဟုမ်း မှာ စိတ်ပျက် ညှိုးငယ်ခြင်းကား အလျှင်း မရှိချေ။ ထိုမျှမက ကျွန်ုပ် တစ်သက်တွင် ရှားလော့ဟုမ်း ဤ မျှ ရွှင်လန်း တက်ကြွလျက် ရှိသည် ကို ဤတစ်ကြိမ်သာ မြင်ဖူးသေး ၏။ လောကကြီးတွင် ပါမောက္ခ မော်ရီယာတီလို လူဆိုး လူယုတ် မရှိတော့ဟု ဆိုလျှင် သူ နှစ်သက်





သော စုံထောက် အလုပ်ကို ရာသက်ပန် စွန့်လွှတ်လိုက်တော့မည်ဟုပင် မကြာ ခဏ ကျွန်ုပ်ကို ပြောပြတတ်သေး၏။

'အိုင်ဆေး ဝပ်ဆင်ရေ၊ လောကကြီးမှာ ကျုပ် လူ လာဖြစ်ရတာ အချည်း နှီးတော့ မဖြစ်ပါဘူးဗျ၊ ဒါကိုတော့ ကျုပ် ရဲရဲ ပြောနိုင်ပါတယ်၊ ဒီနေ့ည ကျုပ် စုံထောက် အလုပ်ကို စွန့်လွှတ်လိုက်ရရင်လည်း ကျုပ် ဝမ်းမနည်းပါဘူး၊ ကျုပ် ရှိနေတဲ့ အတွက် လန်ဒန်မြို့ကြီးရဲ့ လေဟာ ပိုပြီး လတ်ဆတ် သန့်ရှင်း နေတယ် ဆိုရင် ဒီအတွက် ကျုပ် ဂုဏ်ယူတယ်၊ ကျုပ် တစ်သက် လိုက်ခဲ့တဲ့ အမှုတွေထဲမှာ မှားတဲ့ဘက်က လိုက်ခဲ့တာမျိုး တစ်ခါမှ မရှိသေးဘူးလို့ ထင်တာ ပဲ၊ ခုတစ်လောမှာတော့ ကျုပ် စဉ်းစားမိတယ်ဗျ၊ သိလား၊ ကျုပ်တို့ လောကကြီး က အတုအယောင် လောကကြီး၊ ဒီအတုအယောင် လောကကြီးကြောင့် ဖြစ်လာ ရတဲ့ အပေါယံ ပြဿနာတွေကို လိုက်ပြီး စိတ်ဝင်စားနေတာထက် သဘာဝ ကြီးက ဖန်တီးပေးလိုက်တဲ့ လေးနက်တဲ့ ပြဿနာတွေကို လေ့လာတာက ပိုများ ကောင်းလေမလားလို့ စိတ်ကူး ပေါ်နေတယ်၊ အင်း ဥရောပမှာ အန္တရာယ် အကြီး ဆုံး၊ အစွမ်းအစ အရှိဆုံး ရာဇဝတ်ကောင်ကြီးကို ဖမ်းမိရင် သို့မဟုတ် ဒီကောင် ကြီးကို ရှင်းပြီးရင် ခင်ဗျား မှတ်တမ်းတွေကို နိဂုံးချုပ်နိုင်တော့မှာပါ'

ကျန်အပိုင်းများကို ကျွန်ုပ် အကျဉ်းချုံး၍ ဖော်ပြပါတော့မည်။ သို့ရာတွင် တိကျ နိုင်သမျှ တိကျစွာ ဖော်ပြရမည်မှာ ကျွန်ုပ်၏ တာဝန် ဖြစ်ပေရကား ထိုအကြောင်း များကို ဖော်ပြရန် ဝန်လေးသည့်တိုင် အသေးစိတ် အချက်အလက်များကို ချန်လှပ် ထားခြင်းငှာ မသင့်ဟု ကျွန်ုပ် ယူဆပါသည်။

မေလ ၃ ရက်နေ့တွင် ကျွန်ုပ်တို့သည် မေရင်ဂျင် ရွာကလေးသို့ ရောက်ကြပြီး ပီတာ စတေးလား ဆိုသူ ပိုင်သည့် အင်ဂလစ်ရှား ဟိုတယ်ကလေးတွင် တည်း ခိုလျက် ရှိကြလေ၏။ ဟိုတယ် ပိုင်ရှင်မှာ ပါးနပ် ထက်မြက်သူ တစ်ယောက် ဖြစ်၍ လန်ဒန်ရှိ ဂရိုစဗီနာ ဟိုတယ်တွင် စားပွဲထိုး လုပ်ခဲ့ဖူးသည့် အလျောက် အင်္ဂလိပ် စကားကိုလည်း သွက်လက်စွာ ပြောဆိုနိုင်သူ တစ်ယောက် ဖြစ်လေ ၏။ သူ၏ အကြံပေးချက် အရ ကျွန်ုပ်တို့သည် မေလ ၄ ရက်နေ့ ညနေတွင် တောင်ပေါ်သို့ တက်ကာ ညတွင် တောင်ပေါ် စခန်း တစ်ခုသို့ အိပ်ရန် ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြလေ၏။ သို့ရာတွင် တောင်ကလပ်တွင် ရှိသည့် ရိုင်ခင်ဘက် ရေတံခွန်နားသို့ သွားရောက်ခြင်း မပြုရန်၊ ရေတံခွန်ကို ကြည့်လိုလျှင် တခြား တစ်နေရာမှ ကွေ့ပတ်၍ သွားရောက် ကြည့်ရှုရန် အသေအချာ မှာလိုက်လေ၏။

စင်စစ်အားဖြင့် ထိုရေတံခွန်မှာ အလွန် ကြောက်စရာ ကောင်းသည့် နေရာ ဖြစ်လေ၏။ နှင်းခဲတို့ အရည်ပျော်စ ပြုသဖြင့် ရေစီး အလွန် သန်ကာ ရေလုံးကြီးများသည် ချောက်ကမ်းပါးကြီးထဲသို့ တဝေါဝေါ အော်မြည် ကျဆင်းလျက် ရှိလေရာ အောက်တွင် ရေပန်း ရေမှုန်များသည် မီးလောင်နေသည့် အိမ်တစ်အိမ်မှ မီးခိုးလုံးကြီးများသဖွယ် အထက်သို့ ပျံတက်လျက် ရှိလေ၏။ ရေတံခွန် စီးဆင်းသွားရာ ချောက်ကြီးမှာ အလွန် မတ်စောက်သော ချောက်ကမ်းပါးကြီး တစ်ခု ဖြစ်လျက် တစ်ဖက် တစ်ချက်တွင် ကျောက်မီးသွေးရောင် မည်းနက် တောက်ပြောင်နေသော ကျောက်ဆောင်ကြီးများသည် မိုးထိမတတ် မြင့်မားလျက် ရှိလေရာ အောက်သို့ ငုံ့ကြည့်လိုက်လျှင် တဝုန်းဝုန်း မြည်နေသည့် ဂလိုင်ကြီး တစ်ခု ဖြစ်လျက် ရှိပြီး အချို့ ရေလုံးကြီးများသည် အထက် ကျောက်စွန်းများကို တဝုန်းဝုန်း ရိုက်လျက် ရှိလေ၏။ စိမ်းလဲ့နေသော ရေကြောင်းကြီးသည် အဟုန်ဖြင့် စီးလာခဲ့ပြီး ကမ်းပါးစောင်းသို့ ရောက်သည့် အခါတွင် အောက်သို့ တစ်ဟုန်ထိုး ကျဆင်းလျက် ရှိ၍ အောက်သို့ အကျတွင် ရေပန်းတို့ ဖွာထွက်ကာ အထက်သို့ ပျံတက်လျက် ရှိပြီး ရေလုံးကြီးတို့၏ အော်မြည်သံသည် တော်တော့် လူ တစ်ယောက်ကို မူးဝေ ချောက်ချား သွားစေနိုင်ပေ၏။ ကျွန်ုပ်တို့သည် ကမ်းပါး အစွန်းတွင် ရပ်လျက် ကျောက်ဆောင်နက်ကြီးများကို ရိုက်နေသည့် ရေလုံးကြီးများကို ငုံ့ကြည့်ရင်း ကမ်းပါး အောက်မှ လူအော်နေသည့် အသံနှယ် တဝုန်းဝုန်း အော်မြည်နေသည့် လှိုင်းသံများကို နားထောင် နေမိကြလေ၏။

ရေတံခွန်ကို ကောင်းကောင်း မြင်နိုင်ရန် အတွက် ဖြတ်လမ်း ဖောက်ထားလေ၏။ သို့ရာတွင် လမ်းသည် ကမ်းပါးစွန်းတွင် ဆုံးသွားသည့် အတွက် တောင်ကလပ်ပေါ်သို့ ပြန်တက်လိုလျှင် လာလမ်း အတိုင်း ပြန်တက်ရမည် ဖြစ်၏။ ကျွန်ုပ်တို့သည် ရေတံခွန်ကို ဆင်းကြည့်ပြီးနောက် တောင်ကလပ်သို့ တက်သည့် လမ်းကလေး အတိုင်း ပြန်တက်လာခဲ့သည်တွင် စာ တစ်စောင်ကို ကိုင်ကာ ကျွန်ုပ်တို့ထံ ပြေးလာနေသည့် ဆွစ် အမျိုးသား လူငယ် တစ်ယောက်ကို မြင်ရလေ၏။ စာမှာ ကျွန်ုပ်တို့ တည်းခိုသည့် ဟိုတယ် တံဆိပ် ရိုက်ထားပြီး ဟိုတယ်ပိုင်ရှင်က ကျွန်ုပ်ကို အမည် တပ်၍ ပေးလိုက်သည့် စာ ဖြစ်လေ၏။ စာ၏ သဘောမှာ ကျွန်ုပ်တို့ ထွက်သွားပြီးနောက် မကြာမီတွင် အင်္ဂလိပ် အမျိုးသမီး





တစ်ဦး ရောက်လာကြောင်း၊ ထို အမျိုးသမီးမှာ အဆုတ်နာ ရောဂါ စွဲကပ်လျက် ရှိပြီး အခြေအနေ ဆိုးလျက် ရှိကြောင်း၊ ဒါဗိုတွင် လာရောက် ဆေးကုလျက် ရှိပြီး လူစန်းမြို့ရှိ သူ့အဖော်များထံသို့ သွားရန် ဖြစ်ကြောင်း၊ လမ်းတွင် ချောင်း အကြီးအကျယ် ဆိုးဆာ သွေးအန်သဖြင့် ဟိုတယ်တွင် လက်ခံထားရကြောင်း၊ အမျိုးသမီးမှာ နာရီ အနည်းငယ်လောက်သာ အသက် ရှင်နိုင်တော့မည် ထင်ကြောင်း၊ သူ့ အနေဖြင့် အင်္ဂလိပ် ဆရာဝန် တစ်ယောက်ကို ပြလိုသော ဆန္ဒ ရှိနေကြောင်း၊ ကျွန်ုပ် ပြန်လာနိုင်က ခဏ ပြန်လာ၍ ကြည့်ရှုစေလိုကြောင်း စသည်ဖြင့် ပါရှိလေ၏။ အမျိုးသမီးမှာ ဆွစ်ဇာလန် ဆရာဝန်နှင့် မပြလိုဟု အကျောက်အကန် ငြင်းဆန်လျက် ရှိကြောင်း၊ ထို့ကြောင့် ကျွန်ုပ် လိုက်လာစေလိုကြောင်း၊ မိမိမှာ ဟိုတယ်ပိုင်ရှင် တစ်ဦး အနေဖြင့် တာဝန် ရှိသည့် အတွက် ယခုကဲ့သို့ အကြောင်း ကြားရခြင်း ဖြစ်ကြောင်းနှင့် နောက်ဆက်တွဲ ရေးသားထားသည်ကိုလည်း တွေ့ရလေ၏။

ကျွန်ုပ်မှာ ထိုတောင်းပန်ချက်ကို လျစ်လျူရှု၍ မဖြစ်နိုင်တော့ချေ။ တိုင်းတစ်ပါးတွင် သေရတော့မည့် အင်္ဂလိပ် အမျိုးသမီး တစ်ယောက်၏ မေတ္တာရပ်ခံချက်ကို ငြင်းပယ်၍လည်း မဖြစ်နိုင်တော့ချေ။ သို့ရာတွင် ရှားလော့ဟုမ်းအား တစ်ယောက်တည်း ထားခဲ့ရမည်ကို ကျွန်ုပ် စိတ်မချနိုင်အောင် ဖြစ်လျက် ရှိလေ၏။ နောက်ဆုံး၌ ကျွန်ုပ် မေရင်ဂျင်သို့ သွားနေစဉ် ဆွစ် အမျိုးသား လူငယ်ကို အဖော် လမ်းပြ အဖြစ် ခေါ်ထားလိုက်ရန် စီစဉ်ခဲ့ရလေ၏။ ရှားလော့ဟုမ်းက သူသည် အချိန် အတန်ကြာသည် အထိ ရေတံခွန်နားတွင် နေခဲ့ဦးမည် ဖြစ်ကြောင်း၊ ထိုမှ တောင်ကလပ်သို့ တက်၍ ရိုစင်လောသို့ သွားမည် ဖြစ်ကြောင်း၊ ညနေ ကျွန်ုပ် ပြန်လာသည့် အခါတွင် ရိုစင်လောတွင် တွေ့ဆုံကြမည် ဖြစ်ကြောင်း ပြောပြလိုက်လေ၏။ ကျွန်ုပ် ပြန်လာသည့် အခါတွင် ရှားလော့ဟုမ်းသည် ကျောက်ဆောင်ကြီး တစ်ခုကို မှီကာ လက်ပိုက်၍ ရပ်ရင်း တဝေါဝေါ ဆင်းနေသည့် ရေတံခွန်ကြီးကို ငုံ့ကြည့်လျက် ရှိသည်ကို မြင်ခဲ့ရလေ၏။ ဤသည်မှာ ဤ ကမ္ဘာ လောကကြီးတွင် ရှားလော့ဟုမ်းအား ကျွန်ုပ် နောက်ဆုံး မြင်ခဲ့ရခြင်းပင် ဖြစ်ပေ၏။

ကျွန်ုပ်သည် စိတ်မချနိုင်သဖြင့် တောင်ကလပ် ခြေရင်းသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်း ရပ်နေရာသို့ ပြန်၍ လှည့်ကြည့်မိသေး၏။ ကျောက်ဆောင်များ ကွယ်လျက် ရှိသဖြင့် ရေတံခွန်ကိုကား မမြင်ရတော့ချေ။ သို့ရာတွင် တောင်ကလပ်သို့ တက်ကာ ရေတံခွန်ဆီသို့ သွားသော ကွေ့ကောက်နေသည့်



www.burmeseclassic.com

www.burmeseclassic.com





*ရှားလော့ဟုမ်းသည်*
*ကျောက်ဆောင်ကြီး တစ်ခုကို မှီကာ*
*လက်ပိုက်၍ ရပ်ရင်း ရေတံခွန်ကြီးကို ငုံ့ကြည့်လျက် ရှိသည်။*





လမ်းကလေးကိုမူ မြင်ရပေသေး၏။ ထိုလမ်းကလေးပေါ်တွင် လူတစ်ယောက် လျင်မြန်စွာ လျှောက်သွားနေသည်ကို ကျွန်ုပ် မြင်ယောင်လျက် ရှိသေး၏။ စိမ်းလန်းသော တောအုပ်များ နောက်ခံတွင် မည်းမည်း သဏ္ဌာန် ပေါ်နေသည့် ထိုလူကို ထင်ရှားစွာ မြင်နေရပေ၏။ ကျွန်ုပ်သည် ထိုလူ၏ သဏ္ဌာန်ကို လည်းကောင်း၊ ရေးကြီးသုတ်ပျာ သွားလျက် ရှိခြင်းကို လည်းကောင်း သတိပြုလိုက်မိသော်လည်း ကိုယ့် ကိစ္စနှင့် ဖြစ်နေသဖြင့် ခဏ ကြာလျှင် သူ့ အကြောင်းကိုလည်း မေ့မေ့ ပျောက်ပျောက် ဖြစ်သွားလေ၏။

နောက် တစ်နာရီ ကျော်ကျော် ကြာသည့် အခါတွင် ကျွန်ုပ်သည် မေရင်ဂျင်သို့ ပြန်ရောက်လာခဲ့လေ၏။ ဟိုတယ် ပိုင်ရှင် စတေးလားမှာ ဟိုတယ်၏ ဆင်ဝင် အောက်တွင် ရပ်နေလေ၏။

ကျွန်ုပ်က သူ့ဆီသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ရင်း

'လူမမာ အခြေအနေ ဘယ်လို နေသေးသလဲဗျို့၊ သက်သာရဲ့လား'

စတေးလား၏ မျက်နှာပေါ်တွင် အံ့အားသင့်သည့် အရိပ်အယောင် ပေါ်လာကာ သူ့ မျက်လုံးကို ပင့်လိုက်သည်ကို မြင်လိုက်သည့် အခါတွင် ကျွန်ုပ်ရင်ထဲတွင် ရှိသည့် နှလုံးမှာ ကျောက်ခဲတုံးကြီးကဲ့သို့ လေးလံသွားခဲ့လေပြီ။

ကျွန်ုပ်က အင်္ကျီအိတ်ထဲမှ စာကို ထုတ်ပြလိုက်ပြီး

'ဒီစာကို ခင်ဗျား ရေးလိုက်တာ မဟုတ်လား၊ ဟိုတယ်မှာ နေထိုင်မကောင်းတဲ့ အင်္ဂလိပ် အမျိုးသမီး လူမမာ တစ်ယောက် ရှိတယ်ဆို'

'မရှိပေါင်ဗျာ၊ ဒါပေမဲ့ စာရွက်ပေါ်မှာ ရိုက်ထားတာကတော့ ကျွန်တော့် ဟိုတယ် တံဆိပ်ပဲ၊ ဪ ဟုတ်ပြီ၊ ဆရာတို့ ထွက်သွားပြီး မကြာခင် ထောင်ထောင်မောင်းမောင်း အင်္ဂလိပ် တစ်ယောက် ရောက်လာတယ် ခင်ဗျ၊ တော့သူ ရေးလိုက်တဲ့ စာပဲ ဖြစ်မှာပဲ၊ သူက ပြောတော့'

ကျွန်ုပ်သည် ဟိုတယ် ပိုင်ရှင် ပြောပြသည်ကို ဆုံးအောင် နားမထောင်တော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့လေ၏။ ကျွန်ုပ်သည် စိုးရိမ်တကြီးဖြင့် ရွာလမ်းကလေး အတိုင်း ပြေးလာခဲ့ပြီးလျှင် မကြာမီက လာခဲ့သည့် တောင်ကလပ်သို့ တက်သည့် လမ်းကလေး အတိုင်း ပြေးတက်လာခဲ့လေရာ တစ်နာရီခန့် ကြာမှ ရေတံခွန်နား ရောက်လာခဲ့လေ၏။ ရှားလော့ဟုမ်း ကိုင်သည့် တုတ်ကောက်လေးမှာ ကျွန်ုပ် ထွက်လာခဲ့စဉ်က အတိုင်းပင် ကျောက်ဆောင်ကို မှီ၍ ထောင်လျက်သား ရှိနေလေ၏။ သို့ရာတွင် ရှားလော့ဟုမ်းကိုမူကား အရိပ်အယောင်မျှပင် မမြင်ရချေ။ ကျွန်ုပ်က အော်ခေါ်သော်လည်း အချည်းနှီးသာ ဖြစ်လျက်ပတ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လည်ရှိ ကျောက်ဆောင်ကြီးမှ ပွဲတင် ရိုက်၍ ပြန်လာသည့် ကျွန်ုပ်၏ အသံ ကိုသာ ပြန်၍ ကြားနေရလေ၏။

ကျွန်ုပ်သည် ကျောက်ဆောင်တွင် ထောင်ထားသည့် တုတ်ကောက်ကို မြင်လိုက်ရသည့် အတွက် ပို၍ စိုးရိမ်လျက် ရှိလေ၏။ ဤတုတ်ကောက် ရှိသေး သည်ကို ထောက်လျှင် ရှားလော့ဟုမ်းသည် ရိုဇင်လောသို့ မသွားသေးကြောင်းမှာ ထင်ရှားလျက် ရှိ၏။ ရှားလော့ဟုမ်းသည် တစ်ဖက်တွင် ကျောက်ဆောင်ကြီး ရှိပြီး အခြား တစ်ဖက်တွင် ရေတံခွန်ကြီးကို မိုးနေသည့် သုံးပေ ကျယ်သည့် လမ်းကလေးပေါ်တွင် ရှိနေစဉ် ရန်သူ၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရဟန် တူလေ ၏။ ကျွန်ုပ် ရောက်သွားသည့် အချိန်တွင် သူနှင့် ကျန်ခဲ့သည့် ဆွစ် အမျိုးသား လူငယ်ကိုလည်း မတွေ့ရတော့ချေ။ ထိုသူငယ်သည် မော်ရီယာတီ၏ လူ ဖြစ်ဟန် ရှိ၍ သူတို့ နှစ်ယောက်အား ထားပစ်ခဲ့ပြီး ထွက်ခွာသွားဟန် ရှိပေ၏။ ထို နောက်တွင် မည်သို့ ဖြစ်လေသနည်း။ မည်သို့ မည်ပုံ ဖြစ်ကြသည်ကို ကျွန်ုပ်တို့ မည်သို့ သိနိုင်တော့မည်နည်း။

ကျွန်ုပ်သည် ညက ကြောက်ဖွယ် အဖြစ်အပျက်ကြောင့် ဘာကိုမျှ တည် တည်ငြိမ်ငြိမ် စဉ်းစားနိုင်ခြင်း မရှိသည့် အတွက် အတန်ကြာမျှ ရပ်ကာ ကိုယ့် စိတ်ကိုယ် တည်ငြိမ်အောင် ကြိုးစားယူရ၏။ ထိုနောက်၌ ကျွန်ုပ်သည် ရှားလော့ ဟုမ်း သုံးသည့် နည်းများကို အသုံးပြုကာ ထိုကိစ္စကို အဖြေ ထုတ်ယူရန် ကြိုး စား ကြည့်လေ၏။ အလိုလေး၊ ထိုသို့ တွေးလိုက်သည့် အခါတွင် အဖြေသည် လွယ်လွယ်နှင့် ထွက်လျက် ရှိလေပြီ။ ကျွန်ုပ်တို့ နှစ်ယောက် အတူ ရှိခဲ့စဉ်က ကျွန်ုပ်တို့သည် ရေတံခွန်နားသို့ သွားရောက်ခြင်း မပြုခဲ့ကြချေ။ တုတ်ကောက် လေး ထောင်ထားသည့် နေရာတွင်သာ ရပ်နေခဲ့ကြခြင်း ဖြစ်ပေ၏။ ထိုနေရာမှ လွန်လျှင် အောက်မှ ရေမြှားများ ပက်ဖျန်းထားသည် ဖြစ်၍ မည်းနက်သော မြေ ကြီးများသည် အမြဲ စိုစွတ်လျက် ရှိသဖြင့် လူခြေရာ မပြောနှင့် ငှက်ကလေး တစ်ကောင်၏ ခြေရာကိုပင် အတိုင်းသား တွေ့နိုင်ပေ၏။ ကျွန်ုပ်သည် လမ်း ကလေး အတိုင်း လျှောက်၍ ကြည့်သည့် အခါတွင် ရေတံခွန်စပ်သို့ သွားသော ခြေရာ နှစ်စုံကို ထင်းထင်းကြီး တွေ့ရလျက် ထိုခြေရာ နှစ်ခုစလုံးပင် အသွားသာ ရှိ၍ ရေတံခွန်မှ ပြန်တက်လာသော အပြန် ခြေရာကိုမူ မတွေ့ရချေ။ ရေတံခွန် နားသို့ အရောက်တွင်မူ မြေကြီးသည် ထွန်ဖြင့် ထွန်ယက်ထားသကဲ့သို့ ပွရောင်း လျက် ရှိကာ ကမ်းပါး အစွန်းတွင် ပေါက်နေသည့် သစ်ပင် မြက်ပင်တို့မှာလည်း ကြေမွ ပြိုလဲလျက် ရှိကြလေ၏။ ကျွန်ုပ်သည် ဝမ်းလျား မှောက်ကာ ရေတံခွန်





ကြီးကို ငုံ့ကြည့်လိုက်သည်တွင် ရေပန်း ရေမြှားတို့သည် အောက်မှ ပွုံ့ဝဲ တက် လာကြကာ ကျွန်ုပ် အနီးတွင် တဖွဲဖွဲ ကျလျက် ရှိလေ၏။ ကျွန်ုပ် ပြန်ရောက် လာသည့် အခါတွင် မှောင်စပြုနေပြီ ဖြစ်သည့် အလျောက် မည်းနက်သော ကျောက်ဆောင်ကြီးများပေါ်တွင် တင်နေသည့် ရေစက် ရေမြှားတို့ကို သဲသဲကွဲကွဲ မမြင်ရတော့ဘဲ ဟိုတစ်ကွက် သည်တစ်ကွက်မျှလောက်ကိုသာ မြင်ရလေ၏။ ကျွန်ုပ်သည် ရှားလော့ဟုမ်းကို ခေါ်ကြည့်သေးသော်လည်း ကျွန်ုပ်၏ အသံသာ လျှင် ပွဲတင် ထပ်၍ ပြန်လာလေ၏။

ရှားလော့ဟုမ်းသည် ကျွန်ုပ်၏ ရဲဘော်လည်း ဖြစ် မိတ်ဆွေလည်း ဖြစ် သည့် အလျောက် အနည်းဆုံး ကျွန်ုပ် အတွက် နှုတ်ခွန်းဆက် စကားကလေး တစ်ခွန်းကိုမူ ထားခဲ့တန်ရာသည်ဟု ကျွန်ုပ် စိတ်တွင် ထင်မှတ်လျက် ရှိလေ၏။ သူ ကိုင်သည့် တုတ်ကောက်မှာ ရေတံခွန်သို့ ဆင်းသည့် လမ်းကလေး ဘေး ကျောက်ဆောင် တစ်ခုတွင် ထောင်လျက်သား ရှိနေသည်ဟု ကျွန်ုပ် ပြောခဲ့ပြီး လေပြီ။ ထိုတုတ်ကလေး ရှိရာသို့ ကျွန်ုပ် လှမ်းကြည့်လိုက်သည့် အခါတွင် တုတ် ထောင်ထားသော ကျောက်ဆောင်ထိပ်တွင် တလက်လက် ပြောင်နေသည့် အရာကလေး တစ်ခုကို မြင်လိုက်ရသဖြင့် ကောက်ကြည့်လိုက်ရာ ရှားလော့ဟုမ်း အမြဲ သုံးလေ့ရှိသည့် ငွေ စီးကရက် ဘူးကလေး ဖြစ်နေပြီး စီးကရက်ဘူးကို ယူလိုက်သည့် အခါတွင် အောက်မှ လေးထောင့်စပ်စပ် စာရွက်ကလေး တစ်ရွက် ကို တွေ့ရလေ၏။ စာကို ဖွင့်ဖတ်လိုက်သည့် အခါတွင် မှတ်စု စာအုပ်မှ ဆုတ် ထား၍ ရေးထားသော စာရွက် သုံးရွက်ကို မြင်ရပြီး ကျွန်ုပ်ထံ လိပ်တပ် ထား သည်ကို တွေ့ရလေ၏။ စာမှာ အိမ် ဧည့်ခန်းတွင် အေးအေးဆေးဆေး ထိုင်ရေး လိုက်သကဲ့သို့ ဖြောင့်တန်းလျက် ရှိပြီး လက်ရေးမှာလည်း ဝိုင်းစက် လှပလျက် ရှိလေရာ ဤသည်ပင်လျှင် ရှားလော့ဟုမ်း၏ ထူးခြားသည့် စရိုက်ဟု ကျွန်ုပ် ဆိုချင်ပါတော့သည်။

မိတ်ဆွေကြီး ဝပ်ဆင်၊ ကျွန်ုပ်နှင့် သူ့ အကြားတွင် ရှိသည့် ပြဿနာများကို နောက်ဆုံး ဆွေးနွေးရန် ကျွန်ုပ် အားလပ်သည် အထိ စောင့်ဆိုင်းလျက် ရှိသော မစ္စတာ မော်ရီယာတီ၏ ခွင့်ပြုချက်ဖြင့် ဤစာ ကို ရေးလိုက်ခြင်း ဖြစ်ပါသည်။ အင်္ဂလိပ် ပုလိပ် အဖွဲ့အား သူ မည်သို့ ရှောင်တိမ်းခဲ့ပုံ၊ ကျွန်ုပ်တို့၏ လှုပ်ရှားမှုများကို သူ မည်သို့ နောက်ယောင် ခံခဲ့ပုံတို့ကို မစ္စတာ မော်ရီယာတီက ပြောပြပြီး ဖြစ်ပါသည်။ မစ္စတာ မော်ရီယာတီသည် ကျွန်ုပ် ထင်သည့်အတိုင်း အစွမ်းအစ ရှိသူ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းကို ထိုအချက်များက သက်သေပြလျက် ရှိပါသည်။ မစ္စတာ မော်ရီယာတီလို လူတစ်ယောက်ကို သုတ်သင် ရှင်းလင်းနိုင်လျှင် တော် တော ရှင်းတော့မည်ဟု တွေးမိတိုင်း ကျေနပ်မိသော်လည်း ကျွန်ုပ်၏ မိတ်ဆွေများနှင့် အထူးသဖြင့် မိတ်ဆွေကြီး ဝပ်ဆင်တို့ ပေးရမည့် တန်ဖိုး မှာ ကြီးလှသည့် အတွက် စိတ်တော့ မကောင်းလှပါ။ သို့ရာတွင် ကျွန်ုပ်၏ စုံထောက် အလုပ်သည် အထွတ်အထိပ်သို့ ရောက်ပြီ ဖြစ်ကြောင်း၊ စုံ ထောက် အလုပ်ကို နိဂုံးချုပ်ရလျှင် ဤလို နိဂုံးချုပ်ရခြင်းမျိုးကို အနှစ် သက်ဆုံး ဖြစ်ကြောင်း မိတ်ဆွေကြီးအို ကျွန်ုပ် ပြောပြခဲ့ပြီး ဖြစ်ပါသည်။ မိတ် ဆွေကြီးကို ခပ်ရှင်းရှင်း ဝန်ခံရမည် ဆိုလျှင် မေရင်ဂျင်မှ ပေးလိုက်သည့် စာသည် တမင်သက်သက် လုပ်ကြံ လီဆယ်၍ ပေးလိုက်သော စာ ဖြစ် ကြောင်း ကျွန်ုပ် အစကတည်းက သိ ခဲ့ပါသည်။ ယခုလို အဖြစ်မျိုး ဖြစ် မည်ဟု တွက်ဆမိသည့် အတွက် မိတ် ဆွေကြီးကို ဟိုတယ်သို့ ကျွန်ုပ် ဖြန် လွှတ်လိုက်ခြင်း ဖြစ်ပါသည်။ မော်ရီ ယာတီတို့ ဂိုဏ်း တစ်ဂိုဏ်းလုံးကို ရုံးတင်နိုင်ရေးအတွက် လိုအပ်သည့် စာရွက်စာတမ်း အထောက်အထား များကို မော်ရီယာတီဟု ရေးထား သည့် အပြာရောင် စာအိတ်ကြီးတွင် ထည့်ကာ ကျွန်ုပ် စာကြည့်စားပွဲပေါ် ရှိ နံပါတ် ဗီရိုကလေးထဲမှ အမ် ဟု ရေးထားသည့် အံဆွဲထဲတွင် သိမ်း ဆည်း ထား ကြောင်း ကို အင်စပက် တော် ပက်တာဆန်ကို ပြောပြပါ။ ကျွန်ုပ်၏ ကိုယ်ပိုင် ပစ္စည်းများနှင့် ပတ်သက်၍မူ ကျွန်ုပ် အင်္ဂလန်မှ



စီးကရက်ဘူးကို ယူလိုက်သည့် အခါတွင် အောက်မှ လေးထောင့်စပ်စပ် စာရွက်ကလေး တစ်ရွက်ကို တွေ့ရလေ၏။





ထွက်မလာမီကတည်းက စီမံ ခန့်ခွဲခဲ့ပြီး ဖြစ်ပါသည်။ ထိုပစ္စည်းများကို ကျွန်ုပ်၏ အစ်ကို မိုင်းကရော့ကို ပေးခဲ့ပြီး ဖြစ်ပါသည်။ မိတ်ဆွေကြီး၏ ဇနီးကိုလည်း နှုတ်ဆက်လိုက်ကြောင်း ပြောပြပါ။

သင့်အား လေးစားစွာဖြင့်

**ရှားလော့ဟုမ်း**

ကျွန်ုပ် အဖြစ်အပျက်များကို အတိုချုံး၍ ပြောပါတော့မည်။ ကျွမ်းကျင်သူများ လာရောက် စစ်ဆေးချက် အရ ရှားလော့ဟုမ်းနှင့် မော်ရီယာတီတို့ နှစ်ယောက် စလုံးသည် လုံးထွေး သတ်ပုတ်ကြရင်း ရေတံခွန်ကြီး အောက်သို့ ကျသွားသည်မှာ ထင်ရှားလှပါသည်။ အလောင်းများကို ရှာဖွေကြည့်ရန် ကြိုးစား ကြသေးသော်လည်း လုံးဝ မျှော်လင့်ချက် မရှိတော့ပါ။ အန္တရာယ် အကြီးဆုံး ရာဇဝတ်ကောင်နှင့် ထိုခေတ်တွင် တရားဥပဒေကို ရှေ့တန်းမှ နေ၍ ကာကွယ်ခဲ့သူတို့သည် တဝုန်းဝုန်း အော်မြည်လျက် ရှိသော ရေလှိုင်းများနှင့် တရှိန်ရှိန် အော်မြည်နေသော ရေမြှုပ် ရေမွှားတို့ ရှိရာ ကြောက်မက်ဖွယ် ချောက်ကမ်းပါးကြီးထဲတွင် ထာဝစဉ် တည် ရှိနေကြတော့မည် ဖြစ်ပါသည်။ စာ လာပေးသည့် ဆွစ် အမျိုးသား လူငယ် ကိုလည်း ရှာ၍ မတွေ့တော့ပါ။ ထိုလူငယ်မှာ မော်ရီယာတီ၏ ဂိုဏ်းဝင် တစ် ယောက် ဖြစ်ကြောင်း ယုံမှားဖွယ် မရှိပါ။ မော်ရီယာတီ၏ ဂိုဏ်းနှင့် ပတ်သတ် ၍မူ ရှားလော့ဟုမ်း ရှာဖွေ စုဆောင်းခဲ့သည့် အထောက်အထားများကြောင့် ထိုဂိုဏ်း မည်သို့ ပြိုကွဲသွားသည်ကို မှတ်မိကြလိမ့်မည်ဟု ထင်ပါသည်။ ရှား လော့ဟုမ်း၏ လက်ချက်ကြောင့် ထိုဂိုဏ်းသားများ မည်သို့ မည်ပုံ ဖမ်းဆီး ရမိသည်ကိုလည်း မှတ်မိကြလိမ့်ဦးမည်ဟု ထင်ပါသည်။ ဂိုဏ်း ခေါင်းဆောင် မော်ရီယာတီနှင့် ပတ်သက်၍မူ အမှု စစ်ဆေးစဉ်တွင် အသေးစိတ် မပေါ်ခဲ့ပါ။ ယခုအချိန်၌မူ ကျွန်ုပ်သည် မော်ရီယာတီ၏ အကြောင်းကို မလွဲ မရှောင်သာ ထုတ်ဖော် ရေးသားလိုက်ရပြီ ဖြစ်ရာ ထိုသို့ ရေးသားလိုက်ရခြင်းမှာလည်း အခြား အကြောင်းကြောင့် မဟုတ်ဘဲ ကျွန်ုပ် တွေ့ဖူးသမျှတွင် ဉာဏ် အမြော်အမြင် အရှိဆုံး၊ အကောင်းဆုံး လူတစ်ယောက်ဟု ယူဆထားသည့် ကျွန်ုပ်၏ မိတ်ဆွေ ကြီးအား သားပုပ်လေလွင့် ပြောခြင်းဖြင့် ရာဇဝင်မှ ပျောက်ကွယ်သွားအောင် ကြိုး ပမ်း အားထုတ်နေသော မသမာသူများကြောင့်သာ ဖြစ်ကြောင်း ဖော်ပြလိုက်ရ ပေသတည်း။

[မူရင်း ဝတ္ထုမှာ *The Adventure of The Final Problem* ရှေ့ဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



www.burmeseclassic.com